[သံသရာလည်ရာရာကား **ဆင်းရဲ(မ)*လို၊ ငရဲမလို၊ မပြည့်စုံသတည်းဟုမလို၊ သံသရာအဆုံးကား နေရပန်တိုင်လို၏။ လုပ်သူခပင်း ရစပါစေ။**]

**၁၂၃၁။ သင်ကြီးညောင်အုပ် [သက္ကရာဇ် ၅၆၃]**
**သင်ကြီးညောင်အုပ်ကျောက်စာ (မျက်နှာဘက်)**

၁ “။ ၀ ။ သကရစ် ၅၆၃၊ **မြိက္ကသောရ်**နှစ်
၂ ။ သင်ကြီညောင်**ဥပ်** ဖုန်မူသော
၃ (ဝာရ်ခော်) လဆန် ၁၄ **ရေက် တန်နှာင်ကု**
၄ **နှယ်**နိယ္အ် **မာလည်**နာဧအ်။ လပ္ဝ
၅ ည္အ် **တန်နှာင်လာ**နိယ္အ်ကာ ပိသမာန်တြာ နာ
၆ ဧအ်။ လဆုတ် ၁ ရေက် **အင်ကာ**နိယ္အ်ကာ =
၇ ဓမ္မစက္ကြာနာဧအ်။”

[သက္ကရာဇ် ၅၆၃ **မိဂသီ**နှစ် သင်ကြီးညောင်အုပ် **ဖုန်းမူသော ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့မာလဲနာ၏။ လပြည့် တနင်္လာနေ့ကား ပိသမာန်တရားနာ၏။ လဆုတ် ၁ ရက် အင်္ဂါနေ့ကား ဓမ္မစကြာနာ၏။**]

---

* အမိပ္ပာယ်ပေါ်အောင်ဖြည့်စွက်ဖတ်ထားသည်။

၁၂၊၃၂။ **သင်ကြီးညောင်အုပ် [သက္ကရာဇ် ၅၆၃]**
**သင်ကြီးညောင်အုပ်ကျောက်စာ (ကျောဘက်)**

၁၂၊၃၂၊၁။

၁ "။ ပုရှာလေ(ပြီ)ဧအ်။ ပုထုဝ်ဧ
၂ လ ပြီဧအ်။ **ကဓိန်ပသံကူ**
၃ လေ ပြီဧအ်။ ညောင်မိဖုန်
၄ (။ ရိယ်ကန်) ရိယ်တွင် **တန်ထာ**=
၅ ။ သံပုတ် တန်ဆောင် ဆီမိ ကြာ
၆ ညုဝ် ဩင်(မဲ) **ကန်တောက်**.
၇ တဇ္ဇ်လေ အာထောင်မ္လောက်(ဧ)
၈ ။ **ဆာရှာ** အဖုဝ် အဖိယ် အ
၉ မိ အာဖ **ကျွည်စော**လေဆပ်ဧအ်"

**[ဘုရားလည်း ပြီး၏။ ပုထိုးလည်း ပြီး၏။ ကထိန်ပံ့သကူလည်း ပြီး၏။ ညောင်မီးဖုန်း၊ (ရေကန်)၊ ရေတွင်း၊ တံတား၊ သင်ပုတ်၊ တန်ဆောင်၊ ဆီမီး၊ ကြာညို၊ အောင်(မဲ)၊ကတောက်.တို့လည်း အထောင်မြှောက်၏။ ဆရာ၊ အဘိုး၊ အဘေး၊ အမိ၊ အဖ ကျေးဇူးလည်းဆပ်၏။]**

၁၂၊၃၂၊၂။

၁၀ "။ဤယ် ဂကောင်မှုမူသော(ကွျဝ်အာ)
၁၁ ဖ္လင်ကာ။ **မိတ္တျာ**ပုရှာ = သ္ဓိင်.
၁၂ ပုရှာ = ဖ္လစ်သရှောဝ်အာ = အ(ရ)
၁၃ ဟန္တာဆု ရလုဝ်သူတော။ (ငမိ င)
၁၄ ဖ **ငငီ** င**နှာမ** သော တူ (..)
၁၅ ရပါစိယ်ဧအ်။"

[ဤ ငါကောင်းမှုမူသောကျိုးအားဖြင့်ကား **မေတ္တေယျဘုရားသခင်. ဘုရားဖြစ်သရောအား အရဟန္တာဆု**

**ရလိုသတည်း။ ငါ့မိ ငါ့ဖ ငါ့ညီ ငါ့နှမ ငါ့သား ငါ့တူ(..) ရပါစေ၏။]**

၁၂၊၃၃။ **သံပျင်ရင်ကောင် [သက္ကရာဇ် ၅၆၄] သံပျင်ရင်ကောင်ဘုရားကျောက်စာ**

၁၂၊၃၃၊၁။

၆ ...“ထိုဝ်သိုဝ်
၇ လှျုတ်မူရကာ သံပျင်ရင်ကောင် ဖုရှာသ္ခိင်နှင်
၈ အကွသော ကျ္ဆောင်ကိုဝ်ပ္လုရှုယ် အသ္ခိင်ဖ္လစ်သော **စေသု**
၉ **မင်ကြီ**ကိုဝ် ရေစင်တ်တိုက်လိယ်ရကာ **အသျင်**
၁၀ မင်ကြီလေ ရေစင်တ်သွန်ရှုယ် **အနုမောတနာ**
၁၁ ခဝ်တဝ်မူ၏ ထိုဝ်သိုဝ်သော **သံသရာ**ဟူ
၁၂ သော**ဆင်ရယ်**မှ လွတ်ချ္ဆင်ရကာ သံပျင်ရင်ေ
၁၃ ကာင်ကျ္ဆောင်နိုက် **ရတ္တနာ** ၃ ပါသတို၏ **ပစ်**
၁၄ **စေည်**ဖ္လစ်စိမ်သောငှာ လဲလှျု၏”

[ထိုသို့လှူတော်မူရကား **သံပျင်**ရင်ကောင် ဘုရားသခင်နှင့်အကွသော ကျောင်းကိုပြု၍ အသခင်ဖြစ်သော **စည်သူမင်းကြီး**ကို **ရေစင်တော်တိုက်**လေရကား အရှင်မင်းကြီးလည်း **ရေစင်တော်သွန်း**၍ **အနုမောဒနာခေါ်**တော်မူ၏။ ထိုသို့သော **သံသရာဟူသောဆင်းရဲ**မှ လွတ်ချင်ရကား သံပျင်ရင်ကောင်ကျောင်း၌ ရတနာ ၃ပါးသောတို့၏ ပစ္စည်းဖြစ်စိမ့်သောငှာ လယ်လှူ၏။]

၁၂၊၃၃၊၂။

၁၈ “ဖ္လက်ဆီကုန်ရစ်သသူကာ ငွေယ်ပုံ
၁၉ လုံမျှသောဖုရှာတိုဝ်ခ္လတ်ရယ် မက္လတ်ပါ
၂၀ သော **လူပြိတ်တာ**လျှံလျင် ဖ္လစ်(စ)သတေ
၂၁ **အကံဖါ၂**သဖုရှာလေ မဖူ အပ္လစ် ၈ပါ
၂၂ လေ ရောက်စေသတေ။ ဝ။”

[ဖျက်ဆီးကုန်ရစ်သသူကား **မြေပုံလုံးမျှသောဘုရား**တို့ ချွတ်၍ မကျွတ်ပါသော **လူပြိတ္တာ**လျှံလျင် ဖြစ်စေ သတည်း။ **အကမ္ဘာဘာ**သော ဘုရားလည်းမဖူး၊ အပြစ် ဧပါးလည်း ရောက်စေသတည်း။]

၁၊၂၊၃၄။ **စိုးမင်းပျံချီသမီး [သက္ကရာဇ် ၅၆၆]**
**စိုးမင်းပျံချီသမီးကျောက်စာ**

၁၊၂၊၃၄၊၁။

၆ "သေမိလည္ဘောင် သောယောကျ်ာလည္ဘောင် သူတ
၇ စ်ပါလည္ဘောင် လုယက်စာပါမူကာ **နိရျာက်**မည္ဘောင်ငြယ်။
၈ တြက်မည္ဘောင်ငြယ် ပြိတ္တာမည္ဘောင်ငြယ်။ **ပဉ္စာနန္တရိတ်**
၉ မည္ဘောင်ငြယ် ဤယ်ငြယ်ကြိ ၄ပါသောအာ နစ်စိယ် သတေ။"

[**ငါ့သမီး** လည်းကောင်း၊ **ငါ့သား ယောကျ်ား** လည်းကောင်း၊ သူတစ်ပါး လည်းကောင်း လုယက်စားပါ မူကား **နရက်**မည်သောငရဲ၊ **တြက်**[*] မည်သောငရဲ၊ **ပြိတ္တာ** မည်သောငရဲ၊ **ပဉ္စာနန္တရိက်**မည်သောငရဲ **ဤငရဲကြီး ၄ပါး**သောအား နစ်စေသတည်း။]

၁၊၂၊၃၄၊၂။

၁၈ "ပုရှာ တြျာပိယ်သောအကြွင်ကာ။ လေ
၁၉ င်ရစိယ်သာတေ။ ဤယ်မြိုဝ်လေ လေင်အပိယ်သော ကျွန် လယ် **ဥယန်** နင်အသက်ရစိယ်
၂၀ ရယ်စာစိယ်သာတေ။ နင်သက်မာဟိယ်မူကာ။ ကျေ ပုရှာသ္ခင်အာ ပိယ်စိယ်သာ
၂၁ တေ။ မိယာသာလွိယ် အမျိုဝ်**(ခြောက်)နှစ်ဆက် မြ**စိယ် စွံတေ။"

---

* တိရစ္ဆာန် (?)

[ဘုရား တရားပေးသော**အကြွင်း**ကား ငါ့လင်ရစေသတည်း။ **ဤမြို့**လည်း ငါ့လင်အားပေးသော ကျွန်၊ လယ်၊ ဥယျာဉ် နင်အသက်ရစေ၍ စားစေသတည်း။ နင်သက်မရှိမူကား ငါ့ဂူ ဘုရားသခင်အား ပေးစေသတည်း။ **မယားသားမြေး အမျိုးစုနစ်ဆက်** မရစေစွံတည်း။]

၁၂၃၄၃။

၂၄ "ဇာလှျူသောအာလှူကိုဝ် အရိယ်ယုရ

၂၅ စ်သောသူကာ အင်္ကျိုဝ်ထပ်မျှ ရစိယ်သာတေ။"

[ငါလှူသောအလှူကို **အရေးယူရစ်သောသူကား အကျိုးထပ်မျှ ရစေသတည်း**။]

၁၂၃၅။ **ကလန်သောသင် [သက္ကရာဇ် ၅၆၇]**
**ကလန်သောသင်ကျောက်စာ**

၂ "**လကျာ**ကြီကွန် ဇာသာသင်နှင်္ဂ။ **မောင်္ဂနှမ်**(မ)* စုံ။ **ဆုဝ်**

၃ **ငြယ်**မဟိမူရှယ္တ် ရသောကျွန်။ ဖုန်လိုဝ်ရှယ္တ် ပုရှာသ္ခိင်အာလှျုသော။"

[**လက်ယာကြီး** ကလန်သောသင်နှင့် **မောင်နှံစုံ** ဆင်းရဲမရှိမူ၍ ရသောကျွန်၊ **ဖုန်းလို၍** ဘုရားသခင်အား လှူသော။]

၁၂၃၆။ **သင်ငနှစ်လို့သင် [သက္ကရာဇ် ၅၆၈]**
**သင်ငနှစ်လို့သင်ကျောက်စာ**

၁၂၃၆၁။

၁ "။ ၀ ။ မ္ဘတ်စွာသော ပုရှာသ္ခိင်သာသနာ လွန်လိယ်ပြီသော။ အနှစ် ၁၇၅၀

* မောင်္ဂနှမ်စုံဟုရေးလိုဟန်ရှိသည်။

၂ ။ သကရစ် ၅၆၈။ **စေယ်နှစ်**။ ကုဆုန်လပ္ဆည် **စနိယ်**
နိယ်အာ= သင်ဇနှစ်
၃ လိဍ္ဂ်သင် သိမ် ဂူ ပုရှာ ဉာ်ယ်ဂူပုရှာသ္ခိင် ပိယ်သော
ကျွန်”

[မြတ်စွာသော **ဘုရားသခင်သာသနာ လွန်လေပြီး
သော အနှစ် ၁၇၅၀၊ သက္ကရာဇ် ၅၆၈ ဇေယျနှစ်**၊
ကဆုန်လပြည့်၊ **စနေ**နေ့အား သင်ငနှစ်လို့သင် သိမ်
ဂူ ဘုရား ဉာ်ဂူဘုရားသခင် ပေးသောကျွန်။]

၁၊၂၊၃၆၊၂။

၁၄ “အဆုယ်အတ။ သူကြီ သူတစ်ပါဖျ
၁၅ က်ဆီတေဟူမူကာ။ **အဝစိယ်**ကာအထက် အယင်တိဍ္ဂ်
၁၆ ကာအဩက် ကျက်စိယ်သုတေ။ **မ္လိယ်ပုံမ္လိလုမ်**မျှမက
၁၇ သူမခံသော **ကြမ္မာ** အယင်တိဍ္ဂ်ခံစိယ်သတေ။ အယင်
၁၈ တိဍ္ဂ်စာသောထမင်ဟင် သောက်သောရိယ် အယင်တို
၁၉ ဍ္ဂ်ကိုဝ်အာ ဆိပ်ဖ္လစ်ရှယ္ဍ် ကြိယ်စိယ်သုတေ။ အယ
၂၀ င်တိဍ္ဂ်ဝတ်သောပုဆိုဝ် ရှုယ် ငုယ်တန်ဆာ။ အယင်တို
၂၁ ဍ္ဂ်ကိုဝ်လျှင် ဆိပ်ဖ္လစ်ရှယ် ကြိယ်စိယ်သုတေ။ ဉာ်ခေ
၂၂ က္လာင်နိယ်သော**သဃာ** ဉာ်ယ်သိမ်လာသော **သံ**
၂၃ **ဃာ**ခပ်သိမ်။ ဉာ်ယ်ရှာသူကြိ။ ဉာ်ယ်ရှာနိယ်ခေ
၂၄ သာ ယောက်ယာ **မိယ်မ**။ **ဖျက်ဆိဟ်သောဟ်**။ သိပြ
၂၅ ဝ်ရှယ္ဍ်။ **အရိယ်အရမ်** မယူပိယ်မုကာ။ ဇသ္ခိင်
၂၆ တစ်ကာ ငြိယ်သင်စိယ်ကုန်သုတေ။ သင်ဇ
၂၇ နှစ်လိဍ္ဂ်သင် ကူပုရှာကျွန်ပိယ်သော ၂၈ ယော
၂၈ က်။ ကန်လယ်ရှာ မ္လိယ်အပေါင် ၃၅ ပယ်ဟိ
၂၉ ယ်ဇအ်။ ဉာ်ယ်မျှသကာ။ ဇသ္ခိင်တစ်ကာအာ
၃၀ **နှမ်**ခသုတေ။ ။”

[**အဆွေအဝါး၊ သူကြီး၊** သူတစ်ပါး ဖျက်ဆီးတည်းဟူ
မူကား အဝီစိကားအထက် အယင်းတို့ကားအအောက်

ကျက်စေသောတည်း။ **မြေပုံလုံးမျှမက သူမခံသော ကြမ္မာ အယင်းတို့ခံစေသတည်း။ အယင်းတို့ စားသောထမင်းဟင်း၊ သောက်သောရေ အယင်းတို့ ကိုယ်အား ဆိပ်ဖြစ်၍ ကြေစေသောတည်း။ အယင်းတို့ဝတ်သော ပုဆိုး၊ ရွှေ၊ ငွေ၊ တန်ဆာ အယင်းတို့ ကိုယ်လျှင် ဆိပ်ဖြစ်၍ ကြေစေသောတည်း။** ဤ ကျောင်းနေသော သံဃာ၊ ဤ**သိမ်**လာသော သံဃာ ခပ်သိမ်း၊ ဤ**ရွာသူကြီး**၊ ဤရွာနေသော **ယောကျာ်း မိန်းမ၊ ဖျက်ဆီးသော သိပြော၍ အရေးအရံမယူပေမူ ကား** ငါ့သခင်တကာ **ငရဲသင့်**စေကုန်သောတည်း။ သင်ငနှစ်လို့သင် ဂူဘုရားကျွန်ပေးသော ၂၈ ယောက်၊ ကန် လယ်ယာမြေ အပေါင်း ၃၅ ပယ် ရှိ၏။ ဤမျှ သကား ငါ့သခင်တကာအား **နှံ**ခသောတည်း။]

၁၂၃၇။ **မင်းသမီး၏သမီးစိုးမင်း [သက္ကရာဇ် ၅၆၈]**
**မင်းသမီး၏သမီးစိုးမင်းကျောက်စာ**

၁၂၃၇၁။

၆ "ရှယ်ပုရှာ ငယ်ပုရှာ သရီရထတ် ရှယ်ဥတ် ငယ်
၇ ဥတ် **ခကြိုဝ်** လက်စွပ် ရှယ်ငယ်များစွာ **ထာမနာ**ရ၏။
၈ ကူပုရှာ ပြီလုသော မင်သို့အတည်မဟီခရကာ။"

[**ရွှေဘုရား၊ ငွေဘုရား၊ သရီရဓာတ်၊ ရွှေအုတ်၊ ငွေအုတ်၊ ခါးကြိုး၊ လက်စွပ်၊ ရွှေငွေများစွာ ဌာပနာ ရ၏**။ ဂူဘုရားပြီး**လု**သော မင်းသမီး**အတည်မရှိ**ခရကား။]

၁၂၃၇၂။

၁၄ "အခါခပ်သိမ် ပုရှာသင်ပု
၁၅ တ်ဝတ်မြယ်စိယ်ဟုရှယ် ကျောက်စာထုရှယ် **မွှယ်တာ**
၁၆ **သတင်တ်**နိယ်လှုသတေ"

[အခါခပ်သိမ်း ဘုရားသင်ပုတ်ဝတ်**မြ**စေဟူ၍ **ကျောက်စာ ထု**၍ **နှယ်တာသီတင်းတော်နေ့**လှူသတည်း။]

၁၂၊၃၇၊၃။

၁၉ ...“ဤငအလှူကိုဝ် ခိပင်
၂၀ သသူကာ ဘနှင်အတူ **တုသိတာ**နိုက် **မျတ္တည်**ပုရှာလော
၂၁ င်နှင်အကွ **စုလာမနိ**စေတီနိုက် လုပ်ကွ္လည်လျက် အ
၂၂ ငိအကွ ဖွ္လစ်စိယ်သတေ **သကြ** ဖြုပ္မာ စ**သိဖုံမစိုဝ်**
၂၃ နတ်အလုံလွ္ဈင်ခိပင်စိယ်သတေ။”

[ဤငါ့အလှူကို ချီးပင့်သသူကား ငါနှင့်အတူ **တုသိတာ၌ မေတ္တေယျဘုရားလောင်းနှင့်အကွ စူဠာမဏိစေတီ၌ လုပ်ကျွေးလျက် အညီအကွ ဖြစ်စေသတည်း။ သိကြား ဖြုပ္မာစသော ဘုမ္မစိုးနတ်အလုံးလျှင် ချီးပင့်စေသတည်း။**]

## ၁၂၊၃၈။ **နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၆၉] ခေမာဝရဘုရားကျောက်စာ**

၁၂၊၃၈၊၁။

၁ “သကရစ် ၅၆၉ ခု ဇိတ..
၂ ...သံဝစ္ဆိုရ်နှစ် တန်ခုလ္ဆန် ၁ရျက် ၅နိယ်အာ ဩိတြိဘာဝနာ ဒိတျာပဝရ ဓမ္မရာဇာမည်.
၃ ...တောင်မျာမင်ကြိသည် သဗ္ဗညု**ဘုရှာ**ဆုကိုဝ် လိုဝ်ချင် ရှယ်။ ရတ္တနာတိဆန်ကြယ်စွာင
၄ ....လေ့ပ္လုတ်မူ၏ ပိဋကတ်ပ္လုတ်မူ၏။ ကျောင်ပ္လုတ်မူ၏။ **ကခြီယ်**သဘင် ရှုယ်ပေါက်၂ ၄
၅ ..၂ ဆမိသင်ပုတ်**လေသ္လောင်**။ သ္ခိင်သဃ်ာတိုဝ်ကိုဝ် **မိတ္တာ**ဘါဝနာမူသာစီသောဂှာ”

[သက္ကရာဇ် ၅၆၉ ခု ဇိတ..... သံဝစ္ဆိုရ်နှစ်၊ **တန်ခူး** လဆန်း ၁ရက်၊ ၅နေ့အား ဩိတြိဘာဝနာဒိတျပဝရ

ဓမ္မရာဇာမည်.... တောင်းများမင်းကြီးသည် သဗ္ဗညုဘုရား ဆုကိုလိုချင်၍ ရတနာတိ ဆန်းကြယ်စွာ ေ....လည်း ပြုတော်မူ၏။ ပိဋကတ်ပြုတော်မူ၏။ ကျောင်းပြုတော် မူ၏။ **ကချေသဘင်**၊ ရွှေပေါက်ပေါက်၊ (ငွေပေါက် ပေါက်)၊ ဆီမီးသင်ပုတ်လည်းကောင်း သခင်သံဃာ တို့ကို **မေတ္တာဘာဝနာမူသာစိမ့်သောငှာ**။]

၁၂၁၃၈၁၂။

၁၈ ..."ဆပ်
၁၉ သွာချောင်အလွန် **ဥတောင်**တတွန်လျှင် အခြာတည်။"

[**ဆပ်သွားချောင်းအလွန် ဥဒေါင်းတစ်တွန်လျှင် အခြားတည်း**။]

၁၂၁၃၈၁၃။

၁၉ "**စေည်ခရါ**တီရိယ် **ပိဝ်ပါ** အမတ်ရျာ ရဟန်**သဃာ** နှင်အ
၂၀ ကွ ရေစင်တဝ်လ္ခ၏။ ကြာပါ သိပါသေါ မင်သါအမတ် **သတ္တေ သူကြွဲ**တိုဝ်သည်လည် **အနုမောတနာ**ခဝ်ပါကုန် ၏၊"

[**စည်ခရာတီး၍ ဗိုလ်ပါ၊ အမတ်ရာ၊ ရဟန်းသံဃာ နှင့်အကွ ရေစင်တော်ချ၏**။ **ကြားပါ သိပါသော** မင်းသား၊ အမတ်၊ **သေဋ္ဌေး၊ သူကြွယ်** တို့သည်လည်း အနုမောဒနာ ခေါ်ပါကုန်၏။]

၁၂၁၃၈၁၄။

၂၁ "ဤသိုဝ်စင်လှုစွာမူ**ရှိယ်** ဘလျှုသေါ်မွိယ်ကိုဝ် အစိုဝ်ရ သတေဟု ဖျက်ဆီသေါ မင်လည္ကောင်၊ မင်သာ မင်မျာတို
၂၂ ဝ်သည်လည္ကောင်၊ အမတ်ရျာ ပိုဝ်ပါတိုဝ်သည်လည္ကောင်၊ စာလိုဝ်ရယ်ယူသောလည္ကောင်၊ ဖျက်ဆီသေါလ

၂၃ သ္တောင်၊ ဤလူလက်ထက် အလွှစ် ၈ပါ ရေါက်စေသတော။ ခန္တာပျက်သေါကာ လူနှစ်တွက်သော အနှစ် ၉သန်မှ တနိယ်

၂၄ ဟိသေါ သည္ဒိုဝ်ငြယ်၊ လူနှစ် ၃**ကုတိယ်**၆သန်မှ တနိယ် ဟိသေါ ကာလသုတ်ငြယ်၊ လူနှစ် ၁၄ကုတိယ်၊ မ္လှတ် အနှစ်

၂၅ ၄သန်မှ တနိယ်ဟိသေါ တာပနငြယ်၊ လူနှစ် ၅၇ ကုတိယ်အမ္လှတ် အနှစ် ၆သန်မှ တနိယ်ဟိသေါ ပတာပနငြယ်

၂၆ လူနှစ်တွက်သေါ အကုတိယ် ၂၃၀ အနှစ် ၄သန်မှ တနိယ် ဟိသေါ သဃ်ာတငြယ်၊ လူနှစ်တွက်သေါ အကုတိ။

၂၇ ၉၂၁ ကုတိယ်အမ္လှတ် အနှစ် ၆သန်မှ တနိယ်ဟိသေါ ရောရဝ်ငြယ်။ လူနှစ်တွက်သေါ အကုတိယ် ၃

၂၈ ၆၈၆ ကုတိယ်အမ္လှတ် အနှစ် ၄ သန်မှ တနိယ်ဟိသေါ မဟာရေါရဝ်ငြယ်။ လူနှစ်တွက်သေါ အကုတိ

၂၉ ယ် ၁၄၇၄၅ ကုတိအမ္လှတ် အနှစ် ၆သန်မှ တနိယ် ဟိသော အဝိစိငြယ်။ ဤငြယ်တိုဝ်နို့က်လေ ကျက်

၃၀ လေစေသတော၊ ။”

**[ဤသို့ စင်လှစွာမူ၍ ငါလှူသောမြေကို အစိုးရ သတည်းဟု ဖျက်ဆီးသော မင်းလည်းကောင်း၊ မင်းသား မင်းမယားတို့သည် လည်းကောင်း၊ အမတ်ရာ ဗိုလ်ပါတို့သည်လည်းကောင်း၊ စားလို၍ ယူသောလည်းကောင်း၊ ဖျက်ဆီးသောလည်းကောင်း ဤလူလက်ထက် အပြစ် ၈ပါး ရောက်စေသတည်း။ ခန္ဓာပျက်သောကား လူနှစ်တွက်သော အနှစ် ၉သန်း မှ တစ်နေ့ရှိသော သိဥ္စိုးငရဲ၊ လူနှစ် ၃ကုဋေ၆သန်း မှ တစ်နေ့ရှိသော ကာဠသုတ်ငရဲ၊ လူနှစ် ၁၄ကုဋေ**

**(အ)မြတ် အနှစ် ၄သန်းမှ တစ်နေ့ရှိသော တာပနငရဲ၊ လူနှစ် ၅၇ ကုဋေ အမြတ် အနှစ် ၆သန်းမှ တစ်နေ့ရှိသော ပတာပနငရဲ၊ လူနှစ်တွက်သော အကုဋေ ၂၃၀ အနှစ် ၄သန်းမှ တစ်နေ့ရှိသော သဃာ်တငရဲ၊ လူနှစ်တွက်သော အကုဋေ ၉၂၁ကုဋေ အမြတ် အနှစ် ၆သန်းမှ တစ်နေ့ရှိသော ရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ ၃၆၈၆ ကုဋေ အမြတ် အနှစ် ၄သန်းမှ တစ်နေ့ရှိသော မဟာရောရုဝငရဲ၊ လူနှစ်တွက်သော အကုဋေ ၁၄၇၄၅ ကုဋေ အမြတ် အနှစ် ၆သန်းမှ တစ်နေ့ရှိသော အဝီစိငရဲ ဤငရဲ တို့၌လည်း ကျက်လေစေသတည်း။]**

၁၂၊၃၈၊၅။

၃၀ "**ကောက်ကုသန်** ဘုရှာသို့င်သါသနိုက် သတ္တာသေါ
သူတဝ်သည် လှုသေါ ဝတ်**လယ်**ကိုဝ် လိုဝ်ချှင်

၃၁ ရှယ် အခြာနိုက်ဆေါက်သေါကျှောက်ကိုဝ် နုတ်ဘိရယ်
ဝတ်**လဲ**ကိုဝ် ယုတ်စေဘိသေါကြောင်၊ ကျှေက်တိုင်

၃၂ လွှန်ရယ် လယ်ကိုဝ်ယူသေါ ထိုဝ်**ယောက်ကျှာ**ကာ
သေခယ်သေါ **အစု**လေ အရှုက် ဗိဝသွာ အလှာ အနံ

၃၃ လေ အရှုက် ဗိဝသွာပဟိသော ကျှောက်ဖှာတွင် ခာရှယ်
နစ်လျှက် ဘုရှာ ၃ယောက်လွှန်ပြီ ငတိုဝ်ဘုရှ

၃၄ **ကောတမ** လွှန်သြင်(မလွှန်သြင်)* မလွှတ်တတ်သ
ပြိတ္တာသိုဝ်သ ပြိတ္တာလေ ဖွှစ်စေသတေ၊"

[**ကကုသန်**ဘုရားသခင်သာသ(နာ)၌ **သဒ္ဓါ**သော သူတော်သည် လှုသော **ဝတ်လယ်ကိုလိုချင်၍ အခြား၌ဆောက်သော ကျောက်ကိုနုတ်ဘိ၍ ဝတ်လယ်ကို ယုတ်စေဘိသောကြောင့်** ကျောက်တိုင်လွှန်၍ လယ်ကို ယူသော ထိုယောကျ်ားကား သေခဲ့သော **အထုလည်း**

* ပမာဒလေခဖြစ်ဟန်တူသည်။

**အရက် ဖဝသွား၊ အလျားအနံလည်း အရက် ဖဝ သွားရှိသော ကျောက်ဖျာတွင် ခါးရွှေ့နစ်လျက် ဘုရားသုံးယောက်လွန်ပြီး ငါတို့ဘုရားဂေါတမ လွန်အောင် မလွတ်တတ်သော ပြိတ္တာသို့သော ပြိတ္တာလည်း ဖြစ်စေသတည်း။]**

၁၂၊၂၈၊၆။

၃၅ “ဘကောင်မှုကိုဝ် ခိပင်ပါသေါမင် မင်မျာ မင်သါ အမ
၃၆ တ် စစ်သူကြီ ပိုဝ်ပါ ရဟာန်သဃ်ာတိုဝ်သည် အရိယ်အရံ
မူလေ ယူပါ၏၊ ဝတ္တုကိုဝ် စါကာမမူ
၃၇ စူဖာသသူ၊ တိမ်ခဲပြီသည်ကိုဝ် ဖဝ်ပါသသူကာ၊ လူဖ္လစ်
သေါလေ လူတကာထက်မ္လတ်
၃၈ စွာသ မင်**စက္ကြာဝတိယ်** သတ္တေသူကြွယ်တိလျှင် ဖ္လစ်
**စေယ်**သတေ။”

**[ငါ့ကောင်းမှုကို ချီးပင့်ပါသော မင်း၊ မင်းမယား၊ မင်းသား၊ အမတ်၊ စစ်သူကြီး၊ ဗိုလ်ပါ၊ ရဟန်းသံဃာတို့သည် အရေးအရံမူလည်းယူပါ၏။ ငါ့ဝတ္တုကို စားကာမမူ စူဖာသသူ၊ တိမ်ခဲ့ပြီးသည်ကို ဖော်ပါသသူကား လူဖြစ်သောလည်း လူတကာထက်မြတ်စွာသော မင်းစကြဝတေး၊ သေဋ္ဌေး၊ သူကြွယ်တိလျှင် ဖြစ်စေသတည်း။]**

၁၂၊၂၉။ **သခင်မဟာထေရ်ဓမ္မဝိလာသ [သက္ကရာဇ် ၅၇၃] မဟာထီးဘုရားကျောက်စာ (မျက်နှာဘက်)**

၁၃ “ဤမှျသော ငအလှူခပင်သကာ ဖုရှာသ
၁၄ ဃ်ာလျှင် ဘဆောက်နှင်သတေ”

[ဤမျှသော ငါ့အလှူခပင်းသည်ကား ဘုရား၊ သံဃာလျှင် ငါ**ဆောက်နှင်း**သတည်း။]

၁၂၄၀။ **ဥစ္စနာမင်းကြီး (နားတောင်းများမင်းကြီး) [သက္ကရာဇ် ၅၇၄] စောရဟန်သိမ်ကျောက်စာ**

၁၂၄၀၊၁။

၁ “။ ၀ ။ **တုရင်တောင်**ထက် စဝ်ရဟန်သိမ်
၂ **ပျာက်**ခရကာ မောင်္ဂနွှတ်ဆာက်အ(မွမ်ရ) အိုအ်
၃ ပန်ဦသင် **စာခိပိုဟ်** ဤယ် ၂ကြာရကာ၊ ပုရှာ
၄ လောင်မင် **ဥိစိနာ**မင်ကြီဟိုယ်တောင်
၅ တက်ဇအ် ၁ နှစ်သောကြာရကာ၊ မင်ကြီပ္လု
၆ စိယ်ဟုရကာ၊ ဤယ်သိမ်ဆောက်သကာ သကရစ်
၇ ၅၇၄ ခု **ကြာတိုက်**နှစ် **နံယုန်**လဆန် ၁
၈ ၂ **တန်နှင်ကုနယ်**နိယ် **အမြုတ်တစုက် သိင်ခာလ**
၉ **က်**အခာ **နံနာက်တစ်ပဟိုအ်**အာ ဆောက်သ(တေ)
၁၀ (ဟ်)၊”

[**တုရင်တောင်**ထက် **စောရဟန်သိမ်** ပျက်ခရကား **မောင်းမနှတ်ဆက် အမွမ်းရ** အို့ပန်ဦသင် **စာချီဗိုလ်** ဤ ၂ ကြားရကား **ဘုရားလောင်းမင်း ဥစ္စနာမင်းကြီး ရွှေတောင်တက်၏** ၁နှစ်သော ကြာရကား၊ မင်းကြီး ပြုစေဟူရကား ဤ**သိမ်ဆောက်**သည်ကား သက္ကရာဇ် ၅၇၄ ခု **ကြတ္တိကာ**နှစ်၊ **နယုန်**လဆန်း ၁၂၊ တနင်္ဂနွေနေ့ **အမြိတ္တစုတ် သိဟ်လဂ်**အခါ **နံနက်တစ်ပဟိုရ်**အား ဆောက်သတည်း။]

၁၂၄၀၊၂။

၁၃ …“သိမ်ပြီပြီရယ်ဇအ်
၁၄ သင်္ဃာစာပိယ်သောကာ။ ဝာဆိုဝ် ၅၀၊ သတ
၁၅ င်တိုင်ကာ ၂၀၊ ဝာခောင် ၅၀၊ ဝာက္လွတ် ၅၀၊
၁၆ သတင်ခွွတ်စသော ၅၀၊ လုပ်ရသော ထမင်သ
၁၇ ည်ကာ ဘတ္တဗိစေည် ဇမျင်သင် ၁။ ဟင်သ
၁၈ ည်ကာ ဇသြင်သင် ၁။ **ယနအ်**ပျာသည် နွာ

၁၉ နိုဝ်သည်၊ သာစိုဝ်၊ ယနအ်၊ ဝါဆိုဝ်လ္ှသော **သံ**
၂၀ **လ္ှမျု** ၁၀။ ကွံသီထုပ် ၄၀။ သတင်တိုင်လ္ှသော ကွံသီထုပ်
၂၁ ၂၀။ ဝါခောင်လ္ှသော သံလ္ှမျု ၁၀၊ ကွံသီထုပ် ၄၀၊
ဝါကလ္လာ
၂၂ တ်လ္ှသော သံလ္ှမျု ၁၀။ ကွံသိထုပ် ၄၀။ သတင်လ္ှတ်(ဇ)
၂၃ (ဧ)သာ လ္ှသော သံလ္ှမျု ၁၀။ ကွသိထုပ် ၄၀။ တရျာဆူ
သတ
၂၄ င်တွင်ကာ ကွံသိ ၂၀၀။ ဝါကလ္လတ်ကာ အထက်
၂၅ သက်ခံ ၁ထည်။ အသြက်သက်ခံ ၁ထည်။
၂၆ ပျ= ၁အိုဝ်(။) သိမ်ပ္လျသောကာ။ သ္ခိင်(သ)တ်တျာ
၂၇ ဇာလျောက်သင်လက်ထက်တော။ အို
၂၈ အ်ပန်ဉီသင်(။) သိမ်ကျွန် (ပိ)ယ်သော ဇာ(တ)
၂၉ (ပါ) ၁ ယောက်။ ။”

[သိမ်ပြီးပြီး၍၏ သံဃာစာပေးသောကား **ဝါဆို** ၅၀၊ သီတင်းတိုင်းကား ၂၀၊ **ဝါခေါင်** ၅၀၊ **ဝါကျွတ်** ၅၀၊ **သီတင်းချွတ်** စသော ၅၀၊ **လုပ်ရသောထမင်းသည်ကား** ဘတ္တဖိစည်မျောင်သင် ၁၊ **ဟင်းသည်**ကား ငအောင်သင် ၁၊ **ယန ပျားသည်**၊ **နွားနို့သည်** သားစို၊ ယန ဝါဆိုချသော **သံမြှု** ၁၀၊ **ကွမ်းသီးထုပ်** ၄၀၊ သီတင်းတိုင်းချသော ကွမ်းသီးထုပ် ၂၀၊ ဝါခေါင်ချသော သံမြှု ၁၀၊ ကွမ်းသီးထုပ် ၄၀၊ ဝါကျွတ်ချသော သံမြှု ၁၀၊ ကွမ်းသီးထုပ် ၄၀၊ သီတင်းချွတ် စသော ချသော သံမြှု ၁၀၊ ကွမ်းသီးထုပ် ၄၀၊ တရားဆု သီတင်းတွင်ကား ကွမ်းသီး ၂၀၀၊ ဝါကျွတ်ကား **အထက်သက်ခံ** ၁ ထည်၊ **အအောက်သက်ခံ** ၁ထည်၊ ပျား ၁အိုး၊ သိမ်ပြုသောကား သခင်သတျာ ငလျောက်သင် လက်ထက်တည်း။ အို့ပန်ဉီသင် **သိမ်ကျွန်**ပေးသော တေပါး ၁ယောက်။]

၁၂၄၁။ **သင်ကြီးဓမ္မပါလ [သက္ကရာဇ် ၅၇၄]**
**သင်ကြီးဓမ္မပါလကျောက်စာ (ကျောဘက်)**

၁ "။ ။ ညီ(တြိဘ)ဝနာဒိတျပဝရဓ
၂ မ္မရာဇ မင်ကြီ(ဆြို)မဟာထေရ ဖု
၃ န်ကြီ အသက်ရှေည်စိယ္ဘ် ပြည်ကြီ
၄ သ္ခိင် မင်ကြီ ဖုန်တာဝ်ကြီစိယ္ဘ်
၅ သက်တာဝ်ရှေည်စိယ္ဘ် **သတ္တြဘယ်မာ**
၆ **န်**လေ=ပျောက်စိယ္ဘ်သောတေ="

[ညီတြိဘဝနာဒိတျပဝရဓမ္မရာဇာ မင်းကြီးဆရာ မဟာထေရ်၊ ဘုန်းကြီး အသက်ရှည်**စေ့၊ ပြည်ကြီးသခင်** မင်းကြီး ဘုန်းတော်ကြီးစေ့၊ သက်တော်ရှည်စေ့၊ **သတ္တရ ဘေးမာန်လည်း ပျောက်စေ့သတည်း**။]

၁၂၄၂။ **သင်လျင်အိုကပ်သင်ချင် [သက္ကရာဇ် ၅၇၅]**
**သင်လျင်အိုကပ်သင်ချင်ကျောက်စာ (မျက်နှာဘက်)**

၁၉ ..."လယ် ၂၀၀
၂၀ သော အနက်စပါရသမျှကာ ပုရှာန္ဟ် တရျာကာ ၆
၂၁ ဆ။ သဃ်ာကာ ၄ဆ။ ဤယ်မျှ ဂါ**ခွယ်ဥ**
၂၂ **ယ်**ခသောဟုတ္တာ။"

[လယ် ၂၀၀သော **အနက်စပါး** ရသမျှကား ဘုရားနှင့် တရားကား ၆ဆ၊ သံဃာကား ၄ဆ ဤမျှ ငါ**ခွဲဝေ** ခသော ဟုတ်တာ။]

၁၂၄၃။ **သင်လျင်အိုကပ်သင်ချင် [သက္ကရာဇ် ၅၇၅]**
**သင်လျင်အိုကပ်သင်ချင်ကျောက်စာ (ကျောဘက်)**

၁၂၄၃၊၁။

၃ "ငုယ်ကြုတ် ၁၅ ခု နံသာဝတ်

၄ လ္ဝည်္အ္ကထည္အ္ကရယ္အ္ကလျုဇအေ်။ ငယ်ပုရှာ ၁၅ ဆူလ္ဝုဇ
၅ အ်။ သပိတ် ၁၀၀ ဝယ်ရယ္အ္က ထွင်ထက်လွည်ထည္အ္က
၆ ရယ္အ္က အရည်အာ လျုဇအေ်။ ငယ်ပုရှာလေ(သင်)
၇ အရည်တိုဲ္အ္က **ရှိယ္အ္ကခိုဝ်**စိယ္အ္ကဟူရယ် ပိယ်လိုက်
၈ ဇအေ်။”

[ငွေကြုတ် ၁၅ခု **နှံ့သာဝတ်ပြည့်**ထည့်၍လှူ၏။ ငွေဘုရား ၁၅ဆူ ပြု၏။ **သပိတ်** ၁၀၀ ဝယ်၍ ထမင်း **ထက်ပြည့်**ထည့်၍ **အရည်း**အားလှူ၏။ ငွေဘုရားလည်း **(သင်)အရည်း**တို့ **ရှိခိုးစေ့**ဟူ၍ ပေးလိုက်၏။]

၁၂၄၃၊၂။

၈ “ရိယ်တွင် ၁ ခု တူဇအေ်။ ကန်တူဇအေ်။ ကထိ
၉ န်ပစ်ဇအေ်။ **ပင်သကူ**အဆူ ၃၀ ပိယ်ဇအေ်။ သာ ရ
၁၀ ဟန်မူဇ တရျာဉိနာဇအေ်။ ရှူယ်ပုရှာလ္ဝုဇ။ သာ**ပန်**
၁၁ **စင်**ခံရယ္အ္က တရျာဉိနာသရှဝ် ကျ္ဂာန်နွာ**ဉစ်စာ**
၁၂ ပိယ်ဇ။ တစ်နှစ်မခြာ အသက်အတိုင် သပိတ် ၁၀၀
၁၃ ထည္အ္ကဇအေ်။ ရှူယ်ကူလ္ဝုရယ် ပိတကတ်အဉိသုံကွ္လံ တ
၁၄ ရျာ ၃ ဆူ။ သင်ကန် ၃ ဆူ ပိယ်ဇအေ်။ **သတင်တန်ကုပ်**
၁၅ လ္ဝုဇ။ အမိလေ ဉိဆိယ်ပိယ်ဇ။ ညောင်နှစ်ပင်စိုက်ရယ္အ္က
၁၆ လွှတ်ဇ။”

[**ရေတွင်း** ၁ ခု တူး၏။ ကန်တူး၏။ **ကထိန်ပစ်**၏။ ပုံ့သကူ အဆူ ၃၀ ပေး၏။ သား **ရဟန်းမူ**၏။ **တရားဦးနာ**၏။ ရွှေဘုရားပြု၏။ သား **ပဉ္စင်းခံ**၍ တရားဦးနာသရော ကျွန်၊ နွား၊ ဥစ္စာ ပေး၏။ တစ်နှစ် မခြား **အသက်အတိုင်း သပိတ် ၁၀၀ ထည့်၏**။ ရွှေဂူပြု၍ **ပိဋကတ်အဦးသုံးကျမ်း၊** တရား ၃ဆူ၊ သင်္ကန်း ၃ဆူ ပေး၏။ **သိီတင်းတင်းကုပ်**ပြု၏။ အမိ လည်း **ဦးဆေးပေး**၏။ ညောင်နှစ်ပင်စိုက်၍ လွှတ်၏။]

၁၂၄၄။ **မင်းမယား [သက္ကရာဇ် ၅၇၇]**
**မင်းမယားကျောက်စာ (မျက်နှာဘက်)**

၁၂၄၄၁။

၁၇ "အတိုဝ်သ္ခိင်ကွ္ဟစွာ မိန်တ်ဝ်မူသော
၁၈ ဉာ်ယ်ဇာ . . သောက္ဍုန် လယ်တိုဝ်ကိုဝ်လေ။ မိုဝ်နှောင်
သံထင်အခာန္ဟိုက် **ညွန်ဆယ်**
၁၉ ရစ်သောသူကာ။ မ္ဟိယ်ကြိကာအထက်တေ။ ထိုဝ်သူကာ
**အဝစိယ်**အထယ်လျှင် ကျက်စိ
၂၀ ယ်သတေ"

[**အတို့သခင်**ကျစွာ မိန့်တော်မူသော "ဉာ်ငါ.. သောကျွန်၊ လယ်တို့ကိုလည်း **မိုးနှောင်းသံထင်အခါ**၌ ညှဉ်းဆဲရစ်သောသူကား မြေကြီးကားအထက်တည်း ထိုသူကား အဝီစိအထဲလျှင် ကျက်စေသတည်း။"]

၁၂၄၄၂။

၂၂ "ပုကံကျွန် ကိုဝ်လုပ်**မိမ**လှျုသကာ အိုလနယ်
၂၃ ၁။ အို. ငံစင် ၁။ ဇာသန်ခြေလယ်သ္မီကျွန်ကာ ဖုတ်
ဇာပေါက် ၁။ သာ ဇာတုံ ၁။
၂၄ ဇာတုံသာ ဇာက္လည် နို့ဠ်စိုဝ် ၁။ ဖထုယ် ဖုတ် ဇာစုံ
၁။ သာ ပုခက်တွင်..."

[**ပုဂံကျွန် ကိုယ်လုပ်မိန်းမ**လှူသည်ကား အိုလနယ်၁၊ အို. ငံစင် ၁၊ သေန်ခြေလယ်သမီးကျွန်ကား **ဖုတ်**ပေါက် ၁၊ သား တုံ ၁၊ တုံသား ကျည် **နို့စို့** ၁၊ **ဘထွေး** ဖုတ် စုံ ၁၊ သား **ပုခက်တွင်း**...။]

၁၂၄၅။ **နားတောင်းသခင်(နားတောင်းများမင်းကြီး)[သက္ကရာဇ် ၅၇၈]**
**မိတြသိဥ္စည်းကျောက်စာ**

၁ "။ ၀ ။ သကရစ် ၅၇၈ ခု။ **ဖ္လွကိုန်**နှ

၂ စ်ကဆုန်လဆန်၁၃ ရျက် ကြသပတိယ်နိယ်
၃ **မိတ္တြသိန်စည်**ကိုဝ် နာတောင်သ္ခိင်ဖုန်
၄ တဝ်လှျုသော မရှက်ရိယ်ရှင်တွင် **မဟာတန်**
၅ ၈ဝ ပိယ်စာ၏။"

[သက္ကရာဇ် ၅၇၈ခု **ဖလဂုနီ**နှစ်၊ ကဆုန်လဆန်း ၁၃ရက်၊ **ကြာသပတေး**နေ့ မိတြသိဥ္စည်းကို **နားတောင်းသခင်** ဖုန်းတော်လှူသော **မရှက်ရေရှင်**တွင် **မဟာဒါန်** ၈ဝ **ပေးစား**၏ ။]

၁၂၄၆။ **ဖုန်းသည်အသင်္ချာလင်မယား [သက္ကရာဇ် ၅၇၈] ဖုန်းသည်အသင်္ချာလင်မယားကျောက်စာ (မျက်နှာဘက်)**

၁၂၄၆၁။

၁ "။ ။ သကရစ် ၅၇၈ ခု။ ဖ္လကိုန်နှစ် ကုဆုန်လ္ဆပြည်သတင် ကြာသပတိယ်နိယ်။
၂ ။ ဖုန်သည်**အသင်္ချာ**လင်မိယာ။ ပုရှာ တြျာ သင်္ဃာ(ရ) တနာသုံပါသောအာ လှျု(သောတေ။)"

[သက္ကရာဇ် ၅၇၈ ခု ဖလဂုနီနှစ်၊ **ကဆုန်လပြည့်သီတင်း၊** ကြာသပတေးနေ့ ဖုန်းသည်အသင်္ချာ**လင်မယား ဘုရား တရား သံဃာ ရတနာသုံးပါး**သောအား လှူသတည်း။]

၁၂၄၆၂။

၅ "ဤယ်မျှသောလဲကာ ပုရှာ တြျာ သင်္ဃာ ရတနာ သုံပါသောကိုဝ် ပစ္စ
၆ ည်အထောက်အပင်ဖ္လစ်.. ကြောင် လှျုသတေ။"

[ဤမျှသောလယ်ကား ဘုရား တရား သံဃာ ရတနာ သုံးပါးသောကို **ပစ္စည်းအထောက်အပင့်**ဖြစ် . . ကြောင့် လှူသတည်း။]

၁၊၂၄၆၊၃။

၁၃ ..."ဤယ်**ကျှောန်** ၁၃၀ ကာ
၁၄ မင်သိင်္ခါပိစည်ပွစ်သော ပုံခီသာ ပ္လစ်ပါရုယ် **ထဝယ်**
လျဝ်သောအာ ပုကံရောက်ချ္လင်ရကာ ပိယ်သော
၁၅ စလင်ကျှောန်တေ။ ဖုန်သည်အသင်္ချာ မင်ပန်ရကာ ပုံခီ
သာလေ ပုကံရောက်ဇအ်။"

[ဤကျွန် ၁၃၀ ကား မင်းသိင်္ခါပိစည်**ပြစ်**သော ပုံချီသား **ပြစ်ပါ**၍ **ထားဝယ်လျော**သောအား ပုဂံ ရောက်ချင် ရကား ပေးသော **စလင်းကျွန်**တည်း။ ဖုန်းသည် အသင်္ချာ မင်း**ပန်**ရကား ပုံချီသားလည်း ပုဂံရောက်၏။]

၁၊၂၄၆၊၄။
၁၊၂၆၆၊၂။

၁၆ ... "သ္ခိင်**ဥတ်စနာ** ရှယ်ငေ
၁၇ တာင်တက်သောအာ အသင်္ချာ။ အနန္တသူရ် အသဝတ်။
ရာဇသင်္ကြံ။ စတ်တလင်က
၁၈ သူရိ။ ဤယ်အမတ် ၅ယောက်သတို့ဳကိုဝ်။ ရယ်ဆု
ပိယ်**တော်ဝ်**မူသောလဲ တစ်ယောက်သော ၇၀၀။
၁၉ ၇၀၀။"

**[သခင်ဥစ္စနာ ရွှေတောင်တက်သောအား အသင်္ချာ၊ အနန္တသူရ၊ အသဝတ်၊ ရာဇသင်္ကြံ၊ စတ္တလင်္ကာသူရ၊ ဤအမတ် ၅ယောက်သောတို့ကို ရဲဆုပေးတော်မူသောလယ် တစ်ယောက်သော ၇၀၀၊ ၇၀၀။]**

၁၊၂၄၆၊၅။

၂၁ "ဤယ်ပြည်တွင်ကျှောင်နှိုက် တသ္ထင်သော တြျာဥ
၂၂ နိယ္လ်ည်နံနက်စုံ ဖဖန်ဟဝ်စိယ်သော တရျာဆုလဲ ၃၅
ပယ် လှျူဇအ်။"

[ဤပြည်တွင်းကျောင်း၌ တစ်သီတင်းသော **တရားဦး နေ့ညနံ့နက်စုံ ဖြဖန်** ဟောစေသော **တရားဆု**လယ် ၃၅ပယ် လှူ၏။]

၁၂၄၆၆။

၂၈ "တြျာဝတ် ပိဋကတ်လှူသောလဲကာ ၇၀ တေ။ တြျာ
က္လည်စိယ်သောကျွန်ကာ စခီ ၁…"

[**တရားဝတ်** ပိဋကတ်လှူသောလယ်ကား ၇၀ တည်း။ တရားကျွေးစေသောကျွန်ကား စာချီ ၁…။]

## ၁၂၄၇။ **အမိဖုရားမိ [သက္ကရာဇ် ၅၇၈] အမိဖုရားမိကျောက်စာ**

၁ "။ ။ သကရစ် ၅၇၈ ခု **မာခ**နှစ် မ္လွယ်တာလ
၂ ဆန် ၁၂ ရျက် စနိယ်နိယ္ဍ် **နီရာပန်**ဆု လိုဝ်သောေ
၃ ကြာင် အမိပုရှာမိပ္လုသော တာဝ်ကျ္လောင်သ္ခိုင် ယင်(တ)
၄ ဝ်နိယ်ရာ ပုရှာ။ တြျာ။ သင်ဃာလှူသော တောင်နီလ
၅ ယ် ၂၀။"

[သက္ကရာဇ် ၅၇၈ ခု **မာဃ**နှစ်၊ နွယ်တာလဆန်း ၁၂ ရက်၊ စနေနေ့ နေရပန်ဆု လိုသောကြောင့် **အမိဖုရားမိ** ပြုသော **တောကျောင်းသခင်** ယင်းတောနေရာ ဘုရား တရား သံဃာ လှူသော တောင်နီလယ် ၂၀။]

## ၁၂၄၈။ **ငအောင်ဖြတ်သောတရား [သက္ကရာဇ် ၅၇၉] သူကြွယ်ငမျိုးသင်နှင့်အများ မြေတရားနာကျောက်စာ**

၁ "သကရစ် ၅၇၉ ခု၊ **ဇေယ**နှစ်၊ **တပိုဝ်ထွယ်**
၂ လဆန် ၆ ရျာက် **အင်္ဂါနီ**အာ၊ သူကြွဲယ်ငမျိုဝ်သင်
ငလုံ

၃ သင် ဇာတျာသင်၊ ဇာဤပ်၊ အဋ္ဌိပင်တိဋ္ဌိ မ္လိယ်တြာနာတော၊ ဇာသန်ကို
၄ ဝ် မိယ်ပိယ်ကြဒေအ်၊ မိယ်ပိယ်ရကာ၊ ဇာသန်ဟူဒေအ် ဤယ်စပါ .
၅ (ရမုကာ) ဇာနှစ်ဖန်မမိန်ဘူ၊ ဤယ်သိုဝ်သောတေ မိန်တုံမ် ရကာ ငြြင်တေ
၆ ဆုံဖြတ်**ရယ်** ဤယ်တိုင်လျှင်ရ**ရူယ်**ပိယ်ဒေအ်။"

[သက္ကရာဇ် ၅၇၉ ခု **ဧယျှ**နှစ်၊ **တပို့တွဲ**လဆန်း ၆ရက်၊ အင်္ဂါနေ့အား သူကြွယ်မျိုးသင်၊ လုံသင်၊ တေရားသင်၊ ငအိပ်၊ အို့ပင်တို့ **မြေတရားနာ**တည်း။ သန်ကို မေးပေကြ၏။ မေးပေရကား သန်ဟူ၏။ "**ဤစပါး . ရမူကား ငါနှစ်ဖန်မမိန့်ဘူး။**" ဤသို့ သောတည်း မိန့်တုံရကား ငအောင်တည်း**ဆုံးဖြတ်**၍ **ဤတိုင်း**လျှင်ရ၍ပေး၏။]

၁၂၄၉။ **သင်ကြီးအိုဆုံသင် [သက္ကရာဇ် ၅၇၉]**
**သင်ကြီးအိုဆုံသင်ကျောက်စာ**

၁၂၄၉၊၁။

၇ "ဤယ်ကျွာန် ၄ ယောက်လွ
၈ တ်သကာ။ ငြယ်အပယ် ၄ ပါသောအာ လွန်မ္လောက်လိဝ် သောတေ
၉ နိယ်ရပန်**ချံသာ** အမ္လိုက်ကိုဝ် (ဇာ)ရောက်စိယ်သော တေ။"

[**ဤကျွန် ၄ယောက်လွတ်သကား** ငရဲအပါယ် ၄ပါး သောအား **လွန်မြောက်**လိုသတည်း။ နေရပန်ချမ်းသာ **အမြိုက်ကို** (ငါ)ရောက်စေသတည်း။]

၁၊၂၊၄၉၊၂။

၁၁ “ဤဇာလွတ်သောကျွန်ကိုဝ် အဆူယ်အမ္လိုဝ်ဟူရှုယ် နှိပ်စ
၁၂ က်ရစ်မူကာ ငြယ်အပယ် ၄ ပါသောအာ ကျက်စိယ်သော
တေ”

[ဤငါလွတ်သောကျွန်ကို **အဆွေအမျိုး**ဟူ၍ **နှိပ်စက်**ရစ်မူကား ငရဲအပါယ် ၄ ပါးသောအား ကျက်စေသတည်း။]

**၁၊၂၊၅၀။ ငဖြစ်သင်နှင့်အိုဆုံသင် [သက္ကရာဇ် ၅၈၁]**
**ငဖြစ်သင်နှင့်အိုဆုံသင်ကျောက်စာ**

၈ “ဤယ်ဇာပုရှာလှျသောကိုဝ် ဖျက်သောသူကာ အဝ
၉ စိယ်လာစိယ်သတေ၊ ပုရှာရန် တြျာရန် သဃ်ာရ
၁၀ န် ဖ္လစ်သတေ၊”

[ဤငါဘုရားလှူသောကို ဖျက်သောသူကား အဝီစိလားစေသတည်း။ **ဘုရားရန်၊ တရားရန်၊ သံဃာရန်ဖြစ်သတည်း**။]

**၁၊၂၊၅၁။ သုခမိန် [သက္ကရာဇ် ၅၈၁]**
**သုခမိန်ကျောက်စာ (မျက်နှာဘက်)**

၇ ...“မင်ကြီ**ဉစနော**လေ **ဉ**
၈ **ယန်**ကစသောရှာဝ်အာ၊ သဃ်ာလ္မိယ်ဟုရကာ အတိ
အထောင်ပိယ်
၉ ဟု ထုယ်တာဝ်လ္ခပိယ်ဧအ်၊”

[မင်းကြီးဥစ္စနာလည်း **ဥယျာဉ်ကစားသရောအား “သံဃာမြေ**ဟူရကား **အထိအထောင်း** (မထိမထောင်း)ပေ” ဟု **ထွေတော်ချ**ပေး၏။]

**၁၊၂၊၅၂။ နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၂] ဂူပြောက်ငယ်ဘုရား(မဟာထီးဘုရား)ကျောက်စာ (မျက်နှာဘက်)**

၁၊၂၊၅၂၊၁။

၁ "။ ။ **နမော ဗုဒ္ဓဿ**။ ။"
[**နမော ဗုဒ္ဓဿ**။]

၁၊၂၊၅၂၊၂။

၁ "သကရစ် ၅၆၀။ **ဘါတ်**နှစ် ္မွယ်တာလဆန် ၅
၂ ရျက် ကြသပတိယ်နိယ်အာ။ **မဟာဓိမ်မ္ဘရာဇဂုရ**ကိုဝ် မင်ကြီ**နာဒေါ**
၃ **င်မျာ** ငဲသော စါသင်ရကာ မင့်္လွှစ်ပြီ မဟာဓိကျ္လောင် ပုရှာအာ
၄ မင်ကြီ**နာတောင်မျာ**လှ္ယုသော ္မွစ်ဿာလဲ ၁၀၀ တေ"

[သက္ကရာဇ် ၅၆၀ **ဘဒြ**နှစ်၊ နွှယ်တာလဆန်း ၅ရက်၊ ကြာသပတေးနေ့အား **မဟာထီးမ္ဗရာဇဂုရုကို မင်းကြီး နားတောင်းများ ငယ်သော စာသင်ရကား မင်း ဖြစ်ပြီး မဟာထီးကျောင်းဘုရားအား မင်းကြီး နားတောင်းများလှူသော မြစ်သားလယ်** ၁၀၀ တည်း။]

၁၊၂၊၅၂၊၃။

၂၀ ..."ဤငလှ္ယုကိုဝ် ဖျက်
၂၁ ဆိသောသူကာ အဝစိယ်အထဲငြဲလှျင် ကျက်စိယ်သတေ ကံဖာလိ
၂၂ ယ်ဖျက်သောခာ ္မိယ်ကြိတောင်**တာ်**ခပင် မုန် ၂ ညက် ၂ ပျက်စီသို
၂၃ ဝ် ပျက်စီစိယ်သတေ ဆောက်တည်ရာ**မြ** ္ဖွစ်စိယ်ကုန် သတေ၊"

[ဤငါ့လှူကို ဖျက်ဆီးသောသူကား အဝီစိအထဲငရဲလျှင် ကျက်စေသတည်း။ **ကမ္ဘာလေဖျက်သောခါ မြေကြီး တောင်တောခပင်း မုန့်မုန့်ညက်ညက် ပျက်စီးသို့ ပျက်စီးစေသတည်း။ ဆောက်တည်ရာမရ ဖြစ်စေ ကုန်သတည်း။**]

၁၂၅၃။ **ဖုန်းသည်ဓမ္မာလျ [သက္ကရာဇ် ၅၈၂]**
**ဖုန်းသည်ဓမ္မာလျကျောက်စာ (ကျောဘက်)**

၅ … "ကုလာကျွောင်(လွတ်)
၆ သရာဝ် (သင်ကန်ပိယ်)ရှယ် သက်သိယ်မူသော သ္ခိင်တိုဝ် ကာ။"

[**ကုလားကျောင်း**လွတ်သရော သင်္ကန်းပေး၍ **သက်သေ မူ**သော သခင်တို့ကား။]

၁၂၅၄။ **ခင်မိပယ်ပိုသီ [သက္ကရာဇ် ၅၈၂]**
**ခင်မိပယ်ပိုသီကျောက်စာ (အရှေ့မျက်နှာ)**

၇ … "ဤယ်မျှသော
၈ ကျွန်ကာ ငာ ပုရှာအာလှူသတေ=။ နောက်အာ
၉ သာမ္ဘိယ်တဝ်သသူတိဋ္ဌ်တေ ဖျက်ဆီရစ်
၁၀ အေ်ဟူမုကာ ဖုန်မကြီစိယ် အသက်(မရှ)
၁၁ ည်စိယ် အဝစိယ်လျှင် ကျက်စိယ်သတေ=။"

[ဤမျှသောကျွန်ကား ငါ ဘုရားအားလှူသတည်း။ **နောက်အား သားမြေးတော်သသူတို့တည်း ဖျက်ဆီး ရစ်၏ဟူမူကား** ဘုန်းမကြီးစေ၊ အသက်မရှည်စေ၊ အဝီစိ လျှင်ကျက်စေသတည်း။]

၁၊၂၊၅၅။ **ကုသိုလ်ရှင်အမည်မသိသာ [သက္ကရာဇ် ၅၈၃] ဟန်လင်းကျောက်စာရုံအမှတ်–၁၈ ကျောက်စာ**

၈ "**ယနိယှ်**ကစကာ အမိန်အဟူမဟိစိယ်ဟူ ဝတ်စာ
ပိယ္ဍ်တုံသော သိယ် သာန္ဓာ....
၉ .. စာပိယ်ရုယ္ဍ် သက်သိယ်မိန်ကြပြီသတေ၊ ရှာသည်
သက်သိယ်ကာ၊ အို္ဍ်မှုယ်သင် ၁ ငကောင်သင် ၁..."

[**ယနေ့**ကစကာ **အမိန့်အဟူ**မရှိစေဟု **ဝတ်စားပေးတုံသော သေ၊ သားနွား**...... စားပေ၍ သက်သေမိန့်ကြပြီးသတည်း။ **ရှာသည်**သက်သေကား အို့မွေသင် ၁၊ ငကောင်သင် ၁...။]

၁၊၂၊၅၆။ **ကုသိုလ်ရှင်အမည်မသိသာ [သက္ကရာဇ် ၅၈၄] မန္တလေးနန်းတွင်းရုံကျောက်တိုင်အမှတ်–၁၉ ကျောက်စာ**

၁၊၂၊၅၆၊၁။

၁၂ ... "ဤယ်သု
၁၃ (တိုဝ်ကိုဝ်) ငါလှျုသောတေ ငါလင်မောင်မလေ
၁၄ (မ)ဟုတ် ငါမောင်မလေမဟုတ်။ အသ္ခိင်မ္ဂတ်
၁၅ (စသော) မင်ကြီဖုန်တာဝ်စသော ကျှောန်တေ အ
၁၆ သ္ခိင်မင်ကြီ ရစိယ်သောတေ။ ငါလင်နှေင်ငါ
၁၇ (ဓ)နှင် **နိပ်ဗန်**တိုင်လိုဝ်သောတေ။ ။"

[ဤသူတို့ကို ငါလှူသတည်း။ **ငါ့လင်မောင်းမလည်းမဟုတ်၊ ငါ့မောင်းမလည်းမဟုတ်**၊ အသခင်မြတ်စသော မင်းကြီးဘုန်းတော် စသော ကျွန်တည်း။ အသခင်မင်းကြီး ရစေသတည်း။ **ငါ့လင်နှင့်ငါနှင့် နိဗ္ဗာန်တိုင်လိုသတည်း။**]

၁၂၊၅၆၊၂။

၁၇ … "ဤယ်အာ
၁၈ ဖျာက်ရေစ်သောသုကာ ဗလင့်မွိုဝ်လည်ကော
၁၉ (င်) ဗမ္လိုဝ်လည်ကောင် ဗရေယ်အဝစိယ်**ဇု**
၂၀ (ကျက်)စိယ်သောတေ ဗရယ်**ဉာ္ဂြိ**ကပ်စိယ်
၂၁ သောတေ။"

[ဤအားဖျက်ရစ်သောသူကား **ငါ့လင်မျိုးလည်းကောင်း၊ ငါ့မျိုးလည်းကောင်း** ငရဲအဝီစိကို ကျက်စေသတည်း။ ငရဲဥချိုးကပ်စေသတည်း။]

## ၁၂၊၅၇။ **နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၅] ဂူပြောက်ငယ်ဘုရား(မဟာထီးဘုရား)ကျောက်စာ (ကျောဘက်)**

၁၂၊၅၇၊၁။

၈ "ဤငအလှူကိုဝ် စောင်မချင်သောသူကာ လူစည်စိ
၉ မ် နတ်စည်စိမ် **နိရဗ္ဗန်**စည်စိမ်လျှင် ရလေစေကုန်
သတေ၊ ၊"

[ဤငါ့အလှူကို **စောင်မ**ချင်သောသူကား **လူစည်းစိမ်၊ နတ်စည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်**လျှင် ရလေစေကုန်သတည်း။]

၁၂၊၅၇၊၂။

၁၀ "ဤဗအလှူကိုဝ် ဖျက်ဆီသသူကာ သတ္တဝလွှစ်သော
လေအ
၁၁ မွေယ်မယ် အရိယ်မယ်သည် ဖွ္လစ်စေယ်ကုန်သတေ၊ ၊
လူ္ဖလွှစ်
၁၂ သောလေ ဖုရာအ္လဖွစ်၂ ခွ္လတ်ရယ် မက္လွတ်နိုင်သော လူပြိတ္တာ
လျှ

၁၃ င် ဖ္လစ်စိယ်ကုန်သတေ။"

[ဤငါ့အလှူကို ဖျက်ဆီးသောသူကား **သတ္တဝါဖြစ်သောလည်း အမွေးမဲ့ အရေမဲ့သည် ဖြစ်စေကုန်သတည်း။ လူဖြစ်သောလည်း ဘုရားအဖြစ်ဖြစ်ချွတ်၍ မကျွတ်နိုင်သော လူပြိတ္တာလျှင် ဖြစ်စေကုန်သတည်း။**]

၁၂၅၇၊၃။

၁၃ **"နိဗ္ဗာနပစ္စယော ဟောတု။"**

**[နိဗ္ဗာနပစ္စယော ဟောတု။]**

## ၁၂၅၈။ ကြံသိုင်းကြီးသမီး [သက္ကရာဇ် ၅၈၅]
## ကြံသိုင်းကြီးသမီးကျောက်စာ (ကျောဘက်)

၁၂၅၈၊၁။

၃ "ဇာ သာလေမဟိ။ ဇာမုယ်စာ

၄ တန်သောသူလေမဟိ။ မဟိရကာ။ မ္လတ်စွာသောပု

၅ ရှာသ္ခင်လျှင်။ ဇာကိုဝ်စာ က္လည်ရစ်စိယ်သော။"

[ငါ သားလည်းမရှိ။ ငါ**မွေးစား**တန်သောသူလည်းမရှိ။ မရှိရကား မြတ်စွာသောဘုရားသခင်(အား)*လျှင် **ငါ့ကိုယ်စား ကျွေးရစ်စေသော**။]

၁၂၅၈၊၂။

၉ "ဤယ်ဇာလှူသောအလှူကာ။ ပဉ္စမဗ္ဗော စ မေ ဟောန္တု

၁၀ ။ဇာတိဇာတိ။ ပုနပ္ပုနံ။ သစ္စံဓမ္မော ဓိတိ ဇာဂေါ။

၁၁ ဇောဓိစိတ္တညွှ(ဉ္စ) ပည္စမံ။ ။ ဤသိုဝ်သောတရျာဇာပါနှင် ပ္လည့်

၁၂ သောသည် ဖ္လစ်လိုဝ်သတေ။ ။"

[ဤငါလှူသောအလှူကား "ပဉ္စမဗ္ဗာစ မေ ဟောန္တု၊ ဇာတိံ ဇာတိံ ပုနပ္ပုနံ၊ သစ္စံဓမ္မော ဓိတိစာဂေါ၊ ဇောဓိ

* အဓိပ္ပာယ်ပေါ်အောင်ဖြည့်စွက်ဖတ်ထားသည်။

စိတ္တာဠ ပဠမံ” ဤသို့သော တရားငါးပါးနှင့် ပြည့်စုံသော
သည် ဖြစ်လိုသတည်း။]

**၁၊၂၊၅၉။ နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၅]**
**ရွှေကွန်ချာဘုရားကျောက်စာ (လေးမျက်နှာ၊ မျက်နှာဘက်)**

၁၊၂၊၅၉၊၁။

၅ “ဿိတြိဘဝနာဒိတျာရတနပဝရဓမ္မရာဇာမည်သော
တယ်ါမ....
၆ ထိုဝ်မင်ကြိအာ အရပ်လိယ်မျက်နှာနှိုက်အာ ခိုက်ရန်
**ခပွင်**သော နိုင်ငံစွာသောဖွစ်အေ်။”

[**ဿီတြိဘဝနာဒိတျရတနပဝရဓမ္မရာဇာ မည်သော
တရားမ(င်း)**.... ထိုမင်းကြီးအား **အရပ်လေးမျက်နှာ**
၌အား **ခိုက်ရန်ခပင်းသော နိုင်ငံစွာသော**ဖြစ်၏။]

၁၊၂၊၅၉၊၂။

၁၉ “**ထမနာ**မည်သောရွှယ်ပုထိုဝ် ၂။ ငုယ်ပုထိုဝ် ၂။
၂၀ **စန္ဒကူ**ပုထိုဝ် ၄။ **ဆင်စွာယ်**ပုထိုဝ် ၂။ **ဟသ်ပတာ**ပုထိုဝ်
၂။ **ဇိခန်**ပုထိုဝ် ၅။ ကျွောက်ပုထိုဝ် ၅။
၂၁ ရွှယ်ထိ ၃။ **ဿိရ်ခတ်**နှင့်ထည္အ်ရယ် ထမနာအေ်။”

[**ဌာပနာမည်သောရွှေပုထိုး ၂၊ ငွေပုထိုး ၂၊ စန္ဒကူး
ပုထိုး ၄၊ ဆင်စွယ်ပုထိုး ၂၊ ဟသ်ပဒါးပုထိုး ၂၊
ဆေးဒန်းပုထိုး ၅၊ ကျောက်ပုထိုး ၅၊ ရွှေထီး ၃၊
သရီရဓာတ်နှင့်ထည့်၍ ဌာပနာ၏။**]

၁၊၂၊၅၉၊၃။

၃၀ “အမိ အဖ သ္ငိ နှမ တူမ တူကစသော အဆူယ်အမျိုဝ်
တ
၃၁ စ်ကာသောလေ ၃နိယ္အ်တိုင်၂ ဦဆိယ်ပိယ်ရယ် ဝတ်စာ
ပိယ်အေ်။”

[**အမိ၊ အဖ၊ သမီး၊ နှမ၊ တူမ၊ တူ**ကစသော အဆွေအမျိုးတကာသောလည်း **၃ နေ့တိုင်တိုင် ဦးဆော ပေး**၍ ဝတ်စားပေး၏။]

၁၂၅၉၄။

၃၁ "သူ**ဆိုဝ်ဩယ်**ရှယ့် ကျာန်လ္ဖစ်သော

၃၂ လေ ဥစ္စာ**ရှူယ်**ရှယ့် ၁၀မ္လောက်သြင် လွတ်အော်။ သူ ၂ ရဟာန်မူလ္ခေင်သောလေ သင်္ကာန်

၃၃ ၂ဆူပိယ် ရဟာန်မူစိယ်အော်။"

[**သူဆင်းရဲ၍ ကျွန်ဖြစ်သောလည်း ဥစ္စာရွေး၍ ၁၀ မြောက်အောင်လွှတ်၏။ သူ ၂ ရဟန်းမူချင်သော လည်း သင်္ကန်း၂ဆူပေး ရဟန်းမူစေ၏။**]

၁၂၅၉၅။

၃၄ "ခိုဝ်စာသော မင်**သတ်လီ**သောလေ ဖျန်ရှယ့် လွှတ်သော ၃။"

[**ခိုးစားသော မင်းသတ်လီသောလည်း ဖျန်၍ လွှတ်သော ၃။**]

၁၂၆၀။ **နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၅] ရွှေကွန်ချာဘုရားကျောက်စာ (လေးမျက်နှာ၊ ကျောဘက်)**

၁၂၆၀၁။

၂၁ "**တောင်ဝုယ်** ၁၃။"

[**တောင်ဝေး ၁၃။**]

၁၂၆၀၂။

၃၂ "ကတို ၁၃ဆူ။ သိုဝ် ၆၃။ **ပဒ္ဒီ** ၅၆။"

[**ကတိုး** ၁၃**ဆူ**၊ **သိုး** ၆၃၊ **ပုတီး** ၅၆။]

၁၂၊၆၀၊၃။

၄၃ “**ပြုတ်** ၅ တင်”

[**ငရုတ်** ၅ **တင်း**]

**၁၂၊၆၁။ နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၅]**
**ရွှေကွန်ချာဘုရားကျောက်စာ (လေးမျက်နှာ၊ လက်ယာဘက်)**

၁၂၊၆၁၊၁။

၇ “**သိတွယ်** ၅ခံ။ **သိ**
၈ **တွတ်** အခံ၅၀။ ရှောက်ကြိ ၁၈ခံ။”

[**သတွေး** ၅**ခံ**၊ **သတွတ် အခံ** ၅၀၊ **ရှောက်ကြီး** ၁၈ **ခံ။**]

၁၂၊၆၁၊၂။

၁၀ “ခပေါင် ၁၂ခံ။ **သန်ပေါင်** ၅ခံ။ **သိ**
၁၁ **ခွါ** ၆၄ ခံ။”

[**ခပေါင်း** ၁၂**ခံ**၊ **သင်ပေါင်း** ၅**ခံ**၊ **သခွား** ၆၄**ခံ။**]

၁၂၊၆၁၊၃။

၁၁ “သုဒ္ဓိသန်အိုဝ် ၁၄၇ အိုဝ်
၁၂ သပေါင် ၄။ ဟျာတန္ခိ ၈၂။ ပိတေိယ်
၁၃ ၆၇၉ မည်။ အက္လမ် ၅၆။ စင်စာဝ်
၁၄ ၅၀၄။ ယပ် ၂၃၂၇။ ဝဇာတ် ၁၉၉၁
၁၅ တံဉိခက် ၁၃၉၈၁။ ကြိတာန် ၈၃ .
၁၆ ကြိပေါင် ၁၀၁ပေါင်။ ဆိုယ်စုံစိ . ခ္လုပ်
၁၇ ၁၅၄၂။ ဆိုယ်စုံစိပရေဟ် ၄၀ ..
၁၈ … င် ၉၃ ပရေဟ်။ ကံပွန် ၈၄ ပဆ
၁၉ ရဟ်၊ ခ္လေင် ၁၉ ပရေဟ်၊ ခ္လောက်အံပု
၂၀ တ် ၁၂၀။”*

---

* အနက်ဖော်၍မရသေးပါ။

[သုဒ္ဓသန့်အိုး ၁၄၇ အိုး၊ သပေါင် ၄၊ သျှာတန္ခိ ၈၂၊ ပိတေ ၆၇၉ မည်၊ အကျမ်း ၅၆၊ စင်စာ ၅၀၄၊ ယပ် ၂၃၂၇၊ ဝဇာတ် ၁၉၉၁၊ တံဦးခက် ၁၃၉၈၁၊ ကြိတာန် ၈၃ . ၊ ကြိပေါင် ၁၀၁ ပေါင်၊ ဆေးစုံစီ . ချပ် ၁၅၄၂၊ ဆေးစုံစီ ပရေဟ် ၄၀ ..... င် ၉၃ ပရေဟ်၊ ကင်ပွန်း ၈၄ ပရေဟ်၊ ချင်း ၁၉ ပရေဟ်၊ မြောက်အံပုတ် ၁၂၀။]

၁၂၊၆၁၊၄။

၂၀ "**တောက်ရမ်** ၃၉ ပုတ်။"

[**တောက်ရပ်** ၃၉**ပုတ်။**]

၁၂၊၆၁၊၅။

၃၀ "**ကျွောက်ပျာန်**

၃၁ ၁၂ ဆူ။"

[**ကျောက်ပျဉ်** ၁၂**ဆူ။**]

၁၂၊၆၁၊၆။

၃၂ "ပုဆိန် ၁၀ စာင်။"

[**ပုဆိန်** ၁၀**စင်း။**]

၁၂၊၆၁၊၇။

၃၅ "ဓာပိအိုဝ် ၃၅လုံး။"

[**ငါးပိအိုး** ၃၅**လုံး။**]

၁၂၊၆၁၊၈။

၄၀ "ရိယ်မှုတ် ၁၀၈ လုံး။"

[**ရေမှုတ်** ၁၀၈**လုံး။**]

၁၂၆၂။ **နားတောင်းများမင်းကြီး [သက္ကရာဇ် ၅၈၅] ရွှေကွန်ချာဘုရားကျောက်စာ (လေးမျက်နှာ၊ လက်ဝဲဘက်)**

၁၂၆၂၊၁။

၂၁ …"**ကြိယ်ဖြ**
၂၂ **တို္ဓ** ၂။ ကြယ်ကရာ ၃လုံ။ ဆီမီ
၂၃ ၅၈၉၉၆ ခွက်။ သံဗုတ် ၁၁၄၅၅၁။
၂၄ ကြာညိုဝ် ၉၅၀။ ကတောက် ၁၀၀၀။
၂၅ ညြင်မ ၁၀၀၀။"

[**ကြေးပြတို့** ၂၊ **ကြေးကရား** ၃လုံး၊ **ဆီမီး** ၅၈၉၉၆ **ခွက်၊ သင်ပုတ်** ၁၁၄၅၅၁၊ **ကြာညို** ၉၅၀၊ **ကတောက်** ၁၀၀၀၊ **အောင်မ(မဲ)** ၁၀၀၀။]

၁၂၆၂၊၂။

၂၇ "မ္လိယ်ဖ္လု ၂အိုဝ်။"

[**မြေဖြူ ၂ အိုး။**]

၁၂၆၂၊၃။

၂၉ …"သင်
၃၀ ပုန် ၂။ **ပရဗိုတ်** ၁။ **ကံကူဆာန်**
၃၁ ၅၅ ချှောင်။ **အဆန်ထည္ဆ်လေက်သော**
၃၂ ကံကူတံ ၁ ကျှေည်။"

[**သင်ပုန်း** ၂၊ **ပုရပိုက်** ၁၊ **ကံ့ကူဆံ** ၅၅ **ချောင်း၊ အဆံထည့်လျက်သော ကံ့ကူတံ ၁ကျည်။**]

၁၂၊၆၃။ **မဟာသေနာပတိအနန္တသူရမောင်နံ့ [သက္ကရာဇ် ၅၈၅] မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာ (အရှေ့ဘက်) (ပုံ ၇၃)**

၁၂၊၆၃၊၁။
______
၁၂၊၁၄၄။

၁ "။ ။ သကရစ် ၅၈၅ခု။ **အာသိတ်သံဝစ္ဆိုရ်။ နတ္တောဝ်** လဆုတ် ၇ရျာက် သုက္ကြာနိယ္ယ်အာ။ မ္လတ်စွာသောမင်ကြီ အမတ္တျာ။ မဟာသေနာပတိ

၂ အနန္တသူရိမောင်နံ့နှစ်ယောက် ဤယ်လူတွင်နှိုက် အတိုင် မသိ သဒ္ဓာရုယ္ယ်ပ္လုသော ကောင်မှုအက္လိုဝ်လ္ဖုင့်ကာ။ ရိယ် မ္လိယ်ခပ်သိမ်သော အသ္ခိင့်ဖ္လစ်သော

၃ မ္လတ်စွာသောမင်ကြီစသော။ မင်္ဂငီ။ မင်္ဂသာ။ မင်္ဂသမီ။ မင်္ဂနှမခပ်သိမ်။ အမိပုရှာစသော မောင်မတာဝ်ခပ်သိမ်။ အမတ္တျာစသော **ဗိုလ်ဗာ**

၄ ခပ်သိမ်။ ဩက်အဝစိယ်စသော အထက်ဖဝက်တိုင်ဩင်။ အတို့ဝ်စက္ကဝဠာစသော အတိုင်မသိသောစက္ကဝဠာနှိုက် နိယ်သော လူနတ်သတ္တာ

၅ ခပ်သိမ်သတို့ဝ်ကိုဝ် အကြွင်မယ္ယ်သလ္ဖင့်။ သသံ်ရာဆိုဝ်ငြယ် မှ ထွက်မ္လောက်ခရုယ္ယ် ဆိုဝ်ငြယ်မယ္ယ်သော **နိရဗန်**ပြည် သို့ဝ် ရောက်စိယ်လ္ချာင်သော

၆ ကြောင့်။ ဇာလေ သိစပ်မြင်နှမ့်သော **သဗ္ဗညုတဉာန်** ပုရှာဆုကိုဝ်လိုဝ်လ္ချာင်သောကြောင့်။"

[သက္ကရာဇ် ၅၈၅ခု **အာသယုဇသံဝစ္ဆိုရ်၊ နတ်တော် လဆုတ်** ၇ရက်၊ သောကြာနေ့အား မြတ်စွာသောမင်းကြီး အမတ်ရာ မဟာသေနာပတိအနန္တသူရမောင်နံ့နှစ်ယောက် ဤလူတွင်၌ **အတိုင်းမသိ သဒ္ဓါ၍ပြုသော ကောင်းမှု** အကျိုးဖြင့်ကား ရေမြေခပ်သိမ်းသောအသခင်ဖြစ်သော၊ မြတ်စွာသောမင်းကြီးစသော **မင်းညီ၊ မင်းသား၊ မင်း**

**သမီး၊ မင်းနှမခပ်သိမ်း၊** အမိဖုရားစသော မောင်းမတော်ခပ်သိမ်း၊ အမတ်ရာစသော ဗိုလ်ပါခပ်သိမ်း၊ အောက်အဝီစိစသော အထက်ဘဝဂ်တိုင်အောင် အတို့စကြဝဠာစသော **အတိုင်းမသိသော စကြဝဠာ၌နေသော** လူ နတ်သတ္တဝါခပ်သိမ်းသောတို့ကို အကြွင်းမဲ့သဖြင့် သံသရာဆင်းရဲမှ ထွက်မြောက်ခ၍ **ဆင်းရဲမဲ့သောနေရပန်ပြည်**သို့ ရောက်စေချင်သောကြောင့် ငါလည်း **သိစပ်မြင်နှံ့သော သဗ္ဗညုတဉာဏ် ဘုရားဆုကို လိုချင်သောကြောင့်**။]

၁၂၂၆၃၂၂။

၆ "ဤယ်အာမနာမည်သောကာန်အရပ်နှိုက္ကာ။ မျာစွာေ
၇ သော ထန်ပင်တိ**လျှာင်** ကျွောင်အရံစိုက်လတ်ရှယ္ဍ္။
ဥတ္တိုပ္ပုသော တန်တိုင်လေ နှစ်ထပ်ရံလတ်ရှယ္ဍ္။ တန်တိုင်
တွင် နှိုက္ကာ ကလာသာအိုဝ်အယောင်နှ္ဍင့်
၈ တူသော တဍ္ဍင့်တယ်စွာသော **စင်ကြံ**ထက် ကူလေတည်
ဇအ်။"

[ဤ**အာမနာမည်သောကာန်အရပ်**၌ကား များစွာသော **ထန်းပင်**တိလျှင် ကျောင်း**အရံ**စိုက်လတ်၍ အုတ်တိပြုသော တံတိုင်းလည်း **နှစ်ထပ်ရံလတ်၍** တံတိုင်းတွင်း၌ကား **ကလသာအိုးအယောင်နှင့်တူသော တင့်တယ်စွာသောစကြံ**ထက် ဂူလည်းတည်၏။]

၁၂၂၆၃၂၃။

၈ "ကူဓာမနာသောအခာနှိုက္ကာ။ သရီရဓတ္တာဝ်ထဍ္ဍ္ဍ်သော
**တန်စိကူကြွစ်**။ ထိုဝ်အပကာ
၉ ဖန္လ္ပုသောကြွစ်။ ထိုဝ်အပကာ တန်စိကူနိ္လပ္ပုသောကြွစ်။
ထိုဝ်အပကာ ရှုယ်လ္ပုသော။ ထိုဝ်အပကာ ငုယ်လ္ပုသော။
ထိုဝ်အပကာ ရှုယ်မုရှယ္ဍ္ ရတနာတိအမျ

၁၀ က်ခတ်သော။ ထိုဝ်အပကာ ဆင်စွယ်လ္ပုသော။ ထိုဝ်အပ
ကာ ကြိယ်နီလ္ပုသော။ ထိုဝ်အပကာ ကျောက်လ္ပုသော
ပုထိုဝ်။ ထိုဝ်တွင်ထည္အ်ပါသော။ ရှုယ်**စမ**
၁၁ **ခန်**။ ငုယ်စမခန်။ ရှုယ်ပေါက်၂။ ငုယ်ပေါက်၂။ ရှုယ်
တန်ဆောင်။ ငုယ်တန်ဆောင်တို္အ်ဖ္လအ်င် ပုဇာဝ်ရုယ္အ် ထည္အ်
လိုက်အေ်။ ကျောက်ပုထိုဝ်ကိုဝ်ကာ
၁၂ **ဆေိယ်**ရိယ်ရုယ္အ် ကြိယ်**ခြည်**နှ္အင်ခက်အေ်။ အထွတ်ကာ
ရှုယ်ထွတ်လ္ပုအေ်။ အထွတ်ထက္ကာ ရှုယ်ထီဆောက်၏။
ရှုယ်ထီကိုဝ်ကာ ပုလယ်သန္တာဆွယ်အေ်။
၁၃ အထွတ်ဩက်ရှုယ္အ်ကာ ပုဆိုဝ် ၇ထပ်လွှံအေ်။ ပုဆိုဝ်
ထက္ကာ ရှုယ်ကျက်တငိုယ်ခတ်အေ်။ ရှုယ် ၃၀သွန်သော
ရှုယ်ပုရှာ ၁ခု။ ငုယ် ၅၀သွန်သော ငုယ်ပုရှာ
၁၄ ၁ခု။ ကျောက်လ္ဖုလ္ပုရုယ္အ် ရှုယ်ရာည်ရိယ်သောပုရှာ ၁ခု။
ရှုယ်ထီငုယ်ထီတို္အ်လေ ဆောင်အေ်။ ထိုဝ်သို္အ်သော
အထုထူသလ္ဖ္အင်လ္ပုရုယ္အ် ဓာမနာအေ်။ ကူတွင်ကာ
၁၅ ပုရှာသ္ခိုင်ဆင်ပု လိယ်မျက်နှာလ္ပုရုယ္အ် ရတနာတိ တောက်ပ
ဆန်ကြယ်စိယ်အေ်။ ကူအရံတွင်နှိုက္ကာ များစွာသော
ပုရှာဆင်ပုလေလ္ပုအေ်။ ဇာတ်ဘာချာလေ
၁၆ အတ္အင်အတယ်ရိယ်အေ်။ ကူထွတ်တန်ဆာ **ပန်ထျန်**
လက်တွင် **ခိန်**ပိယ်ရုယ္အ် ခုတ်သောကြိယ်ကာ ၄၇ **ဗိသာ**
**ရဗိုဟ်** ၄ကျ္လပ်။ ခုတ်သော ယုတ်သောကြိယ်
၁၇ ကာ ၇ဗိသာ ၉ကျ္လပ်။ အပြိခံသောကြိယ်ကာ ဗိသာ
၄၀။ ၇ဗိုလ် ၅ကျ္လပ်။ ရှုယ်သာဝင်သော ၃၉ ကျ္လပ် ၃
မတ်။ **ပြတာ**ရည်ကာ ၁၅၉ကျ္လပ်ဝင်အေ်။ ဤယ်သို္အ်
၁၈ သောရတနာလ္ဖ္အင် ကူထွတ်ကိုဝ် တောက်ပစိယ်အေ်။”

[ဂူဌာပနာသောအခါ၌ကား သရီရဓာတ်တော်ထည့်သော
စန္ဒကူးကြုတ်၊ ထို**အပ**ကား ဖန်ပြုသောကြုတ်၊ ထိုအပ
ကား စန္ဒကူးနီပြုသောကြုတ်၊ ထိုအပကား ရွှေပြုသော၊

ထိုအပကား ငွေပြုသော၊ ထိုအပကား ရွှေမှု၍ **ရတနာတိ အမျက်ခတ်သော**၊ ထိုအပကား **ဆင်စွယ်**ပြုသော၊ ထိုအပကား **ကြေးနီ**ပြုသော၊ ထိုအပကား ကျောက်ပြုသော ပုထိုး။ ထိုတွင်ထည့်ပါသော **ရွှေစမ္ဗခဏ်၊ ငွေစမ္ဗခဏ်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်**တို့ဖြင့် ပူဇော်၍ ထည့်လိုက်၏။ ကျောက်ပုထိုးကိုကား ဆေးရေး၍ **ကြေးချည်**နှင့် **ခက်**၏။ အထွတ်ကား **ရွှေထွတ်**ပြု၏။ **အထွတ်ထက်ကား ရွှေထီးဆောက်၏**။ ရွှေထီးကိုကား **ပုလဲသန္တာ** ဆွဲ၏။ အထွတ်အောက်ရွှေကား ပုဆိုး ၇ထပ် လွှမ်း၏။ **ပုဆိုး**ထက်ကား **ရွှေကျက်တင်ပိုခတ်**၏။ ရွှေ ၃၀ **သွန်း**သော ရွှေဘုရား ၁ခု၊ ငွေ ၅၀သွန်းသော ငွေဘုရား ၁ခု၊ ကျောက်ဖြူပြု၍ ရွှေရည်ရေးသော ဘုရား ၁ခု၊ ရွှေထီး ငွေထီးတို့လည်း ဆောင်း၏။ ထိုသို့သော အထူးထူးသဖြင့်ပြု၍ ဌာပနာ၏။ ဂူတွင်းကား ဘုရားသခင် ဆင်းပု လေးမျက်နှာပြု၍ ရတနာတိ တောက်ပဆန်းကြယ်စေ၏။ ဂူအရံတွင်း၌ကား များစွာသော ဘုရား **ဆင်းပု**လည်းပြု၏။ **ဓာတ်ငါးရာလည်း အတင့်အတယ် ရေး၏။ ဂူထွတ်တန်ဆာ ပန်းတဉ်း*** **လက်တွင် ချိန်ပေး၍ ခတ်သောကြေးကား ၄၇ ပိဿာ စပိုလ် ၄ကျပ်၊ ခတ်သော ယုတ်သော ကြေးကား ၇ပိဿာ ၉ကျပ်၊ အပြီးခံသော ကြေးကား ပိဿာ ၄၀ ၇ပိုလ် ၅ကျပ်၊ ရွှေသားဝင်သော ၃၉ကျပ် ၃မတ်၊ ပြဒါးရည်ကား ၁၅၉ကျပ်ဝင်၏။** ဤသို့သောရတနာဖြင့် ဂူထွတ်ကို တောက်ပစေ၏။]

* ဦးဖိုးလတ်၏ "မြန်မာစကားအဖွင့်ကျမ်း၊ ဒုတိယတွဲ" တွင် ပန်းထိမ်ဟုဆိုသည်။

၁၂၊၆၃၊၄။

၁၈ “တြျာနာအွမ့်သော ပရိသတ်တကာ **စည်ဝည်**စိမ့်သော
ငှာ

၁၉ ကျောက်ဥတ်တိဖွယ့်သော သာယာစွာသော ဓမ္မသာလေလွှ
ဇအ်။ တြျာပဝ်ရာ ရှယ်ပန်လင်လေလွှဇအ်။ ပန်လင်
ထက္ကာ ရှယ်ထီလေဆောက်ဇအ်။ အထက်

၂၀ ဖွင့်ကာ **ပိတာန်**လေဆင်ဇအ်။”

**[တရားနာအံ့သော ပရိသတ်တကာ စည်းဝေးစိမ့်သော ငှာ ကျောက်အုတ်တိဖွဲ့သော၊ သာယာစွာသော ဓမ္မသာလည်းပြု၏။ တရားဟောရာ ရွှေပလ္လင်လည်း ပြု၏။ ပလ္လင်ထက်ကား ရွှေထီးလည်းဆောက်၏။ အထက်ဖြင့်ကား ပိတာန်လည်းဆင်၏။]**

၁၂၊၆၃၊၅။

၂၀ “နိရဗန်ကိုဝ်လိုဝ်သော သုတာဝ်တကာတို့ဥ် **ဆုမှ**ခံစိမ့်
သောငှာ သို့ဝ်ထေရ်ိနိယ်ရာ သာယာစွာသော ကျောင်ကြိ
လေလွှဇအ်။

၂၁ တန်တိုင်တစ်ထပ်သော အပဝန်ကျင်ကာ သာသနာကိုဝ်
**ချတ်**ရယ့် သွင်ကျင့်သော သို့ဝ်အရိယာတို့ဥ် နိယ်စိမ့်
သောငှာ မျာစွာသောကျောင်လေ အစန့်လွှ၏

၂၂ ။သို့ဝ်အရိယာတို့ဥ် ရိယ်ချံသာစိမ့်သောငှာ ဥတ္တိဖွယ့်သော
ရိယ်တွင်လေတူဇအ်။ ဥတ္တိဖွယ့်သော ၄ထောင့်ကာန်လေ
တူဇအ်။ အရှိယ့်ဖွင်ကာ ကန်

၂၃ ကြီလေ ၂ဆင့်တူဇအ်။ ရိယ်ဝင်စိမ့်သောငှာ ပွန်နှင့်
တလာလေ အတင့်အတယ်လွှဇအ်။ ရိယ်ကာန်အပါ
ဝန်ကျင်ကာ ဥယာန်လေစိုက်ဇအ်။ ထိုဝ်ကျော

၂၄ င်အပကာ လိယ်မျက်နှာလာလာသော သုတဝ်တကာ။
နိယ်သော။ ဉာပ်သော။ ချပ်သော။ အလိုဝ်ရစိမ့်သော
ငှာ။ တင့်တယ်စွာသော တန်တိုင်တွင် ရပ်အထုထူ

၂၅ သလ္ဖွ္အင့် ဆန်ကြယ်ထလျက်သော သာယာစွာသော
တန်ဆောင်ကြီလေ္လပ္လုဇအ်။ ထိုဝ်အနောက်လ္ဖွ္အင့်ကာ အလှျု
ပိယ်လိုဝ်သောသုတဝ်တို္အဝ် အလှျုပိယ်စိ္အမ်

၂၆ သောင်္ဂာ မြယ်မြ်စွာသော ဥတ်**စရပ်**လေ္လပ္လု၏။ ဤယ်
ဇကျောင်နိူက်ဟိယ္အ်သော။ ပုရှာ တရျှာ သဃ်ာတို္အဝ်
ချံသာစိ္အမ်သောင်္ဂာ။ ပြည်အစနိူက်

၂၇ ကာ။ ဥတ်နှ္အင့်မြယ်မြ်စွာဖွယ္အ်သော ကပ္ပိယ**ကုဋိယ်**လေ္လပ္လု
ဇအ်။ အလုပ်အကျ္လွည်လေ မျာစွာထာပိယ်ဇအ်။ လိယ်
မျက်နှာ လာလာသောသူတို

၂၈ ္အဝ် ရိယ်အလိုဝ်ရစိ္အမ်သောင်္ဂာ။ ဥတ်နှ္အင့်မြယ်မြ်စွာဖွယ္အ်သော
ရိယ်တွင်လေတူဇအ်။ ဤယ်မျှသော အနှစ်မောင်နှမ်ပ္လု
သော ကောင်မှုခပ်သိမ်သကာ။

၂၉ သာသနာအနှစ် ၅၀၀၀ ပ္လေ္လာက်ဩင် တည်ရစ်စိ္အမ်သောင်္ဂာ။
အစီအရျှာင်မျာစွာ ပ္လုသတေ။=။ ဤယ်အနှစ်မောင်နှမ်
ပ္လုသော ကောင်မှုခပ်သိမ်သောကို

၃၀ ဝ်။ အနှစ်ကိုဝ်စာ အခာ္လမှ္အင့္လမှယ် ပ္လုဖာရစ်စိ္အမ်သောင်္ဂာ။
တန်လင်လှည်စိ္အမ်သောင်္ဂာ။ ပုရှာ တြျာနိူက် သံပုတ်။
ဆိမီ။ ကွံပန်။ မပြတ် တင်ရစ်စိ္အမ်သောင်္ဂာ။ သည်

၃၁ ခံသောသ္ခိင်အရိယာတို္အဝ်ကိုဝ် ဆွံပန်လုပ်ကျ္လွည်ရစ်စိ္အမ်သော
င်္ဂာ။ အနှစ်မောင်နှံလှျုသော။ =။ ပုကံကျွန်။”

[နေရပန်ကိုလိုသော **သူတော်တကာ**တို့ **ဆုံးမခံစိမ့်သော ငှာ** သခင်ထေရ်နေရာ သာယာစွာသောကျောင်းကြီး လည်း ပြု၏။ တံတိုင်းတစ်ထပ်သော အပဝန်းကျင်ကား **သာသနာကိုချစ်၍ သီတင်းကျင့်သော** သခင်အရိယာတို့ နေစိမ့်သောငှာ များစွာသောကျောင်းလည်း **အစဉ်**ပြု၏။ သခင်အရိယာတို့ **ရေချမ်းသာစိမ့်သောငှာ အုတ်တိဖွဲ့သော ရေတွင်းလည်း တူး၏**။ အုတ်တိဖွဲ့သော **ငှထောင့်ကန်**လည်း တူး၏။ အရှေ့**ဖြင့်**ကား ကန်ကြီး

လည်း ၂ဆင့်တူး၏။ ရေဝင်စိမ့်သောငှာ **ပြွန်နှင့်တလား**လည်း အတင့်အတယ်ပြု၏။ **ရေကန်အပါးဝန်းကျင်**ကား ဥယျာဉ်လည်း စိုက်၏။ ထိုကျောင်းအပကား **လေးမျက်နှာ လာလာသော သူတော်တကာနေသော၊ အိပ်သော၊ ရပ်သော အလိုရစိမ့်သောငှာ** တင့်တယ်စွာသော တံတိုင်းတွင် ရပ်အထူးထူးသောဖြင့် **ဆန်းကြယ်ထလျက်သော၊** သာယာစွာသော **တန်ဆောင်းကြီး**လည်း ပြု၏။ ထိုအနောက်ဖြင့်ကား အလှူပေးလိုသောသူတော်တို့ အလှူပေးစိမ့်သောငှာ မြဲမြံစွာသော **အုတ်ဇရပ်**လည်း ပြု၏။ ဤငါ့ကျောင်း၌ရှိသော **ဘုရား တရား သံဃာတို့ ချမ်းသာစိမ့်သောငှာ ပြည်အစ၌ကား အုတ်နှင့် မြဲမြံစွာဖွဲ့သော ကပ္ပိယကုဋီလည်း ပြု၏**။ **အလုပ်အကျွေး**လည်း များစွာထားပေး၏။ **လေးမျက်နှာ လာလာသောသူတို့** ရေအလိုရစိမ့်သောငှာ အုတ်နှင့် မြဲမြံစွာဖွဲ့သော ရေတွင်းလည်း တူး၏။ ဤမျှသော **အနှစ်မောင်နှံ**ပြုသော ကောင်းမှုခပ်သိမ်းသောကား **သာသနာအနှစ် ၅၀၀၀ မြောက်အောင် တည်ရစ်စိမ့်သောငှာ အစီအရင်များစွာ ပြုသတည်း။** ဤအနှစ်မောင်နှံပြုသော ကောင်းမှုခပ်သိမ်းသောကို **အနှစ်ကိုယ်စား အခါမြင့်မြဲ ပြုဖြာရစ်စိမ့်သောငှာ၊ တန်လင်းလှည်းစိမ့်သောငှာ၊ ဘုရား တရား၌ သင်ပုတ်၊ ဆီမီး၊ ကွမ်းပန်းမပြတ်တင်ရစ်စိမ့်သောငှာ၊ သည်းခံသော သခင်အရိယာတို့ကို ဆွမ်းပန်း လုပ်ကျွေးရစ်စိမ့်သောငှာ အနှစ်မောင်နှံ လှူသောပုဂ်ကျွန်။**]

၁၂၆၄။ **သခင်သိဃ်ံဝီရသူရဇ္ဈမိုလ် [သက္ကရာဇ် ၅၈၅]**
**သခင်သိဃ်ံဝီရသူရဇ္ဈမိုလ်ကျောက်စာ (မျက်နှာဘက်)**

၁၂ …"ဤယ်ဇာလှူသော
၁၃ ကိုဝ် ဖျက်ရစ်သောသူ ဟူသောမျှကာ၊ ပုရှာအလ္ဖွစ်လ္ဖွစ်လေမ
၁၄ ဖူစိယ်စွံတေ။ ။ အဝီစိကာအထက် အယင်ကာဩက် လျှင် န
၁၅ စ်စိယ်သတေ ဖုန်မကြီစိယ် အသက်မရှည်စိယ်သတေ။ လူထ
၁၆ က်လေ ချံသာမရစိယ်သတေ။"

[ဤငါလှူသောကို ဖျက်ရစ်သောသူ **ဟူသမျှ**ကား ဘုရားအဖြစ်ဖြစ်လည်း မဖူးစေစွံတည်း။ အဝီစိကားအထက် အယင်းကားအောက်လျှင် နစ်စေသတည်း။ ဘုန်းမကြီးစေ၊ အသက်မရှည်စေသတည်း။ **လူထက်လည်း** ချမ်းသာ မရစေသတည်း။]

၁၂၆၅။ **သခင်သိဃ်ံဝီရသူရဇ္ဈမိုလ် [သက္ကရာဇ် ၅၈၅]**
**သခင်သိဃ်ံဝီရသူရဇ္ဈမိုလ်ကျောက်စာ (ကျောဘက်)**

၁၂၆၅၁။

၈ "**ဝိနေယ်** ၁၁ကျံ်။ ဒီဃနိကယ် ၉ ကျံ်။ **မဇျိမနိကယ်** ၉ ကျံ်။
၉ **သယုံတ္တ**နိကယ် ၉ ကျံ်။ အင်ဂုတ္တရနိကာယ် ၁၀ ကျံ။ ဝိသုဒ္ဓိမ
၁၀ ဂ် ၂ **ကျမ်**။ ခုဒ္ဒနိကာယ် ၂၉ **ကျံ်**။ **ပါတ်**အဌကထာ **နေတ္တိ**
၁၁ **ပြကိုရ်** ၂ ကျံ်။ မိလိန္ဒပညှာ။ ပတ်အနာဂတဝင်။ အဌက

၁၂ ထာ အမတာဓာရာ **မဉ္ဇူသ**ဋီကာ **ရူပဝင်** ဖောဓိ
ဝင်။ ပါတ်

၁၃ အဌကထာ မဟာဝင်။ တထာကတုပ္ပတ္တိ။ **ကစ္စယ်**။
**ညာသ်**။

၁၄ ဋီကာ မဟာထေရ်။ ဋီကာသံဖျင်။ စူဠသန္ဓိ သန္ဓိဝိသော
ဓနာ

၁၅ ကုဋီကာ မဟာနမက္ကာရ်။ ဓာတ်တခြည် ၇ဂ္လုံ။ အဘိဓမ္မာ
၁၅။

၁၆ ဂ္လုံ။ **ခင်ဥန်သုဗ္ဗဲဗိုလ်**ပ္လုသော ပိဋကတ်ဂ္လုံ အပေါင်။
၁၁၃

၁၇ ဂ္လုံ ဟိယ်သတေ။”

[**ဝိနည်း ၁၁ ကျမ်း၊ ဒီဃနိကာယ် ၉ ကျမ်း၊ မဇ္ဈိမနိကာယ် ၉ ကျမ်း၊ သံယုတ္တနိကာယ် ၉ကျမ်း၊ အင်္ဂုတ္တရနိကာယ် ၁၀ ကျမ်း၊ ဝိသုဒ္ဓိမဂ် ၂ ကျမ်း၊ ခုဒ္ဒ(က)နိကာယ် ၂၉ ကျမ်း ပါ၍အဌကထာ၊ နေတ္တိပကရဏ ၂ ကျမ်း၊ မိလိန္ဒပဉှာပါ၍၊ အနာဂတဝင်အဌကထာ၊ အမတာဓာရာမဉ္ဇူသဋီကာ၊ ထူပဝင် ဗောဓိဝင် ပါ၍အဌကထာ၊ မဟာဝင်၊ တထာဂတုပ္ပတ္တိ၊ ကစ္စည်း ဉာသ် ဋီကာ၊ မဟာထေရ် ဋီကာသံပျင်၊ စူဠသန္ဓိ သန္ဓိဝိသောဓနာကုဋီကာ၊ မဟာနမက္ကာရ၊ ဓာတ်တခြည်[*] ၇ ကျမ်း၊ အဘိဓမ္မာ ၁၅ ကျမ်း၊ ခင်အုန်သူရဗ္ဗဗိုလ်ပြုသော ပိဋကတ်ကျမ်း အပေါင်း ၁၁၃ကျမ်း ရှိသတည်း။**]

၁၂၊၆၅၊၂။

၁၇ “သာ **သိဃာံဝိရ်သုဗ္ဗဲဗိုလ်**ပ္လုသော ပိဋက
၁၈ တ်ကာ၊ **ဝိနယ်**ပိဋကတ်၊ ပါတ်၊ အဌကထာ၊ ဋီကာ

---

* အနက်မသိသာ။

၁၉ အပေါင် ၁၅ ကျ္လုမ်၊ အဋ္ဌကထာ၊ ဋီကာ၊ **ဂြန္ထပိုတ်**၊ ဝိသုဒ္ဓိ

၂၀ မင်္ဂ အပေါင် ၃ ကျ္လုမ် အဘိဓမ္မာပိဋကတ် အပေါင် ၁၅ ကျ္လု

၂၁ မ်။ **လက္ခဏ်**ကုဋီကာ ၂ ကျ္လုမ်။ ဒီဃနိကာယ် ပါတ် အဋ္ဌကထာ

၂၂ ဋီကာ ၉ ကျ္လုမ်။ မဇ္ဈိမနိကာယ် ပါတ်အဋ္ဌကထာ ဋီကာ ၉ ကျ္လုမ်။ သယုံတ္တနိ

၂၃ ကာယ် ပါတ်အဋ္ဌကထာဋီကာ ၁၅ ကျ္လုမ်။ အင်္ဂုတ္တရ နိကာယ် ပါတ်အဋ္ဌကထာဋီကာ

၂၄ ၁၀ကျ္လုမ်။ ခုဒ္ဒကနိကာယ်။ ပါတ်။ အဋ္ဌကထာ ဂြန္ထပိုတ် အပေါင် ၂၈ကျ္လုမ်။ ။က

၂၅ စ္စာယ်မဟာနိရုတ်။ ဋီကာမဟာထေရ်။ ဋီကာ**သမ္မောင်**။ မဟာရူပသိဒ္ဓိ။

၂၆ ကာ မဟာရူပသိဒ္ဓိ။ မည္လုသဋီကာဗျာချန် မဟာနိရုတ်။ ဋီကာဗျာချ

၂၇ (န်။ မဟာ)နိရုတ်။ စူဠသန္ဓိ။ သန္ဓိဝိသောဓနာ။ ကုဋီကာ။ **မဟာနမင်္ဂါရ်**။ ။

၂၈ ... ကျ္လုမ် အပေါင် ...။”

**[သား သီဃ်ဝီရသူရဇ္ဇမိုလ်ပြုသော ပိဋကတ်ကား ဝိနည်း ပိဋကတ် ပါဠိအဋ္ဌကထာဋီကာ အပေါင်း ၁၅ ကျမ်း၊ အဋ္ဌကထာဋီကာ ဂဏ္ဌိပုဒ် ဝိသုဒ္ဓိမဂ် အပေါင်း ၃ ကျမ်း၊ အဘိဓမ္မာပိဋကတ် အပေါင်း ၁၅ကျမ်း၊ လက်သန်းကုဋီကာ ၂ကျမ်း၊ ဒီဃနိကာယ် ပါဠိအဋ္ဌကထာဋီကာ ၉ကျမ်း၊ မဇ္ဈိမနိကာယ် ပါဠိအဋ္ဌကထာဋီကာ ၉ကျမ်း၊ သံယုတ္တနိကာယ် ပါဠိအဋ္ဌကထာဋီကာ ၁၅ကျမ်း၊ အင်္ဂုတ္တရနိကာယ် ပါဠိအဋ္ဌကထာဋီကာ ၁၀ကျမ်း၊ ခုဒ္ဒကနိကာယ်**

**ပါဠိအဋ္ဌကထာ ဂဏ္ဌိပုဒ် အပေါင်း ၂၈ကျမ်း၊ ကစ္စည်း မဟာနိရုတ်ဋီကာ၊ မဟာထေရ်ဋီကာသံဗျင်၊ မဟာရူပသိဒ္ဓိ(ဋီ)ကာ၊ မဟာရူပသိဒ္ဓိ၊ မဉ္ဇူသဋီကာ ဗျာချာန်၊ မဟာနိရုတ်ဋီကာဗျာချာန်၊ မဟာနိရုတ် စူဠသန္ဓိ သန္ဓိဝိသောဓနောကုဋီကာ၊ မဟာနမက္ကာရ... ကျမ်းအပေါင်း...။]**

၁၂၆၆။ **အသင်္ချာမင်းမတ်မယား [သက္ကရာဇ် ၅၈၆]**
**အသင်္ချာမင်းမတ်မယားကျောက်စာ (မျက်နှာဘက်)**

၁၂၆၆၊၁။

၁ "။ ။ သကရစ် ၅၈၆ခု **ဖဿ**နှစ် ကုဆုန်လပ္ပည်
**ဗုဒ္ဓဟူ**နိယ်။ သ္ခိင်ဝိနယထေရ်ကျ္လောင်အာ။ အသ
၂ င်္ချာမင်မတ်မိယာ သဒ္ဓာပညာကြီစွာသော ဖုန်ဟိယ်သော
**မိယ္မ** ရတနာသုံပါ သာသနာအဆုံရောက်သြင် ချံ
၃ သာစိယ်လျှင်ရကာ မိမီကိုဝ်စာ လုပ်က္လည်စိမ်သောဌာ။"

[သက္ကရာဇ် ၅၈၆ ခု ဘဒြနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ **သခင်ဝိနယထေရ်**ကျောင်းအား **အသင်္ချာမင်းမတ်မယား သဒ္ဓါပညာကြီးစွာသော၊ ဘုန်းရှိသောမိန်းမ** ရတနာသုံးပါး သာသနာအဆုံးရောက်အောင် ချမ်းသာ စေချင်ရကား **မိမိကိုယ်စား** လုပ်ကျွေးစိမ့်သောငှာ။]

၁၂၆၆၊၂။
၁၂၄၆၄။

၁၂ ..."သ္ခိင်ဥ
၁၃ စ္စနာ ရှုယ်တောင်တာက်သောအာ။ အသင်္ချာ အနန္တသူ
အသဝတ်ဓမ္မာ ရာဇသင်ကြံ စတုရင်္ဂသူ ဤ
၁၄ ယ်အမတ် ၅ယောက်သတိုဝ်ကိုဝ် ရာယ်ဆုဟူ ပိယ်တာဝ်
မူသော တစ်ယောက်သောလယ် ၇၀၀
၁၅ ။ ၇၀၀ ။ ရစာဇအေ်။"

[သခင်ဥစ္စနာ ရွှေတောင်တက်သောအား အသင်္ချာ၊ အနန္တသူ၊ အသဝတ်မွော၊ ရာဇသင်္ကြံ၊ စတုရင်္ဂသူ ဤ အမတ် ၅ယောက်သောတို့ကို ရဲဆုဟု ပေးတော်မူသော တစ်ယောက်သော လယ် ၇၀၀၊ ၇၀၀ ရစား၏။]

၁၂၆၇။ **ကုသိုလ်ရှင်အမည်မသိသာ [သက္ကရာဇ် ၅၈၆]**
**မန္တလေးနန်းတွင်းရုံကျောက်စာအမှတ်–၃၃ ကျောက်စာ**

၁၂၆၇၊၁။

၁၉ "ထုဝ်နိယ်လျှောင် သူသိသူမြင် လွတ်သတေ"

[ထိုနေ့လျှင် **သူသိသူမြင်** လွတ်သတည်း။]

၁၂၆၇၊၂။

၂၂ "ဤမျှသော (ကြာပါသော) သင်္ဃာ လူခပယ်သလေ
၂၃ သက်သိယ်မူရစ်စိယ်(သတေ။)"

[ဤမျှသော ကြားပါသော သံဃာ၊ **လူခပဲ**သည်လည်း သက်သေမူရစ်စေသတည်း။]

၁၂၆၈။ **အရည်းငစိုက်သင် [သက္ကရာဇ် ၅၈၆]**
**အရည်းငစိုက်သင်ကျောက်စာ (မျက်နှာဘက်)**

၁၂၆၈၊၁။

၄ ..."တြျာသု
၅ ကြိကာ**အင္ကျိုဝ်ဟိ** ၁၊ စတ္တရယ် ၁ ကစ္စကာပတိ
၆ ယ် ၁ ကစ္စပကြံ ၁၊ ဤယ်သု ၄ ယောက်သောကာ
၇ တြျာကွန်သာယာတွင် မိယ်ပိယ်သတေ၊"

[တရားသူကြီးကား အကျိုးရှိ ၁၊ စတ္တရွေ ၁၊ ကစ္စကာ ပတေ့ ၁၊ ကစ္စပကြံ ၁၊ ဤသူ ၄ယောက်သောကား **တရားကွန်းသာယာတွင် မေးပေသတည်း။**]

၁၂၆၈၊၂။

၈ "တုရင်တောင်ထက် ဇစိုက်သင် ပုထိုဝ် ၂လုံ
၉ ကူတစ်လုံ လှုသော ရှာ ၄ပယ် ကျွန်
၁၀ ကာ ဇစွယ် ပုရှာကျွေဥ်စိယ်သတေ"

[**တုရင်တောင်**ထက် ငစိုက်သင် ပုထိုး ၂လုံး၊ ဂူတစ်လုံး လှူသော ယာ ၄ ပယ်၊ ကျွန်ကား ငစွယ် ဘုရား ကျွေးစေသတည်း။]

၁၂၆၈၊၃။

၁၀ ..."သာမွိယ်
၁၁ တွင်လဉ္ကောင် သုလဉ္ကောင် လုစမုကာ
၁၂ အဝစိယ်ကာအာထက် လုစမုသောကာ
၁၃ ဩက် ဖ္လစ်စိယ်သာတေ၊ **အဆွူယ်အတ**
၁၄ အတိုင်မသိ ရပါစိယ်**သဝ်**တေ။"

[သားမြေးတွင်လည်းကောင်း၊ သူလည်းကောင်း လုစားမူကား အဝီစိကားအထက် လုစားမူသောကားအောက် ဖြစ်စေသတည်း။ **အဆွေအဝါး** အတိုင်းမသိ ရပါစေသောတည်း။]

၁၂၆၉။ **သခင်မဟာကဿပ [သက္ကရာဇ် ၅၈၇]**
**ရွှေပေါင်လောင်ဘုရားကျောက်စာ (မျက်နှာဘက်)**

၁၂၆၉၊၁။

၁ "။ ။ **နမော တဿ ဘဂဝတော အရဟာတော သမ္မာ သံဗုဒ္ဓဿ။ ။ နမော ဗုဒ္ဓဿ နမော ဓမ္မဿ နမော သဃ်ဿ။ ။**"

**[နမော တဿ ဘဂဝတော အရဟာတော သမ္မာ သမ္ဗုဒ္ဓဿ။ နမော ဗုဒ္ဓဿ နမော ဓမ္မဿ နမော သံဃဿ။]**

၁၂၊၆၉၊၂။

၃၃ "သိပါကြပါသ သို့ခ်တိုဝ်ကာ **ပိုတ္တကတ်သုံမ်ပုံမ်** တတ် ကုန်တိတေ"

[သိပါကြားပါသော သခင်တို့ကား **ပိဋကတ်သုံးပုံ တတ် ကုန်တိတည်း**။]

၁၂၊၆၉၊၃။

၃၅ "လူဖ္လစ်သောလေ လုပြိတ္တာ၊ နတ်
၃၆ ဖ္လစ်သောလေ နတ်ပြိတ္တာ ဖ္လစ်စေသတေ"

[လူဖြစ်သောလည်း **လူပြိတ္တာ**၊ နတ်ဖြစ်သောလည်း **နတ်ပြိတ္တာ** ဖြစ်စေသတည်း။]

၁၂၊၆၉၊၄။

၄၈ "ဤမှုသော ငကောင်မှုကိုဝ် ဖျက်ဆီသသူကာ အပယ် လေပါ ငြယ်လာစေသတေ **ဝက်**
၄၉ **ကွံ**တလှည်ကိုဝ် မိဖုတ်သော အကျွံမရသကယ်သိုဝ် ပျက်စိသေစေသတေ ကြည်သွာသောကာ **မြုယ်**ခဲစေသော ရေသွာသော..
၅၀ ကျောင်ငင်ရုယ် (သေစေသတေ။)"

[ဤမှုသော ငါ့ကောင်းမှုကို ဖျက်ဆီးသသူကား အပါယ် လေးပါး ငရဲလားစေသတည်း။ **ဝါဂွမ်းတစ်လှည်းကို မီးဖုတ်သော အကျွမ်းမရသကဲ့သို့** ပျက်စီးသေစေသတည်း။ **ကြည်းသွားသောကား မြွေခဲစေသော။ ရေသွားသော(ကား မိ)***ကျောင်းငင်၍ သေစေသတည်း။**]

* အဓိပ္ပာယ်ပေါ်အောင်ဖြည့်စွက်ဖတ်ထားသည်။

၁၊၂၊၇၀။ **မဟာသေနာပတိအနန္တသူရမောင်နှံ [သက္ကရာဇ် ၅၈၉] မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာ (အရှေ့ဘက်) (ပုံ ၈၀)**

၁၊၂၊၇၀၊၁။

၃ "ရတနာသုံပါသောကိုဝ်။ နိယ်(နိယ်)တိုင် လုပ်ကွ္ဃည် ထလျက်လျှင်တော။"

[**ရတနာသုံးပါးသောကို နေ့နေ့တိုင်း လုပ်ကျွေးထ လျက်လျှင်တည်း။**]

၁၊၂၊၇၀၊၂။

၃ ..."ခင်ပွန်

၄ (အတည်မဟိ) မယ်ခရကာ။"

[**ခင်ပွန်း**အတည်မရှိ မဲ့ခရကား။]

၁၊၂၊၇၁။ **မဟာသေနာပတိအနန္တသူရမောင်နှံ [သက္ကရာဇ် ၅၈၉] မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာ (တောင်ဘက်) (ပုံ ၈၂ က)**

၁၊၂၊၇၁၊၁။

၁၄ "။ ။ ဤယ်အနှစ်မောင်နှံလှူသော။ လယ်။ ဥယန်။

၁၅ ကျွန်။ နွာ။ ကွ္လယ်။ ဆင်။ ဆိတ်။ ဤမ်နက်

၁၆ **(ဥ)တ်စာ နိဖွယ္ဃ်**မကြွင်။ ဤယ်အလှူခပ်သိမ်

၁၇ (သ)ကာ စင်သောတိတော။ (နောင်**အခြင်)များ**အံသော

၁၈ **ဥတ္တာ**ကာ ကျ္ဃောက်စာ(ထုခတိတော။)"

[ဤအနှစ်မောင်နှံလှူသောလယ်၊ ဥယျာဉ်၊ ကျွန်၊ နွား၊ **ကျွဲ**၊ ဆင်၊ **ဆိတ်**၊ **အိမ်နက်ဥစ္စာ နေဖွယ်မကြွင်း ဤအလှူခပ်သိမ်းသောကား စင်သောတိတည်း။ နောင်အချင်းများအံ့သောဥစ္စာကား ကျောက်စာ ထုခတိတည်း။**]

၁၂၇၁၂။

၁၉ “ဖျက်ဆီ(သော။) လုယက်
၂၀ စသောသူကာ။ လူတွင်လျှင်လေ အနာမျာသော
၂၁ ဆိုဝ်ငြယ်ကြီသော အသက်တိုဝ်သကစသော အန္တရာ
၂၂ ယ်ရောက်စိယ်သတေ။ သိယ်သောလေ။ **သရိယ်ပစ္စ**
၂၃ **ရာ**က။ ညောင်ဥိတိုင်ဩင်ဟိသော မ္ဗိပုံအလုံအတိုင်။
၂၄ **အကံဘာဘာ**လျှင် ပုရှာဍ္ဍစ်သော ဒေဝဒတ်ခံခြင်ထက်
၂၅ အဆတစ်ရှာ အဆ(င်)* တစ်ထောင် အဆတစ်သောင်။
၂၆ ကိုဝ်မစောင်မပ္ပန်ရမှုရှယ္တ် အဝစိယ်ငြယ်လျှင် ကျ
၂၇ က်စိယ်သတေ။”

[ဖျက်ဆီးသော၊ **လုယက်စား**သောသူကား လူတွင်လျှင်လည်း **အနာများ**သော၊ **ဆင်းရဲကြီး**သော၊ **အသက်တို**သောကစသော **အန္တရာယ်**ရောက်စေသတည်း။ သေသောလည်း **သီရိပစ္စရာက ညောင်ဦးတိုင်အောင်ရှိသော မြေပုံ အလုံးအတိုင်း**၊ အကမ္ဘာဘာလျှင် **ဘုရားပြစ်**သော ဒေဝဒတ်ခံခြင်းထက် အဆတစ်ရာ အဆတစ်ထောင် အဆတစ်သောင်း **ကိုယ်မစောင်းမပြန်**ရမှု၍ အဝီစိငရဲလျှင် ကျက်စေသတည်း။]

၁၂၇၁၃။

၂၇ “ဤယ်အနှစ်မောင်နှံလှုသောအလှုကာ
၂၈ စင်သော ချတ်သော မွှတ်သောဥတ္တာ နှင်နှင်တေ။”

[ဤအနှစ်မောင်နှံလှုသောအလှုကား **စင်သော၊ ချစ်သော၊ မြတ်သောဥစ္စာ နှင်နှင်တည်း။**]

---

* (င်)ပိုသွားဟန်တူသည်။

၁၂၇၂။ **မဟာသေနာပတိအနန္တသူရမောင်နှံ [သက္ကရာဇ် ၅၈၉] မင်းအနန္တသူ (လေးမျက်နှာဘုရား)ကျောက်စာ (မြောက်ဘက်) (ပုံ ၈၂ ခ)**

၁၂၇၂၁။

၁ “။ ။ ဤယ်ဇလှုသောကောင်မှုကိုဝ်အာ **မိုဝ်နှောင်**
၂ **သံခင်** ဖုန်တန်ခိုဝ် သ(ဒ္ဓါ)အန်အာနှင် ပ္လည်စုံသော
၃ သုတာဝ်သူမ္ဗတ်တိုဝ် အရိယ်အရံ ယူရစ်ပိယ်သောသူ
၄ တိုဝ်ကာ ဤယ်လူတွင်လေ အနာမဟိသော္ဖစ်ရ
၅ ယ် အသက်ရှည်စွာ နိယ်ရစိယ်အေ်။ **နှစ်လုံ**ဆိုဝ်
၆ ငြယ် ကိုဝ်ဆိုဝ်ငြယ် ခပ်သိမ်ပျောက်ရယ်”

[ဤငါလှုသောကောင်းမှုကိုအား **မိုးနှောင်းသံထင် ဘုန်းတန်ခိုး သဒ္ဓါအန်အားနှင့်ပြည့်စုံသော သူတော်သူမြတ်**တို့ အရေးအရံ ယူရစ်ပေသောသူတို့ကား ဤလူတွင်လည်း အနာမရှိသောဖြစ်၍ အသက်ရှည်စွာ နေရစေ၏။ **နှလုံးဆင်းရဲ ကိုယ်ဆင်းရဲ** ခပ်သိမ်းပျောက်၍။]

၁၂၇၂၂။

၉ …“အတ
၁၀ (ည်မယ်)သောတရျာ ဖ္လစ်ခသရှဝ်လေ သင်သရာ
၁၁ ကျင်လည်ရာရာကာ ဆိုဝ်ငြယ်မှန်မသိမူရယ်
၁၂ (လု)စည်စိ် နတ်စည်စိ် ခံစပြီရယ် အဆုံကာ လုဝ်
၁၃ ..ကိုဝ် ရလတ်ရယ် နိရဗန်ချံသာအာ ရောက်
၁၄ (စိယ်ကုန်)သတေ။ ။ ၀ ။ ။”

[**အတည်မဲ့သောတရား** ဖြစ်ခသရောလည်း သံသရာကျင်လည်ရာရာကား **ဆင်းရဲမှန်းမသိမူ၍** လူစည်းစိမ်၊ နတ်စည်းစိမ်ခံစားပြီး၍ အဆုံးကား လို.. ကို ရလတ်၍ နေရပန်ချမ်းသာအား ရောက်စေကုန်သတည်း။]

## ၁၊၂၊၇၃။ **ကံကုန်စာချီသမီး [သက္ကရာဇ် ၅၉၁] သက်စိုးတောင်ဘုရားကျောက်စာ (မျက်နှာဘက်)**

၁၊၂၊၇၃၊၁။

၂ "ကံကုန်စခီသမီ ရိယ်စင်တဝ်သွန်သောသူတိုဝ် အမှူ
၃ တဝ်စာအံ(ံ)ဟူရုယ် မင်လုလင်နာတဝ်ကြာရကာ အစိတ်
အစိယ် မိယ်တဝ်မူ
၄ ရုယ်၊ ထိလိုင်မင်လက်ထက်လေ လွတ်ဧအ်၊ သက်တ်ါရှည်
လက်ထက်လေ လွတ်၏
၅ ၊ဤမ်တဝ်(နရသု)လက်ထက်လေ လွတ်၏၊ (နရသိ)ခ်
လက်ထက်လေ လွတ်၏တပြိကာ
၆ ၊ငဘိုန်မယောင်လက်ထက် ဂါလက်ထက်ကာ **အဖယ်**
ကြောင် ပ္လွန်စိယ်တုံအံသနေ့၊
၇ လွတ်သလေ ရှည်စွာ၏၊ လွတ်လျက်လျှင်လေ ဟိယ်စိယ်
ဩက်မုရုယ် လွှ
၈ တ်(ၚ)တ်ါမုသကာ နံ့ကာလဆန် ဖ္ဈက် အကာ်နိယ်တော၊"

[**ကံကုန်စာချီ**သမီး ရေစင်တော်သွန်းသောသူတို့ အမှုတော် စာအံ့ဟူ၍ **မင်းလုလင်** နားတော်ကြားရကား **အစိတ် အစေး မေးတော်မူ၍ ထီးလိုင်မင်းလက်ထက်လည်း လွတ်၏၊ သက်တော်ရှည်လက်ထက်လည်း လွတ်၏၊ အိမ်တော်နရသူလက်ထက်လည်းလွတ်၏၊ နရသိင်္ခ လက်ထက်လည်း လွတ်၏တပြီးကား** ငဘုန်းမယောင် လက်ထက် ငါ့လက်ထက်ကား အဘယ်ကြောင့် ပြန်စေတုံအံ့သနည်း။ လွတ်သောလည်း ရှည်စွာ၏၊ လွတ်လျက် လျှင်လည်းရှိစေ **အောက်မိ**၍ လွတ်တော်မူသည်ကား **နံ့ကာ**လဆန်း ၉ရက်၊ အင်္ဂါနေ့တည်း။]

၁၊၂၊၇၃၊၂။

၁၂ "၊ ဤယ်မျှသော သတ္တာတကာတိုဝ်ကိုဝ်၊ ။
**မိတ္တာ**မုရုယ် အာထုတ်သကာ"

[ဤမျှသော သတ္တဝါတကာတို့ကို **မေတ္တာမူ၍ အားထုတ် သကား**။]

**၁၂၇၄။ မင်းဘွားအို့ရောက်လွယ်သင် [သက္ကရာဇ် ၅၉၂] မင်္ဂလထေရ်ဘုရားကျောက်စာ**

၁၂၇၄၊၁။

၁ “။ ။ သောတ္တိ သကရစ် ၅၉၂ ခု **ပိသျက်**နှစ် သန္တျုလ္သ

၂ န် ၁၂ရျက် ၄နိယ် မင်ဖွာအို္ဖ်ရောက်လွယ်သင် သို္ခင်

၃ **မင်ကလထေ** ပုရှာကိုဝ် ဥယန် ၁၀ပယ် ကျွန် ၅၀ ကိ

၄ ပ်လှျုဧ။ ။**တုရင်သက်စိုဝ်**နို္ကက်လေ သီကူ စင်ကြံ

၅ ရှည် င်္လယ်သုံပါသောကိုဝ်လေ ဥယန် ၁၀ပယ် ကျွန် ၅၀

၆ ကိပ်လှျု၏။ ။”

[**သောတ္ထိ**။ သက္ကရာဇ် ၅၉၂ခု **ဝိသာခါ**နှစ်၊ သန်တူလဆန်း ၁၂ရက်၊ ၄နေ့ မင်းဘွားအို့ရောက်လွယ်သင် သခင်မင်္ဂလထေရ် ဘုရားကို ဥယျာဉ် ၁၀ပယ်၊ ကျွန် **၅၀ကျိပ်** လှူ၏။ တုရင်သက်စိုး၌လည်း **သိမ်၊ ဂူ၊ စကြံရှည်** ဤသုံးပါးသောကိုလည်း ဥယျာဉ် ၁၀ပယ်၊ ကျွန် ၅၀ကျိပ် လှူ၏။]

၁၂၇၄၊၂။

၈ “လါလတ်အံသော မ္ဗိယ်ပုံလုံမျှ**ကြံ**မက

၉ သောပုရှာ ပုရှာ၏**တပေသာ**တိုဝ်နို္ကက်လျှင်လေ

၁၀ မဖူရ မမြင်ရစိယ်သတေ။ ။”

[**လာလတ်အံ့သော** မြေပုံလုံးမျှ**ကျုံး**မကသောဘုရား၊ **ဘုရား၏တပည့်သားတို့၌လျှင်လည်း မဖူးရ မမြင် ရစေသတည်း**။]

၁၂၊၇၄၊၃။

၁၀ …"အကြင်သုတဝ်သာ ရ
၁၁ ဟန်**ပုံဏာ** ယောက်ယာမိယ်မ ခီပင်ရအံ ထိုဝ်သုတဝ်
၁၂ သာတိုဝ်လေ ဇာနှင်ထပ်တူ အလှျုအက္လိုဝ်ကိုဝ် ရစိယ်ကု
၁၃ န်သတေ။ ။ လုနတ္တ်ကာ **သတဝာ**အလုံ ကြ္လအက္လိုဝ် ကိုဝ် ရ
၁၄ ပါစိယ်ဧ။"

[**အကြင်သူတော်သား ရဟန်းပုဏ္ဏား**၊ ယောက်ျားမိန်းမ ချီးပင့်ရအံ့၊ ထိုသူတော်သားတို့လည်း ငါနှင့်ထပ်တူ အလှူအကျိုးကို ရစေကုန်သတည်း။ လူနတ်တကာ သတ္တဝါအလုံး ဤအကျိုးကို ရပါစေ၏။]

## ၁၂၊၇၅။ **စောမင်းလတ် [သက္ကရာဇ် ၅၉၃]**
## **စောမင်းလတ်ဘုရားကျောက်စာ (မျက်နှာဘက်)**

၁၂၊၇၅၊၁။

၁ "။ နမော ဗုဒ္ဓါယ။ သကရစ် ၅၉၃ခု။
၂ **စိတ်သ**နှစ် တ်ာ်သ္လင်လ္ဆန် ၁၁ **ဖြကြာ**နေအာ ဖုရာ တြျာ သဃ်ာ
၃ ရတ္တနာသုံပါန္ဟိုက် ရိုဝ်သိယ်မ္လတ်နိုဝ်စွာထသော **စ်**မင်လတ် သည် သာသနာ
၄ န္ဟိုက် ကောင်တေ ယုံကြည်စွာရယ် သတ္တာကြည်ညိုဝ်စွာ သလ္ဖွင် ဆင်ရဲခပ်သိမ် ငြိမ်ရာလ္ဖစ်သော နေ
၅ ရပန်ချံသာကိုဝ် လိုဝ်လ္ချင်သောကြောင် **ရှ္ဝေ ငှဲ**စသော ဉစ္စာရတ္တနာမျာစွာစွန်ရုယ်"

[နမော ဗုဒ္ဓါယ။ သက္ကရာဇ် ၅၉၃ခု ဇေဋ္ဌနှစ်၊ တော်သလင်းလဆန်း ၁၁၊ **ဖြ ကြာ**နေ့အား ဘုရား တရား သံဃာ ရတနာသုံးပါး၌ ရိုသေမြတ်နိုးစွာထသော စောမင်းလတ်သည် သာသနာ၌ **ကောင်းတော**ယုံကြည်စွာ၍ သဒ္ဓါ

ကြည်ညိုစွာသဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နေရပန်ချမ်းသာကို လိုချင်သောကြောင့် ရွှေ၊ ငွေ စသော ဥစ္စာရတနာများစွာ**စွန့်**၍။]

၁၂၊၇၅၊၂။

၁၈ "တေဝတတ်ခံသောထက် အဆအရှာ အဆအထောင် အဆ္ဆသောင် အဆအသိန် **တပ္လေါင်ပ္လန် ၂၂**
၁၉ ခံစေသတေ"

[ဒေဝဒတ်ခံသောထက် အဆအရာ၊ အဆအထောင်၊ အဆအသောင်း၊ အဆအသိန်း **တပြောင်းပြန်ပြန် တပြောင်းပြန်ပြန်** ခံစေသတည်း။]

၁၂၊၇၅၊၃။

၁၉ ..."အ
၂၀ ထုလေ အရှက် ဖဝသွာ အလှျာအနံ အရှက် **ဖဝ ဆဲ** သွာသောက္လောက်ဖျာကြီတွင် ခာရ
၂၁ ယ်နှစ်လျက်လျက် ရေလေမရ အစာလေမရ လှျာဇာလံ ထွက်လျက် ခံစေသတေ"

[**အထု**လည်း **အရက်** ဖဝသွား၊ **အလျားအနံ** အရက် **ဖဝဆယ်**သွားသော**ကျောက်ဖျာ**ကြီးတွင် **ခါးရှေ့နှစ်** လျက်လျက်၊ ရေလည်းမရ အစာလည်းမရ **လျှာငါးလံ ထွက်**လျက် ခံစေသတည်း။]

၁၂၊၇၅၊၄။

၂၂ "ဤတ္လပ္လုသောကောင်မှုကိုဝ် ခီပင်ပါသော ရေမ္လေစိုဝ်သော မင်**လေကောင်**
၂၃ ကြီ ၂စွာသော အမတ်**လေဆ္လောင်** သူဆင်ရဲလေဆ္လောင် လူ့ဖ္လစ်သောကာ လု
၂၄ မ္လတ် နတ်ဖ္လစ်သောလေ နတ်မ္လတ် ဖ္လစ်စေသတေ"

[ဤငါပြုသောကောင်းမှုကို ချီးပင့်ပါသော **ရေမြေစိုး** သော မင်းလည်းကောင်း၊ **ကြီးကြီးစွာ**သော အမတ်

လည်းကောင်း၊ **သူဆင်းရဲ**လည်းကောင်း လူဖြစ်သော
ကား **လူမြတ်**၊ နတ်ဖြစ်သောလည်း **နတ်မြတ်** ဖြစ်စေ
သတည်း။]

၁၂၊၇၅၊၅။

၂၄ “**စတုမဟာရစ် တာဝတိန်သာ**
၂၅ ယာမာ တုသိတာ **နိမာနရတိ ပရနိမ္မိတဝသ္သဝတိ**
ဤနတ်၏အသက်အတိုင် နေခရုယ်
၂၆ လု**၏ညို့မ်** နတ်၏ညို့မ် ခံစပြီသော အဆုံစွန်ကာ
အသိမြတ်သော သုတ်တိုဝ်
၂၇ တောင်တစ္စာသော အလ္ဖစ်အိုဝ်မင် သေခြင်ကွာသော **ရုံနံ**
ချုပ်ရာ သာယာစွာသော
၂၈ နိဗ္ဗန်ချံသာအာ ရောက်စေလ္ဘျင်တေ၊ ၊”

[**စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ** ဤနတ်၏ အသက်
အတိုင်းနေခ၍ လူ၏စည်းစိမ်၊ နတ်၏စည်းစိမ် ခံစား
ပြီးသော အဆုံးစွန်ကား အသိမြတ်သော သူတော်တို့
တောင့်တစွာသော၊ အဖြစ် အိုမင်းသေခြင်း ကွာသော၊
**ရုပ်နာမ်ချုပ်ရာ သာယာစွာသော** နိဗ္ဗာန်ချမ်းသာအား
ရောက်စေလျှင်တည်း။]

## ၁၂၊၇၆။ **အမတ်အစလပိစည်နှင့်အများ [သက္ကရာဇ် ၅၉၃] သိမ်တော်ဘုရားကျောက်စာ (မျက်နှာဘက်)**

၂၅ ...“ဤယ်**သီ**ပုရှာ
၂၆ ကိုဝ်လှုသော လယ် ကျွန် နွာကာ သော င
၂၇ မိယ် မရစိယ်သောတေ ဤယ်သူငမိန်လျှက်
၂၈ ဖျက်စီမုကာ လူအလ္ဖစ်ဟူသောကာ န

၂၉ စ်ဖန် မလွစ်ရစိယ်သော**တော်**။”

[ဤသိမ်ဘုရားကိုလှူသော လယ် ကျွန် နွားကား ငါ့သား ငါ့မြေး မရစေသတည်း။ ဤသူငါမိန့်လျက် ဖျက်ဆီးမူကား **လူအဖြစ်ဟူသောကား နှစ်ဖန် မဖြစ်ရစေ သတည်း**။]

၁၂၇၇။ **အမတ်အစလပိစည်နှင့်အများ [သက္ကရာဇ် ၅၉၄] သိမ်တော်ဘုရားကျောက်စာ (ကျောဘက်)**

၁၀ “ဤယ်ကျွန်ကာ ငမိငဖမှလါသော ကျွန်
၁၁ လေမဟုတ် လေင်မိဖမှလါသောလေ
၁၂ မဟုတ် ဤယ်သိ ပုရှာကျွ(ကာ)တိုဝ်ကာ
၁၃ **ရှောက်မှုရှောမှု** အပ္လုစိယ် (။)”

[ဤကျွန်ကား ငါ့မိငါ့ဖမှလာသော ကျွန်လည်းမဟုတ်၊ ငါ့လင်မိဘမှလာသောလည်းမဟုတ်၊ ဤသိမ် ဘုရားကျွန်တို့ကား **ရှောက်မှုရှာမှု** အပြုစေ။]

၁၂၇၈။ **စည်သူမင်းကြီးနှင့်မိဖုရားစောအလွမ်း [သက္ကရာဇ် ၅၉၄] စည်သူမင်းကြီးနှင့်မိဖုရားစောအလွမ်းကျောက်စာ**

၁၉ ...“ဤငကောင်မှုကိုဝ်
၂၀ ဝ် ခိပင်ပါသသူကာ၊ **စူလရဓ**နတ်သာ၊ **မဟာရဓ** နတ်သာ၊ အနေကဝဏ္ဏနတ်သာ၊ သိကြာ
၂၁ မင်၊ ဝိသာခါ၊ အနာထပိဏ်သတ္တေ၊ ဘုမ္မစိုဝ်နတ်မင်၊ ဤသူ ၇ ယောက်သည် လူ
၂၂ ချင်မတူ နတ်ပြည်ဇထပ်နှိုက် ခံစံပြီ၍ အကနိဋ္ဌဗြဟ္မာရှာနှိုက် **ပရိနိပန်** ဝ
၂၃ င်လေကုန်၏။”

[ဤငါ့ကောင်းမှုကို ချီးပင့်ပါသသူကား **စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ သိကြားမင်း၊ ဝိသာခါ၊ အနာထပိဏ်သေဌေး၊ ဘုမ္မစိုးနတ်မင်း ဤသူ ၇ယောက်သည် လူချင်းမတူ နတ်ပြည်ဖိထပ်၌ ခံစံပြီး၍ အကနိဋ္ဌဗြဟ္မာရွာ၌ ပရိနိဗ္ဗာန်ဝင်လေကုန်၏။**]

၁၂၇၉။ **သင်ကြီးငဖုန်းသင် [သက္ကရာဇ် ၅၉၄]**
**သင်ကြီးငဖုန်းသင်ကျောက်စာ**

၁၄ "ဤလူထက် လုပ်ကြံစာဟူသာမျှကာ ဆိုဝ်ငြယ်ယူ
၁၅ တ်မာစိယ်သောတေ။ ။"

[**ဤလူထက် လုပ်ကြံစာ**ဟူသမျှကား ဆင်းရဲယုတ်မာစေသတည်း။]

၁၂၈၀။ **မင်းကြီးအသခ်ယာ [သက္ကရာဇ် ၅၉၄]**
**မင်းကြီးအသခ်ယာကျောက်စာ (မျက်နှာဘက်)**

၁၇ **"ကျွန္တိတံ ပဋ္ဌိတံ မယျံ ခိပ္ပ**
၁၈ **မေဝ သမ္ဇိဇ္ဇတု၊ သပ္ပေ ပူရေန္တု သံ**
၁၉ **ကပ္ပော စန္တော ပန္နရသော ယထာ၊"**

[**ကျွန္တိတံ ပတ္ထိတံ မယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊ သဗ္ဗေပူရေန္တု သင်္ကပ္ပာ၊ စန္ဒော ပန္နရသော ယထာ။**]

၁၂၈၁။ **မင်းကြီးအသခ်ယာ [သက္ကရာဇ် ၅၉၄]**
**မင်းကြီးအသခ်ယာကျောက်စာ (ကျောဘက်)**

၁၁ "ဤသို ဘုရာသာ(သနာ)
၁၂ ၅၀၀၀ ပ္လွယ် တည်အောင်လှူသော(င)
၁၃ ကောင်ကျိုဝ်ကို(ဝ်)။ **ရှိမ္မီအယျှင်**မ(င်)

၁၄ တိုသည် ငကောင်မှုပင် ဖြွစ်ရျာသည်
၁၅ တကာ၊ ဟူ၍ ချိုပင်ပါစေသတေ။"

[ဤသို့ **ဘုရားသာသနာ ၅၀၀၀ပြည့် တည်အောင်** လှူသော ငါ့ကောင်းကျိုးကို **ရေမြေအရှင်မင်း**တို့သည် "**ငါ့ကောင်းမှုပင်ဖြစ်ရာသည်တကား**"ဟူ၍ ချီးပင့်ပါစေသတည်း။]

### ၁၂၈၂။ **မဟာသေနာပတိအနန္တသူရမောင်နှံ [သက္ကရာဇ် ၅၉၄] မင်းအနန္တသူ (လေးမျက်နှာဘုရား)ကျောက်စာ (တောင်ဘက်) (ပုံ ၇၈ ခ)**

၁၂၈၂၁။

၃ "ဤယ်စာကိုဝ် အခြိယ်အလက်
၄ (ပ္လုပြျင်)စဟုမူကာ (ဟုရုယ္သ်)* ငဖုန်မှုမူသော အက္လိုဝ်
မရစိ
၅ ယ် (ဟု မိ္သန်) အေ်။"

**["ဤစာကို အခြေအလက်ပြုပြင်စဟုမူကား ငါဖုန်းမှုမူသော အကျိုးမရစေ"ဟုမိန့်၏။]**

၁၂၈၂၂။

၆ "အတိုဝ္သ် စာခြိယ်စာလက် မပ္လုမ**ပြျင်**စ
၇ ဖူဟုရုယ္သ်။ ဓတ်အဘိဓမ္မာခီပိယ်အေ်။"

**["အတို့ စာခြေစာလက် မပြုမပြင်စဖူး" ဟူ၍ဓာတ် အဘိဓမ္မာချီပေ၏။]**

### ၁၂၈၃။ **ရာဇမဟာမင်္ဂလပတေ့ [သက္ကရာဇ် ၅၉၅] ရာဇမဟာမင်္ဂလပတေ့ကျောက်စာ (မျက်နှာဘက်)**

၂၁ … "ပုကံ

* (ဟုရုယ္သ်)ပိုသွားဟန်တူသည်။

၂၂ (ကျွ)န်ကာ ကုလါ၅ကိပ် စည်သည် ခရာသည် ပန်တျာ ပန်ပု **ပန်ခိ ပန်ဖယ် ပုရန်** ဤ်ဇမူသောင

၂၃ (ကာ)င်မူအကွ်ိုဝ်ကာ ရိယ်မွိယ်စိုဝ်သော အသျင်မင်ကြီ အမိပုရှာ **စိုဝ်သာမသာ်** ရှိယ်တဝ်

၂၄ (နိ)ယ်သော သံပျင်ကလန်ခပင် ရစပါစိယ်သတေ သကြာမင် အစမုသော နတ်မျာခပ

၂၅ (င်)လေ ရစိယ်သတေ ဩာက်အဝစိယ်စသော ငြယ်သူ ခပင်လေ ရစိယ်သတေ ငမိ င

၂၆ (ဖ) ငဆွယ်ခပင် ရစိယ်သတေ"

[ပုဂံကျွန်ကား ကုလား ၅ကျိပ်၊ စည်သည်၊ ခရာသည်၊ ပန်တျာ၊ ပန်းပု၊ ပန်းချီ၊ ပန်းပဲ၊ ပန်းရန် ဤငါမူသော ကောင်းမှုအကျိုးကား ရေမြေစိုးသော အရှင်မင်းကြီး၊ အမိဖုရား၊ **စိုးသားမင်းသား**၊ ရှေ့တော်နေသော **သံပျင် ကလန်ခပင်း** ရစပါစေသတည်း။ သိကြားမင်း အစ မူသော **နတ်များခပင်း**လည်း ရစေသတည်း။ အောက် အဝီစိစသော **ငရဲသူခပင်း**လည်း ရစေသတည်း။ **ငါ့မိ ငါ့ဖ ငါ့ဆွေခပင်း** ရစေသတည်း။]

## ၁၊၂၊၈၄။ **အိုပြည့်စုံသင် [သက္ကရာဇ် ၅၉၅]**
## **အိုပြည့်စုံသင်ကျောက်စာ(ကျောဘက်)**

၁၊၂၊၈၄၊၁။

၇ "အမိလာသော ကျွာန်လေမဟုတ် အဖလာသော ကျွာန်လေမ

၈ ဟုတ် ငလင် ငကောင်သင်နှင် ငတီသိမုရှယ် ရသော ကျွာန်တေ ထိုဝ်ကြောင်ရာ

၉ ကာ ဇလွတ်ခသောတေ။ ဝ။"

[အမိလာသော ကျွန်လည်းမဟုတ်၊ အဖလာသော ကျွန် လည်းမဟုတ်၊ ငါ့လင် ငကောင်သင်နှင့်ငါတိ(?) **သီး**

**မူ၍** ရသောကျွန်တည်း။ **ထို့ကြောင့်ရကား** ငါ**လွတ်**ခ
သတည်း။]

၁၂၂၈၄၊၂။

၉ အိုန့်ပ္စည်စုံသင် အိုန်ဖုန်လွတ် သာမီခပင်သိမ်
၁၀ ကိုဝ် ငွမ္ဘိယ်ရကာ လွတ်လေ(လွ)* သောတေ စောင်မ
ကျွာန် ပိယ်လိုက်သော
၁၁ အိုန်လျောက် ၁ အိုဖုန်လွတ် ၁ ၅၀ ခုတ်သော တလာ
၁ဆူ ရှုယ် ၇ကျွပ်ခုတ်
၁၂ သော ရှုယ်ခတ်ကြိုဝ် ၁ဆူ ရှုယ်လက်စွပ် ၁<< ခုတ်သော
၂ခြည် လင်ပန် ၁ **သန်**
၁၃ **တိယ်** ၂ ခွပ် **စာလောင်** ၁ ကွမ်ခပင် ကွမ်ရာခပင်
ဤယ်မျှဥတ်စာကာ
၁၄ ခပင်သိမ်ကိုဝ် စောင်မချင်လိုက်သောဟုတ်တာ။ ဝ။"

[အိုပြည့်စုံသင်၊ အိုဖုန်းလွတ်သမီး ခပင်းသိမ်းကို ငါမြွေ
ရကား လွတ်လေသတည်း။ စောင်မကျွန်ပေးလိုက်သော
အိုလျောက် ၁၊ အိုဖုန်းလွတ် ၁၊ ၅၀ ခုတ်သော
တလား ၁ဆူ၊ ရွှေ ၇ကျပ်ခုတ်သော ရွှေခတ်ကြိုး ၁
ဆူ၊ ရွှေလက်စွပ် ၁***f*** ခုတ်သော ၂ခြည်၊ လင်ပန်း ၁၊
သင်္ကေး ၂ချပ်၊ စလောင်း ၁၊ အိမ်ခပင်း၊ အိမ်ရာခပင်း၊
ဤမျှဥစ္စာကား ခပင်းသိမ်းကို စောင်မချင်လိုက်သော
ဟုတ်တာ။]

၁၂၂၈၅။ **မဟာသေနာပတိအနန္တသူရမောင်နှံ [သက္ကရာဇ် ၅၉၅] မင်းအနန္တသူ (လေးမျက်နှာဘုရား)ကျောက်စာ (အနောက်ဘက်) (ပုံ ၇၉ ခ)**

၂၆ ..."ဤမျှသော

---

* (လွ) ပိုသွားဟန်တူသည်။

၂၇ သူတိုဝ်မှောက် တံကြသတေ အတံတရျာဆင်သော သင်ဖ္ဓ
တိုဝ် ဗိုလ်တရျာကိုဝ်

၂၈ မိယ်အေဝ်"

[ဤမျှသော သူတို့မှောက် **တံ**ကြသတည်း။ **အတံတရား**
**ဆင်**သော **သင်ဖမ**တို့ **ဗိုလ်တရား**ကို မေး၏။]

## ၁၂၈၆။ **ကစ္စမိုလ်လင်မယား [သက္ကရာဇ် ၅၉၇]**
## **ကစ္စမိုလ်လင်မယားကျောက်စာ**

၉ ..."ဤအနှစ်လင်
၁၀ မိယာလှျုသောအလှျုကာ အနှစ်တောင်သောဆု မသိယ်
သောကြာ နိယ်ရပန်ပစ္စ
၁၁ ည် အထောက်အပင် ဖ္လစ်လိုဝ်သတေ။"

[ဤ**အနှစ်လင်မယား**လှူသောအလှူကား အနှစ်တောင်း
သောဆု မသေသောကြား နေရပန်ပစ္စည်း အထောက်
အပင့် ဖြစ်လိုသတည်း။]

## ၁၂၈၇။ **သူကြွယ်ငစွယ်သင်မောင်နှံ [သက္ကရာဇ် ၅၉၇]**
## **သူကြွယ်ငစွယ်သင်မောင်နှံကျောက်စာ**

၁၂၈၇၊၁။

၁ "(။) ။ **ရတ္တနတိယံ နမာမိ**။ ။"
[**ရတနတ္တယံ နမာမိ။**]

၁၂၈၇၊၂။

၂ "သူကြွယ်ငစွယ်သင်မောင်နှံညီရယ် **ဧ**
၃ ဂ္လာင်ကြီ ကူဖုရှာလိယ်မျက်နှာ ညောင်တဝ် သိမ် **စဆွမ်**
**စသတိုဝ်**ကိုဝ်ပ္လုရယ် ရတ္တ
၄ နာသုံပါသောအာ ပစ္စည်လိယ်ပါ အထောက်အပင်
ဖ္လစ်စိမ်သောငှာ၊"

[သူကြွယ်ငစွယ်သင်**မောင်နှံ**ညီ၍ **ကျောင်းကြီး၊ ဂူဘုရား လေးမျက်နှာ၊ ဉောင်တော်၊ သိမ်၊ စဆွံ** စသည် တို့ကိုပြု၍ ရတနာသုံးပါးသောအား ပစ္စည်းလေးပါး အထောက်အပင့် ဖြစ်စိမ့်သောငှာ။]

၁၂၈၈။ **ရတနာကုံထန် [သက္ကရာဇ် ၅၉၇]**
**ရတနာကုံထန်ကျောက်စာ (အနောက်မျက်နှာ)**

၁၂၈၈၁။

၁ "မြန်မါပြည်"

[**မြန်မာပြည်**]

၁၂၈၈၂။

၂ ..."ဤမှျဇကော

၃ င်မှုမှုသကာ...

၆ အမိမ္ယုဝ် ၇ဆက် အဖ္လမ္ယုဝ် ၇ဆက် ရစိယ်သ

၇ တေ။ မိ၂ **ခပ္လန်**မ္ယိုဝ် ၇ဆက် ရစိယ်သတေ"

[ဤမျှငါကောင်းမှုမှုသကား... **အမိမျိုး ၇ဆက်၊ အဖ မျိုး ၇ဆက်** ရစေသတည်း။ **မိမိခင်ပွန်းမျိုး ၇ဆက်** ရစေသတည်း။]

၁၂၈၉။ **မင်းသားထောက်လှော်ကား [သက္ကရာဇ် ၅၉၇]**
**မင်းသားထောက်လှော်ကားကျောက်စာ**

၁၇ "ဤဇလျှသောကောင်မှုကိုဝ် မိုဝ်နှောင်သံထင် ဖုန်တန်ခိုဝ် .. သဒ္ဒါအန်အာနှင့်**ပ္လည့်**သော သု**တ်ဝ်**

၁၈ သူမ္လတ်တိုဝ်။ အရိယ်အရံယူရစ်ပိယ်သောသူတိုဝ်ကာ။ ဤလူတွင်လေ **အန်တရယ်**မဟိသော္လဖ္စ်ရယ်။ အ

၁၉ သက်ရှည်စွာ နိယ်ရစိယ်၏။ ဝ။ **နလုံ**ဆင်ငြယ် ကိုဝ် ဆင်ငြယ်ခပ်သိမ်ပျောက်ရယ်။ ခပ်သိမ်သော

၂၀ ချံသာနှင် ပွည့်သော ဖွစ်စိယ်၏ ကိုဝ်**အန္တရယ်**ကစသော **သတ္တ်ရ**ခပ်သိမ်သောပျောက်ရယ်

၂၁ နှလုံချံသာသောဖွစ်စိယ်၏။ အတေည်မယ်သောတြာ ဖွစ်ခယ်သရှဝ်လေ။ သသ်ရာကျင်လေ

၂၂ ည်ရရာကာ။ ဆင်ငြယ်မှန်မသိမူရယ် လူ**စည့်မ်** နတ်စည့်မ် ခံစပြီ၍။ အဆုံကာ လိုဝ်သော

၂၃ ဆူကိုဝ်လေ ရလတ်၍၏။ နိယ်ရပန်ချံသာအာ ရောက် စိယ်ကုန်သတေ။"

[ဤငါလှူသောကောင်းမှုကို မိုးနှောင်းသံထင် ဘုန်းတန်ခိုး.. **သဒ္ဓါအန်အား**နှင့်ပြည့်စုံသော သူတော်သူမြတ်တို့ အရေးအရံယူရစ်ပေသောသူတို့ကား ဤလူတွင်လည်း အန္တရာယ်မရှိသောဖြစ်၍ အသက်ရှည်စွာ နေရစေ၏။ **နှလုံးဆင်းရဲ ကိုယ်ဆင်းရဲ**ခပ်သိမ်းပျောက်၍ ခပ်သိမ်းသောချမ်းသာနှင့် ပြည့်စုံသောဖြစ်စေ၏။ ကိုယ်အန္တရာယ်ကစသော **သတ္တရ**ခပ်သိမ်းသောပျောက်၍ **နှလုံးချမ်းသာ**သောဖြစ်စေ၏။ အတည်မဲ့သောတရား ဖြစ်ခဲ့သရောလည်း သံသရာကျင်လည်ရာရာကား ဆင်းရဲမှန်းမသိမူ၍ လူစည်းစိမ် နတ်စည်းစိမ် ခံစားပြီး၍ အဆုံးကား လိုသောဆုကိုလည်း ရလတ်၍၏ နေရပန်ချမ်းသာအား ရောက်စေကုန်သတည်း။]

## ၁၂၉၀။ **သံပျင်ဇေယျသွတ် [သက္ကရာဇ် ၅၉၇] ဇေယျသွတ်ဘုရားကျောက်စာ (မျက်နှာဘက်)**

၁၂၉၀၁။

၁ "။ ၀ ။ သကရစ် ၅၇၃ခု အာသိန်နှစ်။ **တာ်သွင်**လွှန် ၁၀ရျက် ကြသပတိယ်နိယ်အာ။ **ဥစိနာ**မင် ရှယ်တောင်တက်၏။"

**[သက္ကရာဇ် ၅၇၃ ခု အဿယုဇနှစ်၊ တော်သလင်း လဆန်း ၁၀ရက်၊ ကြာသပတေးနေ့အား ဥစ္စနာမင်း ရွှေတောင်တက်၏။]**

၁၂၊၉၀၊၂။

၈ “ဧယျာသွတ်ကာ အသက်လေကြီအော်။ အတိုဝ္ဓိထံလေ
သုငယ်နှင်္ကထပ်တူ နိယ်**ညန်**ဆိုင်ငြယ်ဇအော်။ မွှောင်မွိယ်
လေမြယ်ဇ
၉ အ်။”

[ဧယျာသွတ်ကား အသက်လည်းကြီး၏။ အတို့ထံလည်း **သူငယ်နှင့်ထပ်တူ နေ့ညဥ့်ဆင်းရဲ၏။ မြောင်းမြေ လည်း မြိ၏။]**

၁၂၊၉၀၊၃။

၁၂ “ဤယ်ဇာ**ဖုန်တာ်**ရသော လယ် ၇၅၀သောကိုဝ်ကာ။
ဇာသ္ခိင်မင်ကြီလေ နိဗ္ဗန်ရစိယ်လ္ချင်ဇအော်
၁၃ ။ ဇာလေ နိဗ္ဗန်အာ မချ္လတ်မလ္ဝယ်လျှင် ရောက်လျှင်ရကာ။
ဤယ်ဇာပ္လုသော တာဝ်ကျ္လောင် ပုရှာ တြျာ သဃ်ာ
ရတနာသုံပါသောအာ အ
၁၄ ကုန်ဇာလှျုဇအော်။ ။ဤယ်ဇာလှျုသောလဲကာ။ သာသနာ
၅၀၀၀လျှင် တည်ရစ်စိယ်သတော။ ။”

[ဤငါဘုန်းတော်ရသော လယ် ၇၅၀ သောကိုကား ငါ့သခင်မင်းကြီးလည်း နိဗ္ဗာန်ရစေချင်၏။ ငါလည်း နိဗ္ဗာန်အား **မချွတ်မလွဲ**လျှင် ရောက်ချင်ရကား ဤ ငါပြုသော တောကျောင်း၊ ဘုရား တရား သံဃာ ရတနာ သုံးပါးသောအား **အကုန်**ငါလှူ၏။ ဤငါလှူ သောလယ်ကား သာသနာ ၅၀၀၀လျှင် တည်ရစ်စေ သတည်း။]

၁၂၉၀၄။

၁၄ “သကရစ် ၅၉၇ ခု။ အာသိန်
၁၅ နှစ်။ နံကာလဆန် ၄ရျက် ကြသပတိယ်နိယ်အာ။ မင်ကြီသာ မင်ကွလ္လစွာ ရှုယ်တောင်တက်ရယ်။ အကြီယ် အညာန္နိုက်တေ မဟာဒါ
၁၆ န်မ္ဒိယ်ခပ်သိမ် ယူလတ်တေ။”

**[သက္ကရာဇ် ၅၉၇ ခု အသယုဇနှစ်၊ နံကာလဆန်း ၄ ရက်၊ ကြာသပတေးနေ့အား မင်းကြီးသား မင်းကျစွာ ရွှေတောင်တက်၍ အကြေအညာ၌တည်း မဟာဒါန်မြေခပ်သိမ်း ယူလတ်တည်း။]**

၁၂၉၁။ **မင်းရာဇသူသမီးဧယျသူဌေးမယား [သက္ကရာဇ် ၅၉၈] မင်းရာဇသူသမီးဧယျသူဌေးမယားကျောက်စာ**

၁၂၉၁၁။

၁ “။ ။ သကရစ် ၅၉၈ ခြု ကြတိုက်နှစ် တန်ဆေ
၂ ဆောင်မှုန်လဆန် ၁၄ရျက် တနှင်လာနိယ်အာ။ မင်
၃ ရာဇာသူသမီ **စေယျသထိယ်မိယာ** ပုဟ်ါ တြျာ သဃ်ာ
၄ ရတနာ သုံပါသော အထောက်အပင္အ် ဖ္လစ်စိမ္အ်သောကြော္အ် လှျုသော
၅ ပုဟ်ါကျွန်။”

[သက္ကရာဇ် ၅၉၈ ခု ကြတ္တိကာနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၄ရက်၊ တနင်္လာနေ့အား မင်းရာဇသူသမီး ဧယျသူဌေးမယား ဘုရား တရား သံဃာ ရတနာ သုံးပါးသော အထောက်အပင့် ဖြစ်စိမ့်သောကြောင့် လှူသော ဘုရားကျွန်။]

၁၂၉၁၂။

၂၁ …“လှျုသော လှျုခြင်ကျင်
၂၂ လဉ္စောင် တကိန်သော ကိန်ခြင်ကျင်လေဉ္စောင် မ္လိယ်ကြီ လျှင် သ

၂၃ က်သိယ်မှသတော။”

[လှူသော **လှူခြင်းကျင်**လည်းကောင်း၊ ငါကျိန်သော **ကျိန်ခြင်းကျင်**လည်းကောင်း **မြေကြီးလျှင် သက်သေမူသတည်း**။]

၁၂၊၉၁၃။

၂၄ “ဇာပိယ်ရသော အလှူအကျိုဝ်ဖ္ငင်ကာ ဇာလ္ဖစ်လိယ်ရရာ အရပ်နှိက္ကာ

၂၅ ခပ်သိမ်သော ဥစ္စာရတနာအပုံထက် ဇာလ္ဖစ်ရလိုဝ်သတော။ မဟိယ်ဟုသော

၂၆ မိန်ခြင် ဇာမသိလိုဝ်သတော။”

[ငါပေးရသော အလှူအကျိုးဖြင့်ကား ငါဖြစ်လေရာရာ အရပ်၌ကား **ခပ်သိမ်းသော ဥစ္စာရတနာ အပုံထက် ငါဖြစ်ရလိုသတည်း။ မရှိဟူသောမိန့်ခြင်း ငါမသိလိုသတည်း။**]

၁၂၊၉၁၄။

၂၇ “ကောင်သောလူအလ္ဖစ် လ္ဖစ်ရယ် ပုဟ်ာသ္ခိင်သာသနာ

၂၈ ကိုဝ် ထောက်ပ္အင့်မူသော လ္ဖစ်ရလိုဝ်ဧ။ ကိုဝ် နူတ် **နှစ်လုံ့**လ္ဖအ္င် မကောင်သော

၂၉ ကျင်ခြင်ကိုဝ် မကျင်ဖူသောလ္ဖစ်ရယ် ကောင်သော သာဝကာနှင် နိယ်ရပန်ရအံ

၃၀ သောအကျင်ကိုဝ်ကျင်လတ်လိုဝ်ဧ။ အဆုံကာ သင်သရာ ပင်လယ်**အခံ**တ

၃၁ ဖက်သော နိရပန်ကိုဝ် **ပတိသမ္ဘိဒ**ရဟန်နှ္အင်အကွ မျက်မှောက်ကက်ာလျာ

၃၂ င်ကာ နိယ်ရပန်လိုဝ်သတော။ သတ္တဝာတကာလေ ရပါစိယ်သတော။”

[ကောင်းသောလူအဖြစ် ဖြစ်၍ ဘုရားသခင်သာသနာကို ထောက်ပင့်မူသော ဖြစ်ရလို၏။ **ကိုယ်နှုတ်နှလုံးဖြင့်**

**မကောင်းသောကျင့်ခြင်းကို မကျင့်ဖူးသောဖြစ်၍ ကောင်းသောသာဝကနှင့် နေရပန်ရအံ့သော အကျင့်ကို ကျင့်လတ်လို၏။ အဆုံးကား သံသရာပင်လယ် အကမ်းတစ်ဖက်သော နေရပန်ကို ပဋိသမ္ဘိဒါရဟန်းနှင့်အကွ မျက်မှောက်ကကာ်လျှင်ကား နေရပန်လို သတည်း**။ သတ္တဝါတကာလည်း ရပါစေသတည်း။]

၁၂၉၂။ **သီရိမဟာဓမ္မရာဇာပဏ္ဍိတ [သက္ကရာဇ် ၅၉၈]**
**သီရိမဟာဓမ္မရာဇာပဏ္ဍိတကျောက်စာ (မျက်နှာဘက်)**

၁၁ "အယင်တို္ဓလိုဝ်ရာ၂ မြ

၁၂ က်နုရိယ်ကြည္ဓ်ဟိယ္ဓ်ရာ၂ လာစိယ်သတေ။"

[အယင်းတို့လိုရာရာ **မြက်နုရေကြည်**ရှိရာရာ လားစေသတည်း။]

၁၂၉၃။ **သီရိမဟာဓမ္မရာဇာပဏ္ဍိတ [သက္ကရာဇ် ၅၉၈]**
**သီရိမဟာဓမ္မရာဇာပဏ္ဍိတကျောက်စာ (ကျောဘက်)**

၁၂ "စာရိယ်လိယ်သောကွ္လမ်ကာ ဝိသုဒ္ဓိမဂ္ဂ ၁ကွ္လမ်။

၁၃ သုတ်သီလက္ခန္ဓာ ၁ကွ္လမ်။ မဇ္ဈိပဏ္ဏာသ။ သုတ္တနိပတ်။ ဓာ

၁၄ (တု)ဝင်။ (မဟာဝင်)၊ စတုနိပတ်ဇာတ်အဋ္ဌကထာ နိဗ္ဗာနသုတ်"

**[စာရေးလေသောကျမ်းကား ဝိသုဒ္ဓိမဂ် ၁ကျမ်း၊ သုတ်သီလက္ခန် ၁ကျမ်း၊ မဇ္ဈိ(မ)ပဏ္ဏာသ၊ သုတ္တနိပါတ်၊ ဓာတုဝင်၊ မဟာဝင်၊ စတု(က္က)နိပါတ်ဇာတ်အဋ္ဌကထာ၊ နိဗ္ဗာနသုတ်။]**

၁၊၂၉၄။ **ရာဇသူရသမီးမောင်နှံ [သက္ကရာဇ် ၅၉၈] ရာဇသူရသမီးမောင်နှံကျောက်စာ (ကျောဘက်)**

၁၊၂၉၄၊၁။

၁၆ ..."သကရစ် ၅၄၄ ခု

၁၇ အာသတ်နှစ် **ပ္လသိုဝ်**လနှိုက် မင်ရာဇသူတော၊ ကျောင်ရှေ နှိုက်၊ ကန်တူလိုက်ရှယ် ကျွစွာ

၁၈ မင်ဤနိမ်နှိုက် ထိပတ်ကိ(ရှုရကာ) ဂေါဏဖတ္တရာ မှောက် မင်မိန်သရှဝ် **ဖထုယ်**အ

၁၉ လိုဝ်ရစေဟု မိန်တ်မူ၏။"

[သက္ကရာဇ် ၅၄၄ ခု အာသဋ္ဌိနှစ်၊ **ပြာသို**လ၌ မင်းရာဇသူ တည်း ကျောင်းရှေ့၌ ကန်တူးလိုက်၍ ကျစွာမင်း အိမ်နိမ့်၌ **ထောပတ်ကျိရှု**ရကား ဂေါဏဖတ္တရာမှောက် မင်းမိန့်သရော "**ဘထွေး**အလိုရစေ"ဟု မိန့်တော်မူ၏။]

၁၊၂၉၄၊၂။

၃၅ "ဤလုလထက် အပ္ပစ်ဇပါရောက်စေသတေ ခန္ဓာ ပျက်သောကာ လုနှစ်တွက်သော အန

၃၆ (စ်၉)သန်မှ တနိယ်ဟိသော သည္ဓိုဝ်ငြယ် လုနှစ်တွက် သော ၃ကုတိယ်၆သန်မှ တနိယ်ဟိသော ကွာသု

၃၇ တ်**ငြိ** လုနှစ်တွက်သော ၇ကုတိယ်၂သန်မှ တနိယ်ဟိ သော ဝေတ္တရနိမည်သောငြ် လုနှစ်တွက်သော ၄*

၃၈ ကုတိယ်၄သန်မှ တနိယ်ဟိသော **လေါကွုံမွှိ**မည်ငြ် လုနှစ် တွက်သော ၂၈ကုတိယ်၈သန်မှ တ

၃၉ နိယ်ဟိသော **ဥသတရက်**မည်ငြ် လုနှစ်တွက်သော ၅၇ ကုတိယ်၆သန်မှ တနိယ်ဟိသော **လေါ**

၄၀ **ကန္တရက်**ငြ် လုနှစ်တွက်သော ၅**ကုတိယ်၂သန်မှ တနိယ် ဟိသော သဃ်ာတငြ် လုနှစ်တွက်

---

* ပမာဒလေခ ဖြစ်ဟန်တူသည်။

** ပမာဒလေခ ဖြစ်ဟန်တူသည်။

၄၁ သော အကုတေ ၂၃၀ အလ္ပတ်၄သန်မှ တနိယ်ဟိသော
အဝီစိငြ ဤငြိန္နိက်ကျက်စေသတေ”

[ဤလူလက်ထက် အပြစ် ၈ပါး ရောက်စေသတည်း။ ခန္ဓာပျက်သောကား လူနှစ်တွက်သော အနှစ် ၉သန်းမှ တစ်နေ့ရှိသော **သိဉ္စိုးငရဲ**၊ လူနှစ်တွက်သော ၃ကုဋေ ဖြသန်းမှ တစ်နေ့ရှိသော **ကာဠသုတ်ငရဲ**၊ လူနှစ်တွက်သော ၇ကုဋေ ၂သန်းမှ တစ်နေ့ရှိသော **ဝေတ္တရဏီ** မည်သောငရဲ၊ လူနှစ်တွက်သော ၁၄ကုဋေ ၄သန်းမှ တစ်နေ့ရှိသော **လောဟကုမ္ဘီ**မည်ငရဲ၊ လူနှစ်တွက်သော ၂၈ကုဋေ ၈သန်းမှ တစ်နေ့ရှိသော **ဥဿဒရက်**မည် ငရဲ၊ လူနှစ်တွက်သော ၅၇ကုဋေ ဖြသန်းမှ တစ်နေ့ရှိသော **လောကန္တရိက်ငရဲ**၊ လူနှစ်တွက်သော ၁၁၅ ကုဋေ ၂သန်းမှ တစ်နေ့ရှိသော **သဃ်ာတငရဲ**၊ လူနှစ်တွက်သော အကုဋေ ၂၃၀ အမြတ် ၄သန်းမှ တစ်နေ့ရှိသော **အဝီစိငရဲ** ဤငရဲ၌ ကျက်စေသတည်း။]

၁၊၂၊၉၄၊၃။

၄၁ ...“ဤဇ
၄၂ ကော်ာမှုကိုဝ် ဖျက်သောကာ **ဖုရာ**အလ္ဖစ်၂ မဖုစေသတေ
**ဘုရှာ**ထောင်သောင်ခ္လတ်ရယ် မက္လတ်ရျာ
၄၃ သ တီ**မ္လို**အတိလ္ဖစ်စေသတေ ကမ္ဘါလောင်သောလေ ကမ္ဘါ
တပါမှ လုကာမလ္ဖစ် တီမ္လိုအတီလျှင်
၄၄ လ္ဖစ်စေသတေ”

[ဤငါကောင်းမှုကို ဖျက်သောကား ဘုရားအဖြစ်ဖြစ် မဖူးစေသတည်း။ ဘုရားထောင်သောင်းချွတ်၍ မကျွတ် ရာသော **တီမျှော့အတိ**ဖြစ်စေသတည်း။ **ကမ္ဘာလောင်** သောလည်း **ကမ္ဘာတစ်ပါး**မှ လူကားမဖြစ် တီမျှော့အတိ လျှင် ဖြစ်စေသတည်း။]

၁၊၂၊၉၄၊၄။

၄၄ "ဤငကောင်မှုကိုဝ် ခီပင်ပါသောမင် မင်မျာ မင်မိ
မင်သာ စစ်သူကြီ အမတ်
၄၅ ရျာ ပိုဝ်ပါခပ်သိမ်တိုဝ်သည်ကာ လူလ္ဖစ်သောလေ စကြ
ဝတိယ်မင် သတ္တိယ်သုကြွယ်တိလျှင် လ္ဖစ်
၄၆ စေသတေ နတ်လ္ဖစ်သောလေ **စတုပ္မာရစ် တာဝဒိသ်ာ
ယ္မာ** တုသိတာ **နိမာနရတိ ပရနိမ္မဝသဝတိ**တိုဝ်နှိုက်
လ္ဖစ်ငေ
၄၇ လစေသတေ"

[ဤငါ့ကောင်းမှုကို ချီးပင့်ပါသော မင်း၊ မင်းမယား၊ မင်းမိ၊ မင်းသား၊ စစ်သူကြီး၊ အမတ်ရာ ဗိုလ်ပါခပ်သိမ်း တို့သည်ကား လူဖြစ်သောလည်း **စကြဝတေးမင်း၊ သေဋ္ဌေးသူကြွယ်တိ**လျှင် ဖြစ်စေသတည်း။ နတ်ဖြစ် သောလည်း စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီတို့၌ ဖြစ်လေ စေသတည်း။]

၁၊၂၊၉၄၊၅။

၄၇ "ဤလုချံသာ နတ်ချံသာ ၂ပါကိုဝ် မလိုဝ်ဟုသြင်ခံစပြီ
သောကာ ဘုရာဆုကိုဝ် လိုဝ်သသူကာ
၄၈ ဘုရာဆုကိုဝ်လည် လ္ဖစ်စေသတေ ပစ္စေကဗုဒ္ဓါဆုကိုဝ်
လိုဝ်သသူကာ ပစ္စေကဗုဒ္ဓါဆုကိုဝ် ရစေသတေ
၄၉ ရဟန္တာဆုကိုဝ် လိုဝ်သသူကာ (ရဟန္တာဆုကိုဝ် ရစေ
သတေ ဘုရာ ပစ္စေကဗုဒ္ဓါ) ရဟန္တာဆူကိုဝ် မတော
၅၀ င်သသူကာ **မိတ်တည်**လ္ဖစ်ရယ် (ဓမ္မစကြ်ာတြာနာရသော
က္လွတ်) ပါစေကုန်သတေ။ ။"

[ဤ**လူချမ်းသာ နတ်ချမ်းသာ** ၂ပါးကို **မလိုဟူအောင်** ခံစားပြီးသောကား **ဘုရားဆု**ကို လိုသောသူကား ဘုရားဆုကိုလည်း ဖြစ်စေသတည်း။ **ပစ္စေကဗုဒ္ဓါဆု**ကို

လိုသောသူကား ပစ္စေကဗုဒ္ဓါဆုကို ရစေသတည်း။ **ရဟန္တာဆု**ကို လိုသောသူကား ရဟန္တာဆုကို ရစေသတည်း။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဆုကို မတောင်းသသူကား မေတ္တေယျဖြစ်၍ ဓမ္မစကြာတရားနာရသော ကျွတ်ပါစေကုန်သတည်း။]

## ၁၂၉၅။ **အမတ်အသဝတ်ဓမ္မာမယား [သက္ကရာဇ် ၅၉၈] အသဝတ်ဓမ္မာသ**ရှ**ီငုးဂူဘုရား (စောလှဝန်းဘုရား)ကျောက်စာ (မျက်နှာဘက်)**

၁၂၉၅၁။

၄ “နှစ်လုံမုယ္သ္ဂလျာဝ်ဖွာယ်ဟိသော အရိမဒ္ဒနပူရ်မည်
၅ သောပြည်နှိုက်အာ။ အကြာင်မင်ကာ မ္လတ်စွာသော တရျာမင်တေ။ ထိုဝ်မင်ဧ
၆ အ်အမတျာကာ။ အသဝတ်မည်ဧအ်တေ။ အက္လုံဝာင်သော မင်အမတ်တေ။
၇ ထိုဝ်အမတ်ဧအ် **သင့်လှိုင်**နှိုက် ကူကာ။ သဒ္ဓာစွာရှယ်ဧအ် မိယာ့ပ္လုပိယ်သတေ။
၈ ထိုဝ်မိယာ့ပ္လုသော ဖုန်မှုအက္လုဝ်လွှင့်။ သဗ္ဗသတ္တာခပ်သိသကာ။ နိရပါန်လျှာင် တို
၉ င်စိယ်ကုန်သတေ။”

[**နှလုံးမွေ့လျော်ဖွယ်ရှိသော အရိမဒ္ဒနပူရမည်သော ပြည်**၌အား **အကြင်မင်း**ကား မြတ်စွာသော **တရားမင်း** တည်း။ **ထိုမင်း**၏အမတ်ရာကား အသဝတ်မည်၏ တည်း။ **အကျွမ်းဝင်သော မင်းအမတ်**တည်း။ ထိုအမတ်၏**သ**ရ**ီငုး၌ ဂူကား** သဒ္ဓါစွာ၍၏ မယားပြုပေးသတည်း။ ထိုမယားပြုသော **ဖုန်းမှု**အကျိုးဖြင့် သဗ္ဗသတ္တဝါခပ်သိမ်းသကား နေရပန်လျှင် **တိုင်**စေကုန်သတည်း။]

၁၊၂၊၉၅၊၂။

၁၅ “ပုရှာအစမူသော သို့င်သဃ်ာတို

၁၆ ္တွ် ပစ္စည်ဆိယ်ဝာ အလိုဝ်ရစိယ်သတော။ = ။”

[ဘုရားအစမူသော သခင်သံဃာတို့ **ပစ္စည်းဆေးဝါး** အလိုရစေသတည်း။]

၁၊၂၊၉၆။ **အမတ်အသဝတ်မြွာမယား [သက္ကရာဇ် ၅၉၈] အသဝတ်မြွာသချိုင်းဂူဘုရား (စောလုဝန်းဘုရား)ကျောက်စာ (ကျောဘက်)**

၁ “။ **ပန်ဖယ်**ပိယ်သလေ ၄ဏ္ကျပ်။ ကူရိယ်သော **ပန်ခီ**ပိယ် သလေ ၇။ ကွော

၂ င်ရိယ်သော ပန်ခီပိယ်သလေ ၁၂၀။ ရနှာယ်ဝယ်သော ၇ဏ္ကျပ်။ ပန်ပုပိယ်ရ

၃ သော ၃၀ ပုရှာသမာပိယ်သော ၂၀ တိုက်ရံ**လိန်**သော ၂ဏ္ကျပ်။ နန်ရိယ်သောဟိုယ်၂

၄ ဏ္ကျပ်။ **ကနာပြင်**သစ်ဖိုဝ်၁၀။ တံတိုင်ကွော်ာက်အဖိုဝ်ကာ ၃ဏ္ကျပ်ခွယ်။ ကူ

၅ ကွောင် တံခါ**မုက်**စုမ္ဂ် **အင်ကတိယ်**ဖိုဝ်ကာ။ ခွက် ၃ခွပ် သောကာ ငုယ်၁၃

၆ နွာ၅ခုသောငုယ် ၂၀။ အညက်ဝယ်သော ၅ဏ္ကျပ်။ လင်ပန် သောငုယ် ၅ဏ္ကျပ်။

၇ ပျာ ၆၂တနက်သောကာ ပျာဖိုဝ်ငုယ် ၇၇ဏ္ကျပ်။ နွာနို့ဝ် ကာ ၂၄၈တနက်။

၈ နွာနို့ဝ်အဖိုဝ်ကာ ၂၅ဏ္ကျပ်။ သရွတ်ဖိုဝ်ကာ စပါ ၃၂၀။ ကွော်ာက်ဥတ် ၃၀၀

၉ သောဒအ် **ရိခါ**စပါ၃၀ အင်ကတိယ်ထောင်ခ ပိသည် ပိယ်သော စပါ ၁၂၀။

၁၀ **ပုရာန်**ရိခာ စပါ ၁၄၀။ ပန်ခီရိခာ စပါ ၅၄ တင်။
တစည်သည် ပန်ပုရိခာ

၁၁ စပါ .၀ စပါအဖိုဝ်ကာ ၄တင်သော ၁ကျွပ် သွင်သကာ
ငုယ်ဟူမုကာ .၈ကျွပ်

၁၂ ဟိဧအ်။ ကူထွတ် ကြိယ်ပိသာခွယ်သော ငုယ် ၃ကျွပ်။
ရှုယ်ဒ<<သောငုယ် ၁၂ကျွ

၁၃ ပ်။ **ပြတာ** ၃ကျွပ်သောလေ ငုယ် ၂ကျွပ်။ ကူထွတ်
လက်ခပိယ်သလေငုယ် ၁၀

၁၄ ။သံဖိုဝ်ငုယ်၁၀။ ကွောင်ရနာယ်ထုပ်လျောက် ဝယ်သော
ငုယ်၂၀။ သစ်ငင်

၁၅ သော လှည်ခပိယ်သောငုယ်၁၀။ **စိယ္ဆ်ထန် ဟသံပတာ**
ဆုန် မ္ဗိယ်ဖ္လု ကု..ယ်*

၁၆ **ခြိတ်** ကံကုတ်ခပင်သောအေ် အဖိုဝ်ကာ ငုယ် ၅၀။
ပုရှာရျပ် ဆယ်ဆူသော

၁၇ လေ ပုဟ်ာသမာပိယ်သလေ ငုယ် ၁၀ ပန်ခီပိယ်သလေ
ငုယ် ၂၀။ ပြတာသည်ပိ

၁၈ ယ်သလေ ပုခြည်ဖျင် ၁ထည် ခဆီ ၁ထည်။ ပုရှာ
သမာပိယ်သော ဖျင်မည်ကျွ

၁၉ ဝ် ၁ထည် ခဆီ ၁ထည်။ ပန်ခီပိယ်သော ပုခြည်ဖျင်
၁ထည် ခဆီ ၁ထည်။

၂၀ လက်သမာ ၃ကိပ်သောလေ ပုခြည်ခဆီ ၃၀။ ပုရာန်
၄ယောက်သော ပိယ်သလေ

၂၁ ဖျင် ၄ထည် ခဆီ ၄ထည်။ ပုရှာသမာ မြင် ၁စီ။
ပုရာန်လက်သမာ မြင် ၁စီ။

၂၂ ပုခြည်ဖျင် ၂ထည် ခဆီ ၂ထည်။ စင်ကြိ ကုလာကွောင်
ဖွယ္ဆ်သော ဥတ်ကာ

---

* ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ စာမျက်နှာ ၃၀၁ တွင် (ကုံမ်ကု)ယ်၊ ဦးဖိုးလတ်၏ မြန်မာစကားအဖွင့်ကျမ်း၊ ပထမတွဲ စာမျက်နှာ ၅၃တွင် ကုံက္မရိယ်ဟုဖတ်သည်။

၂၃ ၂ဖိုဝ်။ ဥတ်အေဲအဖိုဝ်ကာ ငုယ် ၆ဝ။ လှည်ခကာ ၂၂
ကျ္ဍုပ်။ စင်ကြိံသစ်

၂၄ ငာင်သောလှည်ခ ငုယ် ၆ကျ္ဍုပ်။ တစည်သည်ပိယ်သော
လက်ခကာ ငုယ်၁၀။

၂၅ ကုလာကျ္ဇောင်တံခာ္ဂပုသော ငုယ် ၁ကျ္ဍုပ်။ တံခာခုံကျ္ဇောက်
၁ဆူသောကာ ငုယ်

၂၆ ၁+။ ကုလာကျ္ဇောင်ဖွယ္ဍသော ပုရာန်လက်ခ ၃<<
လှည်ခ ခွက် ၁ခ္လပ်သော

၂၇ ငုယ် ၂ကျ္ဍုပ်။ ကွံသိ ၁၃၅၀သော ငုယ် ၂ကျ္ဍုပ်။ စပါ
၄တင်သော ငုယ် ၂ကျ္ဍုပ်

၂၈ ဖျင့်ဖ္လု ၁ထည်သော ငုယ် ၁ကျ္ဍုပ်။ တံခာခုံကျ္ဇောက်
၂ဆူသောလေ ငုယ် ၅ကျ္ဍု

၂၉ ပ်...။”

[**ပန်းပဲ**ပေးသောလည်း ၄ကျပ်၊ ဂူရေးသော **ပန်းချီ** ပေးသောလည်း ၇၊ ကျောင်းရေးသော ပန်းချီပေးသော လည်း ၁၂၀၊ **ရနယ်**ဝယ်သော ၇ကျပ်၊ **ပန်းပု**ပေးရ သော ၃၀၊ **ဘုရားသမား**ပေးသော ၂၀၊ **တိုက်ရုံလိမ်း** သော ၂ကျပ်၊ **နန်းရေးသောရွှေ** ၂ကျပ်၊ **ကနားပြင် သစ်ဖိုး** ၁၀၊ **တံတိုင်းကျောက်** အဖိုးကား ၃ကျပ်ခွဲ၊ ဂူကျောင်း **တံခါးမုခ်စုံ အင်္ဂတေ**ဖိုးကား ခွက်၃ချပ် သောကား ငွေ၁၃၊ နွား၅ခုသော ငွေ ၂၀၊ **အညက်** ဝယ်သော ၅ကျပ်၊ လင်ပန်းသော ငွေ၅ကျပ်၊ **ပျား** ၆၂**တနက်**သောကား ပျားဖိုးငွေ ၇၇ကျပ်၊ နွားနို့ကား ၂၄၈တနက်၊ နွားနို့အဖိုးကား ၂၅ကျပ်၊ **သရွတ်ဖိုး**ကား စပါး ၃၂၀၊ **ကျောက်အုတ်** ၃၀၀သော၏ **ရိက္ခာ**စပါး ၃၀၊ **အင်္ဂတေထောင်းခ ပိသည်**ပေးသော စပါး ၁၂၀၊ **ပန်းရန်ရိက္ခာစပါး** ၁၄၀၊ ပန်းချီရိက္ခာစပါး ၅၄တင်း၊ **တံစည်းသည်** ပန်းပုရိက္ခာစပါး .၀၊ စပါးအဖိုးကား

၄တင်းသော ၁ကျပ်သွင်းသောကား ငွေဟူမူကား . ၈ကျပ်ရှိ၏။ **ဂူထွတ် ကြေးပိသဿာခွဲ**သော ငွေ ၃ကျပ်၊ ရွှေ ၁$\frac{၁}{၂}$ သော ငွေ ၁၂ကျပ်၊ **ပြဒါး** ၃ကျပ်သောလည်း ငွေ ၂ကျပ်၊ **ဂူထွတ်လက်ခ**ပေးသောလည်း ငွေ ၁၀၊ **သံ**ဖိုးငွေ ၁၀၊ ကျောင်း**ရနယ်ထုပ်လျောက်**ဝယ်သော ငွေ ၂၀၊ **သစ်ငင်**သော **လှည်းခ**ပေးသော ငွေ ၁၀၊ **ဆေးဒန်း၊ ဟသ်ပဒါး၊ ဆုန်း၊ မြေဖြူ ..၊ ချိပ်၊ ကံကုတ်**ခပင်းသော၏ အဖိုးကား ငွေ ၅၀၊ **ဘုရားရုပ်ဆယ်ဆူ**သောလည်း ဘုရားသမားပေးသောလည်း ငွေ ၁၀၊ ပန်းချီပေးသောလည်း ငွေ ၂၀၊ **ပြဒါးသည်**ပေးသောလည်း **ပုခြည်ဖျင်** ၁ထည်၊ **ခါးဆီး** ၁ထည်၊ ဘုရားသမားပေးသော **ဖျင်မည်းကျော** ၁ထည်၊ ခါးဆီး ၁ထည်၊ ပန်းချီပေးသော ပုခြည်ဖျင် ၁ထည်၊ ခါးဆီး ၁ထည်၊ **လက်သမား** ၃ကျိပ်ပေးသောလည်း ပုခြည် ခါးဆီး ၃၀၊ ပန်းရန် ၄ယောက်သော ပေးသောလည်း ဖျင်၄ထည်၊ ခါးဆီး၄ထည်၊ ဘုရားသမား **မြင်း**၁စီး၊ **ပန်းရန်လက်သမား** မြင်း၁စီး၊ ပုခြည်ဖျင်၂ထည်၊ ခါးဆီး ၂ထည်၊ **စကြိ၊ ကုလားကျောင်း**ဖွဲ့သော **အုတ်**ကား ၂ဖို၊ **အုတ်၏အဖိုးကား**ငွေ ၆၀၊ လှည်းခကား ၂၂ကျပ်၊ စကြိသစ်ငင်သော လှည်းခငွေ ၆ကျပ်၊ **တံစည်းသည်**ပေးသော လက်ခကား ငွေ ၁၀၊ ကုလားကျောင်း**တံခါး**ပြုသော ငွေ ၁ကျပ်၊ **တံခါးခုံကျောက်** ၁**ဆူ**သောကား ငွေ ၁$\frac{၁}{၄}$၊ **ကုလားကျောင်းဖွဲ့**သော ပန်းရန်လက်ခ ၃$\frac{၁}{၂}$၊ လှည်းခ ခွက် ၁ချပ်သော ငွေ ၂ကျပ်၊ **ကွမ်းသီး** ၁၃၅၀ သော ငွေ၂ကျပ်၊ **စပါး ၄တင်း**သော ငွေ ၂ကျပ်၊ **ဖျင်ဖြူ** ၁ထည်သော ငွေ ၁ကျပ်၊ တံခါးခုံ ကျောက် ၂ဆူသောလည်း ငွေ ၅ကျပ်...။]

## ၁၂၉၇။ **မင်းမတ်ဥာဏပိစည် [သက္ကရာဇ် ၅၉၉]**
## **မင်းမတ်ဥာဏပိစည်ကျောက်စာ (ပုံ ၁၀၅ က)**

၁၂၉၇၊၁။

၁ “။ ။ သကရာစ် ၅၉၈ ခု ကြတိုက်နှစ်။ ပ္လသိုဝ်လဆုတ် ၃ ရျက်။ တန်နှ

၂ င်လါနိယ္အ်တက် ၉ ဖ္လွာခွယ် ပုထိုဝ်ကူထာပနာအေ်။ ၂၈ ရျက်လျှင်ပြိ

၃ အေ်။ ကူထာပနာသောနိယ္အ်လျှင် ရိယ်တွင် တူအေ်။ တပိုဝ်ထွယ်လ

၄ ဆုတ် ၁၃ရျက် သောကြာနိယ်လျှင် တန်တိုင်တည်အေ်။ တပေါလ်္ပွ

၅ ည် တန်တိုင်ပြိအေ်။ ကူပဟ္ဂိယ်ထွတ်ကာ တပေါင်လဆုတ် ၇ ရျက် တ

၆ န်နှင်လါနိယ်တက် ၉ ဖ္လွာခွယ်တင်အေ်။ ကူဆိယ်ရိယ် သကာ တန်ခူလ

၇ ဆန် ၁၀ရျက် သုကြာနိယ် ကူပုပ္ဂာ ၁၄၆၁၉ယောက်။ ဓာတ် ၅၅၀။

၈ ၁၂ ရျက် တန်နှင်လါနိယ်ပြိအေ်။ ကျွောင်လေပြိအေ်။ ဓမ္မသာပြိ

၉ အေ်။ တြျာပန်လင်ပြိအေ်။ ခောင်လေါင်ကြိယ်အပိသာ ၁၀၆ ပိသာ

၁၀ ခွယ်အေ် သွန်အေ်။ ကူထွတ်ကာ ကြီယ် ၅၅ပိသာခွယ် ကူထွတ်လိန်

၁၁ သော ရူယ် ၄၆ကျ္ဍပ်ဟိယ်အေ်။ ပုရှာလိယ်မျက်နှာသော လိန်သော ရူ

၁၂ ယ် ၂၀။ စာသင်ကျွောင် ၅ ခု ပ္လုအေ်။ **မ္လစ်ဩက်**ကူငယ်

၁၃ လေ ဆိယ်ရိယ်အေ် ကျွောင်တွင် ပုထိုဝ်ပုရှာဆိုဝ်ပ္လုအေ်။ ဧ

၁၄ ညာင် ၃ပင် စိုက်အေ်။ ရိယ်ကျ်မ် ၃ပါပ္လုအေ်။ သမရိုဝ်လေ

၁၅ ဆောက်အေ် ပိတကတ်လေပြီအေ်။”

[သက္ကရာဇ် ၅၉၈ ခု ကြတ္တိကာနှစ်၊ ပြာသိုလဆုတ် ၃ ရက်၊ တနင်္လာ**နေတက်** **၉ဖဝါး**ခွဲ ပုထိုးဂူဌာပနာ၏။ ၂၈ရက်လျှင်ပြီး၏။ ဂူဌာပနာသောနေ့လျှင် ရေတွင်းတူး၏။ တပို့တွဲလဆုတ် ၁၃ရက်၊ သောကြာနေ့လျှင် တံတိုင်းတည်၏။ တပေါင်းလပြည့် တံတိုင်းပြီး၏။ **ဂူရွှေထွတ်**ကား တပေါင်းလဆုတ် ၇ရက်၊ တနင်္လာ နေတက် ၉ဖဝါးခွဲတင်၏။ ဂူဆေးရေးသည်ကား တန်ခူး လဆန်း ၁၀ရက်၊ သောကြာနေ့ **ဂူဘုရား ၁၄၆၁၉ ယောက်**၊ **ဓာတ် ၅၅၀**၊ ၁၂ရက် တနင်္လာနေ့ပြီး၏။ ကျောင်းလည်းပြီး၏။ **ဓမ္မသာ**ပြီး၏။ **တရားပလ္လင်** ပြီး၏။ **ခေါင်းလောင်း** ကြေးအပိဿာ ၁၀၆ပိဿာခွဲ၏ **သွန်း**၏။ ဂူထွတ်ကား ကြေး ၅၅ပိဿာခွဲ ဂူထွတ် **လိမ်း**သော ရွှေ ၄၆ကျပ် ရှိ၏။ ဘုရားလေးမျက်နှာသော လိမ်းသော ရွှေ ၂၀၊ **စာသင်ကျောင်း** ၅ခုပြု၏။ မြောက်ဂူငယ်လည်း ဆေးရေး၏။ ကျောင်းတွင် ပုထိုး **ဘုရားဆိုး**ပြု၏။ ညောင် ၃ပင်စိုက်၏။ **ရေအိမ် ၃ပါး** ပြု၏။ **သမရိုး***လည်း ဆောက်၏။ ပိဋကတ်လည်း ပြီး၏။]

၁၊၂၊၉၇၊၂။

၃၆ …“ဤလဲကိုဝ် ထိ

၃၇ ပါယူသသူကား **အကံဘါဘါ** အဝိစိအထယ် ငြယ်
နစ်စိယ်သတေ။ အမျိုဝ် ၇ဆက် ပျက်စိပြုန္တိ

၃၈ စိယ်သတေ။”

[ဤလယ်ကို **ထိပါး**ယူသသူကား အကမ္ဘာဘာ အဝီစိ အထဲ **ငရဲနစ်**စေသတည်း။ အမျိုး ၇ဆက် **ပျက်စီး ပြုန်းတီး**စေသတည်း။]

---

* အနက်မသိသာ။

၁၊၂၊၉၇၊၃။

၄၀ “။ စစ်ထော္ဌ်ထာသော နွာ ၃၀ကာ ပုရှာလှျုသတေ။ ကူပုရန်
၄၁ သွာ ဗုဒ္ဓလင်္ကာကိုဝ်ပိယ်သော ဆင်ပြေါင် ၁စီ ခဆီ
၄၂ ပွယ်ဖျင် ၄စုံ။ ပန်ခီသွာ စိတ္တရာဇိစည်လေ ဆင်ဟို
၄၃ င် ၁စီ မြင် ၁စိ ခဆီဖျင်ပွယ် ၂စုံ ပန်ခီ ၄မျက်နှာေ
၄၄ သာ ၄စီ **တာမောအ်** ၄မျက်နှာ မြင် ၄စီ ပွင်ကြိလေ
၄၅ မြင် ၁စိ ကူထွတ်သွာ မြင် ၁စိ ပုရှာသွာ နွာ ၄ခု ပုရန်လေ
၄၆ နွာပိုက် ၄ခု။ ကူပ္လုသဥတ်အဖိုဝ် ၃၀။ အင်္ကာတိယ် ၁၀၉၀
၄၇ ။ ပျာ ၁၁၂ တနက် နွာနိုဝ်။ ၄၄၈လုံ တန်တိုင််ဥတ် ၁၅ဖိုဝ်”

[စစ်ထောင့်ထားသော နွား ၃၀ကား ဘုရားလှူသတည်း။ ဂူပန်းရန်သမား ဗုဒ္ဓလင်္ကာကိုပေးသော **ဆင်ပြောင်** ၁စီး၊ ခါးဆီး **ပွဲဖျင်** ၄စုံ၊ **ပန်းချီသမား** စိတ္တရာဇိစည် လည်း **ဆင်ဟိုင်း ၁စီး**၊ မြင်း ၁စီး၊ ခါးဆီး **ဖျင်ပွဲ** ၂စုံ၊ ပန်းချီ ၄မျက်နှာသော ၄စီး၊ **တမော့** ၄မျက်နှာ မြင်း၄စီး၊ ပွင့်ကြီးလည်း မြင်း၁စီး၊ **ဂူထွတ်သမား** မြင်း ၁စီး၊ ဘုရားသမား နွား ၄ခု၊ ပန်းရန်လည်း **နွားပိုက်** ၄ခု၊ ဂူပြုသော အုတ်အဖိုး ၃၀၊ အင်္ဂတေ ၁၀၉၀၊ ပျား ၁၁၂ တနက်၊ နွားနို့ ၄၄၈လုံး၊ တံတိုင်းအုတ် ၁၅ဖို။]

## ၁၊၂၊၉၈။ တကာကြီးမိနှင့်တကာကြီး [သက္ကရာဇ် ၆၀၀] ဝက်ကြီးအင်းရွှေကျောင်းကျောက်စာ(ကျောဘက်)

၃ “ဉ ယ်ဇာလှျုသောလယ် ကျွန္နာကိုဝ် အရိယ်
၄ အရံယူပိယ်သောသူကာ။ ပုရှာ တြျာ သင်္ဃာကိုဝ်

ကုံပြီရှယ် အနုပ်ကောက်ပိ
၅ မူလေ အပ္ပစ်မဟိယ်စိယ်။"

**[ဤငါလှူသော လယ်၊ ကျွန်၊ နွားကို အရေးအရံ ယူပေသောသူကား ဘုရား တရား သံဃာကို ကုံပြီး၍ အနုပ်ကောက်ပေမူလည်း အပြစ်မရှိစေ။]**

၁၂၊၉၉။ **ငပိုက်သင်လင်မယား [သက္ကရာဇ် ၆၀၀]**
**ငပိုက်သင်လင်မယားကျောက်စာ (မျက်နှာဘက်)**

၂ "ဇပိုက်သင်လင်မိယာ မိန်ဇ
၃ သင်ကြိုကိုဝ်လွတ္တေ **ဣယှိုယ်**စသကာ မြက်
၄ ။ နရိယ်ကြည်ဟိယ္ယ်ရာရာ လာစိယ်သဇ
၅ တဟု မ္ဂတ်သလက်လျှင် ရိယ်သွန်သော"

[ငပိုက်သင်လင်မယား မိန့်၏။ "သင်ကြီးကိုလွှတ်တည်း၊ **ဤရွှေ့စသကား** မြက်နုရေကြည်ရှိရာရာ လားစေသတည်း" ဟု **မြတ်သောလက်လျှင် ရေသွန်းသော**။]

၁၂၊၁၀၀။ **သံပျင်သက်ရှည် [သက္ကရာဇ် ၆၀၀]**
**သံပျင်သက်ရှည်ကျောက်စာ**

၄ "ဤယ်ဇလှူသကာ ပုရှာ တြာ သဃ်ာ ရတနာ သုံပါသောအာ
၅ လှူသတေ။ ကျောင်နိယ်နိယ်သော သဃ်ာလျှင် စုဝ်စိယ် သဇ
၆ တ။ သော ငွမိယ် ဆေယ်တိုဝ်ကာ မဝင်ပါစိယ်စွံတေ"

[ဤငါလှူသကား ဘုရား တရား သံဃာ ရတနာသုံးပါးသောအား လှူသတည်း။ **ကျောင်းနေနေသော** သံဃာလျှင် စိုးစေသတည်း။ ငါ့သား၊ ငါ့မြေး၊ ငါ့ဆွေတို့ကား **မဝင်ပါစေစွံတည်း**။]

### ၁၂၁၀၁။ **ကုသိုလ်ရှင်အမည်မသိ [သက္ကရာဇ် ၆၀၀]**
### **မဟာဂေါတမဘုရားကျောက်စာ**

၇ ...“လက်ပံတော

၈ တစ်ပယ် လက်ပံရှိယ်တစ်ပယ် ကျွောင်**တာယာကာ**မူ တတ်သောသူတိုဝ်

၉ စာရစ်စိယ်သတေ သာလ္ဓိယ်တေ ကျွောင်ကိုဝ် မသိမ်တတ် မုကာ

၁၀ ဤယ်ကျွောင်နိယ်သောသ္ခိင်တိုဝ် သိမ်ရစ်စိယ်တေ။ ။

၁၁ ဖုရှာ**မိန်တြျာ**လျှာင် ဖူလိုဝ်သတေ၊ နိယ်ရပန်နှိုက် ရောက်လိုဝ်

၁၂ သောဝ် ကျွောက်ရိယ်သတေ၊ သင်တကာတိုဝ်ဖတ်ရစ်ကုန်”

[**လက်ပံတော**တစ်ပယ်၊ လက်ပံရှေ့တစ်ပယ် ကျောင်း ဒါယကာမူတတ်သောသူတို့ **စားရစ်**စေသတည်း။ သား မြေးတည်း ကျောင်းကို မသိမ်းတတ်မူကား ဤကျောင်း နေသောသခင်တို့ **သိမ်းရစ်**စေတည်း။ ဘုရားမေတ္တေယျ လျှင် ဖူးလိုသတည်း။ **နေရပန်၌ ရောက်လိုသောဝ်။ ကျောက်ရေး**သတည်း။ **သင်တကာတို့ဖတ်ရစ်ကုန်**။]

### ၁၂၁၀၂။ **မင်းမတ်နဂါးဗိုလ်မိဖွား [သက္ကရာဇ် ၆၀၁]**
### **မင်းမတ်နဂါးဗိုလ်မိဖွားကျောက်စာ**

၉ “ဤအလှူအက္လိုဝ်ကာ...

၁၀ ... ဩက္ကာအဝိစိယ် အထက္ကာဘဝဂ် ဗီ

၁၁ လါကာ အနန္တစကြဝဠာတွင်နှိုက်နိယ်သော သတ္တာတိုဝ် သည်လေ ရစ

၁၂ ပါစိယ်ကုန်သတေ၊ ဖျက်ဆီသောသူကာ ဖုန်မကြီ အသက် မရှည်စိယ်

၁၃ သတေ။ ပုဟ္ပါအလ္ဖွစ် ၂ လျှင် မဖူမမြင်စိယ်သတေ၊”

[ဤအလှူအကျိုးကား ... **အောက်ကား အဝီစိ၊ အထက်ကား ဘဝဂ်၊ ဖီလာကား အနန္တစကြဝဠာ** တွင်း၌နေသော သတ္တဝါတို့သည်လည်း ရစပါစေကုန်သတည်း။ ဖျက်ဆီးသောသူကား **ဘုန်းမကြီး အသက်မရှည်**စေသတည်း။ ဘုရားအဖြစ်ဖြစ်လျှင် **မဖူးမမြင်**စေသတည်း။]

## ၁၂၊၁၀၃။ **ကျစွာမင်းမိထွေးတော် [သက္ကရာဇ် ၆၀၁] ဆင်ဖြူရှင်ဘုရားရှိကျောက်စာ**

၁၂၊၁၀၃၊၁။

၁၆ "ဤယ်ကျွန် ဤယ်လယ်တိုဝ်ကာ မင်သာ သိဃ်ဖိဇ (ည်ကျွ)

၁၇ န်လယ် **၁ဖန်** မင်သာသိဃ်ဂဝိဇည်ပိယ်ခရကာ အမိပုရှာသာ အတိုဝ်ခပင်ကိုဝ် သွိုင်ခမည်ပိယ်(တာဝ်မူ)

၁၈ ရယ်ရသတေ။ ။"

[ဤကျွန်၊ ဤလယ်တို့ကား မင်းသားသိဃ်ပိစည် ကျွန်လယ် **၁ဖန်** မင်းသားသိဃ်ပိစည်ပေးခရကား အမိဖုရား သား **အတို့**ခပင်းကို **သခင်ခမည်း** ပေးတော်မူ၍ ရသတည်း။]

၁၂၊၁၀၃၊၂။

၂၄ ..."ဤယ်စာဝင်ကျွန် ၃၇ယော

၂၅ က်သကာ၊ သွိုင်ခမည် ဟိုယ်တောင်တက်ခဲလျှင်သမူ ကျွန်စာရင်လျှင် ပိယ်ရယ်ရသောကျွန်တေ။ ။"

[ဤ**စာဝင်ကျွန်** ၃၇ ယောက်သောကား သခင်ခမည်း **ရွှေတောင်တက်ခဲ့လျှင်း**သောမူ ကျွန်**စာရင်း**လျှင် ပေး၍ ရသောကျွန်တည်း။]

၁၂၊၁၀၃၊၃။

၂၆ "ဤယ်ကျွန် ဤလယ်တိုဝ်ကာ၊ သွိုင်**ဖွာမရကန်သည်** ကျွန် မရကန်သည်လယ်တေ

၂၇ သို့ငှ်ဖွာသိယ်ခရကာ သို့င်ခမည့်နှင့်စိုဝ်မင်လှပိယ်မှ ဝုယ်ကြ သတော၊ သို့င်ခမည်ရှုယ်တောင်တက်

၂၈ လျှင် ဤပုရှာလောင်ကိုဝ် ပိယ်တာဝ်မူတုံသတော၊ ပိယ်တာဝ်မူဦကာ ဤယ်ပုရှာလောင်၊ တမိမုယ်

၂၉ စာလင့်ဟူရုယ် ဇာကိုဝ်ပိယ်တာဝ်မူတုံသောလယ် ကျွန် တိုဝ်တော။ ။”

[ဤကျွန်၊ ဤလယ်တို့ကား သခင်ဖွား **မြကန်သည်**ကျွန်၊ မြကန်သည်လယ်တည်း။ သခင်ဖွားသေခရကား သခင် ခမည်းနှင့်စိုးမင်းလှပေးမှ **ဝေ**ကြသတည်း။ သခင်ခမည်း ရှေ့တောင်တက်လျှင် ဤဘုရားလောင်းကို ပေးတော်မူတုံ သတည်း။ ပေးတော်မူဦးကား ဤဘုရားလောင်း “**တစ်မိ မွေး**စားလင့်”ဟူ၍ ငါ့ကိုပေးတော်မူတုံသော လယ်၊ ကျွန်တို့တည်း။]

၁၂၊၁၀၄။ **သင်လျှင်သိရတ်မောင်နံ့ [သက္ကရာဇ် ၆၀၁]**
**သင်လျှင်သိရတ်မောင်နံ့ကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၀၄၊၁။

၂ “သင်လျှင်သိရတ်နှင့် မိယာအွင့်လှပည်သင်နှင့်

၃ အကွ ဆိုဝ်ငြယ် ချံသာ **ဥစာ**ရှာရုယ်။ ကျွန် ငွေမျိုဝ်ကိုဝ် ဝယ်ရ၏

၄ ။ကုလကျွောင် ပုရှာရှုယ်ပြီရကာ။ ကွည်စိမ့်သောငှာ လှူသော

၅ ပုရှာကျွန် ငွေမျိုဝ် ၁ယောက်။ သာ သေလုမ် ၁ယောက်။ သင်ပုန်

၆ ၁ ယောက်။ တေန်လင်မည်သုလေ ၁ယောက်။ ဤယ် ၄ယောက်သကာ

၇ ကုလကျွောင်နှင့် ပုရှာသို့င်ကိုဝ် အခာမွင့်လွယ် ကွည်ရစ်စိမ့် သော=

၈ ဌာ လှူသတေ။"

[သင်လျှင်သိရတ်နှင့် မယားအို့ပြည်သင်နှင့်အကွ **ဆင်းရဲချမ်းသာ ဥစ္စာရှာ**၍ ကျွန်ငမျိုးကို ဝယ်ရ၏။ ကုလားကျောင်း ဘုရားရှေ့ပြီးရကား ကျွေးစိမ့်သောဌာ လှူသောဘုရားကျွန် ငမျိုး ၁ယောက်၊ သား **သေလုံ** ၁ယောက်၊ **သေင်ပုန်း** ၁ယောက်၊ **တေန်လင်း**မည်သူလည်း ၁ယောက်၊ ဤ ၄ယောက်သည်ကား ကုလားကျောင်းနှင့် ဘုရားသခင်ကို **အခါမြင့်မြဲ ကျွေးရစ်စိမ့်သောဌာ** လှူသတည်း။]

၁၂၁၁၀၄၊၂။

၈ "ဤယ်ဇာလှူရသောအကွိုဝ်ဖွဠ်ကာ။ ဆိုဝ်ငြယ်မတု
၉ ယ္သ် ငြယ်မလာ။ လူတေဲ့ဖွစ်ကာ **စက်ကြဝတိယ်မင်**၏ စည်စိမ်
၁၀ ခံစရလိုဝ်သတေ။ နတ်တေဲ့ဖွစ်ကာ **သကြာ**နတ်မင်၏ စည်စိမ် ခံစ
၁၁ ရလိုဝ်သတေ။"

[ဤငါလှူရသောအကျိုးဖြင့်ကား **ဆင်းရဲမတွေ့ ငရဲမလား**၊ လူတည်းဖြစ်ကား စကြဝတေးမင်း၏စည်းစိမ် ခံစားရလိုသတည်း။ နတ်တည်းဖြစ်ကား **သိကြားနတ်မင်း**၏စည်းစိမ် ခံစားရလိုသတည်း။]

၁၂၁၁၀၄၊၃။

၁၁ "ဤယ်ကံဖာတွင်နိုက် **မိတ်တြှာ**မည်သော ပုရှာသ္ခိင်ဖွ
၁၂ စ်**လတ်တံ**။ ထိုဝ်ပုရှာသ္ခိင်ထံနိုက် **သဟပတိသံဗိတာ**နှ္ငိအကွ ဆင်ထ
၁၃ လျက်သော မ္ဂတ်သောအရဟန်တာဆု မလွယ်လျှင် ရလိုဝ်သတေ။"

[ဤကမ္ဘာတွင်၌ မတွေ့ယျမည်သော ဘုရားသခင် ဖြစ်**လတ္တံ့**။ ထိုဘုရားသခင်ထံ၌ သဟပဋိသမ္ဘိဒါနှင့်အကွ ဆင်ထလျက်သော မြတ်သောအရဟန္တာဆု **မလွဲ**လျှင် ရလို သတည်း။]

၁၂၁၀၄၄။

၂၁ “။တခောင်သတင် **ဗုတ္တယောာ**နိယ္ယ် ပုရှာသွိင်တာယကာ။
၂၂ အိုဝ္ဓိပ္ပည္လ်သင် နှောင်လှူတုံသော။ အိုဝ္ဓိပ္ပည္လ်မည်သောကျွ
၂၃ န် ၁ယောက်။ သမီ သံဖရာ ၁ယောက်။ အိုဝ္ဓိဝံ ၁ ယောက်
၂၄ ။ငကံကူ ၁ယောက်။ ဤယ္လ်ာ နှောင်တချက် လှူတုံသော တေ”

[**ဝါခေါင်သီတင်း** ဗုဒ္ဓဟူးနေ့ ဘုရားသခင် ဒါယကာ အိုပြည့်သင် နှောင်းလှူတုံသော အိုပြည့်မည်သော ကျွန် ၁ယောက်၊ သမီး သံဖရာ ၁ယောက်၊ အို့ဝံ ၁ယောက်၊ **ငကံ့ကူ** ၁ယောက်၊ ဤကား **နှောင်းတစ်ချက်** လှူတုံ သတည်း။]

## ၁၂၁၀၅။ **ဖုန်းသည်သင်ကြီးငပံသင် [သက္ကရာဇ် ၆၀၂] ဖုန်းသည်သင်ကြီးငပံသင်ကျောက်စာ**

၁၄ “ထန်ရှုခသိမ်သာကာ။ ဘုလ္လုသောကျွောင် ပုရှာဝတ် ပိယ်ခသာ
၁၅ တေ။ ပိယ်ခာသောကိဝ်ဖျက်သောက သာ့လ္လှစ်လေ အာမွယ်မယ်သောသာ ဖ္လစ်စိယ်သာတေ။ ဇာ
၁၆ ဖ္လစ်လေ အာကြိယ်မယ်သောဇာ့ဖ္လစ်စိယ် ငြယ်အာပယ် လိယ်ပါ ကျက်စိယ်
၁၇ သာတေ **တိဝါတတ်**က္လတ်လေ မက္လတ်စိယ်သတေ”

[**ထန်း၊ ယာ** ခပ်သိမ်းသကား ငါပြုသောကျောင်း **ဘုရားဝတ်**ပေးခသတည်း။ ပေးခသောကိုဖျက်သောကား

**သားဖြစ်လည်း အမွေးမဲ့သောသား** ဖြစ်စေသတည်း။ **ငါးဖြစ်လည်း အကြေးမဲ့သောငါး**ဖြစ်စေ၊ ငရဲအပါယ် လေးပါး ကျက်စေသတည်း။ **ဒေဝဒတ်ကျွတ်လည်း မကျွတ်စေသတည်း**။]

## ၁၂၊၁၀၆။ **မကြွေးသူမုဆိုးမ [သက္ကရာဇ် ၆၀၂] မကြွေးသူမုဆိုးမကျောက်စာ**

၁ "။သကရစ် ၅၉၂ ခု ္မွယ်တာလဆန် ၅ရျက် စနိယ်နိယ် အာ မကုယ်

၂ သူမုဆိုဝ်မ ္မြတ်သော ရတနရာသိက္လောင်လာရယ် အတိုဝ် ကျွန်ကိုဝ်ဟိယ်သ**ယှူ**

၃ **ယ်**ကာ အတိုဝ်ကျွန်ကိုဝ်လုပ်စိယ်အံ အတိုဝ်ကျွန်မယ်မူကာ ဉာ်ကျွန် ၂ယော

၄ က္ကာ ပိတကတ်အာ က္လွည်ရစ်စိယ်သတေဟူ မိန်လိယ်ရ ကာ"

[သက္ကရာဇ် ၅၉၂ ခု၊ နှယ်တာလဆန်း ၅ရက်၊ စနေနေ့ အား **မကြွေး**သူ**မုဆိုးမ** မြတ်သော ရတနရာသီကျောင်း လာ၍ "အတို့ကျွန်ကိုယ်ရှိသရွေ့ကား အတို့ကျွန် ကိုယ် လုပ်စေအံ့၊ အတို့ကျွန်မဲ့မူကား ဉာ်ကျွန် ၂ယောက် ကား ပိဋကတ်အား ကျွေးရစ်စေသတည်း"ဟု မိန့်လေရ ကား။]

## ၁၂၊၁၀၇။ **သူကြွယ်ငစွေသင် [သက္ကရာဇ် ၆၀၂] သူကြွယ်ငစွေသင်ဘုရားကြီးကျောက်စာ**

၁၂၊၁၀၇၊၁။

၅ ..."ဉာ်ကျွန် ၅ယောက်ကို

၆ ဝ် ပုရှာကိုဝ်ဇာလှျုသော ပုရှာကြီကိုဝ် **လုပ်ကွျည်**စိယ်

၇ သော က္လောင်အစုတ်လေ အတွင်လေ ဖာစိယ်သော"

[ဤကျွန် ၅ယောက်ကို ဘုရားကို ငါလှူသော၊ ဘုရားကြီးကို လုပ်ကျွေးစေသော၊ **ကျောင်းအစုတ်လည်း အတွင်းလည်း ဖာစေသော**။]

၁၂၊၁၀၇၊၂။

၁၀ "ဤဇာလ္ပုသ ကောင်မှူကိုဝ် ဖျက်သသူကာ လိယ်
၁၁ သောင် မ္လိယ်ပုံလုံမျှ ကြုမ်မကလျှင် အဝစိယ်မည်သော ဇာရဲကြိတွင်
၁၂ ကျက်စိယ်သတေ အကမ္ဘာ ၂သော ပုရှာလေ မဖူစိယ်သတေ စာ္လခ္င်
၁၃ လျက် မစာရတတ် သောက်လ္ခင်လျက် မသောက်ရတတ် ပုရှာတကာ
၁၄ ကာ မလ္ခွတ်နိုင် ၆ ပြိတ္တာကြိလျှင် ဖ္လစ်စိယ်သတေ"

[ဤငါပြုသော ကောင်းမှုကို ဖျက်သသူကား လေးသောင်းမြေပုံလုံးမျှကျုံးမကလျှင် အဝီစိမည်သော ငရဲကြီးတွင် ကျက်စေသတည်း။ အကမ္ဘာဘာသော ဘုရားလည်း မဖူးစေသတည်း။ **စားချင်လျက်မစားရတတ်၊ သောက်ချင်လျက် မသောက်ရတတ်၊ ဘုရားတကာကာ မချွတ်နိုင်သော** ပြိတ္တာကြီးလျှင် ဖြစ်စေသတည်း။]

## ၁၂၊၁၀၈။ ဖွားစော(မိဖုရားစော) [သက္ကရာဇ် ၆၀၃] မိဖုရားစော(မြောက်ဂူနီဘုရား)ကျောက်စာ

၁၂၊၁၀၈၊၁။

၁ "။ ။ နမော ရတနတ္တယဿ။ ။ဇြီတြိဘဝနာဒိတျပဝရ ဓမ္မရာဇာဓိရာဇဒေါနပတိ
၂ နရသိဃ်ဥဇ္ဇနာမည်သော တြျာမင်ဇအ် ပယ်မျာကြိ။ သိဃ်ပတိနှင် တြျာဖျာဇအ်မိဖွာ
၃ အမိပုဟ်ါစာဝ်သည်။ သင်သရာဆိုဝ်ငြာယ်မှ ထွက်မ္လောက်လိုဝ်သောငှာ။ နိရဗန်ကိုဝ် မျက်မှောက်**ကၠွင်ကာ**မူရ

၄ လိုဝ်သောငှာ။ ကူပုဟ်ိာလ္ပူဧအာ်။ ။ သကရစ် ၆၀၃ ခု။
စယ်နှစ်။ ကုဆုန်လပ္ဆည် ဗုဒ္ဓဟူနိယ္ဟ်နို်က် လ္ဟတ်
၅ ဧအာ်။”

[**နမော ရတနတ္တယာသ**။ **ဗြီတြိဘဝနာဒိတျပဝရ ဓမ္မရာဇာဓိရာဇဒေါနပတိ နရသိဃ်ဥစ္စနာ** မည်သော တရားမင်း၏ **ပယ်မယားကြီး**၊ သိဃ်ပတိနှင့် တရဖျား၏ မိဖွား အမိဖုရားစောသည် သံသရာဆင်းရဲမှ ထွက်မြောက် လိုသောငှာ၊ နေရပန်ကို **မျက်မှောက်ကာက်ာမူ**ရလိုသော ငှာ ဂူဘုရားပြု၏။ သက္ကရာဇ် ၆၀၃ ခု ဇေယျနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၌ လွှတ်၏။]

၁၊၂၊၁၀၈၊၂။

၁၃ “ပရိက္ခာရာကာ။ ဩက်ပုဟ်ိာသင်ကန်တာဝ် **တုယင်**
၁။ **တန်ကျတ်** ၁။ အထက်ပုဟ်ိာသင်ကန်
၁၄ တာဝ်တန်ကျတ်ရိယ်၁။ **ရှုယ်သလဝန်** ၁။ ဉှိမ်ရာတာဝ်
နက် ပူစင်တံတိုင် ၁။ **ခံတင်မွန်** ၁။ **ခင်နို ဦ**အစုံ။
ကွံချပ် ၁
၁၅ ကြိယ်ဆီမီတိုင် ကြိယ်ပြဝ်တို့္ဆ်။ **ကြိယ်ကြာ**ကြိ ၁။
ခောင်လောင်ဆွယ်သော**ဆင်ကြာ** ၁။ ရှုယ်သပိတ်
ငုယ်သပိတ်
၁၆ ကြိယ်ပွယ် ၂ခု။ လင်ပန် ၂ လ္ခပ် ခွက် ၅ဥပ်။
**စာလောင်**ကြိ ၁။ **နရည်စြာ** ၈လ္ခပ်။ နောင်နင် ၉
လ္ခပ်။ ခွက်ခွ
၁၇ င်သုံဆူ ချူ ၃ဆူ။ ။”

[**ပရိက္ခရာ**ကား အောက်ဘုရား **သင်္ကန်းတော် ဒုယင်** ၁၊ **တန်ကျစ်** ၁၊ အထက်ဘုရား သင်္ကန်းတော် တန်ကျစ် ရေး ၁၊ **ရွှေသလွန်** ၁၊ **အိမ်ရာတော်နက် ပုစင်တံတိုင်း** ၁၊ **ခုတင်မွန်** ၁၊ **ခင်းနှီး အုံးအစုံ**၊ **ကွမ်းချပ်** ၁၊ **ကြေးဆီမီးတိုင်**၊ **ကြေးပြဲတို့**၊ **ကြေးကရားကြီး**၁၊

**ခေါင်းလောင်းဆွဲသော ဆင်ကရား** ၁၊ **ရွှေသပိတ် ငွေသပိတ်**၊ **ကြေးပွဲ** ၂ခု၊ **လင်ပန်း** ၂ချပ်၊ **ခွက်** ၅ **အုပ်၊ စလောင်းကြီး** ၁၊ **နရည်းစရာ** ၈ချပ်၊ **နှောင်နှင်** ၉ချပ်၊ **ခွက်ခွင်း**သုံး**ဆူ၊ ချူ** ၃**ဆူ**။]

၁၂၁၁၀၈၁၃။

၂၁ …"ဤယ်ဘလှူ

၂၂ သောကူကျောင်ဇာအ် ကျွန် လယ် နွား ဥယန်ခပင်သကာ ထေရ်သို့ င်လှူင် ဆင်ခြင်စိယ်သတေ။ ကူ ကျောင် ဓမ္မသာ ပျက်သောလေ

၂၃ ပ္ပုစိယ်သတေ။ စာသင် ၁၀တိုက်သောလေ တစ်လ ၅ တင် ပိယ်စိယ်သတေ။ ဝသိုဝ် ဝခောင် ဝက္လွတ် ကုဆုန်လပ္ပ

၂၄ ည် ဤယ်လိယ်ခာသော စုရာင်ကြီ ပုစဝ်စိယ်သတေ။ တစ်ခာသောဆန်တစ်တင်ခွယ်တေ စပါတွက်ကာ ၄တ

၂၅ င်။ သစ်သီကွဲဖိုဝ်ခပင်စုံ စပါ ၆တင်။ အပေါင် စပါ ၁၀ပိယ်စိယ်သတေ။ တစ်နှစ်ကွသော စပါ ၄၀။ ဝတွင် တ

၂၆ စ်သတင်သော ဆန့်ို ၃ပြည်။ ဆန့်ဖွူတစ်တုံ။ သံပုတ်ကြီ တစ်ခု မပြတ်ပ္ပုစိယ်သတေ။ စပါတွက်သောကာ တစ်တ သော ၇တ

၂၇ င် တစ်စိတ်တေ။ ဝတွင် သတင်တိုင် တြျာဆုလေ အထက်တစ်တင်။ ဩက်တစ်ခွယ်။ ကွဲဖိုဝ် တစ်သတင် တစ်ပြည်။ အပေါ

၂၈ င် ၂၀ **တစ္စိတ်**တစ်ပြည်။ နိယ်တိုင်ချက်သော သံပုတ်ဝတ် တစ်နိယ် ဆန် ၃ပြည်။ စပါတွက်ကာ ဆန် ၃ပြည်။ ဟင်ဖိုဝ်ကွဲ

၂၉ ဖိုဝ်ခပင်စုံ တစ်နိယ်သော စပါ ၁၀ပြည်။ တစ်လသောစပါ ၁၈တင် ၃ စိတ်။ တစ်နှစ်သော ၂၂၅ တင်။ ပုဟာသို့ င် ကွဲဝ

၃၀ တ် တစ်နိယ် ကွံသီ ၁၀။ တစ်လ ၃၀၀ တစ်နှစ် ၃၆၀၀။”

[ဤငါလှူသော ဂူကျောင်း၏ ကျွန်၊ လယ်၊ နွား၊ ဥယျာဉ်ခပင်းသည်ကား **ထေရ်သခင်လျှင် ဆင်ခြင်စေသတည်း။** ဂူကျောင်းဓမ္မသာပျက်သောလည်း ပြုစေသတည်း။ **စာသင် ၁၀တိုက်**သောလည်း တစ်လ ၅တင်း ပေးစေသတည်း။ **ဝါဆို၊ ဝါခေါင်၊ ဝါကျွတ်၊ ကဆုန်လပြည့် ဤလေးခါသော စုရင်းကြီးပူဇော်စေသတည်း။** တစ်ခါသော **ဆန်တစ်တင်းခွဲ**တည်း။ စပါးတွက်ကား ၄တင်း၊ **သစ်သီးကွမ်းဖိုး**ခပင်းစုံ စပါး ၆တင်း၊ အပေါင်း စပါး ၁၀ ပေးစေသတည်း။ တစ်နှစ်ကျသော စပါး၄၀၊ ဝါတွင်း တစ်သီတင်းသော **ဆန်နီ ၃ပြည်**၊ **ဆန်ဖြူ**တစ်**တုံ**၊ သင်ပုတ်ကြီးတစ်ခု မပြတ်ပြုစေသတည်း။ စပါးတွက်သောကား **တစ်ဝါ**သော ၇တင်း **တစ်စိတ်**တည်း။ **ဝါတွင်း** သီတင်းတိုင်း တရားဆုလည်း အထက်တစ်တင်း၊ အောက် **တစ်ခွဲ**၊ ကွမ်းဖိုးတစ်သီတင်း တစ်ပြည်၊ အပေါင်း ၂၀ တစ်စိတ်တစ်ပြည်၊ **နေ့တိုင်း** ချက်သော သင်ပုတ်ဝတ် တစ်နေ့ ဆန် ၃ပြည်၊ စပါးတွက်ကား ဆန် ၃ပြည်*၊ **ဟင်းဖိုး ကွမ်းဖိုး** ခပင်းစုံ **တစ်နေ့**သော စပါး ၁၀ပြည်၊ **တစ်လ**သောစပါး ၁၈တင်း ၃စိတ်၊ **တစ်နှစ်**သော ၂၂၅တင်း၊ ဘုရားသခင် **ကွမ်းဝတ်** တစ်နေ့ ကွမ်းသီး ၁၀၊ တစ်လ ၃၀၀၊ တစ်နှစ် ၃၆၀၀။]

၁၂၁၀၈၄။

၃၁ “ကူဤပ်သော ပုဟ်ိါကျွန် စည်သည် ပန်တျာ နရည်စရာ သည်ခပင်စုံကွေ

၃၂ သော စပါ ၁၃၅ တင် ဤယ်မှျသောစပါတွင် သံကောက်

---

* စပါး ၈ပြည် (?)

သည် ၂တင် **နရည်**စရာသည် **နရာည်**စရာစည်သည်
တ
၃၃ စ်တင်တစ်တင် နရာည်စရာခွက်ခွင်သည် တစ်ခွယ် ဂူ
ဤပ် ၄ယောက် တစ်ခွယ်တစ်ခွယ် စည်သည် အသ
၃၄ က်ကြီ ပန်တျာအသက်ကြီ ဤယ် ၂ယောက်သောကာ
တစ်တင်၂ ထိုဝ်အကြိယ်သော စည်သည်က်ာ ၃စိတ်
၃၅ ပိယ်စိယ်သတေ ထိုဝ်ကြွင်သောစည်သည် ပန်တျာကာ
တစ်ခွယ်တစ်စိတ် ဆင်ခြင်ရှယ်ပိယ် ဤယ်စပါ ၁၃၅
၃၆ တင်ကာ နှစ်တိုင်အက္လှမူစိယ်သတေ စိုဝ်သောသူဟူလေ
မစာပါစိယ်သတေ။ ဂူ စပါအက္လှ အပေါင်ကြီ ၄၂၇
ခွယ်။ ဝ ။”

[**ဂူအိပ်သော** ဘုရားကျွန်၊ **စည်သည်**၊ ပန်တျာ၊ **နရည်းစရာသည်** ခပင်းစုံကျသော စပါး ၁၃၅တင်း၊ ဤမျှသော စပါးတွင်**သံကောက်သည်** ၂တင်း၊ နရည်းစရာသည်၊ **နရည်းစရာစည်သည်** တစ်တင်း တစ်တင်း၊ **နရည်းစရာခွက်ခွင်းသည် တစ်ခွဲ**၊ **ဂူအိပ်** ၄ယောက် တစ်ခွဲတစ်ခွဲ၊ **စည်သည်အသက်ကြီး**၊ **ပန်တျာ အသက်ကြီး** ဤနှစ်ယောက်သောကား တစ်တင်းတစ်တင်း၊ ထို**အကြေ**သော စည်သည်ကား ၃စိတ် ပေးစေသတည်း။ ထိုကြွင်းသော စည်သည်၊ ပန်တျာကား တစ်ခွဲတစ်စိတ် ဆင်ခြင်၍ပေး။ ဤစပါး ၁၃၅တင်းကား **နှစ်တိုင်းအကျမူစေသတည်း။ စိုးသောသူဟူလည်း မစားပါစေသတည်း။ ဂူစပါးအကျ အပေါင်းကြီး** ၄၂၇ခွဲ။]

၁၂၊၁၀၉။ **သခင်ဖွားကြီးမြေးစိုးမင်း [သက္ကရာဇ် ၆ဝ၃]**
**လက်ပွတ်ကန်ဘုရားကျောက်စာ (မျက်နှာဘက်)**

၂၁ “ပုစု ၁။ အမှူရ ၁၃။ မြက်ရ ၈။ စတတ် ၁၄။”

[**ပုစု** ၁၊ **အမှူရ** ၁၃၊ **မြက်ရ** ၈၊ **စတတ်** ၁၄။]

၁၊၂၊၁၁၀။ **ဖွားစော(အမိဖုရားစော) [သက္ကရာဇ် ၆၀၃]**
**ရွှေစည်းခုံဘုရားကျောက်စာ**

၁၀ "လယ် ၁၀၀သော အနက်ကာ။ တနိယ်သော ဆန် ၃ပြည် သံပုတ်တ
၁၁ င်စိယ်သတေ။ ဆမိ ၃ခု၊ ကွံ ၃ယာတင်စိယ်သတေ။ ဇတပေဒ်ာ ဂုဏ
၁၂ ညာနသိဒိနှင်။ ဇတူပညာရာသိ ဇကိုဝ်စာ မပြတ် လုပ်ကွ္ဍည်
၁၃ ရစ်စိယ်သတေ။ ပုရှာကျွန် ၅ယောက် ချင်နှစ် အမိန် နာပစိယ်
၁၄ သတေ။ လယ်လေ ချင်နှစ်ကိုဝ် သိမ်ရစ်စိယ်သတေ။ အမိပုရှာမိကို
၁၅ ဝ်လေခဝ်ရယ် ရိယ်သွန်စိယ်၏။ ဂုဏာညာနသိဒ္ဓိနှင်။ ပညာရ
၁၆ သိကိုဝ်လေ။ နှင်(ခတ်)၏။ **စူလာမနိယ်**ပုရှာကျွန် သူကြီတန်မွံ
၁၇ ကိုဝ်လေမှာခ၏။ သင်မဟာ**ပန်နိတ်**ကိုဝ်လေမှာခ၏။ သင်ဝရခ
၁၈ မွဂုရု။ **ဥတ်တမညာနဂုရု။ အစလည်န်။** ဤဇချင် ၂ယောက်သော
၁၉ ကိုဝ် လိယ်မျက်နှာမှာ သူတိုဝ်ညွန်ဆယ်ရစ်မူကာ။ သင်တို သုံယော
၂၀ က်အရိယ်အရံ ယူပရစ်**လသိယ်**ဟု မှာခ၏။"

["လယ် ၁၀၀သောအနက်ကား တစ်နေ့သော် ဆန် ၃ပြည် **သင်ပုတ်တင်**စေသတည်း။ ဆီမီး ၃ခု၊ **ကွမ်း ၃ယာ** တင်စေသတည်း။ **ငါ့တပည့်** ဂုဏာဉာဏသိဒ္ဓိနှင့် ငါ့တူ ပညာရာသိ ငါ့ကိုယ်စား **မပြတ်**လုပ်ကျွေးရစ်စေ

သတည်း။ ဘုရားကျွန် ၅ယောက် **ချင်းနှစ် အမိန့်နာပ** **စေ**သတည်း။ လယ်လည်း ချင်းနှစ်ကို **သိမ်းရစ်စေ** သတည်း။" အမိဖုရားမိကိုလည်း**ခေါ်**၍ **ရေသွန်းစေ**၏။ ဂုဏာဉာဏာသိဒ္ဓိနှင့် ပညာရာသိကိုလည်း နှင်း(ခ)၏။ စူဠာမဏိ ဘုရားကျွန်သူကြီးတန်မွမ်းကိုလည်း မှာခ၏။ သင်မဟာပဏ္ဍိတ်ကိုလည်း မှာခ၏။ "သင်ဝရဓမ္မဂုရု၊ ဥတ္တမဉာဏဂုရု၊ အစလဉာဏ် ဤငါ့ချင်း ၂ယောက်သော ကို လေးမျက်နှာမှာ သူတို့ညှဉ်းဆဲရစ်မူကား သင်တို့ သုံးယောက် အရေးအရံ ယူပါရစ်**လတ်သေး**"ဟု မှာခ ၏။]

၁၂၊၁၁၁။ **ညောင်ရမ်းကြီးသမီး [သက္ကရာဇ် ၆၀၄]**
**ညောင်ရမ်းကြီးသမီးအိမ်ရာကျောင်းကျောက်စာ (ပုံ ၁၄၄)**

၁၂၊၁၁၁၊၁။

၁ "**။ ။ နမော ဗုဒ္ဓါယ။ ဓမ္မာယ။ သဃ်ာယာတိ**
**။ ။**"

**[နမော ဗုဒ္ဓါယ၊ ဓမ္မာယ၊ သံဃာယာတိ။]**

၁၂၊၁၁၁၊၂။

၁၇ ..."အတိုဝ်သွိင်မင်ကကာ်သူ ပျံတ်ာ
၁၈ မူပြီသော အမုယ်ဟု သွိင်နောင်မင်ရာဇာသူ ယူလိယ်သော
**မြင်ကီ**ကျွန်ကိုဝ်။ ဝာရင်တုတ်လဲနှင်အငီ ပုရှာကိုဝ် သွိင်
ရာဇာသူ လှူလတ်တုံသော မြင်ကီကျွန်စါရင် ၁၀
၁၉ ကိပ်။"

[**အတို့သခင်မင်းကကာ်သူ** ပျံတော်မူပြီးသော် **အမွေဟု** **သခင်နောင်မင်းရာဇသူ** ယူလေသော **မြင်းကျီကျွန်**ကို **ဝါးရင်းတုတ်**လယ်**နှင့်အညီ** ဘုရားကို သခင်ရာဇသူ လှူလတ်တုံသော မြင်းကျီကျွန်စာရင်း ၁၀ကျိပ်။]

၁၂၊၁၁၁၃။

၂၃ "ပျူမောင်မအိုအ်လ္ပည်သင်ကျွန် အိုအ်ထက်လ္ပည် ၁။ အယင်
**အဥပ်အဖဝ်**ခပင်အကုန်။ ။"

[**ပျူမောင်းမ**အိုပြည်သင်ကျွန် အိုထက်ပြည် ၁၊ အယင်း
**အအုပ်အဖော်**ခပင်းအကုန်။]

၁၂၊၁၁၁၄။

၁၂၊၁၄၀၁။

၂၆ ... "ဤယ်ဇလှျုသော
၂၇ ကျွန်လဲတိုဝ်တွင် ကျွန်ၵယောက် လဲ ၁ပဲသောကိုဝ်တေ။
ဇဆုယ်တွကျ်င်လည်ကောင် ငသို္ငမင်ဇအဆုယ်တွင်ကျင်
လသ္တောင် ပ္လသ္မီလည်ကောင် ရဟာန်လည်ကောင် လူလည်
၂၈ ကောင် မိယ်မွလည်ကောင် **ယောက္ကျာ**လည်ကောင်။
လုစလတ်သော နိုင်ထက်မူလတ်သောသူကာ။ လူတွင်
ဖုန်မကြီစိယ် အသက်မရှည်စိယ္သ်တေ။ မင်ကြီ**ဖိုယ်ဖျ
တန်ကြီ**
၂၉ သဵစိယ္သ်တေ။ မီဖိုယ် ရိယ်ဖိုယ် **မုကြိုဝ်** ပုဆိန်ဖိုယ်
ဆင်ဖိုယ် မြင်ဖိုယ် မြုယ်ဖိုယ် သစ်က္လာလဝံဖိုယ် သမာ
ကုရုယ်မတတ်ရျာသော အနာဖိုယ်ကြီစွာ၂ လျှသ်ရိ်ုယ်
ဖတ္တာလတ်
၃၀ သိယ်စိယ္သ်တေ။ သုခဲအန်ရုယ် သိယ်စိယ္သ်တေ။ သိယ္သော်
လေ အဝိစိယ်မည်သောငြယ်ကြီလျှကျ်ကျ်စိယ္သ်တေ။ ပုရှာ
အ္လဖွစ်၂လေ မဖူစိယ္သ်တေ။ **ကံမာ**အာ လူဖ္လစ်ငြာတုံသော
လေ
၃၁ ။နူသောဝယ်သော ကီသောကန်သော နာပသော် အသော
ရူသော တုံလိုသော ခြိယ်လက်တိုဝ်သော နာန္ဟာခေါင်
တိုဝ်သော ပုဆိုဝ်ခြိလည်လျှင်ပတ်ရုယ် ဖုန်စသောလေ
မစာရတတ်သော လူတွ
၃၂ င် သူမခံသော ကြံမာခံသောလူပြိတ္တာလျှင် **ဖ္လစိယ္သ်**တေ။"

[ဤငါလှူသော ကျွန်၊ လယ်တို့တွင် ကျွန် ၁ယောက်၊ လယ်၁ပယ်သောကိုတည်း ငါ့ဆွေတွင်ကျင်လည်းကောင်း၊ ငါ့သခင်မင်း၏အဆွေတွင်ကျင်လည်းကောင်း၊ **ပြင်သူ**လည်းကောင်း၊ ရဟန်းလည်းကောင်း၊ လူလည်းကောင်း၊ မိန်းမလည်းကောင်း၊ ယောကျ်ားလည်းကောင်း၊ လုစားလတ်သော၊ **နိုင်ထက်မူလတ်သောသူ**ကား လူတွင် ဘုန်းမကြီးစေ၊ အသက်မရှည်စေသတည်း။ **မင်းကြီးဘေးဘျမ်းဒဏ်ကြီး** သင့်စေသတည်း။ မီးဘေး၊ ရေဘေး၊ **မိုးကြိုးပုဆိန်**ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ **သစ် ကျား လူဝံ**ဘေး၊ **သမားကု၍ မတတ်ရာသော အနာ**ဘေးကြီးစွာစွာလျှင်သင့်၍ **ဖတ္တလတ်**သေစေသတည်း။ **သွေးခဲအန်**၍သေစေသတည်း။ သေသောလည်း အဝီစိမည်သောငရဲကြီးလျှင် ကျက်စေသတည်း။ ဘုရားအဖြစ်ဖြစ်လည်း မဖူးစေသတည်း။ **ကြမ္မာအား လူဖြစ်ငြားတုံ**သောလည်း နူသော ဝဲသော၊ ကျိုးသော ကန်းသော၊ **နားပင်း**သော၊ **အ**သော၊ **ရူး**သော၊ **တုံလို**သော၊ ခြေလက်တိုသော၊ နား နှာခေါင်းတိုသော၊ **ပုဆိုးခြမ်းလည်လျှင်ပတ်၍ ဖုန်းစားသော**လည်း မစားရတတ်သော၊ လူတွင် သူမခံသော **ကြမ္မာခံသော** လူပြိတ္တာလျှင် ဖြစ်စေသတည်း။]

၁၂၊၁၁၁၅။

၃၂ "ရတနာ ၃ပါသောကိုဝ် အရိယ်အရံယူသော ထောက်ပင်
၃၃ **သင်ကြိုလ်**သောသူကာ။ ဤယ်ဇလ္လူသော ဇလှူသော
ကောင်မှု၏ အကျ္လိုဝ်သည်။ ငလင်သွိင်မင်ရစံသော ဇရစံ
သောအကျ္လိုဝ်နှင် ထပ်တူလျှင် ရစစိယ္သ်တေ။"

[ရတနာ ၃ပါးသောကို အရေးအရံယူသော၊ **ထောက်ပင့်သင်္ဂြိုဟ်**သောသူကား ဤငါပြုသော၊ ငါလှူသော

ကောင်းမှု၏ အကျိုးသည် **ငါ့လင်သခင်မင်းရစုံသော**၊ ငါရစုံသောအကျိုးနှင့် ထပ်တူလျှင် ရစေသတည်း။]

### ၁၂၊၁၁၂။ **ညောင်ရမ်းကြီးသမီး [သက္ကရာဇ် ၆၀၄] ညောင်ရမ်းကြီးသမီးအိမ်ရာကျောင်းကျောက်စာ (ပုံ ၁၄၃က)**

၁၂၊၁၁၂၊၁။

၁ "သကရစ် ၆၀၄ ခု။ ပိသျက်နှစ်။ နတ်
၂ **တာ်**လဆုတ် ၁၄ရျက် သတင်ကြသပတိယ်နိယ္သ်။ အတိုဝ် သ္ခိင်မင်ကက်သူ ပျံတာ်မူဧအ်။ ပျံတာ်မူပြီဧ=
၃ ။ပ္လသိုဝ်လဆန် ၃ရျက် တန်နှင်ကုနယ်နိယ္သ်။ အတိုဝ်သ္ခိင် မင်မိယာ ညောင်ရံကြီသ္မီတေ။ အတည်မယ္သ်သောတ
၄ ရျာကိုဝ် ထိတ်လ္သန်လတ်ရယ္သ်။ မိမိလင် နတ်ရွာလာသော မင်ကိုဝ်လေ မ္လတ်နိုဝ်စွာလ္ဖစ်ရယ္သ်။ ပုရှာ တြျာ သ
၅ ဃ်ာရတနာ ၃ပါသောကိုဝ် ရည်ရယ္သ်။ အရပ် ၃ပါ သာသနာတည်အံဟူရယ္သ် အလှုုရိယ်လ္ခဧအ်။ အရပ် ၃
၆ ပါဟူသကာ အတိတ္ကိုဝ်**နှေ**ဟူမူကာ။ ဉာ်ယ်ငသ္ခိင်မင်နှင် ဇာနိယ်သော **က္လုံရာ**က္လောင် ၁ပါ။ သ္ခိင်မ
၇ ဟာကဿပဧအ် တာ်က္လောင်၁ပါ။ မင်မိကြီအိုထက်ပ္လည် သင် က္လုံရာက္လောင်၁ပါ။ ဉာ်ယ်၃ပါသော
၈ တွင်။ ငသ္ခိင်မင်နှင်ဇာနိယ်သော ဉာ်ယ်က္လုံရာနှိုက်ပ္လုသော က္လောင်။ ပုရှာ။ တြျာ။ သဃ်ာ။ ရတနာ ၃ပါ
၉ သောကိုဝ် ပိယ်သော လှုုသောကာ။ ပုရှာလောင်ကြီ စည်သူမင် သ္ခိင်ကက်သူကိုဝ် ပိယ်တာ်မူသော။ ခန်တီလဲ
၁၀ အပယ် ၂၀၀။"

[သက္ကရာဇ် ၆၀၄ ခု ဝိသာခါနှစ်၊ နတ်တော်လဆုတ် ၁၄ရက်၊ သီတင်း ကြာသပတေးနေ့၊ အတို့သခင်မင်း ကက်သူ ပျံတော်မူ၏။ ပျံတော်မူပြီ**အေ** ပြာသိုလဆန်း ၃ရက်၊ တနင်္ဂနွေနေ့ အတို့သခင် မင်းမယား ညောင်ရမ်း

ကြီးသမီးတည်း **အတည်မဲ့သောတရားကို ထိတ်လန့်လတ်၍၊ မိမိလင် နတ်ရွာလားသောမင်းကိုလည်း မြတ်နိုးစွာဖြစ်၍၊ ဘုရား တရား သံဃာ ရတနာ ၃ပါးသောကိုရည်၍၊ အရပ် ၃ပါး သာသနာတည်အံ့ဟူ၍ အလှူရေချ၏။** အရပ်၃ပါးဟူသကား **အတီတို့နည်းဟူမူကား** ဤငါ့သခင်မင်းနှင့် ငါနေသော **အိမ်ရာကျောင်း ၁ပါး**၊ သခင်မဟာကဿပ၏ **တောကျောင်း** ၁ပါး၊ မင်းမိကြီး အိုထက်ပြည့်သင် အိမ်ရာကျောင်း ၁ပါး။ ဤ ၃ပါးသောတွင် ငါ့သခင်မင်းနှင့် ငါနေသော ဤအိမ်ရာ၌ပြုသောကျောင်း ဘုရား တရား သံဃာ ရတနာ ၃ပါးသောကို ပေးသော လှူသောကား ဘုရားလောင်းကြီးစည်သူမင်း သခင်ကက်သူကို ပေးတော်မူသော **ခန္တီး**လယ် အပယ်၂၀၀။]

၁၊၂၊၁၁၂၊၂။

၂၁ "က္လယ်လဲတွင်ခန်တီလယ် ၁၀။ ခောက်နန်လဲ ၁၀
၂၂ က္လယ်လဲ ၂၀သကာ။ ပုရှာ။ တြျာ။ သဃ်ာ။ က္လယ်ရတနာ
သုံပါသောကိုဝ် လုပ်က္လည်တတ်သောသူ။ အရျာသ္ခိင်တို
၂၃ ဝ်ကိုဝ် သင်ကြတတ်သောသူ။ က္လယ်ကျ္လောင်နှိုက်**အငှါမူ**
သောသ္ခိင်ဇအ် အမိန်အဟုကိုဝ် ခံပိယ်တတ်သော သူစုတ်
ကာ။
၂၄ ယောက္ယျာလသ္ကောင်။ မိယ်မလသ္ကောင်။ သဃ်ာလသ္ကောင်။
လူလသ္ကောင်။ ၁ယောက်ဟူ ၁ယောက်သိုဝ် ၂ယော
၂၅ က်ဟူ ၂ယောက်သိုဝ် ၃ယောက် ၃ယောက်သိုဝ်။ အမှု
ရမရသော အတန်အတန် ဆင်ခြင်ရှယ် စါစိယ်ဇအ်။
အပ္လွစ်မဟိစိယ်သတော။
၂၆ လယ်ကျွန်အလုံကာ ထေရသ္ခိင်လျှင် စိုဝ်စိယ္သ်တော။ စာ
သက်ာ ၇ယောက်တော။"

[ဤလယ်တွင် ခန္တီးလယ် ၁၀၊ **ခေါက်နန်**လယ် ၁၀ ဤလယ် ၂၀သကား ဘုရား တရား သံဃာ ဤရတနာ သုံးပါးသောကို လုပ်ကျွေးတတ်သောသူ၊ အရိယာသခင် တို့ကို သင့်ကြတတ်သောသူ၊ ဤကျောင်း၌ **အမျုးမူ**သော သခင်၏ **အမိန့်အဟူ**ကို ခံပေတတ်သော **သူစုတ်**ကား ယောကျာ်းလည်းကောင်း၊ မိန်းမလည်းကောင်း၊ သံဃာ လည်းကောင်း၊ လူလည်းကောင်း **၁ယောက်ဟူ ၁ ယောက်သို့၊ ၂ယောက်ဟူ ၂ယောက်သို့၊ ၃ယောက် ၃ယောက်သို့ အမှုရမရသော အတန်အတန် ဆင်ခြင် ၍** စားစေ၏။ အပြစ်မရှိစေသတည်း။ လယ်ကျွန်**အလုံး**ကား ထေရသခင်လျှင် စိုးစေသတည်း။ စာသင်ကား ၇ယောက်တည်း။]

၁၂၊၁၁၂၃။

၂၆ “ဤယ်ဇာလှျုသော လဲ ကျွန်တို္ဓတွင် လဲ ၁ပဲ ကျွန် ၁ယောက်သော

၂၇ ကိုဝ်တေ။ လုစလတ်သော နိုင်ထက်ဖျက်ဆီလတ်သော သူကာ။ မွှစ်ဩက်ဖက်မှသော ကွှောက်စာတွင် ဖုန်မကြီ စိယ် အသက်မရှည်စိယ္သတေ

၂၈ ဟုသကစသော မျာစွာသော ဇာကိန်သော အကိန်သင် ရုယ်။ ဦခောထ်ာရာမသီ ပျက်စီပြုန္တိရုယ် နှစ်မကူ လမ္ပ္လန် ကြီစွာ၂သော ဖိုယ်ဖျံရောက်ရုယ် သိယ်စိယ်

၂၉ သတေ။ ။”

[ဤငါလှူသော လယ်၊ ကျွန်တို့တွင် လယ် ၁ပယ်၊ ကျွန် ၁ယောက်သောကိုတည်း လုစားလတ်သော၊ **နိုင်ထက်ဖျက်ဆီး**လတ်သောသူကား မြေခြောက်ဘက်မှ သောကျောက်စာတွင် ဘုန်းမကြီးစေ၊ အသက်မရှည် စေသတည်း ဟူသည်ကစသော များစွာသော ငါကျိန်သော **အကျိန်သင့်**၍ **ဦးခေါင်းထားရာမသီး**၊ ပျက်စီးပြုန်းတီး

၍ **နှစ်မကူးလမပြန်** ကြီးစွာစွာသော ဘေးဘျမ်းရောက်၍ သေစေသတည်း။]

၁၂၊၁၁၃။ **ညောင်ရမ်းကြီးသမီး [သက္ကရာဇ် ၆၀၄] ညောင်ရမ်းကြီးသမီး ရှင်မဟာကဿပတောကျောင်း ကျောက်စာ**

၁၂၊၁၁၃၊၁။

၂ "သိခင်ကာက်သူမိယာကာ အမိမျှိုဝ် အဖမျှို ၇ဆက်။

၃ **ကြယ်ရာယ်**ရာမဟိယ် မွတ်စွာသောအမျှိုဝ်တေ သိခင် ညောင်ရမ်ကြီသမီ။ မိမိအသက်နှင့်တူသော။ မျက်စိယ်

၄ မျက်ဆန်နှင်တူသော မိမိချတ်စွာသောလင်။ အတိုဝ်သိခင် ကာက်သူ**ပျမ်တ်ဝ်မူ**ခရကာ အတည်မဟိယ်သော တရျာ ကိုဝ်သိရယ် ထိတ်လန်ရယ် ရ

၅ တနာ ၃ပါကိုဝ်ရည်ရယ် အရပ် ၃ပါပ္ပူသတေ ဤလူတွင် နှိုက် အတိုင်မသိ**သတ်ထာ**စွာသော ကြည်ညိုဝ်စွာသော **နှစ်လုမ်**ဖ္ဖစ်လတ်ရယ် ကောင်မူအကျို

၆ ကာ ပျမ်ခသော ဇာသိခင် ၁ယောက် ဇာမိခင် ၁ယောက် ဇာခမည် ၁ယောက် ဤသူ ၃ယောက် ရစစိယ်သတေ ဟူရယ် အရပ် ၃ပါကိုဝ်တည်သတေ။"

[သခင်ကာက်သူမယားကား **အမိမျိုး အဖမျိုး ၇ဆက် ကဲ့ရဲ့ရာမရှိ မြတ်စွာသောအမျိုးတည်း**။ သခင် ညောင်ရမ်းကြီးသမီး **မိမိအသက်နှင့်တူသော၊ မျက်စိ မျက်ဆန်နှင့်တူသော မိမိချစ်စွာသောလင်**၊ အတို့သခင် ကာက်သူ ပုံတော်မူခရကား **အတည်မရှိသော တရားကို သိ၍၊ ထိတ်လန့်၍၊ ရတနာ ၃ပါးကိုရည်၍ အရပ် ၃ပါး ပြုသတည်း**။ ဤလူတွင်၌ **အတိုင်းမသိ သဒ္ဓါ စွာသော၊ ကြည်ညိုစွာသောနှလုံးဖြစ်လတ်၍** ကောင်းမှု အကျိုးကား ပုံခသော ငါ့သခင် ၁ယောက်၊ ငါ့မိခင်

၁ယောက်၊ ငါ့ခမည်း ၁ ယောက် ဤသူ ၃ ယောက် ရစစေသတည်းဟူ၍ အရပ် ၃ပါးကိုတည်သတည်း။]

၁၂၊၁၁၃၊၂။

၆ …“သာသနာ
၇ အထောက်အပ္ငံ့ဖ္စ်ရှ္ဉ်ရကာ အတွင်သောဥတ်စာ **ပတ်
တမြာ**စသော ရွှယ်မ္ဝတ်၉ပါ ရှူယ် ငုယ် ကြိယ်နိ
ကြိယ်ဖ္လု သံ သလွယ် **ကုန်လေါက်** အပသော
၈ ဥတ်စာကာ လိုယ် ဆင် နွာ ကွ္လယ် ဆိတ် ဆင်စွယ်
စသော **သတ်တဝ** ကျွန် ရွာ မဟာတန်လယ္ဍ်။
ဥယန် ဤမျှသောဥတ်စာကိုဝ် ပုရှာသိခင် သာသနာလှ္ယ
၉ င် တပ်ရာမယ် စွန်ကြယ္ဍ်သောမုရှယ် ၃ပါသောအရပ်
ကိုဝ် အဖ္ဍိ္ဂ် အဖ္ဍိ္ဂ် ခွယ်ဝုယ်သောမူလတ်ရှယ် မ္လိယ်ကြီ
**အသုန်တရိယ်**လှ္ယင် သက်သိယ်မူလတ်ရှယ် အ
၁၀ လှ္ယုရိယ်သွှာန်ဇအ်။ ။”

[သာသနာအထောက်အပင့်ဖြစ်ချင်ရကား **အတွင်းသော ဥစ္စာ ပတ္တမြားစသော ရွှဲမြုတ် ၉ပါး၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဖြူ၊ သံ၊ သလွဲ၊ ခနောက်။ အပသော ဥစ္စာကား လှေ၊ ဆင်၊ နွား၊ ကျွဲ၊ ဆိတ်၊ ဆင်စွယ် စသော သတ္တဝါ၊ ကျွန်၊ ရွာ၊ မဟာဒါန်လယ်၊ ဥယျာဉ်။** ဤမျှသောဥစ္စာကို ဘုရားသခင်သာသနာလျှင် **တပ်ရာမဲ့ စွန့်ကြဲ**သောမူ၍၊ ၃ပါးသောအရပ်ကို **အဖို့ အဖို့ ခွဲဝေသော**မူလတ်၍၊ **မြေကြီးဝသုန္ဒရေလျှင် သက်သေမူလတ်၍** အလှူရေသွန်း၏။]

၁၂၊၁၁၃၊၃။

၁၀ “**တ်ိဝ်**ကျေ္လာင်။ ဤမ်ကျေ္လာင်။ ဇမျက်နှာကျေ္လာင်။
ဤသုံကျေ္လာင်သောတွင်။ မဟာကဿပကျေ္လာင်တွင် တ်ိဝ်
ကျေ္လာင်ကိုဝ်

၁၁ လှူသော။ ဆင်ဦလဲ ၁၀၀သော အလါကာ။ ပုရှာ
လေါင် ရှုယ်ကူတယကာ မောင်မရှုယ်သည်။ ချတ်မမိယ်
သင်။ ချတ်မရ
၁၂ ယ်သင်။ ရောင်ရကာ အတိုဝ်သိခင်မင်ကင်္ကသူ။ ပုရှာ
လေါင် စည်သူမင်လက်ထက်။ **ငုယ်ပျန်** ၂၀၀၀ထောင်နှင်
ဝယ်သ‌ေ
၁၃ တ။ ရှုယ်သည် ချတ်မမိယ်သင်။ ချတ်မရယ်သင်ကာ။
မင်မိကြီတိုင်သည် သိခင်အိုဠ်ထက်ပ္လည်သင်။ **မိထိုယ်
တ်ဝ်**သ‌ေ
၁၄ တ။”

[တောကျောင်း၊ အိမ်ကျောင်း၊ ငါးမျက်နှာကျောင်း ဤ
သုံးကျောင်းသောတွင် မဟာကဿပကျောင်းတွင် တော
ကျောင်းကိုလှူသော **ဆင်ဦးလယ်**၁၀၀သော အလာကား
ဘုရားလောင်း ရွှေဂူဒါယကာ မောင်းမ**ရွှေသည်** ချစ်မမေ့
သင် ချစ်မရဲသင် ရောင်းရကား အတို့သခင်မင်းကင်္ကသူ
ဘုရားလောင်းစည်သူမင်းလက်ထက် **ငွေပျဉ်** ၂၀၀၀
ထောင်နှင့်ဝယ်သတည်း။ ရွှေသည်ချစ်မမေ့သင် ချစ်မရဲသင်
ကား မင်းမိကြီးတိုင်သည် သခင်အို့ထက်ပြည်သင်
**မိထွေး**တော်သတည်း။]

## ၁၂၊၁၁၄။ **သခင်ဖွားကြီးမြေးစိုးမင်း [သက္ကရာဇ် ၆၀၄] လက်ပွတ်ကန်ဘုရားကျောက်စာ (ကျောဘက်)**

၁ “။ ။ သကရစ် ၆၀၄ခု ပီသျက်နှစ် ပ္လသိုဝ်လဆန် ၁၃
ရျက်၊ အတိုဝ်သိုခ်ဖွာကြီမြိ
၂ (ယ်)စိုဝ်မင် မိန်တဝ်မူသော ဇတေ အတည်မယ်သော
တြျာဖွစ်မူကာ ဇစီသော
၃ သန်ရျင်သည် **ကုဟာသည်** ထီသည် **ယန်သ** ခန္တီပေါင်
လေါင်လယ် ၅၀ ကုခန်နှယ်နီလယ် ၅၀ ဤ

၄ ယ်မျှသော ကျွန်လယ်ခပင်သကာ ပုရှာ တြွာ သဃ်ာ ရတနာသုံပါကိုဝ်လျှင် ဘလှူခသတေ။"

[သက္ကရာဇ် ၆၀၄ ခု ဝိသာခါနှစ်၊ ပြာသိုလဆန်း၁၃ရက်၊ အတို့သခင်ဖွားကြီးမြေး စိုးမင်းမိန့်တော်မူသော "ငါတည်း အတည်မဲ့သောတရားဖြစ်မူကား ငါစီးသော **သန်လျင်းသည်၊ ခဝါသည်၊ ထီးသည်၊ ယဉ်သည်၊** ခန္တီး ပေါင်လောင်လယ် ၅၀၊ ကုခန်းနွယ်နီလယ် ၅၀ ဤမျှ သော ကျွန်၊ လယ်ခပင်းသကား ဘုရား တရား သံဃာ ရတနာသုံးပါးကိုလျှင် ငါလှူခသတည်း။"]

## ၁၂၁၁၅။ **ကျစွာမင်းမိထွေးတော် [သက္ကရာဇ် ၆၀၄]**
## **ကျစွာမင်းမိထွေးတော်ကျောင်းကျောက်စာ (မျက်နှာဘက်)**

၂၂ "ပုကံတောင်ဟိယ်သော ကျွန်တ် သိမ်မြိယ်
၂၃ **မဟာတန်**ရသော ကျွန်တိုဝ်ကိုဝ် ဖုရှာလောင်မိထုယ် ဖုန်တဝ်လှူအေ်။ သ္ခ
၂၄ င်ပုကံ ကြောင်အရံတွင်ဟိယ်သော ကုလာကြောင်**တန္တိုင်** ကြောင်ကြီ ကြောင်မြ
၂၅ င်တိုဝ်ကိုဝ်လေ လုပ်ကြွည်စိယ်သော။"

[ပုဂံတောင်ရှိသော ကျွန်တော်၊ **သိမ်၊ မြေ၊ မဟာဒါန်** ရသော ကျွန်တို့ကို ဘုရားလောင်းမိထွေး ဖုန်းတော်လှူ၏။ သခင်ပုဂံ ကျောင်းအရံတွင်ရှိသော ကုလားကျောင်း၊ တံတိုင်း၊ **ကျောင်းကြီး၊ ကျောင်းမြင့်** တို့ကိုလည်း လုပ်ကျွေးစေသော။]

## ၁၂၁၁၆။ **အမိသင်တော်မရှက်သည် [သက္ကရာဇ် ၆၀၅]**
## **ဖိုးကလုန်ဂူဘုရားကျောက်စာ (မျက်နှာဘက်)**

၁ "။ ၀ ။ သကရစ် ၆၀၅ ခု စိဿနှစ် မွှယ်တာလဆုတ် ၆ ရျာက် တနှင်လါနိယ် သ္ခင်အမိ

၂ သင်တဝ်မရှက်သည် မသိယ်မီက မိန်ခအေ်။ ဇာမိဇာဖက
လါသောက္လုန်။ ႘ိယ်ခပင် **က္လည်**
၃ **ရူ**တဝ်ရသော က္လုန်႘ိယ်ခပင်သကာ ဇာလ္ပုသော ကူနိုက်
သော ပုရှာလ္လျင် လှျုသတေ။ ပစ္စပတိယ်မျာ
၄ အိုဠ်ကိယ်တေ ဇာဝနှင်ဇာလျောင်ကိုဝ်။ ဇာဖမှလါသော
က္လုန်တေဟူရှယ် **ခတ်ဠျပ်**လိယ်ရကာ
၅ ။ သ္ခင်မင်မျာပင်ဝှက်သည် နာတဝ်ကြာအေ်။ ယရည်
ရမမ်မျာ အိုကိယ်တေ မရှက်သည် ပုရှာလှျု
၆ ခသက္လုန်ကိုဝ် ဇာဖမှလါသောက္လုန်တိနှင့်ဠ် အသိုဠ်ဟု ပုရှာ
လှျု**ရှမ္ဘ်သနေ့**ဟူရှယ် ခတ်ဠျပ်လိယ်အေ်။
၇ မိန်တဝ်မူအေ်။ မရှက်သည်မသိယ်မီက အယင်မမိန်တယ္ဋ်
မဟိပြိမှ အသိုဝ်ဟုမိန်သနေ့။ **ယနို**
၈ **ယွဠ်**ကစကာ မရှက်သည် ပုရှာလှျုခသောက္လုန်နှင့်ဠ် ႘ိယ်ကိုဝ်
သူအနိုင်အထက်မူဟူမူကာ။ တစ္ဆိ
၉ သော ၃ဆ ၃ဆ တောင်စိယ်သတေဟူရှယ် အမိသင်တဝ်
မဥတ်အာသင်ကိုဝ် ထုယ်တာဝ်တင်အေ်
၁၀ ။ ကြာပါသကာ သ္ခင်စာတဝ်ခ်ိ အိုခ်ိရှာသင်ာ။ သ္ခင်
စခ်ိပိုလ်ာ။ ထံတာဝ်ဟိသော အမိသင်တ
၁၁ ဝ်ခပင် ကြာကုန်အေ်။”

[သက္ကရာဇ် ၆ဝ၅ ခု ဇေဌနှစ်၊ နွယ်တာလဆုတ် ၆ရက်၊ တနင်္လာနေ့ သခင်**အမိသင်တော်** မရှက်သည် မသေမီက မိန့်ခ၏။ “ငါ့မိ၊ ငါ့ဖကလာသော က္လုန်မြေခပင်း၊ **ကျေးဇူးတော်ရသော** က္လုန်မြေခပင်းသကား ငါပြုသော ဂူ၌သော ဘုရားလျှင် လှျုသတည်း။” ပစ္စပတေ့မယား အို့ကေတည်း ငဝနှင့်ငလျောင်ကို “ငါ့ဖမှလာသော က္လုန်တည်း”ဟူ၍ **ခတ်ညှပ်**လေရကား သခင်မင်းမယား ပင်ဝှက်သည် **နားတော်ကြား**၏။ “**ယရည်းရမံ** မယား အို့ကေတည်း မရှက်သည် ဘုရားလှျုခသောက္လုန်ကို

ငါ့ဖမှလာသော ကျွန်တိနှင့် အသို့ဟု ဘုရားလှူရုံ့သနည်း ဟူ၍ ခတ်ညှပ်လေ၏။” မိန့်တော်မူ၏။ “မရှက်သည် မသေမီက ယင်းမမိန့်**တဲ့** မရှိပြီးမှ **အသို့ဟုမိန့်သနည်း**။ **ယနေ့**ကစကာ မရှက်သည် ဘုရားလှူခသော ကျွန်နှင့် မြေကို သူအနိုင်အထက်မူဟူမူကား တစ်ဆသော ၃ဆ ၃ဆ တောင်းစေသတည်း” ဟူ၍ အမိသင်တော် မအုတ် အာသင်ကို **ထွေတော်တင်**၏။ ကြားပါသကား သခင် စာတော်ချီ အိုခီရှာသင်၁၊ သခင်စာချီဗိုလ်၁ ထံတော် ရှိသော အမိသင်တော်ခပင်းကြားကုန်၏။]

၁၊၂၊၁၁၇။**သမန္တကုံထံလင်မယား [သက္ကရာဇ် ၆၀၅]**
**သမန္တကုံထံလင်မယားကျောက်စာ**

၁ “။ ဝ ။ သကရစ် ၆၀၅ ခု **စိတ်သ**နှစ်။ **တပိုဝ်ထွယ်** လဆန် ၇ရျက်

၂ ကြာသပတိယ်နိယ်။ ဖုန့်မ္ဟတ်သဝိနေည်ခိုရ် ကျောင်တောင် ထောင်နှိုက်။

၃ အရပ်အသီတည်သော။ သဒ္ဓါ ပြညာ ဖုန်ကြီသော။ အပိယ်ကြီစွာသော။ တ

၄ ကာကြီနှမ မင်မိယ်မနှင်။ မင်ဉစ္စနာ **ဥရီသံမျင်**သမန် တကုံထံ လင်မျာ။

၅ ကူပုရှာ ပိတကတ် တြျာဣမ် ဓမ္မသာ။ ကျောင် စင်ကြံ တန်တိုင်။ တန်တို

၆ င်တထပ်တွင် စာသင်ကျောင်၂၀။ ဉာ်ယ်မှုပ္ပုရှယ်။ လွှတ်စံ သောအာ

၇ ပုရှာ တြျာ သဃ်ာ ရတနာ ၃ပါသောကိုဝ် သာသနာ ၅၀၀၀ အဆုံရောက်သြင်

၈ တည်စိယ်ချင်ရကာ။”

[သက္ကရာဇ် ၆၀၅ ခု ဇေဌနှစ်၊ တပို့တွဲလဆန်း ၇ရက်၊ ကြာသပတေးနေ့ **ဘုန်းမြတ်သော**ဝိနည်းမိုရ် ကျောင်း **တောင်ထောင့်၌ အရပ်အသီးတည်သော၊ သဒ္ဒါပညာ ဘုန်းကြီးသော၊ အပေးကြီးစွာသော** တကာကြီးနှမ မင်းမိန်းမနှင့် မင်းဉစ္စနာ **ဦးရီး**၊ သံပျင်သမန္တကုံထံ လင်မယား ဂူဘုရား၊ **ပိဋကတ်တရားအိမ်**၊ ဓမ္မသာ၊ ကျောင်း၊ စင်္ကြံ၊ တံတိုင်း၊ တံတိုင်းတစ်ထပ်တွင် **စာသင် ကျောင်း** ၂၀၊ ဤမျှပြု၍ **လွှတ်စုံ**သောအား ဘုရား တရား သံဃာ ရတနာ ၃ပါးသောကို **သာသနာ ၅၀၀၀ အဆုံးရောက်အောင်** တည်စေချင်ရကား။]

၁၂၊၁၁၈။ **ဗိုလ်သူကြီးသင်္ဘျာ [သက္ကရာဇ် ၆၀၆] သင်္ကန်းရုံဘုရားကျောက်စာ (မျက်နှာဘက်)**

၁ “။ ။ နမော သဗ္ဗဗုဒ္ဓာနံ။ ။သကရစ် ၆၀၆ခု အာသတ် နှစ် နတ်တ်လ

၂ ဆုတ် ၇ရျက် တနင်ကနယ်နိယ်၊ ပိုင်သူကြီ*သင်္ဘျာ မ္ဟတ်ကြီစွာ မဟာကဿ

၃ ပ **စဆွမ်**အရှိယ် ပြည်တံခာအရပ်နှိုက် ကျောင်လ္ဟုယေ ကူလ္ဟုရှယ် **ထဝယ်** ၄ တောင်သော

၄ ပုရှာလ္ဟုယေ ပိဋကတ်လ္ဟုယေ သိမ်ထေရနိယ်သော စလစ် ကျောင်ကြီလ္ဟုယေ ခောင်

၅ လေါ်လ္ဟုယေ ရိယ်တွင်တုယေ ဤသိုဝ်ဘုလ္ဟုသောကောင်မှု ကာ ဖုရှာလေါင်စ

၆ ည်သူမင်ကြီ အမိဖုရှာမရကန်သည် ရစယ်သတေ ဤသိုဝ် မြယ်မြဲစွာလ္ဟုသော

၇ ကောင်မှုကိုဝ် ထိပါသော ဖျက်ဆိသောသူကာ မ္ဟိယ်ကြီကာ အထက် အယင်တိုဝ်

* ကြောင်းရေ ၁၀ တွင် ပိုလ်သူကြီးဟုတွေ့ရသည်။

၈ ကာ အဝိစိ**ငြေယ်**ခံစိယ်သတေ၊ ဖုရှာအလ္လဖ္စ်လ္ဖစ် မဖုစိယ် သတေ ချတ်သောမျာ

၉ ချတ်သောသာနှင် ကွိယ်ကင်စိယ်”

[နမော သဗ္ဗဗုဒ္ဓါနံ။ သက္ကရာဇ် ၆၀၆ ခု အာသဠိနှစ်၊ နတ်တော်လဆုတ် ၇ရက်၊ တနင်္ဂနွေနေ့ ဗိုလ်သူကြီး သတ္တျာ မြတ်ကြီးစွာ မဟာကဿပ **စဆွံ**အရှေ့ **ပြည် တံခါး**အရပ်၌ ကျောင်းပြု၏။ ဂူပြု၍ **ထက်ဝယ် ၄ တောင်**သော ဘုရားပြု၏။ ပိဋကတ်ပြု၏။ သခင်ထေရ နေသော စုလစ်ကျောင်းကြီးပြု၏။ ခေါင်းလော(င်း) ပြု၏။ ရေတွင်းတူး၏။ **ဤသို့ငါပြုသော ကောင်းမှု ကား ဘုရားလောင်းစည်သူမင်းကြီး အမိဖုရားမြကန် သည် ရစေသတည်း**။ ဤသို့မြဲမြံစွာပြုသော ကောင်းမှုကို ထိပါးသော၊ ဖျက်ဆီးသောသူကား မြေကြီးကားအထက် အယင်းတို့ကား အဝီစိငရဲခံစေသတည်း။ ဘုရားအဖြစ် ဖြစ် မဖူးစေသတည်း။ **ချစ်သောမယား၊ ချစ်သောသား နှင့် ကွေကင်းစေ**။]

## ၁၊၂၊၁၁၉။ **သူကြွယ်အို့ကြံချင်သင်လင်မယား [သက္ကရာဇ် ၆၀၇] သူကြွယ်အို့ကြံချင်သင်လင်မယားကျောက်စာ**

၁၆ ...“ဤအနှစ်လင်မိ

၁၇ ယာငိရှယ္သ် လှျသောကျွန်ကာ ဇတိုဝ် အမိအဖ အမုယ် ကျွန်လေ

၁၈ မဟုတ်။ ဇတိုဝ် အမျိုဝ် ၇ဆက်မှလါသော အမုယ်ကျွန် လေမဟုတ်

၁၉ အနှစ်လင်မိယာ ဆိုဝ်ငြယ်လုပ်ရှယ္သ်ရသော ကျွန်နှင်နှင်တော။ ဤ

၂၀ သို္ဝ် ဇလှျသောကျွန်ကိုဝ် ဇမျိုဝ် ၇ဆက်တွင်္ဝ် အနိုင် အထက်မှုရစ်

၂၁ ဒေ်ဟူမူကာ။ မ္လိယ်ကြီ**ပထဝိယ်**ကာအထက် အယင်
ဆိုဝ်ငြယ်နှစ်

၂၂ ရစ်သသူကာ အဩောက်အထယ် ငြယ်အဝိစီယ်လျှင်
ကျက်စိ

၂၃ ယ်သတေ။ ။”

[ဤအနှစ်လင်မယားညီ၍ လှူသောကျွန်ကား ငါတို့ အမိအဖ အမွေကျွန်လည်းမဟုတ်၊ ငါတို့ အမျိုး ၇ဆက်မှ လာသော အမွေကျွန်လည်းမဟုတ်၊ **အနှစ်လင်မယား ဆင်းရဲလုပ်၍ရသော ကျွန်နှင်နှင်တည်း**။ ဤသို့ ငါလှူ သောကျွန်ကို ငါ့မျိုး ၇ဆက်တို့ အနိုင်အထက်မူရစ်၏ ဟူမူကား **မြေကြီးပထဝီ**ကားအထက် အယင်း**ဆင်းရဲ နှစ်ရစ်သသူကား** အအောက်အထဲ ငရဲအဝီစိလျှင် ကျက် စေသတည်း။]

## ၁၂၊၁၂၀။ **ငရုံသင် [သက္ကရာဇ် ၆၀၉]**
**ငရုံသင်ကျောက်စာ**

၁၆ “ဤဇာလှူခသော ကျောင်ပုရှာကျွန်ကိုဝ် **ညှန်ဆယ်**
ဖျက်ဆိသောသု

၁၇ ကာ အသိယ်မလှသိယ်ရယ် **တေဝတတ္တာ**ခံသော ငြယ်
လျှင် ခံစိယ်

၁၈ သတေ”

[ဤငါလှူခသော ကျောင်းဘုရားကျွန်ကို ညှဉ်းဆဲ ဖျက်ဆီးသောသူကား **အသေမလှသေ**၍ **ဒေဝဒတ္တ** ခံသော ငရဲလျှင် ခံစေသတည်း။]

### ၁၂၊၁၂၁။ **လှေသင် [သက္ကရာဇ် ၆၀၉]**
### **လှေသင်မောင်နှံ့ကျောက်စာ**

၂၁ … "ငါလျှ
၂၂ သောကိုဝ် **နှစ်လိုဝ်**ပါသောသူကာ အတူရစပါစိ
၂၃ ယ်သတေ။ တဝ်ကျောင်သခိုင်ပင်လယ်ထံ လျှုသ‌ေ
၂၄ တေ။ သသ်ံရာကျွန်အဖ္လစ်မှ လွတ်လိုဝ်သတေ"

[ငါလျှုသောကို **နှစ်လို့**ပါသောသူကား အတူရစပါ စေသတည်း။ တောကျောင်း**သခင်ပင်လယ်**ထံ လှူသတည်း။ **သံသရာကျွန်**အဖြစ်မှ လွတ်လိုသတည်း။]

### ၁၂၊၁၂၂။ **သူကြွယ်အိုနိုင်သင် [သက္ကရာဇ် ၆၁၀]**
### **သူကြွယ်အိုနိုင်သင်ကျောက်စာ**

၁၂၊၁၂၂၊၁။

၂ …"သူကြွယ်အိုန်
၃ နိုင်သင် ပုရှာ ၁၃ဆူ ကျုံဦသုံကျုံပ္လူရှယ် လွှတ်သော
အာ။
၄ ဖုရှာလှုသော။ ကျွန်။"

[သူကြွယ်အိုနိုင်သင် ဘုရား ၁၃ဆူ၊ **ကျမ်းဦးသုံးကျမ်း** ပြု၍ လွှတ်သောအား ဘုရားလှူသောကျွန်။]

၁၂၊၁၂၂၊၂။

၈ …"အစ်မငီမ၃ယော
၉ က်။ မောင်သုကြွယ်ငစင်စွာသင်။ ဤယ်
၁၀ ၄ယောက်စုံသောမ္ယောက်လျှင် လှုသတေ။ အ
၁၁ မိအဖမှလာသော ကျွန်လေမဟုတ်။ ငဆိုဝ်
၁၂ ငြယ်လုံလမှုရှယ် ရသောကျွန်တေ။

[**အစ်မညီမ** ၃ယောက်၊ **မောင်**သူကြွယ်ငစင်စွာသင် ဤ၄ယောက်စုံသော**မယောက်**လျှင် လှူသတည်း။ အမိ

အဖမှလာသော ကျွန်လည်းမဟုတ်၊ ငါ**ဆင်းရဲလို့လ မူ၍** ရသောကျွန်တည်း။]

၁၂၊၁၂၃။ **ရှင်မဟာကဿပ [သက္ကရာဇ် ၆၁၀] ရှင်မဟာကဿပကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၂၃၊၁။

၁ "သကရဇ် ၆၀၆ ခု အာသတ်နှစ် နတ်တဝ်လဆုတ် ၅ရျက် အနန္တသုကျောင်ရှိယ္သ်နှိုက် အရပ်

၂ ကြီတစ်ခု မင်လှုတည်ရှယ္သ် ဖုန်လှမြတ်ကြီမဟာ**ကတ်သပ** နိယ်အေ်။ ထိုဝ်မိမိနိယ်ရာကျောင်နှိုက္ကာ အရှာသဃ်ာ တကာတို

၃ ဝ်အာရည်ရှယ္သ် ဖုန်လှမြတ်သောလှျုအေ်။ ထိုဝ်လှျုသော လယ်ကာ သင်တောင်ခရိန်အခွင် သုရောက္ခမည်သော အရပ်နှိုက် ဖုန်လှမြတ်**သောအ်**အဖို

၄ ဝ်ကြီ သင်ကြံမသူအေ် မဟာတန်လယ်ကိုဝ် သင်ကြမ္ဗသူ အတည်မယ်သ ဖ္လစ်ခရကာ ငရောက်သင်မည်သော မ္လိယ် မ္လစ်သည် စာရစ်အေ်။ င

၅ ရောက်သင်လေ ဆိုဝ်ငြယ်ပျက်စီခရကာ ရောင်စခအေ်။ ဇာရောက်သင် အတည်မယ္သ် ဖ္လစ်ခရကာ ဆိပ်တောင်ကင် သည်စကြဝ်တိုဝ်။ အတိုဝ်

၆ မိုဝ်မ္လိယ်ဟူ မိန္တ်လတ်အေ်။ ထိုဝ်ရှဝ်အခါ စတုရက်ပိုလ်နှင် အစလဖရစ်။ ဤယ်အမတျာကြီနှစ်ယောက် ဆိပ်တောင် ကင်သည်စကြဝ် ကလန် သံပျင် ခ

၇ ပင်ဆောင်ခရှယ္သ် ကျောင်နှိုက် ဖုန်လှမြတ်သော မဟာကဿပ ထံလျှင်လာရှယ္သ် အစိတ်အစိယ်ဆင်ပိယ်ရကာ ဆိပ် တောင်ကင်သည်စကြဝ်တို္ဒကာ မသြင်

၈ **ဖုန်လှမြသ**မဟာကဿပအဖိုဝ် သင်ကြံမသူကိုဝ် မင်ပိယ် သော စာရင်အမှတ်ဟိရကာ ဖုန်လှမြသမဟာကဿပကာ သြင်သတေ။ သြင်ပြီသရှဝ် **ဖုန်လှမြသောာ**ဟူဇ

၉ အ် ငါရောက်သင်လေ ငြယ်ကျွတ်စိမ်ဟုရှယ္ဆ် အယင်
ရောင်ပေါင်စရာနို့က်ကာ လူသုခမိန် ဓမ္မဘဏ္ဍာကိုဝ်
သဃ်ီကဥစ္စာနှင် ရှယ်ခ္လွတ်လိုက်စိ
၁၀ ယ်ရှယ္ဆ် ရသောလယ်ကာ ၈၉။ တစ်ပယ်သောကာ
၁၅ကျွပ် ပိယ်ရှယ္ဆ်ရသောလယ်တေ။ သဃ်ာလိယ်မျက်နှာ
ရည်ရှယ္ဆ် လှျုသတေ။ ၀ ။”

[သက္ကရာဇ် ၆၀၆ ခု အာသဠ်ိနှစ်၊ နတ်တော်လဆုတ် ၅ရက်၊ အနန္တသူကျောင်းရှေ့၌ အရပ်ကြီးတစ်ခု မင်းလှ တည်၍ **ဘုန်းမြတ်ကြီး**မဟာကဿပနေ၏။ ထိုမိမိ နေရာ ကျောင်း၌ကား အရိယာသံဃာတကာတို့အား ရည်၍ **ဖုန်းမြတ်သော**လှူ၏။ ထိုလှူသောလယ်ကား သင်တောင်**ခရိုင်အခွင်** သုရောက္ခမည်သော အရပ်၌ ဖုန်းမြတ်သော၏ အဘိုးကြီး သင်ကြံမသူ၏မဟာဒါန် လယ်ကို သင်ကြံမသူ အတည်မဲ့သော ဖြစ်ခရကား ငရောက်သင်မည်သော **မြေး မြစ်**သည် စားရစ်၏။ ငရောက်သင်လည်း **ဆင်းရဲပျက်စီး**ခရကား **ရောင်း စား**ခ၏။ ငရောက်သင် အတည်မဲ့ ဖြစ်ခရကား **ဆိပ် တောင်းကင်းသည်စကြော**တို့ အတို့ **မိုးမြေ**ဟု မိန့် လတ်၏။ ထိုရောအခါ စတုရင်္ဂပိုလ်နှင့် အစလဘိရာဇ် ဤအမတ်ရာကြီးနှစ်ယောက် ဆိပ်တောင်းကင်းသည် စကြော၊ ကလန်၊ သံပျင်ခပင်းဆောင်ခ၍ ကျောင်း၌ ဖုန်းမြတ်သောမဟာကဿပထံလျှင်လာ၍ **အစိတ်အစေး ဆင်**ပေရကား ဆိပ်တောင်းကင်းသည် စကြောတို့ကား **မအောင်**၊ ဖုန်းမြတ်သောမဟာကဿပအဘိုး သင်ကြံ မသူကို မင်းပေးသော စာရင်းအမှတ်ရှိရကား ဖုန်းမြတ် သောမဟာကဿပကား **အောင်**သတည်း။ အောင်ပြီး သရော ဖုန်းမြတ်သောဟူ၏ ငရောက်သင်လည်း **ငရဲ ကျွတ်စိမ့်**ဟူ၍ ယင်း**ရောင်းပေါင်**စားရာ၌ကား **လူ**

**သုခမိန်မွေဘဏ္ဍာ**ကို **သံဃိကဥစ္စာ**နှင့် **ရွေးချွတ်**လိုက် စေ၍ရသော လယ်ကား ၈၉၊ **တစ်ပယ်သောကား ၁၅ ကျပ် ပေး၍ရသောလယ်တည်း။ သံဃာလေး မျက်နှာရည်၍ လှူသတည်း**။]

၁၂၊၁၂၃၊၂။

၂၃ …“ဤယ်**စန္ဓာ**သံဗျင် အစမုဧ
၂၄ သာသူတိုဝ် မ္ဂိယ်ရောင်လှာရကာ။ ၀ ။ မင်သာဥစ္စနာ ဥစ္စာ။ မင်ဥရိကုထံဥစ္စာ။ စတုရက်ဗိုလ်ငီ ဂုဏာဘတြာဥစ္စာ။ ဆယ်တရွာသူကြီ
၂၅ အစလဘိရဇ်ဥစ္စာ။ ပင်လယ်ရွာသူကြီကုံကယ်။ **ရှိယ် တန်ခယ်**ဥစ္စာ။ ရငုန်ရွာသူကြီတုရင်ဘတြာသာဥစ္စာ။ ဆယ်တရွာကိသူ
၂၆ ကြီရာဇကုံထံဥစ္စာ။ ရာဇကုထံဥရိကန်ညရင်ဥစ္စာ။ မြင်ခုန် တိုင်ရွာသူကြီချတြဗိုလ်ဥစ္စာ။ တမုတ်ရွာသူကြီပင်မြို
၂၇ င်ဥစ္စာ။ ။ ဤယ်မျှသောသူတကာတိုဝ်ဇအ် ဥစ္စာနှင်။ လူသုခမိန်ဓမ္မဘဏ္ဍာကိုဝ်။ အဖိုဝ်ပိယ်စိယ်ရုယ္ဍ်။ **ထိပေအ် သျင်**အခွ
၂၈ င်။ ကုထံမ္ဂိယ်စပ်။ အင်လုင်အင်။ မောက္ကိပေါက် မည်သောအရပ်နိူက်။ လယ်။ ၃၃၃၂ပယ်။ တပယ်သော တကျ္ဍပ် တွက်ပိယ်ရကာ
၂၉ ။ ဥစ္စာလေ။ ၃၃၃၂ကျ္ဍပ်ဟိဇအ်။ ၀ ။”

[ဤ**စမာ**သံပျင် အစမူသောသူတို့ မြေရောင်း**လှာ**ရကား မင်းသားဥစ္စနာဥစ္စာ၊ မင်းဦးရီးကုံထံဥစ္စာ၊ စတုရင်ဗိုလ်ညီ ဂုဏာဘဒြာဥစ္စာ၊ ဆယ့်တစ်ရွာသူကြီးအစလဘိရာဇ်ဥစ္စာ၊ **ပင်လယ်ရွာ**သူကြီးကုံကယ်ရွှေတန်ခဲဥစ္စာ၊ **ရငုန်ရွာ**သူကြီး တုရင်ဘဒြာသားဥစ္စာ၊ **ဆယ့်တစ်ရွာကျီသူကြီး** ရာဇ ကုံထံဥစ္စာ၊ ရာဇကုံထံဦးရီးကန်ညရင်ဥစ္စာ၊ **မြင်းခုံတိုင်** ရွာသူကြီး ချတ္တရဗိုလ်ဥစ္စာ၊ **တမုတ်ရွာ**သူကြီး ပင်မြိုင်

ဥစ္စာ။ ဤမြှုသောသူတကာတို့၏ ဥစ္စာနှင့် လူသုခမိန် ဓမ္မဘဏ္ဍာကို အဖိုးပေးစေ၍ **ဒီပဲယင်းအခွင်** ကုံထံ **မြေစပ်**၊ အင်းလုလင်အင်း၊ **မောက္ခဲပေါက်**မည်သော အရပ်၌ လယ် ၃၃၃၂ ပယ်၊ **တစ်ပယ်သောတစ်ကျပ် တွက်**ပေးရကား ဥစ္စာလည်း ၃၃၃၂ကျပ်ရှိ၏။]

## ၁၂။၁၂၄။ **အစောကြွမ်း [သက္ကရာဇ် ၆၁၀] အစောကြွမ်းကျောက်စာ (မျက်နှာဘက်)**

၁၂။၁၂၄။၁။

၁ “။ ၀ ။ ဂြိ။ တြိဘဝနပဝရဒိတျဓမ္မရာဇာဇေယျသူရ်မင် ဇ‌အ် ပယ်မယာကြီ တြိလောကစ

၂ န္ဒြနာမ မဟာဒေဝီ သုံလူလ မိဖုရှာ တောင်ဖ္လင်သည် သမီ အစဝ်ကြွမ်သ္ခိင် သင်္ချရာဆိုဝ်ငြယ်မှ လွတ်ဇ္လျင်

၃ ရကာ။ **မေတ္တည်**မည်သော ဖုရှာသ္ခိင်**ခံတာဝ်**နို့က် မျက်မှောက်ကင်ကာ ဂ္လွတ်ဇ္လျင်ရကာ။ သြက်အဝိစိယ်စ

၄ သော အထက်ဘဝဂ်တိုင်သြင်။ ဖိလာကာ အနန္တစက္ကြာဝဠာ အတိုင်မသိသော သဗ္ဗသတ္တာ ခပ်သိမ်သောကိုဝ် ဂ္လွတ်ပါစိ

၅ ယ်ဇ္လျင်သောကြောင်ရကာ။ ကူတည်လတ်ရှယ် ဖုရှာလိယ် မျက်နှာလေ ပ္လုဇ‌အ်။ ပိဋကတ်လေ သုံဆူပ္လုဇ‌အ်။ စလစ်ဗြ

၆ က္လောင်ကြီလေ ပ္လုဇ‌အ်။ စလစ်က္လောင်ကြိဖျက်ရှယ္ဃ် ကုလာ က္လောင်ကြိဥိဆက်လေ ပ္လုတုံဇ‌အ်။ ပိဋကတ်ထာ

၇ ရာတိုက်လေ ပ္လုဇ‌အ်။ ရှုယ်တိသော တြျာဤမ်လေ ပ္လုဇ‌အ်။ က္လောင်အရမ်တန်တိုင်လေ ပ္လုဇ‌အ်။”

[ ဂြိ။ **တြိဘဝနပဝရာဒိတျဓမ္မရာဇာဇေယျသူရ်မင်း ၏ ပယ်မယားကြီး တြိလောကစန္ဒြနာမ မဟာဒေဝီ သုံးလူလ မိဖုရားတောင်ပြင်သည်**သမီး အစောကြွမ်း သခင် သံသရာဆင်းရဲမှ လွတ်ချင်ရကား **မေတ္တေယျ**မည် သော ဘုရားသခင်ထံတော်၌ မျက်မှောက်ကင်္ကာ ကျွတ်

ချင်ရကား အောက်အဝီစိစသော အထက်ဘဝဂ်တိုင်အောင် ဖီလာကား အနန္တစကြဝဠာ အတိုင်းမသိသော သဗ္ဗသတ္တဝါ ခပ်သိမ်းသောကို ကျွတ်ပါစေချင်သောကြောင့်ရကား ဂူတည်လတ်၍ ဘုရားလေးမျက်နှာလည်းပြု၏။ ပိဋကတ်လည်း သုံးဆူပြု၏။ **စုလစ်ကျောင်းကြီး**လည်း ပြု၏။ စုလစ်ကျောင်းကြီးဖျက်၍ ကုလားကျောင်းကြီး ဦးဆက်လည်း ပြုတုံ၏။ **ပိဋကတ်ထားရာတိုက်**လည်း ပြု၏။ **ရွှေတိသောတရားအိမ်**လည်း ပြု၏။ ကျောင်းအရံ တံတိုင်းလည်း ပြု၏။]


၁၂၊၁၂၄၊၂။

၂၀ "ဤယ်ဇကောင်မှုဝန် ခပ်သိမ်သောသဍ္ဍာ။ **ပန်စင်**
၂၁ ဇလ္ပည္အိစုံ၁ ငီဇနိုင်ငံ၁ သာစန်လ္မိယ်စန်လျှင် ရတနာ
ဥပါသောလှူသတေ။ ကူက္လောင်စုတ်တွင်ရစ်သရှာဝ်
၂၂ အခါအာ ငကိုဝ်စာလျှင် သာဆက်လ္မိယ်ဆက် ဝန်ခံရစ်စိယ်
သတေ။ အယင်တို့ဲ္အမြိုဲ္အ ဇလေ ရတနာ ဥပါသော
၂၃ အ်ကျွာန်တေ။ ဝ ။"

[ဤငါ့**ကောင်းမှုဝန်** ခပ်သိမ်းသောသည်ကား **ပဥ္စင်း** ပြေည့်စုံ ၁၊ ညီ**ငနိုင်ငံ**၁၊ **သားစဉ်မြေးစဉ်**လျှင် ရတနာ ဥပါးသော လှူသတည်း။ ဂူကျောင်း**စုတ်တွင်း**ရစ်သရော အခါအား ငါ့ကိုယ်စားလျှင် **သားဆက်မြေးဆက် ဝန်ခံရစ်**စေသတည်း။ **အယင်းတို့မြို့ ငါလည်း ရတနာ ဥပါးသော၏ကျွန်တည်း**။]

၁၂၊၁၂၄၊၃။

၂၃ "အပေါင်ကြိ ကူဖ္ယုဲ္အသော ဣလ္သောငယ်ကာ ၁၇၄၇ပယ်
ဥလုံ။ အပေါင်ကြီခွက်
၂၄ ကာ ၇၄ပိသာ။ အပေါင်ကြီပုဆိုဝ်ကာ ၁၁၃ထည်။
အပေါင်ကြီကူထွတ်လိန်သော ရှယ် ၂၃ ဣျုပ်။

၂၅ အပေါင်ကြီ**ပြတာ** ၉၂ကျွပ်။ အပေါင်ကြီစပါ ၁၈၆၇<<။
အပေါင်ကြီ**ကွဲသီ ၂ကချင်**နှင့် ၁၁၆(၄)
၂၆ လုံ။ အပေါင်ကြီ**ငြုတ်**  ။ အပေါင်ကြီဆာ
၇<<။ အပေါင်ကြီဂူထွတ်ခုတ်သော ကြိယ်ကာ ၆၆
၂၇ **ဗိသာ**။ ဝ ။"

[**အပေါင်းကြီး**ဂူဖွဲ့သော ကျသောငွေကား ၁၇၄၇ပယ် ၃လုံ၊ အပေါင်းကြီးခွက်ကား ၇၄ ပိဿာ၊ အပေါင်းကြီး ပုဆိုးကား ၁၁၃ထည်၊ အပေါင်းကြီးဂူထွတ်လိမ်းသော ရွှေ ၂၃ ကျပ်၊ အပေါင်းကြီးပြဒါး ၉၂ကျပ်၊ အပေါင်းကြီး စပါး ၁၈၆၇***f***၊ အပေါင်းကြီး**ကွမ်းသီး ၂ကချို**နှင့် ၁၁၆၄လုံး၊ အပေါင်းကြီး **ငရုတ်** ၁/၈ ၁/၁၆ ၁/၃၂၊ အပေါင်း ကြီး**ဆား** ၇ ***f*** ၊ အပေါင်းကြီးဂူထွတ် ခုတ်သော ကြေးကား ၆၆ ပိဿာ။]

၁၂၁၂၄၄။

၄၁ "အပေါင်ကြီ**စတိုက်** ပ္လုသော ကွသော ငုယ်ကာ ၂၁၅ ကျွပ်။ ဝ ။ အပေါင်ကြိကုလာကျွောင်ကြီဦဆက်
၄၂ ပ္လုသော ကွသော ခွက်ကာ ၃၀၆ဗိသာ။"

[အပေါင်းကြီး**စာတိုက်**ပြုသော ကျသောငွေကား ၂၁၅ ကျပ်၊ အပေါင်းကြီးကုလားကျောင်းကြီးဦးဆက် ပြုသော ကျသော ခွက်ကား ၃၀၆ ပိဿာ။]

၁၂၁၂၄၅။

၄၂ …"အပေါင်ကြီတန်တို
၄၃ င် ပ္လုသော ကွသော ငုယ်ကာ ၄၃၂<<+။ ခွက်ကာ အပေါင်ကြီ ဗိသာ ၂၀။ အပေါင်ကြီ လှည်ခ ခွက် ၅၃ပိ
၄၄ သာ။"

[အပေါင်းကြီး တံတိုင်းပြုသော ကျသော ငွေကား ၄၃၂ ***f*** $\frac{၁}{၄}$၊ ခွက်ကား အပေါင်းကြီး ပိဿာ ၂၀၊ အပေါင်းကြီး **လှည်းခ ခွက် ၅၃ပိဿာ**။]

၁၂၊၁၂၄၆။

၄၄ "အပေါင်ကြီ **စုလမနိ** ပ္လုသော ကျ္လသော ငုယ်
၄၅ ကာ ၄၄<<+။ ရှုယ် ၃လုံခြ။ အပေါင်ကြီခွက် ၁၃
ဗိသာ ကြိယ် ၃၀။ ၀ ။"

[အပေါင်းကြီး **စူဠာမဏိ** ပြုသော ကျသော ငွေကား ၄၄ $\frac{၁}{၂}$ $\frac{၁}{၄}$ ၊ ရွှေ ၃လုံခြ*၊ အပေါင်းကြီးခွက် ၁၃ ပိဿာ၊ ကြေး ၃၀။]

၁၂၊၁၂၄၇။

၄၇ "ဤယ်မျှသော ရတနာသုံပါကာ ငါအသက်ဟိယ်သ
ယှူယ်ကာ ငါလုပ်ကျွ
၄၈ (ည်သ)တေ ငါ**ကန်ထာ**ပျာက်ခရယ် အသက်အဆုံနှိုက်
တေရောက်ခမူကာ။ ဤယ်ငလုပ်။
၄၉ ကျွည်ဇအော်သိုဝ် သောနှစ်ယောက် ကျွည်စိယ်သတေ
။ ၀ ။"

[ဤမျှသော ရတနာသုံးပါးကား **ငါအသက်ရှိသရွေ့ကား** ငါလုပ်ကျွေးသတည်း။ **ငါခန္ဓာပျက်၍ အသက် အဆုံး၌တည်းရောက်ခမူကား** ဤငါလုပ်ကျွေး၏သို့ ငါ့သားနှစ်ယောက်ကျွေးစေသတည်း။]

## ၁၂၊၁၂၅။ **အစောကြွမ်း [သက္ကရာဇ် ၆၁၀]**
## **အစောကြွမ်းကျောက်စာ (ကျောဘက်)**

၁ "။ ၀ ။ ဤယ်ငါပ္လုသော ကူ ကျောင် ပုရှာ တရျာ
သဃ်ာ ရတနာသုံပါသောကိုဝ် ငါလှူခသော။

---

* အနက်မသိသာ။

၂ ကျွာန် လယ် ဥယာန် မိုဝ်မှိယ်တိုဝ်ကိုဝ် ဖျက်ဆီရစ်
**ရုပ်သယ္ဃ်**စသောသူကာ ဤယ်လူကယ်

၃ ထက်လေ နှစ်လုံချံသာ မရမူရုယ္ဃ် ကြောင်ကြလျက်လျှင်
သိယ်သောဖ္လစ်စိယ်သတေ။ ထိုဝ်မြို

၄ ဝ် ဖုရှာအဖ္လစ်ဖ္လစ်လေ မဖူရသောကိုဝ်လျှင် ဖ္လစ်စိယ်သတေ။
ဤယ်အတိုဝ်စကြဝဠာစသော စ

၅ ကြဝဠာတစ်သောင်သောတွင် အယင်သူကာ မဖ္လစ်ရစိယ်
သတေ။ ထိုဝ်စကြဝဠာတစ်ပါသောတွ

၆ င်လေ လူကောင်အဖ္လစ် မဖ္လစ်မူရုယ္ဃ် အရိယ်အစာကောင်
မစာရမသောက်ရမူရုယ္ဃ် ခုယ်ဝက်**တိ္ဂစ္ဆာန်** အ

၇ ဖ္လစ်နှင်နှင် ဖ္လစ်စိယ်လိယ်သတေ။ ထိုဝ်မြိုဝ် နောင်မှာ
ဖ္လစ်လတ်အံသော ပုရှာတို္ဂဝ်ခ္လတ်မုလေ မက္လ

၈ တ်စိယ်သတေ။ ထိုဝ်မြို္ဂဝ်လေ မ္လိယ်ကမ္ဘာကာအထက်
အယင်သူယုတ်ကာ ဩက်အဝိစိယ်လျှင် က္လစိယ်

၉ သတေ။”

[ဤ]ငါပြုသော ဂူ ကျောင်း ဘုရား တရား သံဃာ
ရတနာသုံးပါးသောကို ငါလှူခသော ကျွန်၊ လယ်
**ဥယျာဉ် မိုးမြေ**တို့ကို ဖျက်ဆီးရစ် **ရုပ်သွဲ့**စားသောသူ
ကား ဤ**လူကယ်ထက်**လည်း နှလုံးချမ်းသာမရမူ၍
**ကြောင့်ကြ**လျက်လျှင် သေသောဖြစ်စေသတည်း။ **ထိုမြို့**
ဘုရားအဖြစ်ဖြစ်လည်း မဖူးရသောကိုယ်လျှင် ဖြစ်စေ
သတည်း။ ဤအတို့စကြဝဠာစသော **စကြဝဠာတစ်
သောင်း**သောတွင် အယင်းသူကား မဖြစ်ရစေသတည်း။
ထိုစကြဝဠာတစ်ပါးသောတွင်လည်း **လူကောင်**အဖြစ်
မဖြစ်မူ၍ **အရေအစာ**ကောင်း မစားရ၊ မသောက်ရမူ
၍ **ခွေး၊ ဝက် တိရစ္ဆာန်** အဖြစ်နှင်နှင် ဖြစ်စေ**လေ**
သတည်း။ ထိုမြို့ နောင်မှာဖြစ်လတ်အံ့သော ဘုရားတို့
ချွတ်မှုလည်း မကျွတ်စေသတည်း။ ထိုမြို့လည်း မြေကမ္ဘာ

ကားအထက် အယင်း**သူယုတ်**ကား အောက်အဝီစိလျှင်
ကျစေသတည်း။]

## ၁၂။၁၂၆။ **ဓေယျပိကြဲ [သက္ကရာဇ် ၆၁၁]** **မုန်ဂူဘုရားကျောက်စာ (မျက်နှာဘက်)**

၁ “။ ဝ ။ သကရာစ် ၅၉၀။ ဖ္လဂိုန်နှာစ် ကုဆုန်လဆုတ်
၅ရျာက် ပုတ္တဟူနိယ်အာ ဖိယောင်သာဘင(ယ်) မင်ကြာ
ဇအ် အတိုဝ်

၂ ကျွန်(ဖ)ကြီကာ အတိုဝ်ကျွန်ဖကိုဝ်ပိယ်၏ အတိုဝ်ကျွန်
ကိုဝ်ကာ အတိုဝ်ကျွန်ဖပိယ်တုံ၏ အတိုဝ်ကျွန် ထုယ်တာဝ်
လိုဝ်လ္ချင်၏ဟူရာ

၃ ကာ ကံဖာမိ ထုယ်တာဝ်လ္ခလတ်၏ ကွန်သယာ အရှိယ်
နှိုက်အာဆင်၏ **သာင်ဖုံမ**ပိတရစ် ၁ယောက်။ ကွရာစ်
၁ယောက်။ အနန္ဒပတိယ်

၄ ။ ဉာယ်သင်ဖုံမ ၃ယောက်မိယ်၏ မိယ်သော
သင်ဖိယောင် မိရီဆိုဝ်၏ ဘအသက်၂ဝလ္ဗတ်က ဘလင်
သိယ်သောသဋ္ဌကာ ဘလင်

၅ ကျွန်တေ ဘစိယ်စာ၏ ဘလင်လယ်တေ ဘစာ၏
**အနူရာထာ**ဟူလတ်တုံ၏ ဘဖကိုဝ် ဘဖကြီပိယ်သော
သည်လေ ဘအရီသိ

၆ ၏ နာဂါရစ်မိယာကိုဝ် သက်သိယ်မူလိယ်၏ သက်သိယ်
ကိုဝ် သင်ဖုံမ၄ယောက် ချင်သုကောင်မိယ်လိယ်ရာကာ
သင်ဖိယောင်နှာမ

၇ ဟူလတ်၏ ဘမောင်လတ်လေ ဘတင်ထက်လျှင်တေ
အသက်ပြတ်၏ ဘမောင်လတ်ကိုဝ်လေ ဘတေ မိယာ
ပိယ်စာ၏ ဘ။

၈ မောင်ထုယ်သိယ်ခံမူလေ ဘကိုဝ်မိယ်ခရကာ ဘမောင်
လတ် နင်ကိုဝ်ပိယ်သကာ ဘမကြာ မပိယ်ခတုကာ။

ဘမိရိ ဘတူကို
၉ ဝ် ဖေယျသင်ကြံသို့ကိုဝ် ပိယ်စသော ဘတူကိုဝ် ဘမိရိပိယ်
သကာ ဘကြာဇအေ်။ ဘတူသိယ်ခပြီ၏ ဖေယျပိကြံ
**လါင်မိ**
၁၀ **ယျာ**ကိုဝ် ရာဇာသင်ကြံမှောက်အာ မိရိပိယ်ခတုံသကာ
ဘကြာတုံ၏ ထိုဝ်သိုဝ်ဟူသောစကာကိုဝ် ကြာရာကာ
ပိတရစ် ၁
၁၁ ကွရာစ် ၁။ အနန္တပတိယ် ၁။ ကံဖာမိ ၁။ ဉာ်ယ်သင်ဖုံမ
၄ယောက် မင်လျှင်ကြာပ္လွန်လိယ်၏ ကြာပ္လွန်လိယ်ရာ
၁၂ ကာ ဖိယောင်သာဇာယ်နှင် ရာဇာသင်ကြံငီ ဆင်ကြသော
တြျာ ရာဇာသင်ကြံငီကိုဝ်ကာ ပိယ်သောကျွန် သိခင်
၁၃ ဖိယောင်မိရိဟိယ်၏ ဖိယောင်သာ ဇာယ်ကိုဝ်ကာ အရိ
သက်သိယ်ဟိယ်၏ကာဟူ၏ အရိကာ အယင်ဇာယ်
၁၄ ကိုဝ် ပိယ်သကာ မကြာဟူမိန်၏ ပုရှာရှင်ဟူ၏ ထိုဝ်သိုဝ်
ဟူမူကာ နာင်တိုဝ်ခမ္ဘသာတ်ရှူယ်ရှူယ်ဆင် သင်
၁၅ ဖုမ၄ယောက် ဆင်ပိရကာ ရာဇာသင်ကြံငီ ဖေယျပိကြံကာ
တြျာသြင်၏ ဖိယောင်သာဇာယ်နှင် သင်ပုတ်သည်
၁၆ **အတ်မ** ငိမခပင်ကာ တြျာ**ယှုံ**ခ၏ အမတ်တကာ
တန်ဆိပ်**ပါတည်သာ**နှိုက်တောင်ရယ် တန်ဆိပ်တပ်ပိယ်
၏ ရာဇာ
၁၇ သင်ကြံငီ ဖေယျပိကြံလင်(မိ)ယာကာ တြျာကျွန်ခပင်
လယ်ခပင် နိုင်သောဟုတ္တာ ဖိယောင်သာဇာယ်နှင်
သံပုတ်
၁၈ သည် အစ်မငီမခပင်ကာ တြျာယှုံကြသောဟုတ္တာ။”

[သက္ကရာဇ် ၅၉၀ ဖလဂုနီနှစ်၊ ကဆုန်လဆုတ် ၅ရက်၊ ဗုဒ္ဓဟူးနေ့အား ဖိယောင်သားငယ် မင်းကြား၏။ “အတို့ကျွန်ဘကြီးကား အတို့ကျွန်ဖကိုပေး၏။ အတို့ကျွန်ကိုကား အတို့ကျွန်ဖ ပေးတုံ၏။ အတို့ကျွန်**ထွေတော်**

**လိုချင်၏**"ဟူရကား ကံဖာမိ **ထွေတော်ချလတ်၏**။ **ကွန်းသာယာ**အရှေ့၌အား **ဆင်**၏။ **သင်ဖမ**ပိတရစ် ၁ ယောက်၊ ကဝရာဇ် ၁ယောက်၊ အနန္တပတေ့ ဤ သင်ဖမ ၃ယောက်မေး၏။ မေးသော် သင်ဖိယောင် **မရီး**ဆို၏။ "ငါ**အသက်၂၀မြတ်**က ငါ့လင်သေသော သည်ကား ငါ့လင်ကျွန်တည်း ငါ**စေစား**၏။ ငါ့လင် လယ်တည်း ငါစား၏။" အနော်ရထာ ဟူလတ်တုံ၏။ "ငါ့ဖကို ငါ့**ဘကြီး**ပေးသောသည်လည်း ငါ့အရီးသိ၏။" နာဂရာဇ်မယားကို သက်သေမူလေ၏။ သက်သေကို သင်ဖမ ၄ယောက် ချင်းသူကောင်းမေးလေရကား သင် ဖိယောင်နှမဟူလတ်၏။ "ငါ့ မောင်လတ်လည်း **ငါ့တင် ထက်**လျှင်တည်း **အသက်ပြတ်**၏။ ငါ့**မောင်လတ်**ကို လည်း ငါတည်း မယားပေးစား၏။ ငါ့**မောင်ထွေး** သေခံ့မူးလည်း ငါ့ကိုမေးခရကား ငါ့မောင်လတ် နှင့်ကို ပေးသကား ငါမကြား၊ မပေးခတုံကား။ ငါ့မရီး ငါ့တူကို ဇေယျသင်္ကြိသမီးကို ပေးစားသော် ငါ့တူကို ငါ့မရီး ပေးသကား ငါကြား၏။ ငါ့တူသေခပြီး၏။ ဇေယျပိကြံ လင်မယားကို ရာဇသင်္ကြိမှောက်အား မရီးပေးခတုံ သကား ငါကြားတုံ၏။" ထိုသို့ဟူသော စကားကို ကြားရာကား ပိတရာဇ် ၁၊ ကဝရာဇ် ၁၊ အနန္တပတေ့ ၁၊ ကံဖာမိ ၁ ဤသင်ဖမ ၄ယောက် မင်းလျှင် ကြား ပြန်လေ၏။ ကြားပြန်လေရကား "ဖိယောင်သား ငငယ် နှင့် ရာဇသင်္ကြိညီ ဆင်ကြသောတရား ရာဇသင်္ကြိညီကို ကား ပေးသောကျွန် သခင်ဖိယောင် မရီးရှိ၏။ ဖိယောင် သားငငယ်ကိုကား အရီးသက်သေရှိ၏ကား ဟူ၏။ အရီးကား ယင်းငငယ်ကိုပေးသကား မကြားဟု မိန့်၏။" **ဘုရားရှင်ဟူ၏** "ထိုသို့ဟူမှုကား **နှင်တို့ခမ္ဘသတ်ရှု၍ ဆင်**"။ သင်ဖမ ၄ယောက် ဆင်ပေရကား ရာဇသင်္ကြိ

ညီ ဖေယျပိကြံကား တရားအောင်၏။ ဖိယောင်သား ငငယ်နှင့် **သင်ပုတ်သည်** အစ်မညီမခပင်းကား တရား ရှုံးခ၏။ အမတ်တကာ **တံဆိပ်ပဒေသာ**၌တောင်း၍ **တံဆိပ်တပ်**ပေး၏။ ရာဇသင်္ကြံညီ ဖေယျပိကြံလင်မယား ကား တရားကျွန်ခပင်း၊ လယ်ခပင်း**နိုင်**သော ဟုတ်တာ။ ဖိယောင်သားငငယ်နှင့် သင်ပုတ်သည် **အစ်မညီမ**ခပင်း ကား တရား**ရှုံး**ကြသော ဟုတ်တာ။]

၁၂၊၁၂၇။ **ဖေယျပိကြံ [သက္ကရာဇ် ၆၁၁]**
**မုန်ဂူဘုရားကျောက်စာ (ကျောဘက်)**

၁၂၊၁၂၇၊၁။

၁၉ ..."မိယာကာ
၂၀ ဖိယောင်သာနှင်တူမ ပိယ်စသော ပိယ်တုံ၏။ ဖိယောင်
သာ သိယ်ခတုံရကာ။
၂၁ ဖေယျပိကြံနှင် ဖေယျမိယာ မ္ဗိယ်မိယ်မ္ဗကိုဝ် ပိယ်တုံ၏။
ဖေယျပိကြံလင်မိယာ
၂၂ ကာ ကျွန် လယ် ကန် ရျာခပင် ပုရှာလှုူခတုံ၏။ ။
ဤယ်ပုရှာကျွန် ပုရှာလဲ ပုရှာဦယန် ပုရှာ**ကွံ**
၂၃ **ဦမ်**ကာ ပုရှာ တြျာ သင်္ဃာ **ရတဏာ**သုံပါ အလိုဝ်ရစိယ်
တေ။ **သူတဗုဒ္ဓိပဏ္ဍိုဝ်**လက်ထက်လျှင် ကျွောက်
၂၄ ဇာဆောက်သတေ။"

[မယားကား ဖိယောင်သားနှင့်**တူမ** ပေးစားသော ပေးတုံ၏။ ဖိယောင်သား သေခတုံရကား ဖေယျပိကြံနှင့် ဖေယျမယား **မြေးမိန်းမ**ကိုပေးတုံ၏။ ဖေယျပိကြံ လင်မယားကား **ကျွန်၊ လယ်၊ ကန်၊ ယာ** ခပင်း ဘုရားလှူခတုံ၏။ ဤ**ဘုရားကျွန်၊ ဘုရားလယ်၊ ဘုရားဥယျာဉ်၊ ဘုရားကွမ်းအုံ**ကား ဘုရား တရား သံဃာ ရတနာသုံးပါး အလိုရစေတည်း။ သုတဗုဒ္ဓိပဏ္ဍိတ် လက်ထက်လျှင် **ကျောက်ငါဆောက်သတည်း။**]

၁၂၊၁၂၇၊၂။

၂၆ “အနှစ်လင်မိယာကာ လူဖွစ်ကာ လူစည်စိ
၂၇ မ် နတ်ဖွစ်ကာ နတ်စည်စိမ်လျှင် ရလိုဝ်သတေ။ အဆုံကာ **ရုံမက်**၁၅၀၀မှကင်ရုယ် သစ္စာတြျာ
၂၈ ၄ပါပွင်သော **သဗ္ဗညုတည်ညန်ပြညာ**ရရုယ် ပုရှာလျှင် ဖွစ်လိုဝ်သတေ။”

[အနှစ်လင်မယားကား လူဖြစ်ကား လူစည်းစိမ်၊ နတ်ဖြစ်ကား နတ်စည်းစိမ်လျှင် ရလိုသတည်း။ အဆုံးကား **ရမ္မက် ၁၅၀၀**မှကင်း၍ **သစ္စာတရား၄ပါး ပွင့်သော** သဗ္ဗညုတဉာဏ်ပညာရ၍ ဘုရားလျှင် ဖြစ်လိုသတည်း။]

၁၂၊၁၂၈။ **ကျစွာမင်း [သက္ကရာဇ် ၆၁၁]**
**ကျစွာမင်းအမိန့်တော်ကျောက်စာ*** **(မျက်နှာဘက်)**

၁ “။ ။ သကရစ်(၆၁၁)ခု (မြိက္ကသိုရ်သံဝ)
၂ စ္ဆိုဝ်။ ကုဆုန်လဆန်၉ရျက် (ကြဿပတိ)
၃ ယ်နိယ်။ **မာဓာနက်သတ်**။ **မေ(ခုန်လက်)**
၄ (၅)နာရိပြီ။ အတိုဝ်(ဖ) ပုရှာစဝ်ကြီသွိင်(သြိတြိ)
၅ (ဘ)ဝနာ**တိတ္တျာပဝရ ပန်တိတာထမ်မရာဇာ** (မည်သော)
၆ ပုရှာရှင်တဝ်။ ရှိယ် ထုယ်တဝ်။ နင်**အလွှံ**သော(လုမျာ)
၇ တကာတိုဝ်။ ဥိသာထက်အာ။ တင်လှာ(လင်၊ နင်)
၈ လူမျာတကာတိုဝ်။ ဤလူတွင်သောချံသာ။ (**တမုန္တန်**သော ချံသာ)
၉ (ကိုဝ်။ လို)ဝ်သောသူကာ။ ဤငစောကာကိုဝ်။ ရိုဝ်သိယ်သော (ယုံသောမူရှ)
၁၀ ယ်။ လှမစောက်နာထောင်ရုယ် နာအပ်၏။ အ (ဖယ်ကြောင်)

* ပုဂံကျောက်စာလက်ရွေးစင်မှစာကိုးယူပါသည်။

၁၁ (နေဟူမူ)ကာ။ အာကြင်ကြောင် ဤ(ဂ)စာကာကာ၊ မိ၂(ကိုဝ်ပြည်ာ)
၁၂ (ဖွ)င်ကြံရှယ် ဆိုဝ်(သော)မပဟုတ်စွံ။ မွတ်စွာသော (ပုရှာသွိင်သဗ္ဗည္ဍု)
၁၃ စကာကိုဝ်မှိရှယ် ဆိုဝ်သတော၊ ရှိယ်လွန်သော(မင်တိုဝ်)
၁၄ ကာ။ ခိုဝ်စာသောသူ(တို)ဝ်ကိုဝ်ကာ။ တံက္လွင်(လှူဝ်သော ကစသော)
၁၅ (အ)ထူ၂သော သတ်ခြင့်ဖွင်၊ သတ်ကုန်ဇ။ ထိုဝ်သိုဝ်သော (သတ္တာ)
၁၆ တကာဇ အပျက်အစိကိုဝ် မ(လိုဝ်)သောကြာင် သတ္တာ (တကာ)
၁၇ တိုဝ်ကိုဝ်။ မိ၂သက(ယ်)သိုဝ် **(ဩက်)မိယ်**လတ်ရှယ် **ကြုနှာ**(သည်)
၁၈ တိုက်လတ်ရှယ်။ ဆိုဝ်သောစကာတော။ ထိုဝ်ကြာင်ရကာ ရိုဝ်သိ(ယ်)
၁၉ သော ယှံသောမူရှယ် လှမစောက်နှာထောင်ရှယ် နှာအပ်ဇ (ဟူ)
၂၀ သတော အသိုဝ်မူရှယ် နှာစိယ်သနှေ၊ ဩ ဤမင်ကြီကာ။ မိ(၂)
၂၁ (ကိုဝ်)ပြည်ာ(ဖွ)င် ကြံရှယ်ဆိုဝ်သော မပဟုတ်တကာ။ မွတ်စွာဧ
၂၂ သာပုရှာသွိင်။ **သပ်ပည်**စကာကိုဝ်မှိ(ယ်)ရှယ် ဆိုဝ်သတော။
၂၃ (ဤ)စာကာကိုဝ်လို(က်)မူကာ ဤလူတွင်သောချံသာ။ တမုန္ဓန်သော(ချံ)
၂၄ (သာ)ကိုဝ် (မ)လွယ်ရလျင်သော(တကာ)။ ဤသိုဝ် နှစ်လုံမူရှယ် နှာအပ်(ဇ)
၂၅ ဤမျှသော ခိုဝ်စကုန်သောသုတိုဝ်သည်ကာ၊ ချံသာရ(အံ) သတောဟူရှယ် ခို

၂၆ (ဝ်စာ)သတေ အယင်တိုဝ် ချံသာရနိုဝ်သောသည်ကာ သုရှောက်သု(ရွာ)

၂၇ (သုမျာ)သုသာ၊ **သုဦစောင်ဦစာ**။ အပျ(က်)အစိ။ အနိုင် အထက်မူသော(ကိုဝ်)

၂၈ (ချံ)သာနိုဝ်ပန်ကျင်သ(တော၊) ထိုဝ်ချံသာဟုတ်သောသည် ကာ၊ ကိုဝ်သတ်(လတံ)

၂၉ (ဧ)သာချံသာတော၊ ထိုဝ်ကာချံသာတောရဧလော၊ အပျ(က်) အစိတောရောက်(ကုန်)

၃၀ (လော၊)ထိုဝ်လေ နင်တိုဝ်ကြံကုန်၊ ခိုဝ်သတိုဝ်သည်ကာ၊ မိလတ်သောလေ၊ တံက္လင်

၃၁ (လျှိုဝ်)သော၊ ရင်ပုဆိန်ပေါက်သော၊ **သံကြပ်**ကင်သော၊ အဦနုတ်သော၊ အဧ(ပါ)င်အလ(က်)

၃၂ (ဖယ်)သော၊ မျက်ဆန်**ထွစ်**သော၊ အသာလှိရယ် စာပိယ် လာသော၊ အရိယ်**ဆွစ်**ရယ်(သာ)

၃၃ (မာသော)၊ ထိပ်ထွင်ရယ် ဆိပူသွန်သော၊ လည်ရှယ်မှုပ် ရယ်၊ ထွန်နှင်ထွန်သော(၊)

၃၄ (**ပုယန်**)ထည်ရယ် (ဆင်)နင်နယ်သော၊ သစ်ပင်ဖက် စိယ်ရယ် တံသင်နှက်သော၊ အရှ

၃၅ (င်မိ)မြိုက်သော၊ လည်ဖြတ်သော ဤယ်သိုဝ်သကစသဖွင် အယင်တိုဝ်ကာ (ဆိုငြယ်ကြီအာရောက်ကုန်သောတော၊) မမိသ

၃၆ ကြာလေ၊ ဤပ်သော၊ နိယ်သော။ (ရျုပ်သော သွာသော က)စာသဖွင်လေ (တစိသလျင်လေ အယင်ကာ) မချံသာ (စွံ)(ဧ)တ၊ ကြောက်လန်လျက်(ဟိ)

၃၇ (ယ်)ကုန်တေ ဤမ်လေမနိယ်၊ နိယ်ပူမိုဝ်ရွာခံကျင်တော၊ မခိုဝ်စသောသုလျ

၃၈ င်လေ၊ (ဖုယ် ၁ခုခုတေ ရောက်လတ်မူကာ) ဤမ်တွင် နိယ်(ရ)လျက်မုလေ၊ နှစ်လုံဆိုဝ်ငြယ်စွာ သမတ်လော

၃၉ ခိုဝ်စသောသုတိုဝ်ကာ၊ **အဖယ်**ဟုခလိ(မ်)နှေ၊ ယခင်
အစန်၂ကာ၊ (ခိုဝ်စာသောသူတိုဝ်သည်) တယော

၄၀ က်(တည်လျှင်)လေ လွတ်(ဇဟူ)သော (သဥ္စာ)မဟိယ်ဖူ၊
ကြာစွာ(အဆုံ)ကာ၊ **နှစ်၂သုံနှစ်**မြိုဝ်ကာ၊ မကြာ(ဖူ)

၄၁ (မ)လော၊ ဤယ်စကာကာ ယခုထိသာမဟုတ် တြျာတွင်
လေ ဤယ်သိုဝ်မိန်ဇမတ်လော

၄၂ မိယ်လျဝ်ရယ် ခိုဝ်စသောသုကာ၊ ငြယ်ပြိတ္တာ၊ အသုရာ၊
**တိရိတ်ဆန်**၊ အပယ်၄ပါ

၄၃ သကာ၊ သုခိုဝ်ဤမ်မည်ဇ၊ သိယ်လျှင်ရောက်လိယ်တုံတော၊
မသိယ်မိလေ၊

၄၄ ဖံမိလျှင် သုခိုဝ်ဟု၊ မင်နှပ်ဇ၊ မင်လေ၊ စံတလံ၊ ခိုဝ်သဟု
အမည်မ

၄၅ တင်မုရယ်၊ ခိုဝ်မှုဆင်ခြင်သောသုကိုဝ် ပိယ်၂ဇ၊ ထိုဝ်သူတိုဝ်
လေစိ

၄၆ တ်စတ်ရယ်၊ မဟုတ်မုကာ၊ လွှတ်ဇ၊ ဟုတ်မုကာ၊
အမန္ဓန်စာကိုဝ်ဖတ်စိ

၄၇ ယ်ဇ။ (အမုန္ဓန်စာတွင် အကြင်)သုခိုဝ်သည်၊ ဤမည်
သော၊ အပ္လွစ်တေပ္လွစ်မုကာ၊ ဤမည်ေ

၄၈ သာတန်(တေ)ပိယ်(အပ်ဇဟူပိယ်ဇ)၊ မင်ကာ(သုခိုဝ်အပ္လွစ်
နှင်) အမန္ဓန်စာကိုဝ်နိုင်ကြရယ်၊ ထိုဝ်အပ္လွစ်နှင်

၄၉ တင်အပ်သော**တန်**ကိုဝ်မုဇ၊ ဤကာ မင်တကာ အမန္ဓန်
ဟုတ်(အာ)

၅၀ ခိုဝ်သုတိုဝ်ကာ (ဤယ်လူတွင်လေ) အထု၂သော သတ်
ခြင်အာ ရောက်ကုန်ဇ၊ (အသိုဝ်သတ်ခြင်နှေဟူမူကာ)
သ

၅၁ ရိယ်နယ်သံဆူတပ်ရယ် ခတ်သော၊ အဆူဟိယ်သော
ကြိမ်လုံခတ်သော၊

၅၂ နာလှိသော၊ နခောင်လှိသော၊ (ခြိယ်လက်ဖြတ်သော)
ထိပ်ထွင်ရယ် သံပူရယ်၂ထယ်ရယ်၊ **ဥနော**

၅၃ **က်**က္လိုက် ၂ဆူလျက်သိယ်သော၊ (ခံတွင်ကန်ဖိရှယ် ဆိမိဂ့် သော ဆိယောက်ရာအရိယ်ရျန်ရှယ် ဆံဆောင်ငင်ဖိရှယ်) ဦရိယ်ဆွစ်ပြီ၊ ဦခောင်ခွံ့ခ္လည်သံလှည်

၅၄ ကန်ခတ်သော၊ လက်ဝယ်**ပုခုမ်**၊ **လကျာ**ပုခုမ်ဩက်၊ ပုစင်က

၅၅ န်(အ)ရိယ်ဆွစ်ဖိရှယ် ဩက်သောအရိယ်ကာ အခြိယ် သိုဝ့်ခ္လ၏”

[သက္ကရာဇ် ၆၁၁ ခု မိဂသီသံဝစ္ဆိုရ်၊ ကဆုန်လဆန်း ၉ရက်၊ ကြာသပတေးနေ့၊ **မာဃနက္ခတ်**၊ **မေထုန်လဂ်** ၅နာရီပြီ။ **အတို့ဖဘုရားစောကြီး သခင်**သိြတ္တိဘဝနာ ဒိတျပဝရပဏ္ဍိတမဓ္ဓရာဇာမည်သော **ဘုရားရှင်တော်ရှေ့ ထွေတော်**။ “**နင်အလွဲ့သောလူများတကာတို့ ဦးသာ ထက်အား တင်လှာလင့်**။ နင်လူများတကာတို့ ဤလူ တွင်သောချမ်းသာ၊ တမလွန်သောချမ်းသာကို လိုသော သူကား ဤငါ့စကားကို ရှိသေသော၊ ယုံသောမှု၍ **လှမစောက်** နားထောင်၍ နာအပ်၏။ **အဘယ်ကြောင့် နည်းဟူမူကား အကြင်ကြောင့်** ဤငါ့စကားကား မိမိကိုယ်ပညာဖြင့် ကြံ၍ဆိုသော **မဟုတ်စွ်**။ မြတ်စွာသော ဘုရားသခင် သဗ္ဗညုစကားကိုမှီ၍ ဆိုသတည်း။ ရှေးလွန် သောမင်းတို့ကား **ခိုးစား**သောသူတို့ကိုကား **တံကျင်လျှို** သောကစသော အထူးထူးသော သတ်ခြင်းဖြင့် သတ်ကုန် ၏။ ထိုသို့သော သတ္တဝါတကာ၏ **အပျက်အစီး**ကို မလိုသောကြောင့် သတ္တဝါတကာတို့ကို **မိမိသားကဲ့သို့ အောက်မေ့လတ်၍ ကရုဏာသည်တိုက်လတ်၍** ဆို သော စကားတည်း။ **ထို့ကြောင့်ရကား** ရှိသေသော၊ ယုံသောမှု၍ လှမစောက်နားထောင်၍ နာအပ်၏ဟူ သတည်း။ အသို့မှု၍ နာစေသနည်း။ **ဩ** ဤမင်းကြီး ကား မိမိ**ကိုယ်ပညာ**ဖြင့် **ကြံ**၍ဆိုသော မဟုတ်တကား။

မြတ်စွာသောဘုရားသခင် သဗ္ဗညုစကားကိုမှီ၍ ဆိုသတည်း။ ဤစကားကို လိုက်မူကား **ဤလူတွင်သော ချမ်းသာ၊ တမလွန်သောချမ်းသာ**ကို မလွဲရလျှင်းသော တကား၊ ဤသို့နှလုံးမူ၍ နာအပ်၏။ ဤမျှသော ခိုးစား ကုန်သော သူတို့သည်ကား ချမ်းသာရအံ့သတည်းဟူ၍ ခိုးစားသတည်း။ အယင်းတို့**ချမ်းသာရနိုးသော**သည်ကား **သူ့ရှောက်သူ့ရှာ၊ သူ့မယားသူ့သား၊ သူ့ဥစ္စောင့်ဥစ္စာ၊** အပျက်အစီး အနိုင်အထက်မူသော **ကိုယ်ချမ်းသာနိုး ပန်းကျင့်သတည်း**။ ထိုချမ်းသာဟုတ်သောသည်ကား ကိုယ်သတ်လတ္တံ့သော ချမ်းသာတည်း။ ထိုကား ချမ်းသာ တည်းရ၏လော၊ အပျက်အစီးတည်း ရောက်ကုန်လော၊ ထိုလည်း နင်တို့ကြံကုန်။ ခိုးသူတို့သည်ကား မိလတ် သောလည်း တံကျင်လျှိုသော၊ ရင်ပုဆိန်ပေါက်သော၊ **သံကျပ်ကင်**သော၊ **အအူနုတ်**သော၊ **အပေါင်အလက် ဖွဲ့**သော၊ **မျက်ဆန်ထုတ်**သော၊ **အသားလှီး**၍ စားပေး လာသော၊ **အရေဆုတ်**၍ **သမ**သော၊ **ထိပ်ထွင်း**၍ **ဆီပူသွန်း**သော၊ **လည်ရှေ့မြှုပ်**၍ **ထွန်နှင့်ထွန်**သော၊ ပန်းရန်ထည့်၍ **ဆင်နင်းနယ်**သော၊ **သစ်ပင်ဖက်**စေ၍ **တံသင်းနှက်**သော၊ **အရှင်မီးမြှိုက်**သော၊ **လည်ဖြတ်** သော ဤသို့သည်ကစသဖြင့် အယင်းတို့ကား **ဆင်းရဲ ကြီး**အား ရောက်ကုန်သတည်း။ မမိသောကြားလည်း **အိပ်သော၊ နေသော၊ ရပ်သော၊ သွားသော**ကစသဖြင့် လည်း **တစိသလျှင်**လည်း အယင်းကား မချမ်းသာစွံ တည်း။ ကြောက်လန့်လျက်ရှိကုန်တည်း။ အိမ်လည်း မနေ၊ **နေပူမိုးရွာခံကျင်**တည်း။ မခိုးစားသောသူလျှင် လည်း ဘေး**တစ်ခုခုတည်း** ရောက်လတ်မူကား အိမ် တွင် နေရလျက်မူလည်း **နှလုံးဆင်းရဲစွာ သမတ်လော**။ ခိုးစားသောသူတို့ကား အဘယ်ဟူခလိမ့်နည်း။ ယခင်

အစဉ်စဉ်ကား ခိုးစားသောသူတို့သည် တစ်ယောက်တည်းလျှင်လည်း လွတ်၏ဟူသောသည်ကား မရှိဖူး။ **ကြာစွအဆုံး**ကား နှစ်နှစ်သုံးနှစ်မြို့ကား မကြာဖူး **မလော**။ ဤစကားကား ယခုထိသာမဟုတ် တရားတွင်လည်း ဤသို့မိန့်၏မလော။ မေ့လျော့၍ ခိုးစားသောသူကား **ငရဲ၊ ပြိတ္တာ၊ အသူရာ၊ တိရစ္ဆာန်အပါယ်ငပါးသကား သူခိုးအိမ်**မည်၏။ သေလျှင် ရောက်လေတုံတည်း။ မသေမီလည်း ဖမ်းမိလျှင် သူခိုးဟုမင်း**နှပ်**၏။ မင်းလည်း **စံတလံ**ခိုးသူဟု အမည်မတင်မူ၍ **ခိုးမှုဆင်ခြင်သော**သူကို ပေးပေ၏။ ထိုသူတို့လည်း စိတ်စစ်၍ မဟုတ်မူကား လွှတ်၏။ ဟုတ်မူကား **အမန္တန်စာ**ကို ဖတ်စေ၏။ အမန္တန်စာတွင် အကြင်သူခိုးသည် ဤမည်သော အပြစ်တည်း ပြစ်မူကား ဤမည်သော **ဒဏ်**တည်းပေးအပ်၏ ဟူပေ၏။ မင်းကား သူခိုးအပြစ်နှင့် အမန္တန်စာကို နှိုင်းကြ၍ ထိုအပြစ်နှင့် တင့်အပ်သော ဒဏ်ကိုမူ၏။ ဤကား မင်းတကာ အမန္တန်**ဟုတ်အာ**။ ခိုးသူတို့ကား ဤလူတွင်လည်း အထူးထူးသော သတ်ခြင်းအား ရောက်ကုန်၏။ **အသို့သတ်ခြင်းနည်းဟူမူကား သားရေနယ် သံဆူးတပ်၍ခတ်သော၊ အဆူးရှိသော ကြိမ်လုံးခတ်သော၊ နားလှီးသော၊ နှာခေါင်းလှီးသော၊ ခြေလက် ဖြတ်သော၊ ထိပ်ထွင်း၍ သံပူရဲရဲထည့်၍ ဦးနှောက် ကျိုက်ကျိုက်ဆူလျက် သေသော၊ ခံတွင်းကန်ဘိ၍ ဆီမီးညှိသော၊ ဆီရောက်ရာ အရေရည်၍ ဆံဆောင့်ငင်ဘိ၍ ဦးရေဆုတ်ပြီး ဦးခေါင်းခွံချည်း သံလုင်ကန်ခတ်သော လက်ဝဲပခုံး၊ လက်ယာပခုံးအောက် ပုစင်ကန်အရေဆုတ်ဘိ၍ အောက်သော အရေကား အခြေသို့ချ၏**။]

၁၊၂၊၁၂၉။ **ကျစွာမင်း [သက္ကရာဇ် ၆၁၁]**

**ကျစွာမင်းအမိန့်တော်ကျောက်စာ (ကျောဘက်)**

၁ "အထက်သောအရိယ်ကာ ဥိခောင်သိုဝ် လှံလိယ်သော အရိယ်

၂ ခပင် ဆွစ်ပြီသောကာ အတွင်ရိယ်ကာ အပသိုဝ်ထာရယ် လွှံ

၃ သော **(မိ)ယ်ညှပ်**နှင် အရိယ်ကိုဝ်ငင်ရယ် ကတ်ကြိယ်နှင် **ရျန်**

၄ သော အသာဟိယ်ရာစိတ်ရယ်လိုသော လက်**တန်တောင်** ရှိယ်

၅ ဖြတ်သော ခြိယ်ပုဆစ်ရှူယ်ဖြတ်သော **သံဃ** ၄ခုစွပ်ရယ် တွာစိယ်သော၊

၆ (တစောင်ကွပ်စိ)ယ်ရယ် နာတွင်(တံသင်နက်သော။ ခြိယ် ၂)

၇ (ဖက်သုံရယ်) ပတ်၂လုည်(သော တူနှင်နပ်၂ထူ)

၈ (ဖြိရယ်။) ကိုဝ်ခပ်သိမ် (အရိုဝ်ရွပ်ရွပ်ခတ်ပြီ) ခုယ်ဖိရယ် လိုသော အရိယ်

၉ (ကိုဝ်သင်ထုန်နှင်)စိတ်ရယ်၊ ဆာ**သံပြာညပ္**ရ(ည်) သွန်သော၊ အရှ(င်)

၁၀ (လျှင်ခိုယ်စာစိ)ယ်သော၊ လည်ဖြတ်သော၊ ကိုဝ်လက် ခပင် အ

၁၁ (မှိုက်ရေစ်)ရယ်၊ မိဖုတ်သော။ ဤသိုဝ်သော သတ်(ခြ)င် သတ်ကုန်၊

၁၂ (ဇအ်။ ထိုမြိုဝ်) တမန္တန်လေ၊ တာပနမည်သောငြယ်ကြိ နှိုက်၊

၁၃ (ကိုဝ်အလုံလျှင်) အတွင်အပ ငြယ်မိ(တိပ္ပည်လျက်) တောက်ထ

၁၄ (သုတော။) (အယင်)တိုဝ်ကာ (မီ)အ(စာလျှင်) ဖြစ်သတော (နိငအတ)..

၁၅ .(အ)သိုဝ် ကွယ်ထသတော။ (အသက်မွ)င်ခြင်ကာ ငြယ် အသက်

၁၆ ဖြင်ကာ အနှစ်တသိန် လုနှစ်မှတွက်(တုံ)မုကာ ကုတိယ် တ

၁၇ ...(ဖ)ဝဟိ၏၊ ခိုဝ်စလျက် မခိုဝ်စ(ယောင်)မုသော ခိုဝ်

၁၈ (သု)ခံခြင်ကာ၊ လူဖြစ်ရယ်၊ အမိဝံ၊ ထွက်သကာ၊ မိယာ

၁၉ (မ)မြင်ရမူရယ် သိယ်(သောကာ) (ဆိုဝ်)ငြယ်ကာ၊ တစ် ကံဖာလျှင်ခံ

၂၀ တော၊ ခံပြိုရယ်၊ (လု)ဖြစ်လျက် ရှင်တုံမုလေ၊ ကိုဝ်ဝတ်

၂၁ ရုံလျှင် မြတတ်သော ဆိုဝ်ငြယ်ကြီလျှင် ဖြစ်သတော၊ ဥ

၂၂ (စ္စာ)ရငြာတုံလေ၊ အယင်လက်တွင်၊ အကြင်အခြင့်ဖြင်

၂၃ (တ)ည့်ချွင်သောဥစ္စာသည်၊ မတည်စိမ်သောငှာ၊ လှိယ် (မှော)

၂၄ (က်)သော၊ ဤ ံ လောင်သော၊ **ဖိုယ်**နှင်၂ ဖြစ်၏၊ ခိုဝ်စသော အကျ

၂၅ (င်)ကြောင်၊ တမုန္တန်သော ဆိုဝ်ငြယ်ကာ၊ ဤလူတွင် သောဆိုဝ်

၂၆ (ငြ)ယ်ကြီရောက်(ပြိရင်)၊ တမုန္တန်ချံသာ ဤလူတွင်ချံသာရ

၂၇ (ကြောင်)အကျင်သည်ကာ ခွောင်၊ လယ်၊ ရှာ၊ ဥယန်၊ ရိယ်ကန်

၂၈ (ကုန်စ)ယ်၊ **ကြုယ်ဆယ်**၊ သူ္လခွ စသဖြင်လည်ကောင်၊ သုတပ်

၂၉ သောလုံလသဖြင်လည်ကောင်၊ တြျာသဖြင်၊ အသက်(မုယ်)

၃၀ (အ)ပ်၏၊ ဤသိုဝ်ကျင်မုကာ၊ ဤလူတွင် စည်စိမ်ချံသာ ကြွ

၃၁ (ယ်)ဝသော ဖြစ်အံသတော အလှူလေ ပိယ်အပ်၏၊ ၊ သတင်လေ သုံအ

၃၂ ပ်ဇ၊ ထိုဝ်သိုဝ်မုပြိမူကာ၊ တမုန္ဒန်နို
၃၃ က်လေ၊ သကြာမင်စည်စိမ်၊ မလွယ်ရလိမ်သတော၊ တမုန္ဒ
၃၄ န်သော၊ ဤလုတွင်သော၊ စည်စိမ်ချံသာ ရအံသောကြောင်
ကာ၊ ခိုဝ်
၃၅ သောအကျင်၊ မကျင်အပ်၊ ကောင်သောအကျင်ကာ ကျင်
အပ်ဇ၊
၃၆ ဤသိုဝ် ဇာမုသောကောင်မှုက္လိုဝ်ကာ၊ နိယ်ရပန် ပစ်စည်
လေ ဖွ
၃၇ စ်စိယ်သတော၊ သတ္တာတကာလေ ချံသာစိယ်သတော၊
မိုဝ်လိယ်လေ
၃၈ ကောင်စိယ်သတေ ပြည်တယ်လေ ချံသာစိယ်သတော၊
၄၄၄ (။)
၃၉ ကျွောက်စာတိုင်ဆောက်သကာ **နိယ်ကျန်**လေဖွယ်၊ တန်
(၈)
၄၀ ဆာင်လျှ၊ **ပိတန်ဆင်** ရွာကြိစုတ်၊ တရွာမလွတ် ဆောက်
စိယ်
၄၁ တော၊ ရွာငယ်စွာ အဆုံကာ အဤ ၅၀**ယှူယ်**ဆောက်စိယ်
တေ တ
၄၂ လမဆွတ် လပ္ပည်သတင်နိယ်နှိုက် ရွာသု(ကြိ)ရှောက်
သုကြိ ရွာ
၄၃ သည်ခပင်ရသော တန်ဆာဆင်လျက် ပေါက်၂တန်ဆောင်
၄၄ ပန်တောင်**ကဝ်ထာ**နှင် ပုစဝ်၊ စည်ပသာလေတိ၊ ဤသိုဝ်
မုရှယ် ကျွော
၄၅ က်စာတိုင်စာကိုဝ် နာစိယ်ကုန်သတေ ဆောက်ဦသော
..စဝ် (ကြိ)
၄၆ စွာမုစိယ်သတေ စာဖတ်သသူလေ၊ ရသောတန်ဆာဆင်
ရှယ် (၆)
၄၇ တ်စိယ်သတေ တိုင်မဟိယ်သော ရွာငယ်ရှောက်ငယ်(လေ)
၄၈ ဆင်ခဝ်ရှယ်၊ တိုင်ဟိယ်ရာသိုဝ် နာပါစိယ်ကုန်(။)”

[အထက်သောအရေကား ဦးခေါင်းသို့လှန်လေသော၊ အရေခပင်း ဆုတ်ပြီးသောကား အတွင်းရေကား အပသို့ ထား၍လွှမ်းသော၊ **မီးညှပ်**နှင့် အရေကိုင်၍ **ကတ်ကြေး နှင့်ရဉ်သော**၊ အသားရှိရာ**စိတ်**၍ **လှီး**သော၊ **လက် တံတောင်**ရွေ့ဖြတ်သော၊ **ခြေပုဆစ်**ရွေ့ဖြတ်သော၊ **သံခွ ၄**ခု**စွပ်**၍ **တွား**စေသော၊ **တစောင်းအိပ်**စေ၍ နားတွင်း တံသင်းနှက်သော၊ ခြေ ၂ဖက်သုံး၍ **ပတ်ပတ်လှည့်**သော၊ **တူနှင့်နုပ်နုပ်ထု**ပြီး၍ ကိုယ်ခပ်သိမ်း **အရိုးရှုပ်ရှုပ်ခတ်ပြီး ခွေ**ဘိ၍လှီးသော၊ အရေကို **သင်တုန်း**နှင့်စိတ်၍ **ဆား သံပရာ ပြာရည်သွန်းသော**၊ အရှင်လျှင် **ခွေး**စားစေ သော၊ လည်ဖြတ်သော၊ ကိုယ်လက်ခပင်း **အမှိုက်ရစ်**၍ **မီးဖုတ်**သော၊ ဤသို့သောသတ်ခြင်းသတ်ကုန်၏။ ထိုမြို့ တမလွန်လည်း တာပနမည်သောငရဲကြီး၌ ကိုယ်အလုံး လျှင် **အတွင်းအပ ငရဲမီး**တိပြည့်လျက် **တောက်ထ** သတည်း။ အယင်းတို့ကား **မီးအစာ**လျှင်ဖြစ်သတည်း။ (နေ့ညအတ)... အသို့ကြွယ်ထသတည်း။[*] အသက်မြင့် ခြင်းကား ငရဲအသက်ဖြင့်ကား အနှစ်တစ်သိန်း လူနှစ်မှ တွက်တုံမူကား ကုဋေတ...ဖ၀ရှိ၏။ ခိုးစားလျက် မခိုးစား ယောင်မူသော ခိုးသူခံခြင်းကား လူဖြစ်၍ **အမိ၀မ်း** ထွက်သောကား မိယာ[**]မမြင်ရမူ၍ သေသောကား ဆင်းရဲကား တစ်ကမ္ဘာလျှင်ခံတည်း။ ခံပြီး၍ လူဖြစ်လျက် ရှင်တုံမူလည်း **ကိုယ်၀တ်ရုံ**လျှင် မရတတ်သော ဆင်းရဲ ကြီးလျှင် ဖြစ်သတည်း။ ဥစ္စာရငြားတုံလည်း အယင်း လက်တွင် အကြင်အခြင်းဖြင့် တည်ချင်သောဥစ္စာသည် မတည်စိမ့်သောငှာ **လေှမှောက်**သော၊ **အိမ်လောင်**သော ဘေးနှင်နှင်ဖြစ်၏။ ခိုးစားသောအကျင့်ကြောင့် တမလွန်

---

* အနက်မသိသာ။

** ပုံအမှတ် ၁၇၀တွင် အလင်ဟုရှိသည်။

သောဆင်းရဲကား ဤလူတွင်သော ဆင်းရဲကြီးရောက်ပြီးရင်၊ တမလွန်ချမ်းသာ ဤလူတွင် ချမ်းသာရကြောင်း အကျင့်သည်ကား **ချောင်း၊ လယ်၊ ယာ၊ ဥယျာဉ်၊ ရေကန်၊ ကုန်စယ်၊ ကြွေးဆယ်၊ သူချ** စသဖြင့်လည်းကောင်း၊ **သူတပ်သောလုံ့လသဖြင့်**လည်းကောင်း **တရားသဖြင့် အသက်မွေးအပ်၏**။ ဤသို့ကျင့်မှုကား ဤလူတွင် **စည်းစိမ်ချမ်းသာကြွယ်ဝ**သော ဖြစ်အံ့သတည်း။ အလှူလည်း ပေးအပ်၏။ သီတင်းလည်း သုံးအပ်၏။ ထိုသို့မူပြီးမူကား တမလွန်၌လည်း **သိကြားမင်းစည်းစိမ်မလွဲ ရလိမ့်သတည်း**။ တမလွန်သော၊ ဤလူတွင်သော စည်းစိမ်ချမ်းသာ ရအံ့သောကြောင့်ကား **နိုးသောအကျင့် မကျင့်အပ်**၊ **ကောင်းသောအကျင့်ကား ကျင့်အပ်၏**။ ဤသို့ငါမူသော ကောင်းမှုကျိုးကား **နေရပန်ပစ္စည်း**လည်း ဖြစ်စေသတည်း။ သတ္တဝါတကာလည်း ချမ်းသာစေသတည်း။ **မိုး၊ လေလည်း ကောင်းစေသတည်း**။ **ပြည်တဲလည်း ချမ်းသာစေသတည်း**။ ကျောက်စာတိုင်ဆောက်သည်ကား နေကျန်းလည်းဖွဲ့၊ **တန်ဆောင်းပြု၊ ပိတာန်ဆင်၊ ရှာကြီးစုတ်** တစ်ရှာမလွတ် ဆောက်စေတည်း။ **ရှာငယ်စွအဆုံးကား** အိမ် ၅၀ ရွေ့ဆောက်စေတည်း။ **တစ်လမဆုတ် လပြည့်သီတင်း**နေ့၌ **ရှာသူကြီး ရှောက်သူကြီး** ရှာသည်ခပင်းရသော တန်ဆာဆင်လျက် **ပေါက်ပေါက်၊ တန်ဆောင်၊ ပန်းတောင် ကောထာနှင့်ပူဇော်။ စည်ပသာလည်းတီး**။ ဤသို့မူ၍ ကျောက်စာတိုင်စာကို နာစေကုန်သတည်း။ ဆောက်ဦးသောပူဇော်ကြီးစွာ မူစေသတည်း။ **စာဖတ်**သသူလည်း ရသောတန်ဆာဆင်၍ ဖတ်စေသတည်း။ တိုင်မရှိသော **ရှာငယ်ရှောက်ငယ်**လည်း **ဆင့်ခေါ်**၍ တိုင်ရှိရာသို့ နာပါစေကုန်။”]

၁၊၂၊၁၃၀။ **အုန်သင်နှင့်အများ [သက္ကရာဇ် ၆၁၁]**
**အုန်သင်နှင့်အများကျောက်စာ (မျက်နှာဘက်)**

၂၉ ...“ဤဇတိုဝ်**တဂါ**
၃၀ ငီရှယ်လှျသော ကောင်မှုတိုဝ်ကိုဝ် ဖုရာသင်ပုတ်ပျက်ကြောင် သိခင်တိုဝ်ကိုဝ် ဝတ်မ
၃၁ ရအံသောကြောင် ဖျက်ဆီသသူကာ ပ္လေကြီကာ**အခက်** ဖျက်သသူကာဩက်၊ မ္လိယ်ပုံမ်
၃၂ လုံမ်မျှကြုံမ်မက လာလတ္တံသော ဖုရာတိုဝ်ကိုဝ်လေ မဖူရသည် ဖ္လစ်စေသော၊ ဝဝ်ပိုဝ်*
၃၃ **တရပ**ကိုဝ်ဖုတ်သော အကျွမ်မရသကဲသိုဝ် ဖ္လစ်စေသော ဇတိုဝ်သွန်သာ ရေပူရေချံခန်သ
၃၄ ကဲသိုဝ် ခွဲသာကြာကွဲသကဲသိုဝ် ကွဲစေသော ရေသိုဝ်ခန်စေသော၊”

[ဤငါတို့တကာညီ၍လှူသော ကောင်းမှုတို့ကို **ဘုရားသင်ပုတ်ပျက်ကြောင်း၊ သခင်တို့ကို ဝတ်မရအံ့သောကြောင်း** ဖျက်ဆီးသသူကား မြေကြီးကားအထက် ဖျက်သသူကားအောက်၊ မြေပုံလုံးမျှကျုံးမက လာလတ္တံ့သော ဘုရားတို့ကိုလည်း မဖူးရသည်ဖြစ်စေသော။ **ဝါဗိုင်းတစ်ရဇ**ကို ဖုတ်သော အကျွမ်းမရသကဲ့သို့ ဖြစ်စေသော။ ငါတို့သွန်းသော **ရေပူရေချမ်း**ခန်းသကဲ့သို့၊ **ခွဲသော ကရားကွဲသကဲ့သို့ ကွဲစေသော၊ ရေသို့ခန်းစေသော။**]

၁၊၂၊၁၃၁။ **မဟာသမန်းလင်မယား [သက္ကရာဇ် ၆၁၄]**
**မဟာသမန်းလင်မယားကျောက်စာ**

၁၈ “မင်ကြီက္လစ္စွာ အလှျကြီပိယ်သောခာ **ဟုရာပုံနှာ**တိုဝ် ရသော မဟာဒါန်လယ်၁၀၀”

---

* ဝဝ်ပိုင်ဟုရေးလိုဟန်ရှိသည်။

[မင်းကြီးကျစွာ **အလှုကြီးပေး**သောခါ **ဟူးရားပုဏ္ဏား** တို့ရသော မဟာဒါန်လယ်၁၀၀။]

၁၂၊၁၃၂။ **သခင်ခင်မမီ [သက္ကရာဇ် ၆၁၄]**
**သခင်ခင်မမီကျောက်စာ**

၁၄ "ဤယ်ဂလှုသောအက္လိုဝ်ကာ **အလွံစံပု**နိယ်သော လူနတ်တကာ ခပ်သီသလေ ရ
၁၅ ပါစိယ်သတေ။ ငါဖိုဝ် ငါဖိယ် ငါမိ ငါဖလေ ရစိယ် သတေ။ မင်
၁၆ သမိလေ ရစိယ်သတေ၊ ငါလေ နှစ်ဆစ်(မ)ပ္ဒန် နိယ်ရပန် မည်သော
၁၇ ပြည်လျှင် တိုင်လိုဝ်သတေ။"

**[ဤငါလှုသောအကျိုးကား အလွံ့ဇမ္ဗူနေသော လူနတ်တကာခပ်သိမ်းသည်လည်း ရပါစေသတည်း။ ငါ့ဘိုး၊ ငါ့ဘွား၊ ငါ့မိ၊ ငါ့ဖလည်း ရစေသတည်း။ မင်းသမီးလည်း ရစေသတည်း။ ငါလည်း နှစ်ဆစ် မပြန် နေရပန်မည်သောပြည်လျှင် တိုင်လိုသတည်း။]**

၁၂၊၁၃၃။ **သုဖရစ် [သက္ကရာဇ် ၆၁၅]**
**ဒါယကာသားသုဖရစ်ကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၃၃၊၁။

၇ ..."ဥတ်စာနှင်ဝယ်လယ်(တို)
၈ (ဝ်ကိုဝ်) ဖျက်ဆီလုယက်စသောသူတိုဝ်ကာ။ ဤယ် လူတွင်လေ။ (စရာ)မသိ အပြု
၉ န်အတိ။ အပျက်အစိ ဖ္လစ်စိယ်သတေ။ သိယ်ခမူကာ။ အဝစိယ်အထယ် ငရယ်
၁၀ တွင်မ္လိယ်ပုံလုံမျှမက ကြီစွာဝေဒနာ ခံစိယ်သတေ။ စောင်မချင်ငေ

၁၁ ထောက်ပင် အရိယ်အရံယူသောသူတိုဝ်ကာ ဇာအတူ လူ
စည်စိမ်။ နတ်
၁၂ စည်စိမ်။ သင်သရာကာ။ ရှည်ရရာ ဆိုဝ်ငြယ်မသိ (ချံသာ
အတိုင်) ပါရပြီ
၁၃ မူကာ။ အဆုံစွန် နိယ်ရပန်ချံသာ ခံစိယ်ရစိယ်သတေ
။ ၀ ။"

[**ဥစ္စာနှင့်ဝယ်လယ်**တို့ကို ဖျက်ဆီးလုယက်စားသောသူတို့ကား ဤလူတွင်လည်း **စားရာမသိ အပြုန်းအတီး အပျက်အစီး**ဖြစ်စေသတည်း။ သေခမူကား အဝီစိအထဲငရဲတွင် မြေပုံလုံးမျှမက **ကြီးစွာဝေဒနာခံစေသတည်း။** စောင်မချင် ထောက်ပင့်အရေးအရံယူသောသူတို့ကား ငါ့အတူ လူစည်းစိမ်၊ နတ်စည်းစိမ်၊ သံသရာကား ရှည်ရာရာ ဆင်းရဲမသိ ချမ်းသာအတိုင်း ပါရပြီးမူကား အဆုံးစွန် နေရပန်ချမ်းသာ ခံစေရစေသတည်း။]

၁၂၊၁၃၃၊၂။

၁၈ ..."ဒါယကာ
၁၉ သာသုဖရစ်လှူသော။ **ခကြိုဝ်**ရွယ် ၈၀တခု။ ငုယ်လင်ပန်
(ကြိ) ၁ ခွပ်
၂၀ **ပန်ကြိ** ၁ ခွပ်။ စလောင်ကြိ ၁ ခွပ်။ ခွက်ဥပ်ကြိ ၃
လုံ။"

[ဒါယကာသားသုဖရစ်လှူသော **ခါးကြိုးရွှေ** ၈၀တစ်ခု၊ **ငွေလင်ပန်းကြီး** ၁**ချပ်**၊ **ဗန်းကြီး** ၁ချပ်၊ **စလောင်းကြီး** ၁ချပ်၊ **ခွက်အုပ်ကြီး** ၃လုံး။]

၁၂၊၁၃၄။ **ကျစွာမင်းမိထွေးတော် [သက္ကရာဇ် ၆၁၅]**
**ကျစွာမင်းမိထွေးတော်ကျောက်စာ**

၁ "သကရစ် ၅၉၇ခု။ အာသိန်နှစ် နံကာလဆန် ၄ရျက်
ကြာသပတိယ်နိယ်

၂ ။ ဣသစွာမင် ဟ္ငိယ်တောင်တက်ပြီ။ ဘမိကိုဝ်ကာ ဘမသိ
လိုက်။ ဘမိထုယ်မုယ်ရှယ် ဘကြီအေ်
၃ ဘမိထုယ်လျှင်တေ ဘမိအေ်ဟုရှယ်။ ဤမ်ပ္လုနိုယ်ပိယ်
အေ်။ ဤမ်ထောင် ကျွန် လယ်လေ ပိယ်တ
၄ ဝ်မူအေ်။ ဤမ်လေ ငနိုယ်အေ်။ ကျွန်လေ ဘစိယ်အေ်။
လယ်လေ ဘစာအေ်။ ဤမ်ဘနိုယ်သောထက်
၅ ကာ။ သတင်ပြညာဟိသော **သင်္ခါ**နိုယ်သော မ္ဟတ်အေ်ဟု
ရှယ် ဘကြံမိရကာ။ ကူလေ ပ္လုအေ်။ ကူပြီရကာ။
ဖုရှာ
၆ လောင်ကိုဝ် ငြောအေ်။ မ္ဟတ်စွာသော ဘသ္ခိင် အတိုဝ်
ကျွန်ကိုဝ် ပ္လုပိယ်သော ဤမ်တေ သာလေသာနိုဝ်စွာအေ်။
အ
၇ တိုဝ်ကျွန်တိုဝ် နိုယ်သောထက်ကာ။ သင်္ခါနိုယ်သောမ္ဟယ်*
အေ်ဟုရှယ် ကူလေပ္လုအေ်။ ဤမ်လေ ကျောင်ရှည်အေ်။
၈ ပိယ်တဝ်မူသော ဤမ်ထောင်ကျွန်လယ်လေ အတိုဝ်ကျွန်
လှျုအေ်။ ဘကြာရကာ မိထုယ် တင်အပ်နိုဝ်သော
သင်္ခါထာ
၉ လင်ဟု မိန်တဝ်မုအေ်။ ၀ ။ သကရစ်၆၁၅ခု။ စယ်နှစ်
တပိုဝ်ထွယ် လဆန်၆ရျက် **သုက္ကြာ**နိုယ်။ ကျောင်သင်္ခါ
၁၀ ကိုဝ်ဆောက်တည်ခရှယ် ဘထွက်ခအေ်။ ဤမ်ထောင်
ကျွန် လယ်လှျုလျှင်အေ်။”

**[သက္ကရာဇ် ၅၉၇ခု အဿယုဇနှစ်၊ နံကာလဆန်း ၄ ရက်၊ ကြာသပတေးနေ့ ကျစွာမင်း ရွှေတောင် တက်ပြီး** “ငါ့မိကိုကား ငါမသိလိုက်။ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တည်း ငါ့မိ၏”ဟူ၍ အိမ်ပြု နေပေး၏။ အိမ်ထောင် ကျွန် လယ်လည်း ပေးတော်မူ၏။ **အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။**

* မ္ဟတ်ဟုရေးလိုဟန်တူသည်။

**လယ်လည်း ငါစား၏။** အိမ်ငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော် မြတ်၏ဟူ၍ ငါကြံမိရကား ဂူလည်းပြု၏။ ဂူပြီးရကား ဘုရားလောင်းကို ငါကြား၏။ “မြတ်စွာသော ငါ့သခင် အတို့ကျွန်ကို ပြုပေးသောအိမ်တည်း၊ **သာလည်းသာနိုးစွာ၏။** အတို့ကျွန်တို့နေသောထက်ကား သံဃာနေသော်မြတ်၏ ဟူ၍ ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော အိမ်ထောင် ကျွန် လယ်လည်း အတို့ကျွန် လှူ၏။” ငါ ကြားရကား “မိထွေး **တင်အပ်နိုး**သော သံဃာထားလင့်”ဟုမိန့်တော်မူ၏။ သက္ကရာဇ် ၆၁၅ ခု ဇေယျနှစ်၊ တပို့တွဲလဆန်း ၆ရက်၊ သောကြာနေ့ ကျောင်းသံဃာကို **ဆောက်တည်**ခ၍ ငါထွက်ခ၏။ အိမ်ထောင် ကျွန် လယ် လှူလျှင်း၏။]

၁၂၁၃၅။ **မင်းဆရာမဟာပဏ္ဍိတ် [သက္ကရာဇ် ၆၁၅၊ ၅၆၇] ဓမ္မရုံကြီးဘုရားကျောက်စာ**

၁၂၁၃၅၁။

၁ “သကရစ်၅၆၇ခု။ သရဝန်နှစ် သန်တူလဆုတ် ၇ရျာက် ကြသ

၂ ပတိယ်နိယ်အာ။ ဓမ္မရုံသွင် **မင်ဆြျာမဟာပဏိုတ်**ကိုဝ် မင်ကြိစ

၃ ည်သူ ဤယ်ဓမ္မာရုံအနောက်တမျက်နှာကာ သွင်ကူမုစလင် ဟူပိယ်တဝ်၊

၄ မူရယ် ဤယ်ဖုရှာ ဂထာသတော။”

[သက္ကရာဇ် ၅၆၇ခု သရဝဏ်နှစ်၊ သန်တူလဆုတ် ၇ရက်၊ ကြာသပတေးနေ့အား **ဓမ္မရုံသခင် မင်းဆရာမဟာပဏ္ဍိတ်**ကို **မင်းကြီးစည်သူ “ဤဓမ္မရုံ အနောက်တစ်မျက်နှာကား သခင်ဂူမူစလင့်**”ဟု ပေးတော်မူ၍ **ဤဘုရား ငါထားသတည်း**။]

**ငမုံသင်လင်မယား [သက္ကရာဇ် ၆၁၅]**
**ဓမ္မရံကြီးဘုရားကျောက်စာ**

၁၂၊၁၃၅၊၂။

၂၅ ..."ကျောင်တဝ်
၂၆ နိယ်သော သ္ခင်ပည်ာတိရိတ်စသော ဂ္ဂဆက်ကာ ဤယ် ပုရှာကျွန်ကိုဝ် မ
၂၇ စိုဝ်ပါစ္ဖံတေ။ ငါသာဆက် မွိယ်ဆက်လှျင် စိုဝ်စိယ် သတေ။"

[ကျောင်းတော်နေသော သခင်ပညာတိရိတ်စသော ဂ္ဂဆက်ကား ဤဘုရားကျွန်ကို **မစိုးပါစွံ**တည်း။ ငါ့သားဆက် မြေးဆက်လျှင် စိုးစေသတည်း။]

၁၂၊၁၃၅၊၃။

၂၈ "ဣမိနာ ပုညကမ္မေန၊ မေတ္တေယျံ ဒသနံမမ၊ အနာဂ တမှိ အဒ္ဓါ
၂၉ နေ၊ သဗ္ဗညုုစ ဘဝေယျဟံ၊ သဗ္ဗညုတံ ပါပုနိတွာ၊ သန္တာရိယံ သဒေဝကံ။"

**[ဣမိနာ ပုညကမ္မေန၊ မေတ္တေယျံ ဒသနံမမ။ အနာဂတမှိ အဒ္ဓါနေ၊ သဗ္ဗညုုစ ဘဝေယျာဟံ။ သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေယံ သဒေဝကံ။]**

၁၂၊၁၃၆။ **အဂ္ဂပတိ [သက္ကရာဇ် ၆၁၅]**
**အဂ္ဂပတိကျောက်စာ**

၁ "သကရစ် ၆၁၅ခု စယ်နှစ် တပေါ
၂ င်လဆန်ဂ္ဂရျက် ၂နိယ်အာ **ခန်တီ**နှိုက် သိခင်
၃ ရာဇသူလယ် ၁၀၀ သောကိုဝ် ငယ်၁၀၀၀နှင်အဂ္ဂ
၄ ပတိဝယ်ရှယ် ပင်လယ်ဣမ်ရာကျောင်နှိုက် ပုရှာ
၅ နှင်သဃ်ာအာလှုဧအ်။"

[သက္ကရာဇ် ၆၁၅ခု ဇေယျနှစ်၊ တပေါင်းလဆန်း၇ရက်၊ ၂နေ့အား **ခန္တီး**၌ သခင်ရာဇသူ**လယ်၁၀၀သောကို ငွေ ၁၀၀၀**နှင့် အဂ္ဂပတိဝယ်၍ **ပင်လယ်အိမ်ရာကျောင်း**၌ ဘုရားနှင့်သံဃာအားလှူ၏။]

၁၂၊၁၃၇။ **စည်ကိုင်ရမ်လင်မယား [သက္ကရာဇ် ၆၁၆] သံပျင်စွာကျောင်းကျောက်စာ**

၉ ...“ဤယ်ဇာလှူသော

၁၀ ကောင်မှုအဖ္လိုဝ်ကာ။ ဇာမိ၊ ဇာဖ၊ ဇာ**အစ်ကိုဝ်**၊ ဇာ**နှာမ** က စသော၊ အဆုယ်

၁၁ အမ္လိုဝ် ၇နှစ်ဆက် ရပါစိယ်သတေ၊ သကြာ ဗြဟ္မာက စသော၊ လူနတ်ခပင် သဗ္ဗ

၁၂ သတ္တာခပ်သိမ်လေ ရပါစိယ်သတေ၊ ဇာမူသော ကောင်မှု အဖ္လိုဝ်ကာ၊ နတ်တ

၁၃ ကာထက်နတ်မ္လတ် ဖ္လစ်လိုဝ်၏၊ လူတေဖ္လစ်မူကာ လူတကာ ထက်အမ္လတ် ဖ္လစ်

၁၄ လိုဝ်၏။”

[ဤငါလှူသော ကောင်းမှုအကျိုးကား **ငါ့မိ၊ ငါ့ဖ၊ ငါ့အစ်ကို၊ ငါ့နှမကစသော အဆွေအမျိုး ၇ဆက်** ရပါစေသတည်း။ သိကြား၊ ဗြဟ္မာကစသော လူနတ် ခပင်း သဗ္ဗသတ္တဝါ ခပ်သိမ်းလည်း ရပါစေသတည်း။ ငါမူသော ကောင်းမှုအကျိုးကား **နတ်တကာထက် နတ်မြတ်**ဖြစ်လို၏။ လူတည်းဖြစ်မူကား **လူတကာ ထက်အမြတ်** ဖြစ်လို၏။]

၁၂၊၁၃၈။ **ဥစ္စနာမင်းကြီး၏ဦးရီးနှင့်အများ [သက္ကရာဇ် ၆၁၇] ဥစ္စနာမင်းကြီး၏ဦးရီးနှင့်အများကျောက်စာ**

၂၆ ...“ဇာရင်မာတ(ယာက်။)

၂၇ ဘခွယ်တ(ယောက်။)ဘရိယ်ခပ်တယောက်။ ဘဉိလှ တယောက်။ ဤယ်မျှသကျွန်ကာ အရျာသဃ်ာတိုဝ်ကိုဝ် ခြီယ်..

၂၈ လက်ဆိယ်ရိယ် ႋခြိဝ်ရိယ် (သောက်)ရိယ် ခပ်စိမ်သောငှာ ဝတ်ချက်စိမ်သော **တံပျက်ခ္လိယ်**က္လုံစိမ်သောငှာ လှျု သတေ။''

[ငရင်မာတစ်ယောက်၊ ငခွေတစ်ယောက်၊ ငရေခပ် တစ်ယောက်၊ ငဦးလှတစ်ယောက်၊ ဤမျှသော ကျွန်ကား အရိယာသံဃာတို့ကို **ခြေ(ဆေး‌ရေ)၊ လက်ဆေးရေ၊ ချိုးရေ၊ သောက်ရေခပ်စိမ့်သောငှာ၊ ဝတ်ချက်စိမ့် သော၊ တံမြက်ချေးကျုံးစိမ့်သောငှာ လှူသတည်း**။]

၁။၂။၁၃၉။**မင်းယောက္ခမသရေ [သက္ကရာဇ် ၆၁၈] နရသီဟပတေ့မင်းကျောက်စာ (အရှေ့မျက်နှာ)**

၁ ''။ ။ သကရစ် ၆၁၇ခု စိဿနှစ် တပေါင်လ္ဆန်၁၃ရျက် ၅ နိယ် တလ

၂ ပုံမင် ဖောင်ဆင်ပင်က္လီမွိယ် ယူတ်မူရကာ ယူတ်မမူမိက ကြံတူနိမ်တ်

၃ ကျောင် ဖုန်မ္သသသ္ခိင်မဟာမတိမာထေကိုဝ် ပစ္စယာ ဖောင်ဆင်ဘ္လပ္လည်

၄ စင်သင် ဘမြင်သင်လှျုသော ႋမွိ၂၀၀ ခပင် ဝင်ပါလိယ်၏ ထိုဝ်ယူသနှစ်

၅ အကြိယ်**တလ**လါရာ ပုံတဝ်မူလိယ်၏ သာပန်ပွတ်သည် ႋမွိယ် ရှုယ်တောင်ရ

၆ လိယ်၏ ရှုယ်တောင်ရပြီ ပုဂံရောက်လတ္တေ ရောက်ပြီ သောခာ သကရစ်၆၁၈ခု

၇ အာသတ်နှစ် နံယုန်လတွင် ရတနာသုံပါရှိယ်နိယ်ရှယ် မင်ယောက္ခမသရိယ် ကွန်ဧ

၈ ပြာက်ကြီလျှင် မင်ကိုဝ်ကြာ၏ ဖ္လာတ်ဩက် သျင်အလေါင် ယူတ်မူ‌ေ
၉ သာ ပင်က္လီမ္လိယ်တွင် ကြံတူနိမ်သ္ခိင် မဟာမတိမာထေ မ္လိယ်ပါ၏ ထိုဝ်မ္လိ
၁၀ ယ်ကာ **သျင်**အလေါင်လေမယူခ ယူတ်မမူစိယ်ချျင်ဟု ကြာရကာ မင်
၁၁ .ဟု၏ သရိယ် ဇာအလေါင်လျှင် ယူသောတေ ဇာ မသင်နိုဝ် သိမ်ရင်ဇာ
၁၂ ကာ အသိုဝ်ဟု ယုအံသန္နေ သိခင်တိုဝ်ကိုဝ် ဇာလျှု၏ အလိုဝ်ရစိ
၁၃ ယ်၏ ရတနာသုံပါသော္လမ္လိယ်ကာ ဇာမ္လိယ်သိုဝ် ဆံခြည် တတန်လျှင်
၁၄ အဝင်စိယ် ဇာတိုဝ်မ္လိယ်ကာ ရတနာသုံပါသော္လမ္လိယ်သိုဝ် ဝင်သကာ
၁၅ မထိယ်ပ္လစ် သ္ခိင်တိုဝ်မ္လိယ်ခြာနင် အမြယ်အမြံတိုင်ဆောက် ပလိ
၁၆ ယ်ဟူသော ထုယ်တ်ါရလျှင်သတေ။ ထိုဝ်ရှဝ် မင်လျှုတဝ် မူသော္လမ္လိ
၁၇ ယ်ကာ **စယျသတ္တိယ်**တိုက်တွင် ဝင်လိယ်ရကာ မင် ယောက္ခမ
၁၈ သရိယ်လေ စယျသတ္တိယ်ကိုဝ် နင်တိုက်တွင် ကြံတူ သ္ခိင်တိုဝ်
၁၉ မ္လိယ် ၂၀၀ မင်လျှုတဝ်မူပြီအာ အထိအလျောင်ပိယ် အပိုင်အ
၂၀ ခြာ တိုင်ဆောက်ပိယ်လင်ဟူသော ထုယ်တ်ါတင်ပိယ်၏။ ထို
၂၁ ဝ်သိုဝ် တင်ပိယ်ရကာ စယျသတ္တိယ်လေ မိမိဩက်တိုက် ရှုသော

၂၂ ပွယ္လ်ကြီ စည်သင်ကြံကိုဝ်မိန်၏။ ဇာတိုက်တွင် ကြံတူသ္ခိင်မဟာ

၂၃ မတိမာထေ မ္လိယ်၄၀၀ဟီ၏တတ် သ္ခိင်တိုဝ် မင်ရျပ်ရကာ ပုရှာရှင်

၂၄ သ္ခိင်မဟာမတိမာထေကိုဝ် လှုုတ်မူ၏။ နင်တိုဝ် အပိုင်အခြာ တို

၂၅ င်ဆောက်ပိယ်လင်ဟူသော ပိယ်စာတင်လတ်ရကာပွယ်ကြီ၁ယော

၂၆ က် စည်သင်ကြံ ၁ယောက် ဉာ်ယ်နှစ်ယောက်လျှင်တိုင်ဆောက်

၂၇ ပိယ်သတေ။ ၀ ။ ဉာ်**ဇာ**ကာ သ္ခိင်သာရပုတ္တရာနှင်သုမန ထုသတေ

၂၈ နိယ်ရပန်ဆုလ္လျှင် လိုဝ်လ္ချင်သတေ။ ၀ ။”

[သက္ကရာဇ် ၆၁၇ခု ဇေဋ္ဌနှစ်၊ တပေါင်းလဆန်း ၁၃ရက်၊ ၅နေ့ **ဒလပျံမင်း** ဖောင်ဆင် ပင်ကျီမြေယူတော်မူရကား ယူတော်မမူမီက ကြံတူနိမ့်တောကျောင်း ဖုန်းမြတ်သော သခင်မဟာမတိမာထေရ်ကို ပစ္စယာ ဖောင်ဆင်ပြေည်စင်သင်၊ မြေင်သင်လှူသော မြေ၂၀၀ခပင်း ဝင်ပါလေ၏။ ထိုယူသောနှစ် **အကြေဒလလားရာ ပျံတော်မူလေ၏။ သား ပန်းပွတ်သည်မြေး ရွှေတောင်ရလေ၏။ ရွှေတောင်ရပြီး ပုဂံရောက်လတ်တည်း။** ရောက်ပြီးသောခါ သက္ကရာဇ် ၆၁၈ခု အာသဠ္ဍိနှစ်၊ နယုန်လတွင် ရတနာသုံးပါးရှေ့နေ၍ **မင်းယောက္ခမသရေ၊ ကွန်းပြောက်ကြီး**လျှင် မင်းကိုကြား၏။ “**ဖဝါးတော်အောက်**၊ ရှင်အလောင်းယူတော်မူသော ပင်ကျီမြေတွင် ကြံတူနိမ့်သခင် မဟာမတိမာထေရ် မြေပါ၏။ ထိုမြေကား ရှင်အလောင်းလည်းမယူခ၊ ယူတော်မမူစေချင်”ဟု ကြားရကား မင်းဟူ၏။ “သရေ၊ ငါအလောင်း

လျှင် ယူသောတည်း ငါမသင့်နိုး၊ သိမ်းရင်းငါကား အသို့ပဟု ယူအံ့သ**နည်း**၊ သခင်တို့ကိုငါလျှော့၏။ အလိုရစေ ၏။ **ရတနာသုံးပါးသောမြေကား ငါ့မြေသို့ ဆံခြည် တစ်တန်းလျှင် အဝင်စေ**။ ငါတို့မြေကား ရတနာသုံးပါး သော မြေသို့ဝင်သကား မထေပြစ်။ သခင်တို့**မြေခြား နင်း၊ အမြဲအမြဲ တိုင်ဆောက်ပလေ**"ဟူသော ထွေတော် ရလျှင်းသတည်း။ **ထိုရော** မင်းလျှုတော်မူသောမြေကား ဇေယျသေဌေးတိုက်တွင်ဝင်လေရကား မင်းယောက္ခမသရေ လည်း ဇေယျသေဌေးကို "နင့်တိုက်တွင် ကြံတူသခင်တို့ မြေ၂၀၀ မင်းလှူတော်မူပြီးအား **အထိအလျောင်ပေ၊ အပိုင်းအခြား တိုင်ဆောက်ပေးလင့်**" ဟူသော ထွေ တော်တင်ပေ၏။ ထိုသို့တင်ပေရကား ဇေယျသေဌေး လည်း မိမိအောက် တိုက်ရှူသော ပွဲ့ကြီး၊ စည်သကြီးကို မိန့်၏။ "ငါတိုက်တွင် ကြံတူသခင် မဟာမတိမာထေရ် **မြေ ၄၀၀ ရှိ၏တတ်**၊ သခင်တို့ **မင်းရပ်ရကား** ဘုရားရှင် သခင်မဟာမတိမာထေရ်ကို လှူတော်မူ၏။ နင်တို့အပိုင်းအခြား တိုင်ဆောက်ပေးလင့်" ဟူသော **ပေစာတင်**လတ်ရကား ပွဲ့ကြီး၁ယောက်၊ စည်သကြီး ၁ယောက်၊ ဤနှစ်ယောက်လျှင် တိုင်ဆောက်ပေ သတည်း။ ဤစာကား သခင်သာရပုတ္တရာနှင့်သုမန **ထု**သတည်း။ နေရပန်ဆုလျှင် လိုချင်သတည်း။]

၁၂၁၄၀။ **မင်းမတ်မဟာသမန်း [သက္ကရာဇ် ၆၂၀]**
**မင်းမတ်မဟာသမန်းကျောက်စာ (မျက်နှာဘက်)**

၁၂၁၄၀။

၁၂၁၁၁၄။

၁၁ "ဤဇလှူသော လဲတိုဝ်တွင် (လဲ)တပဲကို(ဝ်လ)ဥ္စော၊ င(ဆုယ်)

၁၂ ငမျိုဝ် သော ငမ္ဂိယ်တိုဝ်တွင်လဒ္ဍော်င်၊ ပ္လင်သူလဒ္ဍော်င် (တိရစ္ဆ)
၁၃ နှ်လဒ္ဍော်င်၊ လူလဒ္ဍော်င်၊ မိမလဒ္ဍော်င်၊ ယောက္ကျာ လ(ဒ္ဍော်င်)
၁၄ လုစရစ်သော၊ နိုင်ထက်မူသော သူတိုဝ်ကာ၊ လူတွင်ဖုန်မ (ကြီ)
၁၅ အသက်မရှယ်စေသတော၊ မင်ကြီဖိယ်ဖျံကြီစွာစွာ သ(င်)
၁၆ (စိယ်)သတော၊ မီဖိယ်၊ ရေဖိယ်၊ မိုဝ်ကြိုဝ်ပုဆိန်ဖိယ်၊ ဆ
၁၇ င်ဖိယ်၊ မြင်ဖိယ်၊ သစ်က္လာ လဝံဖိယ်၊ သ္မာကုရှယ်မတတ်"

[ဤငါလှူသော လယ်တို့တွင် လယ်တစ်ပယ်ကို လည်းကောင်း၊ ငါ့ဆွေ၊ ငါ့မျိုး၊ ငါ့သား၊ ငါ့မြေးတို့ တွင်လည်းကောင်း၊ ပြင်သူလည်းကောင်း၊ **တိရစ္ဆာန်** လည်းကောင်း၊ **လူ**လည်းကောင်း၊ **မိန်းမ**လည်းကောင်း၊ **ယောကျ်ား**လည်းကောင်း လုစားရစ်သော၊ နိုင်ထက် မူသော သူတို့ကား လူတွင်ဘုန်းမကြီး အသက်မရှည် စေသတည်း။ မင်းကြီးဘေးဘျမ်းကြီးစွာစွာ သင့်စေ သတည်း။ မီးဘေး၊ ရေဘေး၊ မိုးကြိုးပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ သစ် ကျား လူဝံဘေး၊ သမားကုရှ်မတတ်]

## ၁၂၁၄၁။ **မင်းမတ်မဟာသမန်း [သက္ကရာဇ် ၆၂၀]**
## **မင်းမတ်မဟာသမန်းကျောက်စာ (ကျောဘက်)**

၁ "ရှာသော အနာဖိယ်ကြီစွာလျှင်သင်ရှယ် ဖတ္တ်လတ်
၂ သိယ်စိယ်သတော၊ သွယ်ခယ်အန်ရှယ် သိယ်စိယ်သ
၃ တော၊ သိယ်သောလေ အဝစိယ်မည်သော၊ ငြယ်ကြီလျှ
၄ င် ကျက်စိယ်သတော၊ ဖုရှာအဖ္လစ်ဖ္လစ်လျှင် မဖူ
၅ စိယ်သတော၊ ကြံမာအာလ္ဂင် လူဖ္လစ်ငြာတုံမ်သော

၆ လေ နူသော ဝယ်သော၊ ကီသော၊ ကန်သော၊ နာပင် သော၊ အ
၇ သော၊ ရူသော၊ တုံမ်လိုသော၊ **ခြေယ်**လက်တိုဝ်သော
၈ ၊ နာ နှခောင်တိုဝ်သော၊ ပုဆိုဝ်ခြံမ်လည်လျှောင်
၉ **လျောက်**ရယ် ဖုန်စသောလေည် မစာရတတ်သော
၁၀ လူတွင်ကြံမာခံသော လူ**ပြိတ္တာ**လျှင် ဖွစ်**စေယ်**
၁၁ သတေ၊"

[ရာသော အနာဘေားကြီးစွာလျှင်သင့်၍ ဖတ္တလတ်သေစေသတည်း။ သွေးခဲအန်၍ သေစေသတည်း။ သေသောလည်း အဝီစိမည်သော ငရဲကြီးလျှင် ကျက်စေသတည်း။ ဘုရားအဖြစ်ဖြစ်လျှင် မဖူးစေသတည်း။ ကြမ္မာအားဖြင့် လူဖြစ်ငြားတုံသောလည်း နူသော ဝဲသော၊ ကျိုးသော ကန်းသော၊ နားပင်းသော၊ အသော၊ ရူးသော၊ တုံလို သော၊ ခြေလက်တိုသော၊ နားနှာခေါင်း တိုသော၊ **ပုဆိုးခြမ်းလည်လျှင်ယောက်၍ ဖုန်းစားသောလည်း မစားရတတ်သော**၊ လူတွင်ကြမ္မာခံသော လူပြိတ္တာလျှင် ဖြစ်စေသတည်း။]

## ၁၂၁၄၂။ **စိုးမင်းကြီး [သက္ကရာဇ် ၆၂၁]**
## **မဟာသမန်းကြီးသမီးစိုးမင်းကြီးကျောက်စာ**

၁ "။ ။ နမော လောကနာထာယ။ ။ သကရစ် ၆၂၁ခု အာသိန် နှစ် နံယုန်လဆုတ်
၂ ၅ ရျက် တန်နှင်လာနိယ် မဟာသမန်ကြီသမီ စိုဝ်မင်ကြီ မိမိလင် မ
၃ င်သာအလတ်မိန်သော အထုယ်အတိုင် အရပ်တည်ရှယ် ကျောင််ပ္လုရှယ် ကော
၄ င်မှုအက္လိုဝ် မင်သာအလတ်ရစိယ်ဟူရှယ် မဟာသမန်နှင် အညီ ရိယ်သွန်

၅ ရယ် ရတနာသုံပါအာ လှျုသောလယ်”

[**နမော လောကနာထာယ**။ သက္ကရာဇ် ၆၂၁ ခု အဿယုဇနှစ်၊ နယုန်လဆုတ် ၅ရက်၊ တနင်္လာနေ့ မဟာသမန်းကြီးသမီးစိုးမင်းကြီး **မိမိလင်မင်းသား အလတ် မိန့်သောအထွေအတိုင်း** အရပ်တည်၍ ကျောင်းပြု၍ ကောင်းမှုအကျိုး မင်းသားအလတ်ရစေ ဟူ၍ မဟာသမန်းနှင့်အညီ ရေသွန်း၍ ရတနာသုံးပါးအား လှူသောလယ်။]

၁၂၁၄၃။ **လေပ်သင် [သက္ကရာဇ် ၆၂၁]**
**လေပ်သင်ကျောက်စာ (မျက်နှာဘက်)**

၁၂၁၄၃၁။

၁ … “သကရစ် ၆၂၁ခု အာ
၂ သတ်နှစ်၊ နံယုန်လဆုတ်၅ရက် ၃နိယ္ယ် ဇလေပ်သင် ကျွောင်ပုရှာလ
၃ ယ္ယ်ကိုဝ် ဇမွန်အဖသာ လုစလတ်ရကာ သ္ခိင်ဂုဏဂမ္ဘိ မင်ကြာရယ်
၄ အပသုငယ္ယ်နရသူနှင် **စတ်စိယ္ယ်**(ေ)သာ ပြတ်ပြိလျက် ဇချက် ဇမွန်
၅ ပ္လွန်တုံရကာ ဂုဏဂမ္ဘိ မင်လျှင် တဖန် ကြာပ္လွန်တုံရယ် ပလရစ်သာနှင်
၆ သိန်ခပိစည်သာ မွန်ဦကိုဝ် ပုရှာရှင် မိယ်စိယ္ယ်တုံသောဇေ ဂုဏဂမ္ဘိ
၇ ဟူ၏ ဤလယ္ယ်ကာ ဇစင်ကြယ်သင့် ပုရှာလှျုရယ် သိယ်ခပြိ မင်ကြိ၅ဆ
၈ က်သောလေ အမိန့်မယ္ယ် ထိုဝ်ပြိ ဇနိယ္ယ်ရယ် ၃နှစ်စာသော လေ အမိန့်မယ္ယ်

၉ ၃နှစ်လွန်ပြီ ကောက်သိဖျက်ရယ် လုစလတ်သတေ ဟူ
ပိယ်အေ်။ ဇာ
၁၀ မွန်ကာ ဇာဖိုဝ် ဇာစင်ကြယ္ဍ်သ္ဒင် မယ္ဍ်ပြီကာ သင်ခာ
တယောက်တည်
၁၁ လျှင် မစာဖူဟုပိယ္ဍ်အေ်။ ထိုဝ်ရှဝ် သင်ဖမနှစ်ယောက်
စတ်လတ်
၁၂ သောတေ ဤ(နွ္ဍ)ပစ္စရာနှင် တကောင်လုဝ်ကာသုကြီ
ဇာရောက်ဦလေ င
၁၃ တိုဝ်အညာတက်သော သင်ခာတိုဝ် ကြာလိုက်ရကာ
ရွာသည် အသက်ကြီင
၁၄ ယ်တို္ဍ်ကိုဝ် မိယ်ခသောတေ ပုရှာလယ္ဍ်လျှင် ဟုတ္တေ
ဟုရယ် မိန္ဍ်ကုန်
၁၅ အေ်ဟု ဆိုဝ်ပိယ်ကုန်အေ် ထိုဝ်ပြီသလည္ဍ် ကင်ကာကိုဝ်
မိယ်တုံငေ
၁၆ သာလေ ကင်ကာဟူအေ် ဤယ်လယ်ကိုဝ် လုဟူသကာ
မစာဖူ သ္ခိုင်အ
၁၇ လောင်ကြိနတောင်မျာကလျှင် ထိုဝ်ကွ္လောင်နိယ်သ သင်ခာ
အစန်စာ
၁၈ သကာ ဇာလျှင်သိအေ်ဟု ဆိုဝ်ပိယ်အေ် ထို့မျှသာ မရောင်
ရယ်ရကာ
၁၉ သင်ဖမတိုဝ်မှောက် ကင်ကာလျှင် ကိန်ပိယ္ဍ်ရယ် ဇာမွန်
ကာ**ယ္ဍုံ**သတေ
၂၀ သ္ခိုင်ဂုဏဂမ္ဘီကာ ဩင်သတေ။”

[သက္ကရာဇ် ၆၂၁ ခု အာသဠ္ဍီနှစ်၊ နယုန်လဆုတ် ၅ ရက်၊ ၃နေ့ ငလပ်သင် ကျောင်းဘုရားလယ်ကို ငမွန် **အဖသား** လုစားလတ်ရကား သခင်ဂုဏဂမ္ဘီမင်းကြား၍ **အပသူငယ်** နရသူနှင့် စစ်စေသောပြတ်ပြီးလျက် ငချစ်၊ ငမွန် ပြန်တုံရကား ဂုဏဂမ္ဘီ မင်းလျှင်တစ်ဖန် ကြားပြန်

တုံ၍ ပလရာဇ်သားနှင့် သိမ်ပိစည်သား မွန်ဦးကို ဘုရားရှင် မေးစေတုံသတည်း။ ဂုဏဂမ္ဘီဟူ၏ "ဤလယ်ကား ဧစင်ကြယ်သင် ဘုရားလှူ၍ သေခပြီး မင်းကြီး ၅ဆက်သောလည်း **အမိန့်မဲ့**၊ ထိုပြီး ငါနေ၍ ၃နှစ်စားသောလည်း အမိန့်မဲ့၊ ၃နှစ်လွန်ပြီး **ကောက်သီး**ဖျက်၍ လုစားလတ်သတည်း" ဟူပေ၏။ မွေန်ကား "ငါ့ဘိုး ဧစင်ကြယ်သင်မဲ့ပြီကား **သံဃာတစ်ယောက်တည်း**လျှင် မစားဖူး"ဟူပေ၏။ ထိုရော သင်ဖမနှစ်ယောက် စစ်လတ်သတည်း။ ဣန္ဒပစ္စရာနှင့် တကောင်းလှော်ကားသူကြီး ငရောက်ဦးလည်း "ငါတို့အညာတက်သော သံဃာတို့ကြားလိုက်ရကား **ရွာသည် အသက်ကြီးငယ်**တို့ကို မေးခသတည်း၊ ဘုရားလယ်လျှင်ဟုတ်တည်းဟူ၍ မိန့်ကုန်၏"ဟု ဆိုပေကုန်၏။ ထိုပြီးသောလည်း ကင်ကာကို မေးတုံသောလည်း ကင်ကာဟူ၏ "ဤလယ်ကို လူဟူသကားမစားဖူး၊ **သခင်အလောင်းကြီးနားတောင်းများ**ကလျှင် **ထိုကျောင်းနေသော သံဃာ**အစဉ်စားသကား ငါလျှင်သိ၏" ဟုဆိုပေ၏။ ထိုမျှသာ မ**ရောင့်ရဲ**ရကား သင်ဖမတို့မှောက် ကင်ကာလျှင် ကျိန်ပေ၍ မွေန်ကား ရှုံးသတည်း။ သခင်ဂုဏဂမ္ဘီကား အောင်သတည်း။]

၁၂၊၁၄၃၂၊၂။

၂၂ "ဤကျွောက်စာကာ သပေါက်သုကြီ **ကင်ကပတိယ္ယ်** သာဏ္ဍပ္ဗည်

၂၃ ရသင် ရွာသုကြီ သပေါက် ကလန် သံပျင်သာ ခပင်မှောက် ဆင်

၂၄ သုကြီ ဘုမ္မသူ၊ ဘုမ္မသိဗ်ာ ဟိမဝန်၊ ဘုမ္မသုသာ ရွာသစ် သုကြိဗချ

၂၅ တ်ရောက်သင် ဆင်ထိန် ကလန် သံပျင်ခပင်မှောက် ဓမ္မသြင့်ပ္ပ

၂၆ ဣ္ဂ် အရိမဒ္ဒပိစည် တကောင်လုဝ်ကာသုကြီ လိုယ်ဦ လိုယ်သည် က

၂၇ လန် သံပျင်ခပင်မှောက်လျှင် ဆောက်သတေ။ ဤလယ် ကျှောက်

၂၈ စာ ဘေ္လပ္လုခသ အက္လျိုဝ်ကာ နိရပန် မရောက်သောကြာ အပယ် ၄ပါ

၂၉ ။ အလာရစိယ်**လသီယ်**။”

[ဤကျောက်စာကား **သပေါက်သူကြီး**ကက်ပတော့၊ သား ပြေည့်ရသင်၊ **ရွာသူကြီး၊ သပေါက် ကလန် သံပျင် သား ခပင်းမှောက်**။ **ဆင်သူကြီး**ဘုမ္မသူ၊ ဘုမ္မသိဉ်ါ၊ ဟိမဝန်၊ ဘုမ္မသူသား ရွာသစ်သူကြီး ငချစ်ရောက်သင်၊ **ဆင်ထိန်း ကလန် သံပျင်**ခပင်းမှောက်။ ဓမ္မအောင်ပြင်၊ အရိမဒ္ဒပိစည်၊ **တကောင်းလှော်ကားသူကြီး၊ လှေဦး လှေသည် ကလန် သံပျင်**ခပင်းမှောက်လျှင် ဆောက် သတည်း။ ဤလယ်ကျောက်စာ ငါပြုခသော အကျိုး ကား နေရပန်မရောက်သောကြား **အပါယ် ၄ပါး အလားရစေလတ်သေး**။]

## ၁၂၁၄၄။ **အရီးစော [သက္ကရာဇ် ၆၂၂] နရသီဟပတေ့မင်း အရီးစောကျောက်စာ (မျက်နှာဘက်)**

၁၂၁၄၄။

၁၂၆၃၁၁။

၁ “။သကရစ် ၆၂၂ခု ကြတိုက်သံဝစ္ဆိုရာနှစ် နံယုန်လ္ဆုတ် ၃ရျက် စနိယ်နိယ် ဖုဟ်ိုရှာင်တာဝ် အရီစဝ် ဤလူတွင်

၂ နှိုက် အတိုင်မသီ သတ္ထာလါရယ် ပ္လုသောကောင်မှုအက္လိုဝ် ကာ ရိယ်လ္ဘိယ်ခပ်သီမ်သော အသ္ဗိုင်လ္ဖစ်သော မင်ကြီ စသော မင်

၃ ငါ မင်သာ မင်သမီ မင်နှမခပ်သိမ် အမိဖုရှာစသော မောင်မခပ်သိမ် အမတ်တျာစသော ပိုလ်ပါခပ်သိမ်။ ဩက် အဝိစီယ်

၄ စသော အထက်ဖဝက်တိုင်ဩင် အတိုဝ်စက္ကဝလါ စသော အတိုင်မသီသော စက္ကဝလါနှိုက် နိယ်သော လူ နတ် သတ်တ

၅ ဝာခပ်သိမ် အကြွင်မယ်သဖွင် သင်သရာဆင်ငြယ်မှ ထွက်မ္လောက်ခရုယ် ဆင်ငြယ်မယ်သော နိယ်ရဗ္ဗန်ပြည် သိုဝ် ရောက်

၆ စိယ်လ္ချင်သောကြောင်။ ဟလေ သိစပ်မြင်နှံမ်သော သဗ္ဗညု တည်ညန် ဖုရှာဆုကိုဝ်လိုဝ်သောကြောင်။ ဤယ်သစ်(မ) တိ

၇ မည်သော အရပ်နှိုက် ဥတ်နှင့်ပ္လုသော တန်တိုင်နှစ်ထပ်ရံ လတ်ရုယ် တန်တိုင်တွင် ကလသာအိုဝ်နှင်(တူသော) စင်

၈ ကြံထက် တင်တယ်စွာသော ကုလေတည်လတ်ရုယ် ကူထာပနာသော အခါနှိုက် သရိရထတ်တဝ်လေ ထည် ဇေအ်။ ရှ

၉ ယ်၁၀၀ ပ္လုသော ရှုယ်ဖုရှာလေ ထည်ဇေအ်။ ငုယ်၃၀၀ ပ္လုသော ငုယ်ဖုရှာလေ ထည်ဇေအ်။ မျက်မ္လတ်ရတနာလေ ထည်

၁၀ ဇေအ်။ ရှုယ်ပေါက်၂ ငုယ်ပေါက်၂လေ ထည်ဇေအ်။ ရှုယ် စမခန်၊ ငုယ်စမခန်လေ ထည်ဇေအ်။ ထိုဝ်သိုဝ်သော အထူ၂

၁၁ သလ္ဖွင့်ပ္လုရုယ် ထာပနာဇေအ်။ ကူတွင်ကာ ဖုရှာအဆင် လိယ်မျက်နှာ ပ္လုဇေအ်။ ရတနာတိ ဆန်ကြယ်ထလျက် မူရုယ် အ

၁၂ ရောင်အဝာလေ တောက်ပစိယ်အေ်။ ကူအရံတွင်အာ
များသော ဖုရှာဆင်ပုတဝ်လေ ပ္လုဇအေ်။ ဇာတ် ၅၀၀လေ
အတာ
၁၃ င်အတယ် ရိယ်ဇအေ်။ ကူထွတ်ပ္လုသော ကြိယ်အပိသာ
၁၃၀။ ရှုယ် ၅၀။ ပြတာ ၂၀၀။ ဤသိုဝ်သော ရတနာ့ဖ္လင်
ကူထွ
၁၄ တ်လေ ပ္လုဇအေ်။ အရောင်အတလေ တောက်ပစိယ်အေ်။
ပိတကတ် ၃ပုံသော တရျာအပုံလေ ပ္လုဇအေ်။ သ္ခိင်အရျာ
၁၅ ပူသော ချံသော ပင်ပန်သော ငြိမ်စိမ်သောဇှာ သင်တကာ
အလယ်သော သ္ခိင်ထေရနှင်အကွသော အရျာတိုဝ် နိယ်စီ
သော
၁၆ ဇှာ ကျောင်လေပ္လုဇအေ်။ ထိုဝ်ကုလကျောင်ကာ အသည်အရံ
ထုပ်လျောက် အခြင်အမိုဝ်ခပင်သောကိုဝ်လေ တင်တ
၁၇ ယ်စွာသော အဆန်အကြယ် **ဆိယ်ထန် ဟင်သပတာ**
တိုဝ်ဖ္လင်လေ ရိယ်ဇအေ်။ ရှုယ်ကျက်တငိယ်လေ
၁၈ တပ်အေ်။ အထက်ပိတန်ကာ ရှုယ်ကြာနှင်နှင် တင်တယ်
စွာ အရောင်အဝာလေ တောက်ပစိယ်အေ်"

[သက္ကရာဇ် ၆၂၂ ခု ကြတ္တိကာသံဝစ္ဆရနှစ်၊ နယုန်လဆုတ်
၃ရက်၊ စနေနေ့ ဘုရားရှင်တော် အရီးစော ဤလူတွင်၌
အတိုင်းမသိ သဒ္ဓါလာ၍ပြုသော ကောင်းမှုအကျိုးကား
ရေမြေခပ်သိမ်းသော အသခင်ဖြစ်သော မင်းကြီးစသော
မင်းညီ မင်းသား မင်းသမီး မင်းနှမခပ်သိမ်း၊ အမိဖုရား
စသော မောင်းမခပ်သိမ်း၊ အမတ်ရာစသော ဗိုလ်ပါ
ခပ်သိမ်း၊ အောက်အဝီစိစသော အထက်ဘဝဂ်တိုင်အောင်
အတို့စကြဝဠာစသော အတိုင်းမသိသော စကြဝဠာ၌
နေသော လူနတ်သတ္တဝါခပ်သိမ်း အကြွင်းမဲ့သဖြင့်
သံသရာဆင်းရဲမှ ထွက်မြောက်ခ၍ ဆင်းရဲမဲ့သော
နေရပန်ပြည်သို့ ရောက်စေချင်သောကြောင့်၊ ငါလည်း

သိစပ်မြင်နှံ့သော **သဗ္ဗညုတဉာဏ် ဘုရားဆုကို လိုသောကြောင့် ဤသမထီးမည်သောအရပ်၌** အုတ်နှင့်ပြုသော တံတိုင်းနှစ်ထပ် ရံလတ်၍ တံတိုင်းတွင်း ကလသာအိုးနှင့်တူသော စကြံ၏ထက် တင့်တယ်စွာသော ဂူလည်း တည်လတ်၍ ဂူဌာပနာသောအခါ၌ သရီရဓာတ်တော်လည်း ထည့်၏။ ရွှေ ၁၀၀ပြုသော ရွှေဘုရားလည်း ထည့်၏။ ငွေ ၃၀၀ပြုသော ငွေဘုရားလည်း ထည့်၏။ **မျက်မြတ်ရတနာ**လည်း ထည့်၏။ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်လည်း ထည့်၏။ ရွှေစမ္ပခဏ်၊ ငွေစမ္ပခဏ်လည်း ထည့်၏။ ထိုသို့သော အထူးထူးသဖြင့်ပြု၍ ဌာပနာ၏။ ဂူတွင်းကား ဘုရားအဆင်း လေးမျက်နှာပြု၏။ ရတနာတိ ဆန်းကြယ်ထလျက်မူ၍ အရောင်အဝါလည်း တောက်ပစေ၏။ ဂူအရံတွင်းအား များသော ဘုရားဆင်းပုတော်လည်းပြု၏။ ဇာတ် ၅၀၀လည်း အတင့်အတယ်ရေး၏။ **ဂူထွတ်ပြုသော ကြေး အပိဿာ ၁၃၀၊ ရွှေ ၅၀၊ ပြဒါး ၂၀၀ ဤသို့သော ရတနာဖြင့် ဂူထွတ်လည်းပြု၏။ အရောင်အဝါလည်း တောက်ပစေ၏။ ပိဋကတ်၃ပုံသော တရားအပုံလည်း ပြု၏။ သခင်အရိယာပူသော၊ ချမ်းသော၊ ပင်ပန်းသော ငြိမ်းစိမ့်သောငှာ** သင်တကာ အလယ်သော သခင်ထေရနှင့်အကွသော အရိယာတို့ နေစိမ့်သောငှာ ကျောင်းလည်းပြု၏။ ထိုကုလားကျောင်းကား **အသည်အရံ၊ ထုပ်လျှောက်၊ အခြင်အမိုး** ခပင်းသောကိုလည်း တင့်တယ်စွာသော အဆန်းအကြယ် ဆေးဒန်း၊ ဟသ်ပဒါးတို့ဖြင့်လည်း ရေး၏။ ရွှေကျက်တငိုလည်း တပ်၏။ **အထက်ပိတာန်ကား ရွှေကြာနှင်နှင် တင့်တယ်စွာ အရောင်အဝါလည်း တောက်ပစေ၏။**]

## ၁၂၊၁၄၅။ **ဖုန်းမြတ်ကြီးသမန္တဘဒြာမဟာထေရ် [သက္ကရာဇ် ၆၂၂] မဟာရစ်စေတီကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၄၅၊၁။

၁ “။ ။သကရစ် ၆၂၂ခု ကြတိုက်နှစ် တပို္ဂဲ္ဂထွယ်လ္ဆန်
၁၂ ရျက် သုကြာနိယ် ကွန်မြင်ထက်၊ ညနိယ်တာ်
မူသော၊ သျှာသူမ္လိယ်၊ ဆင်
၂ ကွတ်၊ သရအိုင် ကြည့်မ္လိယ်ကိုဝ်၊ ရှာသူကြိတို္ဂဲ္ဂ
အနိုင်အထက် အခွန်တောင်၏ဟု၊ ဖုန့်မွတ်ကြိစွာကိုဝ်
အဆွယ်တိုဝ် ကြာလေရကာ။
၃ ဖုန့်မွတ်ကြိစွာ သမန္တဘဒြ္ဒါ မဟာထေရလေ၊ သူခမိန်
သာကိုဝ် နာတဝ်လျှောက်စိယ်ရကာ၊ မိန်တာ်မူ၏၊
သျှာသူမ္လိယ် သိကြည့်မ္လိး
၄ ယ်ကိုဝ်ကာ၊ အခွန်မတောင်စိယ်ဟု မဟာသမ္ဒန်ကိုဝ် မိန်တာ်
မူ၏။ မဟာသမ္ဒန်လေ ထွယ်တာ်တိုင်လျှင် စာချု
၅ ပ်၏၊ အမိပုရှာစ်လေ ကွ္လိယ်သူကြိဖ္လစ်ရကာ၊ မင်ကြိ
လွှတ်တဝ်မူသော၊ ဆင်ကွတ်၊ သရအိုင်၊ မ္လိယ်း
၆ ကာ၊ သျှာသူမ္လိယ် ဟုတ်စင်လေါဝ်ဟု၊ ဆင်ကွတ်သူကြိ
မစန္တရဇ်၊ သရအိုင်သူကြီ ဓမ္မသိင်္ခာတိုဝ်နှိုက် မိယ်စိ
၇ ယ်သောတော၊”

[သက္ကရာဇ် ၆၂၂ ခု ကြတ္တိကာနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ သောကြာနေ့ ကွန်းမြင့်ထက် **ညနေ**တော်မူသော သျှာသူမြေဆင်ကွတ်၊ သရအိုင်ကြည်းမြေကို ရှာသူကြီးတို့ အနိုင်အထက် **အခွန်တောင်း**၏ဟု ဖုန်းမြတ်ကြီးစွာကို အဆွေတို့ကြားလေရကား ဖုန်းမြတ်ကြီးစွာ သမန္တဘဒြာမဟာထေရ်လည်း သုခမိန်သားကို **နားတော်လျှောက်**စေရကား မိန့်တော်မူ၏။ သျှာသူ့မြေသီးကြည်းမြေကိုကား အခွန်မတောင်းစေဟု မဟာသမန်းကို မိန့်တော်မူ၏။ မဟာသမန်းလည်း ထွေတော်တိုင်းလျှင်

စာချုပ်၏။ အမိဖုရားစောလည်း ကျေးသူကြီးဖြစ်ရကား မင်းကြီးလွှတ်တော်မူသော ဆင်ကွတ်၊ သရအိုင် မြေကား သျှာသူမြေ**ဟုတ်စင်လော**ဟု ဆင်ကွတ်သူကြီး မစန္တရာစ်၊ သရအိုင်သူကြီး ဓမ္မသိင်္ခါတို့၌ မေးစေသတည်း။]

၁၂၁၄၅၂။

၁၀ ..."ဆင်ကွတ်

၁၁ ၊သရအိုင်၊ သျှာသူမ္ဘိယ် သိကြည့်မ္ဘိယ်ကိုဝ်၊ နောင်ရှာ သုကြီ ကံကုန်စခီ အမတ္တျာတိုဝ် ဖျက်ဆိ

၁၂ ရယ် အခွန်တောင်စရစ်မူကာ၊ မ္ဘိယ်ကြီကာအထက် ကိုဝ် ကာဩက်အ၀စိယ်လျှင် ကျက်စိယ်သဧ

၁၃ တ၊ အကံဖာဖာသော ပုရှာအလ္ဖစ်တိုဝ်ကိုဝ်လေ မဖူစိယ် သတေ၊ ကိုဝ်အလုံမ္ဘိယ်ကြီ မျှိုဝ်သ

၁၄ အလ္ဖစ်သိုဝ် ရောက်စိယ်သတေ၊ လါလိယ်ရရာ ချံသာ မဟိ ဆင်ရယ်တိသောကိုဝ်အလ္ဖစ်သည့်ဖ္လ

၁၅ စ်စိယ်သတေ၊"

[ဆင်ကွတ်၊ သရအိုင် သျှာသူမြေသီးကြည်းမြေကို နောင် ရှာသူကြီး၊ ကံကုန်စာချီ၊ အမတ်ရာတို့ဖျက်ဆီး၍ အခွန် တောင်းစားရစ်မူကား မြေကြီးကားအထက်၊ ကိုယ်ကား အောက်အဝီစိလျှင် ကျက်စေသတည်း။ အကမ္ဘာဘာ သောဘုရားအဖြစ်တို့ကိုလည်း မဖူးစေသတည်း။ **ကိုယ် အလုံး မြေကြီးမျိုသောအဖြစ်သို့ရောက်စေသတည်း။ လားလေရာရာ ချမ်းသာမရှိ ဆင်းရဲတိသောကိုယ် အဖြစ်သည် ဖြစ်စေသတည်း**။]

၁၂၁၄၅၃။

၁၇ ..."ဣသိုဝ်ဇာလုံလမူရယ် မင်ကြီနှင် **အ**

၁၈ **မိပုရှာစ်** ရိယ်စင်တာ်လ္ခရယ် လှုတာ်မူသောမ္ဘိယ်ကိုဝ် နောင်အစန်စန်သော ရှာသုကြီ၊ ကံကုန်

၁၉ စခီ အမတျာတိုဝ် မထိမထောင်စိယ်ဟု အရိယ်အရံယူရစ်
သောသူကာ လူလ္ဖစ်ကျင် နတ်လ္ဖ
၂၀ စ်ကျင် သတ္တာလ္ဖစ်ကျင် ဆင်ရယ်မည်သောအမှတ်မသိသော
ကိုဝ်အလ္ဖစ်သည် လ္ဖစ်စိယ်သ
၂၁ တေ၊ လါရရာကာ **စည်စီ**အသ္ခိင်လျှင် လ္ဖစ်စိယ်သတေ၊
လူအလ္ဖစ် နတ်အလ္ဖစ် လ္ဖစ်ပြီမူး
၂၂ ကာ ဆင်ရယ်မေယ်သော **စိုဝ်ရိမ္ဗယ်သော မကွယ်မကင်**
တတ်သော နိယ်ရပန်ပြည်လျှင်
၂၃ လါရစိယ်သတေ၊ မင်ကြီ**အငှူမူ**သော အမိပုရှာကာ
နတ်ချင်မတူသော လူချင်မတူ‌ေ
၂၄ သာအလ္ဖစ်နို့က် လ္ဖစ်စိယ်သတေ၊”

[ဤသို့ငါ**လုံ့လမူ**၍ မင်းကြီးနှင့် အမိဖုရားစော ရေစင်
တော်ချ၍ လှူတော်မူသောမြေကို **နောင်အစဉ်စဉ်သော
ရှာသူကြီး၊ ကံကုန်၊ စာချီ၊ အမတ်ရာ**တို့ **မထိ
မထောင်း**စေဟု အရေးအရံယူရစ်သောသူကား လူ
ဖြစ်ကျင်၊ နတ်ဖြစ်ကျင်၊ သတ္တဝါဖြစ်ကျင် ဆင်းရဲမည်
သောအမှတ်မသိသော ကိုယ်အဖြစ်သည် ဖြစ်စေသတည်း။
လားရာရာကား စည်းစိမ်အသခင်လျှင် ဖြစ်စေသတည်း။
လူအဖြစ်၊ နတ်အဖြစ် ဖြစ်ပြီးမူကား **ဆင်းရဲမဲ့သော၊
စိုးရိမ်မဲ့သော၊ မကွေမကင်းတတ်သော နေရပန်ပြည်**
လျှင် လားရစေသတည်း။ မင်းကြီး**အမှူးမူ**သော အမိ
ဖုရားကား **နတ်ချင်းမတူသော လူချင်းမတူသော
အဖြစ်**၌ ဖြစ်စေသတည်း။]

၁၂၊၁၄၆။ **အိုရောက်သင် [သက္ကရာဇ် ၆၂၄]
အိုရောက်သင်ကျောက်စာ**

၂၂ … “ဤငထန် မိုဝ်
၂၃ မ္လိယ်ကိုဝ် ခိပင်ပါသောသူကာ ဘနှင်ထပ်တူ လူလ္ဖစ်ကာ

လုစည္ဆိမ်
၂၄ နတ္တေဖ္ဖစ်ကာ နတ္တေ**စည္ဆိမ်** ခံစရစိယ်သတေ၊ မိတ္တရျာပုရှာ
၂၅ ဖ္ဖစ်လစ်သောခာ ပုရှာ**ယော** ဓမ္မစကြာတြျာကြာက အက္လွတ်
ရရှ
၂၆ ယ် နိဗ္ဗန်မည်သော မသိယ်ပြည် ဝင်စိယ်သတေ၊ ရိယ်လ္မိယ်
အသ္ခိ
၂၇ င်မင်လေ ရပါစိယ်သတေ၊ ဤငအလှုကိုဝ် ဖျက်ဆီသသူ
၂၈ ကာ စာချင်လျက် မစာရတတ် သောက်ချင်လျက် မ
သောက်ရ
၂၉ တတ်စိယ်သတေ၊ ကမ္ဘာလျှင်လောင်သောခလေ မလောင်
၃၀ ရျာသ ကမ္ဘာတပါသိုဝ်လာရယ် မ္ဂိယ်ကြီအထယ် ငြယ်ခံ
၃၁ စိယ် ကျက်စိယ်လိယ်သတေ။"

[ဤငါ့ထန်း မိုးမြေကို ချီးပင့်ပါသောသူကား ငါနှင့် ထပ်တူ လူဖြစ်ကား လူစည်းစိမ်၊ နတ်တည်းဖြစ်ကား နတ်(တည်း)စည်းစိမ် ခံစားရစေသတည်း။ **မေတ္တေယျ ဘုရား ဖြစ်လစ်သောခါ ဘုရားရှေ့ ဓမ္မစကြာတရား ကြားက အကျွတ်ရ၍ နိဗ္ဗာန်မည်သော မသေပြည် ဝင်စေသတည်း။** ရေမြေအသခင်မင်းလည်း ရပါစေ သတည်း။ ဤငါ့အလှုကို ဖျက်ဆီးသောသူကား စား ချင်လျက် မစားရတတ်၊ သောက်ချင်လျက် မသောက် ရတတ်စေသတည်း။ **ကမ္ဘာလျှင် လောင်သောခါလည်း မလောင်ရာသော ကမ္ဘာတစ်ပါးသို့လား၍ မြေကြီး အထဲ ငရဲခံစေ ကျက်စေလေသတည်း။**]

၁၂၁၄၇။ **နရသီဟပတေ့မင်း [သက္ကရာဇ် ၆၂၄]**
**နရသီဟပတေ့မင်းကျောက်စာ**

၁၂၁၄၇၁။
၁ "။ ဝ ။ သကရစ် ၆၂၄ ခု ပုဿနှစ် နံယုန်လ္ဆန်၁ရျက်
၅ နိယ်။ သရိယ်သမီ

၂ အမိဖုရှာ ရတနာပုံ ပျံတ်မုခရကာ။ ပျံတ်မုခသည်ကိုဝ်
ရည်ရုယ်။ မ္ဗတ်ကြီမ

၃ ဟာကဿပ အရပ်နှိုက်။ မင်ကြီကျောင်တဝ် တည်ရုယ်
လှျုတဝ်မူသော။ စပါ

၄ ၃၀၀၀တွက် တပဲသော ၁၀တင်တောင် လဲမွန် ၃၀၀
ကျွန် ၃၀၀လှျုတ်မူ၏”

[သက္ကရာဇ် ၆၂၄ ခု ဖုသျှနှစ်၊ နယုန်လဆန်း ၁ရက်၊ ၅နေ့ **သရေသမီး အမိဖုရားရတနာပုံ** ပျံတော်မူခရကား ပျံတော်မူခသည်ကိုရည်၍ မြတ်ကြီးမဟာကဿပအရပ်၌ မင်းကြီး ကျောင်းတော်တည်၍ လှူတော်မူသော စပါး ၃၀၀၀တွက် တစ်ပယ်သော ၁၀တင်းတောင်း **လယ်မွန်** ၃၀၀၊ ကျွန် ၃၀၀ လှူတော်မူ၏။]

၁၊၂၊၁၄၇၊၂။

၁၄ “နံနန်ကျွန်တွင် အသက်ကြီဖြစ်သော ဇာမတ်မည်သော
ဇာမတ်သာ

၁၅ ဇာကလန်ပုံမည်သော ကျွန်တိုဝ်သည် ချင်တိုဝ်မြိယ်ဖြစ်သော
ကြ

၁၆ ည်ဆာမြိယ်တိုဝ်ကိုဝ်လှျုရကာ။ သ္ခိုင်အရှာတိုဝ် ကွန်
ပြောက်ကြီထွ

၁၇ က်တ်မုသော ရှုပ်လိုက်သောတေ သ္ခိုင်တိုဝ်အလိုဝ်ရလင်ဟု
လှျုတ်မူ

၁၈ တုံရကာ သံတ်လျှင်လါရုယ် ဖုံမကြံ၊ သမန္တရစ်မည်သော
ဉာ်အမတ်

၁၉ တိုဝ်သည် မြိယ်အပိုင်အခြာ တိုင်နင်ရုယ်လျှင် တိုင်ဆောက်
ပလိယ်သတေ”

[**နံနန်ကျွန်**တွင် **အသက်ကြီး**ဖြစ်သော ငမတ်မည်သော၊ ငမတ်သား ငကလန်ပုံမည်သော ကျွန်တို့သည် **ချင်းတို့**

**မြေ**ဖြစ်သော ကြည်ဆာမြေတို့ကိုလှူရကား သခင်အရိယာတို့ **ကွန်းပြောက်ကြီး ထွက်တော်မူသော ရပ်လိုက်သတည်း။** "သခင်တို့အလိုရလင့်" ဟုလှူတော်မူတုံရကား သံတော်လျှင်လာ၍ ဖုံမကြဲ၊ သမန္တရစ်မည်သော ဤအမတ်တို့သည် **မြေအပိုင်းအခြား တိုင်နင်း၍လျှင်တိုင်ဆောက်ပလေသတည်း။**]

၁၂၁၃၄၈။ **ဖုန်းမြတ်တိသထေရ် [သက္ကရာဇ် ၆၂၄]**
**ဖုန်းမြတ်တိသထေရ်ကျောက်စာ (မျက်နှာဘက်)**

၁ "။ ။ သကရစ် ၆၂၄ခု **ပုနပ်ပသု**နှစ်။
၂ တန်ဆောင်မှုန်လဆုတ် ၅ရျက် ကြသပ
၃ တိယ်နီယ္ဖ်။ ဖုန်မွတ်သောတိသတ္ထေ။ ဖု
၄ ရှာကိုဝ်လှုသော။ အိုဝ်မှယ်တယောက်။ အိုဝ်မှ
၅ ယ်သာမိဦတယောက်။ အိုဝ်လျောင်တယောက်။
၆ အိုဝ်သုဖတ်တယောက်။ ဤယ် ၄ယောက်ေ
၇ သာကျွန်သည္ကာ အဖကျွန်ဟူရှယ် **အခွ္သည်ငီ**
၈ လျှင် ပိယ်သောမဟုတ်။ အဖမြီခပယ်
၉ လျှင် ဆပ်ရှယ်ရသတေ။"

[သက္ကရာဇ် ၆၂၄ ခု **ပုန္နဖုသျှ** (ဖုသျှ)နှစ်၊ တန်ဆောင်မုန်းလဆုတ် ၅ရက်၊ ကြာသပတေးနေ့ ဖုန်းမြတ်သောတိသထေရ် ဘုရားကိုလှူသော အိုမွေတစ်ယောက်၊ အိုမွေ**သမီးဦး**တစ်ယောက်၊ အိုလျောင်တစ်ယောက်၊ အိုသုဖတ်တစ်ယောက် ဤ ၄ယောက်သောကျွန်သည်ကား **အဖကျွန်ဟူ၍ အချည်းနှီးလျှင် ပေးသောမဟုတ်၊ အဖမြီခပဲလျှင် ဆပ်၍ရသတည်း။**]

၁၂၁၄၉။ **စိုးမင်းကြာသဝတ်လင်မယား [သက္ကရာဇ် ၆၂၄] ကစွန်းအိုကျောင်းကျောက်စာ (မျက်နှာဘက်)**

၁၂၁၄၉၁။

၁ “။ ၀ ။ ၀ ။ သကရစ် ၆၂၄ ခု **ပုဿ**နှစ် တပေါင် လ္ဆန် ၃ရျက် သောကြာနိယ်အာ။
၂ စိုဝ်မင်ကြာသဝတ်မိယာ။ လင်ကြာသဝတ် ဇာနှင့်ပ္လုသော။ တန်တိုင်မိတာ
၃ လိယ်မျက်နှာ။ ကူ ၁လုံ။ **စလစ်မွိခေါင်**ကျ္လောင်ကြီ ၁ ခု။ ကုလါကျ္လောင် ၁ခု။ စါသ
၄ င်တိုက် ဧတိုက်။ **စရဖုက်** ၁ခု။ သိမ် ၁ခု ပိတကတ် ၃ပုံ။ တြျာပန်လင် ၁ခု။ ဤသိုဝ်ပ္လုဇအ်။
၅ ဤသိုဝ် ဇာတိုဝ်ပ္လုသောကျ္လောင်နှိုက်။ ပုရှာ တြျာ သဃ်ာ ရတနာ ၃ပါသောကိုဝ်။ သာသနာ ၅
၆ ၀၀၀မ္လောက်သြာင် နောင်နှိုက် အရှည်တည်စိမ်သောငှာ။ ဇာလှုသော ပုရှာကြီအာ ပုစဝ်အရပ်
၇ နှိုက်။ ⁽ⁱ⁾စုံစီမဟာပိုလ် ပိယ်သော။ သစ်ငုတ်မျာမည်သော သံပုတ်လယ် ၁၀၀။ ရတနာပုံစရင်
၈ နှိုက်။ နက္ကသမန်နှမတုရှင်တိုင်သည် ရောင်သော။ ပုစဝ် အရပ် ပုလုရွာနောက် လယ် ၄၀။ ဤယ်
၉ ကာပုရှာတော။”

[သက္ကရာဇ် ၆၂၄ ခု **ဖုသျှ**နှစ်၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့အား စိုးမင်းကြာသဝတ် မယား၊ လင်ကြာသဝတ် ငါနှင့်ပြုသော **တံတိုင်းမီးတား လေးမျက်နှာ၊ ဂူ ၁လုံး၊ စုလစ်မွမ်ခေါင်း ကျောင်းကြီး၁ခု၊ ကုလားကျောင်း ၁ခု၊ စာသင်တိုက်ဧတိုက်၊ စရဘုတ် ၁ခု၊ သိမ်၁ခု၊ ပိဋကတ်၃ပုံ၊ တရားပလ္လင်၁ခု**၊ ဤသို့ပြု၏။ ဤသို့ ငါတို့ပြုသောကျောင်း၌ ဘုရား တရား သံဃာ ရတနာသုံးပါးသောကို သာသနာ ၅၀၀၀ မြောက်

အောင် နောင်၌ အရှည်တည်စိမ့်သောငှာ ငါလှူသော ဘုရားကြီးအား ပူဇော်အရပ်၌ စုံစီ မဟာမိုလ်ပေးသော သစ်ငုတ်များမည်သော သင်ပုတ်လယ် ၁၀၀၊ ရတနာပုံ စာရင်း၌ နက္ကသမန်နှမတုရင်တိုင်သည် ရောင်းသော ပူဇော်အရပ် ပုလုရွာနောက် လယ် ၄၀၊ ဤကားဘုရား တည်း။]

၁၂၊၁၄၉၊၂။

၂၀ ..."ဤမျှသော (လှူတုံ)သလဲ

၂၁ ကိုဝ် ထေရသိုင်ကာတဆ။ သဃ်ာတိုဝ်ကာ ၄ဆ အလိုဝ် ရစိယ်သတေ။ ။ အပေါင်ကြိ ပုရှာ ဘြှာ

၂၂ သဃ်ာ ရတနာ၃ပါသောအာ လှူသောလယ်ကာ ၆၅၂ ပယ်ဟိအေ်။ ၀။ ဤမျှသော ပုရှာ ဘြှာ သ

၂၃ ဃ်ာ ရတနာ၃ပါသောကိုဝ် ပစ်စည်၄ပါ အထောက်အပင် ဖွစ်စိမ်သောငှာ ကျှောင်အာ။ ငယ်။

၂၄ ၁၀၀၀။ ရှယ်၁၀၀။ ဇလှူတုံအေ်။ ၀ ။"

[ဤမျှသော လှူတုံသောလယ်ကို **ထေရသခင်ကား တစ်ဆ၊ သံဃာတို့ကား ၄ဆ အလိုရစေသတည်း**။ အပေါင်းကြီးဘုရား တရား သံဃာ ရတနာ၃ပါးသော အား လှူသောလယ်ကား ၆၅၂ပယ်ရှိ၏။ ဤမျှသော ဘုရား တရား သံဃာ ရတနာ ၃ပါးသောကို ပစ္စည်း ၄ပါး အထောက်အပင့်ဖြစ်စိမ့်သောငှာ ကျောင်းအား **ငွေ ၁၀၀၀၊ ရွှေ ၁၀၀** ငါလှူတုံ၏။]

၁၂၊၁၅၀။ **စိုးမင်းကြာသဝတ်လင်မယား [သက္ကရာဇ် ၆၂၄] ကစွန်းအိုကျောင်းကျောက်စာ (ကျောဘက်)**

၂ "ဤဇာ္လပ္လုသ ကောင်မှုအက္လိုဝ်ဖွင်ကာ။ လုရွါန

၃ တ်ရွါ သင်သရါအရှည် ကျင်လည်ရရါ လုရွါဖွစ်လေ လုထက်အမွတ် **မန်ထတ်မင်**အေ် စည်စိမ်သိုဝ်သော

၄ စည်စိမ်ကိုဝ်လျှင် လိုဝ်ချင်သတေ။ နတ်ရွှါဖ္ဖစ်လေ။
ဟူရရှါသ နတ်ရွှါတိုဝ်ထက် သာယာစွါဟု ပုရှာလေါင်
၅ တကာ ဖ္ဖစ်ရါအမှတ် မ္ဖတ်သနတ်ရွှါ တုသိတာလျှင်
ဖ္ဖစ်ချင်သတေ။ လုရွှါနတ်ရွှါ စည်စိမ်ချံသာ ခံပြီ
၆ သောခါ။ ပုရှာမ္ဖတ်စွါ မိတ္တာရှာလက်ထက် အမိုက်အမျက်
**ရမ်မက်**အန်သ အရဟန္တာဖ္ဖစ်ရှယ် နှစ်ဆစ်
၇ မ္ပပ္ဖန် နိဗ္ဗန်မည်သော မသိယ်ပြည်လျှင် ဝင်ရလိုဝ်သတေ။"

[ဤငါပြုသော ကောင်းမှုအကျိုးဖြင့်ကား **လူ့ရွာနတ်ရွာ သံသရာအရှည် ကျင်လည်ရာရာ လူ့ရွာဖြစ်လည်း လူထက်အမြတ် မန္တာတ်မင်း၏ စည်းစိမ်သို့သော စည်းစိမ်ကိုလျှင် လိုချင်သတည်း။ နတ်ရွာဖြစ်လည်း ဟူရာရာသော နတ်ရွာတို့ထက် သာယာစွာဟု ဘုရားလောင်းတကာ ဖြစ်ရာအမှတ် မြတ်သော နတ်ရွာ တုသိတာလျှင် ဖြစ်ချင်သတည်း။ လူ့ရွာ နတ်ရွာ စည်းစိမ် ချမ်းသာ ခံပြီးသောခါ ဘုရားမြတ်စွာ မေတ္တေယျာလက်ထက် အမိုက်အမျက် ရမ္မက်အန်သော အရဟန္တာဖြစ်၍ နှစ်ဆစ်မပြန် နိဗ္ဗာန်မည်သော မသေပြည်လျှင် ဝင်ရလိုသတည်း။**]

၁၂၊၁၅၁။ **သခင်စကုကြီး [သက္ကရာဇ် ၆၂၄]**
**သခင်စကုကြီးကျောက်စာ**

၁၂၊၁၅၁၊၁။

၁ "။ ဝ ။ သကရစ် ၅၂၉ခု မာခသံဝစ္ဆိုရ်နှစ် တန်ခူလဆန်
ဧရျက် ကြာသပတိယ်နိယ်အာ
၂ သ္ခိင်စကုကြီတေ သ္ခိင်သဃ်ထိ ငတိတ်သင်ကျ္လောင် ရှူယ်
ပုရှာနှိုက် ဉာ်ယ်မွိယ်ကိုဝ်လှျု၏၊ သ္ခိင်
၃ ထိလေ ကန်ဆည်ရှယ် လဲလုပ်စိယ်၏၊ လဲနက်စာရလတ်
ရကာ သ္ခိင်သဃ်ထိလေ စုရင်ကြီပ္ပုလတ်(ရှ)

၄ ယ် စကုကြီကိုဝ်ခဝ်ရှယ် အညီလျှင် ပုရှာကိုဝ် သံပုတ်
ဝတ်ပုစဝ်ကြ၏၊ စကုကြီ သို္ခင်သဃ်ထီကိုဝ်မိန်၏ သို္ခင်
သဃ်

၅ ထီ ဤလဲအနက်ကိုဝ် သံပုတ်ပုစဝ်ရသလေ ဇာဝံသာဇွာ
၏ ဤလဲကာ ပုရှာနှင်အကွ ကံဖာတိုင် ဟိရစ်စိယ်သတေ၊

၆ ဇာလေပုရှာနို္ခက် လှုပြီလျက်လျှင် သာလွှိယ်တိုဝ်ကိုဝ်
ပိယ်ခယ်ဟူမူကာ မွိယ်ကံဖာအထယ်လျှင် ကျက်လိုဝ်
သတေ၊ သို္ခင်လေ

၇ သာလွှိယ်တိုဝ်ကိုဝ် ပိယ်ခယ်ဟူမူကာ မွိယ်ကံဖာအထယ်
လျှင် ကျက်စိယ်သတေဟု ပုရှာမှောက် ရိယ်သွန်ရှယ်
ကိန်ကြ၏

၈ သို္ခင်သဃ်ထီလေ အသက်အတိုင်စာခ၏။ သို္ခင်သဃ်ထီ
လွန်ပြီသောကာ သို္ခင်ဥပစင် စာလတ်တုံ၏ သို္ခင်ဥပစင်
(လ)

၉ က[၉]ထက်မှတေ မဟာဗိုဟ်မိယာ နို္ဂဝ်စွိဂ္ဂိဘက် ဇာစည်စိမ်
သင်မည်သောသုသည် **ကံပိုင်ကန်နှာ**ထက် ထန်စိုက်၏၊
သို္ခင်

၁၀ ဥပစင်လေ အသက်အတိုင်စာခ၏၊ သို္ခင်ဥပစင်လွန်ပြီသော
ကာ သို္ခင်မုန်တောင်စာတုံ၏၊ သို္ခင်မုန်တောင်လက်ထက်

၁၁ မှတေ၊ အိုန်မွန်သင် အခြင်မျာလတ်ရကာ၊ ကန်ညာရင်
ကင်္ဘာတြာ ရွာရှုရကာ ကန်ညာရင်ကိုဝ် ဆင်ကြ၏၊
ဆင်ကြသော ဤ

၁၂ ကျောင်နို္ခက် ရဟန်မူခဘူသော ငဆည်သင်မည်သော
သူသည်တေ သို္ခင်စကုကြီ ရှုယ်**ဘုရှာ**ကိုဝ်လှုသောအာ
သိမြင်ပါ၏၊

၁၃ ဇာဆည်သင်မိန်လတ်တေ နင်ဘိုဝ်စကုကြီလှုခယ်သည်
ကာ ဇာလျှင်သိမြင်သတေ၊ ကန်လေ ဇာလျှင်ဆည်သ
တေ၊ ရိ

၁၄ ယ်တွင်လေ ဘလျှင်တူသတေ နင်ဖိုဝ်လျှုသကာ ဘလျှင်
သိမြင်သောဟုတ္တာ၊ နင်ဖိုဝ်မလျှုခယ်သည် နင်သိမှုကာ
နင်ဘုရှာစွယ်ဟု အို
၁၅ န်မွန်သင်ကိုဝ် မိန်လတ်တော၊ အိုန်မွန်သင် ဘဆည်သင်
ကိုဝ် မိန်တုံ၏၊ ဘဖိုဝ်ဘုရှာန္ဟိက် လျှုခယ်သည် နင်သိ
သမုတည် နင်**ပု**
၁၆ **ရှာ**စွယ်ဟု ဘဆည်သင်ကိုဝ်မိန်၏၊ ကန်ညာရင်ဟု၏
ဘဆည်သင် အိုန်မွန်သင် **ဖုရှာ**မစွယ်ဝံသမှုတည် နင်ဘုရှာ
စွယ်
၁၇ ပိယ်လုဝ်ဟုမိန်၏၊ ဘဆည်သင်**ခတ်ခီ**ပိယ်၏၊ ခတ်ခီသော
သိပါမြင်ပါသကာ သဃ်ထီညောင်စောက်။ သိခ်တိုင်မ
၁၈ လုပ်။ သူကြွယ်ဘရောက်လွယ်သင်။ ဤကာ သိမြင်ပါ
သောသုနှင် ၂တော၊ ရွာသုကြီကန်ညာရင်ဟူ၏ အိုန်မွန်
သင် ခတ်
၁၉ မခီဝံ ဘဆည်သင်ခတ်ခီရပြီသမုတည် လဲကာ ဘုရှာလျှင်
ရပစိယ်သတေဟု ပြတ်ပိယ်၏၊ ဘဆည်သင်နှင်သွိင်မုန်
၂၀ တောင်ကာသြင်သတေ၊ အိုန်မွန်သင်ကာယှုံသတေ သြင်
သော သကရစ်ကာ ၅၈၂ ခု တပိုဝ်တွယ်လဆန် ၅ရျက်
တနှင်လာနိ
၂၁ ယ်တော၊”

[သက္ကရာဇ် ၅၂၉ ခု **မာဃသံဝစ္ဆိုရ်**နှစ်၊ **တန်ခူး**လဆန်း ၈ရက်၊ ကြာသပတေးနေ့အား သခင်စကုကြီးတည်း သခင်သံဃာထေရ်၊ ငတိတ်သင်ကျောင်း ရွှေဘုရား၌ ဤမြေကိုလျှု၏။ သခင်ထေရ်လည်း **ကန်ဆည်**၍ **လယ်လုပ်**စေ၏။ **လယ်နက်**စားရလတ်ရကား သခင်သံဃာထေရ်လည်း **စုရင်းကြီး**ပြုလတ်၍ စကုကြီးကို ခေါ်၍ အညီလျှင် ဘုရားကို **သင်ပုတ်ဝတ်ပူဇော်**ကြ၏။ စကုကြီး သခင်သံဃာထေရ်ကိုမိန့်၏။ "သခင်သံဃာထေရ်၊

ဤလယ်အနက်ကို သင်ပုတ်ပူဇော်ရသည်လည်း ငါ ဝမ်းသာစွာ၏။ **ဤလယ်ကား ဘုရားနှင့်အကွ ကမ္ဘာတိုင် ရှိရစ်စေသတည်း။** ငါလည်းဘုရား၌ လှူပြီးလျက် လျှင် သားမြေးတို့ကို ပေးခဲ့ဟူမူကား မြေကမ္ဘာအထဲလျှင် ကျက်လိုသတည်း။ သခင်လည်း သားမြေးတို့ကို ပေးခဲ့ ဟူမူကား မြေကမ္ဘာအထဲလျှင် ကျက်စေသတည်း”ဟု **ဘုရားမှောက် ရေသွန်း၍ ကျိန်ကြ၏**။ သခင်သံဃာထေရ်လည်း အသက်အတိုင်း စားခ၏။ သခင်သံဃာထေရ် လွန်ပြီးသောကား သခင်ဥပစင် စားလတ်တုံ၏။ သခင်ဥပစင် လက်ထက်မှတည်း မဟာဗိုလ်မယား **နို့စို့ဖက်** ငစည်းစိမ်သင်မည်သောသူသည် **ကန်ပိုင်ကန်နားထက် ထန်းစိုက်၏**။ သခင်ဥပစင်လည်း အသက်အတိုင်း စားခ၏။ သခင်ဥပစင် လွန်ပြီးသောကား သခင်မုန်တောင်စားတုံ၏။ သခင်မုန်တောင်လက်ထက်မှ တည်း အိုမွန်သင် အချင်းများလတ်ရကား ကန်ညာရင် ကင်္ကဘတြာရွာရှုရကား ကန်ညာရင်ကို **ဆင်**ကြ၏။ ဆင်ကြသော ဤကျောင်း၌ရဟန်းမူခဖူးသော ငဆည်သင် မည်သောသူသည်တည်း သခင်စကုကြီး ရွှေဘုရားကို လှူသောအား သိမြင်ပါ၏။ ငဆည်သင် မိန့်လတ်တည်း “နင့်ဘိုးစကုကြီးလှူခဲ့သည်ကား ငါလျှင် သိမြင်သတည်း။ ကန်လည်း ငါလျှင် ဆည်သတည်း။ ရေတွင်းလည်း ငါလျှင် တူးသတည်း။ နင့်ဘိုးလှူသည်ကား ငါလျှင် သိမြင်သောဟုတ်တာ။ နင့်ဘိုး မလှူခဲ့သည် နင်သိမူကား နင်**ဘုရားစွဲ**”ဟု အိုမွန်သင်ကို မိန့်လတ်တည်း။ အိုမွန်သင် ငဆည်သင်ကို မိန့်တုံ၏။ “ငါ့ဘိုးဘုရား၌လှူခဲ့သည် နင်သိသမူတည်း နင်ဘုရားစွဲ” ဟု ငဆည်သင်ကိုမိန့်၏။ ကန်ညာရင်ဟူ၏။ “ငဆည်သင်၊ အိုမွန်သင် ဘုရားမစွဲဝံ့ သမူတည်း နင်ဘုရား စွဲပေလော့”ဟုမိန့်၏။ ငဆည်သင်

**ဓာတ်ချီ**ပေ၏။ ဓာတ်ချီသော သိပါ မြင်ပါသကား သံဃာထေရ်ညောင်စောက်၊ သိခ်တိုင်မလုပ်၊ သူကြွယ်ငရောက်လွယ်သင်၊ ဤကား သိမြင်ပါသော သူနှင်နှင်တည်း။ ရွာသူကြီးကန်ညာရင်ဟူ၏။ "အိုမွန်သင် ဓာတ်မချီဝံ့ ငဆည်သင် ဓာတ်ချီရပြီးသမူတည်း လယ်ကားဘုရားလျှင် ရပါစေသတည်း" ဟု **ပြတ်**ပေ၏။ ငဆည်သင်နှင့် သခင်မုန်တောင်ကား အောင်သတည်း။ အိုမွန်သင်ကား ရှုံးသတည်း။ အောင်သော သက္ကရာဇ်ကား ၅၈၂ ခု၊ တပို့တွဲလဆန်း ၅ရက်၊ တနင်္လာနေ့တည်း။]

၁၂၊၁၅၁၂။

၂၁ "သ္ခိင်မုန်တောင်လေ အသက်အတိုင်စာခ၏၊ ထိုဝ်ပြီသော
ကာ သုခမိန်သန်ပေါင်စာခတုံ၏၊ သန်ပေါင် လွန်ပြီသော
၂၂ ကာ ဗုဒ္ဓပါသင်ကြီစာခတုံ၏။။ ၀။ သကရစ်၆၂၄ ခု
ပုဿနှစ် သန္တျူလဆန် ၅ရျက် အင်္ဂါနိယ်အာ **သမန်
တပိစည်၊ ရာဇ**
၂၃ **ပိဆဲ၊** အစိတ်အစိယ်မိယ်ပိယ်ရကာ၊ စကုသ္ခိင် ဘတိတ်
သင် ကျောင်နှိုက်ဟိသော ဘုရှာကိုဝ် စကုကြီလှျုသော
ကန်လဲကိုဝ်ငေ
၂၄ တ သင်္ဃာအဆက်၂ စာလျက်လျှင်တော၊ စည်သဝတ်လ္ဘိယ်
ဘဖုန်ရောက်သင်နှင်ငပငယ် **လုစ**လတ်တောဟူရှယ် သ္ခိင်
ဘတိ
၂၅ တ်သင် ကျောင်နိယ်သော သ္ခိင်သီလကုမာနှင် **သံပု**တည်
နိယ်သော **ညာနသိတ္တိ**ဆိုဝ်၏။ စည္သ်ဝတ်လ္ဘိယ် ငဖုန်ရောက်
သင်နှင်ငပငဲ
၂၆ ဆိုဝ်၏။ ကန်လဲကာ ဘဖိုဝ်စကုကြီလေ ဘုရှာမလှျုခ၊
ယခင်က ဘုရှာသင်္ဃာမစာခ၊ ယခုသာ ဤသင်္ဃာလျှင်
တော အရိမတ်ကိုဝ်တို

၂၇ (င်ကန်လဲတော၊) ဘရပိယ်သတော၊ **တန်ဆိပ်**လေ အရိမတ်
တပ်သော တန်ဆိပ်မဟုတ်ဟု မိန်၏။ တြျာမယောက်
ဟူ၏၊ ဤတန်ဆိပ်(ကာ အ)
၂၈ (သူတပ်ပိယ်ဘိန္နေ)ဟု မိယ်ရကာ သ္ခိင်တိုဝ်ဟု၏ အရိမတ်
တပ်ပိယ်သောကာ ဘဖုန်လာသင် ကောင်စင် သိကုန်၏
ဟုရကာ တြျာ(ပိယ်သ)
၂၉ (ကာဟု၏၊)ဘဖုန်လာသင် မိန်၏။ အရိမတ်ဆင်ပိယ်
ရယ်၊ ဘပိန်ဓတ်ခီရယ် တပ်ပိယ်သော တန်ဆိပ်ဟုတ်၏
ကောင်စင်ဟူ၏ အရိမ
၃၀ တ် တန်ဆိပ်တပ်ပိယ်သကာ ဘလေသိ၏၊ အရိမတ်ငီ
ဘလျောင်သင်မိန်၏။ ဤသိုဝ်နှင်၂ အသံမျာအံဟု
အရိမတ် တန်ဆိပ်တပ်ပိယ်ဟု
၃၁ ၏၊ တြျာတိုင် ပုရှာလဲဟုတ်သောဟု ပြတ်အံသောတော၊
စည်သဝတ်မ္ဖိယ် ဘဖုန်ရောက်သင်နှင် ငပငဲဟူ၏၊ ရှာ
နှိုက် မိယ်လတ်ဉိဟူရကာ ရှာလျှင်ကျှော
၃၂ (င်လည် ငမိရှာဝင်) မိယ်ပိယ်သောတော၊"

[သခင်မုန်တောင်လည်း အသက်အတိုင်းစားခ၏။ ထိုပြီး
သောကား သုခမိန်သန်ပေါင် စားခတုံ၏။ သန်ပေါင်
လွန်ပြီးသောကား ဗုဒ္ဓပါသင်ကြီး စားခတုံ၏။ သက္ကရာဇ်
၆၂၄ ခု ဖုသျှနှစ်၊ သန်တူလဆန်း ၅ရက်၊ အင်္ဂါနေ့
အား သမန္တပိစည်၊ ရာဇပိစည် အစိတ်အစေး မေးပေ
ရကား "စကုသခင် ငတိတ်သင်ကျောင်း၌ရှိသော ဘုရား
ကို စကုကြီးလှူသော ကန်လယ်ကိုတည်း **သံဃာ
အဆက်ဆက်** စားလျက်လျှင်တည်း။ စည်သဝတ်မြေး
ငဖုန်းရောက်သင်နှင့် ငပငယ် **လုစား**လတ်တည်း"ဟူ၍
သခင်ငတိတ်သင်ကျောင်းနေသော သခင်သီလကုမာနှင့်
သင်ပုတ်တည်နေသော ဉာဏသိဒ္ဓိဆို၏။ စည်သဝတ်
မြေး ငဖုန်းရောက်သင်နှင့်ငပငယ်ဆို၏။ "ကန်လယ်

ကား ငါ့ဘိုးစကုကြီးလည်း ဘုရားမလျှုခ၊ ယခင်က ဘုရားသံဃာ မစားခ၊ ယခုသာ ဤသံဃာလျှင်တည်း၊ (အရိမတ်ကိုတိုင်* ကန်လယ်တည်း၊ ငါရပေသတည်း။) တံဆိပ်လည်း အရိမတ်တပ်သော တံဆိပ်မဟုတ်'' ဟု မိန့်၏။ တရားမယောက်ဟူ၏။ ''ဤတံဆိပ်ကား အသူ**တပ်**ပေဘိနည်း''ဟု မေးရကား သခင်**တို့**ဟူ၏။ ''အရိမတ်တပ်ပေသောကား ငဖုန်းလာသင်၊ ကောင်စင် သိကုန်၏'' ဟူရကား ''တရားပေးသကား'' ဟူ၏။ ငဖုန်းလာသင် မိန့်၏။ ''အရိမတ်ဆင်ပေ၍ ငပိန်ဓာတ် ချီ၍ တပ်ပေသောတံဆိပ်ဟုတ်၏။'' ကောင်စင်ဟူ၏။ ''အရိမတ်တံဆိပ်တပ်ပေသကား ငါလည်း သိ၏။'' အရိမတ်ညီ ငလျောင်သင်မိန့်၏။ ''ဤသို့နှင်နှင် **အသံ များအံ့**ဟု အရိမတ်တံဆိပ်တပ်ပေ'' ဟူ၏။ တရားတိုင် ''ဘုရားလယ်ဟုတ်သော''ဟု ပြတ်အံ့သတည်း။ စည် သဝတ်မြေး ငဖုန်းရောက်သင်နှင့် ငပငယ်ဟူ၏။ ''ရွာ၌ မေးလတ်ဦး''ဟူရကား ရွာလျှင်ကျောင်းလည်း ငါ့မိ ရွာဝင် မေးပေသတည်း။]

၁၂၁၅၁၃။

၃၅ ''ဤမျှသောသူတိုင် မိန်ကုန်၏၊ စ

၃၆ ကုကြီကာ ဇတိတ်သင်ဂ္ဂ္ဂောင် ဘုရှာအာလျု၏၊ ဇတိတ် သင် **သင်ဃ်ာ**ထီဆက်၊ ဥပစင်၊ မုန်တောင်၊ သန်ပေါင်၊ ဗုဒ္ဓပါ၊ ဤသို့င်နှင်သင်ကြီ

၃၇ ဖိဆက်စာသကာ သိ၏၊ ၊လူစာသကာမသိဟု မိန်ကုန်၏၊ တျာတိုင်ဟူ၏၊ အရိမတ်တပ်ပိယ်သော တန်ဆိပ်စာတေ ဘုရှာရကောင်ရ

၃၈ င်၊ မဟုတ်ဟူရကာ ဇတိုဝ်ရွာမိယ်စိယ်သော၊ ရွာသည် တကာတိုဝ်လေ ဘုရှာသဃ်ာစာသကာသိ၏ဟု မိန်၏၊ လူစာသကာမသိဟု မိန်

* အနက်မသိသာ။

၃၉ ကုန်၏၊ ဤကန်လဲကာ စကုကြီဘုရှာကိုဝ်လှျုသော ဟုတ်စင်၏၊ အရိမတ်တပ်ပိယ်သော တန်ဆိပ်တိုင် ပုရှာရ ပစိယ်ဟု (ပြတ်ပိယ်၏။)

၄၀ ။ဝ။ ဝ။ သ္ခိင်သီလကုမာနှင်ညာနသိတ္တိကာနိုင်၏၊ စည် သဝတ်လ္ဘိယ် (ဖုန်ရောက်သင်နှင်ပေငဲ ယှုံသတေ။)

[ဤမျှသောသူတို့မိန့်ကုန်၏။ "စကုကြီးကား တေိတ်သင် ကျောင်းဘုရားအားလှူ၏။ တေိတ်သင် သံဃာထေရ် ၁ဆက်၊ ဥပစင်၊ မုန်တောင်၊ သန်ပေါင်၊ ဗုဒ္ဓပါ၊ ဤသခင် နှင့် သင်ကြီး ၆ဆက် စားသကားသိ၏။ လူစားသကား မသိ"ဟုမိန့်ကုန်၏။ တရားတိုင်ဟူ၏။ "အရိမတ်တပ် ပေသော **တံဆိပ်စာ**တည်း။ ဘုရားရကောင်းရင်းမဟုတ်" ဟူရကား ငါတို့ရှာမေးစေသော၊ ရှာသည်တကာတို့လည်း "ဘုရား၊ သံဃာစားသကား သိ၏"ဟုမိန့်၏။ "လူစား သကား မသိ" ဟုမိန့်ကုန်၏။ "ဤကန်လယ်ကား စကုကြီးဘုရားကိုလှူသော **ဟုတ်စင်**၏။ အရိမတ်တပ် ပေသော တံဆိပ်တိုင်း ဘုရားရပါစေ"ဟု ပြတ်ပေ၏။ သခင်သီလကုမာနှင့် ဉာဏသိဒ္ဓိကားနိုင်၏။ စည်သဝတ် မြေး ဖုန်းရောက်သင်နှင့်ပေငယ် ရှုံးသတည်း။]

## ၁၂၊၁၅၂။ **ပန်စင် [သက္ကရာဇ် ၆၂၇]** **အိုကုသင်သားပန်စင်ကျောက်စာ**

၁၄ "ရှာသည် အသက်ကြီငယ်အလုံ သိ

၁၅ ပါ မြင်ပါသတေ အမိအဖ **အဆွိယ်**အမျှိုဝ်ခပင်လေ ရစိ

၁၆ ယ်သတေ သိပါမြင်ပါသော သုခပင်လေ ရစပါစိယ် သတေ။ ရဟ

၁၇ န္တာဆုလိုဝ်သတေ။ ဝ။ မိဖကာ အစန်လာသ ကျွန်မဟုတ် (ဇ)

၁၈ သင်ဃာလျက် ဆိုဝ်ငြယ်တိသီမူရယ် လူမထွက်မီက
ရသတေ။”

[ရှာသည် **အသက်ကြီးငယ်အလုံး** သိပါမြင်ပါသတည်း။ အမိအဖ အဆွေအမျိုးခပင်းလည်း ရစေသတည်း။ သိပါမြင်ပါသောသူခပင်းလည်း ရစပါစေသတည်း။ ရဟန္တာဆုလိုသတည်း။ **မိဘက အစဉ်လာသော ကျွန်မဟုတ်။ ငါသံဃာလျက် ဆင်းရဲတိသီးမူ၍ လူမထွက်မီက ရသတည်း။**]

## ၁၂၊၁၅၃။ **သိဃ်သူသမီး [သက္ကရာဇ် ၆၂၈]**
## **အာမနာကျောင်းကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၅၃၊၁။

၁ “သကရစ် ၆၂၈ခု။ ပိသျက်နှစ်။ နံကာလဆန် ၇ရျက် ကြသပတိယ်နိယ် မထိလိုဝ့်မွိယ် မင်မိယာ သိဃ်သူသမီ။ ဖွစ်သဆိုဝ်ငြ

၂ ယ် အိုဝ်မင်သဆိုဝ်ငြယ် သိယ်သဆိုဝ်ငြယ် မရွှတ်သသူနှင်အကွ နိယ်သဆိုဝ်ငြယ် ချတ်သသူနှင် **ကွိယ်ကင်**သဆိုဝ်ငြယ် လိုဝ်ရယ်မရသဆိုဝ်ငြယ်။ ဤယ်သို

၃ ဝ်ကစသော အတိုင်မသီသဆိုဝ်ငြယ်တိုဝ်သည် နိုပ်စက်သော ခန္ဓာကိုဝ် စွန်ထာခရယ် ဆိုဝ်ငြယ်ခပ်သိမ်ကင်သော ချမ်သာစွာသော မ္ဗတ်သနိယ်ရဇန်ကိုဝ်

၄ လျှင် ဇာလိုဝ်သတေဟူရယ် ချတ်စွာသော မ္ဗတ်သော ရှယ်ငယ်ကစသော ဥတ်စာတိုဝ်ကိုဝ်စွန်ရယ် ပ္လုသော ကျောင်တွင်နိယ်သော သတင် သမာဓိ ပြညာ

၅ ဟူသော **ကုသ္ဓျ**သုံပါကိုဝ်ရှာသော သတင်စင်သော ပုရှာ **တပေအ်**သာ ရဟန်သဃ်ာ ချမ်သာစိမ်သောငှာ လယ် ဥယန် ကျွန်ခပင် အကြွင်မယ်လျှင်လှူဒေအ်။”

[သက္ကရာဇ် ၆၂၈ ခု ဝိသာခါနှစ်၊ နံကာလဆန်း ၇ရက်၊ ကြာသပတေးနေ့ **မထိလိုမြေး မင်းမယား သိဃ်သူ သမီး ဖြစ်သောဆင်းရဲ၊ အိုမင်းသောဆင်းရဲ၊ သေ သောဆင်းရဲ၊ မချစ်သောသူနှင့်အကွနေသောဆင်းရဲ၊ ချစ်သောသူနှင့် ကွေကင်းသောဆင်းရဲ၊ လို၍မရသော ဆင်းရဲ** ဤသို့ကစသော အတိုင်းမသိသော ဆင်းရဲ တို့သည် **နှိပ်စက်သောခန္ဓာကို စွန့်ထားခ၍** ဆင်းရဲ ခပ်သိမ်းကင်းသော ချမ်းသာစွာသော၊ မြတ်သော နေရပန် ကိုလျှင် ငါလိုသတည်းဟူ၍ **ချစ်စွာသော၊ မြတ်သော၊ ရွှေငွေကစသော ဥစ္စာတို့ကိုစွန့်၍ ပြုသောကျောင်း** တွင်နေသော သီတင်း သမာဓိ ပညာဟူသော **ကျေးဇူး သုံးပါး**ကိုရှာသော **သီတင်းစင်သော ဘုရားတပည့် သား** ရဟန်းသံဃာ ချမ်းသာစိမ့်သောငှာ လယ်၊ ဥယျာဉ်၊ ကျွန်ခပင်း **အကြွင်းမဲ့လျှင်**လှူ၏။]

၁၂၊၁၅၃၊၂။

၅ …"ဤယ်ဇာ
၆ တိုဝ်လ္ပုသော ကောင်မှုအက္လိုဝ်။ အတိုဝ်ခပ်သိမ်သောကိုဝ် အစိုဝ်ရသော ရိယ်မ္ဖိယ်အသ္ခိုင်ဖ္လစ်သော မင်ကြီလေရ စိယ်ဇအ်။ ဤယ်ကောင်မှုအာနုဘဝ်ဖ္လင် ပြည်တို
၇ င်ကာ ခပ်သိမ်သန္နိုက်နိယ်သော လူခပ်သိမ်သောဇအ် **အစီအဖွာ** ချမ်သာကိုဝ် ရှာပိယ်လျက် **သက်တ်ဝ်**ရှည်စွာ နိယ်ရယ် ဤယ်ကောင်မှုကိုဝ် ထောက်ပင်
၈ စိယ်သတေ။ အမိပုရှာစသော **မောင်မတ်ဝ်** ခပ်သိမ်လေ ရစိယ်ဇအ်။ အချင်ချင် **အမျက်အဉ္** တစိယ်မဟိယ် ချတ်သမျက်စိယ်လ္ဖင် ရှုကြရစိယ်ဇ
၉ အ်။ ယခုဟိသော နောင်ဖ္လစ်လတ်အံသော မင်ကြီမင်သာ အမတ်တျာစသော သူခပ်သိမ်လေ ရစိယ်သတေ အရိယ် အရံယူပါစိယ်သတေ။ ယမမင်စသော သတ္တဝာခပ်

၁၀ သိမ်လေ ရစိယ်သတော။ အရအမိကိုဝ်လိုဝ်သောသူကာ အရအမိ ရစိယ်ဒအ်။ ကောင်မှုကိုဝ်မူ လိုသောသူကာ ကောင်မှုကိုဝ်မူ ရစိယ်ဒအ်။"

[ဤငါတို့ပြုသော ကောင်းမှုအကျိုး အတို့ခပ်သိမ်းသောကို **အစိုးရသော ရေမြေအသခင်ဖြစ်သော မင်းကြီး**လည်း ရစေ၏။ ဤကောင်းမှုအာနုဘော်ဖြင့် ပြည်တိုင်းကား ခပ်သိမ်းသော၌နေသော လူခပ်သိမ်းသော၏ **အစီးအပွား ချမ်းသာကို ရှာပေလျက်** သက်တော်ရှည်စွာနေ၍ ဤ ကောင်းမှုကို ထောက်ပင့်စေသတည်း။ အမိဖုရားစသော မောင်းမတော်ခပ်သိမ်းလည်း ရစေ၏။ **အချင်းချင်း အမျက်အဤ တစ်စေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြ ရစေ၏**။ ယခုရှိသောနောင်ဖြစ်လတ်အံ့သော မင်းကြီး၊ မင်းသား၊ အမတ်ရာစသော သူခပ်သိမ်းလည်း ရစေ သတည်း။ အရေးအရံယူပါစေသတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသတည်း။ **အရအမိကို လိုသောသူကား အရအမိ ရစေ၏။ ကောင်းမှုကိုမူ လိုသောသူကား ကောင်းမှုကိုမူ ရစေ၏။**]

၁၂၁၅၃၁၃။

၁၀ ..."ဇာလေရံမက်ကြီသ

၁၁ မရောင်ရယ်တတ်သော။ အမျက်ကြီသော သူတစ်ထူကိုဝ် **ညှန်ဆယ်**တတ်သော ပြညာမဟိယ်သော မိုက်သော ဝန်တိုဝ်သော **အပိယ်အကံ**မဟိယ်သော။

၁၂ သစ္စာမဟိယ်သော ပ္လက်တတ်သော။ မိယ်လျဝ်သော **ဩမိယ်**တသကင်သော မဖ္လစ်မူရယ် ရံမက်နည်သော ရောင်ရယ်လွယ်သော။ အမျက်နည်သော သနာတ

၁၃ တ်သော ပြညာဟိယ်သော အကြောင်ကိုဝ်သိတတ်သော ဝန်မတိုဝ်သော အပိယ်အကံဟိယ်သော သစ္စာဟိယ်သော မပ္လက်တတ်သော မမိယ်လျဝ်သော

၁၄ ဩကမိယ်တသဟိယ်သော ဤယ်သိုဝ်သော **ကူညာ**တိုဝ်
နှင် **ပူညာ**လျက် သသ်ရာနိုက်ကျင်လည်ရှယ် မိတ္တရျာပုရှာ
မျက်မှောက်ကင်ကာလျှင်။ ဝ။

၁၅ မွတ်သအကွတ်တရျာရလိုဝ်သတေ။ ဝ ။”

[ငါလည်း **ရမ္မက်ကြီးသော မရောင့်ရဲတတ်သော၊
အမျက်ကြီးသော သူတစ်ထူးကိုညှဉ်းဆဲတတ်သော၊
ပညာမရှိသော မိုက်သော၊ ဝန်တိုသော အပေး
အကမ်းမရှိသော၊ သစ္စာမရှိသော ပြက်တတ်သော၊
မေ့လျော့သော အောက်မေ့တသကင်းသော မဖြစ်မူ၍
ရမ္မက်နည်းသော ရောင့်ရဲလွယ်သော၊ အမျက်နည်း
သော သနားတတ်သော၊ ပညာရှိသော အကြောင်း
ကိုသိတတ်သော၊ ဝန်မတိုသော အပေးအကမ်းရှိ
သော၊ သစ္စာရှိသော မပြက်တတ်သော၊ မမေ့လျော့
သော အောက်မေ့တသရှိသော ဤသို့သော ကျေးဇူး
တို့နှင့်ပြည့်စုံလျက် သံသရာ၌ကျင်လည်၍ မေတ္တေယျ
ဘုရား မျက်မှောက်ကကာလျှင် မြတ်သောအကျွတ်
တရား ရလိုသတည်း။]

၁၂၁၅၄။ **သိင်္ဃသူသမီး [သက္ကရာဇ် ၆၃၀]**
**အာမနာကျောင်းကျောက်စာ (ကျောဘက်)**

၅ “ဤဝလှူသောကောင်မှုကိုဝ် ခီပင်ပါသောသူကာ ဝနှ
အတူရစပါစေ၏၊ ဖျက်ဆီသသူကာ

၆ အဝီစိစသော ငရဲကြီးဂထပ်၊ ငရဲ၁ဝဝအပွတ်လျင် ခံစေ
သတေ ညောင်ဦးစသော **သေပိဗိစရာ**တိုင်ဩာင် **သဲပုံမ်**
အတိုင်လျှင် ခံစေသတေ။”

[ဤငါလှူသောကောင်းမှုကို ချီးပင့်ပါသောသူကား ငါ
နှ(င့်)အတူ ရစပါစေ၏။ ဖျက်ဆီးသသူကား အဝီစိ

စသော **ငရဲကြီးရှစ်ထပ်၊ ငရဲ ၁၀၀ အမြတ်**လျှင် ခံစေသတည်း။ ညောင်ဦးစသော သီရိပစ္စရာတိုင်အောင် **သဲပုံအတိုင်း**လျှင် ခံစေသတည်း။]

**၁၊၂၊၁၅၅။ သူကြွယ်ဝေမ်းဖြည့်သင် [သက္ကရာဇ် ၆၃၁] သူကြွယ်ဝေမ်းဖြည့်သင်ကျောက်စာ**

၆ “ဤကျွန်ကာ **ကု**ပျက်သော ဖုရှာပျက်ေ

၇ သာ နောင်မပျက်မစီစိမ်သောငှာ ဖုရှာကိုဝ်လှူသတော၊

၈ ထိုဝ်မြိုဝ် စပါ၁၀၀၊ ဤလေအစီအဖွာလ္ဘုရှယ် သံပုတ်

၉ ဝတ်လှူစိယ်သတော၊ (မွ္လယ်ကြီပုံ)တွင် ၁ဖန် ကွံသိအပင်

၁၀ ၁၀၀၀၊ ဥန်အပင် ၈၀၊ ဤကာနောင်ကုပျက်သော၊ ဖုရှာ

၁၁ ပျက်သော၊ အထောက်အပင် ဖ္လစ်စိယ်လိုဝ်သောငှာ ဖု

၁၂ ရှာကိုဝ်လှူသတော၊ ဤသိုဝ်ဘွ္လုသော ကောင်မှုအက္လိုဝ် ကာ၊

၁၃ မိုဝ်နှောင်သံထင်အခါနှိုက်၊ **သပ္ပသတ္တတ**ခပ်သိမ်သော

၁၄ ကိုဝ်၊ ခ္လိယ်ခ္လတ်ပိယ်တတ်စွာသော မိမိသောကိုဝ်လေ အ

၁၅ စီအဖွာသိသော၊ **သဖ္ဖညုတညန်**မည်သော ဖုရှာဆုကိုဝ်

၁၆ လိုဝ်သတော၊”

[ဤကျွန်ကား ဂူပျက်သော၊ ဘုရားပျက်သော၊ နောင်မပျက်မစီးစိမ့်သောငှာ ဘုရားကိုလှူသတည်း။ ထိုမြို့စပါး၁၀၀၊ **ဤလည်းအစီးအပွားပြု၍** သင်ပုတ်ဝတ်လှူစေသတည်း။ မြွေကြီးပုံတွင် ၁ဖန် **ကွမ်းသီးအပင် ၁၀၀၀၊ အုန်းအပင် ၈၀**၊ ဤကား နောင်ဂူပျက်သော၊ ဘုရားပျက်သော အထောက်အပင့် ဖြစ်စေလိုသောငှာ ဘုရားကိုလှူသတည်း။ ဤသို့ငါပြုသော ကောင်းမှုအကျိုးကား မိုးနှောင်းသံထင်အခါ၌ သဗ္ဗသတ္တဝါခပ်သိမ်းသောကို

**ချေချွတ်**ပေးတတ်စွာသော၊ **မိမိသောကိုလည်း အစီး အပွားသိသော**၊ သဗ္ဗညုတဉာဏ်မည်သော ဘုရားဆုကို လိုသတည်း။]

### ၁၂၊၁၅၆။ **သခင်ဖွားစော [သက္ကရာဇ် ၆၃၁] မင်းဝိုင်းကျောင်းကျောက်စာ (မျက်နှာဘက်)**

၁၂၊၁၅၆၊၁။
၁၂၊၁၆၅၊၁။

၁ “။ ၀ ။ နမော သဗ္ဗဗုဒ္ဓါနံ။ ။ သကရစ် ၆၂၇ ခု။ စယ်သံဝစ္ဆိုနှစ် ပ္လသိုဝ်လပ္လည် ပုတ္တဟူနိယ်အာ။ အသရိယ် ဟိယ်သော ပုရှာ တြျာ သဃ်ာရတနာသုံပါနှိုက်။
၂ ရိုဝ်သိယ်မွတ်ထသော သူတဝ်တကာအေ် ကိုဝ်ကွယ်ရာ ဖွစ်ထသော။ အလှံသောမင်တကာနှင် ညီညွတ်ထသော။ ဆင့်ဖြူစသော ရတနာအပေါင်အဖဝ်သို့ခ်ဖွ
၃ စ်ထသော။ ဇမ္ဗုဒိပ်ကွန်နှိုက်ထွန်သော နိယ်ကယ်သိုဝ် အဟိန်စဝ်အရောင်တောက်ပထသော။ အသရိယ်ဟိယ် သော။ ဩိတြိဘုဝနာဒိတျာပဝရဓမ္မရာဇာ။ ဥတ်စ
၄ နာမည်သောမင်ကြီ။ ဖွာရင်သည် ပုရှာသို့ခ်သာသနာနှိုက် ကောင်တိယ်တြျာ ယုံကြည်စွာသဒ္ဓါရှယ်။ ဆင်ငြယ် ခပ်သိမ်ငြိမ်ရာဖွစ်သော နိယ်ရဇန်ချံသာ
၅ ကိုဝ်လိုဝ်သောကြောင် ရှုယ်ငုယ်စသော ဥတ်စာရတနာ မျာစွာစွန်ရှယ်။ ဤအမနာမည်သော မွိယ်အရပ်နှိုက် ရခယ်စွာသော ရတနာသုံပါထာအံသောငှာ တင်တ
၆ ယ်စွာသော ဥတ်အတိသော အရံတာန်တိုင့်ပ္လုဇအေ်။ ထိုဝ်တန် တိုင်တွင် ကလသအိုဝ် အယောင်နှင်တူသော တင်တယ်စွာ သော စင်ကြဲထက် လိယ်မျက်
၇ နှာဟိယ်သော ကူလေတလုံ့ပ္လုဇအေ်။ ထိုဝ်ကူတာဝ်တွင် လိယ်မျက်နှာလျှင် အမျက်ခတ်သော ရှုယ်ပန်လင်ထက် နဝတင်တန်စာမာနှင်ဆင်

၈ သော ပုရှာဆင်ပွဲလ္ပုဇအ်။ ပုရှာပာဝ်သော နိကာယ်ဇာပါ
ယုတ်သောင်လိယ်ထောင် ဩျာပိဋကတ်သုံပုံ ထာအံ
သောဌာ ကူလါကျ္လောင်လေလ္ပု
၉ ဇအ်။ ထိုဝ်ကျ္လောင်တွင် ရှုယ်တလါနှင် ပိတကတ်လေထာ
ဇအ်။ ရှုယ်ရည်ရိယ်သော ထဝယ်ပုရှာအချုပ်။ ပုရှာ
တန်ထိမ်သုံဆူလေထာဇအ်။ ကျ္လော
၁၀ င်ကြီလ္ပုဇအ်။ ဓမ္မသာလ္ပုဇအ်။ ကျ္လောင်မြင်လ္ပုဇအ်။ စလစ်
ကျ္လောင်နိမ့်လ္ပုဇအ်။ အလှျုပစ္စည်ထာစိမ်သောဌာ ကပ္ပိယ
ကုဋိယ်လ္ပုဇအ်။ ပု
၁၁ ရှာ ဩျာ သဃ်ာရတနာသုံပါ ပစ္စည်လိယ်ပါ အထောက်
အပင့်လ္ဖစ်စိမ်သောဌာ လှုသောတံမျှင်မြီမ္လိယ် မဟာဒါန်
လယ်**ယှစ်ရျာ**။ ဟန်
၁၂ လင်လက်ဝယ်ကျွန်သီ တရျာကိုဝ်ကိပ်သုံယောက်။ လယ်
မ္လိယ် တရျာခုနှစ်ဆယ်။ ရှာလယ်ကျွန် တရျာဇာကိပ်
ကိုဝ်ယောက်။
၁၃ လယ်တရျာဇာဆယ်။ **သို့င်ဖွာဇဝ်**အစန်လါသော မဟာ
ဒါန်။ **အမျှုယ်**လယ်နှစ်ဆယ်ဇာပယ်။ သိဃ်ပိကြမ် လယ်ရ
ရှယ်လှုသော
၁၄ နှစ်ရျာလိယ်ပယ်။ ညောင်ချွန်ဥယန်တခု ကျွန်နှစ်ကိပ်
လိယ်ယောက်။ မုန်ပေါင်ဥယန်တခု။ ဆတောင်လယ်
တဆယ်။ စိုင်မ
၁၅ လမ်လယ်တဆယ်။ ပုကံကျွန်ယုတ်ကိပ်ဇာယောက်။
ကန်တဝ်ကျွန်နှစ်ကိပ်တယောက်။ ဤကာ ရှိယ်လှု
တဝ်မူသတေ။ ။”

[**နမော သဗ္ဗဗုဒ္ဓါနံ**။ သက္ကရာဇ် ၆၂၇ ခု ဇေယျ
သံဝစ္ဆရနှစ်၊ ပြာသိုလပြည့်၊ ဗုဒ္ဓဟူးနေ့အား အသရေရှိသော
ဘုရား တရား သံဃာရတနာသုံးပါး၌ ရိုသေမြတ်ထ
သော၊ သူတော်တကာ၏ ကိုးကွယ်ရာ ဖြစ်ထသော၊

အလွှံ့သော မင်းတကာနှင့်ညီညွတ်ထသော၊ ဆင်ဖြူ စသော ရတနာ အပေါင်းအဖော်သခင် ဖြစ်ထသော၊ **ဇမ္ဗူဒိပ်ကျွန်း၌ထွန်းသောနေကဲ့သို့ အရှိန်စော်အရောင် တောက်ပထသော**၊ အသရေရှိသော သိရီတြိဘုဝနာဒိတျ ပဝရဓမ္မရာဇာ **ဥစ္စနာမည်သောမင်းကြီး ဘွားရင်း**သည် ဘုရားသခင်သာသနာ၌ **ကောင်းစော**တရား ယုံကြည်စွာ သဒ္ဓါ၍ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နေရပန်ချမ်းသာ ကို လိုသောကြောင့် ရွှေ၊ ငွေ စသော ဥစ္စာရတနာများစွာ စွန့်၍ ဤအာမနာမည်သောမြေအရပ်၌ **ရခဲစွာသော ရတနာသုံးပါး**ထားအံ့သောငှာ တင့်တယ်စွာသော အုတ် အတိသော အရံတံတိုင်းပြု၏။ ထိုတံတိုင်းတွင်း ကလသာ အိုးအယောင်နှင့်တူသော၊ တင့်တယ်စွာသော စကြာထက် လေးမျက်နှာရှိသောဂူလည်းတစ်လုံးပြု၏။ ထိုဂူတော် တွင် လေးမျက်နှာလျှင် အမျက်ခတ်သောရွှေပလ္လင်ထက် **နဝတင်တန်ဆာမာနှင့်ဆင်သော** ဘုရားဆင်းပုပြု၏။ ဘုရားဟောသော **နိကာယ်ငါးပါး ရှစ်သောင်းလေး ထောင် တရားပိဋကတ်သုံးပုံ** ထားအံ့သောငှာ ကုလား ကျောင်းလည်းပြု၏။ ထိုကျောင်းတွင် **ရွှေတလား**နှင့် ပိဋကတ်လည်းထား၏။ **ရွှေရည်ရေးသော ထက်ဝယ်၊ ဘုရားအရပ်၊ ဘုရားတန်ထိမ်း သုံးဆူ**လည်းထား၏။ ကျောင်းကြီးပြု၏။ ဓမ္မသာပြု၏။ ကျောင်းမြင့်ပြု၏။ စုလစ်ကျောင်းနိမ့်ပြု၏။ အလှူပစ္စည်း ထားစိမ့်သောငှာ **ကပ္ပိယကုဋီ**ပြု၏။ ဘုရား တရား သံဃာရတနာသုံးပါး ပစ္စည်းလေးပါး အထောက်အပင့် ဖြစ်စိမ့်သောငှာ လှူ သော တံမျှင်မြီမြေ မဟာဒါန်လယ်ရှစ်ရာ၊ **ဟန်လင်း လက်ဝဲကျွန်သီး** တစ်ရာကိုးကျိပ်သုံးယောက်၊ လယ်မြေ တစ်ရာ့ခုနစ်ဆယ်၊ ရွာလယ်ကျွန် တစ်ရာငါးကျိပ်ကိုး ယောက်၊ လယ်တစ်ရာ့ငါးဆယ်၊ သခင်ဖွားစော အစဉ်

လာသော မဟာဒါန် **အမွေလယ်**နှစ်ဆယ့်ငါးပယ်၊ သိဃ်ႋ
ပိကြံ လယ် ရ၍လှူသော နှစ်ရာ့လေးပယ်၊ ညောင်ချွန်
ဥယျာဉ် တစ်ခု၊ ကျွန် နှစ်ကျိပ်လေးယောက်၊ မုန်ပေါင်
ဥယျာဉ်တစ်ခု၊ ဆားတောင်လယ်တစ်ဆယ်၊ စိုင်မလံ
လယ်တစ်ဆယ်၊ ပုဂံကျွန် ရှစ်ကျိပ်ငါးယောက်၊ ကန်တော်
ကျွန် နှစ်ကျိပ်တစ်ယောက်၊ ဤကား **ရှေး**လှူတော်မူ
သတည်း။]

၁၂၊၁၅၆၊၂။

၁၉ "သကရစ် ၆၁၆ ခု **ပိတ်သျက်**နှစ် တပိုဝ်ထွယ်လဆန်
တရျက် ကြသပတိယ်နိယ်အာ။ အကြိယ်ယင်အိုယ်ကွန်
ဝင်အမ်မူ ပုရှာလေါင်

၂၀ ဥတ်စနာမင်ကြီ ပြည်တဝ်သာလက်ကြီစီရယ် သ္ခိင်ဖ္ဂာရင်
နှင် **လိုယ်**တဝ်**ယှန်**ရယ် အဖ္ဂာ မဟာဒါန်မူစလင်ဟု
တံမျှင်မြိမ္ဂိ

၂၁ ယ်ယှစ်ရျာ ပိယ်တဝ်မူဇအ်။ ထုယ်တဝ်ခ္လသသူကာ အတူ
လရစ်။ ကျ္လာက်တဝ်ဦ၊ ဤသူနှစ်ယောက်လျှင် မဟာ
သိမန်ကိုဝ်

၂၂ ခ္လသတေ။ ။"

[သက္ကရာဇ် ၆၁၆ ခု ဝိသာခါနှစ်၊ တပို့တွဲလဆန်းငါးရက်၊
ကြာသပတေးနေ့အား အကြေ ယင်အိုကွန်း **ဝင်အုံမူး**
ဘုရားလောင်းဥစ္စနာမင်းကြီး **ပြည်တော်သာလက်ကြီး**
စီး၍ **သခင်ဘွားရင်း**နှင့် **လေ့တော်ယှဉ်**၍ "အဘွား၊
မဟာဒါန် မူစလင့်" ဟု တံမျှင်မြဲမြဲရှစ်ရာ ပေးတော်မူ၏။
ထွေတော်ချသသူကား အတုလရစ်၊ ကျောက်တော်ဦး၊
ဤသူနှစ်ယောက်လျှင် မဟာသမန်းကို ချသတည်း။]

၁၂၊၁၅၆၊၃။

၂၂ "သကရစ်၆၂၃ ခု။ **မြိုက်ကသိုလ်**နှစ်။ ပ္ဂိယ်မင်ကြီ
လက်ထက် တပိုဝ်ထွယ်လဆုတ်လိယ်ရျက် အကႋာ

၂၃ နိယ်အာ တံမျှင်မြို့မွိယ်ကိုဝ် ဣမ်နိမ်ကျွန် ဘရစ်သင်။
မယ်တဝ်အနက်ဟု အသံမျာလတ်တော။ သ္ခိင်ဖ္ွာဇဝ် မွိယ်
မင်
၂၄ ကြီကိုဝ်ကြာဇအ်။ ပုရှာလေါင်မိန်တဝ်မူဇအ်။ ခမည်
အဖွ္ာဇဝ်ကိုဝ်။ မဟာဒါန်ပိယ်ခသောတိုင် နိုင်ဩင်မူပစိယ်
ဟု
၂၅ ။ အပသုငယ်။ လက်ဆောင်**ဥတ်တာမဖရစ်**ကိုဝ်။ သုခမိန်
သာ ထုယ်တဝ်လ္ွဇအ်။ ။”

[သက္ကရာဇ် ၆၂၃ ခု မိဂသီနှစ်၊ **မြေးမင်းကြီးလက်ထက်**၊
တပို့တွဲလဆုတ်လေးရက်၊ အင်္ဂါနေ့အား တံမျှင်မြို့မြေကို
**အိမ်နိမ့်ကျွန်**ငရစ်သင် “မယ်တော်**အနက်**”ဟု **အသံများ
လတ်တည်း**။ သခင်ဖွားစော မြေးမင်းကြီးကို**ကြား**၏။
ဘုရားလောင်း မိန့်တော်မူ၏။ “**ခမည်း အဖွားစော**ကို
မဟာဒါန်ပေးခသောတိုင်း နိုင်အောင်မူပစေ” ဟု **အပ
သူငယ်၊ လက်ဆောင်ဥတ္တမဘိရစ်**ကို သုခမိန်သား
ထွေတော်ချ၏။]

၁၂၊၁၅၆၊၄။

၂၅ “သကရစ် ၆၀၄ ခု ပိသျက်နှစ်။ တ
၂၆ န်ခူလဆန်ဆယ်ရျက်။ တနှင်လါနိယ်အာ။ စင်ကြယ်
ကွန်နို့က်။ သ္ခိင်ဖ္ွာရင်ကိုဝ် သ္ခိင်အလေါင်ငယ်။ ကွ္လစ္ွာမင်
ပိယ်တဝ်မူသော
၂၇ ဟန်လင်လက်ဝယ်ကျွန်သီ။ သူတံ တရျှာကိုဝ်ကိပ်သုံ
ယောက်။ လယ်မ္ွိယ် တရျှာခုနှစ်ဆယ်။ ထုယ်တဝ်လ္ွ
သကာ။ သ္ခိင်အိုမ်တန်လိုင်သင်
၂၈ မဟါသမန်ကိုဝ်လ္ွဇအ်။ ။”

[သက္ကရာဇ် ၆၀၄ ခု ဝိသာခါနှစ်၊ တန်ခူးလဆန်း ၁၀
ရက်၊ တနင်္လာနေ့အား **စင်ကြယ်ကွန်း**၌ သခင်ဘွားရင်း
ကို သခင်**အလောင်းငယ်**ကျစွာမင်း ပေးတော်မူသော

ဟန်လင်း လက်ဝဲကျွန်သီး **သူတံ** တစ်ရာကိုးကျိပ်သုံး ယောက်၊ လယ်မြေတစ်ရာ့ခုနစ်ဆယ်၊ ထွေတော်ချသကား သခင်အိုတန်လိုင်းသင် မဟာသမန်းကိုချ၏။]

၁၊၂၊၁၅၆၊၅။

၂၈ "သကရစ် ၅၉၈ ခု။ ကြတိုက်နှစ်။ ကုဆုန်လဆန်
ဆယ်ရျက် ကြာသပတိယ်နိယ်အာ။ အတိုဝ်သ္ခိင်စဝ်ကြီ။
ကွ
၂၉ န်ပြောက်ငယ်နှိုက် နိယ်တဝ်မူသော မိန်တဝ်မူဇအ်။
အဖ္ဘာရင်ကိုဝ် ငကိုဝ်စာ သန်လျင်**ထံ**စိယ်သတေဟုရယ်။
ရှာလယ်ကျွန်တရျာငကိပ်
၃၀ ကိုဝ်ယောက်။ လယ်တရျာငဆယ် ပိယ်တဝ်မူဇအ်။
ထုယ်တဝ်ချသကာ သမန်တကုံထံကိုဝ်မျု။ သန်လျင်နှင်စုံ။
ပိယ်လှ်သတေ။ ။"

[သက္ကရာဇ် ၅၉၈ ခု ကြတ္တိကာနှစ်၊ ကဆုန်လဆန်း ဆယ်ရက်၊ ကြာသပတေးနေ့အား အတို့သခင်စောကြီး ကွန်းပြောက်ငယ်၌ နေတော်မူသော မိန့်တော်မူ၏။ "**အဘွားရင်းကို ငါ့ကိုယ်စား သန်လျင်း ထမ်းစေ သတည်း**" ဟူ၍ **ရှာလယ်ကျွန်** တစ်ရာငါးကျိပ်ကိုး ယောက်၊ လယ်တစ်ရာ့ငါးဆယ်ပေးတော်မူ၏။ ထွေတော် ချသကား သမန္တကုံထံ**ကိုယ်မျုး**၊ **သန်လျင်းနှင့်စုံ**ပေးလှာ သတည်း။]

၁၊၂၊၁၅၆၊၆။

၃၀ ..."သကရ
၃၁ စ် ၅၉၈ ခု။ ကြတိုက်နှစ် မ္ဘယ်တာလဆန်ငရျက်
တနှင်ကနုယ်နိယ်။ **သိရိဝဓနာ**ပ္လစ်သရှဝ် အစ်ကိုဝ်သိဃ်
ပိကြံပ္လစ်ပါဇအ်။ အတိုဝ်သ္ခိ
၃၂ င်စဝ်ကြီ ကွန်ပြောက်ငယ်နှိုက် နိယ်တဝ်မူသော သိဃ်ပိကြံ
မယာမိန်ဇအ်။ အတိုဝ်ကျွန်လင် **ပုကမ်**သာ။ နိယ်ရစိယ်လ
သိယ်။ ဇာ

၃၃ ကျွန်။ လယ်။ ဥယန်ကာ သ္ခိင်ယူစိယ်လ္ချင်ဟုမိန်ဇအ်။
မိန်တဝ်မူပိယ်ရကာ ပုကံနိယ်ရဇအ်။ မိန်တဝ်မူဇအ်။
ဤသိင်္ဃပိကြံလင်

၃၄ မယာ ဇာကိုဝ်ပိယ်သော။ လယ်။ ကျွန်။ ဥယန်ကာ။
အဖ္ဖာရင် အကုန်စာလင်ဟု။ မိန်တဝ်မူဇအ်။ အမည်မှတ်
ကာ စိစောင်ကြည်လယ် သုံ

၃၅ ဆယ်။ ငကုသင်ရွာလယ် နှစ်ဆယ်။ ဇာပေါက်သင်
လယ် သုံဆယ်။ ကြပင်လယ် နှစ်ဆယ်၊ ကန်ညရင်
လယ် နှစ်ဆယ်။ နာနီဖိုဝ်လယ် ဇာပ

၃၆ ယ်။ ပေါက်တဝ်လယ် ခုနှစ်ပယ်။ ပန်တစီလယ် ခုနှစ်
ပယ်။ ဆုန်ကလန်လယ် သုံဆယ်။ ရဟာတ်လယ် ဇာပယ်။
စည်သင်္ဃာလယ် သုံဆယ်

၃၇ ။ အပေါင် လယ်နှစ်ရျာလိယ်ပယ်။ ကျွန် နှစ်ကိပ်လိယ်
ယောက်။ ညောင်ချွန်ဥယန်တခု။ ။”

[သက္ကရာဇ် ၅၉၈ ခု ကြတ္တိကာနှစ်၊ နွယ်တာလဆန်း ငါးရက်၊ တနင်္ဂနွေနေ့ သီရိဝဓုနာ**ပြစ်သရော** အစ်ကို သိင်္ဃပိကြံ **ပြစ်ပါ**၏။ အတို့သခင်စောကြီး ကွန်းပြောက်ငယ်၌ နေတော်မူသော သိင်္ဃပိကြံမယားမိန့်၏။ “**အတို့ ကျွန်လင် ပုဂံသာ နေရစေလတ်သေး၊ ငါ့ကျွန်၊ လယ်၊ ဥယျာဉ်ကား သခင်ယူစေချင်**” ဟုမိန့်၏။ မိန့်တော်မူပေရကား ပုဂံနေရ၏။ မိန့်တော်မူ၏။ “ဤ သိင်္ဃပိကြံလင်မယား ငါ့ကိုပေးသော လယ်၊ ကျွန်၊ ဥယျာဉ်ကား အဘွားရင်း အကုန်စားလင့်” ဟုမိန့်တော်မူ၏။ အမည်မှတ်ကား စိစောင်ကြည်လယ်သုံးဆယ်၊ ငကုသင်ရွာလယ် နှစ်ဆယ်၊ ပေါက်သင်လယ် သုံးဆယ်၊ ကြပင်းလယ် နှစ်ဆယ်၊ ကန်ညရင်လယ် နှစ်ဆယ်၊ နာနီဖိုးလယ် ငါးပယ်၊ ပေါက်တောလယ် ခုနစ်ပယ်၊ ပန်တစီလယ် ခုနစ်ပယ်၊ ဆုန်ကလန်လယ် သုံးဆယ်၊

ရဟာတ်လယ် ငါးပယ်၊ စည်သခ်ါလယ် သုံးဆယ်၊ အပေါင်း လယ် နှစ်ရာ့လေးပယ်၊ ကျွန် နှစ်ကျိပ်လေး ယောက်၊ ညောင်ချွန်ဥယျာဉ်တစ်ခု။]

၁၊၂၊၁၅၆၊၇။

၃၉ ..."သကရစ် ၆၁၅ ခု

၄၀ ။ စယ်နှစ်။ တပိုဝ်ထွယ်လဆုတ်ငါရျက် စနိယ်နိယ်အာ စိုင်သလည်ကွန်နိုက်။ ပုရှာလေါင် ပြည်တဝ်သာလက်ကြီ စီရှယ် လှဝ်တဝ်မူသော။ သို့ငိ

၄၁ ဖွာရင်နှင် လိုယ်တဝ်ယုန်ရှယ်။ ဖွာရင် မဟာဒါန်မူစလင် ဟု။ ကြာလေါင်ဖွတ်လက်ကွန်လုံ ပိယ်တဝ်မူဧအ်။ ငဖွာ နှင် ကျွောက်တ

၄၂ ဝ်ဦ မဟာသမန်ကိုဝ် ထုယ်တဝ်လွှ၏။ ။"

[သက္ကရာဇ် ၆၁၅ ခု ဇေယျနှစ်၊ တပို့တွဲလဆုတ်ငါးရက်၊ စနေနေ့အား **စိုင်သလည်ကွန်း**၌ ဘုရားလောင်း ပြည်တော်သာလက်ကြီးစီး၍ **လှော်**တော်မူသော သခင် ဘွားရင်းနှင့် လှေတော်ယှဉ်၍ "**ဘွားရင်း မဟာဒါန် မူစလင့်**" ဟု ကြာလောင်ဖွတ်လက်ကျွန်းလုံး ပေးတော်မူ ၏။ ငဖွားနှင့်ကျောက်တော်ဦး မဟာသမန်းကို ထွေတော် ချ၏။]

၁၊၂၊၁၅၆၊၈။

၄၂ "သကရစ် ၆၂၆ ခု။ **ဖလဂိုန်**နှစ် သန်တူလဆန်လိယ်ရျက် ကြသပတိယ်နိယ် တင်ကုပ်နိုက်

၄၃ မဟာသမန်သာကိုဝ်။ ငတင်သင်။ ငပ။ ထုယ်တဝ်လွှ လတ်သော သို့ငိဖွာဇဝ်ကိုဝ် တဝယ်သကူ သူတရျာလိယ် ကိပ်။ မွိယ်သုံထောင်ငရျာကိုဝ်ဆ

၄၄ ယ်ယှတ်ပယ်။ ကျွန်မူစစိယ်ဟု မိန်တဝ်မူဧအ်။"

[သက္ကရာဇ် ၆၂၆ ခု ဖလဂုနီနှစ်၊ သန်တူလဆန်းလေးရက်၊ ကြာသပတေးနေ့ **တင်းကုပ်**၌ မဟာသမန်းသားကို

တောင်သင်၊ ငပ ထွေတော်ချလတ်သော "သခင်ဖွားစော
ကို တဝယ်သကူ သူတစ်ရာ့လေးကျိပ်၊ မြေသုံးထောင်
ငါးရာကိုးဆယ့်ရှစ်ပယ် **ကျွန်မူစားစေ**"ဟုမိန့်တော်မူ၏။]

## ၁၊၂၊၁၅၇။ **အစောလတ်မောင်နှံ [သက္ကရာဇ် ၆၃၂] အစောလတ်မောင်နှံကျောက်စာ (မျက်နှာဘက်)**

၁ "။ ။ သြီတြိဘဝနာဒိတျပဝရဓမ္မရာဇာမည်သော
မင်ကြီသာ ကြွမ်ရှိယ်မင်နာ

၂ ရသိဃ်ာဥစ္စနာသမီ အစဝ်လတ်မည်သော မင်သမီနှင်
အမတျာကြီဖွစ်ထ

၃ သော **ဇေယျသဒ္ဒိယ်**မည်သော ဒါယကာမောင်နှံ၂ယောက်
သည်။ ဆနဝုတိရောဂါ။ ကို

၄ ဝ်ဆယ်ခြောက်ပါသောအနာ။ **ဗတ္တိသ်ကမ္မာ**။ ကြမ္မာ၃၂။
ပည္စဝိသတိဘယာ။ **ဘိုယ်**

၅ ၂၅ပါ။ ကြွယ်မျှသောဘိုယ်အနာ။ သံသရာဆိုဝ်ငြာယ်ခပင်
ချုပ်ရာအရပ်ဖွစ်ထသော

၆ သဗ္ဗညုပုရှာဆုကိုဝ် ရချင်သောကြောင်။ မင်ကြီအော် အစ
မူသော အမတျာခပင်။ ပယ်

၇ မိယာအော် အစမူသော **မိသင်**မောင်မခပင်။ ပွင်သူမိယ်မ
ခပင်။ အဝီစိယ်နိုက်ခံသောသူ

၈ တိုဝ်အော် အစမူသော။ အထက်**ဖဝက်**ရောက်သြဝ်နိယ်
သော နတ်တိုဝ်ခပင်။ အတိုဝ်စ

၉ ကြဝင္ဍာအော် အစမူသော အနန္တစက်ကြဝင္ဍာနိုက်နိယ်သော
လူနတ်တိုဝ်ခပင်။ ကြွယ်

၁၀ မျှသောလူနတ်သတ္တာ **တိရိတ်ဆန်**ခပင် **ကာလကည္စ**
အသူရပြိတ္တာတိုဝ် ရပါစိယ်ချင်ရကာ"

[သြီတြိဘဝနာဒိတျပဝရဓမ္မရာဇာမည်သော မင်းကြီးသား
**အိမ်ရှေ့မင်း**နရသိဃ်ဥစ္စနာသမီး အစောလတ်မည်သော

မင်းသမီးနှင့် အမတ်ရာကြီးဖြစ်ထသော ဇေယျသေဌေး မည်သော ဒါယကာမောင်နှံ့၂ယောက်သည် **ဆနဝုတိရောဂါ ကိုးဆယ့်ခြောက်ပါးသောအနာ၊ ဗာတ္တိံသကမ္မ ကြမ္မာ၃၂၊ ပဥ္စဝီသတိဘယာ ဘေး၂၅ပါး**၊ ဤမျှသော ဘေး၊ အနာ သံသရာဆင်းရဲခပင်း ချုပ်ရာ အရပ်ဖြစ်ထသော သဗ္ဗညုဘုရားဆုကိုရချင်သောကြောင့် မင်းကြီး၏ အစမူသော အမတ်ရာခပင်း၊ **ပယ်မယား**၏ အစမူသော **မိဿံမောင်းမ**ခပင်း၊ **ပြင်သူမိန်းမ**ခပင်း၊ အဝီစိဌ္ဌံသောသူတို့၏ အစမူသော အထက်ဘဝဂ်ရောက် အောင်နေသော နတ်တို့ခပင်း၊ အတို့စကြဝဠာ၏ အစမူသော အနန္တစကြဝဠာ၌နေသော လူနတ်တို့ခပင်း၊ ဤမျှသော လူ နတ် သတ္တဝါ တိရစ္ဆာန်ခပင်း **ကာလကဥ္စ အသူရာပြိတ္တာ**တို့ ရပါစေချင်ရကား။]

## ၁၂၁၅၈။ **နရသီဟပတေ့ [သက္ကရာဇ် ၆၃၂] ကျောက်ဂူဥမင်ကျောက်စာ**

၁၂၁၅၈၊၁။

၂ "။ သက္ကရစ် ၅၅၀ ။ သာသနာဇာထောင်တေည်စိမ် သောင့ာ စေည်

၃ သုမင်ကြိီ နတ်ထမင်ရသောသ္ခိင်ထံပါ ပုရှာအာ လှုတဝ်မူ သဝ် ပုတ

၄ က်၈၀ ။ ဤငကောင်မူကိုဝ်ကာ ငကျွန်လက်ျာသိခ်ာနှင် အကွ ထာ

၅ သတေ ။"

[သက္ကရာဇ် ၅၅၀၊ သာသနာငါးထောင်တည်စိမ့်သောငှာ စည်သူမင်းကြီး **နတ်ထမင်း**ရသောသခင်ထံပါး ဘုရားအား လှူတော်မူသော ပုတက်၈၀။ ဤငါ့ကောင်းမှုကိုကား ငါ့ကျွန်လက်ယာသိခ်ါနှင့်အကွ ထားသတည်း။]

၁၊၂၊၁၅၈၊၂။

၁၀ “ဤယ်လှျုသကာ စိည်သူမင်လက်ထက်တော။ ဥတ်စနာ သာမ
၁၁ င်ကြီလက်ထက် လှမ်တုံရကာ။ သို့င်ထံပါ မင်ရျပ်ဧ။ အမိပု
၁၂ ရှာနှင်အရိစဝ်(၊စ)ဝ်ထွတ် ကြာဧ။ ဥတ္တမဖရစ်နှင်မင်မိ (ယာအို)
၁၃ န်ညယ်စွန်ကိုဝ်ခဝ်ရယ် မ္ဘယ်တင်ကုပ်လျှင် ထုယ်တဝ်ခွဧ မ
၁၄ င်ကြီမိန်ဧ ကျောက်စာတွင် အမည်ဟိယ်သော ပုရှာ ကျွန်ကာ
၁၅ (သာမွိယ်အစိန်ခပင် လွတ်စိယ်သတော)။”

[ဤလှျုသည်ကား စည်သူမင်းလက်ထက်တည်း။ **ဥစ္စနာသားမင်းကြီးလက်ထက် လှမ်းတုံရကား** သခင်ထံပါး **မင်းရပ်**၏။ အမိဖုရားနှင့် အရီးစောထွတ် ကြား၏။ ဥတ္တမဖရစ်နှင့်မင်းမယား အိုညဲစွန်ကိုခေါ်၍ **မြေတင်းကုပ်**လျှင် ထွေတော်ချ၏။ မင်းကြီး မိန့်၏။ ကျောက်စာတွင် အမည်ရှိသော ဘုရားကျွန်ကား သားမြေးအစဉ်ခပင်း လွတ်စေသတည်း။]

၁၊၂၊၁၅၉။**မင်းမယားစာရှီဗိုလ် [သက္ကရာဇ် ၆၃၃] မင်းမယားစာရှီဗိုလ်ကျောက်စာ**

၁၊၂၊၁၅၉၊၁။

၁ “။ ။ နမော သဗ္ဗဗုဒ္ဓါနံ။ ။ သကရစ် ၆၃၃ ခု။ အာသိန်နှစ် ကုဆုန်လဆန် ၇ရျက် ကြသပတိယ်နိယ် သဒ္ဓါပြညာနှင်**ဟျန်**ေ
၂ သာ **မင်မျာစစိပိုရ်** ပုရှာ တြျာ သဃ်ာရတနာသုံပါသော

ကိုဝ် သဒ္ဓါယုံကြည်စွာလ္ဖစ်ရှယ်။ ရတနာသုံပါ ထ=အံ
သောဌာ ဥတ်အတိ
၃ သော အရံတန်တိုင်လေ ပ္လုဇအ်။ ထိုဝ်တန်တိုင်တွင်
လူနတ်တကာ **ဆိရှာ**လ္ဖစ်သော မ္ဖတ်စွာပုရှာပွင်တ်မူသော
**မဟာပေါဓိ**
၄ ညောင်တ်အစိယ် ရှုယ်ခ္ဂက်လ္ဖင် လက်တ်လ္ပျိုဝ်ရှယ် လ္ဖစ်ထ
ကျင်သော ထိုဝ်ညောင်ပင်လေ စိုက်လေဟူရှယ် ပိယ်တ်မူ
ရကာ
၅ ရှုယ်ခ္ဂက်နှင်စိုက်အေ်။ ရတနာစင်ကြံထက် ဖန်အဆင်နှင်
လှခြင်တူသော ကူလေပ္လုဇအ်။ ထိုဝ်ကူတွင် ရတနာအမျ
၆ က်ခတ်ထလျက်သော ဖုရှာကြီလေပ္လု၏။ ဤသိုဝ်သော
ပုရှာ တြျာ သဃ်ာ ရတနာသုံပါအာရည်ရှယ်
၇ လှျုသော သင်တောင်ခွင်သယောင် ပ္လေါင်ရ္ဂာလ္မိယ် ၈ဝ။"

[နမော သဗ္ဗဗုဒ္ဓါနံ။ သက္ကရာဇ် ၆၃၃ ခု အသယုဇနှစ်၊ ကဆုန်လဆန်း ၇ရက်၊ ကြာသပတေးနေ့ သဒ္ဓါပညာနှင့် ယှဉ်သော **မင်းမယားစာချီဗိုလ်** ဘုရား တရား သံဃာ ရတနာသုံးပါးသောကို သဒ္ဓါယုံကြည်စွာဖြစ်၍ ရတနာ သုံးပါးထားအံ့သောငှာ အုတ်အတိသော အရံတံတိုင်း လည်းပြု၏။ ထိုတံတိုင်းတွင်း **လူနတ်တကာ ဆရာ ဖြစ်သော မြတ်စွာဘုရားပွင့်တော်မူသော မဟာဗောဓိ ညောင်တော်အစေ့ ရွှေခွက်ဖြင့် လက်တော်ပျိုး၍ ဖြစ်ထကျင်သော ထိုညောင်ပင်လည်း စိုက်လေဟူ၍ ပေးတော်မူရကား ရွှေခွက်နှင့်စိုက်၏။** ရတနာစင်္ကြံ ထက် **ဖန်အဆင်းနှင့်လှခြင်းတူသော** ဂူလည်းပြု၏။ ထိုဂူတွင် **ရတနာအမျက်ခတ်ထလျက်သော** ဘုရားကြီး လည်းပြု၏။ ဤသို့သော ဘုရား တရား သံဃာ ရတနာသုံးပါးအားရည်၍လှူသော သင်တောင်ခွင် သယောင် ပြောင်ရှာမြေ ၈ဝ။]

၁၂၂၁၅၉၂။

၂၀ "ဤယ်ဇလျှသော မ္လိယ်ကျွန်တိုဝ်ကိုဝ် အရိယ်အရံ
ယူသော မင်ကြီစသော ကလန် သံပျင် သူတဝ် ခပ်သိမ်
သကာ ဇနင်ထပ်တူလျှင်

၂၁ အက္လိုဝ်ရပါစိယ်၏။ **အန္တရယ်**မူသောသူကာ မိမိလိုဝ်သော
ဆု မရစိယ်သတေ။ ပုရှာ တြျာ သဃာ ရတနာသုံပါ
မ**ဘူ**စိယ်သတေ လူ

၂၂ ပြိတ္တာ **တိရိစ္ဆန်**လျှင် ဖ္လစ္စိယ်သတေ။ ဤသိုဝ် ရတနာ
သုံပါအာ လှျသောအက္လိုဝ်ကာ ပြည်ကြီသ္ခိင်မင်ကြီ စသော
အမတျာခပ်သိမ်။

၂၃ အမိဖုရှာစသော မောင်မခပ်သိမ်။ ဩက္ကာ အဝိစိတိုင်ဩင်။
အထက္ကာ **ဘဝက်**တိုင်ဩင်၊ ဗီလာကာ အနန္တစကြာဝလာ
တွင်ဟိသော

၂၄ လူသတ္တာခပ်သိမ်လျှင် ရပါစိယ်သတေ။"

[ဤငါလှူသော မြေ၊ ကျွန်တို့ကို အရေးအရံယူသော
မင်းကြီးစသော ကလန် သံပျင် သူတော်ခပ်သိမ်းသော
ကား ငါနှင့်ထပ်တူလျှင် အကျိုးရပါစေ၏။ **အန္တရာယ်
မူသောသူကား မိမိလိုသောဆုမရစေသတည်း**။ ဘုရား
တရား သံဃာ ရတနာသုံးပါး မဖူးစေသတည်း။ လူ
ပြိတ္တာ၊ တိရစ္ဆာန်လျှင် ဖြစ်စေသတည်း။ ဤသို့ ရတနာ
သုံးပါးအားလှူသောအကျိုးကား **ပြည်ကြီးသခင်မင်းကြီး**
စသော အမတ်ရာခပ်သိမ်း၊ အမိဖုရားစသော မောင်းမ
ခပ်သိမ်း၊ **အောက်ကား အဝီစိတိုင်အောင်၊ အထက်
ကား ဘဝဂ်တိုင်အောင်၊ ဖီလာကား အနန္တစကြဝဠာ
တွင်ရှိသော** လူသတ္တဝါခပ်သိမ်းလျှင် ရပါစေသတည်း။]

## ၁၂၁၆၀။ **သခင်ဖွားစော [သက္ကရာဇ် ၆၃၄] မင်းဝိုင်းကျောင်းကျောက်စာ (ကျောဘက်)**

၁၂၁၆၀၁။

၃ "သကရစ် ၆၁၄ ခု ဖ္လဂိုန်နှစ် တပေါင်လဆုတ်ယှတ်ရျက်
ကြာသပတိယ်နိယ်အာ။ ပိယ်
၄ တာဝ်မူသော။ ကျွန်မလိုက်ကတျင်ဥယန်သည် နှစ်ကိပ်
ကိုဝ်ယောက်။ လယ်မ္ဝိယ်သုံရျာ။ ဥယန်တခု။ အင်စရ
ကျွန် တရျာနှစ်ကိပ်**ခုနှစ်**ယောက်။ ဥန်ရ
၅ င်ကူလါကျွန် တရျာသုံကိပ်သုံယောက်။ မဟာသမန်
ကိုဝ်မျူလါရယ် ပိယ်တာဝ်မူစိယ်လှါသတေ။ သာဥတ်စနာ
မင်ကြီပိယ်သတေ။ သ္ခိင်ဖွာဇဝ် ပုရှာ
၆ တြျာ သင်္ဃာ ရတနာသုံပါကိုဝ်လှျုသော အလှျုတေ
။ ။"

[သက္ကရာဇ် ၆၁၄ခု ဖလဂုနီနှစ်၊ တပေါင်းလဆုတ်ရှစ်ရက်၊ ကြာသပတေးနေ့အား ပေးတော်မူသော ကျွန်မလိုက် ကတျင်ဥယျာဉ်သည် နှစ်ကျိပ်ကိုးယောက်၊ လယ်မြေ သုံးရာ၊ ဥယျာဉ်တစ်ခု၊ အင်စရကျွန် တစ်ရာနှစ်ကျိပ် ခုနစ်ယောက်၊ အုန်ရင်ကုလားကျွန် တစ်ရာသုံးကျိပ် သုံးယောက် မဟာသမန်း **ကိုယ်မျုး**လာ၍ ပေးတော်မူစေ လှာသတည်း။ သားဥစ္စနာမင်းကြီး ပေးသတည်း။ သခင် ဖွားစောဘုရား တရား သံဃာ ရတနာသုံးပါးကိုလှျုသော အလှျုတည်း။]

၁၂၁၆၀၂။

၆ "ဤသိုဝ်**အတုမယ်**လျှင် ဘေ္လပျုသော ကျောင်တာဝ်နှိုက်။
ဘမူသော ကောင်မှုခပ်သိမ်သောကိုဝ်။ အ
၇ ခာလွှင်မ္ဝယ် တည်စိမ်သောငှာ။ မ္ဝိယ်မဟာဒါန်ဥယန်။
ဘလှျုအေ်။ ဘေ္လပျုသော ကောင်မှုခပ်သိမ်သောကိုဝ်
အခာလွှင်မ္ဝယ်။ ပ္လုသော။ ဖာသော။ မူစိမ်

၈ သောငှာ။ တန်လင်လှည်စိမ်သောငှာ။ ပုရှာ တြျာနှိုက်
သံပုတ် ကွံပန်မပြတ် ဝတ်လုပ်ကွ္လည်တင်စိမ်သောငှာ။
ဆီမီမပြတ် **ငှီ**စိမ်သောငှာ။ သည်ခံ
၉ သောသ္ခိင်တိုင်ကိုဝ်။ ဆွံပစ္စည််လ္ဖင် **လုပ်ကွ္လည်**စိမ်သော
ငှာ။ ကျွန်လေ ဟလျှုဇအ်။ နိုဝ်သစ် **နိုဝ်ထံမ်** ရျက်တက်
ထဝ်ပိယ် ထဝ်ပတ် အရသာဟပါ စာစိ
၁၀ မ်သောငှာ။ န္တာလေ ဟလျှုဇအ်။”

[ဤသို့ **အတုမဲ့**လျှင် ငါပြုသောကျောင်းတော်၌ ငါမူသော ကောင်းမှုခပ်သိမ်းသောကို **အခါမြင့်မြဲတည်စိမ့်သောငှာ မြေမဟာဒါန်ဥယျာဉ် ငါလှူ၏။** ငါပြုသော ကောင်းမှု ခပ်သိမ်းသောကို **အခါမြင့်မြဲ ပြုသော ဖာသောမှုစိမ့်သောငှာ၊ တန်လင်းလှည်းစိမ့်သောငှာ**၊ ဘုရား တရား၌ သင်ပုတ် **ကွမ်းပန်းမပြတ် ဝတ်လုပ်ကျွေးတင်စိမ့်သောငှာ၊ ဆီမီးမပြတ် ညှိစိမ့်သောငှာ၊ သည်းခံသော သခင်တို့ကို ဆွမ်းပစ္စည်းဖြင့် လုပ်ကျွေးစိမ့်သောငှာ ကျွန်လည်း ငါလှူ၏။ နို့သစ်၊ နို့ခမ်း၊ ရက်တက်၊ ထောပေး၊ ထောပတ် အရသာငါးပါး စားစိမ့်သောငှာ နွားလည်းငါလှူ၏။**]

၁၂၁၃၆၀၁၃။

၁၀ “ဤသိုဝ်လျှင် ဟပ္လုသောကောင်မှုအကွ္လိုဝ်ကာ။ ရိယ််မ္လိယ်
ခပ်သိမ်သော အသ္ခိင််လ္ဖစ်ထသော မ္လတ်စွာသော ဟလင်သ္ခိင်
၁၁ မင်ကြီ။ ဟသာမင်ကြီ။ ဟမ္လိယ်မင်ကြီ။ ဤမင်ကြီ
သုံယောက်စသော နှောင်လါလတ်အံသော မင်ခပ်သိမ်လေ
ဟအတူ ရစိယ်သတေ။ မင်
၁၂ သာ မင်သမီ။ အမိပုရှာစသော မောင်မခပ်သိမ်။ အမတျာ
စသော ဗိုလ်ပါခပ်သိမ်။ ဩက်အဝစိယ်စသော အထက်
ဖဝက်တိုင်ဩင်။ အတိုဝ်

၁၃ **စကြဝလါ**စသော **စက္ကြဝလါ**နှိုက်နိယ်သော သကြာ
ဗြုဟ္မာ စတုလေါကပါလါနတ်မင်စသော နတ်ခပ်သိမ်။
တတဝ်ယမမင်။ လူစသော
၁၄ သတ္တာခပ်သိမ်လေ ငါကောင်မှုအဖိုဝ် ရစိယ်ကုန်ဇေ်။
သင်သရာဆိုဝ်ငြယ်မှ ထွက်မ္လောက်ခရုယ် ဆိုဝ်ငြယ်မယ်
သော နိုယ်ရဗန်ပြည်သိုဝ်
၁၅ ရောက်စိယ်ကုန်ဇေ်။”

[ဤသို့လျှင် ငါပြုသောကောင်းမှုအကျိုးကား ရေမြေ
ခပ်သိမ်းသောအသခင်ဖြစ်ထသော၊ မြတ်စွာသော **ငါ့လင်
သခင်မင်းကြီး၊ ငါ့သားမင်းကြီး၊ ငါ့မြေးမင်းကြီး
ဤမင်းကြီးသုံးယောက်**စသော နောင်လာလတ်အံ့သော
**မင်းခပ်သိမ်း**လည်း ငါ့အတူရစေသတည်း။ မင်းသား၊
မင်းသမီး၊ အမိဖုရားစသော **မောင်းမခပ်သိမ်း**၊ အမတ်ရာ
စသော **ဗိုလ်ပါခပ်သိမ်း**၊ အောက်အဝီစိစသော အထက်
ဘဝဂ်တိုင်အောင် အတို့စကြဝဠာစသော စကြဝဠာ၌
နေသော သိကြား၊ ဗြဟ္မာ၊ **စတုလောကပါလနတ်မင်း**
စသော **နတ်ခပ်သိမ်း၊ တတောယမမင်း**၊ လူစသော
**သတ္တဝါခပ်သိမ်း**လည်း ငါ့ကောင်းမှုအဖို့ ရစေကုန်၏။
သံသရာဆင်းရဲမှ ထွက်မြောက်ခ၍ ဆင်းရဲမဲ့သော
နေရပန်ပြည်သို့ ရောက်စေကုန်၏။]

၁၊၂၊၁၆၀၊၄။

၁၅ “ဤသိုဝ်ကြီစွာလျှင် ငါမူသော ကောင်မှုအက္လိုဝ်ဖ္လင်။
နိုယ်ရဗန်မရောက်သောကြာ။ လူဖ္လစ်သောကာ လူတကာ
ထက်
၁၆ မ္လတ်သောစည်စိမ်ချံသာ ငါရလိုဝ်ဇေ်။ နတ်ဖ္လစ်သောလေ
နတ်တကာထက်မ္လတ်သော နိုင်ငံသော အဆင်အရောင်
အဝာနှင့်**ပ္လည်စုမ်**ရုယ် အထူသဖ္လင်

၁၇ လျှင် အသက်ရှည်သော အနာမယ်သော အဆင်လှသော
အသံသာသော အလုံအရျှပ်လှသော လူနတ်ခပ်သိမ်
ချတ်ခင်ရိုဝ်သိယ်သော မွှတ်နိုဝ်သောဇာ
၁၈ ဖွှစ်လိုဝ်ဒေအ်။ ရှုယ် ငုယ် ပတ်တမြာ ပုလယ် သန္တာ
ကစသော အသက်မယ်သောဥတ်စာ။ အသက်**ဟိယ်**သော
ဆင်မြင်ကစသော ဥတ်စာရ
၁၉ တနာမျာစွာသောဇာ ဖွှစ်လိုဝ်ဒေအ်။ ဖုန်တန်ခိုဝ်လွှင် အနိုင်
အင် အခြံအရံ အက္လွဝ်အစဝ်ကြီစွာသောဇာ ဖွှစ်လိုဝ်ဒေအ်။
ဖွှစ်လိယ်ရရာအရပ်နှိုက်
၂၀ အလှျုသတင် သဒ္ဓါပြညာကစသော မွှတ်သောက္လည်စူနှင်
ပွှည်စုံလျက် ဆိုင်ငြယ်အမှတ်မသိလိုဝ်။ လူစည်စိမ် နတ်
စည်စိမ်ခံစပြီရုယ် အဆုံ
၂၁ နှိုက်ကာ အရဟတ္တဖိုလ်မည်သော မွှတ်သောအက္လွတ်တြျာ
ပွင်လတ်ရုယ် ငြိမ်သိမ်စွာသော နိရဗန်ချံသာ ဇာရလိုဝ်
၏။”

ဤသို့ကြီးစွာလျှင် ငါမူသော ကောင်းမှုအကျိုးဖြင့် နေရပန်မရောက်သောကြား လူဖြစ်သောကား လူတကာ ထက်မြတ်သော စည်းစိမ်ချမ်းသာ ငါရလို၏။ နတ်ဖြစ်သောလည်း နတ်တကာထက်မြတ်သော၊ **နိုင်ငံသော**၊ အဆင်းအရောင်အဝါနှင့်ပြည့်စုံ၍ အထူးသဖြင့်လျှင် **အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရပ်လှသော၊ လူနတ် ခပ်သိမ်း ချစ်ခင်ရိုသေသော၊ မြတ်နိုးသောငါ ဖြစ်လို၏**။ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာကစသော **အသက်မဲ့သောဥစ္စာ၊ အသက်ရှိသောဆင်မြင်းကစသောဥစ္စာ** ရတနာများစွာသောငါ ဖြစ်လို၏။ ဘုန်းတန်ခိုးဖြင့် အနိုင်အင်၊ အခြံအရံ၊ အကျော်အစော ကြီးစွာသောငါ ဖြစ်လို၏။ ဖြစ်လေရာရာအရပ်၌ အလှူ

သီတင်း သဒ္ဒါပညာကစသော မြတ်သောကျေးဇူးနှင့် ပြည့်စုံလျက် **ဆင်းရဲအမှတ် မသိလို**။ လူစည်းစိမ်၊ နတ်စည်းစိမ် ခံစားပြီး၍အဆုံး၌ကား အရဟတ္တဖိုလ် မည်သော မြတ်သောအကျွတ်တရားပွင့်လတ်၍ **ငြိမ်သိမ် စွာသော နေရပန်ချမ်းသာ** ငါရလို၏။]

၁၊၂၊၁၆၀၊၅။

၂၁ …"ဤဇာလှူသော။ လယ်မွိ

၂၂ ယ်။ ဥယန်။ ကျွန်။ နွာ။ ဥတ်စာခပ်သိမ်သကာ စင်သော တိတေ။ နောင်အခါနိုက် **အခြင်များ**အံသော မစင်သော ဥတ်စာကာ မပါ။ ။"

[ဤငါလှူသော လယ်မြေ၊ ဥယျာဉ်၊ ကျွန်၊ နွား၊ ဥစ္စာ ခပ်သိမ်းသကား **စင်သောတိတည်း**။ နောင်အခါ၌ **အချင်းများအံ့သော မစင်သောဥစ္စာ**ကားမပါ။]

၁၊၂၊၁၆၀၊၆။

၂၂ …"ဤ

၂၃ ဇာအလှူခပ်သိမ်သောကိုဝ် ဖျက်ဆီသော။ လုယက်စာ သော။ သူတိုဝ်ကာ။ ဤလူတွင်လျှင်။ ခုနှစ်ရျက်တွင်လျှင်။ ခုနှစ်ရျက်လွတ်မူကာ။

၂၄ ခုနှစ်လတွင်လျှင်။ ခုနှစ်လတေလွတ်မူကာ။ ခုနှစ်နှစ်တွင် လျှင် အနာမျာသောလ္ဖစ်စိယ်။ ဆင်ငြယ်ကြီသောလ္ဖစ်စိယ်။ အသက်တို

၂၅ ဝ်သောလ္ဖစ်စိယ်။ လူတွင်လျှင် လူပြိတ်တာလ္ဖစ်စိယ်။ ချတ် သောမယာ ချတ်သောသာ ချတ်သောလင်နှင် ကွယ်ကင် သောလ္ဖစ်စိယ်။

၂၆ ဥတ်စာစည်စိမ်ချံသာခပင် အကြွင်မယ်လျှင် ပျက်စီပြုန်တီ စိယ်သတေ။ မင်ကြီဖိုယ်သင်စိယ်။ ဤမ်မိုဝ်ကြိုဝ် ပုဆိန် ကွစိယ်

၂၇ ။ ရိယ်ဖိုယ် မိဖိုယ်ကစသော ဖိုယ်ကြီသင်စိယ်။ သိယ်သော
လေ။ ညောင်ဦစသော **ဩိယ်ပစ်စရာ**တိုင်ဩင်သော
မွိယ်ပုံအလုံတိုင်လျှင်
၂၈ ။ မွိယ်အထယ် အဝိစိယ်ငြယ်လျှင် ကျက်လိယ်စိယ်
သတေ။ အဝိစိယ်မှကာ ငြယ်ကြီယှတ်ထပ် ငြယ်ငယ်
တဆယ်ခြောက်ထပ်သိုဝ်
၂၉ ကျက်လိယ်စိယ်သတေ။ ငြယ်မှကာ ပြိတ်တာသိုဝ် ပြိတ်
တာမှကာ ငြယ်သိုဝ် လူရွာ**နှစ်ဆတ်**မပ္လန် အတိုင်မသိ
ဆိုဝ်ငြယ်ကြိလျှင် ခံ
၃၀ စိယ်သတေ။ ။"

[ဤငါအလှူချပ်သိမ်းသောကို ဖျက်ဆီးသော၊ လုယက်
စားသောသူတို့ကား ဤလူတွင်လျှင် **ခုနစ်ရက်တွင်း
လျှင်၊ ခုနစ်ရက် လွတ်မူကား ခုနစ်လတွင်းလျှင်၊
ခုနစ်လတည်းလွတ်မူကား ခုနစ်နှစ်တွင်းလျှင်** အနာ
များသော ဖြစ်စေ၊ ဆင်းရဲကြီးသောဖြစ်စေ၊ အသက်တို
သောဖြစ်စေ၊ လူတွင်လျှင် လူပြိတ္တာဖြစ်စေ၊ **ချစ်သော
မယား၊ ချစ်သောသား၊ ချစ်သောလင်နှင့် ကွေကင်း
သော**ဖြစ်စေ၊ ဥစ္စာစည်းစိမ် ချမ်းသာခပင်း အကြွင်းမဲ့လျှင်
ပျက်စီး ပြုန်းတီးစေသတည်း။ မင်းကြီးဘေးသင့်စေ၊
အိမ် မိုးကြိုးပုဆိန်ကျစေ၊ ရေဘေး မီးဘေးကစသော
ဘေးကြီး သင့်စေ၊ သေသောလည်း ညောင်ဦးစသော
သီရိပစ္စရာတိုင်အောင်သော မြေပုံအလုံးတိုင်းလျှင် မြေ
အထဲ အဝီစိငရဲလျှင် ကျက်လေစေသတည်း။ အဝီစိမှကား
ငရဲကြီးရှစ်ထပ်၊ **ငရဲငယ် တစ်ဆယ့်ခြောက်ထပ်သို့
ကျက်လေစေသတည်း။ ငရဲမှကား ပြိတ္တာသို့၊ ပြိတ္တာ
မှကားငရဲသို့ လူ့ရွာနှစ်ဆစ်မပြန် အတိုင်းမသိ ဆင်းရဲ
ကြီးလျှင် ခံစေသတည်း**။]

၁၊၂၊၁၆၀၊၇။

၃၆ "သကရစ် ၆၃၃ ခု။ အာသိန်နှစ်။ တန်ခူလဆန်
ဆယ်ရျက် သုကြာနိယ်အာ။ ႕မွတ်စွာသော အသွိင်ဖွာစဝ်။
အ

၃၇ လှျုစရင်။ ကွန်ပြေါက်ကြီထွက်တဝ်မူသော။ မင်ကြီပွ
ရယ်။ အမူကွန်တင်ဧအ်။ **သံဖျေင်**ကြီစတုရင်ကသူထုယ်
တဝ်။ သရိ

၃၈ ယ်ဍာ်န္တိဗိုလ်။ သရိယ်ဍာ်န္တြပတိယ်။ အဂ္ဂပိစည်သာတိုဝ်
ကိုဝ် ႕ခွဧအ်။ သစ်တလါတွင်ထည်ဧအ်။ ရှုယ်ပိယ်ယုတ်
႕ခွပ်။ ရှုယ်ခြည်

၃၉ ဖွယ်ဧအ်။ သစ်ကွမ်ဆိယ်ရိယ်တော။ ။"

[သက္ကရာဇ် ၆၃၃ ခု အဿယုဇနှစ်၊ တန်ခူးလဆန်း
ဆယ်ရက်၊ သောကြာနေ့အား မြတ်စွာသော အသခင်
ဖွားစော **အလှျုစာရင်း** ကွန်းပြောက်ကြီး ထွက်တော်မူ
သော မင်းကြီးပြ၍ **အမူကွန်းတင်**၏။ သံပျင်ကြီး
စတုရင်္ဂသူ **ထွေတော်** သရေက္ခန္ဒဗိုလ်၊ သရေက္ခန္ဒပတေ့၊
အဂ္ဂပိစည်သားတို့ကို **ချ**၏။ **သစ်တလား**တွင်ထည့်၏။
**ရှေ့ပေရှစ်ချပ် ရှေ့ချည်ဖွဲ့၏။ သစ်ကျမ်းဆေးရေး
တည်း**။]

၁၊၂၊၁၆၀၊၈။

၃၉ "သကရစ် ၆၃၄ ခု ကြတိုက်နှစ်။ ကုဆုန်လဆန်
တဆယ်နှစ်ရျက် သုကြာနိယ်တက် နိယ်

၄၀ **သုံ့ဖွာ**အခာနိုက်လျှင်။ ႕မွတ်စွာသော အသွိင်ဖွာဇဝ်မိန်
တဝ်မူဧအ်။ ဘလှျုသော**စရင်**တိုင် အလုံကာ။ ႕မွတ်ကြီစွာ
ကိုဝ်လျှင်ဘနှင်

၄၁ ဧအ်။ ႕မွတ်ကြီစွာလျှင် စိုဝ်စယ်သတော။ **ကီကြ**အလုံလေ
႕မွတ်ကြီစွာလျှင် စိုဝ်စိယ်သတောဟု တန်ဆိပ်သံကောက်
႕မွတ်ကြီစွာလက်တွ

၄၂ င်လျှင်နှင်ရှယ်။ **တကြိုက်**ရိယ်စင်တာဝ်လ္ခရှယ် လျှုတာဝ်မူ
တုံသတေ။ ။"

[သက္ကရာဇ် ၆၃၄ ခု ကြတ္တိကာနှစ်၊ ကဆုန်လဆန်း တစ်ဆယ့်နှစ်ရက်၊ **သောကြာနေ့တက် နေ့သုံးဖဝါး** အခါ၌လျှင် မြတ်စွာသော အသခင်ဖွားစော မိန့်တော်မူ၏။ "ငါလှူသောစာရင်းတိုင်း အလုံးကား **မြတ်ကြီးစွာ** ကိုလျှင် ငါ**နှင်း**၏။ မြတ်ကြီးစွာလျှင် စိုးစေသတည်း။ **ကျိုကြ**အလုံးလည်း မြတ်ကြီးစွာလျှင် စိုးစေသတည်း" ဟု **တံဆိပ်သံကောက်** မြတ်ကြီးစွာလက်တွင်းလျှင် နှင်း၍ **တစ်ကြိုက်** ရေစင်တော်ချ၍ လှူတော်မူတုံ သတည်း။]

## ၁၂၁၆၁။ **သခင်မဟာထီး [သက္ကရာဇ် ၆၃၅]**
## **မြင်းခုံတိုင်သခင်မဟာထီးကျောက်စာ**

၂၂ ..."ဇပ္ပလ္လာူခသော ကျွ
၂၃ န် လယ် ဥယန်ကိုဝ်ဖျက်ဆီသောသူကာ အဝစိယ်ကာ
အထက် အယင်ကာသြက် နိ
၂၄ ယ်ရောင်လရောင် မမြင်စိယ်သတေ ဇတူ ဇတူမတိုဝ်ခပင်
အရိယ်အရံယူပါ
၂၅ စိယ်သတေ မဟာရစ်လေ ရစိယ်သတေ မင်မတ်**စိယ်ျ
ဖတ္တာ** ဇနှင်အတူ
၂၆ ရစိယ်သတေ ကွန် သံပျင်စသော သဗ္ဗသတ္တာခပင်
ရစပါစိယ်ကုန်သတေ
၂၇ ကျွောင်၄ထောင် သင်ခပင်မှောက် လှူသတေ ဇလှူ
သ ဖုရှာကျွန်
၂၈ ကိုဝ် မျက်သုတ်ရလျှင် မတောင်စိယ်သတေ မဟာထီ
စသော သင်တကာ

၂၉ တိုဝ်လေ အရိယ်အရံ ယူစိယ်သတေ”

[ငါလှူခဲ့သော ကျွန်၊ လယ်၊ ဥယျာဉ်ကို ဖျက်ဆီးသော သူကား အဝီစိကားအထက် အယင်းကားအောက် **နေရောင်လရောင် မမြင်စေသတည်း**။ ငါ့တူ၊ ငါ့တူမ တို့ခပင်း အရေးအရံယူပါစေသတည်း။ မဟာရစ်လည်း ရစေသတည်း။ မင်းမတ်ဇေယျဖတြာ ငါနှင့်အတူရစေ သတည်း။ ကလန်၊ သံပျင်စသော သဗ္ဗသတ္တဝါခပင်း ရစပါစေကုန်သတည်း။ **ကျောင်းငှထောင့် သင်ခပင်း မှောက်လှူသတည်း**။ ငါလှူသောဘုရားကျွန်ကို မျက်သုတ်ရလျှင် မတောင်းစေသတည်း။ မဟာထီး စသော သင်တကာတို့လည်း အရေးအရံယူစေသတည်း။]

၁၂၊၁၆၂။ **သံပျင်လက်ဆောင် [သက္ကရာဇ် ၆၃၅]**
**သံပျင်လက်ဆောင်ကျောက်စာ**

၁၁ “ဤယ်ကောင်မှုကိုဝ် စောင်မမူသောသူ

၁၂ ကာ ဖုရှာပြညာဖွင် မပိုင်မခြာနိုင်သော အတိုင်မသိသော ကျော

၁၃ င်အကျိုဝ် အလှူအကျိုဝ် ငာနှင်ထပ်တူ ရစပါစိယ် သတော။ ၀ ။”

[ဤကောင်းမှုကို စောင်မမူသောသူကား **ဘုရားပညာ ဖြင့် မပိုင်းမခြားနိုင်သော၊ အတိုင်းမသိသော ကျောင်းအကျိုး၊ အလှူအကျိုး ငါနှင့်ထပ်တူ ရစပါ စေသတည်း**။]

၁၂၁၆၃။ **သီရိဝမုနာအမတ်ကြီးနှင့်မင်းသမီးမင်းစောလတ်**
**[သက္ကရာဇ် ၆၃၆]**
**သီရိဝမုနာအမတ်ကြီးနှင့် မင်းသမီးမင်းစောလတ်ကျောက်စာ**

၁၂၁၆၃၁။

၁၀ "စည်စိမ်ခံစသောခာနူက် မွှတ်စွာသ မင်သမိအစဝ်လေ
ငေ္လမ်ချင်ဖွစ်လိုဝ်သတေ သာလေ
၁၁ သော မွိယ်လေငမွိယ် မွိစ်လေငမွှစ် ဖွစ်စိယ်သတေ။"

[စည်းစိမ်ခံစားသောခါ၌ မြတ်စွာသော မင်းသမီးအစော လည်း ငါ့**အိမ်ချင်း** ဖြစ်လိုသတည်း။ သားလည်း ငါ့သား၊ မြေးလည်းငါ့မြေး၊ မြစ်လည်းငါ့မြစ် ဖြစ်စေသတည်း။]

၁၂၁၆၃၂။

၁၁ "ဤဇာလှျသော လဲ ကျွန် **ဥယေန်**ခပ်သိမ်ကို
၁၂ ဝ်အရိယ်အရံ ယူရစ်စိယ်သတေ မွိယ်မွှစ်တိုဝ်သည်မူလေ
ဖုန်ကြီရယ် ကောင်သ**နှလုမ်**ဖွင် သတ္တာရ
၁၃ ယ် ဤဇာလှျသော လဲ ကျွန် ဥယေန်ထက်အသစ်လှျင်
လဲ ကျွန် **ဥယန်** လှျလှောက်ရစ်အံ ထိုဝ်သိုဝ်သော
၁၄ မွိယ်မွှစ်ကာ ဇာလှျသောအကွိုဝ်ထက် **အသင်ခိုယ်**တိုင်
သြာင်သ အကွိုဝ်ရစိယ်သတေ ဤသိုဝ် ဇာမွိ
၁၅ ယ် ဇာမွှစ် အရိယ်အရံယုသည်ကိုဝ် စောင်မချင်ပါသသူ
ကာ ဆိုဝ်ငြယ်ဟူသည် နာ္လဖွင်လှျင် **မဂ္ဂါ**
၁၆ စိယ်သတေ"

[ဤငါလှူသော လယ်၊ ကျွန်၊ ဥယျာဉ်ခပ်သိမ်းကို အရေးအရံ ယူရစ်စေသတည်း။ **မြေးမြစ်**တို့သည်မူလည်း ဘုန်းကြီး၍၊ ကောင်းသောနှလုံးဖြင့်သဒ္ဓါ၍ ဤငါလှူသော လယ်၊ ကျွန်၊ ဥယျာဉ်ထက်**အသစ်လှျင်** လယ်၊ ကျွန်၊ ဥယျာဉ် **လှူလှောက်ရစ်အံ့**။ ထိုသို့သောမြေးမြစ်ကား ငါလှူသောအကျိုးထက် **အသချေ်တိုင်အောင်သော**

အကျိုးရစေသတည်း။ ဤသို့ငါ့မြေး ငါ့မြစ် အရေးအရံ ယူသည်ကို စောင်မချင်ပါသောသူကား **ဆင်းရဲဟူသည် နားဖြင့်လျှင် မကြားစေသတည်း**။]

၁၂၁၆၃၂၃။

၁၆ "ဤဇာကောင်မှုကိုဝ် ဖျက်ဆီသသူကာ ညောင်ဥိကမ်ပါ စသော သိရိပစ္စရာတိုင်ဩင်

၁၇ မ္လိယ်အလုမ်လျှင် **ကြျမ်**မကလျှင် ပုရှာ့ဖ္လစ်စိယ် ထိုဝ်သိုဝ် သောပုရှာန္လိက် ချမ်သာဟူသည်

၁၈ နာ့ဖ္လင်လျှင် မကြာစိယ်သတေ အဝီစိမည်သော ငရယ်ကြီ နိုက်လျှင် သံသရာ၏သစ်ငုတ်လျှင်

၁၉ ဖ္လစ်စိယ်သတေ။ ဝ ။"

[ဤငါ့ကောင်းမှုကို ဖျက်ဆီးသသူကား ညောင်ဦးကမ်းပါး စသော သီရိပစ္စရာတိုင်အောင် မြေအလုံးလျှင် ကျုံးမက လျှင် ဘုရားဖြစ်စေ၊ ထိုသို့သောဘုရား၌ **ချမ်းသာ ဟူသည် နားဖြင့်လျှင် မကြားစေ**သတည်း။ အဝီစိ မည်သော ငရဲကြီး၌လျှင် **သံသရာ၏သစ်ငုတ်**လျှင် ဖြစ်စေသတည်း။]

## ၁၂၁၆၄။ မိဖုရားစောပုလဲမယ် [သက္ကရာဇ် ၆၃၆] မိဖုရားစောပုလဲမယ်ကျောက်စာ

၁၂၁၆၄၁။

၁ "သကရစ် ၆၂၃ ခု မိြက္ကသိုဝ်နှစ် ပ္လသိုဝ်လ္ဆုတ်၄ရျက် ၁နိယ်အာ **အရိမဒ္ဒနပူရ**မည်သော

၂ ပြည်နိုက်အာ။ အစိုဝ်ရသော။ အလွန်အကယ် ဖုန်တန်ခိုဝ် ကြီစွာထသော ဣစ္စာမင်ကြီ၏(မျာ အမိဖူရာစဝ်)ပုလယ် မယ်သည်

၃ နိဗ္ဗန်ဆုကိုဝ်လိုဝ်ရယ် **သစ်မတီ**မည်သော မွေအရပ်နိုက်

ဖုရာ ကူ ကျောင် စလစ်ဆင်ဝင်ပ္လုရှယ် (သင်ခတံမာထည်
၄ယောက်သောဆိ)ရှာ

၄ သျင်တိုဝ်ကိုဝ် ဆွံ့ ဖ္လစ်စိမ်ဟု လှျုအမ်မူသော ပုသိမ်အရပ်
နှိုက် လယ် ၁၀၀၀။ ဝ ။"

[သက္ကရာဇ် ၆၂၃ ခု မိဂသီနှစ်၊ ပြာသိုလဆုတ်၄ရက်၊ ၁နေ့အား အရိမဒ္ဒနပူရမည်သောပြည်၌အား အစိုးရသော၊ **အလွန်အကဲ** ဘုန်းတန်ခိုးကြီးစွာထသော **ကျစွာမင်းကြီး၏မယား အမိဖုရားစောပုလဲမယ်**သည် နိဗ္ဗာန်ဆုကို လို၍ သမထီးမည်သော မြေအရပ်၌ ဘုရား၊ ဂူ၊ ကျောင်း၊ စုလစ်**ဆင်ဝင်**ပြု၍ သံဃမ္မာထေရ် (?) ၄ယောက်သော ဆရာရှင်တို့ကို ဆွမ်းဖြစ်စိမ့်ဟု လှူအုံ့မူသော **ပုသိမ်အရပ်**၌ လယ် ၁၀၀၀။]

## ၁၂၂၁၆၅။ **မလာဖြစ်အမတ် [သက္ကရာဇ် ၆၃၆]**
## **မလာဖြစ်အမတ်ကျောက်စာ**

၁၂၂၁၆၅၂၁။
၁၂၂၁၅၆၂၁။

၁ "သကရစ် ၆၃၆ ခု ပုဿနှစ်။ နတ်တော်လ္ဆုတ်၁၀ရျက်
ကြဿပတိ

၂ ယ်နိယ်အာ။ ကျက်သရိယ်ဟိသော ပုရှာ တြျာ သဃ်ာ
ရတနာသုံပါနှိုက် ရိုယ်သိယ်လ္ဗတ်ထသော သူတ

၃ ကာအေ်။ ကိုဝ်ကွယ်ရာလ္ဖစ်ထသော အလွံသောမင်တကာ
နှင် ညီညွတ်ထသော ဆင့်ဖ္လုစသော ရတနာ

၄ အပေါင်အဖဝ်အသ္ခိင့်ဖ္လစ်ထသော ဇမ္ဗုဒိတ်က္လွန်နှိုက် နိယ်
ကယ်သိုဝ် အရောင်တောက်ထသော။ သိုတြိုဘာဝ

၅ နာဒိစ္စပဝရဓမ္မရာဇာမည်သော မင်အမတ်တျာသည်
သာသနာနှိုက် ကောင်တိယ် ယုံကြည်စွာရယ် သတ္တာ

၆ ကြည်ညိုဝ်သလ္ဗင် ဆိုင်ငြယ်ခပ်သိမ် ငြိမ်ရာလ္ဖစ်သော
နိယ်ရဗန်ချံသာကိုဝ်လိုဝ်သောကြောင် ရှယ်၄

၇ ယ်စသော ဥတ်စာရတနာမျာစွာစွန်ရှယ်။ ဤယ်အမနာ
ႅမှိယ်အရပ်နှိုက် ရခယ်စွာသော ရတနာသုံပါထာအံသော
၈ ဌာ တင်တယ်စွာသော ဥတ်အတိသော တန်တိုင်ပ္လုဇအ်။
ထိုဝ်တန်တိုင်တွင် ကလသအိုဝ်နှင်တူသော စင်ကြံ
၉ နှင် ကူလေ ပ္လုဇအ်။ ထိုဝ်ကူတွင် အမျက်ခက်*သော
**တန်ခယ်ပစ်စရာ**နှင်အကွ ပုရှါကြီလေ ပ္လုဇအ်။
၁၀ ပုရှာဟဝ်သော နိကယ်၅ပါ ယှတ်သောင်လိယ်ထောင်
ထာအံသောဌာ ကုလါက္လောင်လေ ပ္လု၏။ ရှူယ်တ
၁၁ လါနှင် ပိဋ္ဋကတ်လေ ထာအေ်။ က္လောင်ကြီလေ ပ္လုဇအ်။
တန်ဆောင်လေ ပ္လုဇအ်။ အလှျုပစ်စည်ထာအံ
၁၂ သောဌာ **ကပ်ပိယကုတိယ်**လေ ပ္လုဇအ်။"

[သက္ကရာဇ် ၆၃၆ ခု ဖုသျှနှစ်၊ နတ်တော်လဆုတ်၁၀ရက်၊ ကြာသပတေးနေ့အား ကျက်သရေရှိသော၊ ဘုရား တရား သံဃာ ရတနာသုံးပါး၌ **ရိုသေမြတ်ထသော**၊ သူတကာ ၏ **ကိုးကွယ်ရာဖြစ်ထသော၊ အလှူ့သော မင်းတကာ နှင့် ညီညွတ်ထသော၊ ဆင်ဖြူစသော ရတနာ အပေါင်းအဖော်** အသခင်ဖြစ်ထသော၊ ဇမ္ဗူဒိပ်ကျွန်း၌ နေကဲ့သို့ အရောင်တောက်ထသော၊ သီဟိုဠ်ဘဝနာဒိစ္စပဝရ ဓမ္မရာဇာမည်သောမင်း အမတ်ရာသည် သာသနာ၌ ကောင်းတေ ယုံကြည်စွာ၍ သဒ္ဓါကြည်ညိုသဖြင့် ဆင်းရဲ ခပ်သိမ်းငြိမ်းရာဖြစ်သော နေရပန်ချမ်းသာကို လိုသော ကြောင့် ရွှေငွေစသော ဥစ္စာရတနာများစွာ စွန့်၍ ဤအာမနာမြေအရပ်၌ ရခဲစွာသော ရတနာသုံးပါး ထားအံ့ သောဌာ တင့်တယ်စွာသော၊ အုတ်အတိသော တံတိုင်း ပြု၏။ ထိုတံတိုင်းတွင်း ကလသာအိုးနှင့်တူသောစကြံ နှင့်ဂူလည်းပြု၏။ ထိုဂူတွင် **အမျက်ခတ်သော တံကဲ ပစ္စယာ**နှင့်အကွ ဘုရားကြီးလည်းပြု၏။ ဘုရားဟော

* အမျက်ခတ်(?)

သော နိကာယ်၅ပါး ရှစ်သောင်းလေးထောင် ထားအံ့
သောင်ှာ ကုလားကျောင်းလည်းပြု၏။ **ရွှေတလားနှင့်
ပိဋကတ်လည်းထား၏**။ ကျောင်းကြီးလည်း ပြု၏။
တန်ဆောင်းလည်းပြု၏။ အလှူပစ္စည်းထားအံ့သောင်ှာ
ကပ္ပိယကုဋ္ဋီလည်း ပြု၏။]

၁၂၊၁၆၅၊၂။

၁၃ "တကာကြီ်မ္လဖြစ် ခွက်အရင် ၁၅၀။ ဥတ္တမသုသာ ငိ
အစ်ကိုဝ် ယူအေ်။

၁၄ အစိ ၃၀၀ခြင်ပြီသောကာ ၄၄ပိသာ။ ကင်ကာဖြစ်လင်
မျာယူသော ခွက်အရင် ၁၀၀ အစိ၂၀၀

၁၅ ။ ရငုန်လယ် ၁၀၀ခြင်အေ်။ ဥတ္တမသူသာ ငိအစ်ကိုဝ်ကာ။
ကင်ကာဖြစ်မျာကိုဝ် လယ်ဖိုဝ်

၁၆ ခြင်ရ၏။"

[တကာကြီးမလာဖြစ် ခွက်**အရင်း၁၅၀** ဥတ္တမသူသား
ညီအစ်ကိုယူ၏။ **အစီး ၃၀၀ခြင်**ပြီးသောကား ၄၄ပိဿာ၊
ကင်္ကာဖြစ်လင်မယားယူသော ခွက်အရင်း ၁၀၀၊ အစီး
၂၀၀၊ **ရငုန်လယ် ၁၀၀ခြင်၏**။ ဥတ္တမသူသားညီအစ်ကို
ကား ကင်္ကာဖြစ်မယားကို **လယ်ဖိုးခြင်**ရ၏။]

၁၂၊၁၆၅၊၃။

၂၄ ..."ဤဇာမူသ ကောင်မှုအ

၂၅ က္လိုဝ်လ္ဖင် နိယ်ရဗန်မရောက်သကြာ လူ္လဖ်စ်ကာ လူတကာ
ထက််မ္လတ်သောချံသာ နတ််လဖ်စ်ကာ နတ္တ်ကာထက််မ္လတ်

၂၆ သောချံသာကိုဝ် လိုဝ်၏။ **အဆုမ်စွန်**ကာ **အရဟာတ္တဖိုဝ်ရ်**
မည်သော အက္လွတ်တြျာ ပွင်လတ်ရယ် **ငြိမ်သီ**စွာသော

၂၇ နိယ်ရဗန်ချံသာ ဇာလိုဝ်၏။ ဤဇာလှူသောကောင်မှုကိုဝ်
ဖုန်တန်ခိုဝ်ကြီသော သဒ္ဓါအန်အာနှင််ပ္လည်စုံရယ် အ

၂၈ ရိယ်အရံယူသောသူကာ ဤလူတွင် ဖ္ဖစ်လိယ်ရရာအရပ်
နို့က် အသက်ရှည် အနာနည် အသံသာသော အဆင်လှ
သောဖ္ဖ
၂၉ စ်ရှယ် **အဆုံဂါ** မိ၂လိုဝ်ဟူ တောင်သောဆု ရသော
ဖ္ဖစ်ရှယ် ပုရှာပစ်စေကဗုဒ္ဓါ **တပေအ်**သာ ဝင်ရာဖ္ဖစ်သော
၃၀ နိယ်ရဗန် ဝင်စိယ်ကုန်သတေ။ ၀ ။"

[ဤငါမူသော ကောင်းမှုအကျိုးဖြင့် နေရပန်မရောက်သော ကြား လူဖြစ်ကား လူတကာထက် မြတ်သောချမ်းသာ၊ နတ်ဖြစ်ကား နတ်တကာထက် မြတ်သောချမ်းသာကို လို၍။ **အဆုံးစွန်ကား အရဟတ္တဖိုလ်မည်သော အကျွတ်တရားပွင့်လတ်၍** ငြိမ်သိမ်စွာသော နေရပန် ချမ်းသာ ငါလို၍။ ဤငါလှူသောကောင်းမှုကို ဘုန်းတန်ခိုးကြီးသော၊ **သဒ္ဓါအန်အားနှင့်ပြည့်စုံ၍** အရေးအရံယူသောသူကား ဤလူတွင် ဖြစ်လေရာရာအရပ်၌ **အသက်ရှည်၊ အနာနည်း၊ အသံသာသော၊ အဆင်းလှသောဖြစ်၍ အဆုံးကား မိမိလိုဟူ တောင်းသောဆု ရသောဖြစ်၍** ဘုရားပစ္စေကဗုဒ္ဓါ တပည့်သား ဝင်ရာဖြစ်သော နေရပန် ဝင်စေကုန်သတည်း။]

## ၁၂၁၆၆။ **အရီးစောမိဖွား [သက္ကရာဇ် ၆၃၇] ကုသသမုတိဘုရားကျောက်စာ (မျက်နှာဘက်)**

၁ "။ ၀ ။ နမော သဗ္ဗဗုဒ္ဓါနံ။ ။ **သကရာဇ** ၆၃၇ ခု။
စယ်သံဝစ္ဆိုရ်နှစ်။ ပ္လသိုဝ်လပ္လည် ပုတ္တဟူနိယ်အာ။
အသရိယ်ဟိယ်သော ပုရှာ
၂ တျာ သဃ်ာ ရတနာသုံပါသနို့က်။ ရိုဝ်သိယ်ဖ္ဖတ်စွာသော။
စိုဝ်သာ မင်သာ အမတ်တျာ ဗိုလ်ပါ ဆင်ဖ္ဖူစသော
ရတနာခုနှစ်ပါသို့င်ဖ္ဖစ်သော

၃ ကွ္လန်၄ ကွ္လန်ထွန်သောနိယ်ကယ်သိုဝ် အဟိန်ဇဝ် အရောင်
အဝာတောက်ပစွာသော အသရိယ်ဟိယ်သော။ ဩိတြိ
ဘုဝနာဒိတျပဝရဓမ္မရာဇာ
၄ မည်သော။ တြျာမင် အရီစဝ်မိဖွာသည်။ ပုရှာသ္ခိင်သာသနာ
န္ဟိုက် သဒ္ဓါယုံကြည်စွာရှယ်။ ပ္လုသော ကောင်မှုအက္လိုဝ်ကိုဝ်
၅ ။ အသ္ခိင်မင်ကြီစသော။ စိုဝ်သာ မင်သာ အမတ္လျာ
မိုဟ်ပါမကြွင်။ အမိပုရှာစသော။ စိုဝ်သ္မီ မင်သ္မီ မောင်မ
တဝ်မ
၆ ကြွင်။ ဩက်ကာ အဝီစိ။ အထက္ကာ ဘဝက်။ ဖီလါကာ
အနန္တစက္ကြာဝဠာန္ဟိုက်နိယ်သော။ လူ နတ် သတ္တာ **တိဖ္ဆန်**မ
၇ ကြွင်ခပင်။ သသ်ရာဆိုဝ်ငြယ်မှ။ ထွက်မွ္လောက်ခရှယ်။
ဆိုဝ်ငြယ်မယ်သော နိယ်ရဗန်သိုဝ် ရောက်စိယ်လိုဝ်သော
၈ ငှာ။ ဘလေ ဉ္ဇယ်မိယ်မအ္လဖွစ်မှလွတ်ခရှယ်။ လူရွာ
နတ်ရွာ ကျင်လည်သောခါ သ္တင် **ပြည်ံ** သစ္စာ သဒ္ဓါ
ပ္လည်စုံ
၉ စွာသော ယောက်ျာ္လဖွစ်ရှယ်။ **တုသိတာပူရ** မည်သော
နတ်ပြည်န္ဟိုက်။ **အရိယမေတ္တာည်**ပုရှာလေါင်ထံ ္လဖွစ်လိယ်ရှ
၁၀ ယ်။ **စုလွည်**တဝ်ခါမနာသော စူလါမုနိစေတီထံန္ဟိုက်
သ္တင်သည်မွန် ္လဖွစ်လိယ််ချင်ဇအ်။ **ဉစ္စာဟိယ်ဟိယ်** မ
၁၁ ပိယ်လိုဝ်သော ဝန်တိုဝ်နှစ်လုံလေ ဘမ္လဖွစ်လိုဝ်။ သူတပါ
ဉစ္စာ မျာစွာမြင်လေ ဘမလိုဝ််ချင်။ ထင်ရှာကင်ကာ
၁၂ သိုဝ်ထာသော အကြင်ဘဉစ္စာ ခပ်သိမ်သောကိုဝ်ကာ
ဘမပိယ်တည် ကွယ်ရာလျှင်လေ မရစိယ်သတေ မျက်
မှော
၁၃ က်ကင်ကာလျှင်လေ နိုင်ထက်ယူယူ မရစိယ်သတေ။
**အရိယျမေတ္တာည်**ပုရှာလေါင် စုတိယ်ခရှယ်။ လူ္လဖွစ်လတ်
၁၄ သောခါလေ ဘလေလူ္လဖွစ်ပါရှယ်။ ပုရှာ္လဖွစ်ပြီ ခမ္မ
စက္ကြာတြျာဉိ ပုရှာသ္ခိင် ဟဝ်တဝ်မူသရှဝ်ခါလျှင်။ ရှမ္မ

၁၅ ကဲ ၁၅၀၀အန်ရုယ် အထွတ်လွှတ်သော **ရဟန်တာ**
ဖ္လစ်ချင်သောကြောဝ္ဍ်။ ။ ဤယ်သစ်မတီမည်သော မ္လိယ်အ
၁၆ ရပ်နိုက်။ ဥတ်နှင့်ပ္လုသော တန်တိုင်အရမ်တွင်။ ကလသာ
ကွန်အိုဝ်နှင် **တူလကည်**သော။ စင်ကြံထက်နိုက် တ
၁၇ င်တယ်စွာသော ကူလေတည်လတ်ရုယ်။ ကူဓာပနာသရှုဝ်
ခာနိုက်။ **သရီရတ်ထတ်**တဝ်လေ ထည်၏။ ရှုယ်
၁၈ ပုရှာ ငုယ်ပုရှာ။ ရှုယ်ဥတ်။ ငုယ်ဥတ်။ ရှုယ်စမခန်။
ငုယ်စမခန်။ ရှုယ်ပေါက်ပေါက်။ ငုယ်ပေါက်ပေါက်
၁၉ ။ကိုဝ်ဆင်သော။ နာတောင် ခတ်ကြိုဝ်။ လက်စွပ်ထည်
တဝ်မူသော။ ငုယ်လင်ပန်။ ငုယ်စလေါင်။ ငုယ်သန်
၂၀ တိယ်။ အခံအရာကုန်သြင် ရတနာတိထည်ရုယ် ဓာပနာ
၏။ ကြိယ်နီအပိသာ ၁၀၀**ခွစ်**ရုယ်။ ရှုယ်၅၀ ပြတာ၂၀၀
၂၁ လူရုယ် ပ္လုသော လှစွာသော ရှုယ်ထွတ်လေ တင်ရ၏။
ပိဋ္ဋကတ်၃ပုံ **တြျာအပုံ**လေ ပ္လုရ၏။ ။ သာရကပ်။
မဏ္ဍာ
၂၂ ကပ်။ ဝရကပ်။ သာရမဏ္ဍာကပ်။ ဘဒ္ဒကပ်။ ဤယ်ကမ္ဘာ
၅ပါသောထက်ဖ္လစ်သော ပုရှာဆင်ပုတဝ်ခပင် တခုမ
၂၃ ကြွင်။ **ကက္ကုသန်။ ဂေါနာဂိုမ်။** ကဿပ။ ဂေါတမ။
**မိတြျာ** ဤပုရှာ ၅ယောက် ဆင်ပုတဝ်လေ ပ္လုရ၏။”

[နမော သဗ္ဗဗုဒ္ဓါနံ။ သက္ကရာဇ် ၆၂၇ ခု ဇေယျသံဝစ္ဆရ
နှစ်၊ ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့အား အသရေရှိသော၊
ဘုရား တရား သံဃာ ရတနာသုံးပါးသော၌ ရှိသေ
မြတ်စွာသော၊ **စိုးသား မင်းသား** အမတ်ရာ ဖိုလ်ပါ၊
ဆင်ဖြူ စသော ရတနာခုနစ်ပါးသခင်ဖြစ်သော၊ **ကျွန်း
လေးကျွန်းထွန်းသောနေကဲ့သို့ အရှိန်စော် အရောင်
အဝါ တောက်ပစွာသော**၊ အသရေရှိသော ဩိတြိ
ဘုဝနာ ဒိတျပဝရဓမ္မရာဇာမည်သော တရားမင်း အရီးစော
မိဖွားသည် ဘုရားသခင်သာသနာ၌ သဒ္ဓါယုံကြည်စွာ၍

ပြုသော ကောင်းမှုအကျိုးကို အသခင်မင်းကြီး စသော စိုးသား မင်းသား၊ အမတ်ရာ ဗိုလ်ပါမကြွင်း၊ အမိဖုရား စသော **စိုးသမီး မင်းသမီး** မောင်းမတော်မကြွင်း၊ အောက်ကား အဝီစိ၊ အထက်ကား ဘဝဂ်၊ ဗီလာကား အနန္တစကြဝဠာ၌နေသော လူ နတ် သတ္တဝါ တိရစ္ဆာန် မကြွင်းခပင်း သံသရာဆင်းရဲမှ ထွက်မြောက်ခ၍ **ဆင်းရဲမဲ့သော နေရပန်သို့ရောက်စေလိုသောငှာ ငါလည်း ဤမိန်းမအဖြစ်မှလွတ်ခ၍ လူ့ရွာနတ်ရွာ ကျင်လည်သောခါ သီတင်း၊ ပညာ၊ သဒ္ဓာ၊ သဒ္ဓါ ပြည့်စုံစွာသော ယောကျ်ားဖြစ်၍ တုသိတာပူရမည်သော နတ်ပြည်၌ အရိမေတ္တေယျဘုရားလောင်းထံ ဖြစ်လေ၍ စုလည်းတော် ဥပ္ပါဒနာသော စူဠာမဏိစေတီထံ၌ သီတင်းသည်မွှန် ဖြစ်လေချင်၏။ ဥစ္စာရှိရှိ မပေးလိုသော ဝန်တိုနှလုံးလည်း ငါမဖြစ်လို။ သူတစ်ပါးဥစ္စာများစွာမြင်လည်း ငါမလိုချင်။ ထင်ရှားကက်ာသိထားသော အကြင်ငါ့ဥစ္စာ ခပ်သိမ်းသောကိုကား ငါမပေးတည့် ကွယ်ရာလျှင်လည်း မရစေသတည်း။** မျက်မှောက်ကက်ာလျှင်လည်း နိုင်ထက်ယူယူ မရစေသတည်း။ အရိမေတ္တယျဘုရားလောင်း စုတေခ၍ လူဖြစ်လတ်သောခါလည်း ငါလည်း လူဖြစ်ပါ၍ ဘုရားဖြစ်ပြီး **ဓမ္မစကြာတရားဦး** ဘုရားသခင် ဟောတော်မူသရောခါလျှင် **ရဟန္တာ ၁၅၀၀အနန်၍** အထွတ်မြတ်သော ရဟန္တာဖြစ်ချင်သောကြောင့် ဤသမထီးမည်သော မြေအရပ်၌ အုတ်နှင့်ပြုသော တံတိုင်းအရံတွင်း **ကလသာကွန်းအိုးနှင့် တူလကျင်သောစကြာ်ထက်**၌ တင့်တယ်စွာသော ဂူလည်းတည်လတ်၍ ဂူဥ္ပါဒနာသရောခါ၌ သရီရဓာတ်တော်လည်း ထည့်၏။ ရွှေဘုရား ငွေဘုရား၊ ရွှေအုတ် ငွေအုတ်၊ ရွှေစမ္ဗခဏ် ငွေစမ္ဗခဏ်၊ ရွှေ

ပေါက်ပေါက် ငွေပေါက်ပေါက်၊ **ကိုယ်ဆင်သော နားတောင်း၊ ခတ်ကြိုး၊ လက်စွပ်**ထည့်တော်မူသော ငွေလင်ပန်း၊ **ငွေစလောင်း၊ ငွေသန္တေး၊ အခံအရာ ကုန်အောင် ရတနာတိထည့်၍ ဌာပနာ၏။ ကြေးနီ အပိသာ ၁၀၀ခုတ်၍ ရွှေ၅၀၊ ပြဒါး ၂၀၀လူး၍ ပြုသော လှစွာသော ရွှေထွတ်လည်း တင်ရ၏။ ပိဋကတ် ၃ပုံ တရားအပုံလည်း ပြုရ၏။ သာရကပ်၊ မဏ္ဍကပ်၊ ဝရကပ်၊ သာရမဏ္ဍကပ်၊ ဘဒ္ဒကပ်၊ ဤကမ္ဘာ ၅ပါးသောထက်ဖြစ်သော ဘုရားဆင်းပု တော်ခပင်း တစ်ခုမကြွင်း ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ မေတ္တေယျ ဤဘုရား ၅ ယောက် ဆင်းပုတော်လည်း ပြုရ၏။]**

၁၂၊၁၆၇။ **အရီးစောမိဖွား [သက္ကရာဇ် ၆၃၇]**
**ကုသသမုတိဘုရားကျောက်စာ (ကျောဘက်)**

၁၂၊၁၆၇၊၁။

၁၂ "ဤယ်ဇာ ပုရှာ တြျာ သဃ်ာ ရတနာသုံပါသောကိုဝ် လှျုသော။ ကျွန်။ လယ်။ ဥယန်။ ခပ်သိမ်သောကိုဝ် နောင်အခါန္ဒိုက်။ လုယက်ဖျက်ဆီ

၁၃ ရစ်သောသူတိုဝ်ကာ။ ပုရှာသ္ခိင်ကိုဝ်လ္ဂစ်သော ဒေဝတတ် သည်။ ကိုဝ်ကြိခြင် အရျက်၁၀၀သွာလျှင်ဖ္လစ်ရယ်။ သံ တန်တိုင်လိယ်မျက်နှာ **သံ**

၁၄ **ဥဖုမ်**ခွက်လ္ခပ်ထလျက်သော။ အယူဇနာ၁၀၀ဟိယ်သော။ အဝီစီငြယ်အထယ်န္ဒိုက်။ အရှိယ်သိုဝ် မျက်နှာမုလျက်။ အရှိယ်သံတန်

၁၅ တိုင်မှ။ ထန်ပင်စည်ရှိလေါက်သော သံတံကွ္လင်သည်။ ရင်လျှင်ဝင်၂ နောက်ဖီ္လခွင်ရယ်။ အနောက်သံတန်တိုင် လျှင် ကန်၏။

၁၆ တောင်မှသံတံက္လွင်လေ။ **လကျာ**နံတောင်ဝင်၂ **လက်
ဝယ်**လ္ခွင်ရုယ် **မ္လစ်ဩက်**သံတန်တိုင်ကန်ဧ။ အထက်မှသော
သံတံက္လွင်လေ
၁၇ **မိပ်**လျှင်ဝင်၂ ဖင်ဝ္လခွင်ရုယ် ဩက်သံမ္လိယ်လျှင် ကန်လျက်။
ကမ္ဘာတိုင်ခံသကဲသိုဝ်။ ထိုဝ်ကဲသိုဝ် အဝီစီငြယ် အထယ်
နှိုက် ခံ
၁၈ စိယ်သတော။ ထိုဝ်ငြယ်မှ လွတ်တုံသောလေ။ ငြယ်ကြီ
ဧထပ်နှိုက် ခံစိယ်သတော။ ထိုဝ်ငြယ်မှ လွတ်တုံသော
လေ။ ငြယ်ငဲ ၁၆
၁၉ ထပ်နှိုက် ခံစိယ်သတော။ ထိုဝ်မှလွတ်တုံသောလေ
အသယှ**သဒ္ဒိယ်**အလှုုခံသော သူဖုန်စာကိုဝ် မရှုလိုဝ်ရုယ်
မျက်နှာတလ္ဖွင်တပါ မူကျ
၂၀ င်မှာသော ထိုဝ်**ယောက္ကျ**မျက်နှာ တလ္ဖွင်တပါ မလှစ္ဖွာ
ကြောက်**ဖွယ်နုန်**သော ဘိလူပြိတ္တာလ္ဖစ်သကဲသိုဝ်။ ဘိလူ
ပြိတ္တာလ္ဖစ်စိယ်
၂၁ သတော။ လူလျှင်လ္ဖစ်လေ ဖုရှာအလ္ဖစ်လ္ဖစ် မဖုစိယ်သတော။
ဤယ်လူအလ္ဖစ်နှိုက်လေ။ **မင်သုံဖမိုတ်**ကဲသိုဝ်။ ချတ်ကြွစွာ
၂၂ သော မျာသာနှင် တလ္ဖွင်တပါကွိယ်ကင်ကြသလေ လ္ဖစ်စိယ်
သတော။ မင်ဖုယ်။ ခိုဝ်သောဖုယ်။ ရိယ်ဖုယ်။ မိဖုယ်တိုဝ်ေ
၂၃ လေ သင်စိယ်သတော။ ဤလူအလ္ဖစ်တင်တင် ၇ရျက်စိယ်
ရမ် အကိန်ထိုဝ်လျှင် သင်စိယ်သတော။ ထိုဝ်မှလွတ်ငြာ
သောလေ။ ၇
၂၄ လစိယ်ရမ် အကိန်ထိုဝ်လျှင် ရောက်စိယ်သတော။ ထိုဝ်မှ
ချွတ်ချွတ်လွတ်တုံသောလေ၊ ၇နှစ်ကာ အလ္ဖစ်ခမ္ဘတာ
မလွတ်ရျာဟု
၂၅ မိန်သောထက်ရုံ **ကြံမာ**စုံရုယ် အကိန်ထိုဝ်လျှင် ရောက်
စိယ်သတော။ ။”

ဤ ငါ ဘုရား တရား သံဃာ ရတနာသုံးပါးသောကို လှူသော ကျွန် လယ် ဥယျာဉ် ခပ်သိမ်းသောကို နောင်အခါ၌ လုယက်ဖျက်ဆီးရစ်သောသူတို့ကား ဘုရားသခင်ကိုပြစ်သောဒေဝဒတ်သည် **ကိုယ်ကြီးခြင်း အရက် ၁၀၀**သွားလျှင်ဖြစ်၍ သံတံတိုင်းလေးမျက်နှာ **သံဦးဖုံး ခွက်ချပ်ထလျက်သော အယူဇနာ ၁၀၀ရှိသော** အဝီစိငရဲအထဲ၌ အရှေ့သို့**မျက်နှာမူ**လျက် အရှေ့သံတံတိုင်းမှ **ထန်းပင်စည်ရှိ**လောက်သော သံတံကျင်သည် **ရင်လျှင် ဝင်ဝင် နောက်ဖီချင်း၍** အနောက်သံတံတိုင်းလျှင် **ကန်**၏။ တောင်မှသံတံကျင်လည်း **လက်ယာနံတောင်း ဝင်ဝင် လက်ဝဲချင်း**၍ မြောက်သံတံတိုင်းကန်၏။ **အထက်မှသော သံတံကျင်လည်း ထိပ်လျှင်ဝင်ဝင် ဖင်ဝချင်း၍ အောက်သံမြေလျှင်ကန်လျက် ကမ္ဘာတိုင် ခံသကဲ့သို့** ထိုကဲ့သို့ အဝီစိငရဲအထဲ၌ ခံစေသတည်း။ ထိုငရဲမှ လွတ်တုံသောလည်း ငရဲကြီးရှထပ်၌ ခံစေသတည်း။ ထိုငရဲမှလွတ်တုံသောလည်း ငရဲငယ် ၁၆ထပ်၌ ခံစေသတည်း။ ထိုမှလွတ်တုံသောလည်း **အသယှ သေဋ္ဌေး** အလှူခံသော **သူဖုန်းစား**ကို မရှုလို၍ **မျက်နှာ တဖျင့်တပါး မူကျင့်မှားသော** ထိုယောက်ျား မျက်နှာ တဖျင့်တပါး မလှစွာ **ကြောက်ဘနန်း**သော **ဘီလူး ပြိတ္တာ**ဖြစ်သကဲ့သို့ ဘီလူးပြိတ္တာ ဖြစ်စေသတည်း။ လူလျှင်ဖြစ်လည်း ဘုရားအဖြစ်ဖြစ် မဖူးစေသတည်း။ ဤလူအဖြစ်၌လည်း **မင်းသုမ္ဘမိတ္တ**ကဲ့သို့ ချစ်ကြစွာသော မယားသားနှင့် တဖျင့်တပါး ကွေကင်းကြသည်လည်း ဖြစ်စေသတည်း။ **မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ မီးဘေး**တို့လည်း သင့်စေသတည်း။ ဤ**လူအဖြစ် တင်တင်** ၇ရက်စေ့ရုံ အကျိန်ထိုလျှင် သင့်စေသတည်း။ ထိုမှ လွတ်ငြားသောလည်း ၇လစေ့ရုံ အကျိန်ထိုလျှင် ရောက်စေသတည်း။ **ထိုမှချွတ်ချွတ်** လွတ်တုံသောလည်း

၇နှစ်ကား အဖြစ်ခမ္ဘတာ မလွတ်ရာဟု **မိန့်သောထက်ရုံ ကြမ္မာစုံ**၍ အကျိန်ထိုလျှင် ရောက်စေသတည်း။]

၁၂၂၁၀၆၇၂၂။

၂၅ “နောင် မိုဝ်နှောင်သံထင်ခာ။ အဆင်အခြင် သိကြာ
ပြညာ

၂၆ သဒ္ဓါယုံကြည် နှစ်လုံတည်သော။ မင်မ္ဘတ်တိုဝ်ကျင်
လည္ဗောင်။ အမတျာကစသော သူတိုဝ်ကျင်လည္ဗောင်။
ဤယ်ဇာ

၂၇ လှျုသောအလှျုကိုဝ် အရိယ်အရံယူရစ်အံ။ စောင်မချင်
ရစ်အံ။ ထောက်ပင်ရစ်အံ။ ထိုဝ်သိုဝ်သော သူတဝ်မ္ဘတ်
တိုဝ်ကာ ဇာနှင်အက္လိုဝ်

၂၈ ထပ်တူ ရစပါစိယ်သတော။ အသက်လေ ရှည်စိယ်သတော။
စည်စိမ်ချံသာလေ တည်စိယ်သတော။ ဖိုယ်ခပ်သိမ်လေ
ပျော

၂၉ က်စိယ်။ ချံသာလေ မျက်မှောက်တင်၂ရောက်စိယ်။
ပုရှာသ္ခိုင် နိယ်ရဗန်မမူမိ။ **သကြာမင်**ကိုဝ်ခဝ်ရှယ်။ **သိန်နိုဝ်
က္လွန်**နို

၃၀ က်။ **သိရိခမ္ဘသုက်**မင်ကြီသာ။ **မဟိန်တတ္တွေရ** သာသနာ
တည်ရစ်အံ။ နှင်စောင်မချင်ရစ်**မင်**ဟု နှင်ခရကာ။ သကြာ
မင် စော

၃၁ င်မချင်ရစ်ရှယ် အသက်ရှည်စွာလ္ဗစ်သကဲသိုဝ်။ အသက်
ရှည်စွာလ္ဗစ်စိယ်၏။ နိယ်ရဗန်ဆုလေ ရစိယ်ကုန်ဧအ်။
ဝ ။”

[နောင် မိုးနှောင်းသံထင်ခါ အဆင်အခြင် သိကြား ပညာ **သဒ္ဓါယုံကြည် နှလုံးတည်သော** မင်းမြတ်တို့ကျင် လည်းကောင်း၊ အမတ်ရာက စသော သူတို့ကျင် လည်းကောင်း ဤငါလှူသောအလှူကို **အရေးအရံ ယူရစ်အံ့၊ စောင်မချင်ရစ်အံ့၊ ထောက်ပင့်ရစ်အံ့၊**

ထိုသို့သော သူတော်မြတ်တို့ကား ငါနှင့်အကျိုးထပ်တူ ရစေပါစေသတည်း။ အသက်လည်း ရှည်စေသတည်း။ စည်းစိမ်ချမ်းသာလည်း တည်စေသတည်း။ ဘေးခပ်သိမ်းလည်း ပျောက်စေ။ ချမ်းသာလည်း **မျက်မှောက်တင်တင်** ရောက်စေ။ ဘုရားသခင် **နေရပန်မမူမီ** သိကြားမင်းကိုခေါ်၍ "**သိန်းခိုက္ခုန်း၌ သီရိဓမ္မာသောကမင်းကြီးသား မဟိန္ဒထေရ်** သာသနာတည်ရစ်အံ့။ **နင်စောင်မချင်ရစ်မင်း**"ဟု နှင်းခရကား သိကြားမင်း **စောင်မချင်ရစ်**၍ အသက်ရှည်စွာဖြစ်သကဲ့သို့ အသက်ရှည်စွာဖြစ်စေ၏။ နေရပန်ဆုလည်း ရစေကုန်၏။]

၁၂၊၁၀၆၈။ **ဖုန်းသည်ဖေယျသိန်မယား [သက္ကရာဇ် ၆၃၈] ဖေယသွတ်ဘုရားတွင်းရှိကျောင်းကျောက်စာ (ကျောက်)**

၃ …"ဤမှုသော

၄ လဲ ဥယန် ကျွန်တိုဝ်ကာ ငကိုဝ်အသက်မယ်လျှင် ဤဌထုခ

၅ သောကျွောက်စါတိုင် ဌလျှုခသတေ။ (ဤဥ)ယန်ကာ ငကိုဝ်စါ

၆ ရျပ်တိုင်ဖုရှာကိုဝ်လျှင် ကွည်ရစ်စိယ်သတေ ဌစီသော **သ**

၇ **န်ချင်**ဆင်စွယ်ဖူ အရိုဝ်အရွက်ခပင်(စုံကာ) ကွောင်ပရိ

၈ က္ခရါလျှင် မူစိယ်သတေ"

[ဤမှုသောလယ်၊ ဥယျာဉ်၊ ကျွန်တို့ကား ငါကိုယ်အသက်မဲ့လျှင် ဤငါထုခသောကျောက်စာတိုင်း ငါလှူခသတည်း။ ဤဥယျာဉ်ကား ငါ့ကိုယ်စား **ရုပ်တိုင်းဘုရား**ကိုလျှင် ကျွေးရစ်စေသတည်း။ ငါစီးသော **သန်လျင်းဆင်စွယ်ဖူး အရိုးအရွက်ခပင်းစုံကား ကျောင်းပရိက္ခရာလျှင် မူစေသတည်း။**]

၁၊၂၊၁၆၉။ **မင်းသမီးအစောပဒေသော [သက္ကရာဇ် ၆၃၈]**
**မင်းသမီးအစောပဒေသောကျောက်စာ**

၁၊၂၊၁၆၉၊၁။

၁၂ "**ဤယ်မျှ**လောက်သောဥစ္စာကိုဝ်ကာ ဇ
၁၃ မချစ်ရှယ် လှူသကာမဟုတ်။ ဤယ်ဥစ္စာကိုဝ် ချစ်သော ထက္ကာ ပုရှာအဖွစ်ကိုဝ် ချ
၁၄ စ်မွတ်စွာရကာ ဇလှူသတေ။"

**[ဤယင်းမျှလောက်သောဥစ္စာကိုကား ငါမချစ်၍ လှူသည်ကားမဟုတ်၊ ဤဥစ္စာကို ချစ်သောထက်ကား ဘုရားအဖြစ်ကို ချစ်မြတ်စွာရကား ငါလှူသတည်း။]**

၁၊၂၊၁၆၉၊၂။

၁၆ "ဤယ်ဇလှူသောကောင်မှုကိုဝ် စောင်မမူသောသူကာ ပု
၁၇ ရှာနှုတ်တဝ်ဖွင် မ**ဟာဝ်**နိုင်သောကျှောင်အကျိုဝ် ဇနှင်ထပ်တူ ရစိယ်သတေ။"

[ဤငါလှူသောကောင်းမှုကို **စောင်မမူ**သောသူကား **ဘုရားနှုတ်တော်ဖြင့် မဟောနိုင်သော ကျောင်းအကျိုး** ငါနှင့်ထပ်တူ ရစေသတည်း။]

၁၊၂၊၁၇၀။ **မင်းအိမ်ကြီး [သက္ကရာဇ် ၆၄၆]**
**မင်းအိမ်ကြီးကျောက်စာ (မျက်နှာဘက်)**

၁ "သကရစ် ၆၄၆ခု ကြတိုက်နှစ် မွှယ်တာလလွှည် တဆိုဝ် သတ
၂ င် အင်္ဂါနိယ်လျှင် **မင်ဤမ်ကြီ**သည် ရတနာ၃ပါ အ ထောက်အပင့်ဖွ
၃ စ်စိမ်သောငှာ ကျှောင်နှိုက်လှူသော ကျှောင်လေါင်လယ် ၁၀၀ ရှာ။

၄ လက်ဝယ် ၃၀ဆဲ ကျွန်ထက်အပ်။ မိုဝ်ကြိုဝ်လယ်၃၀ဆဲ ကျွန်ထက်အပ်။ (ဆု)န်ကြည်ရျာ
၅ ၅ခင်။ ထန် ၅၀၀ရျာ ကျွန်ထက်အပ်။ ဤဘွေပ္လုသ ကောင်မှုအကွိုဝ်ဖွင် **ယောကျာ**
၆ ဖွစ်ရယ်။ ၃လူ**ဆြိုာ** ဖုရှာသွိင်သာသနာကိုဝ် ခိပင်လျက် လျှင် လိုဝ်သဆုကိုဝ် ရ
၇ ချွင်သတေ။”

[သက္ကရာဇ် ၆၄၆ ခု ကြတ္တိကာနှစ်၊ **နှယ်တာလပြည့် ဝါဆိုသီတင်း** အင်္ဂါနေ့လျှင် မင်းအိမ်ကြီးသည် **ရတနာ ၃ပါး** အထောက်အပင့်ဖြစ်စိမ့်သောဌာ ကျောင်း၌လှူသော ကျောင်းလောင်**လယ် ၁၀၀ရာ**၊ လက်ဝဲ **၃၀ဆယ်** ကျွန်**ထက်အပ်**၊ **မိုးကြိုလယ် ၃၀ဆယ်** ကျွန်ထက်အပ်၊ ဆုန်ကြည်ယာ ၅**ခင်း**၊ **ထန်း ၅၀၀ရာ** ကျွန်ထက်အပ်၊ ဤငါပြုသော ကောင်းမှုအကျိုးဖြင့် ယောကျ်ားဖြစ်၍ **၃လူ့ဆရာ** ဘုရားသခင်သာသနာကို ချီးပင့်လျက်လျှင် လိုသောဆုကို ရချင်သတည်း။]

၁၂၁၇၁။ **ရှင်ဒီသာပါမောက်  [၆၄၇]**

**ရှင်ဒီသာပါမောက်ကျောက်စာ (မျက်နှာဘက်)**

၁၂၁၇၁၁။

၁ ...“သကရစ် ၆၄၇ ခု မြိက်
၂ (သို)ဝ်နှစ်။ ပြည်အနောက်ဖက် လှည်ကွုန့်က် မင်ကြီနိယ် တဝ်မူ၏။ အနန္တပိစည် မ
၃ (ဟာ)ပိုဝ်ကိုဝ် နင်တိုဝ် **တရုက်**၏အလါအလာကိုဝ် သိဩင်မူလိယ်ဟု စိယ်တ်မူ၏ အနန္တ
၄ (ပိ)စည် မဟာပိုဝ်ဆိုဝ်၏။ ဤအမှုကာကြီစွာ။ တုမ်တပဲ လေ လွှတ်ရသည်မဟိ။ သုဝ
၅ (ဏ္ဏ)လိပ်ပ္လုအံသည်သူလေမဟိ။ ။ **သျှင်ဒီသာပြါမုက်** တေပါမူကာ အမှုဆောင်နိုင်အံ၊

၆ (။) ဤသိုဝ်ဟုပန်ရကာ။ ဇာကိုဝ်ခဝ်ရှယ် မင်ကြီ ဤ အမှုနှင်၏။"

[သက္ကရာဇ် ၆၄၇ ခု မိဂသီနှစ်၊ ပြည်အနောက်ဘက် လှည်းကျ၍ မင်းကြီးနေတော်မူ၏။ အနန္တပိစည် မဟာဗိုလ် ကို "**နင်တို့တရုတ်၏အလားအလာကို သိအောင်မူ လေ**"ဟု စေတော်မူ၏။ အနန္တပိစည် မဟာဗိုလ်ဆို၏။ "ဤအမှုကားကြီးစွ၊ **တုံတပဲ**လည်း လွတ်ရသည်မရှိ၊ **သုဝဏ္ဏလိပ်**ပြုအံ့သည့်သူလည်းမရှိ၊ ရှင်ဒိသာပါမောက် တည်းပါမူကား အမှုဆောင်နိုင်အံ့၊" ဤသို့ဟုပန်ရကား ငါ့ကိုခေါ်၍ မင်းကြီး ဤအမှုနှင်း၏။]

၁၂၁၇၁၂။

၁၀ "ပုကံမဟာရစ်(ကာ) မင်တိုဝ်ကာ တန်မန်ကိုဝ်မချုပ်ရှာ

၁၁ (.)ကိုဝ်လျှင် ဇာတိုဝ်**တန်မန်**မူလျှင်အံဟူရှယ်။ သုဝဏ္ဏ လိပ်ပ္လုရှယ် ဇာကိုဝ်လွတ်၏

၁၂ (တ)ရုက်ပြည်ရောက်လိယ်၏။ တရုက်မင်ကာ။ ပုကံသိုဝ် ပိုဝ်စိမ်ဟုရှယ်။ သုသုတ္တကိမင်သာ

၁၃ (သု)ရယ်၂၀၀၀။ ပုညခမ္မိကာ**မဟာထိ**။ ဗြိခမ္မိကာ သဃ်ာထိ။ အက္လောင်၇၀ကာ **သင်**

၁၄ **(ထွ)ယ်**ပြည်ရောက်သြင်လျှင်ခ္လရှယ် နိယ်စိယ်သတေ။ သန်ထန်လါ၏သည်နှင်အညီ နစ်စိ

၁၅ မ်ဟု တန်စိယ်သတေ။ ဇာရောက်လိယ်၏။ ထိုဝ်နိုက် တန်လင်သော**သျှင်**တိုဝ်သည် ဇာကို

၁၆ ဝ် လက်ဆောင်လက်နက်ဆက်ရှယ် ဤသိုဝ်ဆိုဝ်လင်၏။ ဇာသျှင်ကိုဝ်တေ မင်တောင်

၁၇ တစွ။ မင်လေ သဒ္ဓါစွ။ ပုကံသာသနာကိုဝ် ဇာတိုဝ် မပ္လုရကြောင် ဆိုဝ်**ဖိ**လတ်သိယ်။ ဇာ

၁၈ လေ ဤပုကံနိယ်သောသူတိုဝ်၏။ နိယ်ရာကိုဝ်လွှန်ဖိရှယ်။ ယဆည်လျှင် ဇာဆိုဝ်လိယ်

၁၉ ၏။ တန်ဆောင်မှုန်ကာ တယ်တူတက်လိယ်၏။ ပ္လသိုဝ် ရောက်လိယ်၏။ တရက်မင်

၂၀ လေ နှစ်လိုဝ်စွာဟိရယ် အမိယ်အမြူစကာလျှင် ဆိုဝ်ကြ ၏။ ပြည်မှုကာမဆိုဝ်ရ။ အ

၂၁ ဆုံမှ(ကာ) **ပြည်တယ်**စကာကိုဝ် ဆိုဝ်ကြလတ်တေ။ ပဏ္ဍိတ် ဤဇာ**သုရယ်**၂၀၀၀၀နှင် မ

၂၂ ဟာထီ သင်္ဃာထီသျင်နှင် သာသနာ့ပ္လုလိယ်ဟုနှင်၏။ ဇာဆိုဝ်လိုက်၏။ မဟာရစ် ဤ

၂၃ သုရယ်အလုံ။ သင်္ဃာအလုမ် စပါဟိမှတေ တည်ကြည် အံ။ စပါကာ ပြည်စည်စိမ်**အမြွစ်**

၂၄ မလေါ။ ဤသုရယ်တိုဝ်သည် ထန်ကိုဝ်တေ**စည်**ရယ် စာပြီကာ **ဝံနာရယ်**မူ သိယ်ကုန်မလေါ

၂၅ ကြွင်သောသင်္ဃာတိုဝ်လေ ပြည်တွင်မဝင်ဝံ့။ တဝ်သိုဝ့်လ္ဗိယ် ရယ် သိယ်ကုန်ခံသောတကာ။

၂၆ မင်ကြီ ပြီပိသောအမှုမလေါ။ ဥယန်စိုက်သောယောက်ျာ ကာ။ ရိယ်သွန်ရယ် သစ်ပင်ကိုဝ်

၂၇ ကြီစိယ်၏။ အညွှန်မဆိတ်တကာ။ သစ်ပင်သီပြီသော တေ အသီစာ၏။ **တံပြတိက်**ပြ

၂၈ ည်ကိုဝ်လေ ရိယ်သွန်ဦလတ်သိယ် ဇယ်မူလေ သာသနာ မ္လတ်စွာ၊ မင်ကြီကာ ဖုရှာဆုတောင်

၂၉ သောသူမလေါ။ အဖ**ကောတမ**သာသနာကိုဝ် အပျက် စိယ်လတ်သိယ်။ မင်ကြီနိုင်သောပြည်

၃၀ ကာ မျာလေမျာစွ ကြီလေကြီစွ။ **တံပြတိတ်**ပြည်ကာ အဇာယ်တွယ်။ သာသနာဟိသောကြော

၃၁ င်ရကာ။ ဖုရှာလေါင်တိုဝ်ကာ ပြည့်မ္လတ်၏။ သုရယ် အဝင်စိယ်လတ်သိယ်။ ဇာကာ **ကောက်ပဲ**

၃၂ စိုက်လိယ်ဦအံ **ကောက်ပယ်**ပြီပီသောကာဝင်။ ဤသိုဝ် ဆိုဝ်ပိယ်သောတေ။ တရက်မင်ဆိုဝ်

၃၃ ၏။ ဤစကာတွင် ဘဖိုဝ်လေပါ၏။ ပဏ္ဍိတ်လါရုယ်
ပ္လိယ်ပ္လိယ်သသျင်တိုဝ်ကိုဝ်ခဝ်လိယ်
၃၄ ကောက်ပယ်လေစိုက်လိယ်။ ပြိပီသောဘကိုဝ် လ္ဝတ်လတ်
တုံ။ ဤသိုဝ်ဟူရုယ် ဘလါရသ‌ေ
၃၅ တော။ အမ္ဟုလေ လျာရလျှင်သတော။”

[ပုဂံမဟာရာဇ်ကား “**မင်းတို့ကား တမန်ကိုမချုပ်ရာ**။ (.)ကိုလျှင် ငါတို့**တမန်မူလျှင်းအံ့**”ဟူ၍ သုဝဏ္ဏလိပ်ပြု၍ ငါ့ကိုလွှတ်၏။ တရုတ်ပြည်ရောက်လေ၏။ တရုတ်မင်းကား ပုဂံသို့**ပို့စိမ့်**ဟူ၍ သုသုတ္တကိမင်းသား သူရဲ ၂၀၀၀၀၊ ပုညဓမ္မိကာမဟာထေရ်၊ ဇြီဓမ္မိကာသံဃာထေရ်၊ အကျောင်း ၇၀ကား **သင်းတွဲပြည်**ရောက်အောင်လျှင် ချ၍နေစေသတည်း။ **သန်ထန်လာ၏သည့်နှင့်အညီ နစ်စိမ့်ဟု တန့်စေသတည်း**။ ငါရောက်လေ၏။ ထို၌ တန့်လင့်သောရှင်တို့သည် ငါ့ကို **လက်ဆောင်လက်နက်**ဆက်၍ ဤသို့ဆိုလင့်၏။ “**ငါ့ရှင်**ကိုတည်း မင်း**တောင့်တ**စွ၊ မင်းလည်းသဒ္ဒါစွ၊ ပုဂံသာသနာကို ငါတို့မပြုရကြောင်း ဆိုဘိလတ်သေး။” ငါလည်း ဤပုဂံနေသောသူတို့၏နေရာကိုလွန်ဘိ၍ **ယဆည်**လျှင် **ဝါဆို**လေ၏။ **တန်ဆောင်မုန်းကား တယ်တူတက်လေ၏။ ပြာသိုရောက်လေ၏။** တရုတ်မင်းလည်း နှစ်လို့စွာရှိ၍ **အမေးအမြူ**စကားလျှင် ဆိုကြ၏။ **ပြည်မှူ**ကား မဆိုရ။ အဆုံးမှာကား **ပြည်တဲစကား**ကို ဆိုကြလတ်တည်း။ “**ပဏ္ဍိတ်**၊ ဤငါသူရဲ ၂၀၀၀၀နှင့် မဟာထေရ်၊ သံဃာထေရ်ရှင်နှင့်သာသနာပြုလေ”ဟု နှင်း၏။ ငါဆိုလိုက်၏။ “**မဟာရာဇ်**၊ **ဤသူရဲအလုံး**၊ **သံဃာအလုံး စပါးရှိမှတည်း တည်ကြည်အံ့**။ **စပါးကား ပြည်စည်းစိမ်အမြစ်မလော**။ ဤသူရဲတို့သည် ထန်းကိုတည်း**စဉ်း**၍ စားပြီးကာ **ဝမ်းနာ**၍မူ သေကုန်မလော။ **ကြွင်း**သော

သံဃာတို့လည်း **ပြည်တွင်း**မဝင်ဝံ့။ **တောသို့**ပြေး၍ သေကုန်ခဲ့သောတကား။ မင်းကြီး ပြီးပြီသောအမှုမလော။ **ဥယျာဉ်စိုက်သောယောက်ျားကား ရေသွန်း၍ သစ်ပင်ကိုကြီးစေ၏။ အညွန့်မဆိတ်တကား။ သစ်ပင်သီးပြီးသောတည်း အသီးစား၏။ တမ္ဗဒိပ်**ပြည်ကိုလည်း ရေသွန်းဦးလတ်သေး။ **ငယ်မူလည်း သာသနာမြတ်စွာ**။ မင်းကြီးကား ဘုရားဆုတောင်းသောသူမလော။ **အဖဂေါတမသာသနာကို အပျက်စေလတ်သေး**။ မင်းကြီး နိုင်သောပြည်ကား များလည်းများစွ၊ ကြီးလည်းကြီးစွ။ တမ္ဗဒိပ်ပြည်ကား အငယ်**တွယ်**။ သာသနာရှိသောကြောင့် ရကား ဘုရားလောင်းတို့ကား ပြည်မြတ်၏။ သူရဲအဝင်စေလတ်သေး။ ငါကား **ကောက်ပဲ**စိုက်လေဦးအံ့။ ကောက်ပဲပြီးပြီသောကားဝင်။" ဤသို့ဆိုပေသတည်း။ တရုတ်မင်းဆို၏။ "ဤစကားတွင် ငါ့ဖို့လည်းပါ၏။ ပဏ္ဍိတ်**လား**၍ ပြေးပြေးသောရှင်တို့ကို ခေါ်လေ။ ကောက်ပဲလည်းစိုက်လေ။ ပြီးပြီးသောငါ့ကို **လွှတ်လတ်တုံ**။" ဤသို့ဟူ၍ ငါလားရသတည်း။ **အမှုလည်း လျားရလျှင်းသတည်း**။]

၁၂၁၇၁၃။

၃၅ "ဤသိုဝ် ဇက္ကည်စူဟိရကာ ဇာကိုဝ်ပိယ်တဝ်မူသော။ တန်

၃၆ လင်္လှိယ်၄၀၀ ကြံတူ့လှိယ် သန်မုရျင့်ပျှိုဝ်ခင်စုံ ၄၀၀ အပေါင် မ္လိယ်၈၀၀ ကျွန်နှာအလုံ ရ

၃၇ တနာ၃ပါကိုဝ်ရည်ရှယ် ပန်ပွတ်ရပ်စေတီနှိုက် လှူ၏။ တန်ဆောင်ကြီကာပြီပီ။ စာသင်တို

၃၈ က်ကာမပြီသိယ်။ အမိဖုရှာလှူသောသစ်နှင် တစိုဝ်တစိသ**ဝတ်ထု**နှင် အဆုယ်အမျှိုဝ်တိုဝ်ပွဲ့ရစ်

၃၉ သတေ။"

[ဤသို့ **ငါ့ကျေးဇူးရှိ**ရကား ငါ့ကိုပေးတော်မူသော တန်လင်မြေ ၄၀၀၊ ကြံတူမြေ **သန်မှုရင်းပျိုးခင်းစုံ**၄၀၀ အပေါင်း မြေ ၈၀၀၊ ကျွန်နွားအလုံး ရတနာ၃ပါးကို ရည်၍ **ပန်းပွတ်ရပ်**စေတီ၌လှူ၏။ တန်ဆောင်းကြီး ကား**ပြီးပြီ**၊ စာသင်တိုက်ကား မပြီး**သေး**။ အမိဖုရား လှူသောသစ်နှင့် **တစိုးတစိ**သော**ဝတ္ထု**နှင့် အဆွေအမျိုးတို့ ပြုရစ်သတည်း။]

၁၂၊၁၇၂။ **ရာဇသူဖွားစော [သက္ကရာဇ် ၆၅၃] စောလှဝန်းဘုရားကျောက်စာ (မြောက်ဘက်၊ မျက်နှာဘက်)**

၁၂၊၁၇၂၊၁။

၂၂ “မိုဝ်နှောင်သံထင်အခာ အကြင်လိုဝ်သဆု မရောက်သိယ် သရှယ်ကာ အရွယ်မ

၂၃ ရောက်တယ် အနာ**ညှုန်ဆယ်**ခြင် သိယ်ခြင်**အန်တရဲ**ကာ အဖ္ဖစ်ရစိယ်ဟု ရတနာသုံပါနှိက် အမိမင်န

၂၄ င် အသက်အလှုုဟုရယ် ရိယ်သွန်ကြသော”

[မိုးနှောင်းသံထင်အခါ **အကြင်လိုသောဆု မရောက်သေး သရွေ့ကား အရွယ်မရောက်တဲ့ အနာညှဉ်းဆဲခြင်း၊ သေခြင်းအန္တရာယ်ကား အဖြစ်ရစေ**ဟု ရတနာသုံးပါး၌ အမိမင်းနှင့် အသက်အလှူဟူ၍ ရေသွန်းကြသော။]

၁၂၊၁၇၂၊၂။

၂၅ “ဤမ္ဓိယ်ကာ တငဲကလျှင် ထမင်ရည်လဲဟု အစဝ်ပိယ်တ် မှုသတေ၊”

[ဤမြေကား ငါငယ်ကလျှင် **ထမင်းရည်လယ်**ဟု အစာပေးတော်မူသတည်း။]

၁၂၊၁၇၂၊၃။

၂၇ “ဤမ္ဓိယ်ကာ ကြပိုဝ်မ္ဓိယ်တွင် ဣသမဟုတ်၊ ကြပိုဝ် မဖ္ဖစ်မီက

၂၈ ကျွန် ၃၀ မ္ဂိယ် ၃၀ကာ အမိဖုရှာ **မရကာန်သည့်**မ္ဂိယ်တော၊
ဤသိုဝ်ဟုရယ် အလော
၂၉ င်**နံတောင်မျာ**လက်ထက်ကာသ အမူလေ တြျာမဟိစိယ်
အစဝ်ကျွ
၃၀ န်စုတ်လေ တြျာမဟိစိယ်ဟု မိန်တ်မု၏၊"

[ဤမြေကား ကြပိုမြေတွင် ကျသောမဟုတ်၊ ကြပို မဖြစ်မီက ကျွန် ၃၀၊ မြေ ၃၀ကား **အမိဖုရားမြကန် သည့်** မြေတည်း။ ဤသို့ဟူ၍ အလောင်းနားတောင်းများ လက်ထက်ကသော အမူလည်း တရားမရှိစေ၊ အစော **ကျွန်စုတ်**လည်း တရားမရှိစေဟု မိန့်တော်မူ၏။]

၁၂၊၁၇၂၄။

၃၁ …"သကရစ် ၆၅၃ ခု နယုန်လ္ဆ
၃၂ န် ၁၁ရျက် ၅နိယ် အစဝ်ရစသူ စေတီတည်သော သ္ခိင်
ရစသူမိ နှလုံထိတ်လန်လတ်ရကာ၊ င၏မိဖ ဖိ
၃၃ ယ်ဖိုဝ်တိုဝ်လေ အမုယ်**ဥတ်စာ**တိုဝ်ကိုဝ် စွန်ခရယ် သွာခ
ကုန်၏၊ ချတ်စွာသော ငာသာလှလေ အမု
၃၄ ယ်**ဥစ္စာ**နှင်အကွ ငာမိရင်ကိုဝ်စွန်ခပြီကာ၊ ငာလေ သူ
မယူနိုင်ရယ်ထာခသော အမုယ်ဥစ္စာကိုဝ် ငာ
၃၅ လေ ထိုဝ်သိုဝ်လည်ကောင် မပါတတ်သအကြောင်ကိုဝ်
သိရကာ၊ ငာမိ ငာဖ ငာသာ အ္ခမျိုဝ်ခပ်သိ
၃၆ မ်ကိုဝ် နိယ်ရပန်၏ ပစ်စည်အထောက်အပင့်ဖြစ်စိမ်သော
ငှာ လှုတုံသော္ခမ္ဂိယ်"

[သက္ကရာဇ် ၆၅၃ ခု၊ နယုန်လဆန်း ၁၁ရက်၊ ၅နေ့ အစောရာဇသူ စေတီတည်သော သခင်ရာဇသူမိ **နှလုံး ထိတ်လန့်**လတ်ရကား **ငါ၏မိဘ ဘေးဘိုးတို့လည်း အမွေဥစ္စာတို့ကို စွန့်ခ၍သွားခကုန်၏။ ချစ်စွာသော ငါ့သားလှလည်း အမွေဥစ္စာနှင့်အကွ ငါမိရင်းကို စွန့်ခပြီးကား ငါလည်း သူမယူနိုင်၍ထားခသော**

**အမွေဥစ္စာကို ငါလည်း ထိုသို့လည်းကောင်း မပါ တတ်သောအကြောင်းကိုသိရကား** ငါ့မိ ငါ့ဖ ငါ့သား အမျိုးခပ်သိမ်းကို နေရပန်၏ ပစ္စည်းအထောက်အပင့် ဖြစ်စိမ့်သောငှာ လှူတုံသောမြေ။]

၁၊၂၊၁၇၃။ **ရာဇသူဖွားစော [သက္ကရာဇ် ၆၅၃] စောလှဝန်းဘုရားကျောက်စာ (မြောက်ဘက်၊ ကျောဘက်)**

၁၊၂၊၁၇၃၊၁။

၁၃ "**အတိကျွန်**ဖလေမဟိ အတိကျွန်မိလေမဟိ
၁၄ အတိကျွန်သာလေမဟိ၊ အတိကျွန်ဖကျွန် အတိကျွန် မိကျွန် အတိကျွန် ကျွန် ခပ်သိမ်သကျွန်ကာ၊ အတိကျွန်
၁၅ မိကွ္လောင် အတိကျွန်ဖကွ္လောင် အတိကျွန်သာစေတိ ဤသုံပါကိုဝ် အတိကျွန်လှူရကာ လှူတ်မှပါစိယ်လ္ခင်ဟု
၁၆ ဆိုဝ်သောတေ၊"

**["အတို့ကျွန်ဖလည်းမရှိ၊ အတို့ကျွန်မိလည်းမရှိ၊ အတို့ကျွန်သားလည်းမရှိ။ အတို့ကျွန်ဖ ကျွန်၊ အတို့ကျွန်မိ ကျွန်၊ အတို့ကျွန် ကျွန် ခပ်သိမ်းသောကျွန်ကား အတို့ကျွန်မိကျောင်း၊ အတို့ကျွန် ဖကျောင်း၊ အတို့ကျွန်သားစေတီ ဤသုံးပါးကို အတို့ကျွန်လှူရကား လှူတော်မူပါစေချင်" ဟု ဆိုသတည်း။**]

၁၊၂၊၁၇၃၊၂။

၁၆ "ဤလှူသကျွန်ကာ **စတ်**ရယ် မိန်ဖွဲဟိသောသု မိန်လိုက် စိယ်ဟု အသခ်ယာ **ရစသင်ကြံ**နှင် သိက်သု
၁၇ ကိုဝ် မိန်တ်မှ၏၊ **စစ်**သော ဤကျွန်ကိုဝ်ကာ မိန်ဖွဲမဟိဟု အမတ်သုံယောက် နာတ်လျှောက်ပိယ်ရကာ၊
၁၈ မိန်ဖွဲမဟိပြီကာ ဇာလေလှူပါ၏ဟု ရိယ်စင်တ်သွန်၏၊"

["ဤလှူသောကျွန်ကား **စစ်**၍ မိန့်ဖွယ်ရှိသောသူ မိန့်လိုက်စေ"ဟု **အသခ်ယာ၊ ရာဇသင်္ကြံနှင့် သိင်္ဃသူ**ကို မိန့်တော်မူ၏။ စစ်သော် "ဤကျွန်ကိုကား မိန့်ဖွယ်မရှိ" ဟု အမတ်သုံးယောက် **နားတော်လျှောက်**ပေရကား "မိန့်ဖွယ်မရှိပြီးကား ငါလည်းလှူပါ၏"ဟု ရေစင်တော်သွန်း၏။]

၁၊၂၊၁၇၃၊၃။

၂၀ "ဤသိုဝ်သ ဇလှူသအကွိုဝ်ကာ၊ ဇအ**ဖိုဝ်**ကွတ္စာမင်ကြီ ဇ**ဖွာ**စဝ်

၂၁ မင်လှ၊ ဇသ္ခိင်မင်ကြီ၊ ဇသ္ခိင်သာတြာမင်ကြီ၊ ဇမိဇဖ၊ ဇချတ်သာ၂ယောက်၊ ဇ**ဥရိသိင်္ကံ**

၂၂ **သူ** ဇ**မိထုယ်**သုံလုလ၊ ဇအစ်မရတနာပုံ၊ ဇမောင်သုံယောက် ဇငီမ ၂ယောက်၊ လွန်လိယ်သ

၂၃ အမျိုဝ်ခပ်သိမ်၊ ယခုသ အမျိုဝ်ခပ်သိမ်၊ ကွိယ်ကျွန်ခပ်သိမ်၊ ရှိယ်တ်နိယ်သော အမတ်ခပ်သိမ်

၂၄ မောင်မမိသင်ခပ်သိမ်၊ အထက်က ဖဝက်တိုင်သြာင်၊ သြက်ကာ အဝစိယ်တိုင်သြာင်၊ လိယ်

၂၅ မျက်နှာ အနန္တစက်ကြဝလာခပ်သိမ် ရပါစိယ်၏၊ ဇလေ ဤသိုဝ်သောကောင်မှုကိုဝ်မူရံသအ

၂၆ ဖိုဝ်ကြောင်၊ မိဖဆုယ်မျိုဝ်ခပင် လွန်ခရုယ် ဇတယောက် အထီ ကြွင်ရစ်ရကာ၊ သာသနာ ၅

၂၇ ဝဝဝ လျှင် တည်ရစ်စိမ်ဟု ဤဇလှူသော ကောင်မှုကိုဝ် အရိယ်အရံယုပါသော သုတ်တိုဝ်ကာ၊ ဇ

၂၈ ကောင်မှုအကွိုဝ်ဖွင်လျှင်၊ ညောင်ဦစသော၊ **သရိယ်ပစ္စရာရှုယ်** မွိယ်ပုံလုံမျှလျှင်ဖွစ်ထ

၂၉ သော ပုရှာတိုဝ်၏တင်တယ်ခြင်ကိုဝ်၊ ကြီစွာစွာသော စည်စိမ်ဖွင် ဖူမြင်စိယ်ကုန်သ

၃၀ တော၊ ဇကောင်မှုကိုဝ် ဖျက်ဆီသသုကာ၊ ထိုဝ်မျှလည် ကောင်သော ပုရှာတိုဝ်ကိုဝ် မဖူရမှ

၂၁ ရယ်၊ နိယတမိစ္ဆာ**တိတ္တိ**ခံခြင်လျှင် ခံစိယ်ကုန်သတေ
၊ ၊ ဇလေဤကောင်မှုအက္လိုဝ်လ္ဖ
၂၂ င်ကာ၊ ဤမှသိယ်ခလျှင် **စွဲတ်**ကိုဝ်လျှင် မကုယ်မကင်
ည နံနက်လျှင် ရှိခိုဝ်ရသော နတ်
၂၃ သာလ္ဖစ်လိုဝ်၏၊ ဇလိုဝ်သဆု မရောက်သောကြာကာ၊
ဖုရှာလောင်တကာ ဖ္လည်ရှာ
၂၄ သော **တဿ**ပါရမီကိုဝ် ဖ္လည်ရလိုဝ်သတေ။ ။"

[ဤသို့သော ငါလှူသောအကျိုးကား ငါ့အ**ဘိုး**ကျစွာမင်းကြီး၊ ငါ့**ဘွား**စောမင်းလှ၊ ငါ့**သခင်**မင်းကြီး၊ ငါ့သခင်**သား**တရားမင်းကြီး၊ **ငါ့မိငါ့ဖ**၊ ငါ့ချစ်သားနှစ်ယောက်၊ ငါ့**ဦးရိုး**သိဃ်သူ၊ ငါ့**မိထွေး**သုံးလူ့လ၊ ငါ့**အစ်မ**ရတနာပုံ၊ ငါ့**မောင်**သုံးယောက်၊ ငါ့**ညီမ**နှစ်ယောက်၊ **လွန်လေသော** အမျိုးခပ်သိမ်း၊ **ယခုသော** အမျိုးခပ်သိမ်း၊ ကျေးကျွန်ခပ်သိမ်း၊ **ရှေ့တော်နေသော** အမတ်ခပ်သိမ်း၊ **မောင်းမမိဿံ**ခပ်သိမ်း၊ အထက်ကား ဘဝဂ်တိုင်အောင်၊ အောက်ကား အဝီစိတိုင်အောင် လေးမျက်နှာ အနန္တစကြဝဠာခပ်သိမ်းရပါစေ၏။ ငါလည်း **ဤသို့သောကောင်းမှုကို မူရုံ့သောအဖို့ကြောင့် မိဘဆွေမျိုးခပင်း လွန်ခ၍ ငါတစ်ယောက်အထီး ကြွင်းရစ်ရကား သာသနာ ၅၀၀၀ လျှင် တည်ရစ်စိမ့်ဟု** ဤငါလှူသောကောင်းမှုကို အရေးအရုံယူပါသော သူတော်တို့ကား ငါ့ကောင်းမှုအကျိုးဖြင့်လျှင် ညောင်ဦးစသော **သီရိပစ္စရာရွှေ့** မြေပုံလုံးမျှလျှင်ဖြစ်ထသော ဘုရားတို့၏တင့်တယ်ခြင်းကိုကြီးစွာစွာသောစည်းစိမ်ဖြင့် ဖူးမြင်စေကုန်သတည်း။ ငါ့ကောင်းမှုကို ဖျက်ဆီးသသူကား ထိုမျှလည်းကောင်းသော ဘုရားတို့ကိုမဖူးရမူ၍ **နိယတမိစ္ဆာဒိဋ္ဌိ**ခံခြင်းလျှင်ခံစေကုန်သတည်း။ ငါလည်း **ဤကောင်းမှုအကျိုးဖြင့်ကား ဤမှသေခလျှင် စွယ်တော်ကိုလျှင် မကွေ**

**မကောင်း ည နံနက်လျှင် ရှိခိုးရသော နတ်သား ဖြစ်လို၏။** ငါလိုသောဆု မရောက်သောကြားကား ဘုရားလောင်းတကာ ဖြည့်ရသော **ဒသပါရမီ**ကို ဖြည့်ရ လိုသတည်း။]

၁၂၁၇၄။ **ရာဇသူဖွားစော [သက္ကရာဇ် ၆၅၃] စောလှဝန်းဘုရားကျောက်စာ (တောင်ဘက်၊ မျက်နှာဘက်)**

၃၄ "ဤမျှသော မြိယ် ကျွန် နွာ။ **ဥခေါင်**ဆင်ဧ
၃၅ သာတန်ဆာ လည်ဆင်သောတန်ဆာ ကိုဝ်ဆင်သော တန်ဆာ။ ခာဆင်သောတန်ဆာ။ ခြိယ်ဆ
၃၆ င်သောတန်ဆာ။ သ္ခိင်**သင်ခာ**တိုဝ်၏။ စာဆွံ ဖ္လစ်**စီ**သော ကြောင်။ တနိယ်သော **ဤ**နှင်
၃၇ ဤံရာအလုံ။ အယုတ်သဖ္လင်ကာ **နီဖွယ်**သည်လျှင်လေ ရတနာ ၃ပါသော၏ ဥတ်စာတေ။"

[ဤမျှသော မြေ၊ ကျွန်၊ နွား **ဦးခေါင်း**ဆင်သော တန်ဆာ၊ **လည်**ဆင်သောတန်ဆာ၊ **ကိုယ်**ဆင်သော တန်ဆာ၊ **ခါး**ဆင်သောတန်ဆာ၊ **ခြေ**ဆင်သောတန်ဆာ သခင် သံဃာတို့၏စဆွံဖြစ်စိမ့်သောကြောင်း၊ ငါနေ သော **အိမ်**နှင့်**အိမ်ရာ**အလုံး **အယုတ်သဖြင့်**ကား **နီးဖွဲ့** သည်လျှင်လည်း ရတနာ ၃ပါးသော၏ ဥစ္စာတည်း။]

၁၂၁၇၅။ **ရာဇသူဖွားစော [သက္ကရာဇ် ၆၅၃] စောလှဝန်းဘုရားကျောက်စာ (တောင်ဘက်၊ ကျောဘက်)**

၁၂၁၇၅၁။

၉ "ဘလေ ဤယ်ကောင်မှုအက္လိုဝ်ဖ္လင်လျှင်
၁၀ လူ္လဖ္လစ်။ နတ်ဖ္လစ်သောကာ။ ကြီစွာစွာသော **စည်စီ**တိလျှင် စိယ်၂ ဖ္လစ်လျက်။ ယောင်ဆင်လှ

၁၁ စွာ သတင်ဟိစွာ။ သဒ္ဓါစွာ။ ဖ္လစ်ရရာလေ **စာတိသာရ**
**ညန်**ပြည်ာနှင်**ပ္လည္ဆုံ**လိုဝ်။ မိတ္တရျာပုရှာသ္ခိင်လ
၁၂ က်ထက်နှိုက်လျှင်။ **အသတိသဒါန်**မည်သော အလှျုကြီ
ကိုဝ် ပိယ်ရလိုဝ်၏။ ။ အဆုံစွန်သော ကိုဝ်အ
၁၃ ဖ္လစ်နှိုက္ကာ။ မိတ္တရျာပုရှာသ္ခိင် တင်တယ်ခြင်သိုဝ်လျှင် တင်
တယ်လျက်။ လူနတ်ခပ်သိသော
၁၄ ကိုဝ်။ သင်သရာဆိုဝ်ငြယ်မှ ကယ်ပိယ်လျက်။ နိယ်ရပန်
ပြည်ကြီသိုဝ်လျှင် ဆောင်ပိယ်ကု
၁၅ န်လျက်။ **သဗ္ဗညုတည်န်ပုရှာဆူ**လျှင် ပ္လည္ဆုံချင်အေ်
။ ၀ ။"

[ငါလည်း ဤကောင်းမှုအကျိုးဖြင့်လျှင် လူဖြစ်၊ နတ်ဖြစ်သောကား **ကြီးစွာစွာသော စည်းစိမ်တိလျှင် စေ့စေ့ဖြစ်လျက် ယောင်ဆင်းလှစွာ၊ သီတင်းရှိစွာ၊ သဒ္ဓါစွာ၊** ဖြစ်ရာရာလည်း **ဇာတိဿရဉာဏ်ပညာ** နှင့် ပြည့်စုံလို။ မေတ္တေယျဘုရားသခင်လက်ထက်၌လျှင် **အသဒိသဒါနမည်သော အလှူကြီး**ကို ပေးရလို၏။ **အဆုံးစွန်သော ကိုယ်**အဖြစ်၌ကား မေတ္တေယျဘုရားသခင် တင့်တယ်ခြင်းသို့လျှင် တင့်တယ်လျက်၊ လူ နတ် ခပ်သိမ်းသောကို သံသရာဆင်းရဲမှ ကယ်ပေလျက်၊ **နေရပန်ပြည်ကြီး**သို့လျှင် ဆောင်ပေကုန်လျက် သဗ္ဗညုတဉာဏ်ဘုရားဆုလျှင် ပြည့်စုံချင်၏။]

၁၂၊၁၇၅၊၂။

၂၁ "တတွင်ကာ သတင်တိုင်လျှင်။ အထက်ပုစင် ၁။
သြက်ရွတ်
၂၂ တထည်။ မပြတ်သော တရျာဆုလေတည်၏။ မီဖုန်။
**သင်ကြန်။** စာရိယ်။ ညောင်ရိယ်သွန်။ မပြတ်
၂၃ စိယ်လျှင်တည်၏။ ဇကျောင်တွင်နိယ်သော သ္ခိင်တိုဝ်
သည် ဖျာနာသောလေ။ ဆိယ်ဝ၁။ သုနာနှင်အပ်

၂၄ သောပစ္စည်ကာ ရစိယ်ကုန်သတော။ ခန္ဓာလျှင်ပျောက်
သောလေ ထင်ဖိုဝ်။ လျှာဖိုဝ်။ မကြောင်ကြစိယ်
၂၅ စွမ်တော။ ဆွံစာသော သ္ခိင်တိုဝ်ကာ။ တုံစာမပြတ်လျှင်
စာခမုကာ ၁၅၀ကိပ်ထက်လျှင်မူလေလိုဝ်၏၊ ထိုဝ်မှကြွ
၂၆ င်သောပစ္စည်ကာ ရတနာ ၃၏ တင်တယ်ခြင်လျှင်
မူစိယ်သတော။ ဇာဆွံစာသောသ္ခိင်တိုဝ်ကာ။ ပရိယတ်နှ
၂၇ င်**ပတိပတ်**ကျင်ခြင် ပ္လည့်စုံစိမ်(သောဇ္ဇာ လွှတ်)တီတော။
ဤကောင်မှုအရျာဝန်ကိုဝ် ခံပိယ်သော သဒ္ဓာသော
၂၈ အမှုစိုဝ်သ္ခိင်ကာ ဇာနှင်အတူလျှင် ရပါစိယ်သတော။ စာဆွံ
နိူက် လုပ်က္လုယ်သောကျွန်တိုဝ်လေ ဖျာနာ
၂၉ အိုဝ်မင်ခသောကာ သ္ခိင်အ(ရျာတိုဝ်) **သီမြန်**စိယ်သတေ
။ ၀ ။"

[**ဝါတွင်း**ကား **သီတင်းတိုင်း**လျှင် အထက်ပုစင် ၁၊ **အောက်ရွတ်**တစ်ထည် မပြတ်သော **တရားဆုလည်းတည်၏**။ **မီးဖုန်း၊ သကြိန်၊ စာရေး၊ ညောင်ရေသွန်း** မပြတ်စေလျှင်တည်၏။ ငါ့ကျောင်းတွင်နေသော သခင်တို့သည် **ဖျားနာသောလည်း ဆေးဝါး၊ သူနာနှင့် အပ်သော ပစ္စည်းကား ရစေကုန်သတည်း။ ခန္ဓာလျှင် ပျောက်သောလည်း** ထင်းဖိုးလျာဖိုး* မကြောင့်ကြစေ စွံတည်း။ ဆွမ်းစားသောသခင်တို့ကား တုံစာမပြတ်လျှင် စားခမူကား ၁၅၀ကျိပ်ထက်လျှင်မူလည်းလို၏။ ထိုမှ ကြွင်းသောပစ္စည်းကား ရတနာ ၃၏ **တင့်တယ်**ခြင်းလျှင် မူစေသတည်း။ ငါ့ဆွမ်းစားသောသခင်တို့ကား **ပရိယတ်နှင့်ပဋိပတ်ကျင့်ခြင်း** ပြည့်စုံစိမ့်သောငှာ လွှတ်တိတည်း။ ဤကောင်းမှု အရိယာဝန်ကို ခံပေသော၊ သဒ္ဓါသော **အမှုစိုးသခင်**ကား ငါနှင့်အတူလျှင် ရပါစေသတည်း။

* ထင်းဖိုးရှားဖိုး (?)

စဆွံ့၍ လုပ်ကျွေးသောကျွန်တို့လည်း ဖျားနာ အိုမင်း ခသောကား သခင်အရိယာတို့ **သိမ်းမြန်း**စေသတည်း။]

၁၂၁၇၆။ **ဝမ်းဘဲကာအသည်များ [သက္ကရာဇ် ၆၅၄]**
**ဝမ်းဘဲကာကျောင်းကျောက်စာ**

၁ “။ ၀ ။ သကရစ် ၆၅၄။ ၀ ။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊
၂ နမော သဃ်ဿ၊ ၀ ၊ လူနတ်ချံသာ နိဗ္ဗန်ချံသာကိုဝ် မပိ
၃ တ်မပင် လိုဝ်ချင်သောကြောင်။ ရတ္တနာသုံပါကိုဝ် **ဥ**
၄ **ထက်ဓာ**ရယ်။ **ဝံပဲ**ကာကျောင်ကိုဝ် **ဝံပယ်**ကာအသည်
၅ ငိရယ် ပ္လုကြသတေ၊ ၀ ။”

[သက္ကရာဇ် ၆၅၄ ခု၊ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။ လူနတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို **မပိတ်မပင်** လိုချင်သောကြောင့် ရတနာသုံးပါးကို ဦးထက်ထား၍ **ဝမ်းဘဲ**ကာကျောင်းကို ဝမ်းဘဲကာ အသည်**ညီ**၍ ပြုကြသတည်း။]

၁၂၁၇၇။ **အမတ်ကြီးက္ကန္တပဇ္ဇရာ [သက္ကရာဇ် ၆၅၅]**
**အမတ်ကြီးက္ကန္တပဇ္ဇရာကျောက်စာ**

၁၂၁၇၇၊၁။

၁၀ “ကုလာက္လောင်၊ က္လောင်ဦစလစ်ဦထွက် ပ္လုဧအ်၊ ဆိ
၁၁ ယ်ဝါ အလွန်တကယ် ဆန်ကြယ်လျင်ရိယ်ဧအ်၊”

[ကုလားကျောင်း၊ **ကျောင်းဦး စုလစ်ဦးထွက်** ပြု၏။ **ဆေးဝါး အလွန်တကဲ** ဆန်းကြယ်လျှင်ရေး၏။]

၁၂၁၇၇၊၂။

၁၅ ...“ဤယ်ကောင်အက္လိုဝ်ကာ

၁၆ ဆင်ငြယ်မဟိမုရုယ်၊ စည်စိမ်ချံသာကြီးဖွစ်လ္ခင်ဧ၊ ပြ
၁၇ ညာကြီစွာ တန်ခိုဝ်ကြိစွာ သတ္တာစွာဖွစ်လ္ချင်ဧ၊ ပိယ်
၁၈ ရုယ်ကုန်ဧ ဟုသည်မဟိလ္ချင် ပိယ်ပြိသအလှုကိုဝ်လေ ဧ
၁၉ နာင်တအလိုဝ်လိုဝ် မဟိလ္ချင်၊ သတ္တာလင်မနာ ဟိလ္ချင်သဧ
၂၀ တ၊”

[ဤကောင်းအကျိုးကား ဆင်းရဲမရှိမူ၍ စည်းစိမ်ချမ်းသာကြီး ဖြစ်ချင်၏။ **ပညာကြီးစွာ၊ တန်ခိုးကြီးစွာ၊ သဒ္ဒါစွာ**ဖြစ်ချင်၏။ **ပေး၍ကုန်၏ဟူသည် မရှိချင်၊ ပေးပြီးသောအလှူကိုလည်း နောင်တအလို့လို့ မရှိချင်၊ သဒ္ဓါလင့်မနား ရှိချင်သတည်း။**]

၁၂၁၇၈။ **သံပျင်ဓေယျသူဌေး [သက္ကရာဇ် ၆၅၆]**
**သံပျင်ဓေယျသူဌေးကျောက်စာ**

၁၂၁၇၈၊၁။

၆ “ဤယ်အလှုကိုဝ် ဓောင်မမုသသုကာ ငာန
၇ င်ထပ်တု ရစပါစိယ်သဧ။ ဤအလှုကိုဝ် **အတြယ်**မုသော
သုကာ ဖုရှာအ
၈ ဖွစ်၂လ္ချင် အယင်သုကာ နာလ္ချင်မကြာစိယ်သတေ။
အဝစိယ်စသော **ပ**
၉ **ည်စာအာနန်တြိတ်**လ္ချင် နှစ်စိယ်သတေ။ ။”

[ဤအလှူကို ဓောင်မမူသောသူကား ငါနှင့်ထပ်တူရစပါစေသော၏။ ဤအလှူကို အန္တရာယ်မူသောသူကား ဘုရားအဖြစ် ဖြစ်လျှင် အယင်းသူကား နားလျှင်မကြာ းစေသတည်း။ အဝီစိစသော ပဥ္စာနန္တရိက်လျှင် နှစ်စေသတည်း။]

၁၂၁၇၈၊၂။

၁၈ “နောင်အခါ ဤကောင်မှုကိုဝ်၊ **အန်တရယ်**
၁၉ မုသသူကာ၊ အဝီစိစသော၊ **အပဲငရယ်**နှိုက်၊ ကွ္ဂစိယ်လိယ်

၂၀ သတော၊ ဤကောင်မှုကိုဝ်၊ ခီပင်ပါသောသူတိုဝ်ကာ၊
၂၁ ပုရှာ**ခီမ့်**သအက္လိုဝ်သည်၊ ဇာနှင်ထပ်တူ ရပါစိယ်ကုန်ဧ"

[နောင်အခါ ဤကောင်းမှုကို **အန္တရာယ်မှု**သသူကား အဝီစိစသော အပါယ်ငရဲ၌ ကျစေလေသတည်း။ ဤကောင်းမှုကို ချီးပင့်ပါသောသူတို့ကား **ဘုရားချီးမွမ်းသောအကျိုး**သည် ငါနှင့်ထပ်တူ ရပါစေကုန်၏။]

၁၊၂၊၁၇၉။ **အမတ်ကြီးဣန္နပဗ္ဗရာ [သက္ကရာဇ် ၆၅၆] ဣန္နပဗ္ဗရာဘုရားကျောက်စာ**

၁ … "ဖုရှာသ္ခိင် နိယ်ရပန်လွန်ပြီ
၂ သာသနာ ၁၈၃၇ နှစ်သောအခါနိူက်။ ။သကရစ် ၆၅၄ ခု အာသတ်နှစ် တန်ဆောင်မှုန်လ္ဆုတ်
၃ ၆ရျက် ၅ညန်သန်ကောင်လွယ်၊ သဒ္ဓါစွာသော ဣန္နပဗ္ဗရာ မည်သော အမတ်ကြီသည်။ သင်
၄ သရာဆိုဝ်ငြယ်မှ လွတ်ရှယ် သဗ္ဗသတ္တာ လူနတ်တကာ ခပ်သိမ်သောကိုဝ် သင်သရာ**ကံပါ**
၅ မှ ကယ်ပိယ်တတ်သော မ္ဘတ်သဖုရှာဆုကိုဝ် လိုဝ်ချင်သည် ကြောင်။ ကျ္ဘောက်တဝ် နတ်ဣ
၆ မ်တောင် ကျ္လောင်စန် ၃ခုသော မ္ဒိယ်အရပ်နိူက် ကုလါကျ္လောင် **ပြသတ်** တုလိုက် စလစ်ဦထွက်
၇ ပ္လု၏။ အထူ၂ ဆန်ကြယ်သော ခြိယ်ရာတဝ်ရှုယ်နန် ရှုဖွယ်နန်ဟိသော ဆိယ်ရိယ်၏။ ကူ
၈ စတီဖုရှာလေပ္လု၏ ထက်ဝန်ကျင်သော အရံတန်တိုင် ၂ထပ်လေပ္လု၏။ ဝ ။ …
၁၆ … သကရစ် ၆၅၆ခု ဖဿနှစ် ပြသတ်လွတ်သော လှုသော ကုလါ
၁၇ ကျွန်ယောက်ယာ ၁၀ကိပ်။ မိယ်မ ၃၀ကိပ် အပေါင် ၄၀ ကိပ် လှု၏။ ။"

[ဘုရားသခင် **နေရပန်လွန်**ပြီး သာသနာ ၁၈၃၇နှစ်သော အခါ၌ သက္ကရာဇ် ၆၅၄ ခု အာသဠ်နှစ်၊ တန်ဆောင်မုန်း လဆုတ် ၆ရက်၊ ၅ **ညဥ့်သန်းခေါင်လွဲ** သဒ္ဒါစွာသော က္လန္ဒပဇ္ဇရာမည်သောအမတ်ကြီးသည် သံသရာဆင်းရဲမှ လွတ်၍ သဗ္ဗညုတဉာဏ် လူနတ်တကာခပ်သိမ်းသောကို **သံသရာကမ်းပါး**မှ ကယ်ပေတတ်သော မြတ်သော ဘုရားဆုကို လိုချင်သည်ကြောင့် ကျောက်တော်၊ နတ်အိမ်တောင်၊ ကျောင်းစဉ် ၃ခုသော မြေအရပ်၌ ကုလားကျောင်း ပြာသာဒ် တုလိုက်* စုလစ်ဦးထွက် ပြု၏။ **အထူးထူးဆန်းကြယ်သော ခြေရာတော်ရွှေနန်း ရှုဘနန်းရှိသော ဆေးရေး၏**။ ဂူစေတီဘုရားလည်း ပြု၏။ ထက်ဝန်းကျင်သော အရံတံတိုင်းနှစ်ထပ်လည်း ပြု၏။ ... သက္ကရာဇ် ၆၅၆ ခု ဘဒြနှစ်၊ ပြာသာဒ် **လွတ်**သော၊ **လှူ**သော **ကုလားကျွန်** ယောက်ျား **၁၀ကျိပ်**၊ မိန်းမ **၃၀ကျိပ်** အပေါင်း **၄၀ကျိပ်** လှူ၏။]

## 1'3" mcSa

၁၃၊၁။ **လောကထိပ်ပန်မင်စာများ [သက္ကရာဇ် ၅၀၀ခန့်] ဗုဒ္ဓဝင်မင်စာ**

၃၁ "**စ(ကြာဝလာ**ထက်တွင် နိယ်)သော န(တ်တို)ဝ္ဂ်နိုက် အာ၊ နက်.. သော အဘိဓမ္မာ**တြျာ**သည်..(ဟာဝ်ပိ)ယ် (ရကာ)"

[**စကြဝဠာ**ထက်တွင်နေသော နတ်တို့၌အား **နက်**..သော **အဘိဓမ္မာတရား**သည်..ဟောပေရကား။]

* အနက်မသိသာ။

၃၃ “ပုဟ်ာသ္ခိုင် ဝေသာ(လိ)ပြည်(လာ)သောအာ၊ မင် **ဗိမ္ဗသာရ**ပ္လုသော **လိုယ်ဖေါင်**အာ စီဧအ်။ ပုဟ်ာသ္ခိုင် (ပရိတ်ရှ္တ်)ရကာ. . . . . . . . (တို)ဌ် **ရှ္ယုယ်လိုယ်** ငုယ်(လို)ယ် (**ပ**)**တ္တ**(**မရာလို**)**ယ်**အာ၊ ပု(ဟ်ာသ္ခိ)င် စီ (စိ)ယ်ဧအ်။ လိုယ် (တစ်ခုတစ်ခုသော)ကာ ပုဟ်ာသ္ခိုင် အယောင် တစ်ခု(တစ်)ခု ဖန်ဆာင်ဧအ်၊ **ဗြုဟ္မာရှ္ာ**တိုင် ဩင် စကြာဝလာထက် ဖ္လစ်သု(နတ်တို)ဌ် ဗြုဟ္မာတို့ဌ် (ပုဇာဝ်)ကုန်ဧ”

[ဘုရားသခင် **ဝေသာလီပြည်**လာသောအား မင်းဗိမ္ဗိသာရ ပြုသော **လှေဖောင်**အား**စီး**၏။ ဘုရားသခင် **ပရိတ်ရွတ်** ရကား. . . . . . . . တို့ **ရွှေလှေ၊ ငွေလှေ၊ ပတ္တမြား လှေ**အား ဘုရားသခင် **စီးစေ**၏။ **လှေတစ်ခုတစ်ခု** သောကား **ဘုရားသခင်အယောင်** တစ်ခုတစ်ခု **ဖန် ဆင်း**၏။ **ဗြဟ္မာရွာတိုင်အောင်** စကြဝဠာထက်ဖြစ်သော နတ်တို့၊ ဗြဟ္မာတို့ ပူဇော်**ကုန်**၏။]

၃၄ “ဂေါတမမည်(သော)ပုဟ်ာ (နင်)ဖ္လစ်အံဟုသော **ဟော် ဗျာဒေသ်** ပိယ်ဧအ်။ ဝ ။”

[“**ဂေါတမ**မည်သောဘုရား နင်ဖြစ်အံ့” ဟူသော **ဟော ဗျာဒိတ်**ပေး၏။]

၃၅ “(ပုဟ်ာလောင်) သုတသောမဇာတ်ဖ္လေစ်သော (မင်)သာ ကိုဝ် **ပြည်ညောင်ဆောယ်**ဧအ်။။”

[ဘုရားလောင်း **သုတသောမဇာတ်**ဖြစ်သော **မင်းသား** ကို **ပညောင်ဆွဲ**၏။]

**၁၃၊၂။ လောကထိပ်ပန်မင်စာများ [သက္ကရာဇ် ၅၀၀ ခန့်]**

**၁၃၊၂၊၁။ တေမိဇာတ် (မူဂပက္ခဇာတ်)**

၆၂ "။ ပုဟ်ါလောင် သစ်သီဖ္ဂင် **စံဇ**။၊ ပုဟ်ါလောင် ဆင်မြင်ယောင် စံဇ။၊ ပုဟ်ါလောင် ထမင် စံဇ။၊ ပုဟ်ါလောင် **ဣမ်**ဖုတ်သော စံဇ။၊"

[ဘုရားလောင်း သစ်သီးဖြင့် စမ်း၏။ ဘုရားလောင်း **ဆင်မြင်းယောင် စမ်း**၏။ ဘုရားလောင်း **ထမင်း** စမ်း၏။ ဘုရားလောင်း **အိမ်ဖုတ်**သော စမ်း၏။]

၆၃ "ပုဟ်ါလောင် ဆင်**ဟုယ်**စိယ်အံသောသို္ဂ စံဇ။၊ ပုဟ်ါလောင် **မြုယ်**ရစ်သော္ဖ္ဂင်ဇ စံဇအ်။၊"

[ဘုရားလောင်း **ဆင်ငှေ့**စေအံ့သောသို့ စမ်း၏။ ဘုရားလောင်း **မြွေရစ်**သောဖြင့်၏ စမ်း၏။]

၆၄ "ပုဟ်ါလောင် **စောင်ငှေင့်**ဖ္ဂင်ဇ **စံဇအ်**။၊ ပုဟ်ါလောင် **သ္ဂေက်**ဖ္ဂင်ဇ စံဇအ်။၊ ပုဟ်ါလောင် **ခရု**မ္ဂုတ်သော စံဇအ်။၊"

[ဘုရားလောင်း **စောင်းငြင်းဖြင့်**၏ စမ်း၏။ ဘုရားလောင်း **သန်လျက်**ဖြင့်၏ စမ်း၏။ ဘုရားလောင်း **ခရုမှုတ်**သော စမ်း၏။]

၆၅ "ပုဟ်ါလောင် **မိယ်အို္ဂ** စံဇအ်။၊ ပုဟ်ါလောင် **ကောင်ကြိ** စံဇအ်(။၊) ပုဟ်ါလောင် **မိ** စံဇအ်။၊"

[ဘုရားလောင်း **မီးအိုး** စမ်း၏။ ဘုရားလောင်း **ကျင်ကြီး** စမ်း၏။ ဘုရားလောင်း **မီး** စမ်း၏။]

၆၆ “မယာ မင်သာကိုဝ် မင်အလွှစ်တော(င်) **ခြောက်နှစ်နှစ်** **ဟျူတ်း**သော ခြောက်နှစ်ပန်လိ(ဧ။)”

[**မယား မင်းသား**ကို **မင်း**အဖြစ်**တောင်း ခုနစ်နှစ်**၊ **ယူတ်သော ခြောက်နှစ်ပန်**လေ၏။]

၆၇ “ရထာထိန် မအသော သိရကာ မင် ကြာပလိ**ယေျ** မင် သာဖူရကာ ရဟန်မူအေ်။။”

[**ရထားထိန်း မအသော** သိရကား မင်း **ကြား**ပလေ၏။ မင်း သား**ဖူး**ရကား **ရဟန်းမူ**၏။]

၁၊၃၊၂၊၂။ **ဇနကဇာတ် (မဟာဇနကဇာတ်)**

၆၈ “၊၊ယခင်ရှာဝ် မိထိလာပြည်နှိက္ကာ **မဟာဇနက်**မည်သော မင်မူအေ်။ ထိုဝ်မင် သာနှစ်ယောက်ဟိအေ်။

၆၉ **သာဂြီ**ကာ ဣမ်ရှိယ်မင်**မှောက်**အေ်။ သာထုယ်ကာ **စစ်သုဂြီမှောက်**အေ်။ မဟာဇနက်မည်သောမင် မင်သီခရကာ **အလော္ဒမ္ဒ်လေူာ**တစ်ကာ မင်ကော္ဒင့်ကြိယ္ဒ်ဘိအေ်။

၇၀ မင်သာဂြီကာ ဣမ်ရှိယ္ဒ်မင်မုသော **အရိဋ္ဌဇနက်**တေး **လူ**တစ်ကာ မင်ဂြီမှောက်တုံအေ်။ ညီကာ ဣမ်ရှိယ္ဒ်မင်မူအေ်။

၇၁ ဣမ်ရှိယ္ဒ်မင်စီယ်သော သူတစ်ယောက်တေး မင်ဂြီအာ ပုန်အံဟူသော ကြာပိယေျအ် ညီအာ သံခြီချေင်နှောင်ထာအေ်။ တွန်တံမူ**ရှုယေျအ်** သံခြီချေင်မှာ **လောတ်**ခရကာ ရွာတစ်ပါ နီယ်**ရယေျအ်**။

၇၂ စစ်ခြီဆည်အေ် ဆည်ပြီရကာ။ အစ်ကိုဝ် **ဖျေက်လုံ**သော လါ**ယေျအ်**။

၇၃ ဖျောက်ရကာ အစ်ကိုဝ်ကာမသြင် **ညီယ်**ကာသြင်ဧအ်။ မယာတေး ပုဟ်ၡာအလောင် **ဝမ်ဟိယ္ဍ်လေက် ပ္လီခါ ယျေအ်**။"

[**ယခင်ရော မိထိလာပြည်**၌ကား **မဟာဇနက**မည်သော **မင်းမူ**၏။ **ထို**မင်း သားနှစ်ယောက်ရှိ၏။ **သားကြီး**ကား **အိမ်ရှေ့မင်းမြှောက်**၏။ **သားထွေး**ကား **စစ်သူကြီး မြှောက်**၏။ မဟာဇနကမည်သောမင်း မင်း**သေ**ခရကား **အလွှဲ့လူတကာ မင်းကောင်ကြည်း**[*]ဘိ၏။ မင်းသား ကြီးကား အိမ်ရှေ့မင်းမူသော **အရိဋ္ဌဇနက**တည်း။ လူတကာ မင်းကြီးမြှောက်တုံ၏။ **ညီ**ကား အိမ်ရှေ့မင်း မူ၏။ အိမ်ရှေ့မင်း**စေ**သော သူတစ်ယောက်တည်း မင်းကြီးအား **ပုန်**အံ့ဟူသော ကြားပေ၏။ ညီအား **သံခြေချင်း နှောင်ထား**၏။ **တွန်တံမူ**[**]၍၏ သံ ခြေချင်းမှ လွတ်ခရကား **ရွာတစ်ပါး**နေ၍၏ **စစ်ခြေ ဆည်း**၏။ ဆည်းပြီးရကား **အစ်ကို ဖျက်လံ**သော လာ၏။ ဖျက်ရကား အစ်ကိုကား **မအောင်**၊ ညီကား **အောင်**၏။ **မယားတည်း ဘုရားအလောင်း ဝမ်းရှိ လျက်ပြေးခဲ့၏။**]

၇၄ "ပုဟ်ၡာလောင်**မိအ်ဉ ဥတ်စာ**တောင် ယူရယျေအ် **စရပ်** တွာင်နိယျေအ်။ **ပုံနာ**တစ်ယောက် နှမမူရယ္ဍ် **ဣမ်သူယ်** လိယျေအ်။

၇၅ ပုဟ်ၡာလောင်**မိယ္ဍ် ပုံနား**အကွအ် တစ်ခွက်တွာင်စာကြ ယျေအ်။ ပုဟ်ၡာလောင် ဖွာပြီရ(ကာ)။ အဖသိလို္ဍ်သော ကြောင် အမိနို္ဍ်စို္ဍ်ရယ္ဍ် မိယျေအ်။ ၀ ။"

---

* ဇာတ်တော်၌ ဖုတ်ကြည်းသဂြိုဟ်သည်ဟုပါ၍ မင်းကောင်ကြည်းဟုယူပါသည်။

** ယခုခေတ်အသုံးမရှိပါ။ သစ္စာပြုအနက်ရှိသည်။

[ဘုရားလောင်း**မိ ဥစ္စာတောင်း** ယူ၍၏ **ဇရပ်**တွင်နေ၏။ **ပုဏ္ဏား**တစ်ယောက် **နှမမူ**၍ အိမ်**သွေး**လေ၏။ **ဘုရားလောင်းမိ ပုဏ္ဏားအကွ တစ်ခွက်တွင် စားကြ၏။** ဘုရားလောင်း **ဖွား**ပြီးရကား **အဖ**သိလိုသောကြောင့် **အမိနို့စို့**၍ **မေး**၏။]

၇၇ "။ ၀ ။ **သင်ဖေါဝ်ကော**လိယ်ဇအ်။ ၀ ။ သင်ဖေါဝ် **ကွယ်**ရကာ ။ ၀ ။ **မနိမေခလာ**နှင် **စက္ကာ**ဆိုဝ်ဇအ်၊ မနိမေခလာ ပုဟ်ာလောင်ကိုဝ်**ဆာယ်**ရယ် **ပျံလီအာ** ပုဟ်ာလောင်ကိုဝ် **ဥယန်**တွာင်ကျောက်ထက်ထာယျေအ်။"

[**သင်္ဘောကူး**လေ၏။ **သင်္ဘောကွဲ**ရကား **မဏိမေခလာ**နှင့် **စကားဆို**၏။ မဏိမေခလာ ဘုရားလောင်းကို **ဆယ်**၍ **ပျံ**လေ**အာ***။ ဘုရားလောင်းကို **ဥယျာဉ်**တွင် **ကျောက်ထက်ထား**၏။]

၇၈ "**အမတျာ နှစ်ကျိုအ်**စိလိုဝ်ရကာ ခြီယ်ဆုပ်ဇအ်။ **ရှာထာရှင်** လှောတ်ရယ် ပုဟ်ာလောင်ဟိရာလာယျေအ် ပုံနာ တစ်ယောက် **ခြီယ်လက္ခနာ**ရှုရကာ **ပုရှာလောက်တေး** မင်မူအပ်ဟူရယျေအ် ဆောင်လိယျေအ်။

၇၉ **ကုမ်ဒါဝ်**ရောက်ရကာ **ပြသဒါ**အထက် တက်အံသောတေး မင်သမီသိဝိလိ **လက္ကံ**ပီယျေအ်။ လက္ကံပြီရကာ ပြသဒါအထက် တက်လိယျေအ်။ ပုဟ်ာလောင် မင်ဂြီ မှောက်ပြီရကာ လက်ဆောင်လက်နက်လေး ရောက်ဇအ် အလှျုလေ ပိယျေအ်"

[**အမတ်ရာ နှစ်ကျိ**ုစေလိုရကား **ခြေဆုပ်**၏။ **ရထားရှင်** လွှတ်၍ ဘုရားလောင်းရှိရာလာ၏။ ပုဏ္ဏားတစ်ယောက် **ခြေလက္ခဏာရှု**ရကား "ဘုရားလောင်း**ကတည်း** မင်း

* ယခုခေတ်အသုံးမရှိပါ။

မူအပ်"ဟူ၍၏ ဆောင်လေ၏။ **အိမ်တော်**ရောက်ရကား **ပြာသာဒ်အထက် တက်**အံ့သောတည်း **မင်းသမီး**သီဝလိ **လက်ကမ်းပေး**၏။ လက်ကမ်းပြီးရကား ပြာသာဒ် အထက် တက်လေ၏။ ဘုရားလောင်း မင်းကြီးမြောက် ပြီးရကား **လက်ဆောင်လက်နက်**လည်း ရောက်၏။ **အလှူလည်း ပေး၏**။]

၈၀ "ဥယန်**ကစံ့အွှ်**သော ထွက်ရကာ အသီပဟိယ္ဈ်သော အသီ မာယ္ဈ်သော **သီချက်နေ့စွင် ဆယ်ယါမူရုယေ့ျအ်** ကိုဝ် အနိစ္စကာမြင်ဇအ်။"

[**ဥယျာဉ်ကစား**အံ့သော ထွက်ရကား **အသီးရှိသော၊ အသီးမဲ့သော သရက်နှစ်ပင် ဆရာမူ**၍၏ **ကိုယ်အနိစ္စ**ကား မြင်၏။]

၈၁ "မယာသိဝိလိ ပစ္စေကဗုဒ္ဓာ ထွက်**သောရှဝ်**ရကာ **နောက်ခ္ဂိဝ်**ဇ။"

[မယားသီဝလိ **ပစ္စေကဗုဒ္ဓါ ထွက်သရောရကား နောက်ခိုး**၏။]

၈၂ "**မိဝ်ချုတ်**ရကာ သစ်ရိပ်နိယေ့ျအ် နံနက်ရကာ **ခုယ်ခီ** သော သာတစ်ကောက်ရုယ္ဈ်စာယ်ဇအ်"

[**မိုးချုပ်ရကား သစ်ရိပ်**နေ၏။ **နံနက်ရကား ခွေးချီ** သော **သားတစ်ကောက်**၍စား၏။]

၈၃ "**သာတိုသာမိမ မ္လိပုံ** ကလူသောနှင် မ္လာသသမာ မ္လာ ဆင်သောနှင် **စစ်ကာ**ဆိုဝ်ပြီရကာ"

[**သတို့သားမိန်းမ မြေပုံ ကလူသောနှင့် မြားသသမား မြားဆင်သောနှင့်** စကားဆိုပြီးရကား။]

၈၄ “မယာသီပြတ်ရကာ သူတစ်ကာ ရိယ်သွန်ရယျေအ် ထ
မ္လောက်ဇအ်၊ ပုဟ်ိာလောင်နှင် **ခရီအစန်** စစ်ကာဆိုရရာ
ပုထိုဝ်ရယျေအ် ပုဇာဝ်ဇအ်။

၈၅ ပုဟ်ိာလောင် **ဟိမဝန္တာ**အတွင်နိယျေ မယာလေ ဥယန်
(တွင်) **ရသိယ်**မူ(ဇ)အ် သာမင်မ္လောက်ရယျေ ပြည်ဝင်
စီယျေအ် လူတစ်ကာလေ ပုဟ်ိာအလောင်အစာ **ဆူမှဇ**
ပုဟ်ိာအလောင်နှင် မယာတေ သီခရကာ **ဗြမှာ**လွှစ်ဇအ်
။ ၀ ။”

[မယား**သေပြတ်**ရကား သူတကာ **ရေသွန်း**၍၏
**ထမြောက်**၏။ ဘုရားလောင်းနှင့် **ခရီးအစဉ်** စကား
ဆိုရရာ **ပုထိုး၍၏** ပူဇော်၏။ ဘုရားလောင်း **ဟိမဝန္တာ**
အတွင်းနေ၏။ မယားလည်း ဥယျာဉ်တွင် **ရသေ့မူ**၏။
သားမင်းမြောက်၍၏ **ပြည်ဝင်**စေ၏။ လူတကာလည်း
ဘုရားအလောင်း**အစား ဆုံးမ**၏။ ဘုရားအလောင်းနှင့်
မယားတည်းသေခရကား ဗြဟ္မာဖြစ်၏။]

၁၊၃၊၂၊၃။ **သုဝဏ္ဏသာမဇာတ်**

၈၉ “နှစ်ယောက်စုံ သစ်သီဆွတ်ရယျေ စာကြယျေအ်၊ **အ
ခေင်ခေင်**လေ **တယာ်**အခြင်ဆိုဝ်ကြယျေအ်”

[**နှစ်ယောက်စုံ သစ်သီးဆွတ်**၍၏ စားကြ၏။ **အချင်း
ချင်း**လည်း **တရားအခြင်းဆို**ကြ၏။]

၉၀ “ချက်တိုင်(သုံ)ရကာ ပုဟ်ိာအလောင် နတ်ရွာလာရယျေ
ပါရိကာဝမ်တွင် **ပဋိသန္ဓိ**စွယျေအ်

၉၁ ဆာယ်လကျော်ဝ်ရကာ **ဟိုယ်**အ(ယ)ာင်သိုဝ်သော သာ
မုယျေအ် သုဝဏ္ဏသာမ(မည်သော ပုဟ်ိာ)လောင် **အမိယ်
မာယ္အ်**(နောင် ကိနရီ) နို္အဝ်စို္အဝ် ရိယ်လ္ခိုဝ်ပိယျေအ်၊”

[**ချက်တိုင်**သုံးရကား ဘုရားအလောင်း **နတ်ရွာလား**၍၏ ပါရိကာ**ဝမ်း**တွင် **ပဋိသန္ဓေစွဲ**၏။ **ဆယ်လကျော်**ရကား **ရွှေအယောင်သို့သော သားမွေး၏။ သုဝဏ္ဏသာမ** မည်သော ဘုရားလောင်း **အမိမဲ့**နောင် **ကိန္နရီ** နို့စို့**ရေချိုး**ပေး၏။]

၉၂ "မိုဝ်ရွ(၁)ရကာ **တောင်ဖိုဒ္ဒ်**မှာ မြုယ်ထွက်ဖြုပ် လတ္တေအ် အမိအဖ **မျောက်စိယ္ဒ်ကာန်**ရကာ ပုဟ်ာလောင် **နောယ်** ကံပိယ်ရှယ္ဒ် **သဲ့ခ်**သူယ်လတ်ဇအ်"

[**မိုးရွာ**ရကား **တောင်ပို့မှ မြွေထွက်ဖြုပ်လတ်တည်း။** အမိအဖ **မျက်စိကန်း**ရကား ဘုရားလောင်း **နွယ်**ကမ်းပေး၍ **သခ်ႋမ်း**သွေးလတ်၏။]

၉၃ "ပုဟ်ာလောင်ကာ ရိယ်ခပ်သောက်ပိယျောဝ်* သစ်သီဝလံ ရှာစာပိယျော်"

[ဘုရားလောင်းကား **ရေခပ်သောက်ပေး**၏။ **သစ်သီးဝလံ ရှာစားပေး**၏။]

၉၄ "မင်**ပိလယက်** ပုဟ်ာလောင် **သီသော**သိရကာ လက်ဝါဦ ထက်ခ်ိရယျော် ငိုဝ်ဇ ငိုဝ်ပြိုရကာ အမိအဖသခ်ႋအာ မင်လာ ယျော် **ရီအိုဝ်**လေရွက်ပိယျော်"

[**မင်းပိဠိယက်** ဘုရားလောင်း သေသောသိရကား **လက်ဝါး ဦးထက်ချီ၍၏ ငို**၏။ ငိုပြီးရကား အမိအဖ သခ်မ်းအား မင်း**လား**၏။ **ရေအိုး**လည်း**ရွက်**ပေး၏။]

---

* ပိယျောအ်ကိုရေးမှားဟန်တူသည်။

၉၅ "ပုဟ်ာလောင် သီသောအခြင် ကြာပီရကာ အမိအဖ (တိုဝ် သီ)ပွတ်ပိယျေ အမိအဖ နတ်သမီ မင်**တွတံမူ**ရကာ ဆိပ်ခပ်ကာယ်လေ ကွခါယျေ ကိုဝ်လေ့ပွနအေ် **တံငှါ** လေလါဧ ပုဟ်ာလောင်လေ ရှင်လါအေ် အမိအဖ**ကာန်** သောလေ မြင်လါဧ"

[ဘုရားလောင်း **သေသောအခြင်း** ကြားပေရကား အမိ အဖတို့ သေပြတ်ပေ၏။ **အမိ၊ အဖ၊ နတ်သမီး၊ မင်း တွန်တံမူရကား ဆိပ်ခပ်ကယ်လည်းကျခဲ့၏။ ကိုယ်လည်းပြန်၏။ တငှာ*လည်းလာ၏။ ဘုရား လောင်းလည်း ရှင်လာ၏။ အမိအဖကန်းသောလည်း မြင်လာ၏။**]

၁၁၃၂၂၄။ **နေမိဇာတ် (နိမိဇာတ်)**

၉၈ "**မဃဒေဝ် ပြဟ္မာ**ဖွစ်သောသည် အဆုံမင်ဖွစ်ဧ ပုဟ်ာ လောင် **လက္ခနာပုံ ဟိုဝ်**ပိယျေ၊ ပုဟ်ာလောင် ဦဖြူ ဟိုဝ်ပိယျေ။ ပုဟ်ာလောင် မင်မူဧ။ အဖ ရဟန်မူဧ။ ပုဟ်ာလောင် မင်တရှာ ၁၀ပါ ဆင်ခြင်ဧ။"

[**မဃဒေဝ** ပြဟ္မာဖြစ်သောသည် **အဆုံး**မင်းဖြစ်၏။ ဘုရားလောင်း **လက္ခဏာပုံ** ရှုပေ၏။ ဘုရားလောင်း **ဦးဖြူရှု**ပေ၏။ ဘုရားလောင်း မင်းမူ၏။ အဖရဟန်း မူ၏။ ဘုရားလောင်း **မင်းတရား ၁၀ပါး ဆင်ခြင်**၏။]

၁၀၂ "**ဤယ်**ကာ နတ်ရှာဖွင် တက်လိယျေအ် ...ဤယ်ကာ နိမိမင်အာ လူရှား ဆောင်လတ္တုံဧအ်။"

[ဤကား **နတ်ရွာဖြင့်** တက်လေ၏။... ဤကား **နေမိမင်း**အား **လူ့ရွာ ဆောင်လတ်တုံ၏။**]

* ရှေးမွန်၊ တေယ်=နေ

၁၃၂၂၅။ **စန္ဒကုမာရဇာတ် (ခဏ္ဍဟာလဇာတ်)**

၁၀၃ "။ဤယ်ကာ ပုဟ်ာသိခင် **ဂစ္ဆကုတ်နိဂ္ဂာ** တယ်ာဟာဝ်ဒအ်။ ဤယ်ကာ ဖြဟ္မဒတ် အမတျာ **ဆုမှ**ဒအ်။ မင်သာကိုဝ် တယ်ာဆင်မူစီယျေအ်။ ဝ ။ ပုဟ်ာလောင်တယ်ာဆင်မူကုန်ဒအ်။ ဝ ။"

[ဤကား ဘုရားသခင် **ဂိစ္ဆကုဋ်**၌ကား **တရားဟော**၏။ ဤကား **ဗြဟ္မဒတ်** အမတ်ရာ ဆုံးမ၏။ မင်း သားကို **တရားဆင်**မူစေ၏။ ဘုရားလောင်း တရားဆင်မူကုန်၏။]

၁၀၄ "မင် **ဤမက်**မက်ဒအ်။ မင်အမတျာ ဤမက်ဖတ်ပိယျေအ်။ မီပူဇာဝ်အံသော ဆင် မြင် **ကွေ့ာယ်** နွားဆိတ် ကြက် (မယာ) မင်တောင်တုံဒအ်။ ဝ ။"

[မင်း **အိပ်မက်မက်**၏။ မင်းအမတ်ရာ **အိပ်မက်ဖတ်**ပေး၏။ **မီးပူဇော်**အံ့သော **ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊** မယား မင်းတောင်းတုံ၏။]

၁၀၇ "။ ။ မီအစာ ပီယ်အံသောရှာဝ်တေး **သကြာမင်** စကြာနှင်**ခြီ**ဒအ်။ ။ ပြည်သူ**တက္ကား** ကန္ဒဟာလ်မည်သော **ဖုံနး**ကိုဝ် **ဥတ်ခါယ်**နှင်နှင် သတ်ဒအ်။ ။"

[**မီးအစာ** ပေးအံ့သရောတည်း။ **သိကြားမင်း စကြာနှင့်ခြိမ်း**၏။ **ပြည်သူတကာ** ကန္ဒဟာလ်မည်သော ပုဏ္ဏားကို **အုတ်ခဲနှင်နှင် သတ်**၏။]

၁၀၈ "မင်ကိုဝ်လေး သတ်လိုဝ်ဒအ် ပုဟ်ာလောင် ဖျန်ဒအ် ။ ။"

[မင်းကိုလည်း သတ်လို၏။ ဘုရားလောင်း **ဖျန်**၏။]

၁၊၃၊၂၊၆။ **ဘူရိဒတ်ဇာတ်  (ဘူရိဒဇာတ်)***

၁၁၁ တာဝ်တွင် **အဘိသေက်**မူရယျေအ် မင်မွှောက်ဇအ်။ နဂါ
**မင်သမီယ်**အသာနှစ်ယောက် လိုယ်အတွင် (ရီယ်)ထည်ရ
ယျေအ် ပြည်ဆောင်ဇအ် မင်လေပြည်ရောက်ရကာ **(၇)နှစ်**
နိ သိယ်သောက်ဇ
၁၁၂ သာနှစ်ယောက်**အကြောင် ကျုံ**တွင် ကာန်တူစီရယျေအ်
မြွှစ်ရိယ်**သွောင်**ဇအ် ရီယ်သွောင်**သောဟာ်ဝ်**အာ လိပ်
တစ်ခုအ်**ဝါင်**ဇ သာတို့အ်သာတို့အ် ကြောက်ပ္လီယ်ကုန်ဇ
**လိပ်ကိုဝ်ဖံ**ရယျေအ် **ယမုနာ**မြွှစ်(အာ မွှောရစီယျေ)”

[**တောာ**တွင် **အဘိသိက်မူ**၍၏ မင်းမြှောက်၏။ **နဂါး**
မင်းသမီး**အသားနှစ်ယောက်** လှေအတွင်း ရေထည့်၍၏
**ပြည်ဆောင်**၏။ မင်းလည်း ပြည်ရောက်ရကား **ခုနစ်နှေ့**
**သေသောက်၏**။ သားနှစ်ယောက်**ကြောင့်** အိမ်တွင်
**ကန်တူး**စေ၍၏ **မြစ်ရေသွင်း**၏။ ရေသွင်းသရောအား
**လိပ်တစ်ခု**ဝင်၏။ သတို့သားတို့ **ကြောက်ပြေးကုန်၏**။
လိပ်ကို**ဖမ်း**၍၏ **ယမုန်နာမြစ်အား မျှော**ရစေ၏။]

၁၁၃ “။လိပ်ကိုဝ် နဂါတစ်ယောက် **သု**ယျေ နဂါမင်နှပ်ဇ
ဩင်သည် ဟူသောအကြောင် နဂါနှင် လာစီတုံဇ လိပ်
(ကာန်)တွင် ပုန်(ထာ)ဇ နဂါတို့အ် မင် ကြာပီရကာ
မင်မျောက်ဇ၊ ထိုဝ်နဂါတို့အ် နဂါမင်ကြာပီတုံဇ
၁၁၄ နဂါမင် မျောက်ရကာ နဂါတို့အ်**လျောတ်**ရယျေ ပြည်**ခပ်ပင်**
နဂါမြုယ်**နှနှိုင်** (ပ္လ)ည်စီကုန်ဇ။ နဂါမင် သူအဆင်မူ
ရယျေ မင်သမီ**သအ်**စီယျေအ် မင်သမီ**ညောင်ဇောင်**
ထက် **ကျုပ်**ရယျေအ် နဂါရွှားလါဇအ်။”

---

* ဘူရိဒတ္တဇာတ်

[လိပ်ကို **နဂါးတစ်ယောက်** သွေး၏။ နဂါးမင်း**နှပ်**၏။ **အောင်သည်**ဟူသောကြောင့် နဂါးနှင့် လားစေတုံ၏။ လိပ်ကန်တွင် **ပုန်း**ထား၏။ နဂါးတို့ မင်း ကြားပေရကား **မင်းမျက်**၏။ ထိုနဂါးတို့ နဂါးမင်း ကြားပေတုံ၏။ နဂါးမင်း မျက်ရကား နဂါးတို့လွှတ်၍၏ **ပြည်ခပင်း** နဂါးမြေနှင်နှင် ပြည့်စေကုန်၏။ နဂါးမင်း **သူအဆင်းမူ** ၍၏ မင်းသမီး**သ**စေ၏။ မင်းသမီး**ညောင်စောင်း**ထက် အိပ်၍၏ နဂါးရှာလား၏။]

၁၁၅ "နဂါရှား ဣပ်လျှေက်ရောက်ရကာ နဂါတစ်ကာ သူ အယောင်ကတေး ပ္လပီယျှေ နဂါ(အ)ယောင် ဖျှောက်ဖိတုံဇ။ (သမု)ဒ္ဒဇအသာ **အရိုတ်**မည်သော အမြီထုတ်ရကာ မယာ ပစ်ဖိဇ **မျှေက်စိ**တစ်ဖက်လေ ကာန်ဇ နဂါမင်လေ **မျှေက်**ဇ။"

[နဂါးရှာ အိပ်လျက်ရောက်ရကား နဂါးတကာ **သူ အယောင်ကတည်း ပြပေ၏**။ နဂါးအယောင် **ဖျက်**ဘိတုံ၏။ **သမုဒ္ဒဇာအသား အရိုင့်မည်သော အမြီး**ထုတ် ရကား မယားပစ်ဘိ၏။ **မျက်စိတစ်ဖက်**လည်း ကန်း ၏။ နဂါးမင်းလည်း မျက်၏။]

၁၁၇ "။**ကလုန်** နဂါအစါခိယျှေအ်။ **ရသိယ္ဍ်** သတင်သုံသော အာ ကလုန်မိယျှေ။

၁၁၈ **အလမ္ဗာယ်** နဂါသမိယ် **ကစ**သောဖူဇ၊ **အလမ္ဗါယ်**မုဆိုဝ် ပုဟ်ာ(လောင် သတင်)သုံရာ **ဈောန်**ပိယျှေအ်၊

၁၁၉ ပြည်တစ်ပါ အလမ္ဗါယ် ကစလိယျှေအ်၊ နဂါရှာမှ ရှာလှ သော **အစ်ကိုဝ် အစ်ညီယ်** ဖူလှလှာယျှေအ် နဂါရှာ လာလကုန်ဇအ်။ ၀ ။"

[**ဂဠုန် နဂါးအစာချို**၏။ ရသေ့ **သီတင်းသုံး**သောအား ဂဠုန်မေး၏။ **အလမ္ပာယ်** နဂါးသမီး **ကစား**သောဖူး၏။ အလမ္ပာယ် **မုဆိုး** ဘုရားလောင်း သီတင်းသုံးရာ **ညွှန်**ပေ၏။ **ပြည်တစ်ပါး** အလမ္ပာယ် ကစားလေ၏။ **နဂါးရွာမှ ရှာလာသော အစ်ကို အစ်ညီ ဖူးလှလှာ၏။** နဂါးရွာ လားလကုန်၏။]

## ၁၃၊၂၊၇။ **နာရဒဇာတ်** (မဟာနာရဒကဿပဇာတ်)

၁၂၀ "လပသော သာရကာ အသို္ဗကကောန်သောအပ်ဇနေး ဟူရယျေအ် အမတျာမိယျေအ်။ ၀ ။"

[**လပသော** သာရကား "**အသို့ကကွန့်သောအပ်၏နည်း**"ဟူ၍၏ အမတ်ရာမေး၏။]

၁၂၂ "။ ၀ ။ ၃ယောက်သော မိန်ခြင် မင်ယုံရယျေအ် **ငြာယ်**မှူအာ လိုက်ဇအ်၊ **ရုဇာ**မည်သောမင်သမိယ် ကြာရကာ မင် မြစ်လှာယျေ၊"

[၃ယောက်သော **မိန့်ခြင်း** မင်း**ယုံ**၍၏ **ငရဲမှူးအား**လိုက်၏။ **ရုစာ**မည်သောမင်းသမီး ကြားရကား မင်း **မြစ်လှာ**၏။]

၁၂၃ "။ ၀ ။ ရုဇာမည်သောမင်သမိယ် **ယောကျာ**လ္ဗစ် သောရှောဝ် **သောမျာ**ခိုဝ်သော ငြာယ်ခံရကာ အဖ လ္ဗပိယျေအ်၊ မျောက်သင် လ္ဗစ်သော အဖန် ၅၀၀။
၁၂၄ မင်ကြောက်ရကာ။ ၀ ။ မင်**အလှော**ပိယျေအ်။ ၀ ။ ။ ၀ ။ မင် သတင်သုံဇအ် ကောင်မှူမှူဇအ် ကောင်ခြင် ကျောင်ရကာ သိယ်ခရကာ **ဗြမှာရှား** လ္ဗစ်လိယျေအ် ။ ၀ ။"

[ရစာမည်သောမင်းသမီး **ယောက်ျား** ဖြစ်သရော **သူ့မယားခိုး**သော **ငရဲခံ**ရကား အဖပြပေ၏။ **မျောက်သင်း** ဖြစ်သော **အဖန် ၅၀၀**။ မင်းကြောက်ရကား မင်းအလှူပေး၏။ မင်းသီတင်းသုံး၏။ **ကောင်းမှုမူ**၏။ **ကောင်းခြင်းကျင့်**ရကား သေခရကား ဗြဟ္မာရွာ ဖြစ်လေ၏။]

၁၃၊၂၊၈။ **ဝိဓူရဇာတ် (ဝိဓုရဇာတ်)**

၁၂၅ "**ဧေါရဇ္ဈ**မည်သော မင်မူအော်။"

[**ကောရဇ္ဈ**မည်သော မင်းမူ၏။]

၁၂၆ "ရသိယ္ဆ်လိယျောက် **ဆော်ခံ**သော သွာလိယျေ၊"

[ရသေ့လေးယောက် **ဆွမ်းခံ**သော သွားလေ၏။]

၁၂၇ "သတင်သုံရကာ နတ်ရွားလာ္ဖစ်လိသော ဟုတ္တာ။ ဝ။"

[သီတင်းသုံးရကား နတ်ရွာလားဖြစ်လေသော **ဟုတ္တာ**။]

၁၂၈ "နဂါမင်မယာ **စစ်ကာ**ဆိုဝ်ဧ၊ မိယာ **နှစ်လုံ**စံအော်။ **အရိန္ဓဝတီ**တောင်ထိပ်ကအော်။ **ပုန္နိယက်**ဖူအော်။

၁၃၀ ပုန္နိယက်နှာင် နဂါမင် **စကာ**ဆိုဝ်ဧ။ ဖိလူပုန္နိယက် တောင်ဖြိုဝ်ရယ်"

[နဂါးမင်းမယား စကားဆို၏။ မယား **နှလုံးစမ်း**၏။ ဣရန္ဓတီ**တောင်ထိပ်က**၏။ ပုဏ္ဏာယက်ဖူး၏။ ပုဏ္ဏာယက်နှင့် နဂါးမင်း စကားဆို၏။ **ဘီလူး**ပုဏ္ဏာယက် တောင် **ဖြို**၍။]

၁၃၁ "မင် ပုန္နိယက် အန်ခတ်အော်၊"

[မင်း ပုဏ္ဏာယက် **အန်ခတ်**၏။]

၁၃၂ "ပုဟာ်(လောင်)ကိုဝ် ဆောင်(လိ)ယျေ၊ ဆင်**တိက်**ဧ ချောက်လ္ဒဧ၊ မသတ်ဟုသော ရိယ်လ္ဒဧ။"

[ဘုရားလောင်းကို ဆောင်လေ၏။ **ဆင်တိုက်**၏။ **ချောက်ချ**၏။ မသတ်ဟုသော **ရေချ**၏။]

၁၊၃၊၂၊၉။ **မဟောဲသခာဇာတ် (မဟာဥမဂ္ဂဇာတ်)**

၁၃၄ "ပုဟာ်လောင် **မိုဝ်(ရှုံ)**မြင်ဇအော်။ ။"

[ဘုရားလောင်း **မီးရှူး**(?)**မြင်**၏။]

၁၃၅ "အဖ **ဆီ**ကြိတ်ဇအော်"

[အဖ **ဆေးကြိတ်**၏။]

၁၃၇ "**ခြယ်ထုယ်**ခိုဝ်သောမိမ ဆင်ပိယျေ"

[**ချည်ထွေးခိုး**သောမိန်းမ **ဆင်**ပေ၏။]

၁၃၉ "။**ရှာတုံမ် ဘျာရင်**သိအ်စိယျေအ်။ မိမ **ယောက်ယာ** ဦခေါင်သိဇအော်။ မြယ်ဖိုဝ် မြယ်မသိဇအော်။ ။

၁၄၀ ကြက်ဖလ္ဖျု သိအ်ဇအော်။ ။ **ပတ္တမရာဟျောတ်**ကောက် ခြည်သိယျေ၊ နွှားလာ သာဖွားစီသော သိဧ။ ထမင် ချောက်စိယ်သော သိဧ။ မိယ်ပုံလောန်ခြင် သိဧ။"

[**ရှားတုံး ဖျားရင်း** သိစေ၏။ မိန်းမ ယောက်ျား **ဦးခေါင်း** သိ၏။ **မြွေဖို မြွေမ** သိ၏။ **ကြက်ဖဖြူ** သိ၏။ **ပတ္တမြားရှစ်ကောက် ချည်သော**၏။ **နွှားလား သားဖွား**စေသော သိ၏။ **ထမင်းချက်**စေသော သိ၏။ **မြေပုံ**လွန်ခြင်း သိ၏။]

၁၄၁ "ပုဟ်ာလောင် စရပ်ပ္လုသော ရဟန်ပုံနာ သူကြွယ် သူ **(ဘျာ)နာ**သောနိယျေ၊ ဥယန်ကာန် အကောက်တစ်ထောင် ဆိပ်တစ်ရျာ့ပ္လုဇ။
၁၄၂ ကာန့်ပ္လုစီသော အခြင် သိဇအ်။ ဥယန့်ပ္လုစိယ်သော အခြင် သိဇ။"

[ဘုရားလောင်း ဇရပ်ပြုသော ရဟန်း ပုဏ္ဏား **သူကြွယ်** သူ**ဖျားနာ**သော နေ၏။ ဥယျာဉ်ကန် **အကောက် တစ်ထောင် ဆိပ်တစ်ရာ**ပြု၏။ ကန်ပြုစေသော **အခြင်း** သိ၏။ ဥယျာဉ်ပြုစေသော အခြင်း သိ၏။]

၁၄၅ "။။ **ပုသင် ဗီ**ခြင် သိပိယျေအ်။"

[**ပုတ်သင် ဗီ**ခြင်း သိပေ၏။]

၁၄၇ "ဥဒုမ္ဗုရဒေဝီ မင်ကြာပိယျေ။ **ပြ္ဓာဟိ**(သော) **အဖုန် ဟိအ်**သောအခြင် **ဖြိ**ယျေ။
၁၄၈ မင်မိယာ ပုဟ်ာလောင်ပန်ဇ၊ ပုဟ်ာလောင် **အမရဒေဝီ** ဖူရုယ္ဆ် ထမင်စာဇအ်။ ယောက္ခမနှင် စကာဆိဝ်ဇ။ အမရ ဒေဝီ ဥခေါင် ထမင်**လိန်**ဇ၊ ယောက္ခမ **ရှုယ်**ပုံပီခရုယျေ **သွော**လိယျေ။
၁၄၉ တံခါသည် ဣမ်အာ အမရဒေဝီ **ငါင်**စိယျေ၊ ပုဟ်ာလောင် မှောက် **အမ္ဗရ**ဒေဝီ **ရာယ်**ငိုဝ်ဇ။ အမ္ဗရဒေဝီနှင် ပုဟ်ာ လောင်နှင် ပြည်ဝာင်ဇ။ ပုဟ်ာလောင်နှင် အမ္ဗရဒေဝီ **ဗိ**သူရှောဝ်အာ သူတစ်ကာ လက်ဆောင်နှပ်ဇအ်။"

[ဥဒုမ္ဗရဒေဝီ မင်းကြားပေ၏။ ပညာရှိသော၊ အဘုန်း ရှိသောအခြင်း **ဖြေ**၏။ **မင်းမယား** ဘုရားလောင်း ပန်၏။ ဘုရားလောင်း အမရာဒေဝီ**ဖူး**၍ ထမင်းစား၏။

**ယောကွမ**နှင့် စကားဆို၏။ အမရာဒေဝီ ဦးခေါင်း **ထမင်းလိမ်း**၏။ **ယောကွမ ရွှေပုံ ပေးချ်၏ သွားလေ၏။ တံခါးသည်** အိမ်အား အမရာဒေဝီ **ငင်**စေ၏။ **ဘုရားလောင်းမှောက် အမရာဒေဝီ ရယ် ငို၏။** အမရာဒေဝီနှင့် ဘုရားလောင်းနှင့် **ပြည်ဝင်၏**။ ဘုရားလောင်းနှင့် အမရာဒေဝီ **ဖီ***သရောအား သူတကာ **လက်ဆောင်နှပ်၏**။]

၁၅၀ "။ သုခမိန်**လိယျော ကျောန်မ**ငှါခိုဝ်ရုယ္သ် နာပိယ် (လှ)။ သုခမိန်လိယျောက် ပုဟ်ာလောက်ိဝ် ဆ္လောဝ်ဇအ်။ ပုဟ်ာလောင် အိုဝ်ထိန်အာ ခစါယျေအ်။"

[**သုခမိန်**လေးယောက် **ကျွန်မငှားခိုး**၍ နာပေလှ။** သုခမိန်လေးယောက် ဘုရားလောင်းကို **ချော**၏။ ဘုရားလောင်း **အိုးထိန်း**အား **ခစား**၏။]

၁၅၁ "အမရဒေဝီ သုခမိန်လိယျောက် ဟရက်မှာ ယူ(စိ)ယျေ။"

[အမရာဒေဝီ သုခမိန်လေးယောက် **ဟရက်*****မှာ ယူစေ၏။]

၁၅၃ "**သိဒ္ဓကတ်**သောအမှုအ် ကြာပီရာ မိယျေ။ သုခမိန်လိယျောက် **အိန်ထာ**ရကာ ထမင်ခြင်သောတင်ထက် **တိပ်ငိ**ဇ။"

---

* လက်ထပ်သည်။

** အနက်မသိသာ။

*** ရှေးမွန်–မစင်။

[**သိုကတ်***သောအမှု ကြားပေရာ မေး၏။ သုခမိန် လေးယောက် **အိမ်ဓားရ**ကား **ထမင်းခြင်သောတင်** ထက် **တိုင်ပင်**၏။]

၁၅၆ “**မင်စူလနိန(င်) ပုံနားကောဝတ်** ဥယန်တွာင် တိင်ပင် ရကာ **ကီ** ပုံနား**ခတွင်** ခီယ်(ပါ)ရှယ်”

[မင်းစူဠနီနှင့် ပုဏ္ဏားကောဝဋ္ဋ ဥယျာဉ်တွင် တိုင်ပင်ရကား **ကျေး** ပုဏ္ဏား**ခံတွင်း** **ချေး**ပါ၍။]

၁၅၈ “ဆိပ်နှင်နှာဝ်သော**သိအိုဝ်** ပုဟ်ာလောင်**ချေင်** ခွယျေ”

[**ဆိပ်**နှင့်**နော**သော**သေအိုး** ဘုရားလောင်း**ချင်း** **ခွဲ**၏။]

၁၆၀ “ပုဟ်ာလောင် ရထာစီရှယ် တရျာစစ် ထွက်ဇ ကောဝတ် လက်အာ ပတ္တမရာချွောဝ်ခရကာ ပုဟ်ာလောင် နှိုပ် လိုက်ဇအ် စစ် ပီရကာ ပုံနာ မြစ်လိုက်ဇအ်။။”

[ဘုရားလောင်း ရထားစီး၍ **တရားစစ်** ထွက်၏။ ကောဝဋ္ဋလက်**အား** ပတ္တမြား**ချော**ခရကား ဘုရားလောင်း **နှိပ်**လိုက်၏။ **စစ်** **ပြေး**ရကား ပုဏ္ဏား **မြစ်လိုက်**၏။]

၁၆၂ “ပုဟ်ာလောင် မင် (ဝိဒေဟာ အမျေက်တုံ)ဇအ် ။။ း ။။ ပုဟ်ာလောင် ကီလျောတ်ဇ။

၁၆၃ ပုဟ်ာလောင် **ရှိယ်ဩ** ကွံပွ(သော)ကြောင်ယျေ။ မင်မိ ကွံ ဆင်တိုက်ဇအ်။ ဝ ။။ **တန်ဆိုဝ်**ခံဇအ်။”

[ဘုရားလောင်း မင်းဝိဒေဟ **အမျက်တုံ**၏။ ဘုရား လောင်း ကျေးလွတ်၏။ ဘုရားလောင်း **ရှေးဦး** **အိမ်ပြု** သောကြောင့်၏ မင်းမိအိမ် **ဆင်တိုက်**၏။ **တံစိုး**ခံ၏။]

* လျှို့ကတ်။

၁၃၊၂၊၁၀။ **ဝေဿန္တရာဇာတ် (ဝေဿန္တရဇာတ်)**

၁၆၉ "**အလှော့တန်ကုပ်**ခြောက်(ပါ) အလှူပီပိယေျ(အ်)"

[**အလှူတင်းကုပ်ခြောက်ပါး** အလှူပေးပေ၏။]

၁၇၂ "ပြသဒါအထက် အလှုပိ(ယ်)သောကြံ့ဧ၊...

၁၇၃ ပုဟ်ာလောင် စာသင်ဇအ်"

[ပြာသာဒ်အထက် အလှူပေးသောကြံ့၏။ ... ဘုရားလောင်း **စာသင်**၏။]

၁၈၃ "အလှူ**ခြောက်နှစ်ယ်ာ ခြောက်နှစ်ယ်ာ**မ္ဘတ် .... ငံတိင်ဩင်ပီရယေျအ် ရိယ့်ခ္လရယေျအ် ပုဟ်ာလောင်နောက်ခိုဝ်ဇ"

[အလှူ**ခုနစ်ရာခုနစ်ရာမြတ်** .... ငံတိုင်အောင်ပေး၍၏ **ရေချ**၍၏ ဘုရားလောင်းနောက်ခိုး၏။]

၁၈၇ "။ ဝ ။ ပုဟ်ာလောင် အမိ**ရှိယ္ဆိုဝ်**ပြီရကာ ရထာစိယ်လိုက်လိယေျအ်"

[ဘုရားလောင်း အမိ**ရှိခိုး**ပြီးရကား **ရထား**စေလိုက်လေ၏။]

၁၈၉ "။ ဝ ။ ပုံနာလိယော့ာက် **အလှူဂြီ**မမီရကာ ပ္လိယ်လိက်ရယေျ မြင်လိယ်စီယ်တောင်ဇအ်"

[ပုဏ္ဏားလေးယောက် **အလှူကြီးမမီ**ရကား ပြေးလိုက်၍၏ **မြင်းလေးစီးတောင်း၏။**]

၁၉၂ "သာငိုဝ်ရကာ သေစ်ပင် **ညောတ်**ပိဧ၊"

[သားငိုရကား **သစ်ပင် ညွတ်**ပေး၏။]

၁၉၅ “**ဥရီရွာဇရပ်**အာ **တစ်ညေန်**ဣပ်ရယ် သွာလိယျေအ်
၁၉၆ တစ်နိယ္အ်တွင်သွာသော **အယောဇနော**သုံဆာယ်ရောက်ဇ
၁၉၇ ထိုဝ်ရှိယ္အ် **တစ္ဆာယ်ငါယူဇနော** လောန်ပြီရကာ မင်ခြောက်
သောင် ပိုအ်ဇ။
၁၉၈ ။ ဝ ။ တာဝ်စ မုဆိဝ်နှစ်ယောက် စောင်ဇ၊”

[**ဦးရီး**ရွာဇရပ်အား **တစ်ညဥ့်အိပ်**၍ သွားလေ၏။ **တစ်နေ့တွင်း**သွားသော **အယူဇနာသုံးဆယ်**ရောက်၏။ ထိုရှေ့တစ်ဆယ့်ငါး**ယူဇနာ** လွန်ပြီးရကား မင်း**ခြောက်သောင်းပို့**၏။ **တောစ မုဆိုး**နှစ်ယောက် **စောင့်**၏။]

၂၀၀ “ပုဟ်ာလောင် ဥပေါင်ကွ္လင် ပိယျေ။
၂၀၁ ပုဟ်ာလောင် **ပြည်ညောင်**နာဇ။
၂၀၂ **နာလီ**မည်သောတောင် လွန်ဇ။
၂၀၃ မုစလိန်မည်သောအိုဝ်* ရောက်လျှောင်အာ။၊
၂၀၄ ခ္လောက်တောင်ခ္လောင်ကြာ သွေားလိယ်လျှောင်အာ။ ဝ ။
၂၀၅ စတုရသပေါက္ခရဏီကာန်လိယ်ထောင် ရောက်အာ။၊
၂၀၆ ထိုဝ်ရှာဝ် သကြာ သင်္ခံပ္လပြုအ်ပိယျေအ်။”

[ဘုရားလောင်း **ဦးပေါင်းကျင်** ပေး၏။ ဘုရားလောင်း ပညောင်**နား**၏။ နာဠိကမည်သောတောင် **လွန်**၏။ မုစလိန်မည်သော**အိုင်** ရောက်လျှင်း**အာ**။ **ချောက်တောင် ချောင်ကြား** သွားလေလျှင်း**အာ**။ **စတုရသပေါက္ခရဏီ ကန်လေးထောင့်**ရောက်**အာ**။ ထိုရော သိကြား သခ်မ်း ပြုပေး၏။]

၂၀၉ “**ကလိင်္ဂရာသ်**ရွာ **ဇူဇေါ**ပုံနာ **ရှူယ်**နှံအေ်
၂၁၀ **ဟုံယ်**နှံသောပျောက်ရကာ သမီ **ဇူစဂါ** ဖံဇအ်။”

---

* အိုင်(?)

[**ကလိင်္ဂရာဇ်**ရှာ **ဓူဇကောပုဏ္ဏား** ရွှေနှံ၏။ ရွှေနှံသော **ပျောက်**ရကား သမီး ဓူဇကာ**ဖမ်း**၏။]

၂၁၂ "။ ပုံနာလုလင်မိယာ **ကြာယ်ရာယ်**အေ်။ ၀ ။ ပုံနာလုလင် မိယာတို္ဂတေ အမိတ္တတာပနာ ရိယ်ခပ်ရာ **ရိယ်ရွောတ်** လိုက်အေ်။ ၀ ။"

[ပုဏ္ဏား**လုလင်** မယား **ကဲ့ရဲ့**၏။ ပုဏ္ဏားလုလင် မယားတို့တည်း **အမိတ္တတာပနာ ရေခပ်**ရာ **ရေရွတ်** လိုက်၏။]

၂၁၅ "သစ်ပင်ထက်နိယ်ရကာ ခုယ်ရကုန်ဇ (မုဆိုဝ်) မွ္ဘာပစ် လိုဝ်ဇ။
၂၁၆ ဓူဇဂါ **ပျာအုံဖူ သတံ** မုဆိုဝ်စာ ပိယျေအ်။။
၂၁၇ ဓူဇဂါ အမိ္ဂန့်ယုံတုံရကာ **ခရိယ်ညောန်**ပိယျေအ်။ ၀ ။
၂၁၈ ဓူဇဂါ **အစန်(တိ)စိုက်**သွာလိယ်ရကာ ရသိယ္ဂအဇ္ဇူတာ ဖူဇ။ ၀ ။
၂၁၉ စစ်ကာဆိုပြီရကာ **ခရီညောန်**ပီတုံအေ်။ ၀ ။
၂၂၀ ဓူဇဂါ **မိုဝ်ချုတ်**ရကာ တောင်ပိုဝ်ထက် ဣပ်ဇ။ ၀ ။
၂၂၁ ထိုဝ်**ညေ္ဂန့်** မဒ္ဒီ **ဣုံမက်**(မက်)အေ်။။
၂၂၂ မဒ္ဒီသာန္ဟာစ်ယောက် သင်္ခံတွင်ထာခရုယျေ ပုဟ်ာလောင် တံခါလေးခေါက်အေ် **ဣမွက်**လေဖတ်အေ်။ ၀ ။"

[သစ်ပင်ထက်နေရကား ခွေးရကုန်၏။ မုဆိုး**မြားပစ်** လို၏။ ဓူဇကာ**ပျားအိမ်ဘူး၊ သားတံ** မုဆိုးစာ ပေး၏။ ဓူဇကာ **အမိန့်**ယုံတုံရကား ခရီးညွှန်ပေ၏။ ဓူဇကာ **အစဉ်တစိုက်** သွားလေရကား ရသေ့အစ္စုတဖူး၏။ စကားဆိုပြီးရကား ခရီးညွှန်ပေတုံ၏။ ဓူဇကာ မိုးချုပ် ရကား တောင်ပို့ထက်အိပ်၏။ ထိုည၌ **မဒ္ဒီ** အိပ်မက် မက်၏။ မဒ္ဒီ သားနှစ်ယောက် သင်္ခမ်းတွင် ထားခ၍၏

ဘုရားလောင်း **တံခါး**လည်း**ခေါက်**၏။ **အိပ်မက်**လည်း **ဖတ်**၏။]

၂၂၄ "သတို္တသာ ပုတ်ပေါင်တွင် ပုန်ဧ။"

[သတို့သား **ပုတ်ပေါင်း**တွင် ပုန်း၏။]

၂၂၆ "ဇူဇဂါလက် ပုဟ်ာလောင် သာနှစ်ယောက်ကိုဝ် ရီခ္ခဧအ်။ ဝ ။"

[**ဇူဇကာလက်** ဘုရားလောင်း **သားနှစ်ယောက်**ကို ရေချ၏။]

၂၃၁ "ဇူဇဂါ**တီ**ရကာ သတို္တသာပ္လီဧ။ ဝ ။

၂၃၂ ပုဟ်ာလောင် တောင်လှာတုံဧအ်။ ဝ ။

၂၃၃ ဇူဇဂါ သတို္တသာခတ်ရုယ္တ် သူယ်လီတုံဧအ်။ ဝ ။"

[ဇူဇကာ**တိမ်း**ရကား သတို့သားပြေး၏။ ဘုရားလောင်း တောင်းလှာ**တုံ**၏။ ဇူဇကာ သတို့သား**ခတ်**၍ သွေးလေတုံ၏။]

၂၃၅ "မိုဝ်ချုတ်ရကာ မယာမဒ္ဒီ ပုဟ်ာလောင် ဝိုက်ဆိုက်နိုယ်သော (လာယျေ)။။"

[မိုးချုပ်ရကား မယားမဒ္ဒီ ဘုရားလောင်း **ငိုက်ဆိုက်နေ** သော လာ၏။]

၂၃၆ "သစ် ကျ္လာ **ခြင်သိယ္တ်** ခရီပိတ်လင္တ်ဧ။ ဝ ။"

[**သစ်၊ ကျား၊ ခြင်္သေ့ ခရီးပိတ်လင့်**၏။]

၂၃၇ "မယာမဒ္ဒီ သတိုဝ်သာကိုဝ် **ဟ်ာ**သောတေ။ ဝ ။

၂၃၈ မယာမဒ္ဒီ လက်ဝါခီယ်ရယျေ သီပြတ်လျေင်အာ။ ။
၂၃၉ သကြာ. .(ပုံ)နာယောင် ဖန်ဆင်ရုယ္ဋ် တောင်ဧ။၊”

[မယားမဒ္ဒီ သတို့သားကို **ရှာ**သတည်း။ မယားမဒ္ဒီ **လက်ဝါးချီ**၍၏ သေပြတ်လျှင်းအာ။ သိကြား . . ပုဏ္ဏားယောင်**ဖန်ဆင်း**၍ တောင်း၏။]

၂၄၃ “ကြာ္လဖ္လုန္ဓစ်ခု ရင်သာမက်ဧ။ ။ ပုံနား ဣမ္မက်နက် ဖတ်ပိယျေ။ ၀ ။
၂၄၄ သတိုဝ်သာတို္ဇကိုဝ်မြင်ရကာ အမတျာတိုဝ် မင်ညီ **သည္ဂယ် ခါဝ်သီ**ဧ။၊ ။၊”

[**ကြာဖြူနှစ်ခု ရင်သား**မက်၏။ ပုဏ္ဏား **အိပ်မက်နက်ဖတ်**ပေး၏။ သတို့သား**တို့**ကိုမြင်ရကား အမတ်ရာတို့ **မင်းညီသိဋ္ဌည်း ခေါ်သိမ်း**၏။]

၂၄၅ “ဇာလီကုမာရ် **ကန္ဓာ**(ဇိန်) **အဖိုဝ်အဖိယ်** တာင်ထက် နိယ်ရုယ္ဋ်”

[**ဇာလီကုမာရ်၊ ကဏှာဇိန် အဘိုးအဘေး တင်ထက်** နေ၍။]

၂၄၆ “ဆင်မြင်ကစသော ရှုယ်ငုယ်ပုဆိုဝ်(ရတ)နာ တစ်ရျာ တစ်ရျ(ာ) သုံရုယ္ဋ် မောင်(မတ)စ်(ကာ) ဇူဇကာစာပိယျေ စာလောန်… (ခ)ဧ။၊ ။၊”

[ဆင်မြင်း**ကစ**သော ရွှေ၊ ငွေ၊ ပုဆိုး၊ ရတနာ **တစ်ရာ တစ်ရာသုံး**၍ **မောင်းမတကာ** ဇူဇကာစားပေး၏။ **စားလွန်**… ခ၏။]

၂၄၈ “မင်ညီ(သ)ည္ဂယာ ္လမီယ်နှစ်ယောက် အမိန္ဒ်နာ(ပြီ) ရကာ။၊ ၀ ။၊

၂၄၉ ... တိုင်ဩင် ခရီပ္ပုဇ(အ်)”

[မင်းညီသိဠည်း **မြေး**နှစ်ယောက် **အမိန့်နာ**ပြီးရကား ... တိုင်အောင် **ခရီးပြု**၏။]

## ၁၊၃၊၃။ ပုဂံမြို့ မင်းနန်သူရွာ ဝိနည်းဓိုရ်ဘုရားစု၌ ဘုရားနံပါတ် ၃၃၈ အတွင်းရှိ မင်စာများ

### ၁၊၃၊၃၊၁။ (အနောက်မုခ်၊ မြောက်နံရံ)

၁ “။ အမျှိုဝ်သ္မီသည် သ္ခိင်ရဟ(န်)ကိုဝ် **ကြညိုဝ်**ရယ် **ပျ(န်)**ထက် ပုဆိုဝ်ခ(င်ရ)ယ်ပိယ်ရသောအကွ္လုဝ်ဖ္လင် တာဝတိသာန္လိုက် ၁၂ယူဇနာသော **ရှုယ်ပိမန္တ(င်) စည္တိ** (ခံ)စာဇ။”

[**အမျိုးသမီး**သည် သခင်ရဟန်းကို **ကြည်ညို**၍ **ပျဉ်ထက်** ပုဆိုး**ခင်း**၍ပေးရသော**အကျိုးဖြင့် တာဝတိံသာ**၌ ၁၂ ယူဇနာသော **ရွှေဗိမာန်**တွင် **စည်းစိမ်ခံစား**၏။]

၂ “။အမျှိုဝ်သ္မီသည် **သ္ခိင်သာရိပုတြာ**ကိုဝ် **(ပ)န်လင်** လှူရသော (အ)ကွ္လိုဝ်ဖ္လင် တာဝတိသာန္လိုက် အစောက် အယူဇနာ (၁၂၀)သော ရှုယ်ပိမန္တင် **စည္တိမ်**ခံစာဇအေ်။”

[အမျိုးသမီးသည် **သခင်သာရိပုတ္တရာ**ကို **ပလ္လင်**လှူရသောအကျိုးဖြင့် တာဝတိံသာ၌ **အစောက်** အယူဇနာ (၁၂၀)သော ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

### ၁၊၃၊၃၊၂။ (တောင်နံရံ)

၄ “အမျှိုသ္မီသည် သ္ခိင်ရဟာန်**ဆွံ**ပိယ်သော ယပ်ယပ်ရယ် ကွ္လည်ရသောအကွ္လိုဝ်ဖ္လင် တာဝတိသာန္လိုက် **သကြာ**မယာ ဖ္လစ်ရ(ယ် အရံ) ၁၀၀နှင်ခြံရံလျက် ရှုယ်ပိမန္တင် စည္တိ ခံစာဇအေ်။”

[အမျိုးသမီးသည် သခင်ရဟန်း**ဆွမ်းပေး**သော် **ယပ်ယပ်၍ ကျွေးရသော**အကျိုးဖြင့် တာဝတိံသာ၌ **သိကြားမယား**ဖြစ်၍ အရံ ၁၀၀ နှင့်**ခြံရံလျက်** ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၅ "။**မိယ္ဖ**တစ်ယောက်သောသည် သ္ခိင်ရဟန်ကိုဝ် ခါပန်လျူရသောအက္လိုဝ်လ္ဖင် တာဝတီသာန္ဟိုက် သကြာမယာလ္ဖစ်ရယ် အရံ ၁၀၀၀နှင်ခြံရံလျက် ရှုယ်**ပိမန်**တွင် **စိည်စိမ်**ခံစာဧ။"

[မိန်းမတစ်ယောက်သောသည် သခင်ရဟန်းကို **ခါးပန်း**လှူရသောအကျိုးဖြင့် တာဝတိံသာ၌ သိကြားမယားဖြစ်၍ အရံ ၁၀၀၀နှင့်ခြံရံလျက် ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၆ "။အမ္ဟိုဝ်သ္မီသည် သ္ခိင်ရဟန်ကိုဝ်အာ မီဖုန်ပိယ်ရသောအက္လိုဝ်လ္ဖင် တာဝတီသာန္ဟိုက် သကြာမယာလ္ဖစ်ရယ် အရံ ၁၀၀၀နှင်ခြံရံလျက် ရှုယ်ပိမန်တွင် **စည်စိမ်ခမ်**စာဧ။"

[အမျိုးသမီးသည် သခင်ရဟန်း**ကိုအား မီးဖုန်းပေး**ရသောအကျိုးဖြင့် တာဝတိံသာ၌ သိကြားမယားဖြစ်၍ အရံ ၁၀၀၀နှင့်ခြံရံလျက် ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၈ "။**သင္ဒိ(ယ်)သ္မီ**သည် မိယ္ဖအ(လ္ဖစ်)ကာ ယုတ်စွာဟုရယ် ပစ္စေကဗုဒ္ဓါကိုဝ် ဆွမ်နှင်ကြာစည်(လှူ)ရယ် ယောကျာအလ္ဖစ်လိုဝ်ဟူ ဆုတောင်ရကာ တာဝတီသာန္ဟိုက် **နသာာ** လ္ဖစ်ရယ် ရှုယ်ပိမန်တွင် စည္ဓိ**ခါ**စာဧ"

[**သူဌေးသမီး**သည် မိန်းမအဖြစ်ကား **ယုတ်စွာ**ဟူ၍ **ပစ္စေကဗုဒ္ဓါ**ကို **ဆွမ်းနှင့်ကြာစည်း**လှူ၍ **ယောကျ်ား**အဖြစ်လိုဟု **ဆုတောင်း**ရကား တာဝတိံသာ၌ **နတ်သား** ဖြစ်၍ ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၉ “။**အမျှိဝ်သာ** သ္ခိင်သဃ်ာအာ **ရိယ္သိဖန်**အတိုင်မူရယ် နိယ်စိယ်အက္လိုဝ်ဖ္ဒင် တာဝတိံသာန္ဒိက် ၁၂ယူဇနာသော ရှူယ်ပိမန်တွင် အရံ၁၀၀၀နှင် **စည္ဒိ**(ခံစာဇ)။”

[**အမျိုးသား** သခင်**သံဃာ**အား **ရေသဖန်း**အတိုင်းမူ၍ နေစေအကျိုးဖြင့် တာဝတိံသာ၌ ၁၂ယူဇနာသော ရွှေဗိမာန်တွင် အရံ ၁၀၀၀နှင့် စည်းစိမ်ခံစား၏။]

၁၀ “။သူ**ဆငြယ်**တ(ယော)က်သောသည် **နှ္လုံ**ကြည်ညိုဝ်စွာ သ္လဖ္ဒင် **မိမိဓာဖိုဝ်**မုန်ကိုဝ် ပုရှာအာလှျုရသောအက္လိုဝ်ဖ္ဒင် ၉၂ကမ္ဘာ **ဆိုဝ်ငြာယ်**မသိ စည္ဒိမ်ခံစာဇ။”

[**သူဆင်းရဲ**တစ်ယောက်သောသည် **နှလုံးကြည်ညိုစွာ သဖြင့် မိမိစားဖို့မုန့်**ကို ဘုရားအားလှူရသောအကျိုးဖြင့် **၉၂ကမ္ဘာ ဆင်းရဲမသိ** စည်းစိမ်ခံစား၏။]

၁၁ “။ဆိုဝ်ငြယ်စွာသော ယောကျာတယောက်သောသည် ပုရှာ ကိုဝ်ကြည်ညိုဝ်သ္လဖ္ဒင် **မိမိဝသော** ပုဆိုဝ်ထက်ဝက်သောကိုဝ် လှျုသောအက္လိုဝ်ဖ္ဒင် ၉၂ကမ္ဘာ **ဆိုဝ်ငြယ္ဒသိ** စည္ဒိမ်ခံဇ။”

[**ဆင်းရဲစွာ**သော ယောကျ်ားတစ်ယောက်သောသည် ဘုရားကိုကြည်ညိုသဖြင့် **မိမိဝတ်သော ပုဆိုးထက်ဝက်** သောကို လှူသောအကျိုးဖြင့် ၉၂ကမ္ဘာ ဆင်းရဲမသိ စည်းစိမ်ခံ၏။]

၁၂ “။မင်ဥယန်စောင်သည် အခါမဟုတ်သော သီသော သိရျက်မှည် ၄လုံသောကိုဝ် **သ္ခိင်မောဂ္ဂလန်**ကိုဝ် လှျုရ သော အက္လိုဝ်ဖ္ဒင် တာဝတိံသာန္ဒိက် ၁၆ယူဇနာ ရှူယ်ပိမန်တွင် စည်စိမ်ခံစာရဇအ်။”

[မင်း**ဥယျာဉ်စောင့်**သည် **အခါမဟုတ်သော သီးသော သရက်မှည့် ၄လုံးသော**ကို **သခင်မောဂ္ဂလ္လာန်**ကို လှူရ

သောအကျိုးဖြင့် တာဝတိံသာ၌ **၁၆ယူဇနာ** ရွှေဗိမာန် တွင် စည်းစိမ်ခံစားရ၏။]

၁၃ "။ သဒ္ဓါစွာသော **သ္တင်**သည်သည် တောင်ထက် **ဂန္ဓကုဋိယ်** ပ္လုရှယ် ပုရှာသ္ခိင်ကိုဝ် က္လည်ရသောအက္လိုဝ်လ္ဖင် တာဝတိသ်ာန္လိုက် အထုထုသော ရတနာရောင်ခြည််ဖ္လင် တောင်*ထသော ရှယ်တောင်အထိပ်န္လိုက်ဟိသော ပိမန္တွင် စည္တီခံစာဇ"

[**သဒ္ဓါ**စွာသော **သီတင်းသည်**သည် **တောင်ထက် ဂန္ဓကုဋီ**ပြု၍ **ဘုရားသခင်**ကို ကျွေးရသော အကျိုး ဖြင့် တာဝတိံသာ၌ အထူးထူးသော **ရတနာရောင်ခြည်** ဖြင့် **တောက်ထ**သော **ရွှေတောင်အထိပ်**၌ရှိသော ဗိမာန် တွင် စည်းစိမ်ခံစား၏။]

၁၅ "။ သ္တင်သည်တယောက်သောသည် အရံနှင်အကွသွော သော သ္ခိင်သာရိပုတြာ မောဂ္ဂလန်ကိုဝ်မြင်ရှယ် ခြိယ်ဆိယ် ရိယ် ခြိယ်ဆီကိုဝ် လှုုရသောအက္လိုဝ်လ္ဖင် တာဝတီသာန္လိုက် ၁၂ယူဇနာသော ရှယ်ပိမန္တွင် စည္တီခံစာဇအ်။"

[သီတင်းသည်တစ်ယောက်သောသည် အရံနှင့်အကွ သွား သော သခင်သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်ကိုမြင်၍ **ခြေဆေး ရေ ခြေဆီ**ကို လှူရသောအကျိုးဖြင့် တာဝတိံသာ၌ ၁၂ ယူဇနာသော ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၁၊၃၊၃၊၃။ **(ခုံးအတွင်းမျက်နှာ)**

၁၆ "။ **ပန်ဖယ်**တယောက်သောသည် ပုရှာ(ကိုဝ်) ကြည်ိုဝ် သ္လဖင် အပ်လှုုရသောအက္လိုဝ်လ္ဖင် ၈၂ကမ္ဘာ ဆိုဝ်ငြာယ်

---

* တောက်ဟုရေးလိုဟန်တူသည်။

(အ)မှန်မသိ **ပူဖန်**သောမသိ **ပြည်ညာ**နှင့်ပ္ပည်စုံ(လျက်) စည်စိမ်**ခမ်စာ**အေ်။”

[**ပန်းပဲ**တစ်ယောက်သောသည် ဘုရားကိုကြည်ညိုသဖြင့် **အပ်**လှူရသောအကျိုးဖြင့် ၉၂ ကမ္ဘာ **ဆင်းရဲအမှန်းမသိ**၊ **ပူပန်သောမသိ**၊ **ပညာနှင့်ပြည့်စုံလျက်** စည်းစိမ်ခံစား၏။]

၁၇ “။ ဿွင်သည်တယောက်(သောသည်) သဃ်ာတိုဝ် ဆွံခံ သော ခရီနိုက် **မ္ဝိ(ယ်)ငိ**သ ဆူပယ်သကစသော ခရွှပျုရုယ် တတ်အာသောတိုင် အလှူပိယ်(သော)ဿွင်သုံသောအက္လိုဝ် ဖ္လင် တာဝတိသ်ာနိူက် ပတ္တမြာအထွတ်မူသော (၁၂) **ယူစနာ**သောပိမန်တွင် စည်စိမ်ခံစာရသော ဟုတ်တာ”

[သီတင်းသည်တစ်ယောက်သောသည် သံဃာတို့ **ဆွမ်းခံ** သောခရီး၌ **မြေညီသော**၊ **ဆူးပယ်သော**ကစသော **ခရီး ပြု၍ တတ်အားသောတိုင်း** အလှူပေးသော၊ သီတင်း သုံးသောအကျိုးဖြင့် တာဝတိံသာ၌ **ပတ္တမြားအထွတ်မူ သော** (၁၂)ယူဇနာသောဗိမာန်တွင် စည်းစိမ်ခံစားရသော **ဟုတ်တာ**။]

၁၈ “။ ဆိုဝ်ငြာယ်စွာသော သူတစ်ထူအာခစရုယ် အသက် မွိယ်သော ဿွင်သည်သည် အိမ်မထောင်မူရုယ် အမိအဖ ကိုဝ်မွိယ်ရုယ် ဿွင်သုံသော အလှူပိယ်သောအက္လိုဝ်ဖ္လင် တာဝတိံသာနိူက် ၁၂ယူဇနာသော ရှုယ်ပိမန်တွင် စည်စိမ် ချမ်သာ မီမီအသက်တအတိုင် **စာည်စီမ်**ခံစာ၉။”

[ဆင်းရဲစွာသော၊ **သူတစ်ထူး**အား**ခစား**၍ **အသက်မွေး** သော သီတင်းသည်သည် **အိမ်မထောင်**မူ၍ **အမိ အဖကိုမွေး**၍ သီတင်းသုံးသော၊ အလှူပေးသောအကျိုး ဖြင့် တာဝတိံသာ၌ ၁၂ယူဇနာသော ရွှေဗိမာန်တွင်

စည်းစိမ်ချမ်းသာ **မိမိအသက်တာအတိုင်း** စည်းစိမ်ခံစား၏။]

၁၃၂၃၄။ **(တောင်စမုတ်၊ ခုံးအောက်မျက်နှာ)**

၂၄ “။ **ခုနှစ်**နှစ်ဟိသော သတိုဝ်သာသည် **ပုရှာပွိင်**သော **ပျာတောက်**ဗောဓိကိုဝ်စိုက်ရုယ် လုပ်ကွ္လည်**ပုဇဝ်**ရကာ ၉၂ ကမ္ဘာ ဆိုဝ်ငြာယ္မသိ စည္တိခံဧ။”

[**ခုနစ်နှစ်**ရှိသော သတို့သားသည် **ဘုရားပွင့်**သော **ပိတောက်ဗောဓိ**ကိုစိုက်၍ **လုပ်ကျွေးပူဇော်**ရကား ၉၂ ကမ္ဘာ ဆင်းရဲမသိ စည်းစိမ်ခံ၏။]

၂၈ “။ အမ္လိုဝ်သာသည် စေတီ**တန္လှင်**နှိုက် တန္လှင်လှည်သော မ္လိယ်ကွ္လံသကစသော ကောင်မှုကိုဝ်မူရုယ် သ္တင်သုံသ တြျာနာသအကွ္လိုဝ်လ္ဖင် တာဝတိသာနှိုက်လ္ဖစ်ဧ၊”

[အမျိုးသားသည် **စေတီတန်လင်း**၌ **တန်လင်းလှည်းသော**၊ **မြေကျုံ**သောကစသော ကောင်းမှုကိုမူ၍ သီတင်းသုံးသော၊ **တရားနာ**သောအကျိုးဖြင့် တာဝတိံသာ၌ ဖြစ်၏။]

၂၉ “။ သ္တင်သည်တယောက်သည် စေတီနှိုက် သူတိုဝ်ပူဇဝ်သောပန်ကိုဝ် လှမစောက်စီရသောအကွ္လိုဝ်လ္ဖင် တာဝတီသာနှိုက် ၁၂ယူဇနာသော ရှုယ်ပိမန္တင် လ္ဖစ်လိယ်ဧအ်။”

[သီတင်းသည်တစ်ယောက်သည် စေတီ၌ သူတို့ပူဇော်သော **ပန်း**ကို **လှမစောက်စီ**ရသောအကျိုးဖြင့် တာဝတိံသာ၌ ၁၂ယူဇနာသော ရွှေဗိမာန်တွင် ဖြစ်လေ၏။]

၃၀ “မိစ္ဆာဒိဋ္ဌိဇ **ကြံ့ရျာ**စောင်သည် သ္ခိင်ရဟာန်ကိုဝ် ကြံ့ပင် **ထက္ကနာ့လ္ပုူရှယ္ကိန်**စိယ်ရသောအက္လိုဝ််လ္ဖင် တာဝတိံသာနှိုက် ရှုယ်ပိမန္တ္ဟင် စည္တိခံစာဇအော်။”

[**မိစ္ဆာဒိဋ္ဌိ**၏ **ကြံ့ယာစောင့်**သည် သခင်ရဟာန်းကို **ကြံ့ပင်** ထက်**ကနား**ပြု၍**ကိန်း**စေရသောအကျိုးဖြင့် တာဝတိံသာ၌ ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၃၂ “။ **ဘါစိမ်**တခုသောသည် ပုဟ်ာ တရျာဟာဝ်ရာနှိုက် ပရိသတ်အစွန်ဝပ်ရှယ် တြျာအသံသာနာသောတေ နွာထိန် လှည်တန္တောက်မိရှယ္သိယ်ရကာ **နတြွာ** ၁၂ယူဇနာ ဟိသော ပိမန္တ္ဟင် စည္တိခံစာဇ။”

[**ဖားစိမ်းတစ်ခု**သောသည် ဘုရား **တရားဟော**ရာ၌ **ပရိသတ်အစွန်ဝပ်**၍ **တရားအသံသာနာ**သောတည်း **နွားထိန်း လှည်းတံထောက်**မိ၍ **သေ**ရကား နတ်ရွာ ၁၂ ယူဇနာရှိသော ဗိမာန်တွင် စည်းစိမ်ခံစား၏။]

၃၃ “။ လယ်စောင်သည် **နာကြင်**သော သ္ခိင်ရဟာန်အာ လဲတွင် ပုစွန်အရသာနှင်ထွမ်လှူရသောလ္ဖင် တာဝတိံသာ နှိုက် ၁၂ယူဇနာသော ပတ္တမြာအသည်မူသော ရှုယ်ပိမန္တ္ဟစ်ည္တိ ခံစာဇ။”

[**လယ်စောင့်**သည် **နာကျင်**သော သခင်ရဟာန်းအား လယ်တွင် **ပုစွန်အရသာနှင့်ထမင်း**လှူရ**သောဖြင့်** တာဝတိံသာ၌ ၁၂ယူဇနာသော ပတ္တမြား**အသည်**မူသော ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၃၅ “။ နွာကျွောင်သာတယောက်သောသည် နံနက်စာငှါ **မူယဝ်** ထွမ်လုပ်ယူခရှယ် နွာကျွောင်ရာနှိုက် သ္ခိင်

မောဂ္ဂလန်ကိုဝ် ကြည်ညိုဝ်သလ္ဖင် မူယဝ်ထွင်ပိရုယ် မြုယ် **ဆွတ်**ရုယ်သိယ်ခရုယ် တာဝတိံသာန္ဒိုက် ၁၂ ယူစနာသော ရှုယ်ပိမန္တင် စည္တိခံစာဧ။”

[**နွားကျောင်းသား**တစ်ယောက်သောသည် **နံနက်စာငှာ မုယောထမင်း**လုပ်ယူခ၍ **နွားကျောင်း**ရာ၌ သခင် မောဂ္ဂလ္လာန်ကို ကြည်ညိုသဖြင့် မုယောထမင်းပေးရ၍ **မြွေဆွပ်**၍သေခ၍ တာဝတိံသာ၌ ၁၂ ယူဇနာသော ရွှေဗိမာန်တွင် စည်းစိမ်ခံစား၏။]

၃၉ “။ **မူဆိုဝ်**တယောက်သောသည် ပုရှာသ္ခိင်ကိုဝ် ကြည်ညိုဝ် သလ္ဖင် ကြာစွယ်လက်စွယ်ရုယ် (ပိယ်)ရသောအကွိုဝ်လ္ဖင် … ဆိုဝ်ငြယ္မသိ စည္တိခံစာဧ။”

[**မုဆိုး**တစ်ယောက်သောသည် ဘုရားသခင်ကို ကြည်ညို သဖြင့် **ကြာစွယ်လက်စွဲ**၍ ပေးရသောအကျိုးဖြင့် … ဆင်းရဲမသိ စည်းစိမ်ခံစား၏။]

၄၀ “(။ တဝ်တွင်) နိယ်သော မုဆိုဝ်တယောက်သောသည် ပုန်ညက်ပွင်သောကိုဝ်မြင်ရုယ် ပုံ ပုထိုဝ်လ္ပုရုယ် ပုရှာသ္ခိင် ကြည်ညိုဝ်ရုယ် ပုဇဝ်ရသောအကွိုဝ်လ္ဖင် ၉၂ ကမ္ဘာ ဆငြယ် (မ)သိ စည်စိမ်ခံဧအေ်။”

[**တောင်**တွင် နေသော မုဆိုးတစ်ယောက်သောသည် **ပုန်းညက်**ပွင့်သောကိုမြင်၍ ပုံ**ပုထိုး**ပြု၍ ဘုရားသခင် ကြည်ညို၍ ပူဇော်ရသောအကျိုးဖြင့် ၉၂ ကမ္ဘာ ဆင်းရဲ မသိ စည်းစိမ်ခံ၏။]

၄၁ “။ **ဗေတင်တသောာ**ပုံနာသည် **ပဒုမဒ္ဒိုရ်**ပုရှာသ္ခိင်ကိုဝ် **ကံကဝ်သနိုဝ်**လ္ဖင် ပုဇဝ်ရသောအကွိုဝ်လ္ဖင် ၃၂ကမ္ဘာ ဆငြာယ်မသိ စည်စီမ်ခံစာရဧအေ်။”

[**ဗေဒင်တတ်သောပုဏ္ဏားသည် ပဒုမုတ္တရ**ဘုရားသခင်ကို **ကံ့ကော်သာနီး**ဖြင့် ပူဇော်ရသောအကျိုးဖြင့် ၃၂ကမ္ဘာဆင်းရဲမသိ စည်းစိမ်ခံစားရ၏။]

၁၊၃၊၃၊၅။ **(မြောက်နံရံ၊ အခန်းအနောက်မြောက်ထောင့်)**

"။ **ပုဿ သိဿျာ**ပင်အာ ပွင်ဧ။"

[**ဖုဿ သျှိသျှားပင်**အား ပွင့်၏။]

၁၊၃၊၃၊၆။ **(အနောက်နံရံ၊ အခန်းအရှေ့မြောက်ထောင့်)**

"။ ကဿပ **ပြည်ညောင်**ပွင်ဧ။"

[**ကဿပ ပညောင်**ပွင့်၏။]

"။ ဂေါတမ ညောင်**ဗုတ္တဟိယ်**ပွင်။"

[**ဂေါတမ ညောင်ဗုဒ္ဓဟေ**ပွင့်။]

၁၊၃၊၃၊၇။ **(တောင်နံရံ၊ အခန်းအနောက်တောင်ထောင့်)**

"။ အပ္ပမာနသုဘာဗြဟ္မာအသက္ကာ ၃၂ **ကံဘာ**။ ယာမာနတ် အသက္ကာ ၂၀၀၀ လူ္ဖွင်မူကာ အကုဋ္ဌိယ် ၄၄၀၀၀၀၀၀ ဟိလိယ်ဇအ်။

။ တုဿိတာနတ် အသက္ကာ ၄၀၀၀ ဟိဧ လူ္ဖွင်မူကာ အကုဋ္ဌိယ် ၅၇၆၀၀၀၀၀၀ ဟိလိယ်ဧ"

[အပ္ပမာဏသုဘာဗြဟ္မာ **အသက်**ကား ၃၂ကမ္ဘာ၊ **ယာမာနတ်**အသက်ကား ၂၀၀၀၊ လူဖြင့်မူကား **အကုဋေ** (၁)၄၄၀၀၀၀၀၀ ရှိလေ၏။ **တုသိတာ**နတ် အသက်ကား ၄၀၀၀ ရှိ၏။ လူဖြင့်မူကား အကုဋေ ၅၇၆၀၀၀၀၀၀ ရှိလေ၏။]

၁၃၄၄။ **ဝိနည်းဓိုရ်ဘုရားမင်စာ**

၁၃၄၄၊၁။ **(မြောက်နံရံ၊ အရှေ့မြောက်ထောင့်)**

"။ ပုရှာမိဖွာ နံတောင် ဆင်ဖ္လုဟုယ် မက်၏"

[ဘုရား**မိဖွား နံတောင်း ဆင်ဖြူတော့** မက်၏။]

"။ ပုရှာမိဖွာ အနဝတတ်အိုဝ်*နှိုက် ရိယ်ခ္လိုဝ်မက်၏။"

[ဘုရားမိဖွား **အနဝတတ်အိုင်**၌ **ရေချိုး**မက်၏။]

"။ ပုရှာသ္ခိင် **နတ္တိုဝ်**အာ ယမိုက်**ပြာတဟါ** မူပိယ်အေ်"

[ဘုရားသခင် နတ်တို့အား **ယမိုက်ပြာငြိုဟာ**မူပေ၏။]

"။ မျောက် ပျာလှျု၏၊ ဆင်ဖ္လုပလလည်ကွ္လည်၏။"

[**မျောက် ပျား**လှူ၏။ ဆင်ဖြူ**ပလလည်း**ကျွေး၏။]

၁၃၄၄၊၂။ **(အရှေ့နံရံ၊ အရှေ့မြောက်ထောင့်)**

"။ သူတိုဝ် ကွ္လောက်ဖျာကွ္လအံဟု ကြောက်၏"

[သူတို့ **ကျောက်ဖျာ**ကျအံ့ဟု **ကြောက်**၏။]

"။ ပုရှာသ္ခိင် ထံစင်စီရယ် **မတ္တကုစ္တိ**သိုဝ်လါ၏။"

[ဘုရားသခင် **ထမ်းစင်စီး**၍ **မဒ္ဒကုစ္ဆိ**သို့လာ၏။]

"။ ပုရှာဖ္လစ်ဦ ရာဇဂြိုဟ်ပြည်သိုဝ် ဝင်အေ်။"

[**ဘုရားဖြစ်ဦး ရာဇဂြိုဟ်ပြည်**သို့ ဝင်၏။]

---

* အိုင်(?)

၁၃၊၄၊၃။ **(အရှေ့နံရံ၊ အရှေ့တောင်ထောင့်)**

“။ (ဗောမိ)ပင်္ကိုဝ် (နတ်တိုဝ်ပုဇာဝ်ဒအ်။)”
[**ဗောဓိပင်**ကို နတ်တို့ပူဇော်၏။]

“(။ ပုရှာသ္ခိင် **အကြိုင်**တာဝ်နှိုက် သမာပတ်ဝ)င်ဧ(အ်)”
[ဘုရားသခင် **အင်ကြင်းတော၌ သမာပတ်ဝင်**၏။]

“။ ပုရှာလောင် နွာနိုဝ်ထမင် စာဒအ်။”
[ဘုရားလောင်း **နွားနို့ထမင်း** စား၏။]

“။ **ကာဠ**မည်သော နာဂါမင်အိပ်ရာ ရှုယ်ခွက်က္လဧ”
[**ကာလ**မည်သော **နဂါးမင်းအိပ်ရာ ရွှေခွက်ကျ**၏။]

“။ နေရည္ဒရာမ္လစ်နှိုက် ရှုယ်ခွက်ပစ်ဧ။”
[**နေရဥ္စရာမြစ်**၌ **ရွှေခွက်ပစ်**၏။]

“။ သောတ္ထိယမြက်သည် မြက်ရ(ဆု)ပ် လှုဒအ်။”
[**သောတ္ထိယမြက်သည် မြက်စဆုပ်** လှူ၏။]

“။ **ဖင်**တောင်ထက်သွာ မက်သော**အိမ်မက်**။”
[**ဘင်တောင်ထက်**သွား မက်သောအိပ်မက်။]

“။ ချက်တိုင်နှိုက် **နိယ္ဓာယောက်**မက်သ။”
[**ချက်တိုင်**၌ **နေစာရောက်**မက်သော။]

"။ ငှာက်အယောင်ငှပါ ငှက်ဖ္လူမြင်မက်သ။"

[**ငှက်အရောင်***ငှပါး **ငှက်ဖြူ**မြင်မက်သော။]

"။ ပုဆစ်**ယှူယ် လောက်ဖ္လူ**တက်မက်သော။"

[**ပုဆစ်ရွှေ လောက်ဖြူ**တက်မက်သော။]

၁၃၄၄။ **(တောင်နံရံ၊ အရှေ့တောင်ထောင့်)**

"။ ပုရှာလောင်အစန်စန် ဆွံခမ်စာအေ်။"

[ဘုရားလောင်း**အစဉ်စဉ် ဆွမ်းခံစား**၏။]

"။ ပုရှာလောင် **တုက္ကစိရှာ**ကျင်ဧအ်။"

[ဘုရားလောင်း **ဒုက္ကရစရိယာကျင့်**၏။]

"။ ပုရှာလောင်ကိုဝ် သုဇာတာ နွာနိုဝ်ထမင်လှူဧ"

[ဘုရားလောင်းကို **သုဇာတာ နွားနို့ထမင်း**လှူ၏။]

၁၃၄၅။ **(တောင်နံရံ၊ အနောက်တောင်ထောင့်)**

"။ ဤကာ သုဇာတာ နွာနိုဝ်**ညှတ်**ရာအရပ်တေ။"

[ဤကား သုဇာတာ **နွားနို့ညှစ်**ရာ**အရပ်**တည်း။]

"။ သုဇာတာ ကျွန်မိယ်မနှင် **ပလိ**အစာပိယ်ဧ။"

[သုဇာတာ **ကျွန်မိန်းမ**နှင့် **ဗလိအစာ**ပေး၏။]

---

* မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ ၂၆၆ တွင် ညို၊ ရွှေ၊ နီ၊ ရော် လေးဖော် သောအဆင်းရှိကြသည့် ငှက်လေးမျိုးဟု ပြထားသည်။

၁၃၄၆။ **(အနောက်နံရံ၊ အနောက်တောင်ထောင့်)**

"။ ဥရုဝေလကဿပကိုဝ် ပုရှာအိပ်အံဟု အခွင်တောင်အေ်။"

[ဥရုဝေလကဿပကို **ဘုရားအိပ်**အံ့ဟု **အခွင့်တောင်း**၏။]

၁၃၄၇။ **(မြောက်နံရံ၊ အနောက်မြောက်ထောင့်)**

"။ ပုရှာလောင် မြင်စီရုယ် တဝ်ထွက်အေ်။"

[ဘုရားလောင်း **မြင်းစီး**၍ **တောထွက်**၏။]

၁၃၄၈။ **(တောင်နံရံ၊ အရှေ့တောင်ထောင့်)**

"။ **တဏှင်္ကရ်ရော**ပုရှာ **စည်ရာည်**ပင် ပွင်အေ်။"

[**တဏှင်္ကရာဘုရား စရည်းပင်** ပွင့်၏။]

"။ **မေထင်္ကရော**ပုရှာ ပေါက်ပင် ပွင်ဧ။"

[**မေဓင်္ကရာဘုရား ပေါက်ပင်** ပွင့်၏။]

"။ **သရဏင်္ကရော**ပုရှာ **ညောင်ချန်** ပွင်အေ်။"

[**သရဏင်္ကရာဘုရား ညောင်ချဉ်** ပွင့်၏။]

"။ **ဒီပင်္ကရော**ပုရှာ ညောင်ကြတ် ပွင်ဧ။"

[**ဒီပင်္ကရာဘုရား ညောင်ကြတ်** ပွင့်၏။]

"။ **ကောဏ္ဍည်**ပုရှာ သာလကလျာဏီ ပွင်ဧ။"

[**ကောဏ္ဍညဘုရား သာလကလျာဏီ** ပွင့်၏။]

၁၊၃၊၄၊၉။ **(အနောက်နံ့ရံ၊ အနောက်မြောက်ထောင့်)**

“။ ပိယဒဿီ **ရိယ်ခန္တက်** ပွင်ဧအ်။”

[**ပိယဒဿီ ရေခံတက်** ပွင့်၏။]

“။ အတ္ထဒဿီ စံကာပင် ပွင်ဧအ်။”

[**အတ္ထဒဿီ စံကားပင်** ပွင့်၏။]

၁၊၃၊၄၊၁၀။ **(မြောက်နံ့ရံ၊ အနောက်မြောက်ထောင့်)**

“။ **တိဿော ဗျာတောက်ပင်** ပွင်ဧအ်။”

[**တိဿ ပိတောက်ပင်** ပွင့်၏။]

“။ ဝိပဿီ **သစ်ခဝတ်** ပွင်ဧအ်။”

[**ဝိပဿီ သခွတ်** ပွင့်၏။]

၁၊၃၊၄၊၁၁။ **(မြောက်နံ့ရံ၊ အရှေ့မြောက်ထောင့်)**

“။ သိခိ **သီရျက်လ္ဖျု** ပွင်ဧ။”

[**သိခီ သရက်ဖြူ** ပွင့်၏။]

“။ ဝေဿဘူ အင်ကြျင်ပင် ပွင်ဧအ်။”

[**ဝေဿဘူ** အင်ကြင်းပင် ပွင့်၏။]

“။ ကကုသန် **ကုတ္တုဝ်** ပွင်ဧအ်။”

[**ကကုသန် ကုက္ကို** ပွင့်၏။]

“။ **ဂေါနာဂိမ် ရိယ္သိဖန်** ပွင်ဧ။”

[**ကောဏာဂုံ ရေသဖန်း** ပွင့်၏။]

"။ **မိတ္တရျာ**ပုရှာလောင်အဇိတ **ဗျာဒေသသ**ခံဇ။"

[**မေတ္တေယျ**ဘုရားလောင်း**အဇိတ** **ဗျာဒိတ်**ခံ၏။]

၁၃၊၅။ **ဇေယျသူရ(စည်သူမင်းကြီး) [သက္ကရာဇ် ၅၃၉]**
**ဥယျာဥ်ကြီးဘုရားရှိမင်စာ အမှတ်–၅**

၁၃၊၅၊၁။

၁ "နမော တဿ ဘဂ္ဂဝတော အရဟာတော သမ္မာ သမ္မုဒ္ဓဿ"

[**နမော တဿ ဘဂဝတော အရဟာတော သမ္မာ သမ္မုဒ္ဓဿ။**]

၁၃၊၅၊၂။

၁၄ "ဤဇာလ္လပ္ပုသော ငကောင်မှုကိုဝ် စိယ်ငေ
၁၅ ဆာဝ်ပါသသူ . ကာ ဇာနှင်ထပ်တူလျှင် **ရဇ**ပါစေကုန် သတည်"

[ဤငါပြုသော ငါ့ကောင်းမှုကို **စေ့ဆော်**ပါသသူ. ကား ငါနှင့်ထပ်တူလျှင် **ရစ**ပါစေကုန်သတည်း။]

၁၃၊၆။ **စည်သူမင်းကြီး(ဇေယျသူရ) [သက္ကရာဇ် ၅၆၀]**
**ပုဂံမြို့မြွေရာဇကေဘုရားရှိမင်စာ အမှတ်–၁၉**

၁ "။ ။ သက္ကရစ် ၅(၅)၈ ခု အာသတ်နှစ်. . လ္ဆန် ၁၃ ရျက် **တနှင်ကနုယ်**နိယ်အာ။ မင်ကြိစည်. စ်သူ သစ်မထိ န္ခိုက် ပုထိုဝ်တ်ပ္ဂု
၂ အံပာ (လ)က်ခငယ် ရိယ်စင်တ်သွန်သော ၄၄ (၂)၊ က္လပ်ပါယ် ၁၈ လုံ။ ။ သကရစ် ၅၅၉ခု (သရ)ဝန်နှစ် **သန်တု**လ္ဆန် ၇ ရျက် သုကြာနိ
၃ ယ် **မုနလက်နက်သတ် မိန်လက်** နိယ်သုံပဟိုအ်လျှင်

ေ(က္လာ)က်ဖျာထက် ဥတ်ဖွယ်ဦရှယ် ပ္လုဧ၏။ ။ သကရစ် ၅၆၀ **ဖတ်သ**နှစ် သန်

၄ တုလ္ဆုတ် ၂ ရျက် **သုကြာ**နိယ်(အာ)လျင် ထွတ်တ်ဴတင် ရှယ် လွတ်တ်ဴမူသော သင်ကန်ဆူ ၁၀၀၀။ ကျွန် ၁၀၀၀။ မြန်မာကျွန် ၅၀၀။

၅ ကုလာကျွန် ၅၀၀။ မ္လိယ် ၁၅၀၀ န္ဂာ ၅၀၀ လှုတ် မူ၏။"

[သက္ကရာဇ် ၅၅၈ ခု အာသဠှိနှစ် . . လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့အား မင်းကြီး စည်.စ် သူ သမထီး၌ ပုထိုးတော်ပြုအံ့ဟု **လက်ခငွေ** ရေစင်တော်သွန်းသော ၄၄၂ ကျပ် ပယ် ၁၈ လုံ။ သက္ကရာဇ် ၅၅၉ ခု သရဝဏ်နှစ်၊ သန်တူလဆန်း ၇ ရက်၊ သောကြာနေ့၊ **မူလနက်သတ် မိန်လင် နေ့ဥပဟိုရ်**လျှင် ကျောက်ဖျာ ထက် **အုတ်ဖွဲ့ဦး၍ပြု**၏။ သက္ကရာဇ် ၅၆၀ ဘဒြနှစ်၊ သန်တူလဆုတ် ၂ရက်၊ သောကြာနေ့အားလျှင် **ထွတ် တော်**တင်၍ **လွတ်တော်**မူသော **သင်္ကန်းဆူ** ၁၀၀၀၊ ကျွန် ၁၀၀၀၊ **မြန်မာကျွန်** ၅၀၀၊ **ကုလားကျွန်** ၅၀၀၊ မြေ ၁၅၀၀၊ နွား ၅၀၀ **လှူတော်မူ**၏။]

## ၁၃၁၇။ ဘုရားရပ်စောက်မင်စာ [သက္ကရာဇ် ၅၈၂]

၁၃၁၇၊၁။

၁ ..."သကရစ် ၅၈၂ ခု။ ။

၂ မ္လွယ်တာလဆန် ၇ရျက် **တန္နိင်ကန္စိယ်**နိယ် ကူပြီသောေ

၃ တ။ သိရျက်စန်အာ **သုဝန်နပိဉ္စေ** မြေါ်ငံလေတူဧ။ သူဖ

၄ ရစ်တည်ကုပ်ဖက်ရှယ်လေ ဆင်ခြံဖွယ်ဧ၊ ၊ ၊"

[သက္ကရာဇ် ၅၈၂ ခု၊ နွယ်တာလဆန်း ၇ရက်၊ တနင်္ဂနွေ နေ့ ဂူပြီးသတည်း။ သရက်စဉ်အား သုဝဏ္ဏပိစည်

မြောင်းလည်းတူး၏။ သုဖရစ် **တင်းကုပ်**ဖက်၍လည်း **ဆင်ခြံ*****ဖွဲ့**၏။]

၁၃၊၇၊၂။

၁၂ "ဤယ်ကာ ဝါနိုက် နင်တိုဝ်ကွေ့ည်စိယ်သောတေ။ ဇကာ ခွောင်တာ

၁၃ လယ်တာမဟိ၊ ကျင်ရကာ ပုရှာကျွန်လျှင် ကွေ့ည်စိယ် သ**သောတေ။ ဇ

၁၄ တာယကာမယ်မုလေ။ ဇ**ယတ်ကိုဝ်**လည်ကောင်။ ဇ**နှံမ** လည်ကောင်

၁၅ ဇတူလည်ကောင်။ ဇ**တုမ**လည်ကောင်။ ဇမွိယ် လေည်ကောင်။ ဇ

၁၆ သာလည်ကောင်။ ဤယ်ပုရှာကွည်သောသူကာ ဇ**တယ် ယကာ**ထက်**လှင်**

၁၇ အါက္လိုဝ် အတိုင်မသီ ရစိယ်သောတေ။"

[ဤကား **ဝါဋ္ဌ** နင်တို့ကျွေးစေသတည်း။ ငါကား **ချောင်းတာလယ်တာ**မရှိကျင်ရကား **ဘုရားကျွန်**လျှင် ကျွေးစေသတည်း။ ငါဒါယကာမဲ့မူလည်း ငါ့အစ်ကို လည်းကောင်း၊ ငါ့နှမလည်းကောင်း၊ ငါ့တူလည်းကောင်း၊ ငါ့တူမလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့သား လည်းကောင်း ဤဘုရားကျွေးသောသူကား ငါဒါယကာ ထက်လျှင် **အကျိုးအတိုင်းမသိ** ရစေသတည်း။]

၁၃၊၇၊၃။

၁၉ "ဤယ်ပုရှာကျွန်ကိုဝ် ရောင်စသေါသူကာ မိယ်

၂၀ ကာအထက် ရောင်စသောသူကာအအောက် ဖွစ်စိယ် သတေ၊ နင်အမျိုဝ်တစ်ကာ

---

* စကြံ (?)

** ပမာဒလေခဖြစ်ဟန်တူသည်။

၂၁ ကိုဝ် မစိယ်စိယ်လ္ခင်ရှယ် ပြတ်သောကာ မဟုတ်**စုံ**။ ပုရှာကွ္လည်စိယ်

၂၂ လိုဝ်ရကာ အမျိုဝ်တစ်ကာ ငာပိယ်သတေ။"

[ဤဘုရားကျွန်ကို **ရောင်းစား**သောသူကား မြေကား အထက် ရောင်းစားသောသူကားအအောက် ဖြစ်စေ သတည်း။ နင်**အမျိုးတကာ**ကို**မစေစေချင်၍ ပြတ်**သော ကား မဟုတ်စွံ။ ဘုရားကျွေးစေလိုရကား အမျိုးတကာ ငါပေးသတည်း။]

၁၃၁၇၄။

၂၄ ... "ဤယ်ခွက်တစ်ပွယ်သော

၂၅ ကာ ကျ္လောင်နှက်နိယ်သော သ္ခိင်ဟူသောမျှ စာစိယ် သတေ။ စာစိယ်ရှင် ရောင်လ္ခစ

၂၆ စိယ်သော မဟုတ်စွမ်။ ကျ္လောင်**ပရိခါရာ** ထာသော တေ။ ဤယ်ခွက်ကိုဝ်

၂၇ **ဉီပယ်တလည်**မှုရှယ် ရောင်**စမ်** မ္ဓိုယ်ကာအထက် ရောင်စာသူအဩက် ဖ္ဖစ်

၂၈ စိယ်သတေ။"

[ဤ**ခွက်**တစ်ပွဲသောကား ကျောင်း၌နေသော သခင် **ဟူသမျှ** စားစေသတည်း။ စားစေရှင်၊ ရောင်းချစားစေ သော မဟုတ်စွံ။ **ကျောင်းပရိက္ခရာ**ထားသတည်း။ ဤခွက်ကို **ဥပါယ်တစ်လည်**မှု၍ **ရောင်းစုံ**၊ မြေကား အထက် ရောင်းစားသူအအောက် ဖြစ်စေသတည်း။]

၁၃၁၇၅။

၂၈ "ဤယ်ဇလ္ပုသော ဉီယ(၎)န်ကာ အဆုယ်အမိုဝ် စိုဝ်သော တေ။ စိုင်*

၂၉ ရှင်ရောင်လ္ခစစိယ်သော **မဟုစုမ်**တေ။ ပုရှာတရျာကိုဝ် ကွ္လည်

---

* စိုဝ် (?)

၃၀ စိယ်လိုဝ်ရကာ နင်တိုဝ်တကာ ဟနှင်သောတော။”

[ဤငါပြုသောဥယျာဉ်ကား အဆွေအမျိုး **စိုး**သတည်း။ စိုးရှင်၊ ရောင်းချစားစေသော မဟုတ်စွံတည်း။ ဘုရားတရားကို ကျွေးစေလိုရကား နင်တို့တကာ ငါ**နှင်း** သတည်း။]

၁၃၁၇၆။

၄၁ …“**ပိယ်တကတ်**အ
၄၂ ဦ **သီလခန်ဓဝါသီ**တစ်ကွ္လမ်။ **အဘိဓံမသင်ဂိနီ**တစ်ကွ္လမ်
၄၃ **တသဓတော်**တစ်ကွ္လမ်။ **ခံမပဒ**တစ်ကွ္လမ် **ဝိနေည်**တစ်**ပုမ်**
၄၄ လေ ပ္လုခဖူ၏။ သ္ခိင်တိုဝ် လုံလမုရှယ်တပ်သော **ပြည်ညာ**
၄၅ သည် **တပ်သောဖွှာယ်ဂါယ်သို္ဂွ်** ဟတာယကာကိုဝ် တပ်(လိယ်)
၄၆ သောတော။”

[**ပိဋကတ်**အဦး **သီလက္ခန္ဓဝါသီ**တစ်ကျမ်း၊ **အဘိဓမ္မသင်္ဂဏီ** တစ်ကျမ်း၊ **ဒသဓာတ်**တစ်ကျမ်း၊ **ဓမ္မပဒ** တစ်ကျမ်း၊ **ဝိနည်းတစ်ပုံ**လည်း ပြုခဖူး၏။ သခင်တို့ **လုံ့လ**မှု၍ **တပ်**သောပညာသည် တပ်သဖွယ်ကဲ့သို့ ငါဒါယကာကို တပ်လေသတည်း။]

## ၁၃၁၈။ အနိမ့်ရွာအရှေ့လှည့်ဂူဘုရားရှိမင်စာ အမှတ်–၆ [သက္ကရာဇ် ၆၀၃]

၁ “။ သက္ကရစ် ၆၀၃ မြိက္ကသိုဝ်နှစ် ကဆုန်လ္ဆန် **ဟုရာ**
၂ ၁၂ ရျက် **ဖြေကြာ** သန်လွဲလရိပ် ၇ ဖ္လွာ ဖွာသတေ
၃ အိုအ်မိလှ ဓာတာတော။ ။”

[သက္ကရာဇ် ၆၀၃ မိဂသီနှစ်၊ ကဆုန်လဆန်း **ဟူးရား** ၁၂ ရက်၊ **ဖြေကြာ သန်းလွဲ လရိပ် ၇ဖဝါး** ဖွားသတည်း။ အို့မိလှ**ဓာတာ**တည်း။]

## ၁၃၂၉။ **ပုဂံမြို့တရုတ်ပြေးဘုရားရှိမင်စာအမှတ်–၃၃ [သက္ကရာဇ် ၆၁၀]**

၁၃၂၉၊၁။

၄ "ဤဇာလှျုသောကောင်မှုအက္လိုဝ်ကာ၊ သ္ခိုင်မင်ကြီ မိဖုရာ
မင်ကြီသာ မင်ကြီသ္မီ စသော **မိသင်မောင်မ**
၅ အလုံ ရှိယ်တဝ်နိယ်သော အမတ်ကြီစသော ကလန်သံပျင်
အလုံ၊ ငကောင်မှုကိုဝ် အရိယ်အရံယူပါသောသူကာ
ညောင်ဉီကံပါ(စ)သော သီရိ
၆ ပစ္စရာတိုင်သြင်သော ္ဓမှိယ်ပုံလုံမျှမကသော ငကောင်မှု
အက္လိုဝ် နိယ်ရပန်မတိုင်မချင် ဇာနှင်အတူရပါစေသတော။"

[ဤငါလှူသောကောင်းမှုအကျိုးကား ငါ့သခင်မင်းကြီး၊ မိဖုရား၊ မင်းကြီးသား၊ မင်းကြီးသမီး စသော **မိသံမောင်းမ**အလုံး၊ **ရှေ့တော်နေ**သော အမတ်ကြီး စသော ကလန်၊ သံပျင်အလုံး ငါ့ကောင်းမှုကို အရေးအရံယူပါသောသူကား ညောင်ဦးကမ်းပါး စသော သီရိပစ္စရာတိုင်အောင်သော မြေပုံလုံးမျှမကသော ငါ့ကောင်းမှုအကျိုး **နေရပန်မတိုင်မချင်း** ငါနှင့်အတူရပါစေသတည်း။]

၁၃၂၉၊၂။

၇ "ငကောင်မှုကိုဝ် ဖျက်ဆီသသူကာ ညောင်ဉီကံပါစသော
သီရိပစ္စရာတိုင်သြင် ္ဓမှိယ်ပုံလုံမျှကြံမကသော ပုရှာအလ္ဖစ်လ္ဖ
၈ စ်လျှင် မဖူစိယ်သတော။ လူလ္ဖစ်ငြာသောလေ စာလ္ခင်
လျက်လျှင် မ(စာ)ရတတ်သော လူပြိတ္တာလျှင် ္လဖ်စိယ်
(သ)တော။"

[ငါ့ကောင်းမှုကို ဖျက်ဆီးသသူကား ညောင်ဦးကမ်းပါး စသော သီရိပစ္စရာတိုင်အောင် မြေပုံလုံးမျှ ကျုံးမကသော ဘုရားအဖြစ်ဖြစ်လျှင် မဖူးစေသတည်း။ လူဖြစ်ငြားသော လည်း **စားချင်လျက်လျှင် မစားရတတ်သော လူပြိတ္တာ**လျှင် ဖြစ်စေသတည်း။]

၁၃၊၁၀။ **အနိမ့်ရွာအရှေ့လှည့်ဂူဘုရားရှိမင်စာ အမှတ်–၂၅**
**[သက္ကရာဇ် ၆၂၇]**

၁ "၆၂၇ ခု စယ်နှစ် တပိုဝ်တွယ်လ္ဆန် ၁၄
၂ ရျက် **ပုတ္တပူညန်** လုလင်ကြီတက်လဟု သူက္လပ
၃ ဆိတ်ခါလျှင် **ဂေါနာကိုမ်** သို့င်ငီကိုဝ် **သိ်**ပုံပြင်တွင်
၄ မိခင်မျက်နှာမြင်သတေ။"

[၆၂၇ ခု ဇေယျနှစ်၊ တပို့တွဲလဆန်း ၁၄ရက်၊ ဗုဒ္ဓဟူး ညဥ့် **လုလင်ကြီးတက်လ**ဟု **သူအိပ်ဆိတ်ခါ**လျှင် ကောဏာဂုံ သခင်ညီကို **သည်ပုံပြင်**တွင် **မိခင်မျက်နှာမြင်**သတည်း။]

၁၃၊၁၁။ **ပုဂံမြို့သယမ္ဘူဘုရားရှိမင်စာ အမှတ်–၁၂**
**[သက္ကရာဇ် ၆၂၈]**

၁ "သကရစ် ၆(၂၈)ခု ပိသျက်နှစ် တပေါင်လ
၂ ပ္လည်သော . . နိယ်မဝင်မီလျှင် ဖွာသတေ"

[သက္ကရာဇ် ၆၂၈ ခု ဝိသာခါနှစ်၊ တပေါင်းလပြည့်သော . . **နေမဝင်မီ**လျှင် ဖွားသတည်း။]

၁၃၊၁၂။ **ပုဂံမြို့လေးမျက်နှာဘုရားရှိမင်စာ အမှတ်–၄**
**[သက္ကရာဇ် ၆၄၉]**

၁ "။ သကရစ် ၆၄၉ ခု မာဃနှစ် **တန္ဆောင်မုန်တိမီ** လ္ဆန် ၁ ရျက်
၂ ကြာသပတိယ်(နိယ်) မျက်စိမစင်မိ **တံငှာလ္ဖုလါ** ဖွာသတေ။"

[သက္ကရာဇ် ၆၄၉ ခု မာဃနှစ်၊ **တန်ဆောင်မုန်းတိထီလဆန်း** ၁ရက်၊ ကြာသပတေးနေ့ **မျက်စိမစင်မီတငှာဖြူလာ** ဖွားသတည်း။]

**၁၃၁၃။ ပုဂံမြို့တရုတ်ပြေးဘုရားရှိမင်စာ အမှတ်–၁၄ [သက္ကရာဇ် ၆၅၀]**

၁ "။ ၀ ။ သကရစ် ၆၅၀ ဘလကိုန်နှစ် ကုဆုန်လဆုတ် **၁ဆယ်သုံရျက် သောက်ကြာ** နေယ်စတောက်တုန်
၂ လွန်လှင် ဖွာသတေ၊ နာက ။ ၀ ။"

[သက္ကရာဇ် ၆၅၀ ဖလဂုနီနှစ်၊ ကဆုန်လဆုတ် တစ်ဆယ့်သုံးရက်၊ သောကြာ **နေ့စတောက်တုန်း**လွန်လျှင် ဖွားသတည်း။ နာက။]

**၁၃၁၄။ ပုဂံမြို့ပိန္နဲဘုရားရှိမင်စာ အမှတ်–၁ [သက္ကရာဇ် ၆၅၄]**

၁ "သကရစ် ၆၅၄ ခု အာသတ်နှစ် ပ္လသိုဝ်လ္ဆန်
၂ သာသနာ ၆ ရျက် ဟုရာကာ ၈ ရျက် ၂ **ညန်စာတော**
၃ **က်တုန်**လျှင် သတိုဝ်သါ ဖွာသတေ။ ။"

[သက္ကရာဇ် ၆၅၄ ခု အာသဠှိနှစ်၊ ပြာသိုလဆန်း **သာသနာ ၆ ရက် ဟူးရားကား** ၈ ရက်၊ ၂ **ညဥ့်စတောက်တုန်း**လျှင် **သတို့သား** ဖွားသတည်း။]

**၁၃၁၅။ ပုဂံမြို့စူဠာမဏိဘုရားရှိမင်စာ အမှတ်–၂၀ [သက္ကရာဇ် ၆၅၇]**

၁ "သကရစ် ၆၅၇ အာသိန်နှစ် ကဆုန်
၂ လ္ဆန်တဆယ်၅ ရျက် ၅ နိယ် **နိယ်လွယ်**
၃ ၆ ဖ္လွာခွယ် လက်ငါသစ်လျှင် ဖွာ
၄ သတေ။ သ္ခိင်ခေမာဇာတာတေ။"

[သက္ကရာဇ် ၆၅၇ အဿယုဇနှစ်၊ ကဆုန်လဆန်းတစ်ဆယ့်ငါးရက်၊ ၅ နေ့ **နေလွှဲ ၆ ဖဝါးခွဲ လက်ငါးသစ်**လျှင် ဖွားသတည်း။ သခင်ခေမာဇာတာတည်း။]

၁၃၊၁၆။ **ပုဂံမြို့မင်းနန်သူရှာမြောက်ဘက်အနီး တရုတ်ပြေးဘုရားမှ နံရံဆေးရေးစာများ***

၁၃၊၁၆၊၁။ **တရုတ်ပြေးဘုရား ဂန္ဓကုဋိတိုက်အတွင်း အရှေ့တောင်ထောင့် စကြံ၏ အရှေ့ဘက်နံရံမှစာ**

၁ "ထိုဝ်ပုရှာသ္ခိင်သည်။ လူနတ်တိုဝ်ကိုဝ် **ခ္လိယ်ခ္လတ်**လျက်။ အရိဋ္ဌပူရမည်သောပြည်သိုဝ် ရောက်**လတ္တေအ်**။"

[ထိုဘုရားသခင်သည် လူနတ်တို့ကို **ချေချွတ်**လျက် အရိဋ္ဌပူရမည်သောပြည်သို့ ရောက်**လတ်တည်း**။]

၁၃၊၁၆၊၂။ **အရှေ့တောင်ထောင့်စကြံ၏တောင်ဘက်နံရံမှစာ**

၁ "အတိုဝ်ပုရှာလောင် **သုမေထာ**ရသိယ်။ နှလုမ်ဖ္ဝင်ဆုတောင်ခြင် **နှုတ်မ္ဝက်**သလ္ဖင်ဆုတောင်ခြင် ပ္လည်ပြီရှယ်။ **ကြ္လည်စူယုတ်ပါ**နှင့်လ္ဖည်စုံလျက် ညွန်ပ္လျောင်တွင် မှောက်ခုံဝိုက်ရှယ် ကိုဝ်**တန်တာ**ခံ၏။ မ္လတ်စွာသပုရှာ၊ ညွန်တွင်၊ ဆင်ခရှယ် အရဟန္တာလိယ်သိန်နှင့်တကွ အတိုဝ်ကျွန်ကိုဝ် ထက်သာ လျှောက်လတ်ပိ

၂ ယ်ဟု ပုရှာလောင်သုမေထာရသိယ် ပန်၏ ပုရှာဆုတောင်သော နှလုမ်လေဆောက်တည်၏ မ္လတ်စွာသော ဒီပင်္ကရာပုရှာသ္ခိင်လေ ပန်ယုတ်ဆုပ်ဖ္လင် ပုဇဝ်ရှယ်။ ဂေါတမမည်သောပုရှာ ဖ္လစ်**လတ္တအ္ဝ်**ဟု။ စကြာဝဠာ တစ်သောင်သော နတ်လူတကာတိုဝ်၏အလယ်န္ဒိုက် **ဗျာတိတ်**ပိယ်အေ်။ ဝ ။"

[အတို့ဘုရားလောင်း **သုမေဓာရသေ့ နှလုံးဖြင့် ဆုတောင်းခြင်း၊ နှုတ်မြွက်သဖြင့် ဆုတောင်းခြင်း** ပြည့်ပြီး၍ **ကျေးဇူးရှစ်ပါး**နှင့် ပြည့်စုံလျက် **ညွန်ပျောင်း**တွင် **မှောက်ခုံ**ဝပ်(?)၍ **ကိုယ်တံတားခံ**၏။ မြတ်စွာ

* မပျက်စီးမီကကူးယူထားသောလက်ရေးမူကိုယူပါသည်။

သောဘုရား ညွှန်တွင်ဆင်းခဲ့၍ “အရဟာန္တာလေးသိန်းနှင့် တကွ အတို့ကျွန်ကိုယ်ထက်သာ လျှောက်လတ်ပေ”ဟု ဘုရားလောင်းသုမေဓာရသေ့ ပန်၏။ ဘုရားဆုတောင်း သော **နှလုံးလည်း ဆောက်တည်၏။** မြတ်စွာသော ဒီပင်္ကရာဘုရားသခင်လည်း **ပန်းရှစ်ဆုပ်**ဖြင့် ပူဇော်၍ “ဂေါတမမည်သောဘုရား ဖြစ်လတ္တံ့” ဟု **စကြဝဠာ တစ်သောင်း**သော နတ်လူတကာတို့၏အလယ်၌ ဗျာဒိတ် ပေး၏။]

၂ “ပုရှာလောင်ကာ ရဟာန်မူရှယ် ပိဋကတ်သုံပုံသင်ရှယ်။ ပုရှာသ္ခိင်သာသနာကိုဝ် တင်တယ်စိယ်၏ သမာပတ်စပါ **အဘိညန်** ၅ပါရရှယ် ဖြဟ္မာဖ္လစ်လိယ္တ်။”

[ဘုရားလောင်းကား ရဟန်းမူ၍ **ပိဋကတ်သုံးပုံ**သင်၍ ဘုရားသခင်သာသနာကို **တင့်တယ်**စေ၏။ **သမာပတ် ၈ပါး၊ အဘိညာဉ် ၅ပါး**ရ၍ ဗြဟ္မာ**ဖြစ်လေ့**။]

၁၃၁၁၆၁၃။ **အနောက်တောင်ထောင့်စကြီ၏တောင်ဘက်နံရံမှစာ**

၁ “ရေဝတမည်သော ပုရှာသ္ခိင်လက်ထက် အတိုဝ်ပုရှာ လောင်။ အတိဒေဝမည်သော(ဖုံ)ဏာဖ္လစ်အေ်။ ပုရှာထံ ကပ်လိယ်ရှယ်။ (သိုရ်) သတင် **ပဉ္စသီသတင်** ဆောက် တည်ရှယ် ပုရှာသ္ခိင်၏သတင်က္လ

၂ ည်စူ သတင်က္လည်စူ၊ ပညာက္လည်စူတိုဝ်ကိုဝ်(အသောင်) မကသော **ကာထာ**ဖ္လင် **ခိမ္ဖွ**အေ်။ ကိုဝ်ဝတ်သော အဖိုဝ် နက်သောပုဆိုဝ်လေ ပုရှာသ္ခိင်ကိုဝ် ပူဇော်အေ်။”

[ရေဝတမည်သော ဘုရားသခင်လက်ထက် အတို့ဘုရား လောင်းအတိဒေဝမည်သော ပုဏ္ဏားဖြစ်၏။ ဘုရားထံ ကပ်လေ၍ (သိုရ်သီတင်း) **ပဥ္စသီသီတင်း** ဆောက်တည် ၍ ဘုရားသခင်၏ **သီတင်းကျေးဇူး** (သီတင်းကျေးဇူး)

**ပညာကျေးဇူး**တို့ကို **အသောင်းမကသောဂါထာ**ဖြင့် **ချီးမွမ်း**၏။ ကိုယ်ဝတ်သော **အဖိုးနက်**သောပုဆိုးလည်း ဘုရားသခင်ကို ပူဇော်၏။]

၁၃၁၁၆၄။ **အနောက်တောင်ထောင့်စကြီ၏အနောက်ဘက်နံရံမှစာ**

၁ "ပဒုမမည်သော ပုရှာလက်ထက် အတိုဝ်ပုရှာလောင်ကာ။ ကေသရာခြင်သိယ်မင် ဖ္လစ်၏။"

[ပဒုမမည်သော ဘုရားလက်ထက် အတို့ဘုရားလောင်းကား **ကေသရာခြသေ့မင်း** ဖြစ်၏။]

၁၃၁၁၆၅။ **ဂန္ဓကုဋီအနောက်မြောက်ထောင့်စကြီ၏ အနောက်ဘက်နံရံမှစာ**

၁ "ကြာပန် **ပင်လယ်ခသစ်**ပန်တိုဝ်ဖ္လင် ပုဇဝ်၏။"

[**ကြာပန်း၊ ပင်လယ်ကသစ်ပန်း**တို့ဖြင့် ပူဇော်၏။]

၁ "ဓမ္မဒဿီပုရှာလက်ထက် အတိုဝ်ပုရှာလောင် သကြာမင် ဖ္လစ်၏။ နတ်၏ပန် နံ့သာ **စည်ညှင် ကခြိယ်**တိုဝ်ဖ္လင် ပုဇဝ်၏။"

[ဓမ္မဒဿီဘုရားလက်ထက် အတို့ဘုရားလောင်း သိကြားမင်းဖြစ်၏။ နတ်၏**ပန်း၊ နံ့သာ၊ စည်ငြင်း၊ ကချေ** တို့ဖြင့် ပူဇော်၏။]

၁၃၁၁၆၆။ **ဂန္ဓကုဋီအနောက်မြောက်ထောင့်စကြီ၏ မြောက်ဘက်နံရံမှစာ**

၁ "**သိဒ္ဓ**ပုရှာလက်ထက် အတိုဝ်ပုရှာလောင် မင်္ဂလာမည်သော တန်ခိုဝ်ဟိရသိယ်လ္ဖစ်၏။ **သိပြိယ်**ပင်ကြီမှ သိပြိယ် သီလတ်ရယ် **သိဒ္ဓတ်**ပုရှာသ္ခိင်ကိုဝ် လှူ၏။"

[သိဒ္ဓတ္ထဘုရားလက်ထက် အတို့ဘုရားလောင်း မင်္ဂလမည်သော **တန်ခိုးရှိရသေ့**ဖြစ်၏။ **သပြေပင်**ကြီးမှ သပြေသီးလတ်၍ သိဒ္ဓတ္ထဘုရားသခင်ကို လှူ၏။]

၂ "...မိုဝ်ကြီလျှာင်ရွာသကယ်သိုဝ် ပန်မိုဝ်လ္ဖင် ပုဇဝ်၏။ ပန်ထီစွယ်ရယ် ပုရှာ**ဥခေါင်**တဝ်ထက် ဆောင်၏။"

**[... မိုးကြီးလျှင်ရွာသကဲ့သို့ ပန်းမိုးဖြင့် ပူဇော်၏။ ပန်းထီးစွဲ၍ ဘုရားဦးခေါင်းတော်ထက် ဆောင်း၏။]**

၁ "ဝိပဿီမည်သောပုရှာလက်ထက်။ အတိုဝ်ပုရှာလောင်ကာ အတုလမည်သော နဂါမင်လ္ဖစ်၏။ တန်ခိုဝ်ကြီစွာ၏။ နတ်၏စည်ညှင် ကခြိယ်လ္ဖင်ပုဇဝ်ရယ် ထမင်ဟင်သင်ကန်ဆူ အလှူကြီပိယ်၏။

၂ ရတနာခပ်သိမ် ဆန်ကြယ်သော ရှိုယ်သလွန်လေလှူ၏။"

[ဝိပဿီမည်သောဘုရားလက်ထက် အတို့ဘုရားလောင်းကား အတုလမည်သော နဂါးမင်းဖြစ်၏။ တန်ခိုးကြီးစွာ၏။ နတ်၏စည်ငြင်း၊ ကချေဖြင့် ပူဇော်၍ **ထမင်းဟင်း၊** သင်္ကန်းဆူ အလှူကြီးပေး၏။ ရတနာခပ်သိမ်းဆန်းကြယ်သော **ရွှေသလွန်**လည်းလှူ၏။]

## ၁၊၃၊၁၆၊၇။ ဂန္ဓကုဋီမဏ္ဍပ်ိုင်၏အနောက်မြောက်ထောင့် မြောက်ဘက်နံရံမှ စာ

၁ "...ရတနာစင်္ကြံဖန်ဆင်ရယ် တုံပယ်တုံပယ် စင်္ကြံသွာလျက် အစုံအစုံ အပြောင်အပြောင်သော

၂ သော ယမိုက်ပြာဋ္ဌိဟာကိုဝ်လ္ပ၏။"

[... ရတနာစင်္ကြံဖန်ဆင်း၍ **တုံ့ပယ်တုံ့ပယ်** စင်္ကြံသွားလျက် **အစုံအစုံ အပြောင်းအပြောင်း သောသော ယမိုက်ပြာဋ္ဌိဟာကိုပြ၏။]**

၁၃၊၁၆၊၈။ **ဂန္ဓကုဋီမဏ္ဍိုင်၏အရှေ့မြောက်ထောင့် အရှေ့ဘက်နံရံမှစာ**

၂ "... တနိယ်တည်စွန်သဥစ္စာ အကုဋ္ဌိယ် ၁၀ကုဋ္ဌိယ်ဟိ၏။
ပုရှာ(ဆောင်)သော ထီလ္ဖျုကာ အဖိုဝ်မဖြတ်နိုင်ပိယ်သော
ပန်လင်လေ အဖိုဝ်အတိုင်မသိ။ သပိတ်ခြိယ်လေ အဖိုဝ်
အတိုင်မသိ။ ဤယ်သိုဝ်သအလှျုကာ **ပုနာ** တယောက်
တစ်ယောက် တ**ကြိန်**တစ်ကြိန်တည််ဖွစ်၏။"

[... တစ်နေ့တည်းစွန့်သောဥစ္စာ **အကုဋေ ၁၀ ကုဋေ** ရှိ၏။ ဘုရားဆောင်းသော **ထီးဖြူကား** **အဖိုးမဖြတ်နိုင်**။ ပေးသောပလ္လင်လည်း **အဖိုးအတိုင်းမသိ**။ **သပိတ်ခွေ**လည်း အဖိုးအတိုင်းမသိ။ **ဤသို့သော အလှူကား ပုဏ္ဏားတစ်ယောက်တစ်ယောက် တစ်ကြိမ်တစ်ကြိမ် တည်းဖြစ်၏**။]

၁၃၊၁၆၊၉။ **အရှေ့မြောက်ထောင့်မြောက်ဘက်မုခ်ငယ်၏ အနောက်ဘက်နံရံမှစာ**

၁ "ရတ္တနတ္တယံ၊ အဟံ ဝန္ဒာမိ"

**[ရတနတ္တယံ အဟံ ဝန္ဒာမိ။]**

၉ "နောင်သောအခါ ငတိုဝ်အဖသာ
၁၀ လှျုတော်မူသောကောင်မှုကိုဝ် ခီပင်ပါသသူကာ ငာတိုဝ်
နှင်အတူရစပါစေသော၊ ဖျက်သသူကာ ညေ
၁၁ င်ဦကသည် **သရေပစ္စယာ**တိုင်အောင် **ကံပြိုဝ်**သကဲသိုဝ်
စီပွာချံသာယုတ်စေသော၊ ညောင်ဦကသည်
၁၂ သရေပစ္စယာတိုင်အောင် မြေမုန်လုံမ်နှင်အမျှဖုရာ ချွတ်
သောလည် မကျွတ်စေသော။"

[နောင်သောအခါ ငါတို့**အဖသား** လှူတော်မူသောကောင်းမှုကို ချီးပင့်ပါသသူကား ငါတို့နှင့်အတူ ရစပါစေ

သော။ ဖျက်သသူကား ညောင်ဦးကသည် သီရိပစ္စရာ
တိုင်အောင် **ကမ်းပြိုသကဲ့သို့ စီးပွားချမ်းသာယုတ်စေ
သော**။ ညောင်ဦးကသည် သီရိပစ္စရာတိုင်အောင် **မြေမှုန့်
လုံး**နှင့်အမျှဘုရား ချွတ်သောလည်း မကျွတ်စေသော။]

၁၂ "ဇယတု သုဂတသာသနံ"

[**ဇယတု သုဂတသာသနံ။**]

၁၃၁၇။ **ပုဂံမြို့ ဝက်ကြီးအင်းရွာ ဂူပြောက်ကြီးဘုရား အာရုံခံ
အုတ်ခုံး တောင်ဘက်နံရံမှ ဗုဒ္ဓဝင်မင်စာများ**

၁၀ "အနောမဒဿိပုရှာကာ ရှုပ်တ် ၅၈တောင် သက်တ်
တစ်သိန် (ဖေါက်)ကြံပင်ပွင့်ဧ–။"

[အနောမဒဿီဘုရားကား ရပ်တော် ၅၈တောင်၊
သက်တော်တစ်သိန်း **ဖောက်ကြံ**ပင်ပွင့်၏။]

၁၄ "သုမေဓာပုရှာကာ ရှုပ်တ် ၈၈တောင် သက်တ်၉သောင်
**တံမာခါ**ပါင်ပွင့်ဧ။"

[သုမေဓာဘုရားကား ရပ်တော် ၈၈ တောင်၊ သက်တော်
၉ သောင်း **တမာခါး**ပင်ပွင့်၏။]

၁၃၁၈။ **ပုဂံမြို့ ဝက်ကြီးအင်းရွာ ဂူပြောက်ကြီးဘုရား အာရုံခံ
အုတ်ခုံး တောင်ဘက်နံရံမှ ဇာတ်တော်မင်စာများ**

၁ "အပန္နကဇတ် လှည်ကုန်သည်။"

[အပဏ္ဏကဇာတ် **လှည်းကုန်သည်**။]

၃ "သေရိဝါဇပုရှာလောင် ရွှယ်လည္သ်သူ။"

[သေရိဝ(ဇာတ်)ဘုရားလောင်း **ရွှဲလည်သသူ**။]

၅ "တဏ္ဍုလနာလိဇတ် ကုန်အဖိုဝ်ဖြတ်။"

[တဏ္ဍုလနာဠိဇာတ် **ကုန်အဖိုးပြတ်**။]

၇ "ကဌဟာရိဇတ် ထင်ခုယ်သည်သာ။"

[ကဋ္ဌဟာရိဇာတ် **ထင်းခွေသည်သား**။]

၁၂ "နိဂြောဓမိဂဇတ် ရှူယ်သမင်။"

[နိဂြောဓမိဂဇာတ် **ရွှေသမင်**။]

၁၃ "ကဏ္ဍိနဇတ် သစ်ပင်နတ်ဖွစ်ဇ။"

[ကဏ္ဍိနဇာတ် **သစ်ပင်နတ်**ဖြစ်၏။]

၂၉ "ဂဏှဇတ်နွာလာနက်ဖွစ်။"

[ကဏှဇာတ် **နွားလားနက်**ဖြစ်။]

၃၀ "မဏိဂဇတ်နွာလာ(နီ) ဖွစ်၏။"

[မုနိကဇာတ် **နွားလားနီ** ဖြစ်၏။]

၃၃ "သံမောဒမာနဇတ် ငုံဖွစ်၏။"

[သမ္မောဒမာနဇာတ် **ငုံး**ဖြစ်၏။]

၃၄ "မစ္ဆျဇတ်**ပြောဟိတ်**ဖွစ်။"

[မစ္ဆဇာတ် **ပုရောဟိတ်** ဖြစ်။]

၃၆ "သဂုဏဇတ် ငှက်ဖွစ်၏။"

[သကုဏဇာတ် **ငှက်**ဖြစ်၏။]

၃၇ "တိတ္တိရဇတ် ခါဖွစ်၏။"

[တိတ္တိရဇာတ် **ခါ**ဖြစ်၏။]

၄၁ "လေါသကဇတ် **ဒိသာပြာမိုက်**။"

[လောသကဇာတ် **ဒိသာပါမောက်**။]

၄၄ “မကသဇတ် ကုန်သည်။”

[မကသဇာတ် **ကုန်သည်**။]

၄၈ “ဝေဒဗ္ဗဇတ် **ပုံနှာတပေဟ်**။”

[ဝေဒဗ္ဗဇာတ် **ပုဏ္ဏားတပည့်**။]

၆၀ “သခ်ဓမဇတ် **ခြုသင်သည်**။”

[သခ်ဓမ္မဇာတ် **ခရုသင်းသည်**။]

၁၃၁၁၉။ **ပုဂံမြို့ ဝက်ကြီးအင်းရှာ ဂူပြောက်ကြီးဘုရား အာရုံခံ အုတ်ခုံး မြောက်ဘက်နံရံမှ ဗုဒ္ဓဝင်ပုံမင်စာများ**

၁ “သုဇာတာပုရှာသ္ခိင် **ကြာလိုဝ်ဝါ** ပွ္ဓင့်ဇ–။ ရှုပ်တ်ပ် အတောင် ၅၀ သက်တ်ဝ် ၉ သောင်။”

[သုဇာတာဘုရားသခင် **ကြလိုဝါး** ပွင့်၏။ ရုပ်တော် အတောင် ၅၀၊ သက်တော် ၉ သောင်း။]

၄ “ဓမ္မဒဿီပုရှာ မျက်နှာပန်ပွ္ဓင့်ဇ– ရှုပ်တ် ၈၀ သက်တ် တစ်သိန်။”

[ဓမ္မဒဿီဘုရား မျက်နှာပန်း* ပွင့်၏။ ရုပ်တော် ၈၀၊ သက်တော်တစ်သိန်း။]

၈ “ဝိပဿီပုရှာကာ သံသတ်ပွ္ဓင့်ဇ– ရှုပ်တ်အတောင် ၈၀ သက်တ် ၈ သောင်။”

[ဝိပဿီဘုရားကား **သံသတ်**** ပွင့်၏။ ရုပ်တော် အတောင် ၈၀၊ သက်တော် ၈ သောင်း။]

---

* တိပိဋကပါဠိမြန်မာပြန် စာမျက်နှာ ၈၉တွင် “မျက်နှာပန်း(သံသတ်)”ဟု ပြထားသည်။

** ဝိနည်းခိုရ်ဘုရားမင်စာတွင် သစ်ခဝတ် ဟုတွေ့ရသည်။

၁၇ "ပုရှာလောင်သုသီမမည်သောရသိယ္ဍ် ထင်ရှာပန် ပူဇဝ် ရုယ္ဍ် **ဗျာတိစ်**ခံဇ–။"

[ဘုရားလောင်း သုသီမမည်သောရသေ့ ထင်ရှားပန်း ပူဇော်၍ ဗျာဒိတ်ခံ၏။]

၂၅ "ပုရှာလောင်ခေမမင် **သင်ကန်မျက်စန်**လှျု။ ရဟာန်မူရုယ္ဍ် ဗျာတိစ်ခံဇ–။"

[ဘုရားလောင်းခေမမင်း **သင်္ကန်းမျက်စဉ်း**လှူ။ ရဟန်း မူ၍ ဗျာဒိတ်ခံ၏။]

၂၆ "ပုရှာလောင်ပပ္ပတမင် အလှျုကြိကမ္ဗလာလှျုရုယ် ရဟာန် မူသော ဗျာတိစ်ခံဇ–။"

[ဘုရားလောင်းပဗ္ဗတမင်း **အလှူကြီးကမ္ဗလာ** လှူ၍ ရဟန်းမူသော ဗျာဒိတ်ခံ၏။]

၂၈ "မိတ္တြာပုရှာလောင် အစိတမ**ည္သော် ပန္စင်ယ်**လ္ဖစ်ရုယ္ဍ် **ကောတမ္မ**ပုရှာထံအာ ဗျာတိစ်ခံဇ–။"

[မေတ္တေယျဘုရားလောင်း အဇိတမည်သော **ပဉ္စင်းငယ်** ဖြစ်၍ ဂေါတမဘုရားထံအား ဗျာဒိတ်ခံ၏။]

၂၉ (က) "ပုရှာလ္ဖစ်ပြို ၄၃ ရျက် ဍ္မောက်သရှ်ု လင်လွန်ပင် ဩက် ၇ရျက် သမာပတ်ချံသာခံရုယ်နိယ်။
(ခ) ဇအ်။ ပုရှာလ္ဖစ်ဦက ထွင်မစာရိယ်မသောက် ကျင်ကြိ ကျင်ငယ် မ**သံ**ကာ ၄၉ရျက်။

၃၀ (က) စကြာဝတိယ်လ္ဖစ်သရှ်ု ပုရှာလ္ဖစ်ဦသရှ်ုကာ ၇ရျက် **မိုဝ်စုယ်**သကာ စကြဝလာတိုက်...။
(ခ) ဇအ်ပုရှာလ္ဖစ်ပြို ၃၆ ရျက် ဍ္မောက်သရှ်ုဝ် **မုစလိန်တာ** မည်သော **နကာမင်ဝံတိုက်**တွင် ၇ရျက်...။"

[ဘုရားဖြစ်ပြီး ၄၃ ရက်မြောက်သရော **လင်းလွန်းပင်**အောက် ၇ရက် **သမာပတ်ချမ်းသာ**ခံ၍ နေ၏။ **ဘုရားဖြစ်ဦးက ထမင်းမစား၊ ရေမသောက်၊ ကျင်ကြီးကျင်ငယ် မသန့်**ကား ၄၉ ရက်။ စကြဝတေး ဖြစ်သရော ဘုရားဖြစ်ဦးသရောကား ၇ရက် **မိုးစွေ**သကား စကြဝဠာ တိုက်...၏။ ဘုရားဖြစ်ပြီး ၃၆ ရက်မြောက်သရော **မုစလိန္ဒာ**မည်သော နဂါးမင်း**ဝမ်းတိုက်**တွင် ၇ရက်...။]

၁၃၊၂၀။ **ပုဂံမြို့ ဝက်ကြီးအင်းရွာ ဂူပြောက်ကြီးဘုရား အာရုံခံ အုတ်ခုံး မြောက်ဘက်နံရံမှ ဇာတ်တော်မင်စာများ**

၂၇ "ပါရာဝဇတ် ခိုဝ်။"

[ပါရာဝဇာတ် **ခို**။]

၂၈ "မဟိသ်ဇတ် ကွ္လယ်။"

[မဟိံသဇာတ် **ကျွဲ**။]

၂၉ "သတပတ္တဇတ် ခိုဝ်သူ။"

[သတပတ္တဇာတ် **ခိုးသူ**။]

၄၀ "သိလဝိမသ်ဇတ် **ပြောဟိစ်ရသိ**။"

[သီလဝီမံသဇာတ် **ပုရောဟိတ်ရသေ့**။]

၄၂ "သုပတ္တဇတ် ကွ္လိ။"

[သုပတ္တဇာတ် **ကျီး**။]

၁ "စူလကာလိင်္ဂဇတ် **ပုံနရသိ**။ **စတုက်**အစ။"

[စူဠကာလိင်္ဂဇာတ် **ပုဏ္ဏားရသေ့**။ **စတုက္ကအစ**။]

၈ “ဆ၀သဂုဏဇတ် ခေါက်ရျာ။”
[ဆ၀သကုဏဇာတ် **ခေါက်ရှာ**။]

၉ “ဆ၀ဇတ် **စန္တာလ**။”

[ဆ၀ဇာတ် **စဏ္ဍာလ**။]

၁၆ “သသဇတ် ယုန်။”

[သသဇာတ် **ယုန်**။]

၂၁ “ကုဋိဒုသဇတ် **စဖျင်တောင်**။”

[ကုဋိဒူသကဇာတ် **စာဖျင်းတောင်း**။]

၂၅ “ကောခဇတ် ဖွတ်။”

[ဂေါဓဇာတ် **ဖွတ်**။]

၅၀ “ဒေဝတာပညှာဇတ် သူကြွယ်သာ။ **စတုတ်**ဆုံ။”

[ဒေဝတာပဉှဇာတ် **သူကြွယ်သား။ စတုက္ကဆုံး**။]

၁၅ “အဟိတုန္တကဇတ် စပါကုန်သည်။”

[အဟိတုဏ္ဍိကဇာတ် **စပါးကုန်သည်**။]

၂၀ “ပလာသဇတ် **ရှုယ်ဝံပယ်**။”

[ပလာသဇာတ် **ရွှေဝမ်းဘဲ**။]

၆ “(မိ)ကလောပ(ဇတ်) လင်တ။”

[မိဂါလောပဇာတ် **လင်းတ**။]

၉ “ခမ္မခနေ(ဇ?)ဇတ် တြျာငှက်။”

[ခမ္မခဇာတ် **တရားငှက်**။]

၁၃ “တုန္တိလဇတ် ဝက်။”

[တုဏ္ဍိလဇာတ် **ဝက်**။]

၃ “သုတနုဇတ် သုဆိုဝ်ငြယ်စစ်သုကြိ။”

[သုတနုဇာတ် **သူဆင်းရဲစစ်သူကြီး**။]

1'4" I k|a

၁၄၊၁။ **အမည်မသိစာဆို**
**ပုပ္ပားနတ်တောင်လင်္ကာ**

၁ “သိုးကလေ၊ ၊ **ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြား**၌၊ နံ့ရှားကြိုင်လွှင့်၊ ခါတန်ပွင့်သည်၊ ၊ **ရွှေနှင့်ယိုးမှား ပန်းစံကား**။

၂ သိုးကလေ၊ ၊ စံကားပွင့်နှင့်၊ နှိုင်းတင့်နိုးသည်၊ ရဲမျိုးသမီး၊ မောင်ကြီးနှမ၊ ညက်လှပြာစင်၊ ၊ မယ့်သည်ပင်သည် ခရီးသား။

၃ သိုးကလေ၊ ၊ မြိတ်လွတ်စုလည်း၊ အငယ်တည်းက၊ ကျွမ်းဝင်ကြသည်၊ မွေးဘတူရင်း၊ **မျိုးသည်မင်း**နှင့်၊ **ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံး**သည်၊ ၊ **နှလုံးမခြားစောင့်တရား**။

၄ **ဆွေမိမင်း**၊ ၊ မျက်သုတ်နီစင်၊ ရထည်းဖျင်နှင့်၊ ကျိုင်းစင်မြဝါ၊ မတ်ကြီးလျာကို၊ ၊ **မယ်သာကြိုက်မိတုမရှိ**။”

၁၄၂။ **အနန္တသူရိယအမတ် အမျက်ဖြေလင်္ကာ***

၁ **"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။**

၂ ရွှေအိမ်နန်းနှင့်၊ ကြငှန်းတက်သည်၊ **ရေပွက်ပမာ၊ တစ်သက်လျာတည်း။**

၃ ကြင်နာသနား၊ ငါအားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ် ပေရာ၊ အနိစ္စာတည်း။

၄ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံမှ၊ ကြိုက်ကြို ဝိပါက်၊ သံသာစက်၌၊ တို့ဖက်မလို၊ အရှင်ကိုလည်း၊ ကြည်ညိုမည့်ရေး၊ ခွင့်လျှင်ပေး၏၊ **သွေးသည်အနိစ္စာ၊ ငါ့ကြမ္မာတည်း။"**

၁ **"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူ တစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာ တည်း။**

၂ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ **မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ဓဏာတက်သည်၊ ရေပွက် ပမာ၊ တစ်သက်လျာတည်း။**

၃ ကြင်နာသနား၊ ငါအားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ် ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ **ခိုက်ကြို ဝိပါက်၊ သံသာစက်၌၊ ကြိုက်လတွန်မူ၊ တို့မယူလို၊** ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့

---

* ကဗျာဗန္ဓသာရကျမ်းလာမူကိုယူပါသည်။

ရေး၊ ခွင့်လျှင်ပေး၏၊ **သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာ တည်း။**"

၁၄၁၃။ **အမည်မသိစာဆို**
**မြကန်လင်္ကာ**

"**မြကန်သာ**၊ တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်၊ ရေအေးကြည်စွာ၊ **ကန်ပိုင်မာ**လျက်၊ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊ **ဝတီ်သာက၊ နန္ဒာလော၊ တူစွ ဟုတ္တာ။**"

၁၄၁၄။ **အမည်မသိစာဆို**
**တောင်ပုပ္ပားစံကားပွင့် (အဲချင်း)**

"ပုပ္ပားတောင်သည်၊ ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး၊ စံကားပင်နှင့်ပန်းပင်ဖုံး၊ တောင်လုံးရနံ့ ကြိုင်စွ လေ။

ပုပ္ပားတောင်တွင်၊ နတ်ရှင်နှစ်ပါး၊ ရှင်စံစား၊ ဘုံခြားဗိမာန် မြိုင်စွလေ။

လှိုင်စွလေ၊ လှိုင်စွလေ။

**လှိုင်စွစံကား၊ တောင်ပုပ္ပား၊ စံကားပျံ့ကြိုင်မျှ၊ ပန်းလှိုင်စွလေ။**

မောင်တော်ရေထက်၊ မယ်မုတ်ရေ၊ ဆယ်လေးသာစွ လေ။

ဗိမာန်နန်းမှာ၊ထီးစကြာ၊ ဖြန့်ကာအုပ်မိုးကာစွလေ။"

# 2" pc,\y eK t \

## 2'1" [mnh\ae k \a k \sa

၂။၁။၁။ **မိဖုရားစော [သက္ကရာဇ် ၆၆၁]**
**မိဖုရားစောကျောက်စာ (မျက်နှာဘက်)**

၁ "၊ ၊ ဖုရှာသိခင်သာသနာ ၁၈၄၃ခုသောအခာ၊ ၊ သကရစ် ၆၆၁ခု၊ ၊ သန္တုလဆန် ၅
၂ ရှျက်၁နေယ်အာ၊ ၊ ရန်ခပ်သိမ်ကိုဝ် **နှိပ်နှင်**နိုင်သော သိရိရာဇမည်သော မင်ကြီမျာ့ဖ္ဖ
၃ စ်သော **မိဘုရာ**စဝ်သည် အမိ မိကြီ အစ်မကြီ မောင် သိန်ကပိစည် အနန္တပစည် ပု
၄ ရှာသွိင်သာသနာနှိုက် သတ္တာစွာရယ် မိတ်တည်ပုရှာသွိင် **ဖ္လစ်သရှဝ်**ခာနှိုက်၊ ၊ မချွ
၅ တ်ဖူလွင်သောကြောင်၊ ၊ နောင်အခာနှိုက် လိုဝ်သောဆုကိုဝ် မချွတ်ရလွင်
၆ သောကြောင်၊ ၊"

[ဘုရားသခင်သာသနာ ၁၈၄၃ခုသောအခါ၊ သက္ကရာဇ် ၆၆၁ခု၊ သန်တူလဆန်း ၅ရက်၊ **၁နေ့**အား ရန်ခပ်သိမ်းကို **နှိပ်နင်း**နိုင်သော သီရိရာဇာမည်သော မင်းကြီးမယားဖြစ်သော မိဖုရားစောသည် **အမိ၊ မိကြီး၊ အစ်မကြီး၊ မောင်**သိဃ်ပိစည်၊ အနန္တပိစည် ဘုရားသခင်သာသနာ၌ သဒ္ဓါစွာ၍ မေတ္တေယျဘုရားသခင် ဖြစ်သရောခါ၌ **မချွတ်** ဖူးချင်သောကြောင့်၊ နောင်အခါ၌ လိုသောဆုကို မချွတ်ရချင်သောကြောင့်။]

## ၂၊၁၊၂။ **အမတ်ကြီးသီရိရာဇသင်္ကြံ [သက္ကရာဇ် ၆၆၁] အမတ်ကြီးသီရိရာဇသင်္ကြံကျောက်စာ**

၂၊၁၊၂၊၁။

၁ "ပုရှာသွိင်သာသနာ ၁၈၃၇နှစ်သောအခာန္ဂိုက်။ သက
၂ ရစ် ၆၅၅ခု အာသိန်နှစ် နတ်တဝ်လ္ဆန် ၁၁ရျက် ၂နိယ် (အခာန္ဂိုက်) သဒ္ဒါစွာသော သြီရာဇသင်ကြံမည်သော အမတ်ကြီသည်
၃ သင်သရာဆင်ငြယ်မှ လွတ်ရှယ် သဗ္ဗသတ္တာ လူနတ် တကာ ခပ်သိမ်သောကိုဝ် သင်သရာ(ဆင်္ရဲ)မှ ကယ်ပိယ် တတ်သော မ္ဂတ်သဖုရှာ
၄ ဆုကိုဝ် လိုဝ်ချ္ဂင်သည်ကြောင် (နမ္ဗကြိုင်)သော မ္ဂိယ် အရပ်နှိုက် ကုလာကျ္ဂောင်ကြီနှစ်ခုနှင်၊ စလစ်ဥထွက်လ္ဂပ္ပု၏ ရှူယ်အတိအ
၅ ထူ ၂ ဆန်ကြယ်သော **ရှုယ်ဖွယ်နှန်**ဟိသော ဆိယ်ရိယ် ၏ အုတ်စရပ်နှင်သော အရံတန်တိုင်လေ္လပ္ပု၏ အရံတွင် နှိုက် စေတီလေ္လပ္ပု၏ **ပိဒ**
၆ **ကတ်**လေ္လပ္ပု၏။ **တန်လိုင်**ပုန်ရှယ် **တလ**မြိုဝ်ကိုဝ်ထိုဝ်ရှယ် နိုင်သောအခာန္ဂိုက် ဖုရှာလောင်သြိတြိဘုဝနာဒိတျပဝရ ပဏ္ဍိတခ
၇ မ္ဂရာဇမည်သောမင်ကြီကိုဝ် ရယ်ဆုပန်ရှယ် လှျုသော မ္ဂိယ်၊"

[ဘုရားသခင်သာသနာ ၁၈၃၇နှစ်သောအခါ၌ သက္ကရာဇ် ၆၅၅ ခု အဿယုဇနှစ်၊ နတ်တော်လဆန်း ၁၁ရက်၊ ၂နေ့အခါ၌ သဒ္ဒါစွာသော သြီရာဇသင်္ကြံ မည်သော အမတ်ကြီးသည် သံသရာဆင်းရဲမှလွတ်၍ သဗ္ဗသတ္တဝါ လူနတ်တကာ ခပ်သိမ်းသောကို သံသရာဆင်းရဲမှ ကယ် ပေတတ်သော မြတ်သောဘုရားဆုကို လိုချင်သည်ကြောင့် နမ္ဗကြိုင်သောမြေအရပ်၌ **ကုလားကျောင်း**ကြီးနှစ်ခုနှင့်

**စုလစ်ဦးထွက်**ပြု၏။ ရွှေအတိ အထူးထူးဆန်းကြယ်သော **ရှုဘနန်း**ရှိသော ဆေးရေး၏။ **အုတ်ဇရပ်**နှင့်သော အရံ တံတိုင်းလည်းပြု၏။ အရံတွင်း၌ စေတီလည်းပြု၏။ ပိဋကတ်လည်းပြု၏။ **တလိုင်းပုန်၍ ဒလမြို့ကိုထိုး၍ နိုင်သောအခါ**၌ ဘုရားလောင်းသြိတြိဘုဝနာဒိတျပဝရ ပဏ္ဍိတဓမ္မရာဇာမည်သောမင်းကြီးကို **ရဲဆုပန်**၍ လှူသောမြေ။]

၂၊၁၊၂၊၂။

၃၆ …“ဤမျှသောလယ်တွင်

၃၇ ၊ထေရစာကာ အိုပွတ်ဖတာဝ် ၁၀၀။ မိနှင်ဖိုဝ်၃၀။ ဤအပ ကြွင်သလယ်နှိုက် ရအမ်သော**စွာ**တွင် စေတီသင်ပုတ် ၁နိယ်ဆန်၁ပြည် ဖု

၃၈ ရှာသင်ပုတ်ဆန်၁ပြည်၊ **ပိတကတ်**သင်ပုတ်ဆန် ၃တုံ၊ ဆိမိဝတ်စေတီ ၁နိယ်၁ခွက်၊ ကျောင်ဦပုရှာ ၁ခွက် **ပိဒကတ်** ၃ခွက်၊ တြျာဆု ၁ သတင်သော

၃၉ ၅တင်၊ စာသင် ၁၅၀သော ၁နိယ် ဆန် ၁တုံ ဆန်ဖိုဝ်စွာ ရပြည်၊ ကျောင်ဦစောင်ဆန်၁တုံ၊ ဤအပကြွင်သ စွာကာ ကျောင်ပျက်စီသောဖာစိ

၄၀ ယ်ဧ၊ သွိင်သင်ခါတိုဝ် ဖျာနာသောလေ ဆိယ်ဖိုဝ် ဖွစ်စိယ်၏ ကျောင်နှိုက်လုပ်ကွ္ဂည်သော ထမင်ချက်စာ သောလေ အပ္ပွစ်မဟိစိယ်၊”

[ဤမျှသောလယ်တွင် **ထေရစာ**ကား အိုပွတ်ဖတော ၁၀၀၊ မိနှင်းဖို ၃၀။ ဤအပကြွင်းသောလယ်၌ ရအံ့သော စပါးတွင် **စေတီသင်ပုတ်** ၁နေ့ဆန်၁ပြည်၊ **ဘုရား သင်ပုတ်** ဆန်၁ပြည်၊ **ပိဋကတ်သင်ပုတ်** ဆန်၃**တုံ**၊ **ဆီမီးဝတ်** စေတီ ၁နေ့ ၁ခွက်၊ **ကျောင်းဦးဘုရား၁ခွက်**၊ ပိဋကတ် ၃ခွက်၊ **တရားဆု** ၁သီတင်းသော ၅**တင်း**၊ **စာသင်** ၁၅၀သော ၁နေ့ဆန်၁တုံ၊ **ဆန်ဖိုး**စပါး ၈**ပြည်**၊

**ကျောင်းဦးစောင့်** ဆန်၁တုံ၊ ဤအပကြွင်းသော စပါး ကား ကျောင်းပျက်စီးသော **ဖာ**စေ၏။ သခင်သံဃာတို့ **ဖျားနာ**သောလည်း **ဆေးဖိုး** ဖြစ်စေ၏။ ကျောင်း၌ လုပ်ကျွေးသော **ထမင်းချက်စား**သောလည်း **အပြစ်** မရှိစေ။]

၂၊၁၊၂၃။

၄၁ "ဤဝေလှျုသောအလှျုကာ။ အကြင်မျှလေါက် ပုရှာ သ္ခိင် သာသနာတည်၏။ ထိုဝ်သာသနာတည်သရှုယ်ကာ။ ပုရှာ တြျာ သင်ပုတ်၊
၄၂ ဆိမိဝတ်မပြတ်စိမ်သောဌာ။ **သတင်သ္မာဓိ**နှင် ပ္လည်စုံသော **အရှာပုက်ကိုဝ်**တိုဝ်ကိုဝ် စာပိယ်သင်စိမ်သောဌာ ပစ္စည် ၄ပါဆိ
၄၃ ယ်တအထောက်အပင် အလိုဝ်ရစိမ်သောဌာ လှျုသတေ၊"

[ဤငါလှူသောအလှူကား **အကြင်မျှလောက်** ဘုရား သခင် သာသနာတည်၏။ **ထို**သာသနာတည်သရွေ့ကား ဘုရား တရား သင်ပုတ်ဆီမီးဝတ် မပြတ်စိမ့်သောငှာ၊ **သီတင်းသမာဓိ**နှင့်ပြည့်စုံသော **အရိယာပုဂ္ဂိုလ်**တို့ကို **စာပေ**သင်စိမ့်သောငှာ၊ **ပစ္စည်း ၄ပါး ဆေးဝါး** အထောက်အပင့် အလိုရစိမ့်သောငှာ လှူသတည်း။]

## ၂၊၁၊၃။ တိပိဋကဝိလာသမဟာထီး [သက္ကရာဇ် ၆၆၄] ပေါင်လောင်ကျောင်းကျောက်စာ (ကျောဘက်)

၂၇ ... "ဝကောင်မှုကိုဝ် ခီပင်
၂၈ သသူကာ ဝနှင်ထပ်တူ အကျွိုဝ်ရစပါစိယ်သတေ။ ခပ်သိမ်သ
၂၉ လူနတ်**သတ်တဝ**တိုဝ်ဇ **အစီအဖွာ** ချံသာဌာ္လဖွစ်စိယ်
၃၀ သတေ။ ဝကောင်မှုကိုဝ် ဖျက်သသူကာ အဝီစိဝရယ်နှို
၃၁ က်လှျင် **ဦမခီ**ရ ကျွစိယ်သတေ။ လုအ္လဖွစ်မျှလှျင်လေ

၃၂ မရစိယ်သတေ။ **တိရိဆန်**လျှင့်ဖွစ်သောလေ အမုယ်မဲသ
၃၃ **သတ္တာ**လျှင် ဖွစ်စိယ်သတေ။”

[ငါ့ကောင်းမှုကို ချီးပင့်သသူကား ငါနှင့်ထပ်တူ အကျိုးရစ ပါစေသတည်း။ ခပ်သိမ်းသော လူနတ်သတ္တဝါတို့၏ **အစီးအပွား** ချမ်းသာဌာဖြစ်စေသတည်း။ ငါ့ကောင်းမှုကို ဖျက်သသူကား အဝီစိငရဲ၌လျှင် **ဦးမရှိရ** ကျစေသတည်း။ **လူအဖြစ်မှု**လျှင်လည်း မရစေသတည်း။ တိရစ္ဆာန်လျှင် ဖြစ်သောလည်း **အမွေးမဲ့သောသတ္တဝါ**လျှင် ဖြစ်စေ သတည်း။]

၂။၁။၄။ **အသင်္ခယာ [သက္ကရာဇ် ၆၆၅]**
**အသင်္ခယာကျောင်းကျောက်စာ (မျက်နှာဘက်)**

၁ “။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿတိ။ ။ **သွဿတိ** ကောင်သော့ဖွစ်စေလျှင် တေည်၊ ကာလယု
၂ တ်အခာနှိုက် ဖုရာသိခင်သာသနာကိုဝ် အခာခပ်သိမ် တေည်စိမ်သနှိုက် အတုမဲသာ တတ်အာခြင်လေည်**ဟိခ သော**
၃ ၊**လုံလပြည်ညာသတ္တာ**တန်ခိုဝ်ဟူသော တန်ဆာလေည် ဆင်ခသော၊ **စံပုတိတ်ကေ်ဟိသော** အလွှံသော မင်တိုဝ် သး
၄ ည်လေည် မပြောင်နိုင်ခသော ၁၂၀၀၀၀သော ခန်မင်ကြီ ၏ စစ်သည်ကိုဝ်လေည် ပြောင်စင်ပြီခသော၊ သိရိတြိ
၅ ဘါဝနာတိတ္ထျာပဝရသီဟသူရဓမ္မရာဇာလေည် မေည်ခ သော တြျာမင်ကြီ၏ **တဝံ့**ဖွစ်သောအစ်ကိုဝ်လေည် ဖွစ်ခ
၆ သော၊ ရတ္တနာသုံပါနှိုက် အတုမဲသာ ကြည်ညိုဝ်ခြင့်ဖွင် ညွတ်သာနှလုံလေည်ဟိခသော၊ အမေည့်ဖွင်ကာ အတိုင် မသိ

၇ သောရန်သူတိုဝ်ကိုဝ် ဩြာင်စင်ပြိသောကြောင် အသခ်ယာ
လေည်မေည်ခသော၊ ယောက်ကျာတကာခကေ် ္မွတ်စွာခဵ
၈ သာတြျာမင်ကြိ၏အစ်ကိုဝ်သည် မြင်စိုင်မေည်သောအရပ်
နိုက် **ရှယ်**အတိသော စလစ်ကျ္လောင်ကြိကိုဝ်ပ္လုရုယ်
လှ္ယုသော၊”

[နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
တိ။ ။**သွဿ္တိ၊ ကောင်းသောဖြစ်စေလျှင်းတည်း။**
**ကာလယုတ်**အခါ၌ ဘုရားသခင်သာသနာကို အခါ
ခပ်သိမ်း တည်စိမ့်သော၌ အတုမဲ့သော **တတ်အားခြင်း**
လည်း ရှိထသော၊ **လုံ့လပညာသဒ္ဓါတန်ခိုးဟူသော**
**တန်ဆာလည်း ဆင်ထသော၊ ဇမ္ဗူဒိပ်ထက်ရှိသော**
**အလွှံ့သော**မင်းတို့သည်လည်း မအောင်နိုင်ထသော
၁၂၀၀၀၀၀ သော ခန်းမင်းကြီး၏ **စစ်သည်**ကိုလည်း
**အောင်စင်**ပြီးထသော၊ သီရိတြိဘဝနာဒိတျပဝရ သီဟ
သူရဓမ္မရာဇာလည်းမည်ထသော **တရားမင်းကြီး**၏
**တစ်ဝမ်းဖြစ်သော အစ်ကို**လည်းဖြစ်ထသော၊ ရတနာ
သုံးပါး၌ အတုမဲ့သော ကြည်ညိုခြင်းဖြင့် ညွတ်သော
နှလုံးလည်းရှိထသော၊ အမည်ဖြင့်ကား အတိုင်းမသိသော
**ရန်သူ**တို့ကို အောင်စင်ပြီးသောကြောင့် အသခ်ယာလည်း
မည်ထသော၊ **ယောကျ်ားတကာထက် မြတ်စွာထ**
**သော တရားမင်းကြီး**၏အစ်ကိုသည် **မြင်စိုင်းမည်သော**
**အရပ်**၌ ရွှေအတိသော စုလစ်ကျောင်းကြီးကိုပြု၍ လှူ
သော။]

၂၊၁၊၅။ **စတ္တလက်ံပတေ့ [သက္ကရာဇ် ၈၆၆]**
**စတ္တလက်ံပတေ့ကျောက်စာ (မျက်နှာဘက်)**

၁ “လိယ်**အသင်ခယာ ကံမ္ဘာ**တသိန်။ ပါရမိလ္ဖွည်
၂ ရုယ် **ပေါထိမန်တိုအ်**အရင် သစ္စာ ၄ပါတြျာခပင် ပွင်

၃ စင်ပြီသော မွတ်စွာသ ပုရှာသိခင်သာသနာန္တိက် သ
၄ တ္တာကြည်ညိုဝ်စွာရှယ် သာသနာ ၅၀၀၀ တည်စိမ်
၅ သောင့ာ။ သကရစ် ၆၆၆ခု အာသတ်နှစ်။ စတ္တလက်ပ
၆ တိယ်ပ္လသကာ။ စေတီတလုံမ်၊ ကျောင်ကြီတဆောင်
ရှု
၇ ယ်ပုရှာ ၁ဆူ ပ္လုရှယ် ရတ္တနာ ၃ပါကိုဝ်ရည်ရှယ် လှုသော
လယ်
၈ သစ်မွိယ် ၄၅။ သလယ်တောင်မွိယ် ကျွန် ၃ယောက်
၉ သိရျက်ဝပင်လှုသတေ။ လှုသအခာန္တိက် သိပါသကာ
၁၀ ရှုယ်နန်အ**သျင်** စစ်သူကြီ စစ်သာခပင် လှုပါသတေ။”

[**လေးအသရျာ ကမ္ဘာတစ်သိန်း** ပါရမီဖြည့်၍ **ဗောဓိ မဏ္ဍိုင်**အရင်း သစ္စာလေးပါးတရားခပင်း **ပွင့်စင်**ပြီးသော မြတ်စွာသော ဘုရားသခင်သာသနာ၌ သဒ္ဓါကြည်ညိုစွာ၍ သာသနာ ၅၀၀၀ တည်စိမ့်သောငှာ၊ သက္ကရာဇ် ၆၆၆ခု အာသဠ်နှစ်၊ စတ္တလက်ပတေ့ပြုသကား **စေတီတစ်လုံး၊ ကျောင်းကြီးတစ်ဆောင်၊ ရွှေဘုရားတစ်ဆူ**ပြု၍ ရတနာ၃ပါးကိုရည်၍လှုသော လယ်သစ်မြေ ၄၅၊ သလယ်တောင်မြေ၊ ကျွန်၃ယောက်၊ သရက်ဝပင် လှုသတည်း။ လှုသောအခါ၌ သိပါသကား **ရွှေနန်းအရှင် စစ်သူကြီး စစ်သားခပင်း** လှုပါသတည်း။]

၂၂၁၆။ **စတ္တလက်ပတေ့ [သက္ကရာဇ် ၆၆၆]**
**စတ္တလက်ပတေ့ကျောက်စာ (ကျောဘက်)**

၄ “ဤယ်မွိယ်ကိုဝ် **နှလုံမ်**ကောက်သ
၅ ည်တေ ဟိမုကာ **မွိယ်ပုံမ်လုံမ်မျှုကြုံမ်**မကသော နော
၆ င်လ္ဖစ်သ ဖုရှာကိုဝ် မဖုစိယ်သတေဟု ကိန်၏၊ ၀ ၊”

[ဤမြေကို **နလုံးကောက်**သည်တည်း ရှိမူကား မြေပုံလုံးမျှ ကျိုးမကသော၊ နှောင်ဖြစ်သောဘုရားကို မဖူးစေသတည်းဟုကျိန်၏။]

## ၂၊၁၊၇။ **ရာစပါ [သက္ကရာဇ် ၆၆၇] ရာစပါကျောက်စာ**

၂၀ “ဤသိုဝ်လျှင် ဇလျုကျင်မှုလေ အခွန်(အ)
၂၁ ထန် တောင်မူကာ မလိုဝ်စွံတေ၊ ချင်တိုဝ် သတ္တာသမျှ
လျှင်တေ”

[ဤသို့လျှင် ငါလှုကျင်မှုလည်း **အခွန်**(အ)ထန် တောင်းမူကား မလိုစွံတည်း။ **ချင်းတို့ သဒ္ဓါသမျှလျှင်တည်း။**]

## ၂၊၁၊၈။ **မင်းမတ်သုဖရစ်နှင့်အများ [သက္ကရာဇ် ၆၆၇] မင်းမတ်သုဖရစ်နှင့်အများကျောက်စာ**

၁၂ “ဤသိုဝ်ပ္ပုရသ အက္လိုဝ်သည်ကာ သင်သရာတွင် ကျ
၁၃ င်လည်သောလေ **နိပန်**မရောက်သောအကြာ လူ့ဖွစ်သေါ
လေ လူစည်စိမ်ကိုဝ် လိုဝ်လ္ခင်သတေ ပြည်ာကြီလ္ခင်သ
အသက်ရှည်
၁၄ လ္ခင်သ အနာမဲလ္ခင် အသံသါလ္ခင်သ **မိတည်**မည်သဖုရာ
ဖ္လစ်လစ်သေါခာ ဖ္လစ်ပါလ္ခင်သတေ အဆုံမ်စွန်နို့က်
၁၅ ကာ နတ်၏စည်စိမ် နိပန်စည်စိမ်ကိုဝ် ရလေလ္ခင်သတေ
ဤဇလျှုသအလျှုကိုဝ် နောက်လါလစ်သသူ ခီပင်ပါသ
သုကာ
၁၆ ဇနှင်အတု ရစပါစေသတေ ဖျက်ဆီသသုကိုဝ်ကာ **အကံ
ဖာ၂**ဖုရာလျှင် မဖူစေသတေ မ္လေကြီထက် **ပုရွက်**မျှလျှ
၁၇ င်မဖ္လစ်စေသတေ မ္လေကြီအထယ် လေါကန္တရိက်ငရယ်
လျှင်ခံစေသတေ။”

[ဤ]သို့ပြုရသောအကျိုးသည်ကား သံသရာတွင်ကျင်လည်သောလည်း နိဗ္ဗာန်မရောက်သောအကြား လူဖြစ်သောလည်း လူစည်းစိမ်ကို လိုချင်သတည်း။ **ပညာကြီးချင်သော၊ အသက်ရှည်ချင်သော၊ အနာမဲ့ချင် အသံသာချင်သော**။ မေတ္တေယျမည်သောဘုရား ဖြစ်လစ်သောခါ ဖြစ်ပါချင်သတည်း။ အဆုံးစွန်၌ကား နတ်၏စည်းစိမ်၊ နိဗ္ဗာန်စည်းစိမ်ကို ရလေချင်သတည်း။ ဤငါလှူသောအလှူကို နောင်လာလစ်သသူ ချီးပင့်ပါသသူကား ငါနှင့်အတူ ရစပါစေသတည်း။ ဖျက်ဆီးသသူ(ကို)ကား အကမ္ဘာဘာဘုရားလျှင် **မဖူးစေ**သတည်း။ မြေကြီးထက် **ပုရွက်**မျှလျှင် မဖြစ်စေသတည်း။ မြေကြီးအထဲလောကန္တရိက်ငရဲလျှင် ခံစေသတည်း။]

၂၊၁၊၉။ **လက်ဝဲအမတ်ကြီး [သက္ကရာဇ် ၆၆၈]**
**စစ်သူကြီးလက်ဝဲအမတ်ကြီးကျောက်စာ (မျက်နှာဘက်)**

၁၉ "ငါလှူထသော ဤမြို့ယ်ကိုဝ် ငါလျှင်မဟိသောလေခိ
၂၀ ပင်လစ်သော **အရိယ်အရံမ်**ယူလစ်သော အနမောဒနာခဝ်ပါသော
၂၁ ကြည်ညိုဝ်ပါသောသူတိုဝ်သည်ကာ ငါနှင့်ထပ်တူ ရစစိယ်သဝေ
၂၂ တ။ ဖုန်ကြီစိယ်သတေ လိုဝ်ရယ်တောင်သောဆုကောင်ပ္လည်
၂၃ စုံစိယ်သတေ။ အကြင်ငါသည် ဤမြို့ယ်လှူရသအကျွိုဝ်ကာ **နိ**
၂၄ **ပ္ပန်**ဆုသည် မရောက်သရွယ်ကာ လုစည်စိမ် နတ်စည်စိမ်မ
၂၅ ပိတ်ပင်လိုဝ်သတေ ဆင်ငြယ်သအလွှစ် ယုတ်မာသအလွှစ် **မိ**

၂၆ **(ဈာ?)ဒိဋ္ဌိ** အမြင်မှာသအလ္လဖ္ဖစ်တိုဝ်ကိုဝ် မျက်စိမြင်သည်
ကိုဝ် ထာ
၂၇ ဖိရုယ် နာမ္ဗျုလ္လျှင်မကြာချင် အဆုံစွန်ကာ **သပ္ပညျုဖုရာ**ဆု
၂၈ လ္လျှင်တိုင်လိုဝ်သတော။”

[ငါလှျူထသော ဤမြေကို ငါလှျှင်မရှိသောလည်း ချီးပင့်လစ်သော၊ အရေးအရံယူလစ်သော၊ **အနုမောဒနာ**ခေါ်ပါသော၊ **ကြည်ညို**ပါသောသူတို့သည်ကား ငါနှင့်ထပ်တူရစေသတည်း။ ဘုန်းကြီးစေသတည်း။ လို၍ တောင်းသော ဆုကောင်းပြည့်စုံစေသတည်း။ **အကြင်ငါ**သည် ဤမြေ လှူရသော အကျိုးကား နိဗ္ဗာန်ဆုသည် မရောက်သရွေ့ ကား လူစည်းစိမ်၊ နတ်စည်းစိမ်**မပိတ်ပင်**လိုသတည်း။ **ဆင်းရဲသောအဖြစ်၊ ယုတ်မာသောအဖြစ်၊ မိစ္ဆာဒိဋ္ဌိ အမြင်များသောအဖြစ်တို့ကို မျက်စိမြင်သည်ကို ထားဘိ၍ နားမျှလျှင်မကြားချင်။** အဆုံးစွန်ကား သဗ္ဗညု ဘုရားဆုလျှင် **တိုင်**လိုသတည်း။]

## ၂၊၁၊၁၀။ ချမ်းသာပတော့လင်မယား [သက္ကရာဇ် ၆၆၈] ချမ်းသာပတော့လင်မယားကျောက်စာ (ကျောဘက်)

၁၄ ...“ဤသိုဝ်လ္လှုရသော ကော
၁၅ င်မှုအက္လိုဝ်အာလ္လဖ္ဖင်၊ ဇာချံသာပတေယ်ကာ ဖုရာဆုလျှင်
လ္လည့်လ္လခွင်သတေည်၊ ငမိငဖဇာ၏မယာသာ
၁၆ နှင် ဆွေဝတမကြွင် မင်ကစသော ခီပင်သသူ လူ
ရဟာန်ကာ မိ၂တောင်သ ဆုကောင်ထပ်ရှည်လ္လည်စေသော
၁၇ လူနတ်ဗြဟ္မ ချံသာခံပြီ **နိဗ္ဗန်**ထုတ်ခွ္လောက် ရောက်စေ
သော၊ ၊ မင်ကစသ အသည်အလာ ဖျက်ဆီ
၁၈ သသူ လူရဟာန်လေည် **ဝာပိုင်**တလှည်ကိုဝ်ဖုတ်ရုယ်
**အကျွံမွ်**ရသကဲယ်သိုဝ် ချင်ကိုဝ်စသော ဆွေမျို
၁၉ ဝ်အဆက်၂လျှင် ပျက်စီ**ဖြုန်တီ**စေသတေည်၊”

[ဤသို့ပြုရသော ကောင်းမှုအကျိုးအားဖြင့် ငါချမ်းသာ ပတော့ကား ဘုရားဆုလျှင် ပြည့်ချင်သတည်း။ ငါ့မိငါ့ဖ ငါ၏မယားသားနှင့် **ဆွေဝါး**မကြွင်း မင်းကစသော ချီးပင့်သသူ လူရဟန်းကား မိမိတောင်းသော **ဆုကောင်း ထပ်ရှည့် ပြည့်စေသော။** လူနတ်ဗြဟ္မာ ချမ်းသာခံပြီး **နိဗ္ဗာန်ထုတ်ချောက် ရောက်စေသော**။ မင်းက စသော **အသည်အလာ** ဖျက်ဆီးသသူ လူရဟန်းလည်း **ဝါဗိုင်း တစ်လှည်း**ကိုဖုတ်၍ အကျွမ်းမရ**သကဲ့သို့ ချင်းကိုယ် စသော ဆွေမျိုးအဆက်ဆက်**လျှင် ပျက်စီးပြုန်းတီးစေ သတည်း။]

## ၂၊၁၊၁၁။ မင်းမတ်ကြီးသုံးယောက်၏နှမ [သက္ကရာဇ် ၆၇၀] မင်းမတ်ကြီးသုံးယောက်၏နှမကျောက်စာ

၂၊၁၊၁၁၊၁။

၁ “။ ။ သကရစ် ၆၇၀ ကြာတိုက်နှစ်၊ မ္လွယ်တာ
လ္ဆုတ် ၁၀ရျက်၊ တနှင်ကနုယ်နိယ်အာ၊
၂ မင်မတ်ကြီသုံယောက်နှမ တောင်ပိမင်သီကိုဝ် လှျုသော
မ္လိယ်”

[သက္ကရာဇ် ၆၇၀ ကြတ္တိကာနှစ်၊ နွယ်တာလဆုတ် ၁၀ ရက်၊ တနင်္ဂနွေနေ့အား **မင်းမတ်ကြီးသုံးယောက် နှမ** တောင်ပိမင်းသိမ်ကို လှူသောမြေ။]

၂၊၁၊၁၁၊၂။

၉ “ဤဆိမိဝတ် သင်ပုတ်ဝတ်အပသော **ဝတ်ထုစ်တ်**
၁၀ ကာ **ကီ**နှင်ထာရုယ် အရှိယ်ကျွောင် အနောက်ကျွောင်
ငီရုယ်၊ သိမ်စိယ်သတေ သိမ်မပျက်
၁၁ သောကာ ကျွန်ကိုဝ်ထမင်ချက်စိယ်ရုယ် မပြတ်သတင်
တိုင်လျှင် **ဥပုတ်ပြဝတ**

၁၂ **ဏာသ** သ္ခိုင်စုတ်စာစိယ်သတော၊ သိမ်ပျက်သမျှလျှင်။
ဤဝတ်ထုနှင်**လကောင်**ပြီ

၁၃ ဩင့်ပ္လုတုံတုံ မူစိယ်သတော၊ ပြီ၂မူကာ သ္ခိုင်တိုဝ်စာတိုင်
စာစိယ်တုံသတော၊ တ

၁၄ ရျာဝတ်လေ မပြတ်သတင်တိုင်လျှင် ၁၆ပြည်တဝ်နှင်
တတင်၂ ဤဝတ်ထုတွင်

၁၅ လကောင် လ္ဟုစိယ်သတော ဤယ်က္ဍုန်အလုံကာ သိမ်အမူ
ထွက်သမျှလျှင် သ္ခိုင်တိုဝ်စကာ နာ

၁၆ ပစိယ်သတော၊”

[ဤဆီမီးဝတ်၊ သင်ပုတ်ဝတ်အပသော **ဝတ္ထုစုတ်**ကား **ကျီ**နှင့်ထား၍ **အရှေ့ကျောင်း၊ အနောက်ကျောင်း**ညီ၍ သိမ်းစေသတည်း။ သိမ်မပျက်သောကား က္ဍုန်ကို**ထမင်းချက်**စေ၍ မပြတ်သီတင်းတိုင်းလျှင် **ဥပုသ်ပဝါရဏာသော သခင်စုတ်**စားစေသတည်း။ သိမ်ပျက်သမျှလျှင် ဤ**ဝတ္ထု**နှင့်လည်းကောင်း ပြီးအောင် **ပြုတုံတုံမူစေသတည်း**။ ပြီးပြီးမူကား သခင်တို့စားတိုင်း စားစေတုံသတည်း။ တရားဝတ်လည်း မပြတ်သီတင်းတိုင်းလျှင် **၁၆ ပြည်တော်နှင့် တစ်တင်းတစ်တင်း** ဤဝတ္ထုတွင်လည်းကောင်း လှုစေသတည်း။ ဤက္ဍုန်အလုံးကား သိမ်အမူ ထွက်သမျှလျှင် သခင်တို့စကား **နာပစေ**သတည်း။]

၂၊၁၊၁၁၊၃။

၁၈ “ဤယ်ဇာအလှုအက္လိုဝ်ကာ **သိကြာပြု**မှာ နတ်တကာ
စဓ

၁၉ သာ။ ဇာမိဇာဖ၊ ဇာမောင် ဇာဖာ၊ ငီမအစ်မ၊ ဇာသာ
ဇာ္လမ္ဂိယ်၊ **ဇာဆွိုယ်**ဇာ္လမျိုဝ်၊

၂၀ ဇာက္လိုယ် ဇာက္ဍုန်၊ သိပါမြင်ပါသသူအလုံ ရစပါစိယ်
သတော၊ ဇာလှုသော ၶ္လောာ

၂၁ င်လယ်ဥယန် သစ်တပင်ဝတ(ပ)င်ကိုဝ် ဖျက်ဆိထိပါ (သ) သုကာ ဖ္လစ်လိယ်

၂၂ ရရာကာ အဖ္လစ်၂သော ပုရှာကိုဝ်လျှင် မဖူစိယ်သတော၊ ဤလူလက်ထက်ဌ

၂၃ လျှင် **နူဝယ်ကိကန်**စိယ်သတော၊ **ငရယ်**ကြိ ငရယ်ငယ် ခံစိယ်သတော၊"

[ဤငါအလှူအကျိုးကား **သိကြား ဗြဟ္မာ နတ်တကာ** စသော **ငါ့မိငါ့ဖ၊ ငါ့မောင်ငါ့ဖား၊ ညီမအစ်မ၊ ငါ့ သား ငါ့မြေး၊ ငါ့ဆွေငါ့မျိုး၊ ငါ့ကျေးငါ့ကျွန်** သိပါမြင်ပါသသူအလုံး ရစပါစေသတည်း။ ငါလှူသော **ချောင်း**၊ လယ်၊ ဥယျာဉ်၊ **သစ်တစ်ပင် ဝါးတစ်ပင်**ကို ဖျက်ဆီး**ထိပါး**သသူကား ဖြစ်လေရာရာကား အဖြစ်ဖြစ် သော ဘုရားကိုလျှင် မဖူးစေသတည်း။ ဤလူလက်ထက် လျှင် **နူဝဲ ကျိး ကန်း**စေသတည်း။ **ငရဲကြီးငရဲငယ်** ခံစေသတည်း။]

၂။၁။၁၂။ **စာထွေး [သက္ကရာဇ် ၆၇၀]**
**ဆင်ဖြူသခင်သမီးစာထွေးကျောက်စာ**

၁၃ ..."(ဂ၁)

၁၄ အသက်ဟိသရယ်ကာ ဇာစိယ်စံ၊ ဇာအသက်မဟိမူကာ ပုရှာနှိုက်လုပ်(ကွ္လည်)

၁၅ စိယ်သတော၊ ကျွန်အလုံပုရှာနှိုက် မလုပ်ကွ္လည်တတ်ရယ် မြက်နှရိယ်ကြ

၁၆ ည် ရှာမှိခရယ်သာ စာနိယ်လိယ်သောလေ၊ (သင်ပုတ် ဝတ်လုရစ်**ဟျ**

၁၇ **န်)ဆယ်**ရစ်သသူကာ အဝစိယ်အထယ် ငြယ်ကြီလျှင် ကျက်(စိယ်သ)ဇ

၁၈ တ၊ ကျောင်နှိုက်လှူသော လဲ၊ ဥယန်၊ စွာ၊ ခွက်၊ နွာ၊
ကျွန်၊ ဤယ်မျှ ဇာ
၁၉ လှူခသောအလုံကိုဝ် ဖျက်ဆီထိပါရစ်သသူကာ၊ အဝစိယ်
အထယ် ငြ(ယ်)
၂၀ လျှင် ကျက်စိယ်သတေဟု ကျောင်တာယကာ လင်မျာ
တကြိုက်ကိ(န်)
၂၁ ခတုံဇ၊ ဤယ်ဇာပ္ပုသော ကောင်မှုနှိုက် ပြည်စိုဝ်သော
အမတ်ကြီ**ရာ**
၂၂ **စာသင်ကြံ**၊ သို့ခ်ိစဝ်ချံသာ၊ သို့ခိစဝ်လှလျှင်(အစ)ရိယ်
သွန်ပါသ(တေ)"

[ငါအသက်ရှိသရွေ့ကား ငါ**စေစုံ**၊ ငါအသက်မရှိမူကား ဘုရား၌ လုပ်ကျွေးစေသတည်း။ ကျွန်အလုံးဘုရား၌ မလုပ်ကျွေးတတ်၍ **မြက်နုရေကြည်ရှာမှီး**ခ၍သာ စားနေလေသောလည်း သင်ပုတ်ဝတ် လုရစ် ညှဉ်းဆဲ**ရစ်**သသူကား အဝီစိအထဲ ငရဲကြီးလျှင် ကျက်စေသတည်း။ ကျောင်း၌လှူသောလယ်၊ ဥယျာဉ်၊ စပါး၊ **ခွက်**၊ နွား၊ ကျွန် ဤမျှ ငါလှူခသောအလုံးကို ဖျက်ဆီးထိပါးရစ်သသူကား အဝီစိအထဲ ငရဲလျှင် ကျက်စေသတည်းဟု ကျောင်းဒါယကာလင်မယား **တစ်ကြိုက်** ကျိန်ခတုံ၏။ ဤငါပြုသောကောင်းမှု၌ **ပြည်စိုးသောအမတ်ကြီး** ရာဇသင်္ကြိ၊ သခင်စောချမ်းသာ၊ သခင်စောလှလျှင် အစရေသွန်းပါသတည်း။]

## ၂၊၁၊၁၃။ မြတ်ကြီးပိကုန်ထေ [သက္ကရာဇ် ၆၇၂] မြတ်ကြီးပိကုန်ထေကျောက်စာ

၇ "ဤယ်ဇာလှူအက္လိုဝ်ကာ စတုမဟာရစ္စသော
၈ ပြုမှာရွာရောက်သြင် **ဘီလါ** အနန္တစက္ကဝလါ**ထုပ်**
၉ **လွှင်** အဝစိယ်ငြယ်စသော သတ္တဝာခပင်ရပါစိယ်"

[ဤငါလှုအကျိုးကား စတုမဟာရာဇ်စသော ဖြဟ္မာရှာ ရောက်အောင်၊ **ဗီလာ အနန္တစကြဝဠာထုတ်ချင်း၊** အဝီစိငရဲစသော သတ္တဝါခပင်းရပါစေ။]

၂၊၁၊၁၄။ **မိဖုရားစော [သက္ကရာဇ် ၆၇၂]**
**မိဖုရားစောကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၁၄၊၁။

၁ "။ သကရစ် ၆၇၂ခု ပုသနှစ် မ္လွယ်တာလ္ဆန် ၁၂ ရျက် ၅နိယ်အာ **လိယ်အသ**

၂ **ခံယာ** အမ္လတ်**ကမ္ဘာ**တသိန် ပါရမိဖ္လည်ရှယ် မိ၂မုယ်သော တနိယ်နက် ပေါက်ရှယ်**ယောက်**သော

၃ **ညောင်ပုတ္တဟိယ်**ပင်ဩက် ရှုယ်ပန်လင်ထက် အမိုက် အမျက် **ရံမက်**ကုန်ရှယ် သစ္စာ၄ပါပွင်

၄ သောဖုရာသို့ခ်သည် ဏ္လတ်အပ်သောဖြဟ္မာ စသော လူ နတ္တကာ ခပ်သိမ်သောကိုဝ် ္လွတ်ခပြီရ

၅ ယ်၊ နိယ်ရပန်လွန်သော အနှစ် ၁၈၅၄ နှစ်သောအခာနိုက် **အရိမတ္တနပူရ**မည်သောပြည်နိုက် အစိုဝ်ရ

၆ သော အလွန်ဖုန်တန်ခိုဝ်ကြီစွာသော အပြည်၂မှ ဆင့်ဖ္လူ သို့ခ်ဟု ဏ္လဝ်စဝ်ထင်ရှာဖ္လစ်ထသော။ ညီတြိ

၇ ဘဝနာဒိတျပဝရဓမ္မရာဇာမည်သော တရျာမင်ကြီဒေ်၊ အထောင့်ကသော အယောင်အဆင်လှဇေ

၈ သာ မိမတိုဝ်ထက် အစိုဝ်ရသော အမိဖုရာစဝ်သည်၊ သဒ္ဓါကြည်ညိုဝ်လတ်ရှယ်၊ ခပ်သိမ်သော သံသရာ**ဆ**

၉ **ငြယ်**ဏ္လတ်ရှာဖ္လစ်သော နိယ်ရပန်ဆုကိုဝ် လိုဝ်ချ္လင်သည် ကြောင်။"

[သက္ကရာဇ် ၆၇၂ ခု ဖုသျှနှစ်၊ နွယ်တာလဆန်း ၁၂ရက်၊ ၅နေ့အား လေးအသင်္ချေ အမြတ်ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်၍ **မိမိမွေးသောတစ်နေ့နက် ပေါက်၍ရောက်**

**သော ညောင်ဗုဒ္ဓဟောပင်အောက် ရွှေပလ္လင်ထက် အမိုက် အမျက် ရမ္မက်ကုန်၍ သစ္စာလေးပါးပွင့်သော ဘုရားသခင်**သည် **ကျွတ်အပ်သော**ဗြဟ္မာစသော လူနတ်တကာခပ်သိမ်းသောကို ချွတ်ခပြီး၍ **နေရပန်လွန်သော** အနှစ် ၁၈၅၄ နှစ်သောအခါ၌ အရိမဒ္ဒနပူရမည်သောပြည်၌ အစိုးရသော၊ အလွန်ဘုန်းတန်ခိုးကြီးစွာသော၊ **အပြည်ပြည်မှ** ဆင်ဖြူသခင်ဟု **ကျော်စောထင်ရှားဖြစ်ထသော**၊ သီတြိဘဝနာဒိတျပဝရဓမ္မရာဇာမည်သော **တရားမင်းကြီး၏ အထောင်မကသော အယောင်အဆင်းလှသောမိန်းမတို့ထက် အစိုးရသော အမိဖုရားစော**သည် သဒ္ဓါ**ကြည်ညိုလတ်**၍ ခပ်သိမ်းသော သံသရာဆင်းရဲကျွတ်ရာဖြစ်သော နေရပန်ဆုကို လိုချင်**သည်ကြောင့်**။]

၂၊၁၊၁၄၊၂။

၂၀ ...“ဤငါဇအော်ကော

၂၁ င်မှုကိုဝ် ဇာအဆုယ်တွင်လည္တောင်။ ပ္လင်သူတပါလည္တောင်။
နိုင်ထက်ကြိပြင်**ညွန်ဆယ်**

၂၂ ဖျက်ဆိသသူကာ ဖုရာအလ္ဖစ်၂လျှင် မဖုစိယ်သတေ။
အဝိစိအဓယ် ငရယ်လျှင်ကျ

၂၃ က်စိယ်သတေ။”

[ဤငါ၏ကောင်းမှုကို ငါ့အဆွေတွင်လည်းကောင်း၊ **ပြင်သူတစ်ပါး**လည်းကောင်း **နိုင်ထက်ကြီးပြင်း** ညှဉ်းဆဲဖျက်ဆီးသသူကား ဘုရားအဖြစ်ဖြစ်လျှင် မဖူးစေသတည်း။ အဝီစိအထဲ ငရဲလျှင်ကျက်စေသတည်း။]

## ၂၊၁၊၁၅။ **ကြေံလှောက်သင် [သက္ကရာဇ် ၆၇၃] ကြေံလှောက်သင်ကျောက်စာ (ကျောဘက်)**

၁ “။ ။ သကရစ် ၆၀၆ခု။ **ခုဆုန်**လဆုတ် ၅ရျာက် တန်နှင်လာနိယ်အာ ဇကြေံလှော

၂ က်သင်ပုရှာလှုသောကျွန်။ ညွှန်၁ယောက်။ ငဖုံ ၁ယောက်။ ထန်၃၀။ ဤထ

၃ န်၃၀သကာ ငအေသက်ဟိသ**ယှုယ်** ဇက္လွည်သတေ။ ဇတေအတည်မယ်မုကာ။ ဤငမိယာန

၄ င်သာ၂ယောက်။ ငကိုဝ်စာ ပုရှာနှင်ကျ္လောင်အာ ကွ္လည်ရစ် စိယ်သတေ။ ဤဇလှုုခသောကိုဝ်

၅ ဖျက်ဆီသောသူကာ။ အထု၂သိန် အမ္လတ်၄သောင် ဟိသော မ္လိယ်ကြီကာအထက် အယ

၆ င်ဖျက်သောသူကာဩက် ခံရစိယ်သတေ။”

[သက္ကရာဇ် ၆၀၆ခု၊ ကဆုန်လဆုတ် ၅ရက်၊ တနင်္လာနေ့အား ကြေံလှောက်သင် ဘုရားလှူသောကျွန် ညွှန် ၁ယောက်၊ ငဖုံ၁ယောက်၊ ထန်း၃၀။ ဤထန်း၃၀ သကား ငါအသက်ရှိသရွေ့ ငါကျွေးသတည်း။ ငါတည်း အတည်မဲ့မူကား ဤငါ့မယားနှင့် သား၂ယောက် ငါ့ ကိုယ်စား ဘုရားနှင့်ကျောင်းအား ကျွေးရစ်စေသတည်း။ ဤငါလှူခသောကို ဖျက်ဆီးသောသူကား **အထု ၂သိန်း အမြတ်၄သောင်းရှိသော မြေကြီး**ကားအထက် အယင်း ဖျက်သောသူကားအောက် ခံရစေသတည်း။]

## ၂၊၁၊၁၆။ **ရှင်မဟာကဿပ [သက္ကရာဇ် ၆၇၇] ရှင်မဟာကဿပဘုရားကျောင်းကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၁၆၊၁။

၅ … “ဖုန််မ္လတ်ကြီစွာ မ

၆ ဟာကဿပ၊ ဖုရှာဆုကိုဝ်လိုဝ်ရကာ ဤအရပ်နိုက် ရိယ်
မ္ဘိယ်စိုဝ်သ အမတ်ကလန်**သမ်ပျင်** ငဆုယ်င(မျိုဝ်သ)
၇ ဗ္ဗသတ္တဝာလုနတ်တကာ ခပ်သိမ်သေါကိုဝ် သသံရာ
ဆင်ငြယ်မှ လွတ်စိမ်သေါဌာ မိ၂**စာတိဘိုမ်**ဖ္လစ်သ (ရှိုယ်)
၈ ကူရှာအကြိယ် **အသထန်**ဟိသ မ္ဘိယ်အရပ်နိုက် ကူတဝ်
တည်ရုယ် **ကက္ကုသန် ကောနာကိုမ်** ကဿပ
**ကောတမ ဤဖုရှာ**
၉ ၄ယောက်လေ့လ္ဘုဇ် တန်တိုင်၄မျက်နှာလေ့လ္ဘုဇ် ရတ္တနာတိ
သေါ အထွတ်တ်ကိုဝ်တင်ရုယ် ရတ္တနာ ၃ပါကို
၁၀ ဝ် သါသနာ၅၀၀၀၊ တည်စိမ်သေါဌာ၊ သကရစ် ၆၄၃ခု
သရဝန်နှစ် **နံမျုန်လပ္လည်**နိယ် လွတ်သောလှျုသော
၁၁ သင်္ကန်ဆူ ၁၀၀ **ပရိတ်ခရာ**ဇပါအစုံ **ဗတည်သါ**အပင်
၂၀ ဆင်ဝဇိ ပုကံကျွန် တောင်ကျွန်အလုံသော
၁၂ ၁၀၀ နွာ ၁၀၀”

[**ဘုန်းမြတ်ကြီးစွာ**မဟာကဿပ ဘုရားဆုကို လိုရကား **ဤအရပ်၌ ရေမြေစိုးသော အမတ်၊ ကလန်၊ သံပျင်၊** ငါ့ဆွေငါ့မျိုး၊ သဗ္ဗသတ္တဝါလူနတ်တကာ ခပ်သိမ်းသောကို သံသရာဆင်းရဲမှ လွတ်စိမ့်သောငှာ မိမိ**ဇာတိဘုံ**ဖြစ်သော ရွှေဂူရှာ**အကြေ အသဏ္ဍာန်**ရှိသောမြေအရပ်၌ ဂူတော် တည်၍ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ **ဤဘုရား၄ယောက်**လည်းပြု၏။ တံတိုင်း ၄မျက်နှာ လည်းပြု၏။ **ရတနာတိသော အထွတ်တော်**ကို တင်၍ ရတနာ ၃ပါးကို သာသနာ ၅၀၀၀ တည်စိမ့်သောငှာ သက္ကရာဇ် ၆၄၃ ခု သရဝဏ်နှစ်၊ **နယုန်လပြည့်**နေ့ **လွှတ်သော လှူသော** သင်္ကန်းဆူ ၁၀၀၊ **ပရိက္ခရာ ဇပါးအစုံ၊ ပဒေသာအပင်၂၀၊ ဆင်ငါးစီး**၊ ပုဂံကျွန်၊ တောင်ကျွန် အလုံးသော ၁၀၀၊ နွား၁၀၀။]

၂၊၁၊၁၆၊၂။

၁၈ "ဤဇာကောင်မှုကိုဝ် ခိပင်ပါသ အရိယ်အရံယုသ မဖျက် သသုကာ ဇာနင်ထ..

၁၉ ရစပါစိယ်သတေ ဤအရပ်နိုက် ရိယ်မွိယ်စိုဝ်သအဆက် ၂သ လိယ်သေါင်သုကြီစသ ကလန်သံပျင်(အလုံ)

၂၀ ဇာနင့်ထပ်တူ ရစပါစိယ်သတေ၊ အထက်ဖဝက် ဩကွ်ာ အဝစိယ် စကြ္ကဝလါတသေါင်တွင်နိယ်သ လုနတ် (တကာ)

၂၁ သဗ္ဗသတ္တဝါအလုံ၊ အတိုင်မသိသ အနန္တစကြ္ကဝလါတွင် နိယ်သေါ လုနတ်တကာ သကြာဖြုဟ္မာ သဗ္ဗသတ္တ(ဝါ)

၂၂ ခပ်သိမ် ရစပါစိယ်သတေ၊ ပုကံအညာညောင်ဦ စသော ငဆောင်ချံတိုင်ဩင် ပုကံအကြိယ် သရိယ်ပစ္စရာ စသကာ **တဝယ်**တို

၂၃ င်ဩင် မွိယ်ပုံလုံမျှမကသ လါလစ်အံသေါ ဖုရှာကိုဝ်လေ ဖုစိယ်သတေ"

[ဤငါ့ကောင်းမှုကို ချီးပင့်ပါသော အရေးအရံယူသော မဖျက်သောသူကား ငါနှင့်ထ(ပ်တူ)ရစပါစေသတည်း။ ဤအရပ်၌ ရေမြေစိုးသော **အဆက်ဆက်သော လေးသောင်းသူကြီး**စသော ကလန်၊ သံပျင်အလုံး ငါနှင့် ထပ်တူ ရစပါစေသတည်း။ အထက်ဘဝဂ်၊ အောက်ကား အဝီစိ စကြဝဠာတစ်သောင်းတွင်နေသော လူနတ်တကာ သဗ္ဗသတ္တဝါအလုံး၊ အတိုင်းမသိသော အနန္တစကြဝဠာ တွင်နေသော လူနတ်တကာ သိကြားဗြဟ္မာ သဗ္ဗသတ္တဝါ ခပ်သိမ်း ရစပါစေသတည်း။ **ပုဂံအညာ ညောင်ဦး စသော ငဆောင်ချမ်းတိုင်အောင်၊ ပုဂံအကြေ သီရိ ပစ္စရာ စသကား ထားဝယ်တိုင်အောင်** မြေပုံလုံးမျှ မကသော **လာလစ်အံ့သော** ဘုရားကိုလည်း ဖူးစေ သတည်း။]

## ၂၊၁၊၁၇။ **ကျောင်းသည်ပြေည့်ညီလင်မယား [သက္ကရာဇ် ၆၇၇] ကျောင်းသည်ပြေည့်ညီလင်မယားကျောက်စာ**

၁ "။နမော ဗုဒ္ဓာယ သိဓံ။ သကရစ် ၆၇၇ခု စိဿနှစ်
ကဆုန်လ္ဆန် ၁၄

၂ ရျက် ၅ နိယ် ကျ္ဆောင်သည်ငွ္ပည်ငိလင်မျာ စတုရက်ပိုလ်
ကိုဝ် မ္လိယ်စိမ်

၃ ကိုဝ်ပန်ရကာ စတုရက်ပိုလ် အန္န(ု)မောတနာခ်ရယ် လှု
သော ပေါက္ကုန်တွင် မ္လိ

၄ ယ်စိမ်၃+၊ စခိကန်တိုင်တာစွဲတိုဝ်ကိုဝ် ဝတ်စာပိယ်သကာ
ခ္ဂက်ဂုပိသာ ဖျ

၅ င်မ္ဂန် ၅ထည်။ ကျ္ဆောင်သည်ငွ္ပည်ငိ(။)လင်မျာ နိယ်ရပန်
ဆုကိုဝ်လိုဝ်

၆ ရကာ ဖုရှာသာသနာတွင် ဓမ္မသာ္ပလှု၏ ဓမ္မသာကိုဝ်
သီ္ပလှုတုံ၏ သိ

၇ မ်ကိုဝ်လှုသောလဲ ၃+ အိုထုယ်မည်သော ကျွန်တယောက်
လဲ၃+

၈ လဲကာ သိမ်နှိုက်**ဥပိုတ်ပြတ**မူသော သ္ခိင်တိုဝ်ဆွံ ဖ္လစ်စေ
သတေ

၉ ဤကော်မူကိုဝ်ဖျက်သသူတိုဝ်ကာ **ပည္စာနန်တရိတ်**ငရဲ
ခံစေ

၁၀ သတေ ခိပင်ပါသသူတိုဝ်သကာ ဇာနှင်အတု ရစပါစေ
သငေ

၁၁ တ သဗ္ဗသတ္တတ လုနတ်တကာအလုံ ရစပါစေသတော။"

[နမော ဗုဒ္ဓါယ သိဒ္ဓံ။ သက္ကရာဇ် ၆၇၇ ခု ဇေဋ္ဌနှစ်၊ ကဆုန်လဆန်း ၁၄ရက်၊ ၅နေ့ **ကျောင်းသည်**ပြေည့်ညီ လင်မယား စတုရင်္ဂဗိုလ်ကို **မြေစိမ်း**ကိုပန်ရကား စတုရင်္ဂဗိုလ် အနုမောဒနာခေါ်၍လှူသော ပေါက်ကုန်းတွင် မြေစိမ်း ၃ $\frac{၁}{၄}$၊ **စာချီကန်တိုင်းတာစွဲ**တို့ကို ဝတ်စား

ပေးသကား ခွက်ဂုပိဿာ၊ **ဖျင်မွန်** ၅ထည်၊ ကျောင်းသည် ပြေည့်ညီလင်မယား နေရပန်ဆုကိုလိုရကား **ဘုရား သာသနာတွင် ဓမ္မသာပြု၏။ ဓမ္မသာကို သိမ်ပြုတုံ ၏။** သိမ်ကိုလှုသောလယ် ၃ ၁/၄။ အိုထွေးမည်သော ကျွန်တစ်ယောက်။ လယ် ၃ ၁/၄လယ်ကား သိမ်၌**ဥပုသ် ပဝါရဏာ**မှုသော သခင်တို့ဆွမ်းဖြစ်စေသတည်း။ ဤ ကောင်းမှုကို ဖျက်သသူတို့ကား **ပဉ္စာနန္တရိက်**ငရဲ ခံစေ သတည်း။ ချီးပင့်ပါသသူတို့သည်ကား ငါနှင့်အတူ ရစ ပါစေသတည်း။ သဗ္ဗသတ္တဝါ လူနတ်တကာအလုံး ရစ ပါစေသတည်း။]

## ၂၊၁၊၁၈။ မြတ်ကြီးညောင်မယား [သက္ကရာဇ် ၆၇၈] မြတ်ကြီးညောင်မယားကျောက်စာ

၂၊၁၊၁၈၊၁။

၁ “။ ၀ ။ သကရစ် ၆၇၈ခု အာသတ်နှစ် နံကာလ
၂ ဝခောင်သတင်နိယ် ္မတ်ကြိညောင်မျာကျွ
၃ န် ငရောက်သစ်၊ မျာအိုဝ်ပ္လည်၊ သာငေ္ဖစ်၊ သ္မိ
၄ အိုဝ်ပ္လစ်၊ အိုဝ်ဖဝ်၊ ဤငါယောက်ကိုဝ် မဟာ
၅ ထေစသော အရျှာအလုံမှောက် မင်မတ်ပ
၆ စ္စပတိယ် စသော ကလန်သံပျင် အလုံေ
၇ မှာက်လျှင် သ္ခိင်အရျှာကိုဝ် ငလှု၏”

[သက္ကရာဇ် ၆၇၈ခု အာသဠ်နှစ်၊ **နံကာလ ဝါခေါင် သီတင်းနေ့** မြတ်ကြီးညောင်မယားကျွန် ငရောက်သစ်၊ မယားအိုပြည်၊ သားငဖြစ်၊ သမီးအိုပြစ်၊ အိုဖော၊ ဤငါးယောက်ကို မဟာထေရ်စသော အရိယာ**အလုံး မှောက်** မင်းမတ်ပစ္စပတော့စသော ကလန်၊ သံပျင်အလုံး မှောက်လျှင် သခင်အရိယာကို ငါလှု၏။]

၂၁၁၁၈၊၂။

၇ …"ဤ
၈ ကောင်မှုကိုဝ် ဖျက္သသူကာ ဇာရယ်စ
၉ ထပ် **အဝစိယ်** ကျက်စိယ်သတေ"

[ဤကောင်းမှုကို ဖျက်သသူကား **ငရဲ ၈ထပ် အဝီစိ** ကျက်စေသတည်း။]

၂၁၁၁၈၊၃။

၉ …"ဤ
၁၀ ကောင်မှုကိုဝ် မွတ်နိုဝ်ခိပင်ပါသသူကာ
၁၁ ဖုန်ကြီ အသက်ရှည်စွာ အနာမယ်ဖွစ်
၁၂ ရယ် အဆုံကာ **အမြိုက်ချံယန်** နိရပ
၁၃ န်ချံသာ ရစိယ်ကုန်သတေ။ ၀ ။"

[ဤကောင်းမှုကို **မြတ်နိုး**ချီးပင့်ပါသသူကား **ဘုန်းကြီး အသက်ရှည်စွာ အနာမဲ့**ဖြစ်၍ အဆုံးကား **အမြိုက် ချမ်းယဉ်** နေရပန်ချမ်းသာ ရစေကုန်သတည်း။]

## ၂၁၁၁၉။ **အိမ်ကြီးသည် [သက္ကရာဇ် ၆၇၈] အိမ်ကြီးသည်ကျောက်စာ**

၁၄ "သကရစ် ၆၇၈ခု အာသတ်နှစ် ပ္လသိုဝ်လပ္လည် သတင် ထွက်
၁၅ ၂ရျက် ၂နိယ်။ ဤမ်ကြီသည် ကွ္လောင်ဝတ်လယ်ကိုဝ် သင်ကြီဆန်
၁၆ သင်ကြီဆန်မယာ သင်ကြီဆန်ယောက်ဖ ငစုယ်အသံမျာ ရကာ။ ဆင့်ဖွ္လု
၁၇ သ္ခိင်ကိုဝ် ဤမ်ကြီသည် ဆ္ဖိုာ ရျပ်သော **စစ်**ပိယ်ဟူ၏။ အမှုစို
၁၈ ဝ်တိုဝ် **စတ်**ပိယ်သော သ္ခိင်တိုဝ်ရ၏။ သ္ခိင်ဓမ္မသိရိစတ်ပိ

၁၉ ယ်သောလေ သ္ခိင်တိုဝ် ရတာန်ဟူ၏။ ဤသိုဝ် ပြတ်ပြီ
လျက်
၂၀ ထိတုံ၂ထိရကာ။ မင်ရာဇသူ စတ်တုံသော။ သ္ခိင်တိုဝ်
ကျော
၂၁ င်ဝတ်လယ်ဟုတ်စင်၏။ သ္ခိင်တိုဝ်ရလိယ်ဟု။ မင်ရာဇ
၂၂ သူလျှင် ပြတ်တာ်မူသတေ။ ၀။"

[သက္ကရာဇ် ၆၇၈ခု အာသဠ္ဍိနှစ်၊ ပြာသိုလပြည့် **သီတင်း ထွက်** ၂ရက်၊ ၂နေ့ အိမ်ကြီးသည် ကျောင်းဝတ်လယ်ကို သင်ကြီးဆန်၊ သင်ကြီးဆန်မယား၊ သင်ကြီးဆန် **ယောက်ဖ**ငစွေ အသံများရကား ဆင်ဖြူသခင်ကို အိမ်ကြီးသည် ဆရာ**ရပ်**သော် **စစ်**ပေဟူ၏။ **အမှုစိုး**တို့ စစ်ပေသော် သခင်တို့ရ၏။ သခင်ဓမ္မသိရိ စစ်ပေသော လည်း သခင်တို့ **ရတာန်**ဟူ၏။ ဤသို့ **ပြတ်**ပြီးလျက် **ထိတုံတုံထိ**ရကား မင်းရာဇသူ စစ်တုံသော သခင်တို့ ကျောင်းဝတ်လယ် **ဟုတ်စင်**၏။ သခင်တို့ ရလေဟု မင်းရာဇသူလျှင် ပြတ်တော်မူသတည်း။]

### ၂၊၁၊၂၀။ **မင်းအသခ်ယာကြီး [သက္ကရာဇ် ၆၈၁] မင်းအသခ်ယာကြီးကျောက်စာ**

၁၈ ..."ဤသိုဝ် ဘစိရျင်ငေ
၁၉ သာကောင်မှုကိုဝ် အခါခပ်သိမ် ဘလျှင်မဟိသောလေ
ဘနှင်**ခပ်**တူငေ
၂၀ ထာက်ပင်ရစ်အံ ထိုဝ်သိုဝ်သောသူကာ ဘနှင်**ထပ်**တူ
လည်ကောင် **သမု**
၂၁ **တြာ**ရိယ်ကိုဝ်လျှင် မခြင်နိုဝ်၏သိုဝ် အက္လိုဝ်အတိုင်မသီ
ဟု ဖုရာ
၂၂ သိခင်**ဟ်**၏ ဟဝ်သောတြျာအတိုင်လျှင် ရစိယ်၏ င
ကောင်မှုကို

၂၃ ဝ် ဖျက်သောသူကာ ဘကာမကိန်ရှင် မကောင်ကျိုဝ်ကာ
အတိုင်မသီဟု ဖုရာ
၂၄ သိခင် **ဟာဝ်**တဝ်မူ၏။ ။”

[ဤသို့ငါ**စီရင်**သော ကောင်းမှုကို အခါခပ်သိမ်း ငါလျှင် မရှိသောလည်း ငါနှင့်ထပ်တူ ထောက်ပင့်ရစ်အံ့၊ ထိုသို့သောသူကား ငါနှင့်ထပ်တူလည်းကောင်း **သမုဒ္ဒရာရေကိုလျှင် မခြင်နိုး၏သို့ အကျိုးအတိုင်းမသိ**ဟု ဘုရားသခင် ဟော၏။ ဟောသောတရားအတိုင်းလျှင်ရစေ၏။ ငါ့ကောင်းမှုကို ဖျက်သောသူကား ငါကား**မကျိန်ရှင့်**။ မကောင်းကျိုးကား အတိုင်းမသိဟု ဘုရားသခင် ဟောတော်မူ၏။]

## ၂၊၁၊၂၁။ **ကုသိုလ်ရှင်အမည်မသိသာ [သက္ကရာဇ် ၆၈၂] ရတနာစေတီကျောက်စာ (မျက်နှာဘက်)**

၁၅ …“ဤငကော
၁၆ င်မှုကာ ယုတ်စွာအာလ္လဖွင် **လိယ်အသယ်ျာ** ကမ္ဘါတသိန်
ပါရမီလ္လဖွည်ရရုယ် အထ
၁၇ က်အာလ္လဖွင် **ယှတ်အသန်ုယ်** အလ္လမွတ်ကမ္ဘါတသိန် ပါရမီ
လ္လဖွည်သောပုရှာ၊ လွန်စွာသ
၁၈ အာလ္လဖွင် တဆယ်ခြောက်အသန်ုယ်အလ္လမွတ် ကမ္ဘါတသိန်
ပါရမီလ္လဖွည်သော
၁၉ ပုရှာ၊ ထိုဝ်ပုရှာတိုဝ်ပွင်သောတြျာ ထိုဝ်တြျာအတိုင် ကျင်
သောသယ်ျာ ဤရတ
၂၀ နာသုံကိုဝ်ယုံရုယ် လှျုသတော။”

[ဤငါ့ကောင်းမှုကား **ယုတ်စွာအားဖြင့်** လေးအသင်္ချေ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၍၊ **အထက်အားဖြင့်** ရှစ်အသင်္ချေ အမြတ်ကမ္ဘာတစ်သိန်း ပါရမီဖြည့်သောဘုရား၊

**လွန်စွာသောအားဖြင့် တစ်ဆယ့်ခြောက်အသင်္ချေ အမြတ်ကမ္ဘာတစ်သိန်း ပါရမီဖြည့်သောဘုရား၊ ထို ဘုရားတို့ ပွင့်သောတရား၊ ထိုတရားအတိုင်း ကျင့် သောသံဃာ** ဤရတနာသုံးကို **ယုံ**၍လှူသတည်း။]

## ၂၁၊၂၂။ **အိုပြည့်သင် [သက္ကရာဇ် ၆၈၃] မိဖုရားအိုပြည့်သင်ကျောက်စာ (ကျောဘက်)**

၁၄ "ငအလှုကိုဝ် ဖျက်သောဆိသောသူကာ **လူကဲ**လက်
၁၅ ထက် ချံသာမရစေသတေည်၊ ဒေဝတတ်ခံခြင် စောင်
၁၆ ပ္လွန်မအာခံစေတည် ပျက်စီပြုန်တိစေသတေည်၊
၁၇ စာချင်လျက် သောက်ချင်လျက်ဟိစေသတေ င
၁၈ (ကော)င်မှုကိုဝ် ခိပင်ပါသောသူတာဝ်တိုဝ်ကာ၊ ငာ
၁၉ နှင်ထပ်တူ ရစပါစေသတေ၊ ဝ ၊"

[ငါ့အလှူကို **ဖျက်သောဆီးသော**သူကား **လူကယ် လက်ထက်** ချမ်းသာမရစေသတည်း။ ဒေဝဒတ်ခံခြင်း **စောင်းပြန်မအား**ခံစေတည်း။ **ပျက်စီးပြုန်းတီး**စေ သတည်း။ **စားချင်လျက် သောက်ချင်လျက် ရှိစေ သတည်း။** ငါ့ကောင်းမှုကို ချီးပင့်ပါသော သူတော် တို့ကား ငါနှင့်ထပ်တူ ရစပါစေသတည်း။]

## ၂၁၊၂၃။ **အမတ်ကြီးအရိမတ် [သက္ကရာဇ် ၆၈၆] အမတ်ကြီးအရိမတ်ကျောက်စာ**

၁၂ ..."ဖျက်သသူကာ
၁၃ **အဝိစေ**လျှင် နှစ်စေသတေ ကျွောင်**တန်ဆိုဝ်** စာသသူကာ သကြာမ
၁၄ င်လျှင် သိစေသတေ"

[ဖျက်သသူကား အဝီစိလျှင် နစ်စေသတည်း။ **ကျောင်းတံစိုး** စားသသူကား သိကြားမင်းလျှင် သိစေသတည်း။]

## ၂၊၁၊၂၄။ ငဖြူသင် [သက္ကရာဇ် ၆၈၇] ငဖွန်ဘုရားကျောက်စာ

၂၊၁၊၂၄၊၁။

၅ “ငါစည်သင်စသော နွာထိန် ကွန် သံပျင်ရော
၆ င်သော သျင်မဟာ(ထိ)ကျောင်တွင်လျှင် အဖိုဝ်ငုယ် ၁၃ ကျွပ် ရွာသူကြီအ
၇ ဝတ်ဖိုဝ်၂ကျွပ် (ငုယ်)ခိန်သော သံပျင်ရန်ကောင်စိုဝ်(?) ၁ကျွပ် အပေါင် ၁၆။
၈ သာနွာ ၁ခု သိယ် ၃လုံ စာသောက်ပိယ်ရယ် ဝယ်ရသတေ။ ။”

[ငစည်သင် စသော **နွားထိန်း**၊ ကလန်၊ သံပျင်ရောင်းသော ရှင်မဟာထီးကျောင်းတွင်လျှင် **အဖိုးငွေ** ၁၃ကျပ်၊ ရွာသူကြီး **အဝတ်ဖိုး** ၂ကျပ်၊ **ငွေချိန်**သော သံပျင်ရန်ကောင်စိုဝ်(?) ၁ကျပ်၊ အပေါင်း ၁၆ ကျပ်။ **သားနွား ၁ခု၊ သေ ၃လုံး** စားသောက်ပေး၍ ဝယ်ရသတည်း။]

၂၊၁၊၂၄၊၂။

၁၁ “ဤမှိယ်ကာ အလှူဟောင်တေ။ အလှူဟောင်လျက်ဆင့်ဖွူသခင်လက်ထ
၁၂ က် ဒါယကာငဖွူသင်သိလျက် **စမ္ဗာ**ကြီတိုဝ်မှိယ် တဝ်လှန်ဟုယူဖိ
၁၃ ၏ ထိုဝ်သောခါလေ နွာ၂ခု ဆိတ်၁ခု သိယ်၁လုံပါပိယ်ရကာ လဲထက်
၁၄ ဝက်ပိယ်၏။”

[ဤမြေကား **အလျှုဟောင်း**တည်း။ အလျှုဟောင်းလျက် ဆင်ဖြူသခင်လက်ထက် ဒါယကာဖြေသည်သိလျက် စမာကြီးတို့မြေ **တော်လှန်**ဟု ယူဘိ၏။ ထိုသောခါ လည်း နွား ၂ခု၊ **ဆိတ်၁ခု**၊ သောလုံးပါ ပေးရကား လယ်ထက်ဝက်ပေး၏။]

၂။၁။၂၄။၃။

၂၀ "(။ပုရှာသို့)င် သာသနာ ၅၀၀၀လျှင် တည်စိယ်ချင်

၂၁ ရှယ် ကောင်မှုကိုဝ် အာထုတ်ရသောအကျ္ိုဝ်ကာ အဝီစိ စသော ဖဝ

၂၂ က်ရောက်သြင် (ဥစနာ)မင်စသော လူခပ်သီလေ ရစပါ စိယ်သတေ။"

[ဘုရားသခင် **သာသနာ ၅၀၀၀လျှင် တည်စေချင်၍** ကောင်းမှုကို **အားထုတ်**ရသောအကျိုးကား အဝီစိ စသော ဘဝဂ်ရောက်အောင် **ဥစ္စနာမင်း**စသော လူ ခပ်သိမ်းလည်း ရစပါစေသတည်း။]

## ၂။၁။၂၅။ **ရတနာပုံမိဖုရား [သက္ကရာဇ် ၆၈၈] ရွှေကြက်ယက်ဘုရားကျောက်စာ**

၂။၁။၂၅။၁။

၁ "။ ၀ ။ သကရစ် ၆၈၈ခု တပေါင်လပ္ပည် ၅နိယ်လျှင်၊ ခြင်သိယ် (ဝံသ)ရှယ်တောင်

၂ နန်ထက်တက်ခပြီသ သီဟာသူရဟု အမည်ထင်သ ဆင့်ဖြူ အသျင်မင်ခြင်သိယ်(၏သာကြီ့)ဖ္ဖ

၃ စ်ထသော **စစ်ကိုင်**မင်ကြီတျှာဖျာ၏ မိဖျလေ့ဖ္ဖစ်ထသော (ရတနာပုံ)ဟု အမည်ရသ

၄ ဆင့်ဖျူအသျင်(ပထာမ)မယာကြီ မိဖုရှာစဝ်သည် အညာ သိုဝ်လါသကာ **တရက်**ပြည်ရောက်သြင်

၅ အကြိယ်သိုဝ်လါသကာ **မုတ္တမ**တိုင်သြင် ကြက်ယက်ဟု
ရုယ် အမည်အာလ္ဖင် လူတွင်ထ
၆ င်ရှာစွာသော၊ ရိယ်မျက်နှာထက်**ပ၀်**သကဲသိုဝ်ဟိသ တောင်
မ္ဗတ်ထက်(နှိုက် သုတ်ကောင်တိုဝ်)လ္ပုသေ
၇ စတီဟောင်ကိုဝ်မြင်ရကာ သဒ္ဓါနှလုံကြည်ညိုဝ်စွာရုယ်
၀ပ်ရ၏ လ္ပုရ၏ အင်္ကတိယ်လ္မိ
၈ ယ်လ္ဖျုခပင် ကျွမ်ရ၏၊ လ္ပိုဝ်၂ လ္ပက်သ အရောင်တောက်သ
အလွန်လှသ ရှုယ်အထွတ်လေ
၉ တင်ရ၏၊ ရှင်တဝ်ကိုဝ်စာထာသ ဆင်ပုကိုဝ်လေလ္ပုရ၏
ကျောင်လေလ္ပုရ၏ ထိုဝ်သိုဝ်(လ္ပု)
၁၀ သဖုရှာမ္ဗတ်ကိုဝ်မိရုယ် ကျောင်နှိုက်နိယ်သော **တံပျက်**
လှည်သော အရှာသ
၁၁ ဃ်ာတိုဝ်ကိုဝ် အခာခပ်သိမ်တည်စိယ်လိုဝ်ရုယ် ဖုရှာကိုဝ်
လေ အခြံအရံတင်တယ်
၁၂ စိယ်လိုဝ်ရုယ်၊ ပစ္စည်၄ပါလ္ဖစ်စိမ်သောဒှာ၊ လှုသောလ္မိယ်"

[သက္ကရာဇ် ၆၈၈ ခု၊ တပေါင်းလပြည့် ၅နေ့လျှင် ခြသေ့ံ၀ံသ **ရွှေတောင်နန်း**ထက်တက်ခပြီးသော သီဟသူရဟု အမည်ထင်သော ဆင်ဖြူအရှင်**မင်းခြသေ့ံ**၏ သားကြီးဖြစ်ထသော စစ်ကိုင်းမင်းကြီးတရဖျား၏ **မိဖျား**လည်း ဖြစ်ထသော ရတနာပုံဟုအမည်ရသော ဆင်ဖြူအရှင် **ပထမမယားကြီး**မိဖုရားစောသည် **အညာသို့လားသကား တရုတ်ပြည်ရောက်အောင်၊ အကြေသို့လားသကား မုတ္တမတိုင်အောင် ကြက်ယက်ဟူ၍ အမည်အားဖြင့် လူတွင် ထင်ရှားစွာသော ရေမျက်နှာထက်ပေါ်သကဲ့သို့**ရှိသော တောင်မြတ်ထက်၌ **သူတော်ကောင်းတို့ပြုသော စေတီဟောင်း**ကိုမြင်ရကား သဒ္ဓါနှလုံးကြည်ညိုစွာ၍ **၀ပ်**ရ၏။ ပြုရ၏။ အင်္ဂတေ မြေဖြူခပင်း**ကျံ**ရ၏။ **ပြိုးပြိုးပြက်သော၊ အရောင်တောက်**

**သော၊ အလွန်လှသောရွှေအထွတ်လည်း တင်ရ၏။** ရှင်တော်ကိုယ်စားထားသော ဆင်းပုကိုလည်း ပြုရ၏။ ကျောင်းလည်းပြုရ၏။ ထိုသို့ပြုသော ဘုရားမြတ်ကိုမှီ၍ ကျောင်း၌နေသော တံမြက်လှည်းသော အရိယာသံဃာ တို့ကို အခါခပ်သိမ်း တည်စေလို၍၊ ဘုရားကိုလည်း အခြံအရံတင့်တယ်စေလို၍ ပစ္စည်း ၄ပါး ဖြစ်စိမ့်သောငှာ လှူသောမြေ။]

၂၀၊၂၅၊၂။

၂၀ “ဤဇာလဲလှူသကောင်မှုကိုဝ် ခိပင်ပါသသူကာ ဤလူ တွင်နှိုက်လေ **ဆငြယ်**မဟိ ချံသာတိလျှ

၂၁ င် ဖွစ်စိယ်သတေ၊ **တမနွန်**နှိုက်လေ လိုဝ်သည်ဆုကိုဝ် ဇာနှင်ထပ်တူ ရစပါစိယ်သတေ ဤ

၂၂ ကောင်မှုကိုဝ် ဖျက်သသူကာ ဤလူတွင်နှိုက်လေ ချံသာ မဟိ ဆငြယ်တိလျှင် ဟိစိယ်သတေ

၂၃ ဤကိုဝ်အလ္ဖွစ်မှ စုတိယ်မနိယ် သိယ်ခသောလေ အဝိစိ အထယ် **ငရယ်**ဉ

၂၄ ဩိဝ် ဖွစ်စိယ်လိယ်သတော။ အကမ္ဘာဘါသ ဖုရှာကိုဝ်လေ မဖူစိယ်သတော။

၂၅ ဤကောင်မှုကိုဝ် သာသနာမကုန်မချင် တည်စိယ်ရှျင်ရယ် သစ္စာကိုဝ်မူသတေ”

[ဤငါလယ်လှူသောကောင်းမှုကို ချီးပင့်ပါသသူကား ဤလူတွင်၌လည်း **ဆင်းရဲမရှိ ချမ်းသာတိ**လျှင် ဖြစ်စေ သတည်း။ **တမလွန်**၌လည်း လိုသည့်ဆုကို ငါနှင့်ထပ်တူ ရစပါစေသတည်း။ ဤငါ့ကောင်းမှုကို ဖျက်သသူကား ဤလူတွင်၌လည်း **ချမ်းသာမရှိ ဆင်းရဲတိ**လျှင် ရှိစေ သတည်း။ ဤကိုယ်အဖြစ်မှ **စုတေမနေ သေခသော လည်း** အဝီစိအထဲ ငရဲဉချိုး ဖြစ်စေလေသတည်း။ အကမ္ဘာဘာသောဘုရားကိုလည်း မဖူးစေသတည်း။ **ဤ**

**ကောင်းမှုကို သာသနာမကုန်မချင်း တည်စေချင်၍ သစ္စာကို မူသတည်း။**]

## ၂၊၁၊၂၆။ မြတ်ကြီးမဟာထီး [သက္ကရာဇ် ၆၈၉] မြတ်ကြီးမဟာထီးကျောက်စာ

၁၂ ...“အ
၁၃ မတ်ကြီလက်ဝယ်နှင် ဘကာ အတူအမျှလျှင် ေ
၁၄ ကာင်မှုအဖို့ဆ္ဖွ် ရစ္စချင်၏၊ **ကကာ်**စသော သံပျင်**အ**
၁၅ **ဌု** ရှာသည်ခပင် ရစပါစိယ် ဤကောင်မှုကိုဝ်
၁၆ ဖျက်သသူကာ **အကံဖာဖာ ပူရာ**လ္ဖစ်လေမဖူ အ
၁၇ (ဝစိယ်အ)ထယ် ငြယ်ကျက်စိယ်သတော၊ မ္ဗတ်နို
၁၈ (ဝ်ခိပင်)ပါသသူကာ အထက်ဖဝက်တိုင်ဩင် ရစပါစိ
၁၉ ယ်သတေ မိခင်ဖခင်စသော သဗ္ဗသတ္တဝာ လူနတ်
၂၀ တကာအလုံ ရစိပါစိယ်(၄)သတော။ ။”

[အမတ်ကြီးလက်ဝဲနှင့်ငါကား **အတူအမျှ**လျှင် ကောင်းမှု အဖို့ ရစချင်၏။ **ဂင်္ဂါ**စသော သံပျင်အမျိုး **ရှာသည်** ခပင်းရစပါစေ။ ဤငါ့ကောင်းမှုကို ဖျက်သသူကား အကမ္ဘာဘာ ဘုရားဖြစ်လည်းမဖူး၊ အဝီစိအထဲ ငရဲကျက် စေသတည်း။ **မြတ်နိုးချီးပင့်ပါသသူကား အထက် ဘဝဂ်တိုင်အောင် ရစပါစေသတည်း။ မိခင်ဖခင်** စသော သဗ္ဗသတ္တဝါ လူနတ်တကာအလုံး ရစပါစေ သတည်း။]

## ၂၊၁၊၂၇။ စစ်သူကြီးသုဖရစ် [သက္ကရာဇ် ၆၉၀] စစ်သူကြီးသုဖရစ်ကျောက်စာ

၁၇ “ဤငွေပ္လူသော ကောင်မှုကိုဝ်ခီပင်ပါေ
၁၈ ။သာ **သတ္တဝ်တ**ရပာန်ပုံနာကာ လူတေလ္ဖစ်ကာ လူစည်စိမ် နတ်တေလ္ဖစ်

၁၉ ။ကာ နတ်စည်စိမ် စည်စိမ်နှစ်ပါ စုန်ဆန်ခံစပြီကာ၊
အဆုံစွန်ကာ
၂၀ ။ဖုရာ**ပစ်စေကပုဒ္ဓာရဟာန်တာ**တိုဝ် ဝင်ရာလ္ဖစ်သော **နိပ်ပန်**
ပြည်
၂၁ .. ရစပါစိယ်သတေ။”

[ဤငါပြုသောကောင်းမှုကို ချီးပင့်ပါသော သတ္တဝါ ရဟန်း ပုဏ္ဏားကား လူတည်းဖြစ်ကား လူ့စည်းစိမ်၊ နတ်တည်းဖြစ်ကားနတ်စည်းစိမ် **စည်းစိမ်နှစ်ပါး စုန်ဆန်ခံစားပြီးကာ** အဆုံးစွန်ကား ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့ ဝင်ရာဖြစ်သော **နိဗ္ဗာန်ပြည်** .. ရစပါစေသတည်း။]

## ၂၁၊၂၈။ **တုရင်ဖတြာ [သက္ကရာဇ် ၆၉၀] သရအိုင်သာရီရိကစေတီတော်ကျောက်စာ**

၂၁၊၂၈၊၁။

၂ ...“ဖုန့်မွတ်ကြိစွာ
၃ .. ရာဇာလ္ပုသော သရအိုင်သာရီရကစေတီနှိုက်
၄ . ခာခပ်သိမ်လျှင် ထာဝရကံလ္ဖစ်စိမ်ဟု တု
၅ ရင်ဖတြာလှျုသော ပိတောက်အနောက်ထန်၄၀၊”

[ဘုန်းမြတ်ကြီးစွာ .. ရာဇာပြုသော သရအိုင်သာရီရိကစေတီ၌ . ခါခပ်သိမ်းလျှင် **ထာဝရကံ**ဖြစ်စိမ့်ဟု တုရင်ဖတြာလှူသော **ပိတောက်**အနောက်ထန်း ၄၀။]

၂၁၊၂၈၊၂။

၁၃ “ဤသိုဝ် အသည်တိုဝ်သတ္တာရယ် ပုရှာသ္ခိင်နှိုက်လှျုသော
၁၄ **မဟာတန်**ကိုဝ် အခာခပ်သိမ် အတည်လ္ဖစ်စိမ်ဟု”

[ဤသို့ **အသည်**တို့သဒ္ဓါ၍ ဘုရားသခင်၌လှူသော **မဟာဒါန်**ကို အခါခပ်သိမ်း **အတည်ဖြစ်စိမ့်**ဟု။]

၂၊၁၊၂၈၊၃။

၁၇ “နောင်အခါနိုက် ဖျက်ဆိရယ်
၁၈ အတုတ်အခွန် တောင်စရစ်သသူကာ မ္လေကြိကာအထက် ကိုဝ်ကာသြက်အဝီစီ
၁၉ လျှင် ကျက်စေသတေ လါလေရရာ စာရာမသိ ဝတ်ရာ မသိ **ဆင်ငြ်**ကြီလျှင်တိုင်
၂၀ ရယ် ကိုဝ်အလုံ မ္လေကြီမျိုဝ်စေသတေ အကမ္ဘာ၂သ ပုရှာလေမဖူရစေသတေ၊
၂၁ နောင်အစန်၂ မထိမထောင်စေ(တေ) အရေအရံ ယူရစ် သသူတိုဝ်သည်ကာ၊
၂၂ အကျိုဝ်ထပ်တု ရစပါစေသတေ လူ ဖွစ်သောလေ လုချင် မတူသော
၂၃ နတ်ဖွစ်သောလေ နတ်ချင်မတုသော သတ္တာဖွစ်သောလေ သတ္တာချင်
၂၄ မတုသော **ဆင်ငြယ်**မဲသောကိုဝ်အဖွစ်သည် ဖွစ်စေသတေ
၂၅ အဆုံသကိုဝ်အဖွစ်**နိုက်ကာ** နိပ္ပန်ချံသာလျှင် ရစေသတေ၊”

[နောင်အခါ၌ ဖျက်ဆီး၍ **အတုတ်အခွန် တောင်းစားရစ်သသူကား** မြေကြီးကားအထက် ကိုယ်ကားအောက် အဝီစိလျှင် ကျက်စေသတည်း။ **လားလေရာရာ စားရာမသိ ဝတ်ရာမသိ ဆင်းရဲကြီးလျှင်တိုင်၍ ကိုယ်အလုံး မြေကြီး မျိုစေသတည်း။** အကမ္ဘာဘာသောဘုရားလည်း မဖူးရစေသတည်း။ နောင်အစဉ်စဉ် **မထိမထောင်း**စေတည်း။ အရေးအရံ ယူရစ်သသူတို့သည်ကား အကျိုးထပ်တူ ရစပါစေသတည်း။ **လူဖြစ်သောလည်း လူချင်းမတူသော၊ နတ်ဖြစ်သောလည်း နတ်ချင်းမတူသော၊ သတ္တဝါဖြစ်သောလည်း သတ္တဝါချင်းမတူသော၊ ဆင်းရဲမဲ့သော ကိုယ်အဖြစ်သည်**

**ဖြစ်စေသတည်း။** အဆုံးသောကိုယ်အဖြစ်၌ကား နိဗ္ဗာန် ချမ်းသာလျှင် ရစေသတည်း။]

၂၊၁၊၂၉။ **ဥစ္စနာမင်းကြီး [သက္ကရာဇ် ၆၉၂] ဥစ္စနာမင်းကြီးကျောက်စာ**

၁ “။ ၀ ။ သကရစ် ၆၉၂ခု နံယုန်လ္ဆန် ၁၂ရျက် ၄နိယ်အာ ဥစ္စနာမင်ကြီသည်၊

၂ **မင်ကျ္လည်တီမ်**အရပ်နှိုက် စေတီ အလ္ခင်အတောင် ၇၀ ပ္လုလတ်ရှယ် သာသနာ ၅(၀၀၀)

၃ တည်စီမ်ဇှာ လှျုသော္ဂမ္ဂိယ်”

[သက္ကရာဇ် ၆၉၂ ခု၊ နယုန်လဆန်း ၁၂ရက်၊ ၄နေ့အား ဥစ္စနာမင်းကြီးသည် **မန်ကျည်းတိမ်**အရပ်၌ **စေတီအချင်း အတောင် ၇၀ပြုလတ်၍** သာသနာ ၅၀၀၀ တည်စိမ့် ငှာ လှူသောမြေ။]

၂၊၁၊၃၀။ **ချွတ္တရာနှင့်အများ [သက္ကရာဇ် ၆၉၃] သရိုင်ဘုရားကျောက်စာ (မျက်နှာဘက်)**

၁၁ “ဤကောင်မှုကိုဝ် ဖျက်သသုကာ ဤကရာသည် ကွဲ သကဲသိုဝ်

၁၂ လျှင် **ကွဲ**စိယ်သတေဟု ကရာခပင်**ခွဲ**သတေ။”

**[ဤကောင်းမှုကို ဖျက်သသူကား ဤကရားသည် ကွဲသကဲ့သို့လျှင် ကွဲစေသတည်းဟု ကရားခပင်းခွဲ သတည်း။]**

၂၊၁၊၃၁။ **စစ်သူကြီးလက်ယာပတော့မောင်နှံ [သက္ကရာဇ် ၆၉၄]**
**စစ်သူကြီးလက်ယာပတော့မောင်နှံကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၃၁၊၁။

၈ "... လဲသုံပဲ၊ ကျွန်လိယ်ယောက်၊ နွာနှစ်
၉ **ယှန်**၊ ဤမျှသည်ကာ၊ **စတ်သူကြီ**မောင်နှံနှစ်
၁၀ ယောက် အလှူသတေ၊ ၊"

[... **လယ်**သုံး**ပယ်**၊ **ကျွန်**လေး**ယောက်**၊ **နွား**နှစ်**ရှဉ်း** ဤမျှသည်ကား စစ်သူကြီးမောင်နှံနှစ်ယောက် **အလှူ သတည်း**။]

၂၊၁၊၃၁၊၂။

၁၂ "ဤမျှသ သံပျင်ကလန် အကြီအငဲကစေ
၁၃ သာ၊ သပေါက်၊ မွေလတ်ခပင် ညိညွတ်စွာ
၁၄ မူရှယ် လှူပါသလဲကာ၊"

[ဤမျှသော **သံပျင်ကလန် အကြီးအငယ်**ကစသော **သားပေါက်မြေးလတ်**ခပင်း ညီညွတ်စွာမူ၍ လှူပါသော လယ်ကား။]

၂၊၁၊၃၂။ **ရတနာပုံမိဖုရား [သက္ကရာဇ် ၆၉၄]**
**ရတနာပုံမိဖုရားကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၃၂၊၁။

၇ "ရတနာသုံပါန္ဟိုက် **ကြညိုဝ်**စွာ နှလု
၈ မ်လေဟိထသ ရတနာပုံမည်သော အမိဖုရာသည်၊ သာသနာ ၅၀၀၀လျှင်၊ တည်စိမ်ဟူရှယ် **သမရှဝ်**
၉ တောင်ဝှမ်နှိုက်ပ္လုသော ကုလါကျောင်ကိုဝ်၊ **နိစဖတ်** မပြတ်ဝတ်လျှင်ဖွစ်စိမ်ဟု၊ လှူတ်မှုသော"

[ရတနာသုံးပါး၌ ကြည်ညိုစွာနှလုံးလည်း ရှိထသော ရတနာပုံမည်သော အမိဖုရားသည် သာသနာ ၅၀၀၀လျှင် တည်စိမ့်ဟူ၍ **သမရိုးတောင်ဝှမ်း**၌ပြုသော ကုလား

ကျောင်းကို **နိစ္စဘတ်မပြတ်ဝတ်**လျှင်ဖြစ်စိမ့်ဟု လှူတော်မူသော။]

၂၁၁၃၂၂။

၁၈ "ဤသိုဝ်သော ငါသာမင်ကြီဖုန်တ်ါအာလ္ဖင်၊ ဤငါလှူသော
ကောင်သောအခာ၊ အကြင်သုသ
၁၉ ည် ငါကောင်မှုကိုဝ်၊ ဖျက်ဆီမုကာ၊ မွိယ်ပုံလုမ်မျှသော
မွတ်စွာသဖုရှာသ္ခိင်သည်လျှင် ခ္လိယ်ခ္လွတ်သော**ငှ** မ
၂၀ ကွ္လတ်စေသတေ၊ သမန်စသောခ္လောက်မတိုင်သြင် မယ်
ပုံတိုင် အကံဖဖာ အဝစေအထယ်ငြယ်လျှင် ကျက်**ငှ**
စေသော
၂၁ ဆွယ်မျိုဝ်၇ဆက် ပြန္တိပျက်စိ **နှစ္ဆတ်**လူမဖ္လစ်စေသ၊"

[ဤသို့သော ငါ့သားမင်းကြီး ဘုန်းတော်အားဖြင့် ဤငါပြုသော ကောင်းသောအခါ အကြင်သူသည် ငါ့ကောင်းမှုကို ဖျက်ဆီးမူကား မြေပုံလုံးမျှသော မြတ်စွာသောဘုရားသခင်သည်လျှင် ချေချွတ်သောလည်း မကျွတ်စေသတည်း။ **သမန်းစသောချောက်မ**တိုင်အောင် မြေပုံတိုင်း အကမ္ဘာဘာ အဝီစိအထဲ ငရဲလျှင်ကျက်လေစေသော။ ဆွေမျိုး ၇ဆက် ပြုန်းတီးပျက်စီး **နှစ်ဆစ် လူမဖြစ်စေသော**။]

၂၁၁၃၂၁၃။

၂၁ "ငကောင်မှုကိုဝ် ခိပင်သသူ၊ အထက်နတ်ရွာ နတ်
၂၂ တေ စည္သိမ်ချံသာ ငါနှင်အတုခံစစေသော၊ ငါတမုလေ
နိဗ္ဗန်ပြည်သိုဝ် မရောက်သရှယ် ငဇ မိဖုရှာလျှင်
၂၃ ဖွ္လစ်လိုဝ်ဇ။"

[ငါ့ကောင်းမှုကို ချီးပင့်သသူ အထက်နတ်ရွာနတ်တည်း စည်းစိမ်ချမ်းသာ ငါနှင့်အတူခံစားစေသော။ ငါ**တစ်မူ**လည်း နိဗ္ဗာန်ပြည်သို့ မရောက်သရွေ့ **ငါအေ** မိဖုရားလျှင် ဖြစ်လို၏။]

## ၂၊၁၊၃၃။ **ကုသိုလ်ရှင်အမည်မသိသာ [သက္ကရာဇ် ၆၉၄] ခင်မွှန်တောကျောင်းစေတီကျောက်စာ**

၂၊၁၊၃၃၊၁။

၆ ...“ဤငအလှူ

၇ ကိုဝ် မိုဝ်နှောင်သံထင် ဖုန်တန်ခိုဝ်ကြီသော သတ္တာအန်အာ နှင့်ပ္ပည်

၈ စုံသော သုတ်သူမွတ်တိုဝ်သည်လေည်ကောင် ငဆွိယ် ငွမ္ပိုဝ်တိုဝ်သည် ..

၉ င် အရိယ်အရံယူရစ်ပိယ်သော သုတ်တိုဝ်သည်ကာ ဤလူ တွင်လေ အနာမ

၁၀ ယ််ဖ္ဖစ်ရယ် **ဖိယ်အန်တရယ်**စသော **သတရ**ခပ်သိမ် ပျောက်ရယ် နှလုံချံ

၁၁ သာ ကိုဝ်ချံသာ္ဖစ်ရယ် စည်စိမ်ချံသာနှင်အကွလျှင် ဖ္ဖစ်စိယ် လျှင်တေ

၁၂ အတည်မယ်သောတြျာ ဖ္ဖစ်ခသောလေ လူစည်စိမ် နတ် စည်စိမ်

၁၃ ခံစပြီသော အဆုံစွန်ကာ နိယ်ရပန်ဆုအာ ရောက်ရစိယ် ကုန်သ

၁၄ တေ။”

[ဤငါ့အလှူကို မိုးနှောင်းသံထင် ဘုန်းတန်ခိုးကြီးသော သဒ္ဒါအန်အားနှင့် ပြည့်စုံသော သူတော်သူမြတ်တို့သည် လည်းကောင်း၊ ငါ့ဆွေငါ့မျိုးတို့သည်(လည်းကောင်း) အရေးအရံယူရစ်ပေသော သူတော်တို့သည်ကား ဤလူ တွင်လည်း အနာမဲ့ဖြစ်၍ ဘေးအန္တရာယ်စသော **သတ္တရ ခပ်သိမ်းပျောက်၍ နှလုံးချမ်းသာ ကိုယ်ချမ်းသာ** ဖြစ်၍ စည်းစိမ်ချမ်းသာနှင့်အကွလျှင် ဖြစ်စေလျှင်းတည်း။ **အတည်မဲ့သောတရား ဖြစ်ခသောလည်း** လူ့စည်းစိမ် နတ်စည်းစိမ်ခံစားပြီးသော အဆုံးစွန်ကား နေရပန်ဆု**အား** ရောက်ရစေကုန်သတည်း။]

၂၁၁၃၃၁၂။

၁၄ “ဤဇာလျှုခသောအလျှုကိုဝ် ဖျက်ဆိလုယက်စသော သူ
တိုဝ်သည်ကာ

၁၅ ဤလူတွင်လေ အနာမျာသော ဆင်ငြယ်ကြီသော
အသက်တိုဝ်သော ဖိယ်အန်တ

၁၆ ရယ်စသော **သတြ**ခပ်သိမ်ရောက်စိယ်သတေ သိယ်
သောလေ ခင်မွန်စသော **ကွံမ**

၁၇ **စာတိုင်ဩောင်**သော မွိယ်ပုံအလုံအတိုင် အကံဖာဖာလျှင်
ပုရှာ့ပ္လစ်သော တေဝတတ်

၁၈ ခံခြင်ထက် အဆ**တြျာ** အဆတထောင် အဆတသောင်
ကိုဝ်မစောင်မပ္လန်ရမူရယ်

၁၉ အဝစိယ်အထယ်လျှင် ကျက်စိယ်သတေ။”

[ဤငါလှူခသောအလှူကို ဖျက်ဆီးလုယက် စားသော သူတို့သည်ကား ဤလူတွင်လည်း အနာများသော၊ ဆင်းရဲကြီးသော၊ အသက်တိုသော ဘေးအန္တရာယ် စသော သတ္တရ ခပ်သိမ်းရောက်စေသတည်း။ သေသောလည်း **ခင်မွန်စသော ကွမ်းမစားတိုင်အောင်**သော မြေပုံအလုံး အတိုင်း အကမ္ဘာဘာလျှင် **ဘုရားပြစ်သော ဒေဝဒတ် ခံခြင်းထက် အဆတစ်ရာ၊ အဆတစ်ထောင်၊ အဆ တစ်သောင်း ကိုယ်မစောင်းမပြန်ရမူ၍** အဝီစိအထဲ လျှင် ကျက်စေသတည်း။]

## ၂၁၁၃၄။ **သူကြီးသတိုးမက် [သက္ကရာဇ် ၆၉၅] ရွှေအင်းပဲဘုရားကျောက်စာ**

၂၁၁၃၄၁၁။

၁ “။ သကရစ် ၆၉၅ ခု၊ မါခနှစ်၊ ကဆုန်လ္ဆန်၁၀ရျက်
၂နိယ် အစန်

၂ ။သူကြီသတိုဝ်မက် သိက်ံပါအင်ပဲဖုရာကိုဝ် သစ္စာမူ၏၊ မွတ်စွာဖုရာ

၃ ။ဤမြောင်ကိုဝ်ထွင်**ရှယ်** လဲရမူကာ၊ မွတ်စွာဖုရာကိုဝ် လှုအံ်ဟု သ

၄ ။စ္စာမူ**ရှယ်**တူ၏၊ လဲလေရ၏၊ မင်ရယ်စိယ်သူကိုဝ် ရေ

၅ စင်တ်ံကံ**ရှယ်** လှုသလဲကာ"

[သက္ကရာဇ် ၆၉၅ ခု မာဃနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂နေ့ **အစဉ်သူကြီး** သတိုးမက် သိက်ံပါ အင်းပဲ ဘုရားကို **သစ္စာမူ**၏။ မြတ်စွာဘုရား၊ ဤ**မြောင်**ကို **ထွင်**၍ လယ်ရမူကား မြတ်စွာဘုရားကိုလှူအံ့ဟု သစ္စာမူ၍တူး၏။ လယ်လည်းရ၏။ မင်းရဲစည်သူကို **ရေစင်တော်ကမ်း**၍ လှူသောလယ်ကား။]

၂၊၁၊၃၄၊၂။

၂၇ ..."ငတိုဝ်ပ္လု

၂၈ သကောင်မှုကိုဝ် ဖျက်သသုကာ အဝိစိက္လစေည်တေ

၂၉ **အကံ ဖ ဖါ၂** ဖုရာမဖူစေသတေ အမျိုဝ်၇ဆက် ပြုန်

၃၀ စေသတေ ဤကောင်မှုကိုဝ် ခီပင်သည်ကာ ငတိုဝ်နှင်အ

၃၁ တူရစေသတေ ငလေ ဤကောင်မှုကိုဝ် ပ္လုရသအကျိုဝ် နိပ်ပန်

၃၂ မရသောကြာ **ပစ်စည်** ၄ပါ **ရတ္တနာ** ၇ပါ အဆင် ၅ **အက်ံာ**

၃၃ ၈ပါ ပါရမီ ၁၀ပါ ပ္လည်လိုဝ်သတေ။"

[ငါတို့ပြုသောကောင်းမှုကို ဖျက်သသူကား အဝီစိကျစေတည်း။ **အကမ္ဘာဘာ အကမ္ဘာဘာ**ဘုရား မဖူးစေသတည်း။ အမျိုး၇ဆက် ပြုန်းစေသတည်း။ ဤကောင်းမှုကို ချီးပင့်သည်ကား ငါတို့နှင့်အတူ ရစေသတည်း။ ငါလည်း ဤကောင်းမှုကို ပြုရသောအကျိုး နိဗ္ဗာန်

မရသောကြား **ပစ္စည်း ၄ပါး၊ ရတနာ ၇ပါး၊ အဆင်း ၅၊ အင်္ဂါ ၈ပါး၊ ပါရမီ ၁၀ပါး ပြည့်လိုသတည်း။**]

၂၊၁၊၃၅။ **သီဟသူ [သက္ကရာဇ် ၆၉၅]**
**နံကိုင်းဘုရားကျောက်စာ (မျက်နှာဘက်)**

၁ "နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ ။ အဿပတိ။ ။ **ကစ္ဆပတိ**။ ။ နရ(ပ)
၂ တိ။ ။ သိရိတြိဘဝနာဒိတျာပဝရဓမ္မရာဇာ။ ။ မင်ကြီတြျာ ဖျာမင်၏၊ ၊အထိန်
၃ သာ သီဟသူမည်သော။ ။ သံပျင်အမတ်ကြီသည်။ ။ **သသံရာ**ဆင်ရယ်မှ လွတ်ခ္လ
၄ င်စွာရယ် နံကိုင်ဖုရာသိခင်နှိုက် **ဥမ်မင်**တူပြိသော။ ။ **စလစ်မွမ်ခေါင်**ဆေး
၅ ဆာက်ရယ်၊ ၊မင်ကြီတြျာဖျာအာ ရေစင်တိုက်ရယ် ရတ္တနာ ၃(ပါ)အာ လှုသော
၆ မ္လေကာ၊ ၊သက္ကရစ် ၆၈၄ ပုဿနှစ် တန်ဆောင်မှုန်လ္ဆန် **သတင်ဘိတ်** ၆ နေ
၇ အာ လှုသောမ္လေကာ၊ ၊ **တော္လှိုန်**အရပ်နှိုက် ထန်ပင် တိုဝ်လဲ ၁၅၀။ ။ ရှာရာဆေး
၈ လတပဲ၊ ၊"

[နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ **အဿပတိ။ ဂဇပတိ။ နရပတိ။** သိရိတြိဘဝနာဒိတျပဝရဓမ္မရာဇာမင်းကြီး တရဖျားမင်း၏ **အထိန်းသား သီဟသူ**မည်သော သံပျင်အမတ်ကြီးသည် **သံသရာဆင်းရဲမှ လွတ်ချင်စွာ၍ နံကိုင်းဘုရားသခင်၌ ဥမင်**တူးပြီးသော **စုလစ်မွမ်ခေါင်းဆောက်**၍ မင်းကြီး တရဖျားအား **ရေစင်တိုက်**၍ ရတနာ၃ပါးအား လှုသော မြေကား၊ သက္ကရာဇ် ၆၈၄ ဖုသျှနှစ်၊ တန်ဆောင်မုန်း

လဆန်း **သီတင်းဖိတ် ဖြနေ့**အား လှူသောမြေကား **တောင်ပြုန်း**အရပ်၌ ထန်းပင်တိုလယ် ၁၅၀၊ ရွာရာ လည်းတစ်ပယ်။]

## ၂၁၊၃၆။ **မင်းလျင်ဆရာ [သက္ကရာဇ် ၆၉၆] သဗ္ဗညုဘုရားကျောက်စာ**

၂၁၊၃၆၊၁။

၁ “။ သကရစ် ၆၉၆ ခု မြကသိုဝ်နှစ် နံမျုန်လ္ဆန် ၅ရျက် ဖြနို

၂ ယ်အာ။ သဗ္ဗညုကူတွင် ႀမွစ်ဩက်မျက်နှာမှ **ဖုရှာ**

၃ **ထဝယ်**ဂ္ဂတောင် မင်လျင်**ဆြျာ**ပ္လုရှယ်။ ဖုရှာသ္ခိင်

၄ ကိုဝ် **လုပ်က္လွိယ်**စိမ်သောငှာ။”

[သက္ကရာဇ် ၆၉၆ခု မိဂသီနှစ်၊ နယုန်လဆန်း ၅ရက်၊ ဖြနေ့အား သဗ္ဗညုဂူတွင်း မြောက်မျက်နှာမှ **ဘုရားထက် ဝယ် ဂ္ဂတောင်** မင်းလျင်ဆရာပြု၍ ဘုရားသခင်ကို လုပ်ကျွေးစိမ့်သောငှာ။]

၂၁၊၃၆၊၂။

၈ …“ဤ

၉ ဘ္လပ္လုသောကောင်မှုကာ။ ဘဆြျာ **မဟာထိမင်**၊ ပုကံ

၁၀ မင်ကြီ။ ငမိငဖ **ဆွေိယ်ငမျိုဝ်**ကုန်ဩင် ကောင်မှုအက္လို

၁၁ ဝ် ဘနှင်ထပ်တူ ရစပါစိယ်သတော။”

[ဤငါပြုသောကောင်းမှုကား **ငါ့ဆရာ** မဟာထေရ်မင်း၊ **ပုဂံမင်းကြီး**၊ ငါ့မိငါ့ဖ ငါ့ဆွေငါ့မျိုးကုန်အောင် ကောင်းမှု အကျိုး ငါနှင့်ထပ်တူ ရစပါစေသတည်း။]

## ၂၊၁၊၃၇။ **ငမောင် [သက္ကရာဇ် ၆၉၆] ငမောင်ကျောင်းကျောက်စာ**

၁ “သကရစ် ၆၉၆ ခု (မြ)?က္ကသိုဝ်နှစ် **တ**
၂ **ပိုဝ်ထွေ**လဆုတ်ရစျက် အင်္ဂါနိယ် **သတ္တိ**
၃ နိယ်လျှင် ငမေါင်သစ္စာမူရယ် ကြောင်ငေ
၄ ဆာက်သတေ **လဲ ၉ ပဲ**<< **ကျွံ ၂ ကြိုမ်ထောင်**”

[သက္ကရာဇ် ၆၉၆ ခု မိဂသီနှစ်၊ တပို့တွဲလဆုတ် ၈ရက်၊ အင်္ဂါနေ့ **သီတင်းနေ့**လျှင် ငမောင်သစ္စာမူ၍ ကျောင်း ဆောက်သတည်း။ **လယ်၉ပယ်**ဒွိ၊ **ကျွန်၂အိမ်ထောင်**။]

## ၂၊၁၊၃၈။ **မင်းမတ်ကြီးသမန်ချတ္တရာ [သက္ကရာဇ် ၆၉၆] မင်းမတ်ကြီးသမန်ချတ္တရာကျောင်းကျောက်စာ**

၁ “။ ။သက္ကရစ် ၆၉၆ ခု မာခနှစ် တပေါင်လ္ဆန် ၃ရျက် ၅နိယ်အာ
၂ ။မင်မတ်ကြီသ္မန်ချတ္တရာ မြင်သုံရျာစိုဝ်သောအခါ သာသနာ ဇာဧ
၃ ထာင်တည်စီမ်သောဗှာ သင်တောအ**ရှိယ်မ္လစ်ထောင်** ငမူ ရှာ
၄ ထက်တည်သောကြောင်ကိုဝ် ဥစ္စာနာမင်ကြီလျှင် ရိယ်စင်
၅ တဝ်လ္လပါရယ် လှျုသလဲကာ။ ။ငလပ္ပံမြောင်**သစ်ခဝ**
၆ **တ်**ပင်ရှိယ် ၁၀ပဲ။ ။ ...
၁၂ လှျုသ**တည်**။ ဝ။ သိပါသသူကာ အရိမတ်အနန္တ
၁၃ သိန်စည် ရှာသူကြီငတောင်ရုံသင် သံပျင်ဥတ္တမသိ
၁၄ န်တိုဝ်သိပါသ**တော**။ ။ဤငကောင်မှုကိုဝ် ခီပ
၁၅ င်ပါသသူကာ ဇာနှင်အတူရစပါစေသတော။ ဖျ
၁၆ က်ဆီသသူကာ ဤလုလက်ထက်နိုက် **လုပ်စရာကြံ**
၁၇ **စရာ**မ္လဖွစ် အမ္ဂတ်အငတ်လူပြိတ္တာလျှင် ဖွ္လစ္စေ

၁၈ သတေ။ အကမ္ဘာဖုရာ မဖူရ **ပဲငရဲ**ကြီခံစေသတည်

၁၉ ။ ဝ ။”

[သက္ကရာဇ် ၆၉၆ ခု မာဃနှစ်၊ တပေါင်းလဆန်း ၃ရက်၊ ၅နေ့အား **မင်းမတ်ကြီး**သမန်ချတ္တရာ မြင်းသုံးရာ စိုးသောအခါ သာသနာငါးထောင် တည်စိမ့်သောငှာ သင်တော**အရှေ့မြောက်ထောင့်** ငမူ ယာထက်တည် သော ကျောင်းကို ဥစ္စနာမင်းကြီးလျှင် ရေစင်တော်ချပါ၍ လှူသောလယ်ကား ငလေပွံ**မြောင်း**သခွတ်ပင်ရှေ့ ၁၀ပယ် ... လှူသတည်း။ သိပါသသူကား အရိမတ်၊ အနန္တ သိဥ္စည်း၊ ရွာသူကြီးငတောင်ရုံသင်၊ သံပျင်ဥတ္တမသိန်တို့ သိပါသတည်း။ ဤငါ့ကောင်းမှုကို ချီးပင့်ပါသသူကား ငါနှင့်အတူ ရစပါစေသတည်း။ ဖျက်ဆီးသသူကား ဤလူ လက်ထက်၌ **လုပ်စားရာကြံစားရာ**မဖြစ် **အမွတ်အငတ် လူပြိတ္တာ**လျှင် ဖြစ်စေသတည်း။ အကမ္ဘာဘုရား မဖူးရ၊ **ပါယ်ငရဲကြီး**ခံစေသတည်း။]

## ၂၁၁၃၉။ **တရဖျားမင်းကြီး [သက္ကရာဇ် ၆၉၆] ရွှေကျောင်းကျောက်စာ (မျက်နှာဘက်)**

၄ ...“လေ

၅ အသချေ် အပ္လွတ်ကမ္ဘာတသိန်**ပန်လုံမ်**လျှင် **ဆဲပါသ** ပါရမိတိုဝ်ကိုဝ် ဖြည်စင်ပြီရှယ် မိမိအလိုဝ်၂ကောင်သ အခြင်လွှင် သစ္စာဧ

၆ လပါတြျာတိုဝ်ကိုဝ် သိစင်ပြီသော သူတော်တြျာဟူသော မိုဝ်ရည်လွှင် ခပ်သိမ်သသတ္တာတိုဝ်၏ **ကိလေဂါ**ဟူသော ရေသိပ်

၇ ခြင်ကိုဝ် ငြိမ်စေတတ္တ် **ပစ္စုန်**နတ်၏သဖ္ဖယ်လွှစ်သော ဖုရာသ္ခိင်၏၊ ကာလဝိပတ္တိဟူသော **ညည်**နိုက်မပွင် တတ္တ**ဂါ**

၈ **သနာ**ဟူသော ကြာတော်ကိုဝ်ပွင်စေတတ္တ နေနှင်လည်တူ
ကျည်ထသော၊ **တာမြဒိပ်**နိုက်**ယောဂ္ဂ** ဇါသနာဟူသော
ကြာအိုင်ကိုဝ်
၉ ဖျက်ဆီစေဌာ စေလစ်သော ၁၂၀၀၀၀၀ ခန်မင်ကြိ၏
စစ်သည်ဟူသော ဆင်အပေါင်ကိုဝ် **လုံမ်လပြည်ာရယ်
ခြင်**
၁၀ ဟူသော **ခြင်သေ**သံ့လွှင်ပြေစေနိုင်သော ခြင်သေမင်နှင်ရယ်
ခြင်တူသော **ဇွေတကုညူရပတိ** ဇြိတြိဘဝနာဒိတျပဝရသီ
၁၁ ဟသူရမည်သော ဆင့်လွှူသ္ခိင်မင်ကြိ၏ သာကြီလွှစ်သော
တန်ခိုဝ်သိတင်ရယ်ခြင် သဒ္ဓါပြည်ာကြိသော မင်ကြီတြျာ
၁၂ ဖျာသည် **ရန်မန်**ခပင်အကုန်ကင်ရယ် မင်အလွှစ်သိုဝ်
ရောက်ပြိရကာ မင်**စညှိမ်** ကိုဝ်ခန္ဓာ အသက်တိုဝ်၏
အတည်မဟိေ
၁၃ သာအလွှစ်ကိုဝ် **ဩက်မေ**လစ်ရယ် **မင်၏မန့်လွှင်**နိဗ္ဗာန်
ပြည်ကိုဝ် အလိုဝ်တော်ဟိရကာ၊ ၊သက္ကရစ် ၆၉၆ ခု
**လွှဂို**
၁၄ **ဏ်**နှစ် တပေါင်လ္ဆန် ၁၃ရျက် ဇနိယ်တက် ၁ဝလွှဝါ
**ပြိသလက်**လျှင် နံကိုင်ဖုရာသ္ခိင်၏လွှစ်ဩက်ယံနိုက် မဟာ
၁၅ ဝိဟာရသုဓမ္မာမည်သော နတ်သဘင်လျှင် မြေတွင်ကျသိုဝ်
အလွှန်ဆန်ကြယ်တင်တယ်စွာသော ရွှေကျောင်ကြိကိုဝ်
၁၆ ပြုတော်မူ၏၊ ပိဋကတ်**သုံမ်ပုံမ်**ကိုဝ်လည် ပြု**တော်**မူ၏။
အလှုူတော်ကာ ဝက်မြေကန်ရွာနှင့်အကွ မြေတော်
၁ဝဝဝ၊”

[လေးအသချေ် **အမြတ်ကမ္ဘာတစ်သိန်းပန်လုံးလျှင်** ဆယ်ပါးသော ပါရမီတို့ကို **ဖြည့်စင်**ပြီး၍ **မိမိအလိုလို ကောင်းသောအခြင်းဖြင့်** သစ္စာလေးပါးတရားတို့ကို သိစင်ပြီးသော၊ **သူတော်တရားဟူသော မိုးရေဖြင့်** ခပ်သိမ်းသော သတ္တဝါတို့၏ **ကိလေသာဟူသော**

**ရေသိပ်**ခြင်းကို ငြိမ်းစေတတ်သော **ပဒ္မုန်နတ်၏သဖွယ် ဖြစ်သော ဘုရားသခင်**၏ **ကာလဝိပတ္တိဟူသောညဉ့်၌ မပွင့်တတ်သော သာသနာဟူသော ကြာတောကို ပွင့်စေတတ်သော နေနှင့်လည်း တူကျင်ထသော၊ တမ္ဗဒိပ်၌ရောက်သော သာသနာဟူသော ကြာအိုင်**ကို ဖျက်ဆီးစေဌာ စေလစ်သော ၁၂၀၀၀၀၀ ခန်းမင်းကြီး၏ စစ်သည်ဟူသော ဆင်အပေါင်းကို လုံ့လ၊ ပညာ၊ ရဲခြင်းဟူသော ခြသေ့်သံဖြင့်ပြေးစေနိုင်သော၊ ခြသေ့်မင်းနှင့် ရဲခြင်းတူသော **သေတကုဥ္ဇရပတိ** ဇြိတြိဘဝနာဒိတျပဝရသီဟသူရမည်သော ဆင်ဖြူသခင်မင်းကြီး၏ သားကြီးဖြစ်သော၊ တန်ခိုးသီတင်းရဲခြင်း သဒ္ဓါပညာကြီးသော မင်းကြီးတရဖျားသည် ရန်မာန်ခပင်း အကုန်ကင်း၍ မင်းအဖြစ်သို့ ရောက်ပြီးရကား မင်းစည်းစိမ်၊ ကိုယ်ခန္ဓာ အသက်တို့၏ အတည်မရှိသောအဖြစ်ကို အောက်မေ့လစ်၍ **မင်း၏မာန်ဖြင့်** နိဗ္ဗာန်ပြည်ကို **အလိုတော်ရှိရကား** သက္ကရာဇ် ၆၉၆ ခု ဖလဂုနီနှစ်၊ တပေါင်းလဆန်း ၁၃ရက်၊ ၆ နေတက် ၁၀ဖဝါး **ပြိဿလဂ်**လျှင် နံကိုင်း ဘုရားသခင်၏ **မြောက်ယံ၌ မဟာဝိဟာရ သုဓမ္မာမည်သော နတ်သဘင်လျှင် မြေတွင်ကျသို့** အလွန် ဆန်းကြယ် တင့်တယ်စွာသော ရွှေကျောင်းကြီးကို ပြုတော်မူ၏။ ပိဋကတ်သုံးပုံကိုလည်း ပြုတော်မူ၏။ အလှူတော်ကား ဝက်မြေကန်ရွာနှင့်အကွ မြေတော် ၁၀၀၀။]

**၂၊၁၊၄၀။ ဖုမ္မသိဃ်ာ [သက္ကရာဇ် ၆၉၇]**
**ဖုမ္မသိဃ်ာသိမ်ကျောက်စာ**

၁ “ ။ ဝ ။ စန်ကိုင်မင်ဆိရျာခီပင်ရယ် ပု
၂ ကံမိဖုရာစဝ် ဆိရျာမဟာထေစသော အရျာ

၃ သင်ခါမျာ ပုသော်နှိုက် သိမ်**သံမိုတ်**၏ ပ္လုရစ်**သာ**ကာ

၄ ။ **သက္ကာ်ရစ်** ၆၉၇ခု မာခနှစ်၊ ကဆုန်လဆုတ် ၅ရျက် ၅ညန် လ

၅ ထွက် မကာရစန်လက်နှင်အကွ သုကြွယ်ကျ္လောင်သည် သာဖုမ္ဓသိဃ်ာ

၆ သိမ့်ပ္လုရုယ်ပြိ၏ ရွာသုအလုမ် ညိည္တတ်ပါကုန်၏ က္လွတ်စာ ရုယ် **တြာကြိ၀**

၇ **သန်တြာ** နာသောခာ သိမ်တာယကာလှ္ုသာကာ က္လျန် တယောက် နွာတ**ယှန်** ထန်

၈ ၁၀၀ လဲတပဲ”

[စဥ့်ကိုင်မင်းဆရာချီးပင့်၍ ပုဂံမိဖုရားစော ဆရာမဟာ ထေရ်စသော အရိယာသံဃာများ ပုသော်၌ **သိမ်သမုတ်**၏။ ပြုရစ်သကား သက္ကရာဇ် ၆၉၇ ခု မာဃနှစ်၊ ကဆုန်လဆုတ် ၅ရက်၊ ၅ညဥ့်**လထွက် မကရစန်းလဂ်**နှင့်အကွ သူကြွယ်**ကျောင်းသည်**သားဖုမ္ဓသိဃ်ာ သိမ်ပြု၍ ပြီး၏။ **ရွာသူ**အလုံး ညီညွတ်ပါကုန်၏။ ကျွတ်စာ၍ **တရားကြီးဝေဿန္တရာ** နာသောခါ သိမ်ဒါယကာ လှူသကား ကျွန်တစ်ယောက်၊ နွားတစ်ရှဉ်း၊ ထန်း ၁၀၀၊ လယ်တစ်ပယ်။]

## ၂၊၁၊၄၁။ **တောင်ပိမင်း [သက္ကရာဇ် ၆၉၈]**
## **တောင်ပိမင်းစေတီဂူကျောင်းကျောက်စာ**

၁ “။ နမော တဿာတိ။ ၀။ သကရစ် ၆၉၈ ခု နံယုန် လ္ဆန် ၇ရျက် **စွှီယ်**နိယ် တောင်ပိမင် စေ

၂ တီ ကူကျ္လောင်ကိုဝ် လှူသောအလှူကာ။ ဥစ္စနာမင်ကိုဝ် ပန်ရုယ်ရသော ရွာတောင်အင်

၃ အနောက္ကာ ကေသရာကျ္လောင်ရှိယ်ရျာအစ အရှိယ်ကာ နွာကူစသော ၆ ပယ်တော၊ ၊

၄ ဤ ၆ ပယ်တွင် အင်ခံကျောင်ရှိယ် ၁ပဲကာ ကူသစ်
ဆီမီ သင်ပုတ်ဝတ်တေ

၅ နွာကူနာ ၁ပဲကာ ကျောင်အဖာတေ။ ၄ပဲကာ အရျာ
စာတေ။ စေတီဥပစာ

၆ တွင် အင်ခံကျောင်နောက် မွိယ်နှင်အကွ ထန် ၂၃၀။
အိုန်ပံသင်ကျောင်တောင်

၇ ၃၂၀။ အပေါင် ၅၅၀ကာ စေတီကူဖုရှာအကုန်ကိုဝ်
မဟာထေအရျာ

၈ ဖုရှာကျွန်တိုဝ်ငီရယ် ဖာစိယ်သတေ။ ကျောင်တ်ဝ်ဥပစာ
ကာ အရှိယ်

၉ မြေါင်ငယ်အဆုံ၊ တောင်ကာလဲစ၊ အနောက္ကာကျင်ပန်လဲ
စ မြေါင်အဆုံ

၁၀ **မွှစ်**ကာနွာကူမြေါင်အဆုံ။ ကျောင်**တ်ဝ်**မွှစ်ထန် ၁၀၀။
အရှိယ်ကန်ထက်

၁၁ ၃၀၀။ အပေါင်၄၀၀ကာ ကျောင်တ်ဝ်တွင် ပျက်သမျှ
ဖာစိယ်သတေ။

၁၂ ပြီသောကာ သျင်တိုဝ်အလိုဝ်ရစိယ်သတေ၊ ကြွင်သော
၃၇၃၀ တွင် ၄၀၀။

၁၃ ထေရစာတေ။ ၃၃၃၀ကာ အရျာစာတေ။ စေတီ**ဥန်**
၈။ ပိယ်၂။ သိရျ

၁၄ က် ၈။ **သိပြိယ်** ၁။ **မင်ကွ္ကည်** ၄။ **သမြည်စည်** ၁။
**တီသီ** ၁။ **သိဖန်** ၁။ **တလ**

၁၅ **ည်** ၁။ **ရယ်ရိုဝ်** ၁။ ကူအကုန်သောသိရျက် ၁၂။
ပိယ် ၆။ သိပြိယ် ၄။ မင်ကွ္က

၁၆ ည် ၆။ သမြည်စည် ၁။ တီသီ ၁။ တလည် ၁။
ရယ်ရိုဝ် ၁။ ဖုရှာအလုံသော

၁၇ ပုန်ညက်အကုန်။ ။ ထေရမှပိယ် ၈။ ဥန်၁၀။ သိရျက်
၁၀။ **သပြိယ်** ၁။ မ

၁၈ ငံကြွည် ၂၀။ သမြည်စည် ၁။ တီသီ ၁။ တလည်၁။ ရယ်ရိုဝ် ၁။ အရှာ

၁၉ မှကာ ပိယ် ၄၇။ ဥန် ၅၀။ သိရျက် ၄။ **သိပြိယ်** ၃၀။ မင်ကြွည် ၃၀။

၂၀ သမြည်စည် ၄။ တလည် ၄။ ရယ်ရိုဝ် ၇။ နောင်လါသ သစ်

၂၁ (ပ)င်အစုတ်လေ ဤ**နည်**တေ။"

[**နမော တဿာတိ**။ သက္ကရာဇ် ၆၉၈ခု၊ နယုန်လဆန်း ၇ရက်၊ စနေနေ့ တောင်ပိမင်း စေတီ ဂူကျောင်းကို လှူသောအလှူကား ဥစ္စနာမင်းကို ပန်၍ရသော ရွာတောင်အင်း **အနောက်**ကား ကေသရာကျောင်းရှေ့ ယာအစ၊ **အရှေ့**ကား နွားကူး စသော ဖိပယ်တည်း။ ဤ ဖိပယ်တွင် အင်းခံကျောင်းရှေ့ ၁ပယ်ကား ဂူသစ်ဆီမီး သင်ပုတ်ဝတ်တည်း။ နွားကူးနား ၁ပယ်ကား ကျောင်း**အဖာ**တည်း။ ၄ပယ်ကား **အရိယာစာ**တည်း။ **စေတီဥပစာ**တွင် အင်းခံကျောင်းနောက် မြေနှင့်အကွထန်း ၂၃၀၊ အိုပံသင်ကျောင်းတောင် ၃၂၀ အပေါင်း ၅၅၀ကား စေတီဂူဘုရားအကုန်ကို မဟာထေရ်အရိယာဘုရားကျွန်တို့ညီ၍ ဖာစေသတည်း။ **ကျောင်းတော်ဥပစာ**ကား အရှေ့မြောင်းငယ်အဆုံး၊ **တောင်**ကား လယ်စ၊ အနောက်ကား ကျင်ပန်လယ်စ မြောင်းအဆုံး၊ **မြောက်**ကား နွားကူးမြောင်းအဆုံး၊ ကျောင်းတော်မြောက် ထန်း ၁၀၀၊ အရှေ့ကန်ထက် ၃၀၀၊ **အပေါင်း ၄၀၀ ကား ကျောင်းတော်တွင် ပျက်သမျှ ဖာစေသတည်း။ ပြီးသောကား ရှင်တို့အလိုရစေသတည်း။** ကြွင်းသော ၃၇၃၀တွင် ၄၀၀ **ထေရစာ**တည်း။ ၃၃၃၀ကား အရိယာစာတည်း။ စေတီ အုန်း ၈၊ ပေ၂၊ သရက်၈၊ **သပြေ** ၁၊ မန်ကျည်း ၄၊ **သစ်မည်စည်** ၁၊ **တည်သီး** ၁၊

**သဖန်း** ၁၊ **တလည်း** ၁၊ **ရဲယို** ၁၊ ဂူအကုန်သော သရက် ၁၂၊ ပေ ၆၊ သပြေ ၄၊ မန်ကျည်း ၆၊ သစ်မည်စည် ၁၊ တည်သီး ၁၊ တလည်း ၁၊ ရဲယို ၁၊ ဘုရားအလုံးသော **ပုန်းညက်**အကုန် ထေရမှပေ ၈၊ အုန်း ၁၀၊ သရက် ၁၀၊ သပြေ ၁၊ မန်ကျည်း ၂၀၊ သစ်မည်စည် ၁၊ တည်သီး ၁၊ တလည်း ၁၊ ရဲယို ၁၊ အရိယာမှကား ပေ ၄၇၊ အုန်း ၅၀၊ သရက် ၄၊ သပြေ ၃၀၊ မန်ကျည်း ၃၀၊ သစ်မည်စည် ၄၊ တလည်း ၄၊ ရဲယို ၇၊ နောင်လာသော သစ်ပင်အစုတ်လည်း **ဤနည်းတည်း**။]

## ၂။၁။၄၂။ **မင်းမတ်သုဝဏ္ဏလက်ယာ [သက္ကရာဇ် ၆၉၉] ရွှေစေတီကျောက်စာ (မျက်နှာဘက်)**

၂ "မင်မတ်သုဝဏ္ဏ**လကျ်ာ** အမိနှင်အဖကိုဝ်

၃ လေ **ကွိုယ်ကွွတ်**စိယ်လိုဝ်သောကြောင် မျာကိုဝ်လေကွိ

၄ ယ်ကွွတ်စိယ်လိုဝ်သောကြောင် အဆုယ်အမျှိုဝ်ခပ်သိမ် ကိုဝ်လေ

၅ ကွိုယ်ကွွတ်စိယ်လိုဝ်သောကြောင် လူခပ်သိမ်ကိုဝ်လေ ကွိုယ်ကွွတ်

၆ စိယ်လိုဝ်သောကြောင် **သတ္တာရဆန်**ခပ်သိမ်ကိုဝ်လေ ကွိုယ် ကွွတ်စိ

၇ ယ်လိုဝ်သောကြောင် မိမိကာ ပုရှာဆုတောင်**ယေအ်** တောင်သောပုရှာ

၈ ဆု မရောက်သောကြာကာ နတ်စည်စိမ် လူစည်စိမ်လိုဝ် သောငေ

၉ ကြာင် ငြယ်သိုဝ်မလါလိုဝ်သောကြောင် **ဝယ်ပက်**ကိုဝ်လေ လွတ်ချှ

၁၀ င်သောကြောင် လူလျှင်ဖြစ်သောလေ ဤယ်သိုဝ် လည်ကောင် အလှျုပိ

၁၁ ယ်ရလိုဝ်တုံသောကြောင် ဤယ်ကျွောင်ကာ ဇွလ္လုယေအ် ဤယ်ပိတ

၁၂ ကတ်ဇွလ္လုယေအ် ပုရှာလေဇွလ္လုယေအ် ကူလေဇွလ္လု ယေအ်”

[မင်းမတ် သုဝဏ္ဏလက်ယာ **အမိနှင့်အဖ ကိုလည်း ကျေကျွတ် စေလိုသောကြောင့်၊ မယားကိုလည်း ကျေကျွတ်စေလိုသောကြောင့်၊ အဆွေအမျိုးခပ်သိမ်း ကိုလည်း ကျေကျွတ်စေလိုသောကြောင့်၊ လူခပ်သိမ်း ကိုလည်း ကျေကျွတ်စေလိုသောကြောင့်၊ သတ္တရဆန်** (သတ္တဝါတိရစ္ဆာန်?) **ခပ်သိမ်းကိုလည်း ကျေကျွတ်စေ လိုသောကြောင့်** မိမိကား ဘုရားဆုတောင်း၏။ တောင်း သောဘုရားဆု မရောက်သောကြားကား **နတ်စည်းစိမ်၊ လူစည်းစိမ်လိုသောကြောင့်၊ ငရဲသို့မလားလိုသော ကြောင့်၊ ဝိပါက်ကိုလည်း လွတ်ချင်သောကြောင့်၊ လူလျှင်ဖြစ်သောလည်း ဤသို့လည်းကောင်း အလှူ ပေးရလိုတုံသောကြောင့်** ဤကျောင်းကား ငါပြု၏။ ဤပိဋကတ် ငါပြု၏။ ဘုရားလည်းငါပြု၏။ ဂူလည်း ငါပြု၏။]

၂၊၁၊၄၃။ **တရဖျားမင်းကြီး [သက္ကရာဇ် ၆၉၉] မဟာဝိဟာရကျောင်းတော်ကျောက်စာ**

၂၊၁၊၄၃၊၁။

၁ “။ ။ **သွတ္တိ**။ ။ သိရိတိတျပဝရဓမ္မရာဇာ **တြျာဖျာ**မင်ကြီ ကာ၊ ရန်ခပ်သိမ်ကိုဝ် **နင်နဲ**ရပြီ

၂ ရကာ၊ ခပ်သိမ်သော မျာစွာသနိုင်ငံတိုဝ်တွင် ကြောင်ကြ စိုဝ်ရိမ်ပြီယ်လိယ်ရာလွှစ်သော။

၃ သာမောစွာသ ကြံ့တူအနိမ်မည်သပြည်နိုက်။ ဖုရှာသ္ခိင်
သာသနာ၅၀၀၀ကိုဝ်တည်စိမ်ဧ
၄ သောဌာ။ ကောင်မှုတာ်မူလိုဝ်ရကာ။ ၀ ။ သကရစ်
၆၉၁ ခု သရဝန်နှစ်။ ပ္လသိုဝ်လ္ဆန် ၉
၅ ရျက် သောကြာနိယ်တက် ၃၂ ဖ္လာလျှင် ဓာမနာရယ်
ပြီသော မဟာဝိဟာရကျောင်တဝ်၏
၆ အလုပ်အက္လုယ်မူစိမ်သောဌာ ငုယ်တာ် ၄၀၀နှင့် ဝယ်သော
ကျွန်တာ်တိုဝ်ကာ...”

[**သောတ္တိ**။ **သိရီဒိတျပဝရဓမ္မရာဇာတရဖျားမင်းကြီး**
ကား ရန်ခပ်သိမ်းကို **နင်းနယ်**ရပြီးရကား ခပ်သိမ်းသော
**များစွာသောနိုင်ငံတို့တွင် ကြောင့်ကြ စိုးရိမ်ပြေလေ
ရာ ဖြစ်သော၊ သာမောစွာသော** ကြံ့တူ အနိမ့်မည်
သောပြည်၌ ဘုရားသခင် သာသနာ ၅၀၀၀ကို တည်စိမ့်
သောငှာ ကောင်းမှု**တော်**မူလိုရကား သက္ကရာဇ် ၆၉၁ခု
သရဝဏ်နှစ်၊ ပြာသိုလဆန်း ၉ရက်၊ သောကြာ နေ့တက်
၃၂ ဖဝါးလျှင် ဌာပနာ၍ပြီးသော် မဟာဝိဟာရ
ကျောင်း**တော်**၏ အလုပ်အကျွေးမူစိမ့်သောငှာ ငွေ**တော်**
၄၀၀နှင့်ဝယ်သော ကျွန်**တော်**တို့ကား...။]

၂၁၁၄၃၊၂။

၁၅ “သကရာဇ် ၆၉၉ ခု စယ်နှစ် တပိုဝ်ထုယ်လကွယ်
ဥပုတ်သတင် ပု
၁၆ တ္တဟူနိယ် ရိယ်စင်တာ်သွန်၏။ ဤဇာလျှုသ ကောင်မှု
အက္လိုဝ်ကာ ခပ်သိမ်သ လူန
၁၇ တ်ဗြဟ္မာသတ္တဝါတိုဝ်ကိုဝ် ဓမ္မစက္ကြာဝဠာလှိုယ်ကြီထက်
တင်ရယ်၊ နိဗ္ဗန်ပြ
၁၈ ည်သိုဝ်သယ်နိုင်သော၊ ဖုရှာဆူမွတ်ကိုဝ်လျှင် လိုဝ်ချှင်
သတော။ ၀ ။”

[သက္ကရာဇ် ၆၉၉ခု ဖေယျနှစ်၊ တပို့တွဲလကွယ် ဥပုသ်သီတင်း ဗုဒ္ဓဟူးနေ့ **ရေစင်တော်သွန်း**၏။ ဤငါလှူသော ကောင်းမှုအကျိုးကား **ခပ်သိမ်းသော လူ နတ်ပြဟ္မာ သတ္တဝါတို့ကို ဓမ္မစကြာတရားလှေကြီးထက်တင်၍ နိဗ္ဗာန်ပြည်သို့သယ်နိုင်သော ဘုရားဆုမြတ်ကိုလျှင် လိုချင်သတည်း။**]

## ၂၊၁၊၄၄။ **မင်းသတိုးသီဟသူရ [သက္ကရာဇ် ၇၀၁] မင်းသတိုးသီဟသူရကျောက်စာ**

၂၊၁၊၄၄၊၁။

၁ “။ ဝ ။ နမေါ တဿတိ။ ဝ ။ ကွ္လစွာမင်ကြိလက်ထက်၊ မင်သတိုဝ်သီဟာသူရသည်၊ အမြင်ရသော
၂ ခာလျှင် အမိအဖအရပ််ဖွစ်သော မဟာကဿပကျွောင်နှိုက် မဟာဝိဟာရကျွောင်ကြိလေ္လပွု၍၊ ထိုဝ်ကျွောင်နှိုက်
၃ ၊**ပတိယစ် ပတိပတ်**နှင််ပွ္လည်စုံမ်သော သိခင်တိုဝ်အာ ပစ္စည်လေပါ ဖွ္လစ်စိမ်သောငှာ။ ဝ ။ သက္ကာ်ရစ် ၇ဝ၁ ခုစိ
၄ သနှစ်နှိုက် သတိုဝ်သီဟာသူရသည် ကွ္လစွာမင်ကြိကိုဝ် ရေစင်ကရာတိုက်ရယ်၊ လှူသောမ္လေကာတဝ်စိမ် ၇
၅ ဝ၊”

[နမော တဿာတိ။ ကျစွာမင်းကြီးလက်ထက် မင်း**သတိုး**သီဟသူရသည် အမြင့်ရသောခါလျှင် အမိအဖအရပ်ဖြစ်သော မဟာကဿပကျောင်း၌ မဟာဝိဟာရကျောင်းကြီးလည်း ပြု၍။ **ထိုကျောင်း၌ ပရိယတ်၊ ပဋိပတ်နှင့် ပြည့်စုံသောသခင်တို့အား ပစ္စည်းလေးပါးဖြစ်စိမ့်သောငှာ**၊ သက္ကရာဇ် ၇၀၁ခု ဖဲ္ဂုနှစ်၌ သတိုးသီဟသူရသည် ကျစွာမင်းကြီးကို **ရေစင်ကရားတိုက်**၍ လှူသောမြေကား **တောစိမ်း** ၇၀။]

၂။၁၊၄၄၊၂။

၁၁ "ဤငါအလျှုကိုဝ်ကာ ရေမ္လေအသျင် မင်ကြီစသော အမတ်
ကလန် **သံပျုံ**အလုံမ်လေ ရ
၁၂ စပါစေသတေ၊ **မိဘုရာ**စသော **မိသံမောမ** အကုန်လေ
ရစပါစေသတေ၊ လေသောင်ရှုသော အမတ် ကလန်
သံပျင်
၁၃ စခီတိုဝ်လေ ရစပါစေသတေ၊ ဤဇာလျှုသောကောင်မှုကိုဝ်
လေသောင်စိုဝ်သော အမတ်စသော လေသောင်စခီ
၁၄ တိုဝ် ဖျက်ဆိရစ်မူကာ မ္လေပုံမ်လုံမ်မျှမက ဖ္လစ်လတ္တံသော
ဘုရာတိုဝ်နှိုက်လေ မဖူရစေသတေ၊ မ္လေ
၁၅ ကြီအထယ် ဇာရယ်နှိုက်လျှင် ကျက်စိယ်သတေ၊"

[ဤငါ့အလှူကိုကား **ရေမြေအရှင် မင်းကြီး**စသော
အမတ် ကလန် သံပျင်အလုံးလည်း ရစပါစေသတည်း။
မိဖုရားစသော **မိသံမောင်းမ**အကုန်လည်း ရစပါစေ
သတည်း။ **လေးသောင်းရှုသော အမတ် ကလန်
သံပျင် စာချီ**တို့လည်း ရစပါစေသတည်း။ ဤငါလှူ
သော ကောင်းမှုကို **လေးသောင်းစိုးသောအမတ်**စသော
**လေးသောင်းစာချီ**တို့ ဖျက်ဆီးရစ်မူကား မြေပုံလုံးမျှ
မကဖြစ်လတ္တံ့သော ဘုရားတို့၌လည်း မဖူးရစေသတည်း။
မြေကြီးအထဲ ငရဲ၌လျှင် ကျက်စေသတည်း။]

၂။၁၊၄၄၊၃။

၁၅ ဤဇာလျှုသောကောင်မှုကိုဝ် ခိပင်ပါသော သူတဝ်တိုဝ်
ကာ၊
၁၆ ဤလူလက်ထက်လေ အနာမယ်၊ အသက်ရှည်စွာ ဖ္လစ်စေ
သတေ၊ ဘုရာသိခင်၏သာသနာနှိုက် အလျှုပေရ သိတ
၁၇ င်သုံမ်ရလတ်ရယ်၊ လူ**စညို့မ်** နတ်စညို့မ်ကိုဝ် စုန်ဆန်
၂ ခံစပြီမူကာ ဖုရာစသော ပစ္စေကဗုဒ္ဓါ ရဟန္တာသူ

၁၈ တဝ်တကာတိုဝ် ဝင်ရာ္လဖ်သော အမြိုက်ပါန်သော **နိဗ္ဗန်** ချံသာ ခံစရစေကုသတေ၊ ၀ ၊”

[ဤငါလှူသောကောင်းမှုကို ချီးပင့်ပါသော သူတော်တို့ ကား ဤလူလက်ထက်လည်း **အနာမဲ့ အသက်ရှည်**စွာ ဖြစ်စေသတည်း။ ဘုရားသခင်၏သာသနာ၌ အလှူပေးရ၊ သီတင်းသုံးရလတ်၍ လူ့စည်းစိမ် နတ်စည်းစိမ်ကို စုန်ဆန် စုန်ဆန်ခံစားပြီးမှုကား ဘုရားစသော ပစ္စေကဗုဒ္ဓါ ရဟန္တာ သူတော်တကာတို့ဝင်ရာဖြစ်သော **အမြိုက်ပန်သော** နိဗ္ဗာန်ချမ်းသာ ခံစားရစေကုန်သတည်း။]

## ၂၁၁၄၅။ စစ်တုရင်မောင်နံ့ [သက္ကရာဇ် ၇၀၀ကျော်ခန့်] ရွှေဂူဘုရားကျောက်စာ (မျက်နှာဘက်)

၂၁၁၄၅၁။

၂၆ ...“ကျှောင်ပြိရယ် လွှတ်စ

၂၇ သော **ဝသုန္တရာ**နာရယ် လှူသောစပါကာ ၇၃၊ ကုန်၏၊ ပုဆိုဝ်

၂၈ ကာ ၁၅၀၊ ဆိတ် ၂၂၊ လှည်တစီ မြင်တစီ၊ ဆင်ပ္လှူ ရယ် နွှာ ၁

၂၉ ခု၊ **ပတ်တမြာ**လက်စွပ်တခြည်လှူ၏”

[ကျောင်းပြီး၍ လွှတ်စသော **ဝေသုန္တရာ**နာ၍ လှူသော စပါးကား ၇၃ ကုန်၏။ ပုဆိုးကား ၁၅၀၊ ဆိတ် ၂၂၊ **လှည်းတစ်စီး၊ မြင်းတစ်စီး၊** ဆင်လှူ၍ နွား ၁ခု၊ **ပတ္တမြားလက်စွပ်တစ်ခြည်**လှူ၏။]

၂၁၁၄၅၂။

၃၀ ...“ဤဟနှစ်လင်

၃၁ မယာပ္လုရသော ကောင်မှုအက္လိုဝ်ကိုဝ်ကာ မိခင်ဖခင်စ ေ

၃၂ သာ အဖိုဝ်အဖွာ အဆုယ်အမျှိုဝ် ဇာသာငမ္ဘိယ်ကစသော
တတ

၃၃ ဝ်ယမမင် သကြာမင် ဖြုဟ္မာမင် သဗ္ဗသတ္တဝါ လူနတ္တ
ကာ

၃၄ အကုန်လျှင် ရစပါစိယ်သတေ နိဗ္ဗာနပစ္စယောဟောတု။"

[ဤ**ငါနှစ်လင်မယား**ပြုရသော ကောင်းမှုအကျိုးကိုကား မိခင်ဖခင်စသော အဘိုးအဘွား၊ အဆွေအမျိုး၊ ငါ့သား ငါ့မြေးကစသော **တတောယမမင်း**၊ သိကြားမင်း၊ ဗြဟ္မာ မင်း၊ သဗ္ဗသတ္တဝါ လူနတ်တကာအကုန်လျှင် ရစပါစေ သတည်း။ **နိဗ္ဗာနပစ္စယော ဟောတု**။]

## ၂၊၁၊၄၆။ **ကိုရံသူကြီး [သက္ကရာဇ် ၇၀၂]**
## **ကိုရံသူကြီးကျောင်းကျောက်စာ**

၄ ..."ဤ

၅ ငေအလှူကိုဝ် ဖျက်သသူကာ ဠမြပုံလုံ **ကြံ့**မကသဖုရာတိုဝ်

၆ န္ဓိုက်လေ မကွတ်စေသတေ၊ အဝိစိလျှင် ကွလေစေသဓေ

၇ တ၊ လူဖွစ်သောလေ စာရခဲ ဝတ်ရခဲသော လူပြိတ္တာလျှင်

၈ ဖ္ဖစ်စေသတေ၊ ခီပင်သသူကိုဝ်ရံသူကြီ ကိုဝ်ရံအသည်
စသော ကို

၉ ဝ်ရံစခီ လေသောင်စခီတိုဝ်ကာ ဇာနှင်ထပ်တူ ရစပါစေ
ကုန်

၁၀ သတေ၊ ၊"

[ဤငါ့အလှူကို ဖျက်သသူကား မြေပုံလုံး ကျုံးမကသော ဘုရားတို့၌လည်း မကျွတ်စေသတည်း။ အဝီစိလျှင် ကျလေစေသတည်း။ လူဖြစ်သောလည်း **စားရခဲ ဝတ်ရခဲ** သောလူပြိတ္တာလျှင် ဖြစ်စေသတည်း။ ချီးပင့်သသူ **ကိုရံသူကြီး၊ ကိုရံအသည်** စသော **ကိုရံစာချီ၊**

**လေးသောင်းစာချီ**တို့ကား ငါနှင့်ထပ်တူ ရစပါစေကုန် သတည်း။]

**၂၊၁၊၄၇။ မင်းဆရာအနော်ရထာ [သက္ကရာဇ် ၇၀၂] ငါးဆူဘုရားကျောက်စာ**

၁ "၊ ၊သကရစ် ၇၀၂ ခု အာသတ်နှစ် တန်ဆောင်မှုန်
၂ လလွှည် တနှင်လါနိယ်၊  ၊ မဟာဗေါဓိပြည်ကလါ
၃ ရယ်၊ **တမြွတိတ်**မည်သပြည်တွင်၊ ပေါင်လေါင်
၄ မည်သရွာနှိုက်၊ **မင်ဆြိုအနူရထာ** နိယ်ရပန်ဆုကိုဝ်
၅ လိုဝ်ရယ်၊ တိုက်နှင်အကွသ ဖုရှာကြီ ၅ဆူ ပ္လုဧ၊"

[သက္ကရာဇ် ၇၀၂ ခု အာသဠ်နှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္လာနေ့ **မဟာဗောဓိပြည်**ကလာ၍ **တမ္ပဒိပ်မည်သောပြည်**တွင် **ပေါင်လောင်မည်သောရွာ၌ မင်းဆရာ အနော်ရထာ** နေရပန်ဆုကိုလို၍ **တိုက်နှင့်အကွ**သော **ဘုရားကြီး ၅ဆူ** ပြုဧ။]

**၂၊၁၊၄၈။ အနန္တပကြံ [သက္ကရာဇ် ၇၀၃] အနန္တပကြံကျောက်စာ (ကျောဘက်)**

၂၊၁၊၄၈၊၁။

၇ "ဤဇာလူရသ ကောင်မှုအက္လိုဝ်ဖ္လင် **၄ကောင်**၊ ကွ္လောင်
၈ အရုံတန်တိုင် ပိတကတ်လ္ဝုရသ ကောင်မှုအာဖ္လင် ၄ကောင် တ
၉ တောင်သဆုကောင် မပ္လည်သေသရှုယ်ကာ လုလျှင် **ဖ္လသေသာ၄** လု
၁၀ ခပင်၏ **အစီအဖ္လာ**ချံသာကိုဝ် ကျင်တတ်နိုင်သ လုကောင်
၁၁ လျှင် ဖ္လစ်လိယ်ချင်သတေ၊ နတ်လျှင်ဖ္လစ်၄ သုတ်ါတိုဝ်မု
၁၂ သ ကောင်မှုကိုဝ် ခိပင်နိုင်သ ဖုန်တန်ခိုဝ်**အဟိန်စ်**ကြီသ

၁၃ နတ်ကောင်လျှင် ဖွစ်ငှချင်သတေ၊ မျော သော ဆွေ
**ကွ္လေ**
၁၄ **ကျွန်**ငှ ရစပါစေသတေ၊”

[ဤငါလှူရသော ကောင်းမှုအကျိုးဖြင့်လည်းကောင်း၊ ကျောင်းအရံတံတိုင်း ပိဋကတ်ပြုရသော ကောင်းမှုအားဖြင့်လည်းကောင်း **ငါတောင်းသော ဆုကောင်း မပြည့်သေးသရွေ့ကား လူလျှင် ဖြစ်သောလည်း လူခပင်း၏ အစီးအပွားချမ်းသာကို ကျင့်တတ်နိုင်သော လူကောင်းလျှင် ဖြစ်လေချင်သတည်း။ နတ်လျှင်ဖြစ်လည်း သူတော်တို့မူသော ကောင်းမှုကို ချီးပင့်နိုင်သော ဘုန်းတန်ခိုး အရှိန်စော်ကြီးသော နတ်ကောင်းလျှင် ဖြစ်လေချင်သတည်း။** ငါ့မယား၊ ငါ့သား၊ ငါ့ဆွေ၊ **ကျေးကျွန်**လည်း ရစပါစေသတည်း။]

၂၊၁၊၄၈၊၂။

၁၄ “ဤဒမှုသကောင်မှုကိုဝ် ခိပင်
၁၅ ပါသသုကာ ဒနှင်ထပ်တုလျှင် ရစပါစေသတေ၊ ထိုဝ်၏
၁၆ မြိုဝ်ငှ **အထက္ကာ**ဘဝက်တိုင်ဩင် **ဩက္ကာ**အဝစေရောက်
ဩ
၁၇ င်၊ ထုတ်လ္ခင်ကာအန္တစက္ကြာဝလါနှိုက်နေသော **လုနတ္တကာ**
သဗ္ဗသ
၁၈ တ္တဝါခပင်ငှ ရစပါစေသတေ၊ ဤငကောင်မှုကိုဝ် ဖျက်ဆိ
သ
၁၉ သုကာ ဤလုတွင်လျှင် ဆဲပါသအပ္လွစ်တွင် တပါ၂
မလွတ်မုရှ
၂၀ ယ် မျာသာ အဆွေအဝါ ပြုန်တိပျက်စီစေသတေ၊ **မင်ဖေ**
(ခိုဝ်)
၂၁ (သုဖေ မိဖေ) ရေဖေလျှင် သင်စေသတေ၊”

[ဤငါမှုသောကောင်းမှုကို ချီးပင့်ပါသသူကား ငါနှင့်ထပ်တူလျှင်ရစပါစေသတည်း။ **ထို၏မြို့**လည်း **အထက်ကား ဘဝဂ်တိုင်အောင်၊ အောက်ကား အဝီစိရောက်အောင်၊ ထုတ်ချင်းကား အနန္တစကြဝဠာ၌**နေသော လူနတ်တကာ သဗ္ဗသတ္တဝါခပင်းလည်း ရစပါစေသတည်း။ ဤငါ့ကောင်းမှုကို ဖျက်ဆီးသသူကား ဤလူတွင်လျှင် **ဆယ်ပါးသောအပြစ်တွင် တစ်ပါးပါး မလွတ်မူ၍** မယား၊ သား၊ အဆွေအဝါး ပြုန်းတီးပျက်စီးစေသတည်း။ **မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး**လျှင် သင့်စေသတည်း။]

၂၊၁၊၄၉။ **ကုလား ၇၀၀ [သက္ကရာဇ် ၇၀၃] ကိုယ်တော်ပျောက်ဘုရားကျောက်စာ**

၂၊၁၊၄၉၊၁။

၆ …"ဤတ်ကျွောင်အရ
၇ ပ်နှိုက် ကိန်သော ႉမွတ်စွာသွိင်မွတ်ငယ်ကိုဝ် အလွန်
ရိုဝ်သိယ်စွာရယ် ကုလါ ၇၀၀ တိုဝ် ချင်တိုဝ်စာမ္လေဖွစ်
သော ကန်ဆိမ္လေ ၁၅၀ကိုဝ်လှူ၏ လှူလတ်သောခါ
ပန်ပေလို
၈ ဝ်ရကာ ကုလါ ၇၀၀တိုဝ် ပဝရဓမ္မရာဇာသိရိဒိတ္တိဖွစ်
သော တရက်ပ္လေမင်ကြီထံတ်နှိုက် ကုလါ ၇၀၀တိုဝ်
ဝပ်လေ၏ မင်ကြီသံတဝ် ႉမွတ်စွာသွိင်ကိုဝ် ခ်တ်
၉ မူလတ်ရယ် **ကျွမ်တ်ဥိ**နှိုက် **ဆွံတ်ကွိုယ်**ရယ် **ဆွံတဝ်
ဆွမ်**ပြိ မဟာထည် ကျွေန်ကုလါတိုဝ် စာသမ္လေ ၁၅၀ကိုဝ်
ဘလှူ၏ဟု **ရှုယ်ဖွာ**နှင်ရေစင်တ်သွန်၏"

[ဤတောကျောင်းအရပ်၌**ကိန်း**သော **မြတ်စွာသခင်မြတ်ငယ်**ကို အလွန်**ရိုသေစွာ**၍ **ကုလား** ၇၀၀တို့ ချင်းတို့ **စားမြေ**ဖြစ်သော ကန်ဆီမြေ ၁၅၀ကိုလှူ၏။

လျှုလတ်သောခါ ပန်ပေလိုရကား ကုလား ၇၀၀ တို့ ပဝရခမ္မရာဇာသိရိဒိတ္တိဖြစ်သော တရုတ်ပြေးမင်းကြီး ထံတော်၌ ကုလား ၇၀၀ တို့ဝပ်လေ၏။ မင်းကြီးသံတော် မြတ်စွာသခင်ကို **ခေါ်တော်မူ**လတ်၍ **အိမ်တော်ဦး**၌ **ဆွမ်းတော်ကျွေး**၍ **ဆွမ်းတော်ဆွမ်း**ပြီး "မဟာထေရ်၊ ငါ့ကျွန် ကုလားတို့စားသောမြေ ၁၅၀ကို ငါလှူ၏"ဟု **ရွှေဖလား**နှင့် ရေစင်တော်သွန်း၏။]

၂။၁၄၉၊၂။

၃၈ ..."ငကောင်မှုကိုဝ် ပျ

၃၉ က်ကြောင်ကြဲရှယ် ဖျက်သသုကာ **အဝိဇိ**သော ငရယ်ကြိ ဧထပ် ငရယ်ငယ် ၁၂ဧထပ် ထိုဝ်ငရယ်အရပ်နှိုက် အနစ်ထောင် သောင် သိန် သန် ကျက်လေစေသတေ ထိုဝ်ငရယ်

၄၀ လက်မှ လွတ်ငြာတုံရှယ် လူလျှင့်ဖွစ်တုံသောလေ မစာ ရတတ် မဝတ်ရတတ်သ လူပြိတ္တာလျှင် ဖွစ်စေသတေ **တိရိစ္ဆန်**ဖွစ်သောလေ တိရိစ္ဆန်ပြိတ္တာဖွစ်စေသတေ။ ဝ။"

[ငါ့ကောင်းမှုကို **ပျက်ကြောင်းကြံ**၍ ဖျက်သသူကား အဝီစိသော ငရဲကြီး ၈ထပ်၊ ငရဲငယ် ၁၂၈ထပ်၊ ထိုငရဲအရပ်၌ **အနှစ်ထောင် သောင်း သိန်း သန်း** ကျက်လေစေသတည်း။ ထို**ငရဲလက်မှ လွတ်ကြွားတုံ**၍ လူလျှင်ဖြစ်တုံသောလည်း မစားရတတ်၊ မဝတ်ရတတ် သော **လူပြိတ္တာ**လျှင် ဖြစ်စေသတည်း။ တိရစ္ဆာန်ဖြစ်သော လည်း **တိရစ္ဆာန်ပြိတ္တာ** ဖြစ်စေသတည်း။]

## ၂။၁၅၀။ သက်ရှည်သင် [သက္ကရာဇ် ၇၀၃] သက်ရှည်သင်ကျောက်စာ (ကျောဘက်)

၂။၁၅၀။၁။

၁၅ ..."အပြီအစိ စာေ

၁၆ သာက်သောခာ။ မွေအသျင်ကိုဝ် အဝတ်အစာ **ပေါင်**
ဖျင် အစုံမ်**လွှံ**၏။ သာ မင်နို
၁၇ င်ကိုဝ်လည် **ခင်နို**လွှံ၏။ သာမင်ရပောကိုဝ်လည် **အင်ကီ**
လွှံ၏။"

[**အပြီးအစီး** စားသောက်သောခါ **မြေအရှင်**ကို **အဝတ်အစား ဖောင်း ဖျင်**အစုံ**လွှမ်း**၏။ သားမင်းနိုင်ကိုလည်း **ခင်းနှီး**လွှမ်း၏။ သားမင်းရပောကိုလည်း **အင်္ကျီ**လွှမ်း၏။]

၂။၁။၅၀။၂။

၂၂ "**သန်တော** လင်ပန် **ဉမ့် ကြိပ်ရာ သင့်ဖွူ** ပေ
၂၃ ရ၏။"

[**သန္တေး၊ လင်ပန်း၊ အုံး၊ အိပ်ရာ၊ သင်ဖြူး** ပေးရ၏။]

၂။၁။၅၀။၃။

၂၇ "ဤသိုဝ် **၆** ဝကောင်မှုကိုဝ် ဖျက်ပါသည်သူတိုဝ်ကာ။
အပွှစ်ယှစ်ပါရောက် ရောက်စေသော။ **တန်**ဆဲပါရောက်
၂၈ စေသော။ အပဲလေပါငရဲလာစေသော။ **အဝေစီ**အထဲ
ငရဲသစ်ငုတ်လွှစ်စေသော။ အသခေ်မကာသ ဖုရာလွှ
၂၉ တ်ရှယ် မကွှတ်စေသော။ အစာကိုဝ်မစာရသ ပြိတ္တာ
(ကြီလည်) ဖွှစ်စေသော။ အမွေမဟိသောသာ။ အကြေ
၃၀ မဟိသောဇာ။ အရိုဝ်မဟိသော မျှော တိ **ကြွတ်**
ပိုဝ်သီ လောက်တိုဝ် ဖွှစ်စေကုန်သော။ အရေအစာ
၃၁ ကိုဝ်မစာရတတ် ငတ်ရာ**ထာန**ဝယ် ငရဲကြီကိုဝ် ခံစေ
သော။"

[ဤသို့သော ငါ့ကောင်းမှုကို ဖျက်ပါသည့်သူတို့ကား **အပြစ်ရှစ်ပါး** ရောက်(ရောက်)စေသော။ **ဒဏ်ဆယ်ပါး** ရောက်စေသော။ အပါယ်လေးပါး **ငရဲလား**စေသော။ အဝီစိအထဲ ငရဲသစ်ငုတ်ဖြစ်စေသော။ အသချေ်မကသော

ဘုရားချွတ်၍ မကျွတ်စေသော။ အစာကိုမစားရသော ပြိတ္တာကြီးလည်း ဖြစ်စေသော။ **အမွေးမရှိသောသား၊ အကြေးမရှိသော ငါး၊ အရိုးမရှိသော မျှော့၊ တီ၊ ကျွတ်၊ ပိုးသီ(?)၊ လောက်**တို့ ဖြစ်စေကုန်သော။ **အရေအစာ**ကို မစားရတတ် **ငတ်ရာဌာနဝယ်** ငရဲကြီး ကို ခံစေသော။]

၂၊၁၊၅၁။ **ကနီမင်းနော်ရထာ [သက္ကရာဇ် ၇၀၄]**
**ကနီမင်းနော်ရထာကျောက်စာ (မျက်နှာဘက်)**

၁၁ "သဗ္ဗသတ္တဝ ခပ်သိမ်သော လူနတ်
၁၂ ဗြဟ္မာသတ္တဝတိုဝ်အာ ရစိယ်တတ်သော ဖုရာဆုကိုဝ် လိုဝ်ချင်သောကြောင်၊ ဖုရှာနှစ်သက်**စုံမ်မက်**.....
၁၃ .. လျက်၊ သက်ခဲနတ်ရှာ ခန္ဓာလွန်သော၊ **မန္ဒတ်**မင်လိုဝ် နတ်ရှာချံသာသုံပါ ရဟြာကိုဝ်တဝ် ဖြစ်ရလိုဝ်ဟု
၁၄ ၊**စကိုင်**ကြီမ္လောက်ပါ တောင်လွဲမည်သော ဖှာတ်ကျောင်၏ မနီမဝေသောအရပ်နှိုက်၊ သာတ်ကိုဝ်စာ
၁၅ မဟာဝိဟာရမည်သော ကျောင်ကြီအသီပ္လု၏။"

[သဗ္ဗသတ္တဝါခပ်သိမ်းသော လူနတ်ဗြဟ္မာသတ္တဝါတို့အား ရစေတတ်သောဘုရားဆုကို လိုချင်သောကြောင့် ဘုရား **နှစ်သက်စုံမက်** ....... လျက် **သက်ခဲ့နတ်ရွာ ခန္ဓာလွန် သော် မန္ဓာတ်မင်းလို** နတ်ရွာချမ်းသာသုံးပါး ရဟြာ **ကိုယ်တော်**ဖြစ်ရလိုဟု စစ်ကိုင်းကြီး**မြောက်ပါး**တောင်လွဲ မည်သော ဘုရားတော်ကျောင်း၏ **မနီးမဝေးသောအရပ်** ၌ **သားတော်ကိုယ်စား** မဟာဝိဟာရမည်သော **ကျောင်းကြီးအသီး**ပြု၏။]

## ၂၊၁၊၅၂။ **ကျစွာမင်းကြီး [သက္ကရာဇ် ၇၀၄] အဘယကြီးကျောင်းကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၅၂၊၁။

၁ "လိယ်အသင်္ချာ ကမ္ဘါတသိန် ပါရမီဖ္လည်ပြီရှယ် သဗ္ဗာ ၄ပါ ပွင်စင်ပြီသော မ္လတ်စွာဖုရာ နိ

၂ ဗ္ဗန်လွန်ပြိသနှစ် ၁၈၈၆ နှစ်နှိုက်လျှင် အသိန်မကသော တရက်စစ်ကိုဝ် ဩင်စင်ပြိရှယ် **မြံမာပြည်**အလုံမ် အစိုဝ် ရသော ဆင်ဖ္လူ

၃ သိခင် မင်ကြီမ္လိယ်ဖ္လစ်သော **စစ်ကိုင်**မည်သောပြည်နှိုက် ရန်ခပ်သိမ်ကိုဝ်လေ ဩင်စင်ပြီသော သိရိတြိဘဝနာတိ တျာပဝရ

၄ ဓမ္မရာဇာ က္လစွာမင်ကြီသည် ရခယ်စွာသော သဗ္ဗညုဖုရာ ဆုကိုဝ် လိုဝ်လ္ဘျင်သောကြောင် သာသနာ ၅၀၀၀ တည်စိမ် သောငှာ၊ ၊ သ

၅ ကရစ် ၇၀၄ ခု တပေါင်လ္ဆုတ် ၆ ရျက် စနေနေနှိုက် လျှင်၊ ခ္လောက်အညာနှိုက် သတင်ပြညာနှင် ပ္လည်စုံစွာ သော သိခင်တိုဝ်

၆ ကိုဝ်နေစိမ်သောငှာ၊ အဘယကြီမည်သော ကျ္လောင်တ်ၳ ၂ဆောင် **တနေနက်**ထာမနာ၏။ ဤကျ္လောင် ၂ဆောင် တွင် ငကျ္လော

၇ င်ကိုဝ် သာသနာ ၅၀၀၀ တည်စေလိုဝ်သောငှာ လှူ၏။"

[လေးအသင်္ချာ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး၍ သစ္စာ ၄ပါး **ပွင့်စင်**ပြီးသော မြတ်စွာဘုရား နိဗ္ဗာန်လွန်ပြီး သောနှစ် ၁၈၈၆နှစ်၌လျှင် **အသိန်းမကသော တရုတ်စစ် ကို အောင်စင်ပြီး၍ မြန်မာပြည်အလုံး အစိုးရသော**၊ ဆင်ဖြူသခင် မင်းကြီးမြေးဖြစ်သော၊ စစ်ကိုင်းမည်သော ပြည်၌ ရန်ခပ်သိမ်းကိုလည်း အောင်စင်ပြီးသော သိရိ တြိဘဝနာဒိတျပဝရဓမ္မရာဇာ **ကျစွာမင်းကြီး**သည် ရခဲ

စွာသော သဗ္ဗညုဘုရားဆုကို လိုချင်သောကြောင့် သာသနာ ၅၀၀၀ တည်စိမ့်သောငှာ၊ သက္ကရာဇ် ၇၀၄ ခု၊ တပေါင်းလဆုတ် ၆ရက်၊ စနေနေ့၌လျှင် **ချောက်အညာ**၌ သီတင်းပညာနှင့် ပြည့်စုံစွာသောသခင်တို့ကို နေစိမ့်သောငှာ အဘယကြီးမည်သော ကျောင်းတော် ၂ဆောင် **တစ်နေ့နက်** ဌာပနာ၏။ ဤ**ကျောင်း ၂ဆောင်**တွင် ငါ့ကျောင်းကို သာသနာ ၅၀၀၀ တည်စေလိုသော**ငှာ** လှူ၏။]

၂၊၁၊၅၂၊၂။

၁၇ "ဤဘလှူသ ငကောင်မှုကိုဝ် ခီပင်ပါသောသူကာ
၁၈ မ္လိယ်ပုံမ်လုံမ်မျှ ကြုံမ်မကသော ဖုရာတိုဝ်ကိုဝ် ဖူရလတ်
ရယ်လိုဝ်ဟုမှတ်သော ဆူမ္လွတ်လျှင် ရစိယ်
၁၉ ကုန်သတေ၊ ၊ ဤလူလက်ထက်လေ ချံသာဟူသည်
အတည်ဟိရယ် သာသနာကိုဝ် ခီပင်ရသကိုဝ် ဖ္လစ်စိ
၂၀ ယ်သတေ၊ ၊ ငကောင်မှုကိုဝ် ဖျက်သသူကာ၊ မ္လိယ်ပုံမ်
လုံမျှ ကြုံမ်မကသော ဖုရာတိုဝ်ကိုဝ်မ
၂၁ ဖူစိယ်ကုန်သတေ၊ ၊ ဤလုလက်ထက်လေ ချံသာ
ဟူသည် အတည်မဟိစိယ်သတေ၊ ၊ အဖ္လစ်ဖ္လစ်သောဖုရာ
၂၂ ခ္လွတ်ရယ်သ မက္လွတ်ရျာသော ငရယ်သစ်ငုတ် ဖ္လစ်စိယ်
သတေ၊ ၊ ဤဘလှူသောအက္လိုဝ်ကာ မိုဝ်နှောင်သံထင်
လူတွင် ဖုရာဖ္လ
၂၃ စ်လိုဝ်သတေ၊ ၊ သဗ္ဗသတ္တဝ လူနတ်တကာ ရစပါစိယ်
သတေ၊ ၊ ငအမိလေ ငမိလေကောင် ဖ္လစ်စိယ် သတေ။
ငအဖလေ င
၂၄ ဖလေကောင် ဖ္လစ်စိယ်သတေ။ ညီလေ ညီလေကောင်
ဖ္လစ်စိယ်သတေ။ ငနှမလေ ငနှမလေကောင် ဖ္လစ်
၂၅ စိယ်သတေ၊ ၊"

[ဤငါလှူသော ငါ့ကောင်းမှုကို ချီးပင့်ပါသောသူကား မြေပုံလုံးမျှ ကျိုးမကသော ဘုရားတို့ကိုဖူးရလတ်၍ **လိုဟုမှတ်သော ဆုမြတ်**လျှင် ရစေကုန်သတည်း။ **ဤလူလက်ထက်လည်း ချမ်းသာဟူသည် အတည်ရှိ၍ သာသနာကို ချီးပင့်ရသောကိုယ် ဖြစ်စေသတည်း။** ငါ့ကောင်းမှုကို ဖျက်သသူကား မြေပုံလုံးမျှ ကျိုးမကသော ဘုရားတို့ကို မဖူးစေကုန်သတည်း။ **ဤလူလက်ထက်လည်း ချမ်းသာဟူသည် အတည်မရှိစေသတည်း။** အဖြစ်ဖြစ်သော ဘုရားချွတ်၍(သ) မကျွတ်ရာသော ငရဲသစ်ငုတ် ဖြစ်စေသတည်း။ ဤငါလှူသော အကျိုးကား မိုးနှောင်းသံထင် လူတွင်ဘုရားဖြစ်လိုသတည်း။ သဗ္ဗသတ္တဝါ လူနတ်တကာ ရစပါစေသတည်း။ **ငါ့အမိလည်း ငါ့မိလည်းကောင်း ဖြစ်စေသတည်း။ ငါ့အဖလည်း ငါ့ဖလည်းကောင်း ဖြစ်စေသတည်း။ ငါ့ညီလည်း ငါ့ညီလည်းကောင်း ဖြစ်စေသတည်း။ ငါ့နှမလည်း ငါ့နှမလည်းကောင်း ဖြစ်စေသတည်း။**]

၂၊၁၊၅၃။ **ကျစွာမင်းကြီး [သက္ကရာဇ် ၇၀၄] အဘယကြီးကျောင်းကျောက်စာ (ကျော့ဘက်)**

၁ "။ ။ ဤမြွေဝယ်သည်(ကိုဝ် မင်ကြီ)တြှာဖျာငယ် ကြာတဝ်မူလေရှယ် ဤငအစ်ကိုဝ်ကျေ္ာင်ကာ ငေ

၂ ကြ္ာင်မည်ကာ မဟုတ္တကာ ငအစ်ကိုဝ်ကျေ္ာင်တည်ကာ ငရပာန်မူရှယ် င**ဆိုဗ်**ခြေရင်နှိုက် ငနေပါသေ

၃ ကြ္ာင်တကာ ငဟိလျက်၏ ဝယ်၏ဟူသည်ကာ မသင်တကာ ငလျှင်လှူအံဟု **ပြေွကြာ**နှင်ရေ

၄ စင်တဝ်ခွရှယ် လှူတဝ်မူ၏"

[ဤမြေ**ဝယ်**သည်ကို မင်းကြီးတရဖျားငယ် ကြားတော်မူလေ၍ "ဤငါ့အစ်ကိုကျောင်းကား **ကျောင်းမည်ကာ**

**မဟုတ်တကား**။ ငါ့အစ်ကိုကျောင်းတည်းကား ငါရဟန်းမူ၍ **ငါ့ဆရာခြေရင်း၌ ငါနေပါသော ကျောင်းတကား။ ငါရှိလျက်၏ ဝယ်၏ဟူသည်ကား မသင့်တကား။** ငါလျှင်လှူအံ့”ဟု ရှေ့ကရားနှင့် ရေစင်တော်ချ၍ လှူတော်မူ၏။]

၂၊၁၊၅၄။ **သတိုးသိဃ်သူ [သက္ကရာဇ် ၇၀၅]**
**သတိုးသိဃ်သူကျောင်းကျောက်စာ**

၁ “၊ ၊ အလွမ်ပှိသော လူနတ္တ်ကာတိုဝ်အာ ချမ်သာခြင်သည် ဖ္ဖစ်စေလျှင်တေ၊ **ကာ**
၂ **လိယုက်**ဟူသော ညန်အခါနှိုက်မပွင်တသေသာ သာသနာဟူသောကြာတ်ကိုဝ် ပွင်စေတ
၃ သော အတုမယ်သော နိယ်မင်ကယ်သိုဝ်ဌ ဖ္ဖစ်ထသော၊ သူတ်တိုဝ်၏ နှစ်လိုဝ်ခြင်ကို
၄ ဝ်ဌ မူတတ်ထသော၊ မ္ဖတ်သရတနာ ၃ပါအာ ကြည်ညိုဝ်စွာသော မင်သတိုဝ်သိက်သူသည်
၅ ၊ပါရမိ ၃၀သောကိုဝ် ဖ္ဖည်ခပြီသော ရှိယ်သဖုရာလေါင်တိုဝ်အတူ နှလုံမူရှယ် စစ်ကို
၆ င်အနောက် စင်ကြုံမည်သော ကျောင်အရပ်နှိုက်၊ စလစ်မွံခေါင်နှင်အကွသော မီတာရံ း
၇ ဆီကုလါကျောင်ကြီကိုဝ် ပ္လုလတ်ရှယ်၊”

[**အလွှံ့ရှိသော လူနတ်တကာတို့အား ချမ်းသာခြင်းသည် ဖြစ်စေလျှင်းတည်း။ ကလိယုဂ်ဟူသော ညဉ့်အခါ၌** မပွင့်တတ်သော သာသနာဟူသောကြာတောကို ပွင့်စေတတ်သော အတုမဲ့သောနေမင်းကဲ့သို့လည်း ဖြစ်ထသော၊ သူတော်တို့၏ နှစ်လို့ခြင်းကိုလည်း မူတတ်ထသော၊ မြတ်သောရတနာ၃ပါးအား ကြည်ညိုစွာသော မင်းသတိုးသိဃ်သူသည် **ပါရမီ ၃၀သောကို** ဖြည့်ခ

ပြီးသော **ရှေးသောဘုရားလောင်း**တို့အတူ နှလုံးမူ၍ စစ်ကိုင်းအနောက် စင်ကြံမည်သော ကျောင်းအရပ်၌ စုလစ်မွမ်ခေါင်းနှင့်အကွသော **မီးတားရုံဆီး** ကုလားကျောင်းကြီးကို ပြုလတ်၍။]

## ၂၊၁၊၅၅။ သူကြွယ်သမန်စတာမောင်နှံစုံ [သက္ကရာဇ် ၇၀၅] သမန်စတာဘုရားကျောက်စာ (မျက်နှာဘက်)

၂၊၁၊၅၅၊၁။

၁ “သကရစ် ၅၅၆ ပိသျက်နှစ် စည်သူမင်ကြီ လိယ်သောင်
အရပ်နှိုက် ကန်တ်ဆည်ရှယ် အရှိယ်လင်မဲဖျာလဝတ
၂ ထောင် ကန်စောင်ထာရှယ် နိယ်စိယ်၏၊ ထိုဝ်နှိုက် မနေ
ကောင် အရှိယ်ကုန်သိုဝ်ပ္လေါင်ရှယ် နေလေ၏၊ လဝတိုဝ်
စွန်ခသော ရွာရကိုဝ်စစ်သူကြီ**မ**
၃ **င်ကလသိန်ခာ** သိမ်**သံမိုတ်**အံသောဌာ စည်သူမင်ကြီ
ရှိယ်တ် နွာရှယ်ကိုဝ်နိုင်ပေရှယ် ဆုပေ၏၊ လဝတိုဝ်
စွန်ခသော ရွာရာကိုဝ် သိမ်သံမိုတ်လ္ခင်ဟု
၄ ဆုယူ၏၊ သိမ်လေသံမိုတ်ရ၏၊ လှူတ်မူသော ဖုန်တ်
ကွ္လိုဝ် သ(န်ရိ)ယ်ဝင် ၃၀ခွဲ၊ မုရျှင် ငစင်ပု ကန်ကြီကန်ငဲစုံ
သော ၈၃ခွဲ၊ ဤတွင် ထေရ၄ပဲခွဲသိ
၅ မ်တ်လ္မိယ်။ ဝ ။”

[သက္ကရာဇ် ၅၅၆ ဝိသာခါနှစ်၊ စည်သူမင်းကြီး လေးသောင်းအရပ်၌ ကန်တော်ဆည်၍ အရှေ့လင်မဲဖျား **လဝတစ်ထောင် ကန်စောင့်**ထား၍ နေစေ၏။ ထို၌ မနေကောင်း၊ **အရှေ့ကုန်း**သို့ ပြောင်း၍နေလေ၏။ လဝတို့ စွန့်ခသော **ရွာရာ**ကို စစ်သူကြီး မင်္ဂလသိင်္ခါ သိမ်သမုတ်အံ့သောငှာ စည်သူမင်းကြီးရှေ့တော် **နွားရဲကို နိုင်ပေ၍ ဆုပေး၏။** လဝတို့ စွန့်ခသော ရွာရာကို သိမ်**သမုတ်**ချင်ဟု ဆုယူ၏။ သိမ်လည်းသမုတ်ရ၏။

လှူတော်မူသော ဘုန်းတော်ကျိုး သန်ရေဝင် ၃၀ခွဲ၊ မုရင်း စေင်ပု ကန်ကြီးကန်ငယ်စုံသော ၈၃ခွဲ၊ **ဤတွင်** ထေရင့ပယ်ခွဲ သိမ်တော်မြေ။]

၂၊၁၊၅၅၊၂။

၅ "သကရစ် ၆၁၈ သူကြွယ်သွန်စတာ **မစ္ဆိမ**ဒေသအရပ်မှ လါလတ်ရယ် လက်တ်ရာနှိုက် နိယ်လတ်၏၊ စည်သူ မင်ကြီ သိမ်တ်အရှိယ် း

၆ မွိယ်အရပ်နှိုက် ကျှောင်တေည်လိုဝ်ရကာ **ဉပလဝန် မဟာထေ**ကိုဝ် အခွင်တောင်၏၊ တောယကာသူကြွယ် မှတ်ရာအရပ်လျှင်တည်ဟု အခွင်မူစိ

၇ ယ်၏၊ ကူလေတေည်၏ ထေည်ရကိန်စိမ်သောငှာ ကုလါကျှောင်လေပ္လူ၏၊ မ္လတ်စွာသော **ကောတမ**ဖုရာ သျှင်ကိုဝ်စာ ထဝယ်ဇာတောင် ကူတွင်ပ္လု

၈ ၏၊ **မဟာဉပလဝန်ထေ**နှိုက်ဟိသော သရိရထတ် မဟာ ပေါမိကသုကြွယ်ပါသော သရိရထတ် ထတ်၂ ပါကိုဝ်၊ ရှုယ်ကြုတ်တထပ် ငွယ်ကြုတ်တ

၉ ထပ် အပကာ ကျှောက်စေတီ ရှုယ်ထီလေဆောင်၏၊ ထိုဝ်မှတပါ သူမ္လတ်တိုဝ်မှရသထတ်ကာ မျာ၏၊ ဖုရာသွိင် ကိုဝ် ရှုယ်အတိလေကွ်၏၊ မုစလိန်**နး**

၁၀ **ကမင်**အရပ်လေ ရုံ၏၊ ရှုယ်အတိရိယ်၏ ရှုယ်တန်စာ လေ ဆောင်၏၊ ထွတ်တဝ်ကြာပပ် ရှုယ်အတိ ရှုယ်ထီ လေ (ဆာ)ဆောင်၏၊ အဆန်အကြယ်ရ

၁၁ ပ်တိုပ္လည်သော တသူမျှလေါက်မ္လောက်သော ကြိယ်**ဆမီ** တိုင်လေထာ၏၊"

[သက္ကရာဇ် ၆၁၈၊ သူကြွယ်သမန်စတာ **မဇ္ဈိမဒေသ**အရပ် မှ လာလတ်၍ လက်တော်ရာ၌ နေလတ်၏။ စည်သူ မင်းကြီး သိမ်တော်အရှေ့မြေအရပ်၌ ကျောင်းတည်လို ရကား ဉပ္ပလဝဏ်မဟာထေရ်ကို **အခွင့်တောင်း**၏။

ငါ့ဒါယကာသူကြွယ်မှတ်ရာ အရပ်လျှင်တည်ဟု **အခွင့်မှု** စေ၏။ ဂူလည်းတည်၏။ ထေရကိန်းစိမ့်သောငှာ ကုလား ကျောင်းလည်းပြု၏။ **မြတ်စွာသော ဂေါတမဘုရားရှင် ကိုယ်စား ထက်ဝယ်ငါးတောင် ဂူတွင်ပြု၏။** မဟာ ဥပ္ပလဝဏ်ထေရ်ဦးရှိသော သရီရဓာတ်၊ မဟာဗောဓိက သူကြွယ်ပါသော သရီရဓာတ် ဓာတ်၂ပါးကို ရွှေကြုတ် တစ်ထပ်၊ ငွေကြုတ်တစ်ထပ်၊ အပကား ကျောက်စေတီ၊ ရွှေထီးလည်းဆောင်း၏။ ထိုမှတစ်ပါး **သူမြတ်**တို့မှ ရသောဓာတ်ကား များ၏။ **ဘုရားသခင်ကို ရွှေအတိ လည်း ကျံ၏။ မုစလိန်နဂါးမင်းအရုပ်လည်းရံ၏။** ရွှေအတိရေး၏။ ရွှေတန်ဆာလည်းဆောင်း၏။ **ထွတ် တော် ကြာပပ် ရွှေအတိ ရွှေထီးလည်းဆောင်း၏။ အဆန်းအကြယ် ရုပ်တိပြည့်သော တစ်သူမျှလောက် မြောက်သော ကြေးဆီမီးတိုင်လည်းထား၏။**]

၂၁၁၅၆။ **သူကြွယ်သမန်စတာမောင်နှံစုံ [သက္ကရာဇ် ၇၀၅] သမန်စတာဘုရားကျောက်စာ (ကျောဘက်)**

၂၁၁၅၆၁၁။

၁၄ "သကရစ် ၇၀၅ ခု ဣစ္စာ မင်တုံတွင်ပုန်သော မင်ကြီ ရှူယ်တောင်တက်ထိုဝ်ရှယ် သုံယှုခ၏၊ သမန်စ

၁၅ တာဖုရာအထံတ်နှိုက် တဲတ်မူရှယ်၊ ယောက်ဖသတိုဝ်ကြီ၊ ဣစ္စာမဲကိုဝ်တ်ကြီ ဣစ္စာမင်ခြိယ်တ်အနာဟိရှယ် ဖုရာ ထံတ်သိုဝ် မဝင်တတ်

၁၆ ရကာ သာတ်၏ဖျင်တ်လေ ဖုရာကိုဝ်လွှမ်၏၊ သောဣစ္စာ အသက်လေမသိယ် အနာလေပျောရှယ် မင်အလ္ဖစ်ရောက် မူကာ၊ ကြီစွာသောကောင်

၁၇ မှုမူအံဟု ပန်နက်၏၊ တောင်သောဆုအတိုင် မင်ကြီ မ္လောက်၏၊ မင်၏မယ်တ် မိဖုရာကြိလေ ရှူယ်တ် ၁၀ပိယ် ရှယ် ရှူယ်အတိလျှင် သမန်စတာ

၁၈ ဖုရာသို့ခ်ငကိုဝ်ရိယ်၏၊ ငီတ်ါစဝ်မင်ရယ် မိမိအချင် အနန္တ
သူရ စဝ်သံပျင် ရန်ထဖရစ်ငပြေါင်လက်ဝယ် ငဖရင်ကိုဝ်၊
ဆီတပွတ်နှင်မှောက်တ်ါ
၁၉ ဝပ်စိယ်၏[၄]၊ ကျွစွာမင်ကြီဆိုဝ်တ်ါမူ၏၊ ဘဆုတောင်ပန်
နက်ခသော သမန်စတာဖုရာန္ဂိုက် သင်ပုတ်ဆမိဝတ်
ဖွစ်လိယ်စိယ်ဟု၊ စန်တရဖာ
၂၀ **တ်မြုန္**မိွယ်ကိုဝ် ရိယ်စင်တ်ါလ္ခ၏၊ ဆီတပွတ်ကိုဝ်လေ
လက်ဆောင်တ်ါခံပြီသော၊ ဆမိဝ့်လေဟု မင်ကြီကိုဝ်တိုင်နှင်
**ဆမိစာ**နှင်ပေလို
၂၁ က်၏၊”

[သက္ကရာဇ် ၇၀၅ ခု၊ ကျစွာ မင်းတုန်းတွင်**ပုန်း**သော မင်းကြီးရွှေတောင်တက် ထိုး၍ **သုံ့ယူခ၏။** သမန်စတာ ဘုရားအထံတော်၌ **တဲ**တော်မူ၍ **ယောက်ဖ**သတိုးကြီး၊ ကျစွာမယ်ကိုယ်တော်ကြီး၊ ကျစွာမင်း**ခြေတော် အနာ** ရှိ၍ ဘုရားထံတော်သို့ မဝင်တတ်ရကား သားတော်၏ **ဖျင်တော်**လည်း ဘုရားကိုလွှမ်း၏။ “ငါ့သားကျစွာ အသက်လည်းမသေ အနာလည်းပျော(က်)၍ မင်းအဖြစ် ရောက်မူကား ကြီးစွာသောကောင်းမှုမှုအံ့” ဟု **ပန်နက်**၏။ တောင်းသောဆုအတိုင်း မင်းကြီးမြောက်၏။ မင်း၏ မယ်တော် မိဖုရားကြီးလည်း **ရွှေတော်** ၁၀ပေး၍ ရွှေအတိလျှင် သမန်စတာဘုရားသခင်ကိုရေး၏။ ညီတော် စောမင်းရဲ မိမိအချင်းအနန္တသူရ၊ စောသံပျင် ရန်ထဖရစ် ငပြောင်လက်ဝယ် ငဖရင်ကို **ဆီတစ်ပွတ်**နှင့်**မှောက်တော်** ဝပ်စေ၏။ ကျစွာမင်းကြီး ဆိုတော်မူ၏။ “ငါ ဆုတောင်း ပန်နက်ခသော သမန်စတာဘုရား၌ သင်ပုတ်ဆီမီးဝတ် ဖြစ်လေစေ”ဟု စန်တရဖာ**တောမြုံ**မြေကို ရေစင်တော်ချ၏။ ဆီတစ်ပွတ်ကိုလည်း **လက်ဆောင်တော်ခံ**ပြီးသော် **ဆီမီးညှို**လေဟု မင်းကြီးကိုယ်တိုင်(နှင်း?) **ဆီမီးစာနှင်း**ပေလိုက်၏။]

၂၊၁၊၅၆၊၂။

၂၃ “**မွိယ်မြုန်**ကိုဝ်ထွင်ရယ် လယ်ရျာလွှစ်ကြောင် ပွ္လု၏၊
အန်တရဲမူလတ်သော

၂၄ သူကိုဝ်လေ တာယကာမောင်နှံစုံ **အပေအကာံ**မူရယ်
ကောင်မူလွှစ်စိယ်၏၊ တာယကာမောင်နှံစုံ စာရင့်ပ္လုသ
နေနိုက် ခွဲဝုယ်၏၊ သျောင်မင်ကြီ

၂၅ နှင် ငတိုဝ့်ပ္လုသော ကောင်မူအခွန်ကာ၊ ဖုရာတဖိုဝ်
ဖုရာကိုဝ်လုပ်ကွှိယ်သော မဟာထေတဖိုဝ်၊ အရျာ ၂ဖိုဝ်ဟု
**ရျင်**၏၊”

**[မြေမြုံကို ထွင်၍ လယ်ယာဖြစ်ကြောင်း ပြု၏။
အန္တရာယ်မူလတ်သောသူကိုလည်း ဒါယကာမောင်နှံစုံ
အပေးအကမ်းမှု၍ ကောင်းမှုဖြစ်စေ၏**။ ဒါယကာ
မောင်နှံစုံ **စာရင်းပြု**သောနေ့၌ **ခွဲဝေ**၏။ ငါ့ရှင်မင်းကြီး
နှင့် ငါတို့ပြုသော **ကောင်းမှုအခွန်ကား ဘုရားတစ်ဆူ**၊
ဘုရားကို လုပ်ကျွေးသော **မဟာထေရ်တစ်ပါး၊ အရိယာ
၂ပါး**ဟု **ရင်**၏။]

၂၊၁၊၅၆၊၃။

၂၅ ...“ဤငွှပ္လုသော ကောင်မူ

၂၆ ကိုဝ် အတုတ်အခွန် မရကြောင် ဖျက်သသူကာ၊
တေဝတတ်၏ခံခြင် ဥခောင်ကနက်သော သံတံကွှင်ကာ
ဖင်ဝ္လခွင်ရယ် မွိယ်တွင်ဝင်လိယ်၊ ဧ

၂၇ နာက်ကနက်သော သံတံကွှင်ကာ ရှိယ်သိုဝ့်ခွှင်လေ၊
နံတောင်တဖက်နက်သော သံတံကွှင်ကာ တဖက်ခွှင်ရယ်
မလုံမလျန် ငရယ်ခံသော တေဝ

၂၈ တတ်၏ခံခြင် ခံစိယ်သတေ၊ ဤကောင်မူကိုဝ် ခီပင်ပါ
သော သူမွှတ်တိုဝ်ကာ လူကောင် နတ်ကောင့်လွှစ်ရယ်
ငတိုဝ်နှင်ထပ်တူ နေရပန်

၂၉ ဆုလျှင် ရစိယ်သတေ။ ။”

[ဤ၎ါပြုသောကောင်းမှုကို **အတုတ်အနွန်**မရကြောင်း ဖျက်သသူကား ဒေဝဒတ်၏ခံခြင်း **ဦးခေါင်းကနက်**သော သံတံကျင်ကား ဖင်ဝချင်း၍ မြေတွင်းဝင်လေ၊ နောက်က နက်သော သံတံကျင်ကား ရှေ့သို့ချင်းလေ၊ နံတောင်း တစ်ဖက်နက်သော သံတံကျင်ကား တစ်ဖက်ချင်း၍ မလုံမလျှန်* ငရဲခံသော ဒေဝဒတ်၏ ခံခြင်း ခံစေသတည်း။ ဤကောင်းမှုကို ချီးပင့်ပါသောသူမြတ်တို့ကား **လူကောင်း နတ်ကောင်း**ဖြစ်၍ ငါတို့နှင့်ထပ်တူ နေရပန်ဆုလျှင် ရစေသတည်း။]

## ၂၊၁၊၅၇။ **ပရိမ္မသူကြီးငကောင်ရုံသင်မောင်နံ [သက္ကရာဇ် ၇၀၆] ပရိမ္မသူကြီးငကောင်ရုံသင်မောင်နံကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၅၇၊၁။

၁၃ ..."ဤမျှသောသူတိုဝ်လ

၁၄ ည် လင်နှင်မျာ အကွအကွ အဝတ်အစာ ရကုန်တိ တေည်။"

[ဤမျှသောသူတို့လည်း **လင်နှင့်မယား အကွအကွ အဝတ်အစား** ရကုန်**တိ**တည်း။]

၂၊၁၊၅၇၊၂။

၁၅ "ဤကာ အသည်တိုဝ်ကိုဝ်ကွလသော အကွလတေည် ထိုဝ်ပြိ လေသောင်စိုဝ်သော

၁၆ စခီတိုဝ် ငတိုဝ်လေ မိုဝ်စောင်မ္ဘိယ်စောင် တမုရှင်ဟု စာလိုဝ်၏ဟု**တုံမ်**ရကာ စာ

၁၇ ပိယ်တုံမ်သော၊ ဖုမ္မရဇသူစာသော စပါ ၅၀၀၊ သာကိုဝ် လေ ငုယ် ၅၀တန်သော မြင်တ

၁၈ စီ။ ၃၀တန်သော သင်တိုင်ရင်ခတ်တထည်၊"

---

* အနက်မသိသာ။

[**ဤကား အသည်တို့ကိုကျသော အကျတည်း**။ ထိုပြီး လေးသောင်းစိုးသောစာချီတို့ "ငါတို့လည်း **မိုးစောင့်မြေ စောင့် တစ်မူရှင်**ဟုစားလို၏"ဟူတုံရကား စားပေတုံ သော ဖုမ္မရာဇသူစားသော စပါး ၅၀၀၊ သားကိုလည်း ငွေ ၅၀တန်သော မြင်းတစ်စီး၊ ၃၀ တန်သော **သင်တိုင်း ရင်ခတ်တစ်ထည်**။]

၂၊၁၊၅၈။ **စိုးမင်းကိုယ်တော်ကြီး [သက္ကရာဇ် ၇၀၈] စိုးမင်းကိုယ်တော်ကြီးကျောင်းကျောက်စာ (မျက်နှာဘက်)**

၅ "သကရစ် ၇၀၄ သောအခာန္ဂိက်၊ မဟာဝိဟာရကုလါ
၆ ကျှောင် ဆင်ဝင်ဖွင် **ဥထွက်**ပ္လုတာ်မူ၏၊ အထူထူ ဆန်ကြယ်စွာသော ဆိယ်စာ ရှုယ်အတိလေ ရိယ်၏ ပ္လိယ်ပ္လစ်စွာ
၇ သော ကျှောက်ဥတ် တန်လင် မီတာ စင်ကြိ အရုံဥန်ထန် တိလေ စိုက်၏ ဤကမ္မာ(ထက် ပွင်ပြီသော)ဖုရှာဆင်ပု ၄ဆူ
၈ ပ္လု၏၊ ပိဋကတ်လေ ၂ဆူ ပ္လုတာ်မူ၏၊ ။"

[သက္ကရာဇ် ၇၀၄ သောအခါ၌ မဟာဝိဟာရ ကုလား ကျောင်း **ဆင်ဝင်**ဖြင့် ဦးထွက်ပြုတော်မူ၏။ **အထူးထူး ဆန်းကြယ်စွာသောဆေးစာ ရွှေအတိလည်း ရေး၏**။ **ပြေပြစ်စွာသော** ကျောက်အုတ်၊ တန်လင်း၊ မီးတား၊ စင်္ကြံ၊ အရံ အုန်းထန်းတိလည်း စိုက်၏။ ဤကမ္ဘာထက် ပွင့်ပြီးသော **ဘုရားဆင်းပု ၄ဆူ**ပြု၏။ **ပိဋကတ်လည်း ၂ဆူ** ပြုတော်မူ၏။]

၂၊၁၊၅၉။ **ကာလဟတ္ထိ [သက္ကရာဇ် ၇၁၂] ကာလဟတ္ထိကျောက်စာ**

၆ "ဖျက် **၆** သူကာ အဝစိယ်အထယ် နစ်စိယ်သတော **၀**

၇ ။ **ကွံ** တလျှည်ဖုတ် ဖ အကျွမ်မရဧသိုဝ် ဖြစ်စိယ်သတေ၊”

[**ဖျက်သောသူ**ကား အဝီစိအထဲ နစ်စေသတည်း။ **ဝါဂွမ်း တစ် (လျှဉ်/လှည်း?)ဖုတ်သော အကျွမ်းမရ၏သို့ ဖြစ်စေသတည်း။**]

## ၂၁၊၆၀။ စစ်သူကြီးလောကနတ် [သက္ကရာဇ် ၇၁၃] စစ်သူကြီးလောကနတ်ကျောက်စာ

၂၁၊၆၀၊၁။

၁ “။ သကရစ် ၇၁၃ မင်သီဟမင်ရယ်လက်ထက် စစ်သူကြီ လေါကနတ် ခင်မွန်လယ်

၂ ရသောခါလျှင် ကောတမဖုရာသ္ခိင်၏ သာသနာ ၅၀၀၀ မကုန်သရှူယ် ရပွေ(တောင်ဦ)ဖုရာ

၃ သ္ခိင်ကိုဝ် သင်ပုတ်ဝတ် ဖြစ်စေသတေဟု လေါကနတ်နှင် အသည်ဇကြာ (လဲမ္လေကိုဝ်)

၄ အစါရသောလဲဟု နံယုန်လ္ဆန် ၁၀ ရျက် ၅ နိယ်တွင်လေ ဖုရာဆောက်လျှင်ရယ်

၅ အသည်အလါ **မ္ဒိ** ယောက်ျာ စါသောက်သည်ကာ နွာတခု ဝက်တခု သောက်စါပါဟု ဤ

၆ မျှပုဆိုဝ် ၃ထည် လင်ပန်**သုမ်**ခွပ် ဤမ္လေဖိုဝ်ဟုပေလျှင် ထိုဝ်ခါကာ လေါကနတ်နှင်ဇ

၇ ကြာ စါသည်ငယ်(၃၀) စလောင်(သုမ်)ခွပ် (ဤကာ) လေါကနတ်လက်ထက်ပြိ၏”

[သက္ကရာဇ် ၇၁၃၊ မင်းသီဟမင်းရဲလက်ထက် **စစ်သူကြီး လောကနတ်** ခင်မွန်လယ်ရသောခါလျှင် ဂေါတမ ဘုရားသခင်၏ သာသနာ ၅၀၀၀ မကုန်သရွေ့ ရပွေ (တောင်ဦး)ဘုရားသခင်ကို သင်ပုတ်ဝတ် ဖြစ်စေသတည်း ဟု လောကနတ်နှင့် အသည်ကြော လယ်မြေကို အစားရ သောလယ်ဟု နယုန်လဆန်း ၁၀ ရက်၊ ၅ နေ့တွင်လည်း

**ဘုရားဆောက်**လျှင်း၍ **အသည်အလာ** မိန်းမယောကျ်ား **စားသောက်**သည်ကား **နွားတစ်ခု၊ ဝက်တစ်ခု သောက်စား**ပါဟု ဤမျှ **ပုဆိုး ၃ထည်၊ လင်ပန်း သုံးချပ်၊** ဤမြေဖိုးဟုပေးလျှင် ထိုခါကား လောကနတ်နှင့် ကြော စားသည့်ငွေ ၃၀၊ **စလောင်း သုံးချပ်** ဤကား လောကနတ်လက်ထက်ပြီး၏။]

၂၁၊၆၀၊၂။

၁၄ "အတိုဝ်လ္ပုသော ငကောင်မှုကိုဝ် ခိပင်ပါသသူကာ ဘနှင်
ထပ်တူ ရစပါစေသတေ (ဖျက်ဆိသ)
၁၅ (သူကာ) မ္လေပုံလုံမျှမက လါသဖုရာခ္လတ်ရယ် မက္လတ်စေ
သတေ ငြယ်ကြီဧထပ် ငြယ်ငယ်**တျာနှစ်ဆယ်**
၁၆ **ဧ**ထပ်အရပ် ဆင်ရယ်တလဲလဲလျှင် ခံစေသတေ လူဟူ
သည်လေ နှစ်ဆစ်မလ္ဖစ် ကံဖါသစ်ငုတ် **ငြ**
၁၇ **ယ်ဥမြိုဝ်** လ္ဖစ်စေသတေ"

[အတို့ပြုသော ငါ့ကောင်းမှုကို ချီးပင့်ပါသသူကား ငါနှင့် ထပ်တူ ရစပါစေသတည်း။ ဖျက်ဆီးသသူကား **မြေပုံလုံး မျှမက** လာသောဘုရားချွတ်၍ မကျွတ်စေသတည်း။ ငရဲကြီး ၈ထပ်၊ ငရဲငယ် တစ်ရာနှစ်ဆယ့်ဧထပ်အရပ် **ဆင်းရဲတလဲလဲ**လျှင် ခံစေသတည်း။ **လူဟူသည်လည်း နှစ်ဆစ်မဖြစ် ကမ္ဘာသစ်ငုတ် ငရဲဥချိုး ဖြစ်စေ သတည်း**။]

၂၁၊၆၁။ **ဆင်ဖြူသခင်တရားမင်းကြီး [သက္ကရာဇ် ၇၁၄] စည်းခုံဘုရားကြီးကျောက်စာ (မျက်နှာဘက်)**

၁ "၄ **အသဃော်** ကမ္ဘာတသိန် ပါရမီလ္ဖည်ရယ် မိမိလျှင်
သစ္စာ ၄ပါကိုဝ် ပွင်စင်ပြီေ
၂ သာ ဖုရာသ္ခိင်သည် ္လွတ်အပ်သောဖြုံပ္ပာ စသော လူ
နတ်ခပ်သိမ်ကိုဝ် ္လွတ်ခပြီရယ် နိပ္ပန်လွန်သနှစ် ၁၈၄၄
နှစ်

၃ သောအခါနှိုက် **တမ္ဗရဒိပ်**တိုင်နှိုက်ရောက်သော ခန်မင်ကြီ
၏ ဇသိန်မျှလေါက်သော စစ်သည်ကိုဝ် **သြာ**
၄ **င်**လိုက်ပြီရှယ် ဩတြိဘဝနာဒိတ္တျာပဝရဓမ္မရာဇာသီဟ
သူရမည်သော ဆင့်လွှျသ္ခိင်တြျာမင်ကြီ၏ လွှယ်တမူ
၅ ၄ လွှစ်ထသော ရယ်ခြင် တန်ခိုဝ်လုံမ်လ ပြည်ာ သဒ္ဓါ
အာနှင် ၄ **ပွှည်စုံမ်**ထသော လေမျက်နှာသ အရပ်နှိုက်
(နေ)လ
၆ ကဲသိုဝ် ထင်ရှာစွာထသော သီဟပတိမည်ဖ ဆင့်လွှျသ္ခိင်
တြျာမင်ကြီသည် ဇေယျပူရမည်သော **စစ်ကိုင်**ပြည်နှိုက်
၇ ၄ မျက်နှာမှလါသ ရန်သူတိုဝ်ကိုဝ် နှိပ်စက်လျက်
မျောက်သာမျှာမိဖုရာနှင်အကွ သကရစ် ၇၁၃ခု တပေါင်
လွှန် ၉ ရျ
၈ က် ၅ နိယ်နှိုက် နန်တက်တဝ်မူ၏ နန်တက်တ်မူပြီ
သမှ သကရစ် ၇၁၄ ခု အာသတ်နှစ် တပေါင်လွှန်တဆဲ
တရျက်
၉ ၅ နိယ်အာ မိဖုရာနှင်အကွ ဆင့်လွှျသ္ခိင်တြျာမင်ကြီသည်
ဒုဋ္ဌကာမဏိမင်၏ **ရတနစာတီ**နှင်တူထသော စည်ခုံ
၁၀ မ်တဝ်ကိုဝ် ပွှျတဝ်မူရှယ် ရှုယ်ကြုတ်ကိုဝ်ကာ **ငွယ်**ကြုတ်
တွင်ထည်၏ ငွယ်ကြုတ်ကိုဝ်ကာ ဆင့်လွှျစွဲကြုတ်
၁၁ တွင်ထည်၏ ဆင့်လွှျစွဲကြုတ်ကိုဝ်ကာ ကျွှောက်ကွံကပ်
တွင်ထည်၏ ကျွှောက်ကွံကပ်ကိုဝ်ကာ ငေ
၁၂ ကွှာက်အတိပ္ပှျသော ဓမ္မာရာတိုက်တွင်ထည်ရှယ် အ
သောင်မျှလေါက်မွှောက်သော အရျှာသင်္ဃာ အဝေ
၁၃ ထာင်မကသော စစ်သူကြီအမတ် အသိန်မကသော ပိုဝ်ပါ
မိမ ယောကျ်ာ မိဖုရာ အစမူသော အရျှာ
၁၄ မကသော မိသင်မောင်မတိုဝ်နှင်အကွ **တကွန်စာ**မျှ
လေါက်သော **သရိရဓတ်** အရျှာမကသော(ငွယ်)
၁၅ ဖုရှာ**ဆင်ပူ**တဝ် ကွံ့ဉီ၃ကွံ့ ပိဋကတ်ထည်ရှယ် **ထာမနာ**
ရှယ် အပြီ**လေည်**တိုင်၏။”

[၄ အသင်္ချေ ကမ္ဘာတစ်သိန်း ပါရမီဖြည့်၍ မိမိလျှင် သစ္စာ၄ပါးကို ပွင့်စင်ပြီးသော ဘုရားသခင်သည် ချွတ် အပ်သောဗြဟ္မာစသော လူနတ်ခပ်သိမ်းကို ချွတ်ခပြီး၍ နိဗ္ဗာန်လွန်သောနှစ် ၁၈၄၄ နှစ်သောအခါ၌ တမ္ဗဒိပ်တိုင်း၌ ရောက်သော **ခန်းမင်းကြီး၏ ၉သိန်းမျှလောက်သော စစ်သည်**ကို အောင်လိုက်ပြီး၍ သိရီတြိဘဝနာဒိတျပဝရ ဓမ္မရာဇာသီဟသူရမည်သော ဆင်ဖြူသခင် တရားမင်းကြီး ၏မြေးတစ်မူလည်း ဖြစ်ထသော၊ ရဲခြင်း၊ တန်ခိုး၊ လုံ့လ၊ ပညာ၊ သဒ္ဓါအားနှင့်လည်း ပြည့်စုံထသော၊ လေးမျက်နှာသောအရပ်၌ **နေလကဲ့သို့ ထင်ရှားစွာ ထသော** သီဟပတေ့မည်သော ဆင်ဖြူသခင် တရား မင်းကြီးသည် **ဇေယျပူရမည်သော စစ်ကိုင်းပြည်**၌ ၄ မျက်နှာမှလာသော ရန်သူတို့ကို နှိပ်စက်လျက် **မြောက်သားမယားမိဖုရား**နှင့်အကွ သက္ကရာဇ် ၇၁၃ ခု၊ တပေါင်းလဆန်း ၉ရက်၊ ၅နေ့၌ **နန်းတက်တော် မူ**၏။ နန်းတက်တော်မူပြီးသောမှ သက္ကရာဇ် ၇၁၄ ခု အာသဠ္ဍိနှစ်၊ တပေါင်းလဆန်း တစ်ဆယ့်တစ်ရက်၊ ၅နေ့ အား မိဖုရားနှင့်အကွ ဆင်ဖြူသခင်တရားမင်းကြီး သည် **ဒုဋ္ဌဂါမဏိမင်း၏ ရတနာစေတီနှင့်တူထသော စည်းခုံတော်ကို** ပြုတော်မူ၍ **ရွှေကြုတ်**ကိုကား **ငွေကြုတ်**တွင်ထည့်၏။ ငွေကြုတ်ကိုကား **ဆင်ဖြူ စွယ်ကြုတ်**တွင်ထည့်၏။ ဆင်ဖြူစွယ်ကြုတ်ကိုကား **ကျောက်ကွမ်းကပ်**တွင် ထည့်၏။ ကျောက်ကွမ်းကပ်ကို ကား ကျောက်အတိပြုသော **ဓမ္မာရာတိုက်***တွင် ထည့်၍ **အသောင်းမျှလောက် မြောက်သော** အရိယာသံဃာ၊ **အထောင်မကသော** စစ်သူကြီး အမတ်၊ **အသိန်းမက သော** ဗိုလ်ပါ၊ မိန်းမ၊ ယောကျ်ား၊ မိဖုရားအစမူသော

* ဌာပနာတိုက်/ဓာတ်တော်တိုက် (?)

**အရာမကသော** မိသံမောင်းမတို့နှင့်အကွ **တစ်ကွန်းစား မျှလောက်သော** သရီရဓာတ်၊ အရာမကသော ငွေဘုရား ဆင်းပုတော်၊ **ကျမ်းဦး၃ကျမ်း** ပိဋ္ဌကတ်ထည့်၍ ဌာပနာ၍ **အပြီးလည်းတိုင်၏**။]

## ၂၊၁၊၆၂။ **အသည်၊ ကလန်၊ သံပျင် [သက္ကရာဇ် ၇၁၄] အင်းပဲဘုရားနှင့် နဂါးရုံဘုရားကျောက်စာ (ကျောဘက်)**

၁၅ “ဘုလ္လုသောကောင်းမှုကိုဝ် ဖျက်သောသူကာ ဖုန်မကြီစေသတေ

၁၆ အသက်မရှည်စေသော မယာသေစေသတေ ကိုဝ်သေစေသော

၁၇ သာသေစေသတေ **ကြမ်**ရရာမလ္လဖ္စစ်စေသော လုပ်စရာလေမစာ

၁၈ ရစေဖြ **အကာံမ္ဘာဖါ**ဖုရှာလေမဖူစေ**သော** လူလျှင့်လ္ဖစ်သော ၄

၁၉ လူကောင်မလ္ဖစ် **ခြေယ်**တိုဝ်လက်တိုဝ် နူဝယ်စေသတော၊ **ဝ**

၂၀ **က်ကွံ**တလှည်ကိုဝ် မိဖုတ်ရယ် **အကျွံမ်**မရစေသော အယောင်

၂၁ **ကဲယ်သိုဝ်**လ္ဖစ်စေသတော၊ ငရဲကြီ ၈ထပ် **ငရဲငဲ** ၁၂၈ထပ် လျှင်

၂၂ ခမ် ၄ စေသတေ မိတ္တာည်ဖုရှာလ္ခတ် ၄ မက္လွတ်စေသော။ ဇ

၂၃ ကာ သာသနာဇာထောင်မကုန်သရှူယ် လူကောင့်လ္ဖစ်ရယ်သာ

၂၄ သနာကိုဝ် ခီပင်ရသည့်လ္ဖစ်လ္ခင်၏၊ ရဟန့်လ္ဖစ်သော **ပိတ္တကာ**

၂၅ **တ်**တတ်စွာသည် ၂လ္ဖစ်လ္ချင်၏၊ အဆုံမ်စွန်ကာ မိတ္တာည်ဖုရာ

၂၆ ဖွစ်သော **ထမ္မစကြာ**တရျာဥိလျှင် နာရှချင်၏၊ အဆုံမ်
ဖွ
၂၇ န်ကာ **နေရပွန်**ဆုကိုဝ် လိုဝ်ချင်၏၊ ဢလှူသောဥစ္စာ
ကာ ငွေ
၂၈ ၄၅၈ကျွပ် ပုဆိုဝ်တထောင်ဢရျာ ၃၀၊ **ဓပါ**ကာ တထောင်
၂၉ ဢရျာ ၃၀၊ ဆိတ်တရျာ နွှာ နှစ်ဆဲဢခု၊ ဤငအလှူကိုဝ်
ဢစွန်
၃၀ သတေ၊ ဢတောင်သဆုလျှင် ရှချင်၏။ ၀ ။”

[ငါပြုသောကောင်းမှုကို ဖျက်သောသူကား ဘုန်းမကြီးစေသတည်း။ အသက်မရှည်စေသော။ မယားသေစေသတည်း။ ကိုယ်သေစေသော။ သားသေစေသတည်း။ ကြံရာရာမဖြစ်စေသော။ လုပ်စားရာလည်း မစားရစေသော။ အကမ္ဘာဘာဘုရားလည်း မဖူးစေသော။ လူလျှင်ဖြစ်သောလည်း လူကောင်းမဖြစ် ခြေတိုလက်တို နူဝဲစေသတည်း။ **ဝါဂွမ်းတစ်လှည်းကို မီးဖုတ်၍ အကျွမ်းမရစေသောအယောင်ကဲ့သို့ ဖြစ်စေသတည်း**။ ငရဲကြီးရထပ်၊ ငရဲငယ် ၁၂၈ထပ်လျှင် ခံလေစေသတည်း။ မေတ္တေယျဘုရားချွတ်လည်း မကျွတ်စေသော။ ငါကား သာသနာငါးထောင် မကုန်သရွေ့ **လူကောင်းဖြစ်၍ သာသနာကို ချီးပင့်ရသည်ဖြစ်ချင်၏။ ရဟန်းဖြစ်သော် ပိဋကတ်တတ်စွာသည်ဖြစ်ချင်၏။ အဆုံးစွန်ကား မေတ္တေယျဘုရားဖြစ်သော် ဓမ္မစကြာတရားဦးလျှင် နာရချင်၏။ အဆုံးစွန်ကား နေရပန်ဆုကို လိုချင်၏**။ ငါလှူသော ဥစ္စာကား ငွေ ၄၅၈ ကျပ်၊ **ပုဆိုး** တစ်ထောင်ငါးရာ ၃၀၊ စပါးကား တစ်ထောင်ငါးရာ ၃၀၊ ဆိတ် တစ်ရာ၊ နွားနှစ်ဆယ့်ငါးခု၊ **ဤငါ့အလှူကို ငါစွန့်သတည်း**။ ငါတောင်းသောဆုလျှင် ရချင်၏။]

၂၊၁၊၆၃။ **သူကောင်းဖုန်းရသင်သား [သက္ကရာဇ် ၇၁၇] ဆုတောင်းပြည့်ဘုရားကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၆၃၊၁။

၁ "၊ ၀ ၊ **နမော သံဗုဒ္ဓါနံ**၊ ၊ နာလင်လူမျာ ဖုန်အာလွှစ် သ၊ ၊ သကရစ်ကာ မည်မှတ်ထင်စွာ ၅၂၀၊ ၊ အကယ်နှစ်နှစ် ခဝ်ရယ်ဖွှစ်

၂ သ ကြတိုက်နှစ်ကာ၊ တက်သစ်အတာ ကွာသတထူ တန်ခူလကုန် **ကဆုံန်**လဆန် မှန်သထင်စွာ သာသနာကာ လါသစန်ဆက် တ

၃ ဆယ်ဇာချက် တက်သမနှိယ် ကြာပတိအာ၊ ၊ ကံဖာ တသိန် အကိန်ကျွောထ(?) လုံမ်လအညီ ပါရမိပွှည်ရယ် ပွှည်သထင်စွာ တုသိတာနို(က်)

၄ **ချံမ်သာ**ခံစန် နတ်မျာပန်ရယ် **ဆုမွှန်**မပျောက် မဖောက် လှယ်ရျာ၊ လုရှာရသ ကွှသနမိတ်... တ

၅ ဝ်ကြိလထွက် မွှစ်ဖက်နှောမာ **စုလါ**ဖြတ်ရယ် လွှတ်ခဲရန် ပင်... ပွင်ခာနိရယ် မိမိပေါက်ဖက် လင်လျ

၆ က်နေသ **ပုတ္တပေါယ်**ပင်ဩက် ပေါက်သရောင်ထင် ရှိုယ်ပန်လင်ထက် တက်ရယ်နေယ်က ရလေိယ်တြျာ **မန်ဇာပါ**ကိုဝ် (ထွာထွာ)

၇ ဩာင်စင် မြင်သသစွာ **ဗြမ်မှာ**စသ ထိုမျှလုနတ် ပရိသတ် ကိုဝ် ခွှတ်ခယ်ပြိရယ် ခရိ**နိတ်ပန်** ဖုရှာမွန်လေ လွှန်ခယ်၏

၈ တော၊ ၊ ကိုဝ်တဝ်နိတ်ပန် လွှန်သနှစ်ကာ၊ ဖွှတ်သထင်စွာ သာသနာကာ၊ တထောင်**သချစ်**ရျာ လါသလေိယ်နှစ် ဖွှစ်သောခာလျှင်တော၊"

[**နမော သမ္ဗုဒ္ဓါနံ**။ နာလင့်လူများ၊ ဘုန်းအားဖြစ်သ၊ သက္ကရာဇ်ကား၊ **မည်မှတ်**ထင်စွာ၊ ၅၂၀*၊ အကယ်နှစ်နှစ်၊

* ၆၂၀ ဖြစ်သင့်သည်။

ခေါ်၍ဖြစ်သ၊ ကြတိုက်နှစ်ကား၊ **တက်သစ်အတာ**၊ ကွာသတစ်ထူး၊ တန်ခူးလကုန်၊ ကဆုန်လဆန်း၊ မှန်းသ ထင်စွာ၊ သာသနာကား၊ လာသစဉ်ဆက်၊ တစ်ဆယ့် ငါးရက်၊ တက်သမနေး၊ ကြာ(သ)ပတေးအား၊ ကမ္ဘာ တစ်သိန်း၊ အကိန်း(ကျော်?)ထ၊ လုံ့လအညီ၊ ပါရမီ ပြည့်၍၊ ပြည့်သထင်စွာ၊ တုသိတာ၌၊ ချမ်းသာခံစန် (စဉ်)၊ နတ်များပန်၍၊ ဆုမွန်မပျောက်၊ မဖောက်လှဲရာ၊ လူ့ရွာရသ၊ ကျသနိမိတ်၊ ...၊ တောကြီးလထွက်၊ မြစ် ဘက်နေ်မာ၊ စူဠာဖြတ်၍၊ လွတ်ခဲ့ရန်ပင်း၊ ...၊ ပွင့်ခါ နီး၍၊ မိမိ**ပေါက်ဖက်**၊ လင့်လျက်နေသ၊ **ဗုဒ္ဓဟော**ပင် အောက်၊ ပေါက်သရောင်ထင်၊ ရွှေပလ္လင်ထက်၊ တက်၍ နေ**က**၊ ရလေတရား၊ မာရ်ငါးပါးကို၊ **ထွားထွားအောင် စင်**၊ မြင်သသစ္စာ၊ ဗြဟ္မာစသ၊ ထိုမျှလူနတ်၊ **ပရိသတ်**ကို၊ ချွတ်ခဲ့ပြီး၍၊ **ခရီးနိဗ္ဗာန်**၊ ဘုရားမွန်လည်း၊ လွန်ခဲ့၏ တည်း၊ **ကိုယ်တော်နိဗ္ဗာန်၊ လွန်သနှစ်ကား**၊ ဖြစ်သ ထင်စွာ၊ သာသနာကား၊ တစ်ထောင်ရှစ်ရာ၊ လာသ လေးနှစ်၊ ဖြစ်သောခါလျှင်တည်း။]

၂၊၁၊၆၃၊၂။

၉ "သကရစ် ၆၂၈ ခု ပိသျက်နှစ် တပိုဝ်ထွယ်လဆန်၊ စရျက် **ပုတ္တဟု**နေယ်၊ ၊ သုကြွယ်အိုမ်ဖွယ်သင်၊ အိုမ်ဖွယ် သင်သာကာ

၁၀ သုကြွယ်ငသံဖာသင်၊ ငသံဖာသင်သာကာ၊ သုကောင် ငဖုန်ရသင်၊ ဤသုံဆက်ပ္လသောကောင်မှုသည် ပျက်ကုန်ခရ ကာ၊ မင်သုံဆက်

၁၁ လေယ်မရလျှင်၊ **ဆိတ်ည်း**ခရကာ၊ မပျက်စေဟု ဆက်တုံ မရခရကာ၊ သုကောင်ငဖုန်ရသင်သာ၊ သျင်ကွှောင်လေ

၁၂ ယ် နေယ်၏၊ **မွေယ်မွစ်**ဖ္လစ်သောကြောင်ရကာ၊ ၊ သကရစ် ၇၁၇ခု၊ ကဆုန်လဆန်ဆယ်ရျက် **သောက်ကြာ** နေယ်

၁၃ လျှင် ကုလါကျောင်ကြီ လေသာဆောင်ပ္လုလျှင်၏၊ သိမ်
**လေ**တဆောင်ပ္လုလျှင်၏၊ တန်တိုင်**လေယ်**၊ နှေစ်ထပ်
ပ္လုလျှ
၁၄ င်၏၊ ကုကြိကိုဝ်လေ **အဂ္ဂံတိယ်**က္လမ်၏၊ ကုသုံလုံတွင်
ဟိသဖုရှာကိုဝ်လေ **ဆေိယ်**ရေ၏၊ ရေတွင်လေ ကုကြိ
အရှိယ်တု၏၊
၁၅ ကျောင်တောင်ပါက ဖုန်တဝ်ကာ ကိုဝ်အဆက်ဆက်က
မထွင်သည်တဝ်ကြိကိုဝ်၊ ပေါင်လေါင်အသည် ကလန်
သံပျင်ရောင်ရ
၁၆ ကာ၊ သျင်တဝ်ကျောင်ဝယ်ရ၏၊ မ္လေဖိုဝ်ကာ ငွယ်
ခြောက်ဆဲ**ပေိယ်**၏၊”

[သက္ကရာဇ် ၆၂၈ခု ဝိသာခါနှစ်၊ တပို့တွဲလဆန်းစရက်၊ ဗုဒ္ဓဟူးနေ့ **သူကြွယ်**အိုဖွယ်သင်၊ အိုဖွယ်သင်သားကား သူကြွယ်ငသံဖာသင်၊ ငသံဖာသင်သားကား သူကောင်း ငဖုန်းရသင်၊ ဤသုံးဆက်ပြုသော ကောင်းမှုသည် ပျက်ကုန်ခရကား မင်းသုံးဆက်လည်း မရလျှင်း **ဆိတ်ညံ** ခရကား မပျက်စေဟု ဆက်တုံမရခရကား **သူကောင်း** ငဖုန်းရသင်သား ရှင်ကျောင်းလည်းနေ၏။ **မြေးမြစ်ဖြစ်သောကြောင့်ရကား** သက္ကရာဇ်၇၁၇ခု၊ ကဆုန်လဆန်းဆယ်ရက်၊ သောကြာနေ့လျှင် ကုလားကျောင်းကြီး **လေသာဆောင်** ပြုလျှင်း၏။ **သိမ်**လည်း **တစ်ဆောင်** ပြုလျှင်း၏။ တံတိုင်းလည်း နှစ်ထပ်ပြုလျှင်း၏။ ဂူကြီးကိုလည်း အင်္ဂတေကျံ၏။ ဂူသုံးလုံးတွင်ရှိသော ဘုရားကိုလည်း ဆေးရေး၏။ ရေတွင်းလည်း ဂူကြီးအရှေ့တူး၏။ **ကျောင်းတောင်ပါး**က **ဖုန်းတော**ကား ကိုယ်အဆက်ဆက်က **မထွင်**သည့်တောကြီးကို ပေါင်လောင်အသည် ကလန် သံပျင်**ရောင်း**ရကား ရှင်တော်ကျောင်း**ဝယ်**ရ၏။ **မြေဖိုး**ကား ငွေခြောက်ဆယ်ပေး၏။]

၂၊၁၊၆၃၊၃။

၃၅ "**ရှိုယ်စည်ခုမ်**ဖုရှာသိမ်နှိုက်လေ၊ လိယ်ထောင်သော ဤ ကျွောက်ဝန်ကန်လိယ်ခုလေ

၃၆ ပွ္ဗုရ၏၊ တလသော လိယ်**သတင်** တသတင်သော လိယ်ကွန်စာ သင်ပုတ်ဝတ်လေတည်ရ၏၊ နောင်သော ဤငတိုဝ်ငေ

၃၇ ကာင်မှုနှိုက် ရဟန် **ပိုနှာ** မိမ ယောက်(ယာ) သင်ပုတ် ဆိမိ ပန်တပွင် ကွမ်တယာ သစ်သိတလုံလေ... ကာ င

၃၈ တိုဝ်နှင် အက္လိုဝ်ထပ်တုလျှင် ရစပါစေသတော၊ ဝ၊"

[ရွှေစည်းခုံဘုရားသိမ်၌လည်း လေးထောင့်သော ဤ **ကျောက်ဝန်းကန်** လေးခုလည်း ပြုရ၏။ **တစ်လသော လေးသီတင်း၊ တစ်သီတင်းသော လေးကွန်းစား** သင်ပုတ်ဝတ်လည်း တည်ရ၏။ နောင်သော် ဤငါတို့ ကောင်းမှု၌ ရဟန်း၊ ပုဏ္ဏား၊ မိန်းမ၊ ယောက်ျား၊ သင်ပုတ်၊ ဆီမီး၊ **ပန်းတစ်ပွင့်၊ ကွမ်းတစ်ယာ၊ သစ်သီး တစ်လုံး**လည်း... ကာ ငါတို့နှင့်အကျိုးထပ်တူလျှင် ရစ ပါစေသတည်း။]

## ၂၊၁၊၆၄။ **သူကောင်းဖေုန်းရသင်သား [သက္ကရာဇ် ၇၁၇] ဆုတောင်းပြည့်ဘုရားကျောက်စာ (ကျောဘက်)**

၂၊၁၊၆၄၊၁။

၁ "၊ ၊ လေယ်အသခ်ယ် အမ္ဗတ်ကံဖာတသိန်ထက်၊ စောင်ထ လုံလ **တာန**ပါရမိကိုဝ် ဖ္ဗည်ရှယ်ရသော တရျာတဝ်ကိုဝ် **နှာလုံ**မုရှ

၂ ယ်၊ ရတနာသုံပါကိုဝ်ရည်ရှယ် နေယ်ရပန်မရောက်သော ကြာ **ပတ်စည်**လိယ်ပါ အထောက်အပင် ဖ္ဗစ်စိမ်သောဌာ၊ ကျွန်သာတိုဝ်ကိုဝ်

၃ ရဟာန်မုပေယ်သည်ကာ၊ အိုဝ်ကောင်ယန်သာ ငဦလှ်ါ
ငသံပ ၂ယောက်ကိုဝ်လေ ရဟာန်မုပေယ်ရှယ် ဧလ္လှတ်
၏၊”

[လေးအသင်္ချေ အမြတ်ကမ္ဘာတစ်သိန်းထက် စောင့်ထ
လုံ့လ ဒါနပါရမီကိုဖြည့်၍ရသော တရားတော်ကို **နှလုံး
မူ**၍၊ ရတနာသုံးပါးကိုရည်၍ နေရပန်မရောက်သော
ကြား ပစ္စည်းလေးပါး အထောက်အပင့် ဖြစ်စိမ့်သောငှာ
**ကျွန်သား**တို့ကို ရဟာန်းမူပေးသည်ကား အိုကောင်ယန်
သား ငဦးလှ၊ ငသံပ၂ယောက်ကိုလည်း **ရဟာန်းမူပေး၍
ငါလွှတ်၏**။]

၂၊၁၊၆၄၊၂။

၁၂ “အပေါင်တ**ကိပ်**တယောက်တော၊ ဤချင်တိုဝ်၊ **ညှင်တတ်
သသသု**ကာ ညှ
၁၃ င်၊ **စည်တသသ**သုကာ စည်၊ ၊ **ဆည်ဆုပ်**တတ်သသသု
ကာ ဆည်ဆုပ်၊ ပန်တျာတတ်သသသုကာ ပန်တျာမု၊ ၊
**သိခြင်**တသသ
၁၄ သုကာ၊ သိခြင်၊ ငကိုဝ်မယ်သော ငကောင်မှုကိုဝ် အဆိတ်
အည့်စေလင်၊ **သင်ပု**ဆမိဝတ်လေယ် အပြတ်စေလင်
ဟု၊”

[အပေါင်း တစ်ကျိပ်တစ်ယောက်တည်း။ ဤချင်းတို့
**ငြင်းတတ်သသူကားငြင်း၊ စည်တတ်သသူကားစည်၊
စည်းစုပ်တတ်သသူကားစည်းစုပ်၊ ပန်တျာတတ်သသူ
ကား ပန်တျာမူ၊ သီချင်းတတ်သသူကား သီချင်း၊
ငါ့ကိုယ်မဲ့သော ငါ့ကောင်းမှုကို အဆိတ်အည့်စေလင့်၊
သင်ပုတ်ဆီမီးဝတ်လည်း အပြတ်စေလင့်**ဟု။]

၂၊၁၊၆၄၊၃။

၁၈ “ဤဇေလ္လုသောကောင်မှုကိုဝ် ဖျက်ဆိသသူ၊ ကုလါကျွောင်
ဥတ်ကိုဝ်လည်

၁၉ ကောင်၊ သိမ်ဥတ်ကိုဝ်လည်ကောင်၊ တန်တိုဝ်ဥတ်ကိုဝ်
လည်ကောင်၊ ဥတ်တခ္လပ်ဖျက်မိကလျှင်၊
၂၀ အဝိစိ**ဥတ်သတ်တရက်** ငရယ်ကြိဧထပ်နှိုက်လျှင် ဥလျှင်
မခိခံလိယ်စေသတေ ကျက်လိယ်စေ
၂၁ သတေ၊ **တရိဆန်**လျှင်ဖ္လစ်သောလေ အမ္ဂယ်မယ်သော
သတ္တဝါ**တြိဆန်** တိ **မျှဝ်**လျှင် ဖ္လစ်လေစေသတေ
၂၂ ၊ ၊ ချင်တွင်ဝ မ္လစ်ဆုမ်စသော **ရှူယ်စယ်ခုမ်**တိုင်ဩြာက်
လျှင် မ္လေယ်ပုလုံကြိမ်ခ္လရှယ် မရေတွက်နိုင် ဖုရှာ
၂၃ မျာတိုဝ်ခ္လတ်ရှယ် အက္လွတ်စေသတေ၊ ၊ အမ္ဂယ်မဲသော
**တရိဆုန်**တိလျှင် **အဖ္လန်တလလဲ** ဖ္လစ်စေသတေ၊ ၊"

[ဤငါပြုသောကောင်းမှုကိုဖျက်ဆီးသသူ၊ ကုလားကျောင်း
အုတ်ကိုလည်းကောင်း၊ သိမ်အုတ်ကိုလည်းကောင်း၊
တံတိုင်းအုတ်ကိုလည်းကောင်း **အုတ်တစ်ချပ်**ဖျက်မိက
လျှင် အဝီစိဥသဒရက် ငရဲကြီး ရထပ်၌လျှင် **ဦးလျှင်
မချီ**ခံလေစေသတည်း။ ကျက်လေစေသတည်း။ တိရစ္ဆာန်
လျှင်ဖြစ်သောလည်း အမွေးမဲ့သော သတ္တဝါတိရစ္ဆာန်
တီ၊ မျှော့လျှင် ဖြစ်လေစေသတည်း။ **ချင်းတွင်းဝမြစ်ဆုံ
စသော ရွှေစည်းခုံတိုင်အောင်လျှင် မြေပုံလုံးကြိမ်ချ၍
မရေတွက်နိုင် ဘုရားများတို့ချွတ်၍ အကျွတ်စေ
သတည်း။ အမွေးမဲ့သော တိရစ္ဆာန်တိလျှင် အဖန်
တလဲလဲ ဖြစ်စေသတည်း**။]

၂၊၁၊၆၄၊၄။

၂၄ "၊ ၊ ဤငတိုဝ်ပ္လုသောကောင်မှုကိုဝ် ခိပင်ပါသော အရေ
အရံယုပါသော သူတဝ်သာတိုဝ်ကာ၊ ငတိုဝ်နှင်အက္လိုဝ်ထ
၂၅ ပ်တုလျှင် ရစပါစေသတေ၊ လုရှာနတ်ပြည်နှိုက်လေ
မပိတ်မပင် နတ်စည်စိမ် လုစည်စိမ် ခံစရပါ
၂၆ စေကုန်သတေ၊ ၊ အဆုံမ်သောကာ **ပက်စေကပုတ္တာ
အရပာတ္တာ**ဖုရှာမ္လတ်တိုဝ် ဝင်လေယ်ရာ ငြိမ်လေယ်

၂၇ ရာဇ္ဇဖြစ်သော **နိတ်ပန်**ဆုသိုဝ် နှင်၂ ရစပါစေကုန် သတေ ၊ ၊”

[ဤငါတို့ပြုသောကောင်းမှုကို ချီးပင့်ပါသော အရေးအရံ ယူပါသော **သူတော်သား**တို့ကား ငါတို့နှင့်အကျိုးထပ်တူ လျှင် ရစပါစေသတည်း။ **လူ့ရွာနတ်ပြည်**၌လည်း မပိတ် မပင် နတ်စည်းစိမ် လူ့စည်းစိမ် ခံစားရပါစေကုန် သတည်း။ **အဆုံးသောကား ပစ္စေကဗုဒ္ဓါ အရဟန္တာ ဘုရားမြတ်တို့ ဝင်လေရာ ငြိမ်းလေရာ ဖြစ်သော နိဗ္ဗာန်ဆုသို့ နှင်နှင်ရစပါစေကုန်သတည်း**။]

## ၂၊၁၊၆၅။ **မိဖုရားရွှေတောင်မယ် [သက္ကရာဇ် ၇၂၀] မိဖုရားရွှေတောင်မယ်ကျောက်စာ (မျက်နှာဘက်)**

၂၊၁၊၆၅၊၁။

၈ “ဤဇာလှျုသောကောင်မှုကိုဝ် ခိပင်ပါသော အမတ် က

၉ လန် သံပျင် ပြည်ရွာစိုဝ်သော သူတဝ်မွတ်တိုဝ်ကာ ဇာနှင်ထပ်တူလျှင် ရစပါစေသတေ ပြည်

၁၀ ကြီအသျင်မင်လေ ရစပါစေသတေ ဤဇာလှျုသော ကောင်မှုကိုဝ် ဖျက်သ

၁၁ သူကာ အတိုင်မသိသော **ဝကကွ်မွန်**ကိုဝ် မိဖုတ်သော အကျွံမရသကဲသိုဝ် ကြေ

၁၂ စသတေ အမျိုဝ် ၇နှစ်ဆက်လေ **ထုန့်ပွါ**ကဲသိုဝ် ကြေစေ သတေ လုပ်စာရရာ ကြံ

၁၃ စာရရာ ရေလျှင်ခန်၏သိုဝ် ခန်စေသတေ မယာ သာ အမိ အဖ အကြွင်မဲလျှင် ေ

၁၄ သစေသတေ တောင်သွာသောကာ **မြေပွေမြေဟောက်** ခဲရုယ် သေစေသတေ ဣာ

၁၅ စာရယ် သေစေသတေ **သစ်ရောင် ဟရောင်**စူရယ်
**ဖိလူ**မိရယ် သေစေသတေ ရေသွာသော
၁၆ ကာ မိကျောင်စာစေသတေ ရေမွန်စေသတေ သေခသော
လေ **သည်စိုဝ်** ကာလသုတ် တာ
၁၇ ပန မဟာတာပန သန်တ ရူမ**ရဝ်ရဝ်** စာမရဝ်ရဝ်
အဝိဇိတေဟူသော ငြယ်ကြီ ၈ထပ်
၁၈ ငြယ်ငယ်ကာ ၁၂၈ ထပ်နှိုက်လျှင်၊ အခာမွင့်မွယ်လျှင်
ကျက်လေစေသတေ၊
၁၉ ဖုရာအဆက်၂ လွှတ်ရယ် မက္လွတ်စေသော လူသစ်ငုတ်လျှင်
ဖွစ်စေသတေ။"

[ဤငါလှျသော ကောင်းမှုကို ချီးပင့်ပါသော အမတ်ကလန် သံပျင် **ပြည်ရှာစိုး**သောသူတော်မြတ်တို့ကား ငါနှင့်ထပ်တူလျှင် ရစပါစေသတည်း။ ပြည်ကြီးအရှင်မင်းလည်း ရစပါစေသတည်း။ ဤငါလှျသောကောင်းမှုကို ဖျက်သသူကား အတိုင်းမသိသော **ဝါဠမ်းမွန်ကို** မီးဖုတ်သော အကျွမ်းမရသကဲ့သို့ ကြေစေသတည်း။ **အမျိုး ၇နစ်ဆက်**လည်း **ထုံးပြာ**ကဲ့သို့ ကြေစေသတည်း။ လုပ်စားရာရာ ကြံစားရာရာ ရေလျှင်ခန်း၏သို့ ခန်းစေသတည်း။ မယား၊ သား၊ အမိ၊ အဖ အကြွင်းမဲ့လျှင် သေစေသတည်း။ တောင်သွားသောကား **မြွေပွေး မြွေဟောက်ခဲ၍ သေစေသတည်း**။ ကျားစား၍ သေစေသတည်း။ **သစ်ယောင်း ဝါးယောင်းစူး၍၊ ဘီလူးမိ၍ သေစေသတည်း**။ ရေသွားသောကား မိကျောင်းစားစေသတည်း။ **ရေမွန်းစေသတည်း**။ သေခသောလည်း သိဥ္စိုး၊ ကာဠသုတ်၊ တာပန၊ မဟာတာပန၊ သဃ်ာတ၊ ရူမရောရုဝ၊ ဇာလ(?)ရောရုဝ၊ အဝီစိတည်းဟူသော ငရဲကြီး ၈ထပ်၊ ငရဲငယ်ကား ၁၂၈ထပ်၌လျှင် အခါမြင့်မြဲလျှင် ကျက်လေစေသတည်း။ ဘုရားအဆက်

ဆက် ချွတ်၍ မကျွတ်စေသော **လူသစ်ငုတ်**လျှင် ဖြစ်စေ
သတည်း။]

၂၊၁၊၆၅၊၂။

၂၀ "သကရစ် ၇၂၀နှိုက် မဟာသမန်မောင်နှံသည် သံသရာ
နှိုက် **အရိပ်သဖွဲ ကို**

၂၁ **ဝ်ဝဲ**ပါစိမ်သောငှာ ကျှောင်**သုမ်**ကျှောင်ကိုဝ်ပန်ရုယ် မင်ကြီ
ဆင့်ဖွှုသျင် ခ

၂၂ မည်မင်ကြီတြျာဖျာကိုဝ် **ရေစင်ကာံ**ရုယ် လှုသမ္လေကာ
သိဖန်တော

၂၃ င်အရှေ တောစိမ် ၄၀၀။"

[သက္ကရာဇ် ၇၂၀၌ မဟာသမန်းမောင်နှံသည် **သံသရာ၌
အရိပ်သဖွယ် ကိုယ်ဝယ်ပါစိမ့်သောငှာ** ကျောင်းသုံး
ကျောင်းကိုပန်၍ မင်းကြီးဆင်ဖြူရှင် ခမည်းမင်းကြီး
တရဖျားကို ရေစင်ကမ်း၍လှူသောမြေကား သဖန်းတောင်
အရှေ့ **တောစိမ်း** ၄၀၀။]

## 2'2" mcSa

**၂၊၂၊၁။ တင်ပကြံကြီး [သက္ကရာဇ် ၆၆၂]
အနိမ့်ရွာအရှေ့လှည့်ဂူဘုရားရှိ မင်စာအမှတ် ၁၃**

၁ "။ သကရစ် ၆၆၂ခု **သရဝံ**နှစ် မင်တြျာဖျါကို အနိမ်
ရေသွန်ပေရုယ် နေတ်မူသော

၂ ခာလျှင် တင်ပကြံကြိ မင်တြျာဖျါကိုဝ် ရေစင်တိုက်ရုယ်
**နှယ်တာ**လ္ဆန်

၃ ၇ ရျက် ဖ နိယ်လျှင် **ဖြုပ္ပုု**ဗ္ဗေတွင် သန် ၅ပဲ **သံပုတ်** ဖြွစ်စေသတေဟူ

၄ **သံပုလ**ဖုရာကိုဝ်လှျုခ၏။ ဤကောင်မှုကိုဝ် ခိပင်ပါသသူ ကာ ဇာ

၅ နှင်အတူ ရစစေသတေ ဖျက်ဆီသူကာ ဤလူကယ် လက်ထက်

၆ **ဝံ**ဝလေါက် မစာရစေသတေ တေဝတတ်ခံခြင် ခံစေ သတေ၊ ဝ ၊"

[သက္ကရာဇ် ၆၆၂ခု သရဝဏ်နှစ်၊ မင်းတရဖျားကို အနိမ့် ရေသွန်းပေး၍ နေတော်မူသောအခါလျှင် တင်ပကြံကြီး မင်းတရဖျားကို ရေစင်တိုက်၍ နွယ်တာလဆန်း ၇ ရက်၊ ၆နေ့လျှင် ဘုရားပြု(?)မြေတွင် သန် ၅ပယ် သင်ပုတ် ဖြစ်စေသတည်းဟု သမ္ဗုလဘုရားကိုလှူခ၏။ ဤကောင်းမှုကို ချီးပင့်ပါသသူကား ငါနှင့်အတူ ရစစေ သတည်း။ ဖျက်ဆီးသူကား ဤ**လူကယ်လက်ထက် ဝမ်းဝလောက် မစားရစေသတည်း**။ ဒေဝဒတ်ခံခြင်း ခံစေသတည်း။]

## ၂၂၂။ **ပုဂံမြို့ဓမ္မရံကြီးဘုရားရှိ မင်စာအမှတ် ၉ [သက္ကရာဇ် ၆၆၃]**

၁ "သကရစ် ၆၆၃ ခု စယ်နှစ် တခေ

၂ ပါင်လ္ဆန် သာသနာ ၁၃ ရျက် စနိ

၃ ယ်နိယ် **နိယ်လွယ်** ၁၁ **ဖွာ**လျင်

၄ သတိုဝ်သမိ ဖွာသတေ၊ သုစ

၅ တာ **စတာ**တေအ်၊ ၊ ဝ ၊ ၊"

[သက္ကရာဇ် ၆၆၃ ခု ဇေယျနှစ်၊ တပေါင်းလဆန်း **သာသနာ ၁၃ရက်**၊ စနေနေ့ **နေလွဲ** ၁၁ ဖဝါးလျှင် **သတို့သမီး** ဖွားသတည်း။ သုဇာတာ **ဇာတာ**တည်း။]

၂၂၊၃။ **ပုဂံမြို့သယမျှုဘုရားရှိ မင်စာအမှတ် ၆ [သက္ကရာဇ် ၆၆၅]**

၁ "။ ၀ ။ သကရစ် ၆၆၅ စိဿနှစ် တပေါင်လ္ဆုတ် ၁၀ ရျက် **တန်**။

၂ **နှင်ကနွယ် ညန်(သန်)ကောင်လွယ်**လျှင် ဖွာ။

၃ ။ သတေ။ **မိုဝ်သောက်**မူကာ တနှင်လါတေ။

၄ သို့ခ်ချတ္တ်ရင်သီ ဇာတာတေ။"

[သက္ကရာဇ် ၆၆၅ ဇေဋ္ဌနှစ်၊ တပေါင်းလဆုတ် ၁၀ရက်၊ **တနင်္ဂနွေ ညဉ့်သန်းခေါင်လွဲ**လျှင် ဖွားသတည်း။ **မိုးသောက်မူကား တနင်္လာတည်း**။ သခင်ချတ္တရင်သီ ဇာတာတည်း။]

၂၂၊၄။ **ပုဂံမြို့လေးမျက်နှာဘုရားပျက်ရှိ မင်စာအမှတ် ၈ [သက္ကရာဇ် ၆၆၆]**

၁ "သကရစ် ၆၆၆ ခု အာသတ်နှစ် ပ္လသို

၂ ဝ်လ္ဆုတ် ၁၄ ရျက် ၆ ညန် ခေါ

၃ င်လေါင်ထိုဝ်ပြီ **တဂှာ**မလါ

၄ မီလျှင် ဖွာသတေ၊ ငပုကံ ..."

[သက္ကရာဇ် ၆၆၆ ခု အာသဠှီနှစ်၊ ပြာသိုလဆုတ် ၁၄ ရက်၊ ၆ညဉ့် **ခေါင်းလောင်းထိုးပြီး တဂှာမလာမီ**လျှင် ဖွားသတည်း။ ငပုကံ...]

၂၂၊၅။ **စလေမြို့မြောက်လှည့်ဂူ ၁၃ရှိ မင်စာအမှတ် ၃ [သက္ကရာဇ် ၆၆၈]**

၁ "။ သကရစ် ၆၆၈ ခု ဖဿနှစ်

၂ တန်ခူလလ္ဆည် **သကြိန်**နိယ္ဆ် ၁

၃ နယ် မွန်တည်လျှင် ဖွာသေ

၄ တ။ မင်မကြီဇာတေ။"

[သက္ကရာဇ် ၆၆၈ခု ဘဒြနှစ်၊ တန်ခူးလပြည့် **သင်္ကြန်နေ့ ၁နေ့ မွန်းတည့်**လျှင် ဖွားသတည်း။ မင်းမကြီးဇာ(တာ) တည်း။]

## ၂၂၂၆။ **ပုဂံမြို့လေးမျက်နှာဘုရားရှိ မင်စာအမှတ် ၃၆ [သက္ကရာဇ် ၆၆၉]**

၁ "။ သကရဇ် ၆၆၉ ခု အာသိန်နှစ်
၂ တပေါင်လ္ဆန် **တိထိ** ၈ ရျက် **၄ဟူနေယ်**
၃ **နေယ်ဝင်ရီ** ဖွာသတေ။"

[သက္ကရာဇ် ၆၆၉ ခု အဿယုဇနှစ်၊ တပေါင်းလဆန်း၊ **တိထိ ၈ ရက်၊ ၄ဟူးနေ့၊ နေဝင်ရီ** ဖွားသတည်း။]

## ၂၂၂၇။ **ပုဂံမြို့သမ္ဗျုလဘုရားရှိ မင်စာအမှတ် ၄၀ [သက္ကရာဇ် ၆၇၁]**

၁ "၊ ၊ ၊ သက္ကရစ် ၆၇၁ ခု မြိက္ကသိုဝ်နှစ် ပ္လသိုဝ်လ္ဆုတ်
၂ ၁၅။ ကြာသပတိယ် ညန်စတောက်တုန်
၃ လွန်ရုံလျှင် **သာတိုဝ်သာ** မျက်နှမြင်သတေ။"

[သက္ကရာဇ် ၆၇၁ ခု မိဂသီနှစ်၊ ပြာသိုလဆုတ် ၁၅၊ ကြာသပတေး **ညဥ့်စတောက်တုန်း လွန်ရုံလျှင် သတို့သား မျက်နှာမြင်**သတည်း။]

## ၂၂၂၈။ **ပုဂံမြို့စူဠာမဏိဘုရားရှိ မင်စာအမှတ် ၁၇၅ [သက္ကရာဇ်၆၇၂]**

၁ "။ သကရစ် ၆၇၂ခု ပုဿနှစ် **တပိုဝ်တွဲ**လ္ဆုတ် ၁ရျက်
၂ ၄နံနက် **နိယ်အရိုန်**လါသောလျှင် ဖွာသတော၊ လေှယန်၊"

[သက္ကရာဇ် ၆၇၂ ခု ဖုဿျှနှစ်၊ တပို့တွဲလဆုတ် ၁ရက်၊ ၄ နံနက် **နေအရှဏ်**လာသောလျှင် ဖွားသတည်း။ လေှယဉ်။]

# 2'3" kb/a

## ၂၃၁။ အမည်မသိစာဆို [သက္ကရာဇ် ၆၇၄] တျာဘွဲ့သီချင်း

"ခါးပတ်တော်မှာရွှေချည်စုံ၊ **မှိုင်းလုံးရွှေဝတ်လုံ**၊ မလုံသာချမ်းအေးမြ။ **မိုးသောက်ထရောင်ဖြူလာ**ငယ်ကို၊ ထိပ်ပန်းပန်ငယ် **မြင်းခင်း**ကြွပါလို့လေး။ အလှငယ်လာမည့်လမ်းငယ်ကို၊ မျှော်ယောင်တမ်းလို့လေး။ ယမန်ယမန်လယ်တွင်၊ မြင်ပါလိုက်ငဲ့မယ့်ထိပ်တင်၊ မြင်းတည့်မြင်းဖြူရှင်။ သျှောင်တွင်လေတင့်ဆုံး၊ နားမှာသာ ပန်းကြက်ရုန်းငယ်နှင့်လေး။ သျှောင်လုံးနားတွင် အပြည့်သာဆင်၊ မြင်ပင်မြင်ပင်လိုက်ပါစလေး။ မြင်ပင်မြင်လိုက်ပါစလေး။ ရွှေနန်းငွေနန်းသူ၊ ငယ်မူငယ်ရာသားနှင့်၊ သနားချစ်စရာ။"

## ၂၃၂။ ငါးစီးရှင်ကျော်စွာ [သက္ကရာဇ် ၇၀၄] ကာချင်း

၂၃၂၁။

"တစ်မောင်းတစ်မောင်း၊ တို့တစ်မောင်းသည်၊ တစ်မောင်းဘကောင်းသားလော၊ ဘကောင်း ဘကောင်း။ ။"

"**သင်းတွဲမြောင်းကြီး**၊ အယဉ်စီးသည်၊ ဖြင်ညီး**မြစ်လောင်း**လော၊ မြစ်လောင်း မြစ်လောင်း။ ။"

"**ပေါင်းကွတ်** စေ့ပျဉ်၊ နန်းရင်ပြင်ကား၊ ဆင်လျှင်နင်းကောင်းလော၊ နင်းကောင်း နင်းကောင်း။ ။"

၂၃၂၂။

"တရုတ်လာသည်၊ **ရိုင်ရိုင်**လော၊ ရိုင်ရိုင်။ ။ မြားမိုးရွာသည်၊ ဖြိုင်ဖြိုင်လော၊ ဖြိုင်ဖြိုင်။ ။

**လင်းပြင်**ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော၊ လတိုင်း
လတိုင်း။ ။
မြင်းသည်သိန်းသန်း၊ များစွာလွန်းသည်၊ ထက်ဝန်းရံသ၊
မနိုင် မနိုင်။ ။"
"ပြေးလျင်တစ်စီး၊ မြင်းသည်လည်း၊ မြင်းသည်လည်း
။ ။ **နှင်တံ**မကမ်းခင်သည်လည်း၊ မကမ်းခင်သည်
လည်း။ ။"

၂၂၊၂၂။

"တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလော။
ဟုတ်တည်း ရှင်ချင်းရှင်ချင်း။ ဟုတ်တည်း ဆွေရင်း
ဆွေရင်း။ ဟုတ်တည်း သည်ရင်းသည်ရင်း။
မြင်စိုင်းဟူသည်၊ **ရွှေပြည်** ရွှေပြည်။ မြင်စိုင်း**ရွှေမြေ**၊
ပန်းသင်းခွေ၊ ပင်ခြေ ချုံထက်နွယ်၊ ချုံထက်နွယ်။ ။
တောင်လေရှုန်းရှုန်း၊ **မိုးခတ်အုန်း**၊ **ကင်ပုန်း**ပွင့်ချီချယ်၊
ပွင့်ချီချယ်။ ။
နွယ်ပန်း **ခွာညို**၊ ပွင့်ပေလို၊ ပြာသိုဆောင်းလလယ်၊
ဆောင်းလလယ်။ ။
တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊ သရီရဓာတ်စွယ်၊
သရီရဓာတ်စွယ်။ ။
ယာဆီမြေကောင်း၊ ကျသည့်ပြောင်း၊ မနှောင်းမှည့်ဆော
လွယ်၊ မှည့်ဆောလွယ်။ ။
ခါနှင့်ဘုတ်ချိုး၊ ကြက်တောမျိုး၊ လိုစိုး ကျက်မြေကျယ်၊
ကျက်မြေကျယ်။ ။
ယှဉ်ဖော်မဝေး၊ ဖော်ရွှေကျေး၊ စာနွေး စားလိုဖွယ်၊
စားလိုဖွယ်။ ။
ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း၊ လုံ့ချွန်းတွန်းတက်
ပယ်၊ တွန်းတက်ပယ်။ ။
စောလူးစီးတန်၊ **မျိုးဆက်ဒန်**၊ လျင်ထန် မြင့်မဆွယ်၊
မြင့်မဆွယ်။ ။

မြှောက်စည် လတီး၊ ဝင်ခါနီး၊ စောထီး နန်းထက်ကျယ်၊
နန်းထက်ကျယ်။ ။
သာသည့်မြေပြင်၊ စောနတ်ရှင်၊ နန်းခွင် ရှုတင့်တယ်၊
ရှုတင့်တယ်။ ။
အထူးလော၊ တက်တိမ်လော၊ နေရောင်လော။ ။"

## ၂၊၃၊၃။ **စတုရင်္ဂဗလအမတ်ကြီး [သက္ကရာဇ် ၇၀၀ ကျော်ခန့်] ရတု**

၂၊၃၊၃၊၁။

"ရွှေဖဝါးတော်အောက်၊ ကျွန်၏လျှောက်ဖြင့်၊ **မလျှောက် ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့**တည့်၊ ကြောက်ရွံ့လျက်ပင်၊ **စက် ရွှေစင်ကို၊ ထိပ်ပြင်ပန်းနှယ်၊ ဆင်စံပယ်**လျက်။"

၂၊၃၊၃၊၂။

"**မရဏာသန်၊ ဓောငါးတန်**လျှင်။"

၂၊၃၊၃၊၃။

"**အယူမသိ၊ ဝိစိကိစ္ဆာ၊ စွန်းသက်ာကို၊ ဉာဏ်ဝါ လင်းပြောင်၊ ထွတ်ဘုန်းခေါင်သည်၊ ၊ ပျောက် အောင် ဖျောက်တော်မူစေသော။**"

၂၊၃၊၃၊၄။

"**ပုဂ္ဂိုလ်အပြား၊ ဝါကရား**နှင့်။"

## တိုက်ဆိုင်ညှိနှိုင်းသောကျမ်းများ

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၁။ | ကဗျာဗန္ဓသာရ ကျမ်းရင်းနှင့် နောက်ဆက်တွဲ၃ပိုင်း | ပုဂံဝန်ထောက်မင်းဦးတင် (၁၂၅၄–ခန့်) | အမျိုးသား၊ ရန်ကုန်မြို့။ |
| ၂။ | ခေတ်ဟောင်းမြန်မာ ရာဇဝင် | ဒေါက်တာသန်းထွန်း (၁၃၂၆) | မဟာဒဂုံ၊ ရန်ကုန်မြို့။ ၁၃၂၆ |
| ၃။ | ခေတ်ဟောင်း မြန်မာ့သမိုင်း သုတေသန အဘိဓာန် | ဦးသိန်းလှိုင် (၁၃၆၂–ခန့်) | တက္ကသိုလ်များ၊ ရန်ကုန်မြို့။ ၁၃၆၂ |
| ၄။ | ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ | ဦးဖိုးကျား (၁၃၀၀–ခန့်) | မြန်မာ့ဂုဏ်ရည်၊ ရန်ကုန်မြို့။ |
| ၅။ | ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထု | ညောင်ကန်ဆရာတော် (၁၁၉၉) | ဟံသာဝတီ၊ ရန်ကုန်မြို့။ |
| ၆။ | စန္ဒကုမာရ ဇာတ်တော်ကြီး | ဦးသြဘာသ (၁၁၄၄) | ကဝိမျက်မှန်၊ ရန်ကုန်မြို့။ ၁၂၈၇ |
| ၇။ | တိပိဋကပါဠိမြန်မာ အဘိဓာန် | – | – |
| ၈။ | တေမိယ ဇာတ်တော်ကြီး | ဦးသြဘာသ (၁၁၄၈) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၂၈၄ |
| ၉။ | တွင်းသင်းမြန်မာ ရာဇဝင်သစ် | ကျောက်စာဝန် တွင်းသင်းတိုက်ဝန် မဟာစည်သူ (၁၁၄၃) | မင်္ဂလာ၊ ရန်ကုန်မြို့။ ၁၃၃၀ |
| ၁၀။ | နာရဒဇာတ်တော်ကြီး ဝတ္ထု | မင်းဘူးဦးသြဘာသ (၁၁၄၄) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၃၀၂ |
| ၁၁။ | နေမိဇာတ်တော်ကြီး ဝတ္ထု | ဦးသြဘာသ (၁၁၄၈) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၂၇၂ |

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၁၂။ | နှောင်းတွေ့ ကျောက်စာများ | သန်းထွန်း | The Universities Press, University Estate, Yangon Myanmar. |
| ၁၃။ | နှစ်အမည်ပါသော ရှေးဟောင်းမင်စာများ | ဦးဆွဲ | တက္ကသိုလ်များ၊ ရန်ကုန်မြို့။ ၁၃၆၃ |
| ၁၄။ | ပါဠိ–မြန်မာအဘိဓာန် | ဦးဟုတ်စိန်(၁၃၃၁) | ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန ၁၉၅၄ |
| ၁၅။ | ပါဠိသက်ဝေါဟာရ အဘိဓာန် | ဒဂုန်ဦးထွန်းမြင့် (၁၃၃၀) | တက္ကသိုလ်၊ ရန်ကုန်မြို့။ ၁၃၃၀ |
| ၁၆။ | ပုဂံကျောက်စာ ညွန့်ပေါင်း | ဘေမောင်တင်နှင့် ဂျီ–အိပ်–လုစ် | British Burma, Rangoon. 1928 |
| ၁၇။ | ပုဂံကျောက်စာ လက်ရွေးစင် | ပါမောက္ခဦးမောင် | – |
| ၁၈။ | ဗြဟ္မနီရုတ္တိနယသင်္ဂဟ ခေါ်မြန်မာစကားလုံး ပြောင်းထုံးကျမ်း | ဆရာတော်ဦးကောသလ္လ (၁၃၄၆–ခန့်) | စာပေပေါင်းကူး ရန်ကုန်မြို့။ ၁၃၄၇ |
| ၁၉။ | ဘူရိဒတ်ဇာတ်တော်ကြီး | အရှင်နန္ဒမေဓာထေရ် (၁၁၄၈) | ကဝိမျက်မှန်၊ ရန်ကုန်မြို့။ ၁၂၈၄ |
| ၂၀။ | မဟာဇနက ဇာတ်တော်ကြီးဝတ္ထု | ဦးသြဘာသ (၁၁၄၇) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၂၇၃ |
| ၂၁။ | မဟာပုဒ္ဓဝင် ဝတ္ထုတော်ကြီး | ပထမငါးခုနှ်ဆရာတော် (၁၁၈၁–ခန့်) | ဇမ္ဗူ့မိတ်ဆွေ၊ ရန်ကုန်မြို့။ ၁၃၀၀ |
| ၂၂။ | မဟော်သဓာ ဇာတ်တော်ကြီး ဝတ္ထု၊ ပထမတွဲ | ဦးသြဘာသ (၁၁၄၆) | ကဝိမျက်မှန်၊ ရန်ကုန်မြို့။ ၁၂၉၃ |

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၂၃။ | မဟော်သဓာ ဇာတ်တော်ကြီး ဝတ္ထု၊ ဒုတိယတွဲ | ဦးသြဘာသ (၁၁၄၆) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၃၁၁ |
| ၂၄။ | မြန်မာစကားအဖွင့်ကျမ်း ပထမတွဲ | ဦးဖိုးလတ် (၁၃၂၄) | ပညာနန္ဒ၊ ရန်ကုန်မြို့။ ၁၃၂၄ |
| ၂၅။ | မြန်မာစကားအဖွင့်ကျမ်း ဒုတိယတွဲ | ဦးဖိုးလတ် (၁၃၂၅) | ပညာနန္ဒ၊ ရန်ကုန်မြို့။ ၁၃၂၅ |
| ၂၆။ | မြန်မာစကားအဖွင့်ကျမ်း ဖြည့်စွက်တွဲ | ဦးဖိုးလတ် (၁၃၂၅) | ပညာနန္ဒ၊ ရန်ကုန်မြို့။ ၁၃၂၅ |
| ၂၇။ | မြန်မာစာ ညွှန့်ပေါင်းကျမ်း | ဦးကျော်ဒွန်းစုဆောင်း (၁၂၇၉) | အစိုးရ၊ ရန်ကုန်မြို့။ ၁၃၀၉ |
| ၂၈။ | မြန်မာစာပေသမိုင်း | ဦးဘေမောင်တင် | ဇမ္ဗူမိတ်ဆွေ၊ ရန်ကုန်မြို့။ ၁၃၀၀ |
| ၂၉။ | မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း | မြန်မာစာအဖွဲ့ဦးစီးဌာန (၁၃၃၉) | စာပေဗိမာန်၊ ရန်ကုန်မြို့။ ၁၃၄၀ |
| ၃၀။ | မြန်မာနေ့အမည်များ နှင့်မြန်မာနှစ်အမည်များ | ဦးဖိုးလတ် (၁၃၁၈–ခန့်) | ပညာနန္ဒ၊ ရန်ကုန်မြို့။ |
| ၃၁။ | မြန်မာဘာသာစကား မြန်မာကျောက်စာ စာတမ်းဆောင်းပါး | ဒေါ်သန်းဆွေ (၁၃၄၂) | ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေ ရေးဌာန၊ အထက်တန်းပညာ ဦးစီးဌာန။ ၁၉၈၀ |
| ၃၂။ | မြန်မာလအမည်များ | ဦးဖိုးလတ် (၁၃၁၀) | စကြဝဠာ၊ ရန်ကုန်မြို့။ |
| ၃၃။ | မြန်မာအဘိဓာန် | မြန်မာစာအဖွဲ့ဦးစီးဌာန (၁၃၅၃) | ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေး လုပ်ငန်း၊ ဖိုတိုလစ်သို ပုံနှိပ်စက်။ ၁၉၉၁ |

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၃၄။ | မှန်နန်းရာဇဝင်တော်ကြီး | ဘကြီးတော်ဘုရား ခန့်အပ်သူများ(၁၁၉၁) | ရတနာသိဒ္ဓိ၊ မန္တလေးမြို့။ ၁၂၈၃ |
| ၃၅။ | ရှေးဟောင်းမြန်မာ ကျောက်စာများ၊ ပထမတွဲ | ရှေးဟောင်းသုတေသန ဦးစီးဌာန။ | ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေး လုပ်ငန်း ကော်ပိုရေးရှင်း။ ၁၉၇၂ |
| ၃၆။ | ရှေးဟောင်းမြန်မာ ကျောက်စာများ၊ ဒုတိယတွဲ | ရှေးဟောင်းသုတေသန ဦးစီးဌာန | ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေး လုပ်ငန်း ကော်ပိုရေးရှင်း။ ၁၉၈၂ |
| ၃၇။ | ရှေးဟောင်းမြန်မာ ကျောက်စာများ၊ တတိယတွဲ | ရှေးဟောင်းသုတေသန ဦးစီးဌာန | ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေး လုပ်ငန်း။ ၁၉၈၃ |
| ၃၈။ | ရှေးဟောင်းမြန်မာ ကျောက်စာများ၊ စတုတ္ထတွဲ | ရှေးဟောင်းသုတေသန ဦးစီးဌာန | ရှေးဟောင်းသုတေ သနဦးစီးဌာန။ ၁၃၆၀ |
| ၃၉။ | ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော် များ၊ ပထမတွဲ | သီရိပုံချီဦးမြ(အငြိမ်းစား ကျောက်စာဝန်) ၁၃၂၃ | ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်။ ၁၉၆၁ |
| ၄၀။ | ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော် များ၊ ဒုတိယတွဲ | သီရိပုံချီဦးမြ(အငြိမ်းစား ကျောက်စာဝန်) ၁၃၂၃ | ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်။ ၁၉၆၁ |
| ၄၁။ | လောကထိပ်ပန်မင်စာ | ဇေယျကျော်ထင် ဗိုလ်မှူးဘရှင် | မြန်မာနိုင်ငံ သုတေသနအသင်း၊ ရန်ကုန်မြို့။ ၁၉၆၂ |
| ၄၂။ | ဝိဓုရဇာတ်တော်ကြီး | ဦးသြဘာသ (၁၁၄၅) | သုဓမ္မဝတီပုံနှိပ် တိုက်၊ ရန်ကုန်မြို့။ ၁၂၉၂ |

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၄၃။ | ဝိမာနဝတ္ထုတော်ကြီး | ဆရာတော် ဦးဇေယျသေန (၁၂၉၀) | မိဘမေတ္တာ၊ ရန်ကုန်မြို့။ |
| ၄၄။ | ဝေါဟာရလီနတ္ထဒီပနီ | သံတော်ဆင့်မဟာဇေယျ သင်္ခယာ (၁၁၉၂) | မြန်မာတာရာ၊ မန္တလေးမြို့။ ၁၂၆၁ |
| ၄၅။ | ဝေါဟာရတ္ထပကာသနီ ကျမ်း | ဒုတိယကျော်အောင် စံထားဆရာတော် (၁၁၃၁) | တိုး၊ ရန်ကုန်မြို့။ |
| ၄၆။ | ဝေဿန္တရာ ဇာတ်တော်ကြီး | ဦးသြဘာသ (၁၁၄၅) | ကဝိမျက်မှန်၊ ရန်ကုန်မြို့။ ၁၂၉၂ |
| ၄၇။ | သုတေသနစာပေများ | ဒေါက်တာနိုင်ပန်းလှ (၁၃၁၇–၁၃၅၉) | ကလျာ အော့ဖ်ဆက်၊ ရန်ကုန်မြို့။ ၁၃၆၀ |
| ၄၈။ | သုတေသနသရုပ်ပြ အဘိဓာန် | အရှင်သြဘာသာဘိဝံသ (၁၃၁၇) | ပညာနန္ဒ၊ ရန်ကုန်မြို့။ ၁၃၁၈ |
| ၄၉။ | သုတေသနအဘိဓာန် များမှတ်စု | ဒေါက်တာရီရီ(၁၃၃၆) | မေတ္တာမိုး၊ ရန်ကုန်မြို့။ ၁၃၃၆ |
| ၅၀။ | သုဝဏ္ဏသာမ ဇာတ်တော်ကြီး | ရှင်ပညာတိက္ခ (၁၁၈၈) | ဟံသာဝတီ၊ ရန်ကုန်မြို့။ ၁၁၉၁ |
| ၅၁။ | ဦးကုလား မဟာရာဇဝင်ကြီး | ဦးကုလား (၁၀၈၀–ခန့်) | ပြည်ကြီးမဏ္ဍိုင်၊ ရန်ကုန်မြို့။ ၁၂၈၇ |
| ၅၂။ | OLD BURMA- EARLY PAGAN VOLUME ONE | GORDON H. LUCE | NEW YORK UNIVERSITY. 1969 |
| ၅၃။ | OLD BURMA- EARLY PAGAN VOLUME TWO | GORDON H. LUCE | NEW YORK UNIVERSITY. 1970 |
| ၅၄။ | OLD BURMA- EARLY PAGAN VOLUME THREE | GORDON H. LUCE | NEW YORK UNIVERSITY. 1970 |

| အမှတ်စဉ် | ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းပြီးနှစ် | ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ် |
|---|---|---|---|
| ၅၅။ | THE ENGLISH-MYANMAR CALENDAR OF THE SECOND MILLENNIUM A.D. Eleventh, Twelveth and Thirteenth Centuries | THAN TUN | HISTORY DEPARTMENT, UNIVERSITY YANGON. 2003 |
| ၅၆။ | THE ENGLISH MYANMAR CALENDAR OF THE SECOND OF MILLENNIUM A.D. Fourteenth and Fifteenth Centuries | THAN TUN | HISTORY DEPARTMENT, UNIVERSITY YANGON. 2002 |